ဟာဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အစောင် ၂၉

မြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၂၉]

စူရာဟ် မုလ်က်

စိုးမိုးခြင်းကဏ္ဍ

၆၇ : ၁ မှ ၆၇ : ၃၀

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆

၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄

၃။ စူရာဟ် 'မုလ်က်'၏ ထူးမြတ်မှုများ ၁၄

၄။ သေခြင်းတရားနှင့် ရှင်ခြင်းတို့၏ ဇစ်မြစ် ၁၆

၅။ သေခြင်းနှင့် ရှင်ခြင်းတို့၏ ကွဲပြားခြားနားသော အဆင့်အတန်းများ ၁၇

၆။ ကောင်းမြတ်သော ကျင့်စဉ်မှာ မည်သို့ပါနည်း။ ၂၀

၇။ နား၊ မျက်စိနှင့် စိတ်နှလုံးတို့၏ ထူးခြားချက် ၂၆

စူရာဟ်ကလမ်

မင်တံကဏ္ဍ

၆၈ : ၁ မှ ၆၈ : ၅၂ အထိ

၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၅

၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၅

၁၀။ قلم (ကလောင်) ၏ အဓိပ္ပာယ်နှင့် ထူးမြတ်မှု ၄၆

၁၁။ အကျိုးရလဒ် ၄၈

၁၂။ တမန်တော်မြတ် ﷺ ၏ ကြီးမားသော စာရိတ္တမွန် ၄၉

၁၃။ ဥယျာဉ်ရှင်များ၏ ဖြစ်ရပ် ၅၄

၁၄။ သတိပြုရမည့်အချက် ၅၇

စဉ်	အကြောင်းအရာ	စာမျက်နှာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၅။	အထူးသတိပြုရမည့်အချက်	၅၈
၁၆။	'ကေယာမသ်' ဖြစ်ပေါ်မည် ဆိုခြင်းနှင့် စပ်လျဉ်း၍ ဦးနှောက်ပိုင်းဆိုင်ရာ အထောက်အထားတစ်ရပ်	၅၉
၁၇။	အကျိုးကျေးဇူး	၆၃

စူရဟ် ဟာ...က် ကဟ်
အမှန်မုချ ဖြစ်မည့်အရာ ကဏ္ဍ

၆၉ : ၁ မှ ၆၉ : ၅၂ အထိ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇၀
၁၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၇၆
၂၀။	သတိပြုရမည့်အချက်	၈၂

စူရဟ် မအာရိဂ်ျ
အဆင့်အတန်းများကဏ္ဍ

၇၀ : ၁ မှ ၇၀ : ၄၄ အထိ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၈၉
၂၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၉၄
၂၃။	'ကေယာမသ်'နေ့၏ ရှည်လျားမှုသည် နှစ်ပေါင်း (၁၀၀၀) ဖြစ်သလော။ (သို့) နှစ်ပေါင်း (၅၀၀၀၀) ဖြစ်သလောဆိုခြင်းနှင့်စပ်လျဉ်း၍ ဆန်းစစ်ချက်......	၉၇
၂၄။	'ဓကားသ်' ၏ အချိုးအစား ပမာဏသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ သတ်မှတ်ခြင်းဖြစ်၍ ထို 'ဓကားသ်'တွင် လျှော့နည်းခြင်းနှင့် ပိုမိုခြင်းပြုရန် မည်သူ့တွင်မျှ အခွင့်အရေးမရှိ။	၁၀၁
၂၅။	မိမိ၏ လက်ဖြင့် ရမ္မက်ဆန္ဒကို ဖြည့်ဆည်းခြင်းသည် 'ဟရာမ်'ဖြစ်ခြင်း	၁၀၂
၂၆။	'ဟုကူကွလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်၏ တာဝန်ဝတ္တရားများ) နှင့် 'ဟုကူကွလ်အိဗားဒ်' (အဖန်ဆင်းခံများ၏ တာဝန်ဝတ္တရား) ဟူသရွေ့သည် 'အမာနသ်' (အပ်နှံခံရမှု) ၌ ပါဝင်ခြင်း	၁၀၂

စူရာဟ် နူးဟ်
တမန်တော်နူးဟ် ကဏ္ဍ

၇၁ း ၁ မှ ၇၁ း ၂၈ အထိ

၂၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၈
၂၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၄
၂၉။ လူသား၏ သက်တမ်းယုတ်လျော့ခြင်းနှင့် တိုးပွားခြင်း............ ၁၁၆
၃၀။ 'ကဗရ်အဇာဗ်' ကုရ်အာန်ကျမ်းမြတ်၌ အထောက်အထားရှိခြင်း............ ၁၂၂

၇၂ း ၁ မှ ၇၂ း ၂၈ အထိ

၃၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၈
၃၂။ شان نزول အာယသ်တော်များ ကျရောက်လာခြင်း၏ အကြောင်းခံဖြစ်ရပ်...... ၁၃၅
၃၃။ ပထမဖြစ်ရပ် ၁၃၆
၃၄။ ဒုတိယဖြစ်ရပ် ၁၃၆
၃၅။ တတိယဖြစ်ရပ် ၁၃၆
၃၆။ စတုတ္ထဖြစ်ရပ် ၁၃၆
၃၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၆
၃၈။ 'ဂျင်န်'တို့၏ ဇစ်မြစ် ၁၃၇
၃၉။ ဖြစ်ရပ်အပြည့်အစုံ ၁၃၇
၄၀။ အဘူသွာလိဗ်ကွယ်လွန်ခြင်းနှင့် ကိုယ်တော်မြတ် ﷺ သွာအိဖ်မြို့သို့ ခရီးထွက်ခြင်း ၁၃၈
၄၁။ 'ဂျင်န်' ဆွဟာဗီတစ်ပါး၏ ဖြစ်ရပ် ၁၄၁
၄၂။ ဟဇရသ်ရာဖိအ်ဗင်န်အုမိုင်ရ် ؓ သခင်သည် 'ဂျင်န်' တို့၏ အကြောင်းခံဖြင့် အစ္စလာမ်သာသနာဝင် ဖြစ်လာရခြင်းအကြောင်း ၁၄၃
၄၃။ 'ဂျင်န်'တို့သည် ကောင်းကင်သတင်းများ နားထောင်ရန်အတွက် တိမ်တိုက်များ အထိသာ ရောက်ရှိကြပြီး မိုးကောင်းကင်အထိ ရောက်ရှိခြင်းမဟုတ်။ ၁၄၅
၄၄။ شهاب ثاقب 'မီးကျည်မီးခဲ'သည် နဗီတမန်တော်မြတ် ﷺ မပွင့်မီအလျင်က ရှိခဲ့သော်လည်း ၄င်းမီးကျည်မီးခဲများဖြင့် ရှိုက်သွာန်များအား မောင်းနှင်ထုတ်သည့်လုပ်ရပ်သည် ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယမှစခဲ့ခြင်းဖြစ်ကြောင်း ၁၄၇
၄၅။ အကွယ်ကို သိရှိတော်မူခြင်းနှင့် အကွယ်မှ အရာများအကြောင်း သတင်းပေးခြင်းတို့တွင် ကွာခြားချက် ၁၅၀

စူရာဟ် မုဇ်ဇမ်မိလ်
ကိုယ်ရုံခြုံထားသူ ကဏ္ဍ

၇၃ း ၁ မှ ၇၃ း ၂၀ အထိ

၄၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၆
၄၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၂
၄၈။ 'သဟဂျ်ဂျုဒ်'နမာဇ်၏ အမိန့်ပညတ်ချက်များနှင့် ထိုအမိန့်များ၌ ပြောင်းလဲမှု ၁၆၃
၄၉။ ကျမ်းတော်မြတ်ကုရ်အာန်ကို 'သရ်သီးလ်'နှင့် ဖတ်ခြင်း၏အလိုသဘော ၁၆၅
အထူးမှတ်ချက်တစ်ရပ် ၁၇၃
၅၀။ 'အိစ်မေ့ဇားသ်' (ဝါ) 'အလ္လာဟ်၊ အလ္လာဟ်'ဟူသော 'ဇိကိရ်'တော်ကို ထပ်ခါ ထပ်ခါ ပြုခြင်းသည်လည်း ပြဋ္ဌာန်းခြင်းခံရသော ဇိကိရ်၊ အဗောဒသ်ဖြစ်သည်။ ၁၇၄
၅၁။ تَوَكُّل 'သဝပ်က်ကွလ်' အားကိုးအားထားပြုခြင်း၏ ရှုရီအသ်တရားတော်လာ ဝေါဟာရအဓိပ္ပာယ် ၁၇၆
၅၂။ ရှေးသူတော်စင်တို့၏ တမလွန်ကို ကြောက်ရွံ့ခြင်း ၁၈၀
၅၃။ 'သဟဂျ်ဂျုဒ်'နမာဇ် 'ဖွရ်ဇ်' ဖြစ်ခြင်းသည် 'မန်ဆူးခ်' ဖျက်ပယ်ခြင်းခံရသော အမိန့်တော်တစ်ရပ် ဖြစ်သွားခြင်း ၁၈၁
၅၄။ တရားတော်၏ အမိန့်တော်များ 'မန်ဆူးခ်' (အမိန့်ရုပ်သိမ်းခံရမှု) ဖြစ်ခြင်း၏ အခြေခံဇစ်မြစ် ၁၈၃

စူရာဟ် မုဒ်ဒဆ်ဆိရ်
စောင်ခြုံသူ ကဏ္ဍ

၇၄ း ၁ မှ ၇၄ း ၅၆ အထိ

၅၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉၆
၅၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၇
၅၇။ ပထမအမိန့် ၂၀၉
၅၈။ ဒုတိယအမိန့် ၂၁၀
၅၉။ တတိယအမိန့် ၂၁၀

စဉ်	အကြောင်းအရာ	စာမျက်နှာ

၆၀။ စတုတ္ထအမိန့် ၂၁၁
၆၁။ ပဉ္စမအမိန့် ၂၁၂
၆၂။ ဆဋ္ဌမအမိန့် ၂၁၂
၆၃။ ဝလီးဒ်ဗင်န်မုဂီးရဟ်၏ တစ်နှစ်ဝင်ငွေသည် ရွှေဒင်္ဂါးတစ်ကုဋေရှိခြင်း ၂၁၃
၆၄။ အဘူဂျဟလ် နှင့် ဝလီးဒ်ဗင်န်မုဂီရဟ် တို့၏ အပြန်အလှန် ပြောဆိုခြင်းနှင့် ကိုယ်တော်မြတ် ﷺ ၏ မှန်ကန်မှုအပေါ် နှစ်ဦးစလုံး၏ တူညီသောသဘောထား ၂၁၄
၆၅။ လိမ်လည်မှုသားပြောဆိုခြင်းကို ကာဖိရ်များသည်လည်း ရှောင်ကြဉ်မှုပြုကြခြင်း ၂၁၇
၆၆။ သားသမီးများ မိမိအပါးတွင် ရှိခြင်းသည် နိုင်မာသော ကျေးဇူးတော်တစ်ရပ် ဖြစ်ခြင်း ၂၁၇
၆၇။ ကာဖိရ်အတွက် မည်သူ၏ 'ရှဖာအသ်'မှ အကျိုးဖြစ်မည် မဟုတ်။ မုအ်မင်န် အတွက်ပြုသော 'ရှဖာအသ်'မှာ အကျိုးဖြစ်ခြင်း ၂၂၁
၆၈။ အကျိုးအမြတ် ၂၂၁

စူရဟ် ကိယာမသ်
'ကေယာမသ်' ကဏ္ဍ

၇၅ း ၁ မှ ၇၅ း ၄၀ အထိ

၆၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၂၈
၇၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၃၃
၇၁။ نفس لوّامه 'နဖ်စ်လောင်ဝါမဟ်' ၏ ဖွင့်ဆိုချက် ၂၃၅
၇၂။ نفس لوّامه 'နဖ်စ်လောင်ဝါမဟ်'နှင့် مطمئنّه 'မုသ္မအင်နနဟ်' ၂၃၅
၇၃။ نفس امّاره 'နဖ်စ်အမ္မာရဟ်' (မကောင်းမှုကို လှုံ့ဆော်သော စိတ်)
၇၄။ 'လောင်ဝါမဟ်' နှင့် 'မုသ္မအင်နနဟ်' ၂၃၅
၇၅။ 'ဟရှရ်'တွင် ခန္ဓာကိုယ် (လူသား) များနှင့်စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ အံ့ဖွယ်လုပ်ရပ် ၂၃၆
၇၆။ အေမာမ်၏ နောက်တွင် 'မွတ်က်သဒီ'တို့သည် 'ကိရာအသ်' မဖတ်ရကြောင်း အထောက်အထားတစ်ရပ် ၂၄၁

စူရာဟ် ဒဟ်ရ်
ခေတ် ကဏ္ဍ

၇၆ း ၁ မှ ၇၆ း ၃၁ အထိ

၇၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၅၁
၇၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၅၈
၇၉။ လူသားတိုင်း၏ ဖန်ဆင်းမှုတွင် တစ်လောကလုံးရှိ အမှုန်၊ အမွှား၊ အသေးအဖွဲ့များ ပါဝင်ခြင်း ၂၆၀
၈၀။ လူသား၏ အဆစ်အမြစ် အကြောအချဉ်များကို ဆက်သွယ်ရာတွင် တန်ခိုးတော် အသျှင်မြတ်၏ အံ့ဖွယ်လုပ်ရပ်များ ၂၆၇

စူရာဟ် မုရ်စလာသ်
စေလွှတ်ခြင်းခံရသော လေများ ကဏ္ဍ

၇၇ း ၁ မှ ၇၇ း ၅၀ အထိ

၈၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၇၄
၈၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၇၉

ပါရာ [၂၉]

စူရတ်ဟ် မုလ်က်

စိုးမိုးခြင်းကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

تَبٰرَكَ الَّذِیۡ بِیَدِهِ الۡمُلۡكُ ۫ وَ هُوَ عَلٰی كُلِّ شَیۡءٍ قَدِیۡرُۨ ۙ﴿۱﴾

၆၇ း ၁ ။ ။ အကြင်အသျှင်မြတ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံ မြင့်မြတ်လှတော်မူ၏။ ထိုအသျှင်မြတ်၏ လက်တော်တွင်းဝယ် အုပ်ချုပ်မှုသည် ရှိ၏။ ၄င်းပြင် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို တတ်စွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

الَّذِیۡ خَلَقَ الۡمَوۡتَ وَ الۡحَیٰوۃَ لِیَبۡلُوَكُمۡ اَیُّكُمۡ اَحۡسَنُ عَمَلًا ؕ وَ هُوَ الۡعَزِیۡزُ الۡغَفُوۡرُ ۙ﴿۲﴾

၆၇ း ၂ ။ ။ အကြင်အသျှင်မြတ်သည် အသင်တို့အား အသင်တို့အနက် မည်သူသည် အကျင့်အမူအားဖြင့် အကောင်းဆုံး ဖြစ်သည်ကို စမ်းသပ်တော်မူရန်အလို့ငှာ၊ သေခြင်းတရားကိုလည်းကောင်း၊ အသက်ရှင်ခြင်းကိုလည်းကောင်း ဖန်ဆင်းတော်မူခဲ့၏။ ၄င်းပြင် ထိုအသျှင်မြတ်သည် အလွန်တရာ ခံ့ညားတော်မူသော အသျှင်၊ အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

الَّذِیۡ خَلَقَ سَبۡعَ سَمٰوٰتٍ طِبَاقًا ؕ
مَا تَرٰی فِیۡ خَلۡقِ الرَّحۡمٰنِ مِنۡ تَفٰوُتٍ ؕ فَارۡجِعِ الۡبَصَرَ ۙ هَلۡ تَرٰی مِنۡ فُطُوۡرٍ ﴿۳﴾

၆၇ း ၃ ။ ။ အကြင်အသျှင်မြတ်သည် မိုးကောင်းကင်ခုနစ်ထပ်ကို အထပ်ထပ် ဖန်ဆင်းတော်မူခဲ့၏။ အသင်သည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ ဖန်ဆင်းမှု၌ ကွာခြားမှု၊ မဆီလျော်မှုဟူ၍သည် လုံးဝ တွေ့ရှိရမည် မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် မျက်စိကို မော့၍ ကြည့်လော့။ အသင်သည် တစ်စုံတစ်ရာ အက်ကွဲမှုကို တွေ့မြင်ရလေသလော။

ثُمَّ ارْجِعِ الْبَصَرَ كَرَّتَيْنِ يَنْقَلِبْ إِلَيْكَ الْبَصَرُ خَاسِئًا وَّهُوَ حَسِيرٌ ﴿٤﴾

၆၇ : ၄ ။ ။ ထို့နောက် အသင်သည် မျက်စိကို ပြန်မော့၍ အကြိမ်ကြိမ် ပြန်လည် ကြည့်ရှုလော့။ မျက်စိသာလျှင် အသင့်ထံသို့ အရှက်ရ၍ ညောင်းလျက် ပြန်လာမည်ဖြစ်၏။

وَلَقَدْ زَيَّنَّا السَّمَاءَ الدُّنْيَا
بِمَصَابِيحَ وَجَعَلْنَاهَا رُجُومًا لِّلشَّيَاطِينِ وَأَعْتَدْنَا لَهُمْ
عَذَابَ السَّعِيرِ ﴿٥﴾

၆၇ : ၅ ။ ။ ထို့ပြင် ကေန်မလွဲ ငါအသျှင်မြတ်သည် အနီးဆုံး (အောက်ဆုံး) ဖြစ်သော မိုးကောင်းကင်ကို မီးအိမ်များဖြင့် တင့်တယ်သိက်မြိုက်စွာ ဆင်ယင်ထားတော်မူသည့်အပြင် ငါအသျှင်မြတ်သည် ယင်းမီးအိမ်များကို ရှိုက်သွာန်များအား ပစ်ခတ်ရန် လက်နက်ကိရိယာများ ပြုလုပ်တော်မူခဲ့၏။ ထိုပြင် ငါအသျှင်မြတ်သည် ၎င်းတို့အဖို့ 'ဂျဟန္နမ်' ငရဲဘုံ၏ ပြစ်ဒဏ်ကိုလည်း အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူပြီး ဖြစ်သည်။

وَلِلَّذِينَ كَفَرُوا بِرَبِّهِمْ عَذَابُ جَهَنَّمَ ۖ وَبِئْسَ الْمَصِيرُ ﴿٦﴾

၆၇ : ၆ ။ ။ ထို့ပြင် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့၌ 'ဂျဟန္နမ်' ငရဲဘုံ၏ ပြစ်ဒဏ်သည် ရှိချေမည်။ စင်စစ် ယင်း 'ဂျဟန္နမ်' ငရဲဘုံသည် လွန်စွာ ဆိုးရွားလှသော စခန်းပင် ဖြစ်ချေ၏။

إِذَا أُلْقُوا فِيهَا سَمِعُوا لَهَا شَهِيقًا وَّهِيَ تَفُورُ ﴿٧﴾

၆၇ : ၇ ။ ။ ၎င်းတို့သည် ယင်းငရဲဘုံ၌ ပစ်ချခြင်းကို ခံခဲ့ကြရသောအခါ၊ ယင်းငရဲဘုံ၏ ဟိန်းသံကို ကြားကြရပေမည်။ ၎င်းပြင် ယင်းငရဲဘုံသည် ဆူပွက်လျက် ရှိမည်။

تَكَادُ تَمَيَّزُ مِنَ الْغَيْظِ ۖ كُلَّمَا أُلْقِيَ فِيهَا فَوْجٌ سَأَلَهُمْ خَزَنَتُهَا أَلَمْ يَأْتِكُمْ نَذِيرٌ ﴿٨﴾

၆၇ : ၈ ။ ။ အမျက်ဒေါသကြောင့် ပေါက်ကွဲလုမတတ် ရှိပေမည်။ ယင်း 'ဂျဟန္နမ်' ငရဲဘုံ၌ အုပ်စုတစ်စု ပစ်ချခြင်းခံရတိုင်း၊ ယင်းငရဲဘုံကို စောင့်ကြပ်သော ကောင်းကင်တမန်များက ၎င်းတို့အား 'အသင်တို့ထံ သတိပေးနှိုးဆော်သူ တစ်ဦးတစ်ယောက်မျှ မလာခဲ့လေသလော' ဟု မေးမြန်းကြပေမည်။

قَالُوا بَلَىٰ قَدْ جَاءَنَا نَذِيرٌ فَكَذَّبْنَا وَقُلْنَا مَا نَزَّلَ اللَّهُ مِن شَيْءٍ إِنْ أَنتُمْ إِلَّا فِي ضَلَالٍ كَبِيرٍ ﴿٩﴾

၆၇ : ၉ ။ ။ (ထိုအခါ) ၎င်းတို့က 'အဘယ်ကြောင့် မဟုတ်ပါသနည်း။ ကေန်မလွဲ သတိပေးနှိုးဆော်သူသည် ကျွန်ုပ်တို့ထံ လာခဲ့ပေသည်။ သို့တစေလည်း ကျွန်ုပ်တို့က မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည့်အပြင် အလ္လာဟ်အသျှင်မြတ်

သည် မည်သည့်တစ်စုံတစ်ရာကိုမျှပင် ချပေးတော်မူခြင်း မရှိ။ အသင်တို့သည် ကြီးကျယ်လှစွာသော လမ်းမှားမှု၌ ရှိနေကြသည်’ဟု (၍ပင် စွပ်စွဲ) ပြောဆိုခဲ့ကြောင်း ဖြေကြားကြပေမည်။

وَقَالُوْا لَوْ كُنَّا نَسْمَعُ اَوْ نَعْقِلُ مَا كُنَّا فِيْٓ اَصْحٰبِ السَّعِيْرِ ﴿١٠﴾

၆၇ : ၁၀ ။ ။ ထို့ပြင် ၎င်းတို့က ‘အကယ်၍သာ ကျွန်ုပ်တို့သည် နားထောင်ခဲ့ကြပါလျှင် သို့တည်းမဟုတ် ကျွန်ုပ်တို့သည် နားလည်ခဲ့ကြပါလျှင် ကျွန်ုပ်တို့သည် ငရဲဘုံသားများ ဖြစ်ကြမည်မဟုတ်’ဟု ပြောဆိုကြပေမည်။

فَاعْتَرَفُوْا بِذَنْۢبِهِمْ ۚ فَسُحْقًا لِّاَصْحٰبِ السَّعِيْرِ ﴿١١﴾

၆၇ : ၁၁ ။ ။ မည်သို့ပင်ဖြစ်စေ ၎င်းတို့သည် (‘ကေယာမသ်’နေ့တွင်) မိမိတို့၏ ပြစ်မှုကျူးလွန်ခြင်းကို ဝန်ခံကြပေမည်။ သို့ဖြစ်ပေရာ ‘ဂျဟန္နမ်’ငရဲဘုံသားတို့၌ ကရုဏာတော်မှ ကင်းဝေးမှုသည် ရှိစေသည်သာ (ဖြစ်သည်။)

اِنَّ الَّذِيْنَ يَخْشَوْنَ رَبَّهُمْ بِالْغَيْبِ لَهُمْ مَّغْفِرَةٌ وَّاَجْرٌ كَبِيْرٌ ﴿١٢﴾

၆၇ : ၁၂ ။ ။ ဧကန်မလွဲ မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား မမြင်ဘဲလျက်၊ ကြောက်ရွံ့သောသူတို့အဖို့၊ အပြစ်မှ ချမ်းသာပေးခြင်းသည်လည်းကောင်း၊ ကြီးကျယ်လှစွာသော အကျိုးကျေးဇူးသည်လည်းကောင်း ရှိပေသည်။

وَاَسِرُّوْا قَوْلَكُمْ اَوِ اجْهَرُوْا بِهٖ ۭ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿١٣﴾

၆၇ : ၁၃ ။ ။ ထို့ပြင် အသင်တို့သည် မိမိတို့၏ စကားများကို လျှို့ဝှက်စွာ ပြောဆိုကြသည်ဖြစ်စေ၊ ကျယ်လောင်စွာ ပြောဆိုကြသည်ဖြစ်စေ ဧကန်စင်စစ် ထိုအသျှင်မြတ်မှာမူ စိတ်နှလုံးများအတွင်းဝယ် ရှိသည်တို့ကိုပင် အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

اَلَا يَعْلَمُ مَنْ خَلَقَ ۭ وَهُوَ اللَّطِيْفُ الْخَبِيْرُ ﴿١٤﴾

၆၇ : ၁၄ ။ ။ ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် သိတော်မူသည် မဟုတ်ပါသလော။ စင်စစ် ထိုအသျှင်မြတ်သည် သိမ်မွေ့သော အရာတို့ကို လွန်စွာ သိမြင်တော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

هُوَ الَّذِيْ جَعَلَ لَكُمُ
الْاَرْضَ ذَلُوْلًا فَامْشُوْا فِيْ مَنَاكِبِهَا وَكُلُوْا مِنْ رِّزْقِهٖ ۭ وَاِلَيْهِ النُّشُوْرُ ﴿١٥﴾

၆၇ : ၁၅ ။ ။ ထိုအသျှင်မြတ်သည်ပင် အသင်တို့အကျိုးငှာ ပထဝီမြေကို တစ်ဆင့် အသုံးခံ၊ လက်အောက်ခံ ပြုလုပ်ထားတော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်းပထဝီမြေ၏ သွားလာရာ လမ်းများ၌ လှုပ်ရှားသွားလာကြလေကုန်။

ထို့ပြင် အသင်တို့သည် ထိုအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူသော ရိဇ္ဇာမှ စားသုံးကြလေကုန်။ စင်စစ် ရှင်ပြန်ထ၍ ထိုအသျှင်မြတ်၏ ထံတော်သို့ပင် ပြန်လည် ရောက်ရှိကြရပေလိမ့်မည်။

ءَاَمِنْتُمْ مَّنْ فِي السَّمَآءِ اَنْ يَّخْسِفَ بِكُمُ الْاَرْضَ فَاِذَا هِيَ تَمُوْرُ ﴿١٦﴾

၆၇ : ၁၆ ။ ။ အသင်တို့သည် မိုးကောင်းကင်၌ ရှိတော်မူသော အသျှင်မြတ်အား၊ ထိုအသျှင်မြတ်သည် အသင်တို့အား မြေမျိုစေတော်မူမည်မဟုတ်ဟူ၍ စိုးရိမ်ကြောင့်ကြမှု ကင်းကြလေပြီလော။ ထိုသို့ (မြေမျိုစေတော်မူသော) အခါ ယင်းပထဝီမြေမှာ ပြင်းထန်စွာ တုန်လှုပ်လျက် ရှိပေမည်။

اَمْ اَمِنْتُمْ مَّنْ فِي السَّمَآءِ اَنْ يُّرْسِلَ عَلَيْكُمْ حَاصِبًا فَسَتَعْلَمُوْنَ كَيْفَ نَذِيْرِ ﴿١٧﴾

၆၇ : ၁၇ ။ ။ သို့တည်းမဟုတ် အသင်တို့သည် မိုးကောင်းကင်၌ ရှိတော်မူသော အသျှင်မြတ်အား ထိုအသျှင်မြတ်သည် အသင်တို့အပေါ်ဝယ် ကျောက်စရစ်မိုး ရွာသွန်းစေတော်မူမည် မဟုတ်ဟူ၍ စိုးရိမ်ခြင်း ကင်းကြလေပြီလော။ သို့ဖြစ်လျှင် မကြာမီပင် ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်မှုသည် မည်သို့ ရှိခဲ့သည်ကို သိရှိကြပေမည်။

وَلَقَدْ كَذَّبَ الَّذِيْنَ مِنْ قَبْلِهِمْ فَكَيْفَ كَانَ نَكِيْرِ ﴿١٨﴾

၆၇ : ၁၈ ။ ။ ၎င်းတို့အလျှင် ရှိခဲ့ကြသော သူတို့သည်လည်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်မှာ မည်သို့ ရှိခဲ့ပေသနည်း။

اَوَلَمْ يَرَوْا اِلَى الطَّيْرِ فَوْقَهُمْ صٰٓفّٰتٍ وَّيَقْبِضْنَ مَا يُمْسِكُهُنَّ اِلَّا الرَّحْمٰنُ
اِنَّهٗ بِكُلِّ شَيْءٍۢ بَصِيْرٌ ﴿١٩﴾

၆၇ : ၁၉ ။ ။ ၎င်းတို့သည် မိမိတို့ထက်ဝယ် ငှက်တိရစ္ဆာန်တို့အား အတောင်ပံများကို ကားလျက် ရှိသည်ကိုလည်းကောင်း၊ (ယင်းအတောင်ပံများကို) ရုပ်သိမ်းလျက် ရှိကြသည်တို့ကိုလည်းကောင်း ရှုမြင်ခဲ့ကြသည်မဟုတ်ပေ။ ယင်းငှက်တိရစ္ဆာန်တို့ကို 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှပင် ထိန်းသိမ်း၍ ထားရှိသည် မဟုတ်ပေ။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ရှုမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

اَمَّنْ هٰذَا الَّذِيْ هُوَ جُنْدٌ لَّكُمْ
يَنْصُرُكُمْ مِّنْ دُوْنِ الرَّحْمٰنِ اِنِ الْكٰفِرُوْنَ اِلَّا فِيْ غُرُوْرٍ ﴿٢٠﴾

၆၇ : ၂၀ ။ ။ စင်စစ် 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်မှတစ်ပါး အသင်တို့၏ စစ်သည်ဗိုလ်ပါအဖြစ် အသင်တို့အား ကူညီမည့်သူသည် မည်သူနည်း။ (စင်စစ်) ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် ဖြားယောင်းမှု၌ပင် ရှိနေကြကုန်၏။

أَمَّنْ هَٰذَا الَّذِي يَرْزُقُكُمْ إِنْ أَمْسَكَ رِزْقَهُ ۚ بَل لَّجُّوا فِي عُتُوٍّ وَنُفُورٍ ﴿٢١﴾

၆၇ : ၂၁ ။ ။ စင်စစ် အကယ်၍ ထိုအသျှင်မြတ်သည် မိမိ (၏ ထံတော်) မှ ရိက္ခာကို ပိတ်ပင်တော်မူခဲ့ပါလျှင်၊ အသင်တို့အား ရိက္ခာပေးမည့်သူသည် မည်သူနည်း။ စင်စစ် ထိုသူတို့သည် ဆိုးသွမ်းမှု၌လည်းကောင်း၊ စက်ဆုပ်ရွံရှာမှု၌လည်းကောင်း စွဲမြဲစွာ ရှိနေကြကုန်၏။

أَفَمَن يَمْشِي مُكِبًّا عَلَىٰ وَجْهِهِ
أَهْدَىٰ أَمَّن يَمْشِي سَوِيًّا عَلَىٰ صِرَاطٍ مُّسْتَقِيمٍ ﴿٢٢﴾

၆၇ : ၂၂ ။ ။ မိမိမျက်နှာပေါ်၌ မှောက်လျက် သွားသောသူသည် ဖြောင့်မှန်စွာ သွားသူ ဖြစ်လေသလော။ သို့တည်း မဟုတ် ဖြောင့်မတ်သော လမ်းပေါ်၌ မတ်မတ်သွားနေသော သူသည် ဖြောင့်မှန်စွာ သွားသူ ဖြစ်လေသလော။

قُلْ هُوَ الَّذِي أَنشَأَكُمْ وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَ
الْأَفْئِدَةَ ۖ قَلِيلًا مَّا تَشْكُرُونَ ﴿٢٣﴾

၆၇ : ၂၃ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ထိုအသျှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့ပြင် အသင်တို့အဖို့ ထိုအသျှင်မြတ်သည် နားကိုလည်းကောင်း၊ မျက်စိများကိုလည်းကောင်း၊ စိတ်နှလုံးများကိုလည်းကောင်း ပြုလုပ်၍ ပေးသနားတော်မူခဲ့၏။ (သို့ရာတွင်) အသင်တို့မှာမူ အနည်းငယ်မျှသာလျှင် ကျေးဇူးသိတတ်ကြကုန်၏။

قُلْ هُوَ الَّذِي ذَرَأَكُمْ فِي الْأَرْضِ وَإِلَيْهِ تُحْشَرُونَ ﴿٢٤﴾

၆၇ : ၂၄ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ထိုအသျှင်မြတ်သည်ပင် အသင်တို့အား ပထဝီမြေ၌ ပြန့်ပွားစေတော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်ထံတော်သို့ပင် အသင်တို့သည် စုရုံးကြရပေမည်။

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ﴿٢٥﴾

၆၇ : ၂၅ ။ ။ ထို့ပြင် ၎င်းတို့က 'အကယ်၍ အသင်တို့သည် သစ္စာဝါဒီများ ဖြစ်ကြပါလျှင်၊ ဤချိန်းဆိုချက်သည် မည်သည့်အခါ၌ ဖြစ်မြောက်မည်နည်း' ဟု ပြောဆိုကြကုန်၏။

قُلْ إِنَّمَا الْعِلْمُ عِندَ اللَّهِ وَإِنَّمَا أَنَا نَذِيرٌ مُّبِينٌ ﴿٢٦﴾

၆၇ : ၂၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (ဤသည်နှင့် စပ်လျဉ်း၍ တိကျသော) အသိပညာမှာ အလ္လာဟ်အသျှင်မြတ်၌သာ ရှိ၏။ စင်စစ် ငါသည် ထင်ရှားလှစွာသော သတိပေးနှိုးဆော်သူတစ်ဦးမျှသာ ဖြစ်၏။

فَلَمَّا رَأَوْهُ زُلْفَةً سِيٓـَٔتْ وُجُوهُ الَّذِينَ كَفَرُوا وَقِيلَ هَٰذَا الَّذِي كُنتُم بِهِ تَدَّعُونَ ﴿٢٧﴾

၆၇ : ၂၇ ။ ။ စင်စစ် ၎င်းတို့သည် ယင်း (ကေယာမသ်) ကို တွေ့မြင်ကြသောအခါ ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ မျက်နှာများမှာ ပျက်သွားကြပေမည်။ ထို့ပြင် 'ဤသည်ပင် အသင်တို့ တောင်းဆိုလျက် ရှိခဲ့ကြသော အရာဖြစ်သည်' ဟု ပြောဆိုခြင်းကို ခံကြရပေလိမ့်မည်။

قُلْ أَرَأَيْتُمْ إِنْ أَهْلَكَنِيَ اللَّهُ وَمَن مَّعِيَ
أَوْ رَحِمَنَا فَمَن يُجِيرُ الْكَافِرِينَ مِنْ عَذَابٍ أَلِيمٍ ﴿٢٨﴾

၆၇ : ၂၈ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် ငါ့အားလည်းကောင်း၊ ငါနှင့်အတူ ရှိသူတို့အားလည်းကောင်း ဖျက်ဆီးတော်မူခဲ့ပါလျှင် သို့မဟုတ် ထိုအသျှင်မြတ်သည် ငါတို့အား သနားကရုဏာပြု (၍ အောင်မြင်စေတော်မူ) ခဲ့ပါလျှင်၊ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အား နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် မည်သူ ကာကွယ်စောင့်ရှောက်မည်နည်း။ အသင်တို့သည် (ငါ့အား) ပြောပြကြလေကုန်။'

قُلْ هُوَ الرَّحْمَٰنُ آمَنَّا بِهِ وَعَلَيْهِ
تَوَكَّلْنَا ۖ فَسَتَعْلَمُونَ مَنْ هُوَ فِي ضَلَالٍ مُّبِينٍ ﴿٢٩﴾

၆၇ : ၂၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ထိုအသျှင်မြတ်သည်ပင် 'ရဟ်မာန်' အနန္တကရုဏာရှင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်ကိုသာလျှင် ငါတို့သည် သက်ဝင်ယုံကြည်ကြကုန်၏။ ၎င်းပြင် ထိုအသျှင်မြတ်အပေါ်၌သာလျှင် ငါတို့သည် ယုံကြည်လွှဲအပ်ကြကုန်၏။ စင်စစ် မည်သူသည် ထင်ရှားစွာသော လမ်းလွဲမှု၌ ရှိနေကြသည်ကို မကြာမီပင် အသင်တို့ သိရှိကြရပေတော့မည်။

قُلْ أَرَأَيْتُمْ إِنْ أَصْبَحَ مَاؤُكُمْ غَوْرًا فَمَن يَأْتِيكُم بِمَاءٍ مَّعِينٍ ﴿٣٠﴾

၆၇ : ၃၀ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အကယ်၍ အသင်တို့၏ ရေသည် (မြေဝယ်) တိမ်မြုပ်၍ သွားခဲ့ပါလျှင်၊ အသင်တို့ထံ ကြည်လင်စီးတွေသော ရေကို မည်သူ ယူလာမည်နည်း။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုအသျှင်မြတ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံမြင့်မြတ်လှတော်မူ၏။ ထိုအသျှင်မြတ်၏ လက်တော်ဝယ် အုပ်ချုပ်မှုအပေါင်း ရှိ၏။ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

ထိုအသျှင်မြတ်သည် အသင်တို့အနက် မည်သူသည် ကျင့်ဆောင်မှု ကျင့်စဉ်များတွင် အကောင်းဆုံး ဖြစ်သည်ကို အသင်တို့အား စမ်းသပ်တော်မူရန် သေခြင်းတရားကိုလည်းကောင်း၊ အသက်ရှင်ခြင်းကို လည်းကောင်း ဖန်ဆင်းတော်မူခဲ့သည်။ (ကျင့်ဆောင်မှု ကျင့်စဉ်များ အကောင်းဆုံးဖြစ်ရာတွင် သေခြင်းတရား ပါဝင်သည်မှာ သေခြင်းတရားကို အောက်မေ့သတိရ သောကဖြစ်ရခြင်းအားဖြင့် မတည်မြဲသော သင်္ခါရ လောကနှင့် 'ကေယာမသ်'တို့ကို ယုံကြည်လျက် တမလွန်ကို တည်မြဲသော နေရာဌာနဟု မှတ်ယူပြီး တမလွန်၏ 'အဇားဗ်'အပြစ်ဒဏ်များမှ လွတ်ကင်းနိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်နိုင်သောကြောင့် ဖြစ်သည်။ အသက်ရှင်နေမှုကို ထည့်သွင်းမိန့်ကြားရခြင်းမှာ အကယ်၍ အသက်ရှင်ခြင်းမရှိဟုဆိုလျှင် 'အမလ်'ကျင့်ဆောင် မှုကို အဘယ်အချိန်တွင် ပြုလုပ်ရမည်နည်း။ သို့ဖြစ်ပေရာ အကောင်းဆုံးသော ကျင့်ဆောင်မှုကျင့်စဉ်များ ပြုကျင့်နိုင်ရန် သေခြင်းတရားသည် စည်းကမ်းသတ်မှတ်ချက် ဖြစ်သည်။ အသက်ရှင်ခြင်းသည် အချိန်ကာလ တစ်ခုဖြစ်သည်။ သေခြင်းတရားသည် မဖြစ်ရန်မဟုတ်သော အရာဖြစ်သည့်အတွက် ၎င်းအပေါ်၌ ဖန်ဆင်း ခံခြင်းအမိန့်မှာ မှန်ကန်ပေသည်။) ထို့ပြင် ထိုအသျှင်မြတ်သည် အလွန်တရာ ခန့်ညားတော်မူ၏။ (ကောင်းမွန် ခြင်းမရှိဘဲ ဆိုးရွားသော ကျင့်စဉ်များအပေါ် လွတ်ငြိမ်းချမ်းသာခွင့်နှင့် အကျိုးကုသိုလ်များ ပေးသနား တော်မူပေသည်။)

ထိုအသျှင်မြတ်သည် မိုးကောင်းကင်ခုနစ်ထပ်ကို အထပ်ထပ် ဖန်ဆင်းတော်မူခဲ့၏။ (ဟဒီးစ် တော်တွင် လာရှိသည်မှာ မိုးကောင်းကင်တစ်ထပ်အပေါ် အလွန်တရာ ကွာဝေးပြီး အခြားမိုးကောင်းကင် တစ်ထပ်ရှိပေသည်။ ဤနည်းအတိုင်း ထိုအထပ်အပေါ်တွင် အခြားကောင်းကင်တစ်ထပ် ရှိသည်'ဟု ဖြစ် သည်။ ရှေ့တွင် အို၊ ကြည့်ရှုသူ) အသင်သည် အနန္တကရုဏာတော်ရှင်၏ ဖန်ဆင်းမှု၌ ကွာခြားမှု (မဆီလျော်မှု) ဟူ၍ လုံးဝ တွေ့ရှိရမည်မဟုတ်ပေ။ (သို့ဖြစ်ပေရာ ယခုအကြိမ်တွင် အသင်သည် မျက်စိကို ဖွင့် (အာရုံစိုက်) ၍ ကြည့်ရှုလော့။ အသင်သည် တစ်နေရာရာ၌ တစ်စုံတစ်ရာ အက်ကွဲမှုကို တွေ့မြင်ရလေသလော။ (ဆိုလို သည်မှာ မစဉ်းစားမဆင်ခြင်ဘဲ အကြိမ်ပေါင်းများစွာ ကြည့်ရှုတွေ့မြင်ခဲ့ပြီး ဖြစ်ပေမည်။ ယခုအကြိမ်တွင် စဉ်းစားဆင်ခြင်လျက် ကြည့်ရှုလော့။)

ထို့နောက်တစ်ဖန် အသင်သည် မျက်စိကို ပြန်ဖွင့်၍ အကြိမ်ကြိမ် ပြန်လည်ကြည့်ရှုလော့။ (နောက် ဆုံးတွင်) မျက်စိသာလျှင် ညောင်းညာ၍ အသင့်ထံသို့ ပြန်လှည့်လာပေမည်။ (မည်သည့်ကွဲအက်ပေါက်ပြဲ မှုကိုမျှ တွေ့ရှိရမည်မဟုတ်ပေ။ ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည် မိမိအလိုတော်ရှိသည့်အတိုင်း ပြုစွမ်း နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ မိုးကောင်းကင်အား ခိုင်ခန့်စွာ ပြုပြင်ဖန်ဆင်း လိုတော်မူသောအခါ ကာလကြာညောင်းစွာ ကြာမြင့်ခဲ့ပြီး ဖြစ်သည့်တိုင် ယခုအထိ မည်သည့်ကွဲအက် ဆုတ်ပြတ်ခြင်းမျှ ဖြစ်ပေါ်မှု မရှိသေးပေ။ အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော်သည်လည်း ဤအလိုသဘော ပင် ဖြစ်သည်။ အလားတူ အချို့အရာများကို မခိုင်မာ၊ မချည့်နဲ့ခြင်းနှင့် အလျင်အမြန် ပျက်စီးစေခြင်းများ လည်း ဖန်ဆင်းတော်မူထားသည်။ အချုပ်မှာ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်၌ နည်းမျိုး စုံဖြင့် လိုအပ်သလို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။)

ထို့ပြင် (ငါအသျှင်မြတ်၏ တန်ခိုးတော်များ၏ အထောက်အထားမှာ) ငါအသျှင်မြတ်သည် အနီးဆုံး (အောက်ဆုံး) ဖြစ်သော မိုးကောင်းကင်ကို မီးအိမ်များ (ကြယ်တာရာများ) ဖြင့် တင့်တယ်စွာ ဆင်ယင်ထားတော်မူသည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (ကြယ်တာရာ) တို့ကို ရှိုက်သွာန်များအား ပစ်ခတ်ရန် လက်နက်ကိရိယာများအဖြစ်လည်း ဖန်ဆင်းထားတော်မူ၏။ (ဤအကြောင်းအရင်းကို စူရာဟ်ဟိဂျ်ရ်တွင် တင်ပြခဲ့ပြီး ဖြစ်သည်။) ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (ရှိုက်သွာန်) တို့အတွက် လောက၌ မီးများဖြင့် ပစ်ခတ်ခြင်းအပြင် 'အာခေရသ်'တမလွန်၌ 'ကုဖွရ်' သေဖွည်ငြင်းဆိုခြင်းကြောင့်) 'ဂျဟန္နမ်'ငရဲဘုံ၏ ပြစ်ဒဏ်ကိုလည်း အဆင်သင့်ပြုလုပ်၍ ထားရှိပြီး ဖြစ်ပေမည်။

ထို့ပြင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို သွေဖည်ငြင်းပယ်ခဲ့ကြသူတို့အတွက် 'ဂျဟန္နမ်'ငရဲဘုံ၏ ပြစ်ဒဏ်သည် ရှိချေမည်။ စင်စစ် ယင်း 'ဂျဟန္နမ်'ငရဲဘုံသည် လွန်စွာ ဆိုးရွားလှသော စခန်းပင် ဖြစ်ချေသည်။ ၎င်းတို့သည် ထိုငရဲဘုံ၌ ပစ်ချခြင်းကို ခံကြရသောအခါ ယင်းငရဲဘုံ၏ ပြင်းထန်သော မြည် ဟိန်းသံတစ်ခုကို ကြားကြရပေမည်။ ၎င်းပြင် ယင်းငရဲဘုံသည် ဆူပွက်လျက်ရှိသည်မှာ အမျက်ဒေါသကြောင့် ပေါက်ကွဲလုမတတ် ရှိပေမည်။ (အလ္လာဟ်အသျှင်မြတ်သည် ယင်း 'ဂျဟန္နမ်'အား အသိနှင့် အမျက်ဒေါသတို့ကို ဖန်ဆင်းထည့်သွင်းပေးထားတော်မူသည်။ အမှန်တရားအပေါ် ရန်လိုမုန်းတီးသူများအပေါ် ဤ 'ဂျဟန္နမ်'သည်လည်း အမျက်ဒေါသဖြစ်ပေသည်။ သို့တည်းမဟုတ် တစ်စုံတစ်ဦးသည် ဒေါသအမျက်ချောင်းချောင်း ထွက်သကဲ့သို့ ဖြစ်သည်။ ဤနည်းအတိုင်း 'ဂျဟန္နမ်'သည် မီးဟုန်းဟုန်း တောက်လောင်ခြင်းဖြင့် ဆူပွက်ခြင်း ဖြစ်ပေမည်။ ထို့ပြင်) ယင်း 'ဂျဟန္နမ်'ငရဲဘုံ၌ (ကာဖိရ်) အုပ်စုတစ်စု ပစ်ချခြင်းခံရတိုင်း ယင်း (ဂျဟန္နမ်) ၏ စောင့်ကြပ်သူ (ဖရစ်ရှ်သာဟ်) များက ထိုသူတို့အား 'အသင်တို့ထံသို့ သတိပေးနှိုးဆော်သူ (နဗီတမန်တော်) တစ်ဦးတစ်ယောက်မျှ မလာခဲ့လေသလော'ဟု မေးမြန်းကြပေလိမ့်မည်။

(ထိုနဗီတမန်တော်က အသင်တို့အား ဤ 'အဇာဗ်'ပြစ်ဒဏ်မှ သတိပေးနှိုးဆော်ခြင်း မပြုခဲ့လေသလော။ ၎င်း၏ သတိပေးနှိုးဆော်ခြင်းအပေါ် အကြောက်တရားနှင့် ရှောင်ကြဉ်နိုင်စွမ်းများ ရရှိနိုင်ခြင်းကို ဆိုလိုသည်။ ဤမေးခွန်းသည် ရှုတ်ချခြင်းအပေါ် မေးမြန်းခြင်းဖြစ်သည်။ နဗီတမန်တော်များမှာမူ လာခဲ့သည်သာ ဖြစ်သည်။ ဤမေးခွန်းသည် အသစ်ရောက်ရှိလာသည့် အုပ်စုတိုင်းကို မေးမြန်းမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ဂျဟန္နမ်'ငရဲဘုံတွင် အဆင့်အတန်းကွာခြားမှုအလိုက် ကာဖိရ်အုပ်စုများသည် သူ့အဆင့်နှင့်သူ အုပ်စုတစ်စုပြီးတစ်စု ဝင်ရောက်ရမည်ဖြစ်သောကြောင့်ပင်တည်း။)

(ထိုအခါ) ထိုကာဖိရ်တို့က (ဝန်ခံသည့်အနေဖြင့်) အဘယ်ကြောင့် မလာခဲ့ရမည်နည်း။ စေန်မလွဲ ကျွန်ုပ်တို့ထံ သတိပေးနှိုးဆော်သူတစ်ဦး လာခဲ့ပေသည်။ သို့ဖြစ်ပေရာ (ကျွန်ုပ်တို့၏ နဖူးစာဆိုးခြင်းသာ ဖြစ်သည်။) ကျွန်ုပ်တို့သည် ၎င်း (နဗီတမန်တော်) တို့ကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြသည့်အပြင် အလ္လာဟ်အသျှင်မြတ်သည် (အမိန့်တော်များနှင့် ကျမ်းဂန်များအနက်) မည်သည့်တစ်စုံတစ်ရာကိုမျှပင် ချပေးတော်

မှုခြင်း မရှိ။ အသင်တို့သည် ကြီးကျယ်လှစွာသော လမ်းမှားမှု၌ ရှိနေကြသည်'ဟု ပြောဆိုခဲ့ကြကြောင်း ဖြေကြားကြပေမည်။

၎င်းပြင် (ထိုကာဖိရ်များသည် ဖရစ်ရှ်သာဟ်များအား) ပြောဆိုကြသည်မှာ အကယ်၍သာ ကျွန်ုပ်တို့သည် နားထောင်ခဲ့ကြပါလျှင် (သို့) နားလည်ခဲ့ကြပါလျှင် (နဗီတမန်တော်တို့၏ ပြောဆိုချက်အတိုင်း လက်ခံလိုက်နာခဲ့ကြပါလျှင်) ကျွန်ုပ်တို့သည် ဤ 'ဂျဟန္နမ်' ငရဲဘုံတွင် ကျရောက်မည်မဟုတ်။ သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့၏ ပြစ်မှုများကျူးလွန်ကြောင်းကို ဝန်ခံကြပေမည်။ 'ဂျဟန္နမ်'ငရဲဘုံသားများအဖို့ ကရုဏာမှ ကင်းဝေးလျက် 'လအ်နသ်'သည်သာ ရှိပေအံ့။

စင်စစ်မလွဲ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို မမြင်ဘဲလျက် ကြောက်ရွံ့ (အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် အမိန့်နာခံခြင်းများ ပြုကြ) သူတို့အဖို့ အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ ကြီးကျယ်လှစွာသော အကျိုးကျေးဇူးသည်လည်းကောင်း (သတ်မှတ်ထားခြင်း) ရှိပေသည်။

ထို့ပြင် အသင်တို့သည် မိမိတို့၏ စကားများကို တီးတိုးလျှို့ဝှက်စွာ ပြောဆိုကြသည်ဖြစ်စေ၊ (သို့မဟုတ်) ကျယ်လောင်စွာ ပြောဆိုကြသည်ဖြစ်စေ (အလ္လာဟ်အသျှင်မြတ် အရာအားလုံးကို သိရှိတော်မူသည်။ အဘယ်ကြောင့်ဆိုသော်) ထိုအသျှင်မြတ်သည် စိတ်နှလုံးသားများအတွင်း၌ ရှိသည်တို့ကိုပင် အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် သိတော်မူခြင်း မရှိပါသလော။ စင်စစ် ထိုအသျှင်မြတ်သည် သိမ်မွေ့သော အရာတို့ကို လွန်စွာ သိမြင်တော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

(အထောက်အထားမှာ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အလိုရှိတော်မူသည့်အတိုင်း ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည်ပင် အသင်တို့၏ အခြေအနေများနှင့် ပြောဆိုသည့်စကားများကို ဖန်ဆင်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ အရာတစ်ခုအား ဖန်ဆင်းခြင်းသည် အသိမရှိဘဲ မဖြစ်နိုင်ပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို သိရှိတော်မူရန် အရေးကြီးပေသည်။ သီးသန့်စကားများကိုသာ ရည်ရွယ်ခြင်းမဟုတ်ဘဲ အများအတွက် အမိန့်ဖြစ်သည်။ လုပ်ရပ်များသည်လည်း ဤအချက်၌ ပါဝင်သည်။ အထူးသီးသန့် တင်ပြခြင်းသည် ပြောဆိုစကားများမှာ အလွန်များပြားစွာ ဖြစ်ပေါ်ခြင်းကြောင့် ဖြစ်ပေမည်။ အချုပ်ဆိုရသော် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် အားလုံးကို သင့်တော်သည့် အကျိုးပေးတော်မူပေမည်။)

ထိုအသျှင်မြတ်သည် အသင်တို့အကျိုးငှာ ပထဝီမြေကို လက်အောက်ခံ (အသုံးခံ) ပြုထားတော်မူသော (ကျေးဇူးတော်) အသျှင် ဖြစ်တော်မူ၏။ (အသင်တို့သည် ဤကမ္ဘာမြေပထဝီအတွင်း၌ အမျိုးမျိုးသော သုံးစွဲမှုများကို ပြုနိုင်ကြပေသည်။) သို့ဖြစ်ပေရာ အသင်တို့သည် ယင်းပထဝီမြေ၏ သွားလာရာလမ်းများ၌ သွားလာကြလေကုန်။ (လှည့်ပတ်ကြလေကုန်။) ထို့ပြင် အသင်တို့သည် အသျှင်မြတ် ချီးမြှင့် ပေးသနားတော်

မူသော ရိဇိရိက္ခာများအနက်မှ (ပထဝီမြေ၌ ပေါက်ရောက်သည်များကို) စားသုံးကြလေကုန်။ (သောက်သုံးကြလေကုန်။) ထို့ပြင် (စားသုံးပြီးနောက်တွင် သတိပြုရမည်မှာ) ထိုအသျှင်မြတ်ထံတော်သို့ပင် ရှင်ပြန်ထ၍ ပြန်လည်ရောက်ရှိကြရမည် ဖြစ်သည်။ (သို့ဖြစ်ပေရာ ထိုအသျှင်မြတ် ချီးမြှင့်တော်မူသော ကျေးဇူးတော်များကို ကျေးဇူးသိရန် အီမာန်နှင့် အမိန့်နာခံခြင်းတို့ကို လိုလားတော်မူခြင်း ဖြစ်သည်)

အသင်တို့ နားလည်သဘောပေါက်ရမည်မှာကား မိုးကောင်းကင်၌ (လည်း မိမိ၏ အမိန့်တော်များကို ချမှတ်နိုင်တော်မူသော) ထိုအသျှင်မြတ်သည် အသင်တို့အား (ကာရူးန်ကဲ့သို့) မြေမျိုစေတော်မူမည်ကို မကြောက်ရွံ့ကြလေသလော။ ဤသို့ (မြေမျိုစေတော်မူသောအခါ) ယင်းပထဝီမြေမှာ ပြင်းထန်စွာ တုန်လှုပ် (၍ ဂျွမ်းထိုးမှောက်ခုန်ဖြစ်) သွားပေမည်။

(ဤသို့ ဖြစ်ခြင်းကြောင့် အသင်တို့သည် ပို၍ပင် အောက်သို့ ကျသွားပေမည်။ မြေကြီး အစိတ်အပိုင်းတို့သည် အသင်တို့အပေါ်သို့ ကျရောက်၍ ပိတ်သွားပေမည်။ သို့တည်းမဟုတ် အသင်တို့သည် မိုးကောင်းကင်၌ (လည်း မိမိ၏ အမိန့်တော်များကို ချမှတ်တော်မူသော) အသျှင်မြတ်အား ထိုအသျှင်မြတ်သည် အသင်တို့အပေါ်ဝယ် (အားဒ်အမျိုးသားများကဲ့သို့) ကျောက်စရစ်မိုးများ ရွာသွန်းစေတော်မူမည်ကို မကြောက်ရွံ့ကြလေသလော။ (ဤသို့ ဖြစ်လျှင် အသင်တို့သည် သေကြေပျက်စီးကြရပေမည်။ အသင်တို့ ၏ ကုဖွ်ရ်ငြင်းပယ်မှု၏ တောင်းဆိုခြင်းမှာ ဤအတိုင်းပင်ဖြစ်သည်။) သို့ဖြစ်ပေရာ (အကယ်၍ တစ်စုံတစ်ရာ ကောင်းကျိုးလိုလားမှုကြောင့် အလျင်အမြန် ကျရောက်လာမည့် 'အဇာဗ်' သည် ကြန့်ကြာရပ်တန့်လျက် ရှိနေသည်ဆိုလျှင် အသို့ပါနည်း။) မကြာမြင့်မီ (သေပြီးသည်နှင့်) ပင် ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်မှု (အဇာဗ်) သည် မည်သို့ (ကျရောက်၍ မှန်ကန်မှု) ရှိကြောင်းကို သိရှိကြရပေမည်။

ထို့ပြင် (အကယ်၍ 'အဇာဗ်' ပြစ်ဒဏ်သည် အလျင်အမြန် ကျရောက်မလာခြင်းကြောင့် ကုဖွ်ရ် ငြင်းပယ်မှုသည် အမျက်တော်စူးရှသည့်အရာဖြစ်ကြောင်း ၄င်းတို့ သိရှိနားလည်ခြင်း မရှိကြလျှင်မူ၊ ၄င်းတို့အတွက် နမူနာမှာ အသင့်ရှိပေသည်။ သို့ဖြစ်ပေရာ) ၄င်းတို့၏ အလျင်၌ ရှိခဲ့ကြသူတို့သည် (မှန်ကန်သော သာသနာတော်အား) မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ပေရာ (ကြည့်ကြပါကုန်။ ၄င်းတို့အပေါ်၌) ငါအသျှင်မြတ်၏ အပြစ်ဒဏ်မှာ မည်သို့ (ကျရောက်ခြင်း) ဖြစ်ခဲ့ပါသနည်း။

(ကုဖွ်ရ်သည် အမျက်တော်စူးရှ၍ အပြစ်ဒဏ်ခံရမည့်အကြောင်း ဖော်ပြပါ တင်ပြချက်အရ ရှင်းလင်းစွာ သိရခြင်း ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ဤနေရာ၌ 'အဇာဗ်' သည် ရပ်တန့်ပျက်ပြယ်သွားခဲ့ပါလျှင် အခြားလောကတစ်ခု၌ ကတိတော်အတိုင်း ကျရောက်ပေမည်။ အထက်တွင် خلق سبع سموت ၌ မိုးကောင်းကင်နှင့် စပ်လျဉ်းသော 'သောင်ဟီးဒ်' ၏ အထောက်အထားများကို တင်ပြထားသည်။ တစ်ဖန် هو الّذى جعل لكم الارض တွင် ပထဝီမြေနှင့် စပ်လျဉ်းသော အရာများအကြောင်း တင်ပြထားသည်။ ယခု ရှေ့၌ جوّ 'ကောင်းကင်အာကာသ' နှင့် စပ်လျဉ်းသော အထောက်အထားများကို တင်ပြထား၏။)

ငင်းတို့သည် မိမိတို့အထက်ဝယ် ငှက်တိရစ္ဆာန်များအား တောင်ပံများကို ဖြန့်လျက် (ပျံသန်း) နေကြသည်ကိုလည်းကောင်း၊ ထို့ပြင် (တစ်ခါတစ်ရံ) တောင်ပံများ ရုပ်သိမ်းလိုက်သည်ကိုလည်းကောင်း တွေ့မြင်ခဲ့ကြသည် မဟုတ်ပါသလော။ (အခြေအနေနှစ်ရပ်လုံးတွင် လေးလံမှုရှိသည့်တိုင် ကမ္ဘာမြေနှင့် မိုးကောင်းကင်၏ကြား အလယ် လေဟာပြင်၌ လှည့်လည် ပျံသန်းနေကြသည်။ မြေပြင်သို့ ပြုတ်ကျခြင်းလည်း မရှိကြပေ။ ထို့ပြင်) ယင်းငှက်သတ္တဝါတို့အား 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်မှအပ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ထိန်းသိမ်းထားတော်မူသည် မဟုတ်ပေ။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ရှုမြင်တော်မူသော အသျှင် ဖြစ်တော်မူသည်။

(ထိုအသျှင်မြတ် အလိုတော်ရှိသည့်အတိုင်း ပြုပြင်ပြောင်းလဲမှုများ ပြုတော်မူခြင်း ဖြစ်သည်။) သို့ရှိရာ (အလ္လာဟ်အသျှင်မြတ်၏ ပြုစွမ်းနိုင်မှုတို့ကိုလည်း နားထောင်ပြီး ဖြစ်ပေသည်။ သို့ဖြစ်ရာ) အနန္တကရုဏာတော်ရှင်မှအပ အသင်တို့၏ စစ်တပ်အဖြစ် (ဒုက္ခများမှ) အသင်တို့အား စောင့်ရှောက်ကူညီသူသည် မည်သူပါနည်း။ ကာဖိရ်သွေဖည်ငြင်းပယ်သူတို့မှာမူ (မိမိတို့၏ ကိုးကွယ်ရာများနှင့် ဤကဲ့သို့ပင် တွေးထင်ထားခဲ့ကြသည်) ဖြားယောင်းမှု၌ပင် ရှိနေကြပေသည်။

(ထို့ပြင်) အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် မိမိထံမှ ရိဇ်ဇီရိက္ခာကို ပိတ်ပင်တော်မူလိုက်ပါလျှင် အသင်တို့အား ရိဇ်ဇီရိက္ခာပေးမည့်သူသည် မည်သူ ဖြစ်ပါသနည်း။ (သို့ရာတွင် ငင်းတို့သည် ဤအချက်အားဖြင့်လည်း ထူးခြားမှု စူးရှမှုမရှိကြပေ။) ထိုမျှမက ငင်းတို့သည် ဆိုးသွမ်းမှု၌လည်းကောင်း၊ စက်ဆုပ်ရွံရှာမှု၌လည်းကောင်း စွဲမြဲစွာ ရှိနေကြပေသည်။

(အချုပ်ဆိုရပါလျှင် အသင်တို့၏ လွဲမှားသော ကိုးကွယ်ရာ စသည်တို့သည် ဒုက္ခတစ်ခုခုကို ဝေးကွာစေနိုင်ခြင်း မရှိပေ။ **ينصركم** ကို ဆိုလိုခြင်းဖြစ်သည်။ ကောင်းကျိုး သက်ရောက်စေနိုင်ခြင်းလည်း မရှိပေ။ **يَرْزُقُكُمْ** ကို ဆိုလိုခြင်းဖြစ်သည်။ သို့ဖြစ်ပေရာ ငင်းတို့၏ ခဝပ်ကိုးကွယ်ခြင်းသည်အသိ တရားခေါင်းပါးခြင်းမျှသာ အထက်တွင် ကာဖိရ်တို့၏ အခြေအနေကို တင်ပြခဲ့သည့်အတိုင်း ဖြစ်သည်။

اَنِ الْكٰفِرُوْنَ اِلَّا فِىْ غُرُوْرِه بَلْ لَّجُّوْا فِىْ عُتُوٍّ وَّنُفُوْرٍ

သို့ဖြစ်ပေရာ (ဤအကြောင်းကို ကြားနာပြီး စဉ်းစားရမည်မှာ အကြင်သူသည် လမ်း၏ ဖြောင့်မတ်သာယာခြင်း မရှိခြင်းကြောင့် ခလုတ်တိုက်မိခြင်းဖြစ်သည်။ ထို့ပြင်) မျက်နှာကို မှောက်လျက် သွားနေသူသည် (ရည်ရွယ်ရာ ပန်းတိုင်သို့) ပို၍ ဖြောင့်မှန်စွာ သွားသူဖြစ်လေသလော။ သို့မဟုတ် ဖြောင့်မတ်သော လမ်းပေါ်၌ တည့်တည့်သွားနေသူသည် (ရည်ရွယ်ရာပန်းတိုင်သို့ ပို၍) ဖြောင့်မှန်စွာ သွားသူ ဖြစ်ပါသလော။

(ဤသည် မုအ်မင်န်နှင့် ကာဖိရ်တို့၏ အခြေအနေပင် ဖြစ်သည်။ မုအ်မင်န်တို့ လျှောက်လှမ်းသည်မှာ ဖြောင့်မတ်မှန်ကန်သောလမ်းဖြစ်ပြီး တည့်မတ်စွာ လျှောက်လှမ်းကြသည်။ အပိုၤ အလိုဖြစ်ခြင်းများကို ရှောင်ကြဉ်၍ လျှောက်လှမ်းကြသည်။ ကာဖိရ်တို့၏ လမ်းမှာ ကွေ့ကောက်၍ လွဲမှားသောလမ်း ဖြစ်သည်။

M.H.SOE LIN (Mdy)

လျှောက်လှမ်းသည့်အခါ၌လည်း အချိန်တိုင်း ပျက်စီးခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာများ၌ ကျသွားလေ့ရှိသော လမ်းဖြစ်သည်။ သို့ဖြစ်ပေရာ ဤသို့သော အခြေအနေမျိုးဆိုလျှင် လိုရာပန်းတိုင်သို့ အဘယ်သို့ ရောက်ရှိနိုင်ပါတော့မည်နည်း။ အထက်တွင် 'သောင်ဟီးဒ်'၏ အထောက်အထားများကို မိုးကောင်းကင်နှင့် စပ်လျဉ်း၍ တင်ပြခဲ့သည်။ ရှေ့တွင် လူသား၏ ခန္ဓာကိုယ်နှင့် စပ်လျဉ်း၍ မိန့်ကြားသည်မှာ အို၊ နဗီ (တမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော၊ ကျေးဇူးပြုတော်မူသော) အသျှင်မြတ်သည်သာလျှင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ ထို့ပြင် ထိုအသျှင်မြတ်သည် အသင်တို့အဖို့ နားကိုလည်းကောင်း၊ မျက်စိများကိုလည်းကောင်း၊ နှလုံးသားများကိုလည်းကောင်း ပြုလုပ်၍ ပေးသနားတော်မူခဲ့သည်။ (သို့ရာတွင်) အသင်တို့သည် အနည်းငယ်မျှသာလျှင် ကျေးဇူးသိတတ်ကြကုန်၏။

(ထို့ပြင်) အသင်သည် (ဤသည်ကိုလည်း) ပြောကြားပါလေ။ (အချင်းတို့) ထိုအသျှင်မြတ်သည်ပင် အသင်တို့အား ပထဝီမြေ၌ ပြန့်ပွားစေတော်မူခဲ့သောအသျှင် ဖြစ်တော်မူသည်။ ၎င်းပြင် အသင်တို့သည် ထိုအသျှင်မြတ်ထံတော်၌ပင် ('ကေယာမသ်'နေ့တွင်) စုရုံးကြရပေမည်။

၎င်းပြင် ဤသူတို့သည် (ဤစူရာဟ်၌ပင် လာရှိထားသော اليه المنشور နှင့် اليه تحشرون ဟူသော အမိန့်တော်များအရ 'ကေယာမသ်' အကြောင်း ကြားကြရသည်နှင့်) အကယ်၍ အသင်တို့ (ကိုယ်တော်မြတ် ﷺ နှင့် နောက်လိုက် မုအ်မင်န်များ) သည် မှန်ကန်သူများ ဖြစ်ကြပါလျှင် ဤချိန်းဆိုချက်သည် မည်သည့်အခါ၌ ဖြစ်မြောက်အံ့နည်းဟု ပြောဆိုကြကုန်၏။) အသင်သည် (တုန့်ပြန်ဖြေကြားခြင်းအဖြစ် ဤသို့) ပြောကြားပါလေ။ ဤ (သတ်မှတ်ချက်၏) အသိပညာသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိပေသည်။ ငါသည်ကား (အကျဉ်းချုံးဖြင့်) ထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦးမျှသာ ဖြစ်ပေသည်။

သို့ဖြစ်ပေရာ ၎င်းတို့သည် ယင်း ('ကေယာမသ်'၏ ပြစ်ဒဏ်) ကို အနီးသို့ ရောက်ရှိလာနေသည်ကို တွေ့မြင်ကြရပေမည်။ (အနီးသို့ ရောက်ရှိလာနေသည်ကို တွေ့မြင်ရခြင်းဆိုသည်မှာ ပြုမူဆောင်ရွက်ခဲ့သည်တို့ကို ပြန်လည်ဆန်းစစ်တွက်ချက်ခြင်း ဖြစ်သည်။ 'ဂျဟန္နမ်'အပယ်ငရဲဘုံသို့ သွားကြရန် အမိန့်တော် ရှိလေသောအခါ 'အဇာဗ်'အပြစ်ဒဏ်သည် ခေါင်းပေါ်သို့ ကျရောက်လာခဲ့ပြီးဖြစ်ကြောင်း ယုံကြည်သွားကြပေမည်။ အချုပ်မှာ အပြစ်ဒဏ်သည် အနီးသို့ ရောက်ရှိလာသည်ကို တွေ့မြင်ကြရပေမည်။) သို့ဖြစ်ပေရာ (ပူဆွေးသောက၏ ရိုက်ခတ်မှုဖြင့်) ကာဖိရ်သွေဖည်သူတို့၏ မျက်နှာများမှာ ပျက်စီးသွားပေမည်။

وُجُوهٌ يَوْمَئِذٍ عَلَيْهَا غَبَرَةٌ تَرْهَقُهَا قَتَرَةٌ

ထို့ပြင် (၎င်းတို့အား) ဤသည်ပင် အသင်တို့ တောင်းဆိုခဲ့ကြသော အရာဖြစ်သည်ဟု ပြောဆိုခြင်းကို ခံကြရပေမည်။

('အဇာဗ်'အပြစ်ဒဏ်ကို ယူလာကြပါ။ 'အဇာဗ်'အပြစ်ဒဏ်ကို ယူလာပြပါ'ဟု တောင်းဆိုခဲ့ကြခြင်းကို ဆိုလိုသည်။ ဤကာဖိရ်သွေဖည် ငြင်းပယ်သူတို့သည် ဤမှန်ကန်သော 'သောင်ဟီးဒ်'နှင့် 'ရိစာလသ်' စသော အကြောင်းအရာများကို ကြားနာရပြီး

شاعر نتربّص به رَيب المنون ان كَا دَ ليضلّنا عن الهتنالولا ان صبر نا عليها

ဟူသော စကားများကို ပြောဆိုလေ့ ရှိခဲ့ကြသည်။ ၎င်းတို့သည် ကိုယ်တော်မြတ် ﷺ ၏ ပျက်စီးဆုံးရှုံးမှုနှင့် (နအူးဇုဗိလ္လာဟ်) ကိုယ်တော်မြတ် ﷺ ၏ လမ်းမှားမှုကို စောင့်ဆိုင်းနေကြသူများ ဖြစ်ကြသည်။ ရှေ့တွင် ကာဖိရ်တို့၏ ပြောဆိုမှုများကို တုန့်ပြန် ဖြေကြားရန် သင်ကြားပေးခြင်းနှင့် ထိုအကြောင်းတွင် ကာဖိရ်တို့၏ 'အဇာဗ်'ပြစ်ဒဏ်များအကြောင်းအပြင် အခြားအကြောင်းအရာများကို တင်ပြမိန့်ကြားထားသည်။)

(အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် ငါ့အားလည်းကောင်း၊ ငါနှင့်အတူ ရှိသူတို့အားလည်းကောင်း (အသင်တို့ ဖြစ်စေလိုသည့်ဆန္ဒအတိုင်း) ဖျက်ဆီးတော်မူခဲ့ပါလျှင် သို့မဟုတ် (ငါတို့၏ မျှော်လင့်ချက်နှင့် ထိုအသျှင်မြတ်၏ ကတိတော်နှင့်အညီ) ငါတို့အား သနားကရုဏာ ပြုတော်မူခဲ့ပါလျှင် (အခြေအနေနှစ်ရပ်စလုံးတွင် မိမိတို့အဖို့ မည်သို့ဖြစ်မည်ကို သတိပြုပါလေ။ ထို့ပြင် တင်ပြရမည်မှာ) ကာဖိရ်သွေဖည်ငြင်းပယ်သူတို့အဖို့ နာကျင်ဖွယ်ဖြစ်သောအပြစ်ဒဏ်မှ မည်သူသည် ကာကွယ်စောင့်ရှောက်မည်နည်း။ အသင်တို့သည် (ငါ့အား) ပြောပြကြလေကုန်။

(ငါတို့၏ အခြေအနေမှာမူ လောက၌သာ ဖြစ်သည်။ နောက်ဆုံးရလဒ်မှာ အခြေအနေတိုင်း၌ ကောင်းမွန်ပေသည်။

هل تربّصون بنا الّا احدى الحسنيين

ဟု အသျှင်မြတ် မိန့်ကြားတော်မူသကဲ့သို့ ဖြစ်သည်။ သို့ရာတွင် အသင်တို့အပေါ် ကျရောက်လာမည့်ကြီးမားစွာသော ဒုက္ခနှင့် စပ်လျဉ်း၍ ဤဒုက္ခ ကြီးကို မည်သူက တားဆီးပေးမည်ကို အသင်တို့ ပြောကြားကြလေကုန်။ ငါတို့၏ လောကီဒုက္ခနှင့် အသင်တို့၏ ထိုဒုက္ခကြီးမှာ မည်သို့ ပျက်ပြယ်သွားပါမည်နည်း။ အသင်တို့သည် မိမိတို့အကြောင်းကို ဘေးဖယ်၍ ငါတို့ပျက်စီးရန်ကိုသာ စောင့်ဆိုင်းနေခြင်းမှာ အကျိုးမဲ့သော လုပ်ရပ်သာ ဖြစ်ပေသည်။ ဤသည်မှာ **نتربّص** ၏ အဖြေဖြစ်သည်။ ထို့ပြင် အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသည်ကိုလည်း) ပြောကြားပါလေ။ (အချင်းတို့) အကယ်၍ (ရေတွင်းများ၌ ရှိသော) အသင်တို့၏ ရေသည် အောက်သို့ (သက်ဆင်း၍) ပျောက်ကွယ်သွားခဲ့ပါလျှင် အသင်တို့ထံသို့ ကြည်လင်စီးတွေသော ရေကို မည်သူသည် ယူလာနိုင်ပါသနည်း။

(ဆိုလိုသည်မှာ မြေကြီး၏ နက်ရှိုင်းသော နေရာမှ ရေတွင်း၏ ရေထွက်ပေါက်ကို ပုံမှန်ရေထွက်နိုင်အောင် မည်သူ ပြုနိုင်ပါသနည်းဟု ဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် ရေတွင်းတူးနိုင်ခြင်းအပေါ် ဂုဏ်မောက်နေခြင်းဖြစ်လျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ၏ ရေတွင်းမှ ရေထွက်ပေါက်ကို မြေကြီးအောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားစေရန် ပြုစွမ်းနိုင်တော်မူသော အသျှင် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်ပြိုင်ရန် အသေးအဖွဲ့ ပုံမှန်ဖြစ်ရပ်များ၌ပင် မပြုနိုင်ဟု ဆိုလျှင် တမလွန်၏ 'အဇာဗ်'အပြစ်ဒဏ်မှ လွတ်မြောက်ရန် အဘယ်သို့ ပြုစွမ်းနိုင်ပါမည်နည်း။)

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

စူရာဟ် 'မုလ်က်'၏ ထူးခြားမှုများ

ဤစူရာဟ်အား ဟဒီးစ်တော်တွင် 'ဝါကိယဟ်'ဟုလည်းကောင်း၊ **منجيه** 'မွန်ဂျိယဟ်'ဟုလည်းကောင်း မိန့်ဆိုထားသည်။ 'ဝါကိယဟ်'၏ အဓိပ္ပာယ်မှာ 'ကယ်တင်သူ'ဟု ခေါ်ဆိုပြီး 'မွန်ဂျိယဟ်' ၏ အဓိပ္ပာယ်မှာ 'လွတ်မြောက်အောင်မြင်စေသူ' ဟု ခေါ်ဆိုသည်။ ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ

هي المانعة المنجيه تنجيه من عذاب القبر

ဟု ဖြစ်သည်။ 'ဤစူရာဟ်သည် 'အဇာဗ်'အပြစ်ဒဏ်ကို တားဆီးသူနှင့် 'အဇာဗ်'မှ လွတ်မြောက်အောင်မြင်စေသူ' ဖြစ်သည်။ ဤစူရာဟ်သည် မိမိအား ဖတ်ရွတ်သူကို 'ကဗရ်အဇာဗ်မှ ကယ်တင်ပေမည်' ဟု ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ဟဇရသ်အိဗ်နေအဗ္ဗာဗ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'စူရာဟ်မုလ်က်'သည် မုအ်မင်န်တိုင်း၏ နှလုံးသား၌ ငါကိုယ်တော် လိုလားတော်မူသည်'ဟု ဖြစ်သည်။ (ဆအ်လဗီက တင်ပြခဲ့ခြင်းဖြစ်သည်။) ဟဇရသ်အဘူဟုရိုင်ရာဟ် ﷺ သခင်မှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် အာယသ်တော် (၃၀) မျှသာ ရှိသော စူရာဟ်တစ်ပုဒ် ရှိသည်။ 'ကေယာမသ်'နေ့တွင် ဤစူရာဟ်သည် လူတစ်ဦးအတွက် အသနားခံပေးပေမည်။ နောက်ဆုံးတွင် ထိုသူ့အား 'ဂျဟန္နမ်'မှ ထုတ်၍ 'ဂျန္နသ်'သို့ ဝင်ရောက်စေပေမည်။ ဤစူရာဟ်သည် 'သဗာရကလ်လဇီး' ဖြစ်သည်။ *[ကုရ်သုဗီကျမ်း၊ သိရ်မေဇီကျမ်း။]*

تَبَارَكَ الَّذِي بِيَدِهِ الْمُلْكُ وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ

تَبَارَكَ ဟူသော စာလုံးသည် **بركت** ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ ၎င်း၏ တစ်လုံးချင်းအဓိပ္ပာယ်မှာ 'တိုးပွားခြင်း'နှင့် 'များပြားခြင်း'ဟု ဖြစ်သည်။ ဤစာလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်၌ သုံးနှုန်းရသည့်အခါ အရာခပ်သိမ်းတို့ထက် သာပို မြင့်မြတ်ခြင်းဟူသော အဓိပ္ပာယ်တွင် ဖြစ်သွားသည်။ ဥပမာ- **بِيَدِهِ الْمُلْكُ** اللهُ اَكْبَرُ (ထိုအသျှင်မြတ်၏ လက်တော်ဝယ် အုပ်ချုပ်မှုရှိပေသည်။)

အလ္လာဟ်အသျှင်မြတ်အတွက် ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာတို့၌ **يَدٌ** (လက်) ဟူ၍ သုံးနှုန်းထားသည်။ အလ္လာဟ်အသျှင်မြတ်သည် ခန္ဓာကိုယ်နှင့် အစိတ်အပိုင်းများမှ ကင်းစင်တော်မူသော အသျှင် ဖြစ်တော်မူသည့်အတွက် ဤစာလုံးသည် **متشابهات** 'မုသရှာဗိဟားသ်' (ဆင်တူယိုးမှား အဓိပ္ပာယ်

ဆောင်သော) စာလုံးများအနက်မှ ဖြစ်သည်။ ၄င်းကို မှန်ကန်ကြောင်း ယုံကြည်ရန်မှာ 'ဝါဂျိဗ်' ဖြစ်သည်။ ၄င်း၏ ပုံသဏ္ဌာန်နှင့် ဇစ်မြစ်ကိုမူ မည်သူမျှ မသိနိုင်ပေ။ ထိုအရာများနောက်သို့ လိုက်၍ လေ့လာခြင်း မပိုင်ပေ။ **ملك** 'မုလ်က်' ၏ အလိုသဘောမှာ 'မိုးကောင်းကင်များ၊ မြေပထဝီများ၊ လောကီနှင့် လောကုတ္တရာတို့၏ အုပ်ချုပ်မှုဟု ဖြစ်သည်။ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော် (၄) ပါးကို တင်ပြထားသည်။

(၁) အလ္လာဟ်အသျှင်မြတ် တည်ရှိနေတော်မူကြောင်း၊

(၂) အဆုံးမဲ့သော အဆင့်ရှိသည့် ပြည့်စုံကုံလုံသော ဂုဏ်တော်များကို ပိုင်ဆိုင်တော်မူခြင်းနှင့် အရာအားလုံးတို့ထက် မြင့်မြတ်တော်မူကြောင်း၊

(၃) မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီအပေါ် ထိုအသျှင်မြတ်၏ အုပ်ချုပ်မှုရှိကြောင်းနှင့်

(၄) အရာအားလုံးအပေါ်၌ ထိုအသျှင်မြတ်သည် စွမ်းဆောင်နိုင်တော်သော အသျှင်မြတ် ဖြစ်ကြောင်းတို့ ဖြစ်သည်။

ရှေ့အာယသ်တော်များတွင် ဖန်ဆင်းခံများ၌ပင် စဉ်းစားဆင်ခြင်မှု ပြုခြင်းဖြင့် ဤကြွေးကြော်မှု၏ အထောက်အထားများကို ရှင်းလင်းစွာ တွေ့ရှိပေမည်။ ထို့ကြောင့် ရှေ့အာယသ်တော်များတွင် စကြဝဠာ အပေါင်းကိုလည်းကောင်း၊ အမျိုးမျိုးသော အဖန်ဆင်းခံ ခပ်သိမ်းတို့ကိုလည်းကောင်း အလ္လာဟ်အသျှင် မြတ် တည်ရှိတော်မူခြင်း၊ ထိုအသျှင်မြတ်သည် တစ်ပါးတည်း တည်ရှိတော်မူကြောင်းနှင့် ထိုအသျှင်မြတ် သည် အသိပညာနှင့် တန်ခိုးတော်အရာတွင် ပြည့်စုံကုံလုံတော်မူကြောင်းကို အထောက်အထားပြဆိုထား သည်။ ဦးစွာပထမ လူသားသည် မိမိ၏ ဖြစ်ပေါ်တည်ရှိလာမှုကို တန်ခိုးတော်အသျှင်မြတ်၏ အထောက်အထား များဖြစ်ကြောင်းကို ညွှန်းဆိုမိန့်ကြားထားတော်မူသည်။

اَلَّذِىْ خَلَقَ الْمَوْتَ وَالْحَيٰوةَ

တွင် ဤအကြောင်း တင်ပြထားတော်မူသည်။ ထို့နောက် အာယသ်တော်များစွာတို့တွင် မိုးကောင်း ကင်များ၏ ဖန်ဆင်းမှုအကြောင်းတွင် စဉ်းစားဆင်ခြင်မှုပြုရန် အထောက်အထား တင်ပြထားသည်။

اَلَّذِىْ خَلَقَ سَبْعَ سَمٰوٰتٍ

ထို့နောက် မြေထဝီများ၏ ဖန်ဆင်းမှုနှင့် ၄င်း၏ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင် ရန် အကြောင်းကို

هُوَالَّذِىْ جَعَلَ لَكُمُ الْاَرْضَ ذَلُوْلًا

မှ အာယသ်တော်နှစ်ပါးတွင် မိန့်ကြားထားတော်မူသည်။ ထို့နောက်တစ်ဖန် ကောင်းကင်လေဟာပြင်၌ နေထိုင်သည့် အဖန်ဆင်းခံငှက်သတ္တဝါများအကြောင်း တင်ပြမိန့်ကြားထားသည်။

اَوَلَمْ يَرَوْا اِلَى الطَّيْرِ

အချုပ်ဆိုရသော် ဤစူရာဟ်တစ်ပုဒ်လုံးတွင် အဓိကအကြောင်းအရာမှာ အလ္လာဟ်အသျှင်မြတ် တည်ရှိတော်မူကြောင်းနှင့် ထိုအသျှင်မြတ်၏ ပြည့်စုံကုံလုံသော အသိပညာတော်နှင့် တန်ခိုးတော်တို့အပေါ်၌ စကြဝဠာအပေါင်း တည်ရှိနေကြောင်းကို အထောက်အထား တင်ပြခြင်းများ ဖြစ်သည်။ တစ်ဆက်တည်းမှာပင် အခြားအကြောင်းအရာဖြစ်သော ကာဖိရ်များ အပြစ်ပေးခံရခြင်းနှင့် မုအ်မင်န်များမှာ အကျိုးကုသိုလ်များ ချီးမြှင့်ပေးသနားတော်မူခြင်း ခံရကြောင်းများလည်း လာရှိထားသည်။ လူသား၏ အတွင်း၌ရှိသော အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော အသိပညာတော်နှင့် တန်ခိုးတော်များကို စာလုံးနှစ်လုံးဖြင့် ညွှန်ပြမိန့်ကြားထားတော်မူသည်။

သေခြင်းတရားနှင့် ရှင်ခြင်းတို့၏ ဇစ်မြစ်

خَلَقَ الْمَوْتَ وَالْحَيٰوةَ

'ထိုအသျှင်မြတ်သည် သေခြင်းနှင့် ရှင်ခြင်းတို့ကို ဖန်ဆင်းတော်မူခဲ့သည်။'

လူသား၏ အခြေအနေများအနက် ဤနေရာတွင် သေခြင်းနှင့် ရှင်ခြင်းနှစ်မျိုးအကြောင်းကိုသာ တင်ပြထားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ဤအရာနှစ်ခုသာ လူသား၏ သက်တမ်းတစ်လျှောက်လုံး၏ အခြေအနေ၊ အဖြစ်အပျက်များနှင့် လုပ်ရပ်များအပေါ် သိုင်းခြုံမှုရှိသောကြောင့် ဖြစ်သည်။ ရှင်ခြင်းအတွက် ဖန်ဆင်းတော်မူခြင်းဟူသော စာလုံးမှာမူ ရှင်ခြင်းသည် ဖန်ဆင်းမှုနှင့် ဖြစ်ပေါ်တည်ရှိခြင်းအတွက် သူ့နေရာနှင့်သူ ပေါ်လွင်သော စာလုံးဖြစ်သည်။ သို့ရာတွင် သေခြင်းမှာမူ အပေါ်ယံအားဖြင့် ကြည့်လျှင် မရှိခြင်းဟူသော အရာ၏ အမည်ဖြစ်သည်။ ၎င်းအား ဖန်ဆင်းခြင်းဟူသည်မှာ မည်သို့ပါနည်း။

ဤအကြောင်း ဖြေကြားရာတွင် သဖ်စီးရ်အဖွင့်ပညာရှင် အေမာမ်ကြီးများမှ များစွာသော အဆိုများ လာရှိထားသည်။ ပေါ်လွင်ထင်ရှားသော အဆိုမှာ 'သေခြင်းဟူသည် မရှိခြင်းဟူသော အရာတစ်ခု၏ အမည်သာ မဟုတ်ဘဲ ဝိညာဉ်နှင့် ခန္ဓာကိုယ်တို့၏ ဆက်နွယ်ပတ်သက်မှုများ ပြတ်တောက်လျက် ဝိညာဉ်သည် တစ်နေရာမှ အခြားတစ်နေရာတစ်ခုသို့ ပြောင်းရွှေ့သွားခြင်း၏ အမည်သာ ဖြစ်သည်။ ထို့ပြင် ဤဝိညာဉ်သည် တည်ရှိနေသော အရာတစ်ခု ဖြစ်သည်။ အချုပ်မှာ အသက်ရှင်နေခြင်းသည် လူသား၏ ခန္ဓာကိုယ်ပေါ်၌ ရပ်တည်လျက် အခြေအနေတစ်ခုဖြစ်သကဲ့သို့ သေခြင်းသည်လည်း ဤကဲ့သို့သော အခြေအနေတစ်ရပ်သာ ဖြစ်သည်'ဟု ဖြစ်သည်။ ထို့ပြင် ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်နှင့် အချို့သော သဖ်စီးရ်အေမာမ်ကြီးများမှ ဆင့်ပြန်ချက် လာရှိသည်မှာ သေခြင်းနှင့် ရှင် ခြင်းနှစ်ရပ်စလုံးသည် ခန္ဓာကိုယ်ထုထည်ရှိသော အဖန်ဆင်းခံများ ဖြစ်ကြသည်။ သေခြင်းတရားသည် ဖားသတ္တဝါ၏ သဏ္ဍာန်ရှိပြီး ရှင်ခြင်းသည် မြင်းမတစ်ကောင်၏ သဏ္ဍာန်တွင် ရှိသည်။

ဤသည်မှာ ဆွဟီးဟ်ဟဒီးစ်၏ တင်ပြချက်အတိုင်း ဖြစ်သည်။ ယင်းဟဒီးစ်တော်တွင် တင်ပြမိန့်ကြားထားသည်မှာ 'ကေယာမသ်'နေ့တွင် 'ဂျန္နသ်'ဥယျာဉ်၌ စံမြန်းရမည့်သူများသည် 'ဂျန္နသ်'တွင်လည်းကောင်း၊ 'ဂျဟန္နမ်'ငရဲသို့ လားရမည့်သူများသည် 'ဂျဟန္နမ်'တွင်လည်းကောင်း ဝင်ရောက်ပြီးကြသောအခါ 'သေခြင်းတရား'ကို ဖား၏ သဏ္ဌာန်ဖြင့် ခေါ်ဆောင်လာပေမည်။ ထို့နောက် 'ပွလ်စွေရားသ်' အနီးတွင် ၎င်းအား 'ဇဗာဟ်'ပြုလုပ်၍ 'ယခုလက်ရှိ ရှိနေသည့် အနေအထားသည် အမြဲထာဝရအတွက်ဖြစ်သည်။ ယခုမှစ၍ မည်သူ့မျှ သေခြင်းတရား ဖြစ်ပေါ်တော့မည်မဟုတ်ပေ'ဟု ကြေညာခြင်း ပြုပေမည်' ဟု ဖြစ်သည်။ သို့သော်ငြားလည်း ဤဟဒီးစ်တော်အားဖြင့် လောကတွင် သေခြင်းတရားသည် ခန္ဓာကိုယ်ထုထည်တစ်ခုခု ရှိသည်ဟုကား မဆိုနိုင်ပေ။ ထိုမျှသာမက ဆွဟီးဟ်ဟဒီးစ်တော်များအရ အတည်ဖြစ်ပြီးသည့် လောကတွင် များစွာသော အခြေအနေအဖြစ်အပျက်များနှင့် လုပ်ရပ်များသည် 'ကေယာမသ်'နေ့တွင် ခန္ဓာကိုယ်ထုထည်များ ဖြစ်သွားမည်ဖြစ်သကဲ့သို့ လူသားအပေါ် ကျရောက်လာမည့် အခြေအနေတစ်ရပ်ဖြစ်သော သေခြင်းတရားသည်လည်း 'ကေယာမသ်'နေ့တွင် ခန္ဓာကိုယ်ဖြင့် ဖား၏ ပုံသဏ္ဌာန်တွင် 'ဇဗာဟ်' ပြုခြင်း ခံရပေမည်။ *[ကုရ်သုဗီကျမ်း]*

သဖ်စီးရ်မဇ္ဇ်ဟရီကျမ်း၌ မိန့်ကြားသည်မှာ 'သေခြင်းတရားသည် အမှန်စင်စစ် မရှိခြင်းဖြစ်သော အရာဖြစ်သည်။ သို့ရာတွင် မရှိသော အရာကား မဟုတ်ဘဲ တစ်ချိန်ချိန်၌ ဖြစ်ပေါ်တည်ရှိခြင်းသို့ ရောက်ရှိလာမည်ဖြစ်သော အရာဖြစ်ပေသည်။ ထို့ပြင် ဤသို့သော မရှိခြင်းဖြစ်သော အရာတို့၏ ပုံသဏ္ဌာန်များသည် **عالم مثال** (ဤလောက၏ အရာအားလုံးတို့၏ နမူနာ (သို့) အစစ်အမှန်များရှိသော ဤလောကထက် ပို၍ သန့်ရှင်းသည့် လောက) တွင် မရှိမီအလျှင်ကပင် ခန္ဓာကိုယ်ဖြင့် ရှိပြီးဖြစ်သည်။ ၎င်းတို့ကို **اعيان ثابتہ** ဟု ခေါ်ဆိုသည်။ ၎င်းတို့၏ ပုံသဏ္ဌာန်များကြောင့် ၎င်းတို့မှာ မရှိမီကလည်း ရှိပြီး ဖြစ်ပေါ်ခြင်းတစ်မျိုး ရရှိခဲ့ကြသည်။ ထို့ပြင် **عالم مثال** ရှိခြင်းအပေါ် များစွာသော ဟဒီးစ်ဆင့်ပြန်ချက်များဖြင့် အထောက်အထားပြု မိန့်ဆိုထားသည်။

သေခြင်းနှင့် ရှင်ခြင်းတို့၏ ကွဲပြားခြားနားသော အဆင့်အတန်းများ

သဖ်စီးရ်မဇ္ဇ်ဟရီကျမ်းတွင် လာရှိသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်နှင့် ပြည့်စုံကုံလုံသော အမြော်အမြင်တို့ဖြင့် အဖန်ဆင်းခံများကို ကွဲပြားခြားနားသော အမျိုးအမည်များဖြင့် ခွဲခြားဖန်ဆင်းတော်မူပြီးနောက် အဖန်ဆင်းခံတို့တွင် ရှင်ခြင်းတစ်မျိုးစီကို ချီးမြှင့်တော်မူခဲ့သည်။ အားလုံးတို့ထက် ပို၍ ပြည့်စုံကုံလုံသော အသက်ရှင်ခြင်းကို လူသားအား ချီးမြှင့်တော်မူထားသည်။ ဤရှင်ခြင်းတွင် လူသားသည် အလ္လာဟ်အသျှင်မြတ်၏ ဇာတိတော်နှင့် ဂုဏ်တော်များကို သိရှိသော(မအ်ရိဖသ်) အထူးအဆင့်တစ်ခုသို့တိုင် ရရှိနိုင်ပေသည်။ ဤ (မအ်ရိဖသ်) သည်ပင် ရှရီအသ်တရားတော်၏ အမိန့်တော်များ

ကို လိုက်နာကျင့်ဆောင်ခြင်းနှင့် လေးလံသော တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သည်။ ဤလေးလံသော တာဝန်ကို ထမ်းဆောင်ခြင်းကို မိုးကောင်းကင်၊ ကမ္ဘာမြေပထဝီနှင့် တောင်များအားလုံးတို့က ကြောက်ရွံ့ခဲ့ကြသည်။ လူသားသည် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်တော်မူထားသော အရည်အချင်းအားဖြင့် ဤတာဝန်ကို ယူခဲ့သည်။ ဤရှင်ခြင်း၏ ဆန့်ကျင်ဘက်တွင် သေခြင်းဟု ရှိသည်။ ဤသေခြင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်က

اَفَمَنْ كَانَ مَيْتًا فَاَحْيَيْنَا

တွင် မိန့်ကြားတော်မူထားသည်။ 'ကာဖိရ်သည် သေသူဖြစ်၍ မုအ်မင်န်သည် ရှင်သူဖြစ်သည်ဟု သတ်မှတ်တော်မူထားသည်။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်သည် လူသား၏ အထူးရှင်ခြင်းဖြစ်သော မိမိ၏ မအ်ရိဖသ်ကို အချည်းနှီး ပြုလုပ်လိုက်သောကြောင့် ဖြစ်သည်။ ထို့ပြင် အချို့သော အဖန်ဆင်းခံ အမျိုးအစားများတွင် ရှင်ခြင်း၏ ဤအဆင့်အတန်း မရှိကြပေ။ သို့ရာတွင် ခံစားမှုနှင့် လှုပ်ရှားမှုကား ရှိပေသည်။ ၎င်း၏ ဆန့်ကျင်ဘက် သေခြင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်

كُنْتُمْ اَمْوَاتًا فَاَحْيَاكُمْ ثُمَّ يُمِيْتُكُمْ ثُمَّ يُحْيِيْكُمْ

တွင် တင်ပြမိန့်ကြားထားတော်မူထားသည်။ ဤနေရာတွင် ရှင်ခြင်းဟူသည်မှာ ခံစားချက်နှင့် လှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ပြီး သေခြင်းတရားဟူသည်မှာ ၎င်းတို့ ချုပ်ငြိမ်းသွားခြင်းကို ဆိုလိုခြင်းဖြစ်သည်။

အချို့သော အဖန်ဆင်းခံ အမျိုးအစားများတွင် ဤခံစားချက်များနှင့် လှုပ်ရှားမှုများလည်း မရှိ။ တိုးပွားမှုသာ ရှိကြသည်။ ဥပမာ- သစ်ပင်ပန်းမန်များ ဖြစ်သည်။ ၎င်း၏ ဆန့်ကျင်ဘက်တွင် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်

يُحْيِ الْاَرْضَ بَعْدَ مَوْتِهَا

တွင် လာရှိသော သေခြင်းတရား ရှိပေသည်။ ရှင်ခြင်း၏ ဤ (၃) မျိုးသည် လူသားတိရစ္ဆာန်နှင့် သစ်ပင်များတွင် ခြုံငုံထားသည်။ ၎င်းတို့မှအပ အခြားသော အရာများတွင် ဤအမျိုးအစားဖြစ်သော ရှင်ခြင်း မရှိပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်က ကျောက်ခဲများဖြင့် ပြုလုပ်ထားသော ရုပ်တုများနှင့် စပ်လျဉ်း၍

اَمْوَاتٌ غَيْرُ اَحْيَاءٍ

ဟု မိန့်ကြားတော်မူခြင်းဖြစ်သည်။ သို့ရာတွင် ကျောက်တုံးကျောက်ခဲ များ၌လည်း ဖြစ်ရှိခြင်းနှင့်အတူ ရှိသော သီးသန့် အထူးရှင်သန်ခြင်းတစ်ရပ် ရှိပေသည်။

وَاِنْ مِّنْ شَيْءٍ اِلَّا يُسَبِّحُ بِحَمْدِه

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ချီးမွမ်းခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းကို ရွတ်ဆိုခြင်း မရှိသော အရာဟူ၍ မရှိ' ဟု ဖြစ်သည်။ အာယသ်တော်တွင် သေခြင်းတရားကို ရှေ့၌ တင်ပြခြင်း၏ အကြောင်းခံ

သည်လည်း ဤတင်ပြချက်ဖြင့် ရှင်းလင်းသွားပေပြီ။ အဘယ်ကြောင့်ဆိုသော် အဓိကဇစ်မြစ်အရ သေခြင်းသည်သာ ရှေ့၌ ရှိသည်။ ဖြစ်ရှိ ပေါ်ပေါက်လာသော အရာဟူသရွေ့၏ အစကနဦးသည် သေခြင်းလောက၌ ရှိခဲ့ကြသည်။ နောင်တွင်မှ ၎င်းအသက်ရှင်ခြင်းကို ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် သေခြင်းတရားကို ရှေ့၌ ထား၍ တင်ပြရခြင်းဖြစ်သည်။ ထို့ပြင် ရှေ့၌ သေခြင်းနှင့် ရှင်ခြင်းတို့အား ဖန်ဆင်းရခြင်း၏ အကြောင်းမှာ လူသားအား စမ်းသပ်ရန်ဖြစ်ကြောင်း သတ်မှတ်ထားသည်ဟုလည်း ပြောဆိုနိုင်ပေသည်။

لِيَبْلُوَكُمْ اَيُّكُمْ اَحْسَنُ عَمَلًا

ဤစမ်းသပ်မှုသည် ရှင်ခြင်းနှင့် နှိုင်းယှဉ်လျှင် သေခြင်းတွင် သာပိုများပြားပေသည်။ အဘယ်ကြောင့်ဆိုသော် သေခြင်းတရားကို သတိရလျက် ရှိနေသူသည် ကောင်းသော 'အမလ်'ကျင့်စဉ်များကို များသထက်များပြားအောင် ပြုလုပ်ကျင့်ကြံမည်သာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အမှန်စင်စစ် ဤစမ်းသပ်မှုသည် ရှင်ခြင်း၌လည်း ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ဘဝသက်တမ်း၏ ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်းတွင် လူသားသည် မိမိ၏ မစွမ်းနိုင်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်သည် အရာရာကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်း သတိရလျက် ရှိနေပေမည်။ ဤသည် ကောင်းသော 'အမလ်' ကျင့်စဉ်များကို ဖိတ်ခေါ်ခြင်း ဖြစ်သည်။ သို့ရာတွင် သေခြင်းတရားကို သတိရနေခြင်းသည် 'အမလ်'ကျင့်စဉ်များကို ပြုပြင်ရန်နှင့် 'အမလ်'ကျင့်စဉ်များ ကောင်းမွန်လုပရန်အတွက် ပို၍ ထိရောက်မှု ရှိပေသည်။

ဟဇရသ်အမ္မားရ်ဗင်န်ယာစိရ် ﷺ သခင်၏ 'မရ်ဖူးအ်' ဟဒီးစ်၌ လာရှိသည်မှာ-

كفى بالموت واعظا وكفى باليقين غنىً

ဆိုလိုသည်မှာ 'သေခြင်းတရားသည် သံဝေဂတရားရယူရန် လုံလောက်သည်။ ယုံကြည်ချက်သည် ပူပင်ကြောင့်ကြမှု ကင်းရန် လုံလောက်ပေသည်'ဟု ဖြစ်သည်။ *[သွဗ်ရာနီ]*

ဆိုလိုသည်မှာ မိမိ၏ မိတ်ဆွေသင်္ဂဟများနှင့် ရင်းချာသော ဆွေမျိုးများ ကွယ်လွန်သေဆုံးခြင်းသည် အကြီးမားဆုံးသော သံဝေဂရယူဖွယ်ရာ ဖြစ်သည်။ ဤသည်ကိုပင် စူးရှသက်ရောက်မှု မရှိသူ (သံဝေဂ မရယူနိုင်သူ) သည် အခြားသော အရာများဖြင့် စူးရှသက်ရောက် (သံဝေဂရယူ) ရန်ဆိုသည်မှာ မလွယ်ကူပေ။ အလ္လာဟ်အသျှင်မြတ်က အီမာန်ယုံကြည်ခြင်း၏ ရတနာကို ချီးမြှင့်ခြင်းခံရသူနှင့် အခြားမည်သူမျှ ပူပင်ကြောင့်ကြမှု ကင်းရန် တန်းတူမဖြစ်နိုင်ပေ။

ရဗီအ်ဗင်န်အနတ်စ်က မိန့်သည်မှာ 'သေခြင်းတရားသည် လူသားအား လောကကို ရွံရှာစေခြင်းနှင့် တမလွန်ဘက်သို့ လိုလားတပ်မက်စေရန် လုံလောက်သည်' ဟု ဖြစ်သည်။

اَحْسَنُ عَمَلًا

ဤနေရာတွင် စဉ်းစားဆင်ခြင်ထိုက်သည်မှာ သေခြင်းတရားနှင့် ရှင်ခြင်းတို့နှင့် စပ်လျဉ်းသော လူသားအား စမ်းသပ်မှုတွင် အလ္လာဟ်အသျှင်မြတ်က 'အသင်တို့အနက် မည်သူ၏ 'အမလ်'ကျင့်စဉ်သည်

အကောင်းဆုံးဖြစ်သည်ကို ငါအသျှင်မြတ် ကြည့်ရှုရန် လိုလားတော်မူသည်' ဟု မိန့်ကြားထားသည်။ 'မည်သူ၏ 'အမလ်' ကျင့်စဉ်သည် အများဆုံးဖြစ်သနည်း' ဟု မိန့်ကြားတော်မူထားခြင်းမဟုတ်ပေ။ ဤမိန့်ကြားချက်အရ သိရသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် 'အမလ်' ကျင့်စဉ်တစ်ခုခု၏ ပမာဏများပြားခြင်းသည် အလေးထားရန် မထိုက်ပေ။ ထို့မျှသာမက 'အမလ်' ကျင့်စဉ်သည် ကောင်းမြတ်ခြင်း၊ မှန်ကန်ခြင်းနှင့် လက်ခံမှုပြုခံရခြင်းတို့သည်သာ အတည်ဖြစ်သည်။ ထို့ကြောင့် 'ကေယာမသ်' နေ့တွင် လူသား၏ 'အမလ်' ကျင့်စဉ်များသည် ရေတွက်ခြင်းခံရမည် မဟုတ်သည်သာမက ချိန်တွယ်ခြင်းခံရမည်ဖြစ်သည်။ ၎င်းတို့အနက် အချို့သော 'အမလ်' ကျင့်စဉ်တစ်ခု၏ အလေးချိန်သည် ထောင်ပေါင်းများစွာသော ကျင့်စဉ်များ၏ အလေးချိန်ထက် သာပိုပေမည်။

ကောင်းမြတ်သော ကျင့်စဉ်မှာ မည်သို့ပါနည်း။

ဟဇရသ်အိဗ်နုအုမရ် ﷺ သခင်က မိန့်ဆိုသည်မှာ နဗီကိုယ်တော်မြတ် ﷺ သည် ဤအာယသ်တော်ကို ဖတ်ရွတ်တော်မူခဲ့သည်။ اَحۡسَنُ عَمَلًا သို့ ရောက်သောအခါ 'ဤသည်မှာ အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်' ပြုတော်မူထားသည်တို့ကို အရှောင်ကြဉ်ဆုံးသူနှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုကို အချိန်ကိုင်း၌ အသင့်ရှိနေသူ ဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။ *[ကုရ်သုဗီကျမ်း]*

فَارۡجِعِ الۡبَصَرَ هَلۡ تَرٰی مِنۡ فُطُوۡرٍ

ဤအာယသ်တော်အားဖြင့် အပေါ်ယံ သိရှိရသည်မှာ 'လောကသားတို့သည် မိုးကောင်းကင်အား မျက်စိများဖြင့် မြင်နိုင်သည်' ဟု ဖြစ်သည်။ မြင်တွေ့နေရသော အပြာရောင် လေဟာပြင်ကြီးသာလျှင် မိုးကောင်းကင် ဖြစ်သည်ဟု မှတ်ယူရန် အရေးမကြီးပေ။ ထို့မျှသာမက မိုးကောင်းကင်သည် ဤမြင်နေရသည့် အပြာရောင်လေဟာပြင်ထက်ပင် ပို၍ မြင့်မားသော အပေါ်၌ရှိပြီး ဤမြင်နေရသည့် အပြာရောင်မှာ လေထုနှင့် လေဟာပြင်ဖြစ်နိုင်သည်။ ဤသည်မှာ အတွေးအခေါ်ပညာရှင်တို့၏ အဆိုအတိုင်းဖြစ်သည်။ သို့ရာတွင် ဤအဆိုအားဖြင့် 'မိုးကောင်းကင်အား မျက်စိများဖြင့် မမြင်နိုင်' ဟုလည်း မှတ်ယူရန် အရေးမကြီးပေ။ ဤအပြာရောင်လေဟာပြင်သည် ရှင်းလင်းနေသည့်အတွက် အလွန်မြင့်မားစွာ ရှိသော မိုးကောင်းကင်အစစ်ကို မြင်ရာတွင် အတားအဆီး မဖြစ်ခြင်းလည်း ဖြစ်နိုင်သည်။ အကယ်၍ 'ဤလောကမှ နေ၍ မိုးကောင်းကင်အား မျက်စိဖြင့် မတွေ့ရှိနိုင်ဟု အထောက်အထားတစ်စုံတစ်ရာအားဖြင့် အတည်ဖြစ်သည့်တိုင် ဤအာယသ်တော်၌ မြင်တွေ့ခြင်းဟူသည်မှာ ဦးနှောက် အသိဉာဏ်ဖြင့် မြင်တွေ့ခြင်းကို ဆိုလိုသည်။ ဆိုလိုသည်မှာ စဉ်းစားဆင်ခြင်တွေးတောခြင်း ဖြစ်သည်။ *[ဗယာနုလ်ကုရ်အာန်]*

وَلَقَدۡ زَيَّنَّا السَّمَآءَ الدُّنۡيَا بِمَصَابِيۡحَ وَجَعَلۡنٰهَا رُجُوۡمًا لِّلشَّيٰطِيۡنِ

مَصَابِيۡحَ သည် ကြယ်တာရာများကို ဆိုလိုသည်။ မိုးကောင်းကင်အောက်ဆုံးထပ်အား ကြယ်တာရာများဖြင့် အလှဆင်ခြင်းအတွက် ကြယ်တာရာများသည် မိုးကောင်းကင်၏ အတွင်း (သို့) မိုးကောင်းကင်၏

အထက်တွင် ရှိနေရန် အရေးမကြီးပေ။ ထိုမျှသာမက ဤသို့ အလှဆင်ခြင်းတွင် ကြယ်တာရာများသည် မိုးကောင်းကင်မှ အလွန်နိမ့်ကျစွာ မိုးကောင်းကင်၏ ပြင်ပ၌ ရှိနေသည်ဆိုကလည်း မှန်ကန်ပေသည်။ ခေတ်သစ်သုတေသနပြုချက်များအရ တွေ့မြင်သိရှိရခြင်းသည် ဤအဆိုကို ဆန့်ကျင်မှု မရှိပေ။

ထို့ပြင် ကြယ်တာရာများအား ရှိုက်သွာန်ကို မောင်းထုတ်ရန် မီးကျည်ခဲများအဖြစ် ပြုထားခြင်း ဟူသည့် သဘောမှာ ကြယ်တာရာများအတွင်းမှ မီးများကို ထိုရှိုက်သွာန်များဘက်သို့ ပစ်လွှတ်လိုက်သည်။ ကြယ်သည် မိမိ၏ နေရာ၌သာ ရှိနေခဲ့သည်။ လူတို့၏ အမြင်တွင် ဤမီးလျှံသည် ကြယ်တာရာကဲ့သို့ လှုပ်ရှားသည်ကို မြင်တွေ့ရသည့်အတွက် ဤသည်ကို ကြယ်ကြွေသည်ဟု ခေါ်ဆိုကြခြင်း ဖြစ်နိုင်သည်။ အာရဗီဘာသာစကားတွင် ၎င်းကြယ်ကြွေခြင်းကို **انقضاض الكوكب** ဟု ခေါ်ဆိုသည်။

[ကုရ်သုဗီ]

ဤအကြောင်းအရာအားဖြင့် ရှိုက်သွာန်တို့သည် မိုးကောင်းကင်မှ သတင်းများ ခိုးယူရန် တက်ရောက်ကြသည်။ ၎င်းတို့သည် ကြယ်တာရာများ၏ အောက်၌ပင် ပစ်ခတ်မောင်းထုတ်ခြင်း ခံကြရကြောင်းကိုလည်း သိရှိရပေသည်။ *[ကုရ်သုဗီ]*

ဤနေရာထိတိုင်မှာ အဖန်ဆင်းခံအမျိုးမျိုးတို့နှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင်လျက် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော အသိပညာတော်နှင့် တန်ခိုးတော်တို့၏ အထောက်အထားများကို တင်ပြခြင်း ဖြစ်သည်။ ရှေ့တွင် သွေဖည်ဆန့်ကျင်သူ ကာဖိရ်တို့အား 'အဇာဗ်' အပြစ်ဒဏ်ပေးခြင်းနှင့် မုအ်မင်န်များနှင့် အမိန့်နာခံသူများအဖို့ 'စဝါးဗ်' အကျိုးကုသိုလ်များ ချီးမြှင့်တော်မူမည်ဖြစ်ကြောင်းတို့ကို တင်ပြထားသည်။

وللذين كفروا بربهم عذاب جهنم

မှ (၇) အာယသ်အထိ ဤအကြောင်းအရာများ ဖြစ်သည်။ ရှေ့တွင် တစ်ဖန် ပြန်၍ အလ္လာဟ်အသျှင်မြတ်၏ အသိပညာတော်နှင့် တန်ခိုးတော်များအကြောင်းကိုပင် တင်ပြထားသည်။

هُوَ الَّذِىْ جَعَلَ لَكُمُ الْاَرْضَ ذَلُوْلًا

ذَلُوْل ၏ အဓိပ္ပာယ်မှာ 'အမိန့်နာခံခြင်း' ဟု ဖြစ်သည်။ **ذلول** သည် စီးနင်းခွင့်ပေးရန် ဆိုးသွမ်းမှု မပြုသော တိရစ္ဆာန်ကို ခေါ်ဆိုသည်။

مناكب သည် **منكب** ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ပခုံးကို ခေါ်ဆိုပေသည်။ မည်သည့် တိရစ္ဆာန်၏ ပခုံး၌ဖြစ်စေ၊ စီးနင်းရန် နေရာမရှိပေ။ သို့သာမက ၎င်း၏ ခါးနှင့် လည်ဂုတ်များရှိသည်ဖြစ်ရာ တိရစ္ဆာန်သည် စီးနင်းသူများအတွက် မိမိ၏ ပခုံးကို စီးနင်းခွင့်ပေးသည်ဖြစ်လျှင် ထိုတိရစ္ဆာန်သည် အလွန်ပင် အမိန့်နာခံသော တိရစ္ဆာန်ဖြစ်နိုင်ပေသည်။ ထို့ကြောင့် မိန့်ကြားတော်မူသည်မှာ မြေပထဝီကို အသင်တို့အတွက် ၎င်းမြေ၏ ပခုံးပေါ်တွင် အသင်တို့ တက်၍ လှည့်လည်သွားလာနိုင်စေရန် ငါအသျှင်မြတ်သည် အမိန့်နာခံသူအဖြစ်

ထိန်းချုပ်တော်မူထားသည်’ ဟု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မြေကြီးအား ရေကဲ့သို့ ပါးလွှာပြီး စီးတွေခြင်းအဖြစ်၌လည်းကောင်း၊ မှိုနှင့် ရွှံ့တို့ကဲ့သို့ နစ်ဝင်သွားစေသော အဖြစ်၌လည်းကောင်း ပြုတော်မမူဘဲ ခိုင်ခံ့သောအဖြစ်၌ ဤသို့သာ ဖြစ်မည်ဆိုလျှင် ထိုမြေကြီးအပေါ်၌ မည်သည့်လူသားမျှ နေထိုင်ရန် ဖြစ်နိုင်မည်မဟုတ်သောကြောင့်ပင်။ အလားတူ မြေကြီးကို သံများ၊ ကျောက်တုံး ကျောက်ခဲများကဲ့သို့ မာကျောသောအဖြစ်၌လည်း ပြုလုပ်ဖန်ဆင်းထားတော်မမူပေ။ အကယ်၍ ဤသို့သာဖြစ်လျှင် ၎င်းမြေကြီး အပေါ်၌ သစ်ပင်များနှင့် လယ်ယာများ ပေါက်ရောက်နိုင်မည်မဟုတ်ပေ။ ထိုမြေကြီးတွင် ရေတွင်းများ နှင့် ချောင်းမြောင်းများ တူးဖော်နိုင်မည် မဟုတ်ပေ။ မြေကြီးကို တူး၍ မြင့်မားသော အဆောက်အဦးများ ၏ အုတ်မြစ်များ ချနိုင်မည်မဟုတ်ပေ။ ထိုခိုင်ခံ့မှုနှင့်အတူ ၎င်းမြေကြီးပေါ်တွင် အဆောက်အဦးများ ရပ်တည် နိုင်ခြင်းနှင့် လှည့်လည်သွားလာရာ၌ အခက်အခဲမရှိစေရန် တည်ငြိမ်မှုကို ချီးမြှင့်တော်မူထားသည်။

وَكُلُوا مِنْ رِّزْقِهِ وَ اِلَيْهِ النُّشُوْرُ

ပထမဦးစွာ မြေကြီး၏ ဘက်ပေါင်းစုံ၌ လှည့်လည်သွားလာရန် မိန့်ကြားတော်မူထားသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်တော်မူသော ‘ရိဇ်ခ်’ စားနပ်ရိက္ခာကို စားသုံးကြလေကုန်ဟု မိန့်ကြားတော်မူ လိုက်သည်။ ဤနေရာတွင် ရောင်းဝယ်ဖောက်ကားရန် ခရီးသွားခြင်း၊ ထုတ်ကုန်သွင်းကုန် ပစ္စည်းများ တင်သွင်းခြင်းနှင့် ပို့ဆောင်ခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ‘ရိဇ်ခ်’စားနပ်ရိက္ခာ၏ တံခါးပေါက် ဖြစ်သည်။

اِلَيْهِ النُّشُوْرُ

တွင် ပြဆိုထားသည်မှာ စားသောက်ရန်နှင့် နေထိုင်ရန်အတွက် အကျိုးကျေးဇူးများကို မြေကြီးမှ ရယူခွင့် ရှိသည်။ သို့ရာတွင် သေခြင်းတရားနှင့် တမလွန်တို့ကို မေ့လျော့ခြင်းမပြုဘဲ ထိုအသျှင်မြတ်ဘက် သို့ ပြန်သွားကြရမည်ကို သတိရနေရမည်ဖြစ်သည်။ မြေကြီးပေါ်၌ နေထိုင်လျက် တမလွန်အတွက် ပြင်ဆင် မှုများကို ပြုလျက် ရှိနေရမည်။ ဤနေရာ၌မူ နောက်ဆုံးတွင် ‘ကေယာမသ်’နေ့၌ အလ္လာဟ်အသျှင်မြတ် ထံတော်သို့ လှည့်ပြန်ကြရမည့်အကြောင်းကို နှိုးဆော်ထားသည်။ ရှေ့၌ ကမ္ဘာမြေပထဝီ၌ နေရင်းထိုင်ရင်း မှာပင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ‘အဇားဗ်’အပြစ်ဒဏ်ကျရောက်နိုင်ကြောင်းကိုလည်း သတိပေးနှိုး ဆော်ခြင်း လာရှိသည်။

ءَ اَمِنْتُمْ مَّنْ فِى السَّمَآءِ اَنْ يَّخْسِفَ بِكُمُ الْاَرْضَ فَاِذَا هِىَ تَمُوْرُ

မိုးကောင်းကင်၌ရှိသော အသျှင်မြတ်သည် အသင်တို့အား မြေမျိုစေတော်မူမည်မဟုတ်ဟု စိုးရိမ် ကြောင့်ကြမှု ကင်းကြလေပြီလော။ ဤသို့ဖြစ်ချိန်တွင် ယင်းမြေပထဝီသည် ပြင်းထန်စွာ တုန်လှုပ်လျက် ရှိပေမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မြေပထဝီကို တူးဖော်ခြင်းမပြုဘဲ ၎င်းမြေအတွင်းသို့ ဆင်းသက် ဝင်ရောက်ခြင်း မပြုနိုင်အောင် အလယ်အလတ်ပုံသဏ္ဍာန်ဖြင့် ခိုင်ခံ့စေတော်မူထားသည်။ သို့ရာတွင် အလ္လာဟ်

အသျှင်မြတ်သည် မြေကြီးအား မိမိ၏ အပေါ်၌ နေထိုင်သူတို့အား ဝါးမျိုလိုက်ခြင်းကိုလည်း ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

ထို့ပြင် လောက၌ နေထိုင်သူတို့ကို အခြားနည်းတစ်မျိုးဖြင့် 'အဇာဗ်'အပြစ်ဒဏ်အား ကြောက်ရွံ့ကြရန် သတိပေးနှိုးဆော်ထားသည်မှာ အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါလျှင် အလ္လာဟ်အသျှင်မြတ်အား ဆန့်ကျင်ငြင်းပယ်သူတို့သည် ထိုအသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ခြင်းအပေါ် မကြောက်ရွံ့ဘဲ မရှိရလေအောင် အသင်တို့အပေါ်၌ ကျောက်ခဲမိုးများ ရွာချစေနိုင်သော အသျှင်မြတ် ဖြစ်တော်မူသည်။

ءَامِنتُم مَّن فِي السَّمَآءِ أَن يُرْسِلَ عَلَيْكُمْ حَاصِبًا فَسَتَعْلَمُونَ كَيْفَ نَذِيرِ

ဆိုလိုသည်မှာ 'သို့တည်းမဟုတ် အသင်တို့သည် မိုးကောင်းကင်၌ ရှိတော်မူသော အသျှင်မြတ်အား ထိုအသျှင်မြတ်သည် အသင်တို့အပေါ်၌ မိုးကောင်းကင်မှ ကျောက်ခဲမိုး ရွာသွန်းစေတော်မူမည်မဟုတ်ဟူ၍ စိုးရိမ်မှုကင်းကြလေပြီလော။ ဤသို့ဆိုလျှင် မကြာမြင့်မီပင် ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်မှုသည် မည်သို့ ရှိခဲ့သည်ကို သိရှိကြရပေမည်။'

သို့ရာတွင် ထိုအချိန်တွင်မှ သိရှိရခြင်းသည် အချည်းနှီးပင် ဖြစ်ပေမည်။ ယခုအခါတွင်မူ အသင်တို့သည် လုံခြုံအေးချမ်းစွာ ရှိနေကြသည်ဖြစ်ရာ ဤအချိန်၌ ထိုအပြစ်ဒဏ်ကို ကြောက်ရွံ့ကြလေကုန်။

ထို့နောက် လောက၌ပင် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်များ ကျရောက်ခြင်းခံရသော ရှေးအွမ္မသ်အုပ်စုတို့၏ ဖြစ်ရပ်များကို ညွှန်းဆိုမိန့်ကြားတော်မူထားသည်။ အလိုသဘောမှာ 'ငင်းတို့သည် အဖြစ်အပျက်များကို ကြည့်လျက် သတိသံဝေဂတရား ရယူကြကုန်'ဟု ဖြစ်သည်။

وَلَقَدْ كَذَّبَ الَّذِينَ مِن قَبْلِهِمْ فَكَيْفَ كَانَ نَكِيرِ

သည် ဤသည့် အလိုသဘောပင် ဖြစ်သည်။ ထို့နောက်တစ်ဖန် 'အဖန်ဆင်းခံများ၏ အခြေအနေများ၊ အဖြစ်အပျက်များအားဖြင့် အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဟီးဒ်' (တစ်ပါးတည်းတည်ရှိတော်မူကြောင်း) နှင့် အသိပညာ တန်ခိုးတော်များအကြောင်း အထောက်အထားပြဆို မိန့်ကြားထားသည်။ လူသား၏ အသက်ရှင်ခြင်း၊ မိုးကောင်းကင်များ တည်ရှိနေခြင်း၊ ကြယ်တာရာများနှင့် မြေပထဝီ စသည်တို့၏ အခြေအနေ အဖြစ်အပျက်များအကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ ရှေ့တွင် မိုးကောင်းကင်၏ လေဟာပြင်၌ လှည့်လည်ပျံသန်းလျက်ရှိသော ငှက်သတ္တဝါများအကြောင်း တင်ပြထားသည်။

اولم يروا الى الطير الاية

ဆိုလိုသည်မှာ 'ထိုသူတို့သည် မိမိတို့၏ ခေါင်းပေါ် (အထက်ဝယ်) ပျံသန်းနေကြသော ငှက်သတ္တဝါများကို မတွေ့မြင်ကြလေသလော။ ထိုငှက်တို့သည် တစ်ခါတစ်ရံ မိမိတို့၏ အတောင်များကို ဖြန့်လိုက်

ကြသည်။ တစ်ခါတစ်ရံ ရုပ်သိမ်းလိုက်ကြသည်။ ထိုငှက်သတ္တဝါများနှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင်ကြလေကုန်။ ၎င်းတို့သည် လေးလံသော ခန္ဓာကိုယ်များ ရှိကြသည်။ ဖြစ်နေကျ သဘာဝအရ လေးလံသော ခန္ဓာကိုယ်အား အထက်သို့ ပစ်လိုက်မည်သာ ဖြစ်သည်။ လေသည် ၎င်းအား ထိန်းသိမ်းထားနိုင်စွမ်းရှိမည် မဟုတ်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်စုံကုံလုံသော တန်ခိုးတော်ဖြင့် ထိုငှက်သတ္တဝါများကို လေပေါ်၌ ရပ်တန့်နိုင်စွမ်းကိုလည်းကောင်း၊ လေပေါ်တွင် မိမိတို့၏ လေးလံသော ခန္ဓာကိုယ်ကို ထား၍ ကူးခတ်ပျံသန်း၍ လှည့်လည်နိုင်သော စွမ်းအားကိုလည်းကောင်း၊ အပေါ်ယံအားဖြင့် ကြည့်လျှင် အသိဉာဏ်မရှိသော သတ္တဝါအား မိမိတို့၏ အတောင်များကို ဖြန့်၍လည်းကောင်း၊ ရုပ်သိမ်း၍လည်းကောင်း၊ ပြုလုပ်ခြင်းဖြင့် လေကို အသုံးပြုနိုင်သော စွမ်းအားကိုလည်းကောင်း ချီးမြှင့်ထားတော်မူသည်။

လေပေါ်တွင် ဤအရည်အချင်းကို ပြုလုပ်နိုင်ခြင်း၊ ငှက်တို့၏ အတောင်ပံများကို ဤသို့ ပြုနိုင်ခြင်းအပေါ်၌ ပြုလုပ်ထားခြင်းအပြင် ၎င်းတို့သည် မိမိတို့၏ အတောင်ပံများဖြင့် လေကို ထိန်းချုပ်အသုံးပြုနိုင်သော နည်းလမ်းများကို သင်ကြားပေးခြင်း အားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော တန်ခိုးတော်များအရသာ ဖြစ်ပေသည်။ ဤအထိတိုင်မှာ ဖြစ်ပေါ်တည်ရှိနေသော အရာများနှင့် ကွဲပြားခြားနားသော အမျိုးအစားများ၏ ဖြစ်မှု၊ ပျက်မှု အခြေအနေများကို စဉ်းစားဆင်ခြင်လျက် အလ္လာဟ်အသျှင်မြတ်တည်ရှိနေတော်မူကြောင်း၊ တစ်ပါးတည်းသာ ရှိတော်မူကြောင်းနှင့် တုနှိုင်းမဲ့သော အသိပညာနှင့် တန်ခိုးတော်တို့နှင့် ပြည့်စုံကုံလုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်းတို့အတွက် အထောက်အထားများကို စုစည်းတင်ပြထားတော်မူသည်။ ၎င်းတို့အနက်မှ အနည်းငယ်မျှပင် စဉ်းစားဆင်ခြင်သူအဖို့ အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်းမှအပ အခြားမရှိနိုင်ပေ။

ရှေ့တွင် စူရာဟ်အဆုံးထိမှာ ကာဖိရ်များ၊ ငြင်းပယ်သူများနှင့် မကောင်းမှု ကျူးလွန်သူများအဖို့ အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်ဖြင့် သတိပေးနှိုးဆော်ထားသည်။ ဦးစွာပထမ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် မျိုးနွယ်အုပ်စုတစ်ခုအပေါ် 'အဇာဗ်' ပြစ်ဒဏ် ပို့ချတော်မူလိုသည်ဖြစ်လျှင် လောက၏ မည်သည့်အင်အားကမျှ ထိုအသျှင်မြတ်အား တားဆီးနိုင်မည်မဟုတ်ပေ။ အသင်တို့၏ စစ်တပ်နှင့် အသင်တို့၏ ဗိုလ်ပါတို့သည် ထိုအသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်ဘေးမှ အသင်တို့အား ကယ်တင်နိုင်ကြမည်မဟုတ်ကြောင်း သတိပေးနှိုးဆော်ထားတော်မူသည်။

اَمَّنۡ هٰذَا الَّذِىۡ هُوَ جُنۡدٌ لَّكُمۡ يَنۡصُرُكُمۡ مِّنۡ دُوۡنِ الرَّحۡمٰنِ‌ ؕ اِنِ الۡكٰفِرُوۡنَ اِلَّا فِىۡ غُرُوۡرٍ

ထို့နောက် အလ္လာဟ်အသျှင်မြတ်ထံတော်မှ "ရိဇ်ဇ်"စားနပ်ရိက္ခာကို မိုးကောင်းကင်မှ မိုးရွာသွန်းခြင်းမှလည်းကောင်း၊ မြေကြီးမှ သစ်ပင်များ ပေါက်ရောက်ခြင်းတို့မှလည်းကောင်း အသင်တို့ ရရှိနေကြသည်။ ဤသည်မှာ အသင်တို့၏ ပင်ကိုယ်အစွမ်းသတ္တိများအရ မဟုတ်သည့်အပြင် အလ္လာဟ်အသျှင်မြတ်၏ ပေးကမ်းချီးမြှင့်တော်မူခြင်းသာ ဖြစ်သည်။ ထိုအသျှင်မြတ်သည် မိမိပေးကမ်းချီးမြှင့်တော်မူခြင်းသာ ဖြစ်သည်။ ထိုအသျှင်မြတ်သည် မိမိပေးကမ်းချီးမြှင့်တော်မူထားသည်တို့ကို ပြန်လည်ရုပ်သိမ်းခြင်းလည်း ပြုနိုင်တော်မူပေသည်။

أَمَّنْ هَٰذَا الَّذِي يَرْزُقُكُمْ إِنْ أَمْسَكَ رِزْقَهُ

၏ ဆိုလိုရင်းမှာ ဤအတိုင်းပင် ဖြစ်သည်။ ရှေ့တွင် အသျှင်မြတ်၏ တန်ခိုးတော်၏ လက္ခဏာတော်များကို မိမိတို့ကိုယ်တိုင်လည်း စဉ်းစားဆင်ခြင်မှုမပြုကြ၊ သင်ကြားပို့ချသူတို့၏ ပြောဆို ဆုံးမသည့် စကားများကိုလည်း နားထောင်လိုက်နာခြင်း မပြုကြသော ကာဖိရ်တို့၏ အခြေအနေများမှာ ဝမ်းနည်းဖွယ် ရာပင် ဖြစ်သည်။

بَلْ لَّجُّوا فِي عُتُوٍّ وَّنُفُورٍ

သို့သာမက ၎င်းတို့သည် ဆိုးသွမ်းမှု၌လည်းကောင်း၊ အမှန်တရား၏ အဝေး၌ တိုးသွားခြင်းကို လည်းကောင်း ပြုမြဲပြုနေကြပေသည်။

ရှေ့၌ 'ကေယာမသ်'နေ့၏ ကွင်းပြင်တွင် ကာဖိရ်နှင့် မုအ်မင်န်တို့၏ အခြေအနေများကို ဖော်ပြထားသည်မှာ 'ကေယာမသ်'၏ ကွင်းပြင်တွင် ကာဖိရ်တို့သည် ခြေထောက်များဖြင့် လျှောက်လှမ်းရမည့်အစား ဦးခေါင်းဇောက်ထိုးသွားကြပေလိမ့်မည်။ ဆွဟီးဟ်ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းများတွင် ဟဇရသ်အနတ်စ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ 'ဆွဟာဗာတို့က ကာဖိရ်တို့သည် ဦးခေါင်းဇောက်ထိုး မည်ကဲ့သို့ လျှောက်လှမ်းကြမည်နည်း'ဟု မေးမြန်းလျှောက်ထားကြသည့်အခါ တမန်တော်မြတ် ﷺ က '၎င်းတို့အား ခြေထောက်များဖြင့် လျှောက်လှမ်းစေတော်မူသော ဇာတိတော်အသျှင်မြတ်သည် ၎င်းတို့အား မျက်နှာများ၊ ဦးခေါင်းများဖြင့် လျှောက်လှမ်းစေတော်မူရန် စွမ်းဆောင်နိုင်တော်မူခြင်း မရှိပါသလား'ဟု မေးမြန်းမိန့်ကြားတော်မူလေသည်။

أَفَمَنْ يَمْشِي مُكِبًّا عَلَىٰ وَجْهِهِ أَهْدَىٰ أَمَّنْ يَمْشِي سَوِيًّا عَلَىٰ صِرَاطٍ مُسْتَقِيمٍ

ဆိုလိုသည်မှာ 'မိမိ၏ မျက်နှာပြင် ဇောက်ထိုးလှမ်းလျှောက်သူသည် ပို၍ လမ်းမှန်ရရှိသူ ဖြစ်ပါသလား။ (သို့) ဖြောင့်မှန်တည့်မတ်စွာ လှမ်းလျှောက်သူသည် ပို၍ လမ်းမှန်ရရှိသူ ဖြစ်ပါသလား'ဟု ဖြစ်သည်။ ဖြောင့်မှန်တည့်မတ်စွာ လှမ်းလျှောက်သူဟူသည်မှာ မုအ်မင်န်ကို ဆိုလိုသည်။ အဘယ်ကြောင့် ဆိုသော် လမ်းမှန်ရရှိပြီးသူမှာ ၎င်းသာလျှင် ဖြစ်နိုင်သည်။ ရှေ့တွင် လူသား၏ ဖန်ဆင်းမှုတွင် အလ္လာဟ် အသျှင်မြတ်၏ တန်ခိုးတော်နှင့် အမြော်အမြင်အချို့ကို တင်ပြထားသည်။

قُلْ هُوَ الَّذِي أَنْشَأَكُمْ وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْئِدَةَ قَلِيلًا مَا تَشْكُرُونَ

ဆိုလိုသည်မှာ 'အို, နဗီတမန်တော်၊ အသင်သည် ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည်ပင် အသင်တို့အား နား၊ မျက်လုံးများနှင့် စိတ်နှလုံးတို့ကို ပြုပေးတော်မူသည်။ သို့ရာတွင် အသင်တို့သည် အလွန်နည်းပါးစွာ ကျေးဇူးသိတတ်ကြကုန်၏။'

နား၊ မျက်စိနှင့် စိတ်နှလုံးတို့၏ ထူးခြားချက်

ဤနေရာတွင် လူသား၏ အစိတ်အပိုင်းများအနက် အသိတရားနှင့် နားလည်ခြင်းတို့အပေါ် မူတည်သော ထိုအစိတ်အပိုင်း (၃) မျိုးကိုသာ တင်ပြထားသည်။ အတွေးအခေါ် ပညာရှင်တို့က အသိတရားနှင့် နားလည်ခြင်းတို့ကို အာရုံငါးပါးဟူသော အရာ (၅) ခုကို တင်ပြထားသည်။ 'နားထောင်ခြင်း၊ ကြည့်ရှုခြင်း၊ ရှူရှိုက်ခြင်း၊ မြည်းစားခြင်း၊ ထိကိုင်စေခြင်းတို့ ဖြစ်သည်။ ရှူရှိုက်ခြင်းအတွက် နှာခေါင်း၊ မြည်းစားခြင်းအတွက် လျှာ၊ ထိကိုင်ခြင်း၏ အင်အားအတွက် အလ္လာဟ်အသျှင်မြတ်သည် ခန္ဓာကိုယ်တစ်ခုလုံး၌ ထည့်သွင်းပေးထားတော်မူသည်။ နားထောင်ခြင်းအတွက် နားနှင့် ကြည့်ရှုခြင်းအတွက် မျက်စိများကို ဖန်ဆင်းတော်မူထားသည်။ ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်သည် ထိုအရာ (၅) မျိုးအနက်မှ နားနှင့် မျက်စိနှစ်မျိုးကိုသာ တင်ပြတော်မူထားသည်။ အကြောင်းမှာ ရှူရှိုက်ခြင်း၊ မြည်းစားခြင်းနှင့် ထိကိုင်ခြင်းတို့ဖြင့် အလွန်နည်းပါးသော အရာများကိုသာ လူသားအနေဖြင့် သိရှိရသည်။ လူသား၏ အသိပညာများ၏ အဓိကမူတည်ခြင်းသည် နားထောင်ခြင်းနှင့် ကြည့်ရှုခြင်းတို့၌သာ ဖြစ်သည်။ ထိုအရာနှစ်ခုတွင်လည်း နားထောင်ခြင်းကို ဦးစားပေး၍ ရှေ့မှ တင်ပြထားသည်။ အလေးအနက်ထား၍ စဉ်းစားကြည့်မည်ဆိုလျှင် 'လူသားအဖို့ ဤမျှ သက်တမ်းတွင် သိရှိခဲ့ရသော အသိပညာ ဗဟုသုတများအနက် ကြား၍ သိရသော အသိများသည် မြင်၍ သိရသော အသိများထက် အဆပေါင်းများစွာ သာပိုပေသည်။ ထို့ကြောင့် ဤနေရာတွင် အာရုံငါးပါးအနက်မှ လူသားကို အများဆုံး အသိပညာနှင့် ဗဟုသုတများစွာ ရရှိစေသော ဤနှစ်မျိုးအပေါ်၌သာ ခြုံငုံ၍ တင်ပြတော်မူထားသည်။ ထို့နောက် တတိယအဆင့်အဖြစ် စိတ်နှလုံးသားကို ပြဆိုထားသည်မှာ ယင်းစိတ်နှလုံးသားသည်ပင် အဓိကအရင်းအမြစ်နှင့် အသိပညာတို့၏ ဗဟိုဌာနချုပ် ဖြစ်သည်။ နားများဖြင့် ကြားရသော အရာများနှင့် မျက်စိဖြင့် မြင်တွေ့ရသည်တို့၏ အသိတရားသည်လည်း စိတ်နှလုံးအပေါ်၌ မူတည်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များစွာတို့သည် နှလုံးသားကို အသိတရားများ၏ ဗဟိုဌာနချုပ်အဖြစ် သတ်မှတ်ထားသည်မှာ သက်သေဖြစ်သည်။ အတွေးအခေါ်ပညာရှင်တို့၏ အဆိုနှင့်ကား ဆန့်ကျင်ပေသည်။ ၎င်းတို့သည် ဦးနှောက်ကို အသိပညာတို့၏ ဗဟိုဌာနချုပ် အဖြစ် လက်ခံကြသည်။

ထို့နောက်တစ်ဖန် ကာဖိရ်နှင့် ငြင်းပယ်သူများကို သတိပေးနှိုးဆော်ခြင်းနှင့် 'အဇားဗ်'အပြစ်ဒဏ်များ ရှိကြောင်း နှိုးဆော်ချက်များကို တင်ပြထားသည်။ စူရာဟ်၏ အဆုံးတွင် 'ကမ္ဘာမြေပထဝီပေါ်၌ နေထိုင် ကြသူတို့၊ ထို့ပြင် မြေကို တူး၍ ရေတွင်းတူးဖော်ကြသူတို့နှင့် ထိုမြေအတွင်းမှ ထွက်သော ရေကို မိမိတို့ သောက်သုံးရန် တိုက်ကျွေးရန်အပြင် သစ်ပင်များ စိုက်ပျိုးခြင်းအလုပ်၌ သုံးစွဲသူအပေါင်းတို့၊ ဤအရာအားလုံးတို့သည် အသင်တို့၏ ပင်ကိုယ်စွမ်းအားဖြင့် ရရှိခြင်းမဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ ပေးသနားတော်မူခြင်းဖြင့်သာ ရရှိခြင်းဖြစ်သည်ကို မေ့လျော့ခြင်း မရှိကြလေနှင့်။ ထိုအသျှင်မြတ်သည်

မိုးရွာသွန်းစေတော်မူခဲ့သည်။ ထို့နောက် ထိုမိုးရေကို ရေခဲအဖြစ် ခဲသွားစေပြီး တောင်ကုန်းများအပေါ်တွင် ထည့်ပေးတော်မူသည်။ ထိုရေသည် နံစော်ခြင်း၊ ပျက်စီးသွားခြင်း မရှိဘဲ အသျှင်မြတ်၏ ထိန်းသိမ်းမှု၌ ရှိသည်။ တစ်ဖန် ထိုရေခဲကို တဖြည်းဖြည်း အရည်ဖျော်၍ တောင်ကြောများမှ မြေကြီးအတွင်းသို့ သက်ဆင်းစေတော်မူခဲ့သည်။ မည်သည့်ပိုက်လိုင်းမျှ မရှိဘဲလျက် မြေကြီးအတွင်း၌ ထိုရေများ ရောက်ရှိသွားသည်မှာ လိုအပ်သည့် နေရာကို တူး၍ ရေထုတ်ယူနိုင်သည်။ သို့ရာတွင် ဤရေကို မြေကြီး၏ အပေါ်ဆုံးယံ၌သာ အလ္လာဟ်အသျှင်မြတ်က ထားရှိတော်မူသည့်အတွက် ၄င်းရေကို ပေအနည်းငယ် (သို့) ကိုက်အနည်းငယ်မျှ တူးဖော်၍ ထုတ်ယူနိုင်သည်။ ဤသည်မှာ ဖန်ဆင်းတော်မူသော၊ စိုးပိုင်တော်မူသော အသျှင်မြတ်၏ ချီးမြှင့်မှုပင်ဖြစ်သည်။ အကယ်၍ ထိုအသျှင်မြတ်က အလိုရှိတော်မူပါလျှင် ထိုရေကို အသင်တို့ ထုတ်ယူ၍ မရနိုင်လောက်အောင် မြေကြီး၏ အောက်ဆုံးထပ်၌လည်း ထားတော်မူနိုင်သော အသျှင်မြတ် ဖြစ်တော်မူပေသည်။

قُلْ اَرَاَ يْتُمْ اِنْ اَصْبَحَ مَآءُ كُمْ غَوْرًا فَمَنْ يَّاْتِيكُمْ بِمَآءٍ مَّعِينٍ

(အို၊ နဗီတမန်တော်၊ အသင်သည် ၄င်းတို့အား ဤသို့ ပြောကြားပါလေ။ ‘ရေတွင်းများမှ လွယ်လင့်တကူ ထုတ်ယူ၍ သောက်သုံးနေကြသော ရေသည် အကယ်၍ မြေကြီး၏ နက်ရှိုင်းသော အောက်သို့ သက်ဆင်းသွားခဲ့ပါလျှင် ထိုစီးတွေသော ရေကို ရရှိစေရန် အသင်တို့အတွက် မည်သည့်အင်အားရှင် ရှိပါသနည်းဆိုသည်ကို စဉ်းစားကြလေကုန်’ ဟု ဖြစ်သည်။

ဟဒီးစ်တော်၌ လာရှိသည်မှာ လူသားသည် ဤအာယသ်တော်ကို ဖတ်ရွတ်သည့်အခါ

اَللهُ رَبُّ الْعٰلَمِيْنَ

‘လောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်သည်သာ ဤရေကို ပြန်လည် ရရှိစေနိုင်တော်မူသည်။ ကျွန်တော်မျိုးတို့တွင် မည်သည့်စွမ်းအားမျှ မရှိပါ’ ဟု ဆိုရမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ကလမ်

မင်ကာကျ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

نٓ وَالْقَلَمِ وَمَا يَسْطُرُوْنَ ۝١

၆၈ : ၁ ။ ။ နူးန်' (ငါအသျှင်မြတ်) သည် 'ကလောင်'ကိုလည်းကောင်း၊ ထို (ကောင်းကင်တမန်များ) ရေးမှတ်ကြသည်တို့ကိုလည်းကောင်း သက်သေထူတော်မူ၏။

مَآ اَنْتَ بِنِعْمَةِ رَبِّكَ بِمَجْنُوْنٍ ۝٢

၆၈ : ၂ ။ ။ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် ရူးသွပ်သောသူ မဟုတ်ပေ။

وَاِنَّ لَكَ لَاَجْرًا غَيْرَ مَمْنُوْنٍ ۝٣

၆၈ : ၃ ။ ။ ၎င်းပြင် ဧကန်စင်စစ် အသင့်အဖို့ မကုန်ဆုံးနိုင်သော အကျိုးကျေးဇူးသည် ရှိ၏။

وَاِنَّكَ لَعَلٰى خُلُقٍ عَظِيْمٍ ۝٤

၆၈ : ၄ ။ ။ ထို့ပြင် ဧကန်မလွဲ မုချဧကန် အသင်သည် ထူးကဲမြင့်မြတ်လှစွာသော သဘောသကန် အကျင့်စာရိတ္တပေါ်၌ ရှိနေ၏။

فَسَتُبْصِرُ وَيُبْصِرُوْنَ ۝٥

၆၈ : ၅ ။ ။ သို့ဖြစ်ပေရာ မကြာမီပင် အသင်သည်လည်း မြင်တွေ့ရပေမည်။ ၎င်းတို့သည်လည်း မြင်ကြရပေမည်။

بِاَيِّيكُمُ الْمَفْتُوْنُ ۝٦

၆၈ : ၆ ။ ။ အသင်တို့အနက် မည်သူ၌ ရူးသွပ်ခြင်းဝေဒနာ ရှိနေသည်ကို။

إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِۦ وَهُوَ أَعْلَمُ بِٱلْمُهْتَدِينَ ٧

၆၈ : ၇ ။ ။ ကေန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်ပင် ထိုအသျှင်မြတ်၏ လမ်းတော်မှ ချွတ်ချော်တိမ်းပါးသွားခဲ့သော သူအား အသိတော်မူဆုံးပင် ဖြစ်တော်မူ၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည်ပင်လျှင် တရားလမ်းမှန်ကို ရရှိကြသော သူတို့အား အသိတော်မူဆုံးပင် ဖြစ်တော်မူပေသည်။

فَلَا تُطِعِ ٱلْمُكَذِّبِينَ ٨

၆၈ : ၈ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သော သူတို့၏ စကားကို နားမထောင်ပါလေနှင့်။

وَدُّوا۟ لَوْ تُدْهِنُ فَيُدْهِنُونَ ٩

၆၈ : ၉ ။ ။ ၎င်းတို့သည် အကယ်၍ အသင် အလျှော့ပေးလိုက်လျှော့ပါလျှင်၊ ၎င်းတို့သည်လည်း အလျှော့ပေးလိုက်လျှော့လိုကြ၏။

وَلَا تُطِعْ كُلَّ حَلَّافٍ مَّهِينٍ ١٠

၆၈ : ၁၀ ။ ။ ထို့ပြင် အသင်သည် မည်သည့် လွန်စွာ (မုသား) ကျိန်တွယ်သောသူ၏ စကားကိုမျှ နားမထောင်ပါလေနှင့်။ အကြင်သူသည် ဂုဏ်ရည်သေးသိမ်သူ။

هَمَّازٍ مَّشَّآءٍۭ بِنَمِيمٍ ١١

၆၈ : ၁၁ ။ ။ လွန်စွာ စောင်းချိတ်ကဲ့ရဲ့သူ၊ လွန်စွာ ကုန်းချောသူ။

مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ أَثِيمٍ ١٢

၆၈ : ၁၂ ။ ။ ကောင်းမှုကို လွန်စွာ တားမြစ်သူ၊ စည်းကမ်းကျူးလွန်သူ၊ လွန်စွာ အပြစ်ကျူးလွန်သူ။

عُتُلٍّۭ بَعْدَ ذَٰلِكَ زَنِيمٍ ١٣

၆၈ : ၁၃ ။ ။ လွန်စွာ ကြမ်းကြုတ် အနှောင့်အယှက်ပြုသူ၊ ထို့ပြင် မျိုးရိုးမစစ်သောသူ ဖြစ်၏။

أَن كَانَ ذَا مَالٍ وَبَنِينَ ١٤

၆၈ : ၁၄ ။ ။ ထိုသူသည် ပစ္စည်းရှင်၊ သားသမီးရှင် ဖြစ်သောကြောင့် [ဂုဏ်မောက်၍ ဝှံကြွားလေ့ ရှိ၏။ ယင်းကဲ့သို့ ကိုယ်ကျင့်တရား၊ ပျက်ပြားနေသော ကာဖိရ်များ၏ စကားကို မေ့မှား၍ နားမထောင်ရန် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ်အား သတိပေးထားတော်မူ၏။)

إِذَا تُتْلَىٰ عَلَيْهِ آيَاتُنَا قَالَ أَسَاطِيرُ الْأَوَّلِينَ ١٥

၆၈ : ၁၅ ။ ။ ၎င်း၏ ရှေ့ဝယ် ငါအသျှင်မြတ်၏ အာယသ်တော်များ ဖတ်ကြားခြင်း ခံရသောအခါ၊ ၎င်းက (ဤသည်တို့မှာ) 'ရှေးသူဟောင်းတို့၏ ယုံတမ်းစကားများ ဖြစ်သည်' ဟု ပြောဆို၏။

سَنَسِمُهُ عَلَى الْخُرْطُومِ ١٦

၆၈ : ၁၆ ။ ။ မကြာမီပင် ငါအသျှင်မြတ်သည် ၎င်း၏ နှာခေါင်းပေါ်ဝယ် တံဆိပ်ခတ်နှိပ်တော်မူပေမည်။

إِنَّا بَلَوْنَاهُمْ كَمَا بَلَوْنَا أَصْحَابَ الْجَنَّةِ إِذْ أَقْسَمُوا لَيَصْرِمُنَّهَا مُصْبِحِينَ ١٧

၆၈ : ၁၇ ။ ။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် ဥယျာဉ်ရှင်များအား စမ်းသပ်တော်မူဘိသကဲ့သို့ပင်၊ ၎င်းတို့အား စမ်းသပ်တော်မူခဲ့၏။ တစ်ရံရောအခါဝယ် ထိုဥယျာဉ်ရှင်တို့က 'ဧကန်မလွဲ ၎င်းတို့သည် နံနက်စောစော သွားကြလျက် ယင်းဥယျာဉ်၏ အသီးများကို ဆွတ်ခူးကြမည်' ဟု ကျိန်ဆိုခဲ့ကြကုန်၏။'

وَلَا يَسْتَثْنُونَ ١٨

၆၈ : ၁၈ ။ ။ သို့ရာတွင် ၎င်းတို့သည် (ယင်းသို့ ကျိန်ဆိုရာ၌) 'အင်န်ရှာအလ္လာဟ်' အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူပါလျှင်' ဟူ၍ ခြွင်းချက်ထားရှိခြင်း မပြုခဲ့ကြပေ။

فَطَافَ عَلَيْهَا طَائِفٌ مِّن رَّبِّكَ وَهُمْ نَائِمُونَ ١٩

၆၈ : ၁၉ ။ ။ သို့ဖြစ်ပေရာ ၎င်းတို့ အိပ်ပျော်နေကြစဉ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်မှ လှည့်ပတ်သောအရာ (တစ်နည်း) မီးဘေးသည် ယင်းဥယျာဉ်ပေါ်ဝယ် လှည့်ပတ်ခဲ့လေ၏။

فَأَصْبَحَتْ كَالصَّرِيمِ ٢٠

၆၈ : ၂၀ ။ ။ သို့ဖြစ်ပေရာ နံနက်အချိန်တွင် ယင်းဥယျာဉ်မှာ ဆွတ်ခူးရိတ်ဖြတ်ပြီးသကဲ့သို့ပင် ဖြစ်သွားခဲ့လေ၏။

فَتَنَادَوْا مُصْبِحِينَ ٢١

၆၈ : ၂၁ ။ ။ ထို့နောက် ၎င်းတို့သည် နံနက်စောစော ထကြလျက် တစ်ဦးက တစ်ဦးအား ဟစ်ခေါ်ခဲ့ကြ၏။

أَنِ اغْدُوا عَلَىٰ حَرْثِكُمْ إِن كُنتُمْ صَارِمِينَ ٢٢

၆၈ : ၂၂ ။ ။ 'အသင်တို့သည် အကယ်၍ အသီးများကို ဆွတ်ခူးလိုကြပါက မိမိတို့၏ လယ်ယာဥယျာဉ်သို့ စောစော သွားကြလေကုန်။'

فَانْطَلَقُوْا وَهُمْ يَتَخَافَتُوْنَ ﴿٢٣﴾

၆၈ : ၂၃ ။ ။ ထို့နောက် ၎င်းတို့သည် မိမိတို့အချင်းချင်း တီးတိုးစကား ပြောဆိုလျက် ထွက်ခွာခဲ့ကြကုန်၏။

اَنْ لَّا يَدْخُلَنَّهَا الْيَوْمَ عَلَيْكُمْ مِّسْكِيْنٌ ﴿٢٤﴾

၆၈ : ၂၄ ။ ။ 'အသင်တို့ထံ ယင်းဥယျာဉ်တွင် ယနေ့ သူဆင်းရဲတစ်ဦးတစ်ယောက်မျှပင် ဝင်ရောက်ခြင်း မရှိရ' ဟူ၍။

وَّغَدَوْا عَلٰى حَرْدٍ قٰدِرِيْنَ ﴿٢٥﴾

၆၈ : ၂၅ ။ ။ ထို့ပြင် ၎င်းတို့သည် (မိမိတို့ကိုယ်ကို မိမိတို့) မပေးဘဲ နေနိုင်စွမ်းရှိကြမည်ဟု ထင်မှတ်လျက်၊ စောစော သွားရောက်ခဲ့ကြလေ၏။

فَلَمَّا رَاَوْهَا قَالُوْۤا اِنَّا لَضَآلُّوْنَ ﴿٢٦﴾

၆၈ : ၂၆ ။ ။ သို့ရာတွင် ၎င်းတို့သည် ယင်းဥယျာဉ်ကို မြင်တွေ့ကြလေသောအခါ (ဤသို့) ပြောဆိုကြလေ၏။ 'ကေန်စင်စစ် (ဤသည် ကျွန်ုပ်တို့၏ ဥယျာဉ်မဟုတ်နိုင်။) ကျွန်ုပ်တို့သည် လမ်းမှားခဲ့ကြလေပြီ။' (ဟု ထင်မှတ်နေခဲ့ကြ၏)

بَلْ نَحْنُ مَحْرُوْمُوْنَ ﴿٢٧﴾

၆၈ : ၂၇ ။ ။ 'ထိုသို့ (လမ်းမှားခဲ့ခြင်း) အလျဉ်းမဟုတ်။ စင်စစ်မှာ ကျွန်ုပ်တို့သည် အကြောင်းမလှသူများ၊ လက်မဲ့ဖြစ်စေခြင်း ခံကြရသူများ ဖြစ်ကြရလေပြီ။'

قَالَ اَوْسَطُهُمْ اَلَمْ اَقُلْ لَّكُمْ لَوْلَا تُسَبِّحُوْنَ ﴿٢٨﴾

၆၈ : ၂၈ ။ ။ '၎င်းတို့အနက် အလယ်အလတ် အကောင်းဆုံးဖြစ်သူက ကျွန်ုပ်၊ အသင်တို့အား (စောစောကပင် သတိပေးစကား ပြောကြားခဲ့သည် မဟုတ်လော။ (သို့ဖြစ်ပေရာ ယခု) အသင်တို့သည် မည်သည့်အတွက်ကြောင့် (အလ္လာဟ် အသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဆိုခြင်း မပြုကြပါသနည်း' ဟု ပြောဆိုခဲ့လေ၏။

قَالُوْا سُبْحٰنَ رَبِّنَاۤ اِنَّا كُنَّا ظٰلِمِيْنَ ﴿٢٩﴾

၆၈ : ၂၉ ။ ။ (ထိုအခါ) ၎င်းတို့က 'ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ဧကန်မလွဲ ကျွန်တော်မျိုးတို့သည်သာလျှင် မတရားသောသူများ ဖြစ်ကြပါသည်' ဟု မြွက်ဆိုခဲ့ကြကုန်၏။

فَاَقْبَلَ بَعْضُهُمْ عَلٰى بَعْضٍ يَّتَلَاوَمُوْنَ ﴿٣٠﴾

၆၈ : ၃၀ ။ ။ ထို့နောက် ၎င်းတို့သည် မိမိတို့အချင်းချင်း တစ်ဦးကို တစ်ဦးအား ပြစ်တင်ကဲ့ရဲ့ရှုတ်ချလျက် တစ်ဦးဘက်သို့ တစ်ဦး လှည့်ခဲ့လေ၏။

قَالُوۡا يٰوَيۡلَنَاۤ اِنَّا كُنَّا طٰغِيۡنَ ۝٣١

၆၈ : ၃၁ ॥ ॥ (ထို့နောက်) ၎င်းတို့ (အားလုံး) သည် (ဤသို့) ပြောဆိုခဲ့ကြကုန်၏။ 'သြော်- ကျွန်ုပ်တို့ ဖြစ်ရလေခြင်း၊ ကေန်အမှန် ကျွန်ုပ်တို့သည်ပင် ဆိုးသွမ်းသူများ ဖြစ်ခဲ့ကြကုန်၏။'

عَسٰى رَبُّنَاۤ اَنۡ يُّبۡدِلَـنَا خَيۡرًا مِّنۡهَاۤ اِنَّاۤ اِلٰى رَبِّنَا رٰغِبُوۡنَ ۝٣٢

၆၈ : ၃၂ ॥ ॥ 'ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကျွန်ုပ်တို့အား ယင်းဥယျာဉ်ထက် ကောင်းမြတ်သော ဥယျာဉ်ကို လဲလှယ်အစားပေးတော်မူတန်ရာ၏။ ကေန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအသျှင်မြတ်ဘက်သို့ ပြန်လှည့်သူများ ဖြစ်ကြကုန်၏။'

كَذٰلِكَ الۡعَذَابُ ؕ وَلَعَذَابُ الۡاٰخِرَةِ اَكۡبَرُ ۘ لَوۡ كَانُوۡا يَعۡلَمُوۡنَ ۝٣٣

၆၈ : ၃၃ ॥ ॥ ပြစ်ဒဏ်မှာ ထိုနည်းအတိုင်း ဖြစ်လေ့ဖြစ်ထ ရှိ၏။ 'အာခိရသ်' တမလွန်ဘဝ၏ ပြစ်ဒဏ်မှာမူ ပိုမို၍ပင် ကြီးလေးလှ၏။ (ဤသည်ကို) ၎င်းတို့ သိရှိကြပါလျှင် ကောင်းလေစွ။

اِنَّ لِلۡمُتَّقِيۡنَ عِنۡدَ رَبِّهِمۡ جَنّٰتِ النَّعِيۡمِ ۝٣٤

၆၈ : ၃၄ ॥ ॥ ကေန်အမှန် 'မွတ်သကီ' သူတော်ကောင်းတို့အဖို့ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်တွင် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော ဥယျာဉ်များ ရှိကြလေ၏။

اَفَنَجۡعَلُ الۡمُسۡلِمِيۡنَ كَالۡمُجۡرِمِيۡنَ ۝٣٥

၆၈ : ၃၅ ॥ ॥ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် မွတ်စ္စလင်မ်အမိန့်နာခံသော သူတို့အား အမိန့်ကို ဖီဆန်သော သူတို့ကဲ့သို့ ပြုလုပ်တော်မူရပါမည်လော။

مَا لَكُمۡ ࣞ كَيۡفَ تَحۡكُمُوۡنَ ۝٣٦

၆၈ : ၃၆ ॥ ॥ အသင်တို့၌ မည်သို့သော အကြောင်းရှိသနည်း။ အသင်တို့သည် မည်သို့ စီရင်ဆုံးဖြတ်ကြသနည်း။

اَمۡ لَكُمۡ كِتٰبٌ فِيۡهِ تَدۡرُسُوۡنَ ۝٣٧

၆၈ : ၃၇ ॥ ॥ အသင်တို့၌ တရားကျမ်းဂန်တစ်စောင် ရှိနေ၍ အသင်တို့သည် ယင်းကျမ်းဂန်၌ ဖတ်ရှုသင်ကြားကြလေသလော။

اِنَّ لَـكُمۡ فِيۡهِ لَمَا تَخَيَّرُوۡنَ ۝٣٨

၆၈ : ၃၈ ॥ ॥ ယင်းတရားကျမ်းဂန်၌ အသင်တို့ နှစ်သက်ကြသော အရာ လာရှိသလော။

أَمْ لَكُمْ أَيْمَانٌ عَلَيْنَا بَالِغَةٌ إِلَىٰ يَوْمِ الْقِيَامَةِ ۙ إِنَّ لَكُمْ لَمَا تَحْكُمُونَ ﴿٣٩﴾

၆၈ : ၃၉ ။ ။ သို့တည်းမဟုတ် အသင်တို့အဖို့ ငါအသျှင်မြတ်အပေါ်၌ 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တိုင်အောင် တည်ရှိအံ့သော 'ကေန်စင်စစ် အသင်တို့အဖို့ အသင်တို့ စီရင်ဆုံးဖြတ်သည့်အတိုင်း ဖြစ်ရမည်ဟူ၍ လေးနက်ခိုင်မာစွာ ကျိန်ဆို၍ ပြုလုပ်ထားသော ကတိသစ္စာ ခံဝန်ချက်များ ရှိလေသလော။'

سَلْهُمْ أَيُّهُم بِذَٰلِكَ زَعِيمٌ ﴿٤٠﴾

၆၈ : ၄၀ ။ ။ (အို, နဗီတမန်တော်) အသင်သည် ၎င်းတို့အား ၎င်းတို့အနက် ယင်းသည့် ခံဝန်ချက်နှင့် စပ်လျဉ်း၍ တာဝန်ယူ အာမခံသောသူသည် မည်သူနည်းဟု မေးမြန်းပါလေ။

أَمْ لَهُمْ شُرَكَاءُ فَلْيَأْتُوا بِشُرَكَائِهِمْ إِن كَانُوا صَادِقِينَ ﴿٤١﴾

၆၈ : ၄၁ ။ ။ သို့တည်းမဟုတ် ၎င်းတို့ထံတွင် (၎င်းတို့ ဖန်တီးထားသော) တွဲဖက်နိုင်းယှဉ်ဘက်များ ရှိကြလေသလော။ သို့ရှိလျှင် ၎င်းတို့သည် သစ္စာဝါဒီများ ဖြစ်ကြပါမူ၊ ထိုတွဲဖက်နိုင်းယှဉ်ဘက်တို့အား ခေါ်ဆောင်လာကြရာကုန်သည်။

يَوْمَ يُكْشَفُ عَن سَاقٍ وَيُدْعَوْنَ إِلَى السُّجُودِ فَلَا يَسْتَطِيعُونَ ﴿٤٢﴾

၆၈ : ၄၂ ။ ။ အကြင်နေ့ (ကို ပြန်လည်သတိပြုကြလေကုန်။) ထိုနေ့တွင် ခြေသလုံး ဖွင့်လှစ်ခြင်း ခံရပေမည်။ ထို့ပြင် ၎င်းတို့သည် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချရန် ဆင့်ခေါ်ခြင်းကို ခံကြရပေမည်။ သို့တစေလည်း ၎င်း (မုနာဖစ်က်) တို့မှာမူ (စဂျ်ဒဟ်) ပြုစွမ်းနိုင်ကြမည် မဟုတ်ပြီ။ [ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းများ၌ 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ခြေသလုံးကို လှစ်၍ ပြသတော်မူမည်ဟု လာရှိသည်။]

خَاشِعَةً أَبْصَارُهُمْ تَرْهَقُهُمْ ذِلَّةٌ ۖ وَقَدْ كَانُوا يُدْعَوْنَ إِلَى السُّجُودِ وَهُمْ سَالِمُونَ ﴿٤٣﴾

၆၈ : ၄၃ ။ ။ ထိုသူတို့၏ မျက်စိများသည် အောက်သို့ စိုက်လျက် ရှိပေမည်။ ဂုဏ်ရည်သိမ်ဖျင်းမှုသည် ထိုသူတို့အား ဖုံးလွှမ်းလျက် ရှိပေမည်။ စင်စစ် ၎င်းတို့သည် ပကတိကျန်းမာစွာ ရှိနေကြစဉ်အခါ၌ 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချရန် ဖိတ်ခေါ်ခြင်းကို ခံခဲ့ကြရကုန်၏။

فَذَرْنِي وَمَن يُكَذِّبُ بِهَٰذَا الْحَدِيثِ ۖ سَنَسْتَدْرِجُهُم مِّنْ حَيْثُ لَا يَعْلَمُونَ ﴿٤٤﴾

၆၈ : ၄၄ ။ ။ သို့ဖြစ်ပေရာ (အို, နဗီတမန်တော်) အသင်သည် ဤသည့် အာယသ်တော်ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူတို့အား ငါအသျှင်မြတ်နှင့်ပင် လွှတ်ထားပါလေ။ အမှန်ပင် ငါအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ မသိကြသော နည်းဖြင့်၊ နေရာမှ တစ်ဖြည်းဖြည်း ဆွဲချတော်မူပေမည်။

وَأُمْلِي لَهُمْ ۚ إِنَّ كَيْدِي مَتِينٌ ﴿٤٥﴾

၆၈ : ၄၅ ။ ။ သို့ရာတွင် ငါအသျှင်မြတ်သည် ၎င်းတို့အား ရွှေ့ဆိုင်းခွင့် ပေးတော်မူ၏။ ဧကန်မလွဲ ငါအသျှင်မြတ်၏ အကြံအစည်သည် လွန်စွာ ခိုင်မြဲလှ၏။

أَمْ تَسْأَلُهُمْ أَجْرًا فَهُم مِّن مَّغْرَمٍ مُّثْقَلُونَ ﴿٤٦﴾

၆၈ : ၄၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့ထံ အကျိုးကျေးဇူး တစ်စုံတစ်ရာကို တောင်းဆိုသဖြင့် ၎င်းတို့သည် ဒဏ်ငွေဆောင်မှုကြောင့် ဖိစီးခြင်း ခံနေကြရလေသလော။

أَمْ عِندَهُمُ الْغَيْبُ فَهُمْ يَكْتُبُونَ ﴿٤٧﴾

၆၈ : ၄၇ ။ ။ သို့တည်းမဟုတ် ၎င်းတို့ထံတွင် အကွယ်၌ ရှိသည်တို့ကို (သိစွမ်းနိုင်သောအသိပညာ) ရှိနေသဖြင့်၊ ၎င်းတို့သည် ရေးမှတ်ယူကြလေသလော။

فَاصْبِرْ لِحُكْمِ رَبِّكَ وَلَا تَكُن كَصَاحِبِ الْحُوتِ إِذْ نَادَىٰ وَهُوَ مَكْظُومٌ ﴿٤٨﴾

၆၈ : ၄၈ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် မိမိအသျှင်မြတ်၏ စီရင်ပြဌာန်းချက်ကို စောင့်စားသောအားဖြင့် သည်းခံ၍ နေပါလေ။ ၎င်းပြင် အသင်သည် ငါးရှင် (တမန်တော်ယူနုတ်စ်) ကဲ့သို့ မဖြစ်ပါလေနှင့်။ တစ်ရံရောအခါဝယ် ထိုငါးရှင်သည် ဒုက္ခကို ကြိတ်မှိတ်ခံစားလျက် ရှိနေစဉ် မိမိ၏ အသျှင်မြတ်အား ဟစ်ခေါ် (တမ်းတ) ခဲ့လေ၏။

لَّوْلَا أَن تَدَارَكَهُ نِعْمَةٌ مِّن رَّبِّهِ لَنُبِذَ بِالْعَرَاءِ وَهُوَ مَذْمُومٌ ﴿٤٩﴾

၆၈ : ၄၉ ။ ။ အကယ်၍သာလျှင် ထိုငါးရှင်အား ၎င်း၏ အသျှင်မြတ်ထံတော်မှ ကျေးဇူးတော်သည် သက်ရောက်ခဲ့သည် မရှိပါမူ၊ အမှန်ပင် ထိုငါးရှင်မှာ အခြေမလှဖြစ်လျက် သစ်ပင်၊ ဝါးပင်၊ အိုးအိမ် စသည့် (လုံးဝ) မရှိသော လွင်ပြင်ဝယ် ပစ်ထားခြင်းကို ခံခဲ့ရမည်သာ (ဖြစ်၏။)

فَاجْتَبَاهُ رَبُّهُ فَجَعَلَهُ مِنَ الصَّالِحِينَ ﴿٥٠﴾

၆၈ : ၅၀ ။ ။ သို့တစေလည်း ထိုငါးရှင်အား ၎င်း၏ အသျှင်မြတ်သည် ရွေးချယ်မြှောက်စားတော်မူပြီးလျှင်၊ သူတော်ကောင်းတို့တွင် ပါဝင်စေတော်မူခဲ့၏။

وَإِن يَكَادُ الَّذِينَ كَفَرُوا لَيُزْلِقُونَكَ بِأَبْصَارِهِمْ لَمَّا سَمِعُوا الذِّكْرَ وَيَقُولُونَ إِنَّهُ لَمَجْنُونٌ ﴿٥١﴾

၆၈ : ၅၁ ။ ။ စင်စစ် ဧကန်မလွဲ ကာဖိရ်သွေဖည်ငြင်းပယ်သူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ကြသောအခါ၊ ၎င်းတို့၏ မျက်စိများဖြင့် အသင့်အား ချွတ်ချော် (တိမ်းယိမ်း) စေအံ့ဆဲဆဲ ဖြစ်ကြလေ၏။ ထို့ပြင် ၎င်းတို့က 'ဧကန်အမှန် ဤသူသည် ရူးသွပ်နေသည်' ဟု ပြောဆိုကြကုန်၏။

وَمَا هُوَ إِلَّا ذِكْرٌ لِّلْعَٰلَمِينَ ﴿٥٢﴾

၆၈ : ၅၂ ။ ။ စင်စစ် ယင်းကုရ်အာန်ကျမ်းတော်မြတ်မှာ စကြဝဠာခပ်သိမ်းတို့အဖို့ အဆုံးအမတရားတော်မှအပ အခြား မဟုတ်ပြီ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'နူးန်' (၎င်း၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာ သိတော်မူသည်။) ငါအသျှင်မြတ်သည် ကလောင်ကိုလည်းကောင်း၊ (၎င်းကလောင်ဖြင့် ဖန်ဆင်းခံတို့၏ 'သက္ကဒီးရ်'ကို 'လောင်ဟေမဟ်ဖူးဇ်' တွင် ရေးသားသည်။) ထို (ဖရစ်ရှ်သာဟ်များ) ရေးသားထားသည်တို့ကိုလည်းကောင်း သက်သေထူ ကစမ်ကျိန်ဆိုတော်မူသည်။ (ထိုဖရစ်ရှ်သာဟ်များမှာ 'အအ်မာလ်'ကျင့်စဉ်များကို ရေးသားကြရသည့် ဖရစ်ရှ်သာဟ်များဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က قلم နှင့် مايسطرون ၏ သဖ်စီးရ်ကို ဤအတိုင်းပင် ဖွင့်ဆိုထားသည်။)

ရှေ့တွင် 'ကစမ်'ကျိန်ဆိုမှု၏ ဖြေကြားချက်လာရှိသည်။ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် ရူးသွပ်သူမဟုတ်ပေ။ ('နဗူဝသ်'ကို ငြင်းဆိုသူတို့၏ အဆို အတိုင်းဖြစ်သည်။ ဆိုလိုသည်မှာ အသင်သည် မှန်ကန်သော နဗီတမန်တော် ဖြစ်သည်။ ဤ 'ကစမ်'ကျိန်ဆို မှုများသည် ဤတောင်းဆိုမှုအတွက် အလွန် သင့်လျော်မှု ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါ 'သက္ကဒီးရ်'သတ်မှတ်ချက်များတွင် ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ခြင်းလည်း ပါဝင်သည်။ သို့ဖြစ် ပေရာ ဤအာယသ်တော်တွင် ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်'သည် အလ္လာဟ်အသျှင်မြတ်၏ အသိ ရွှေဉာဏ်တော်၌ အစကနဦးမှပင် အခိုင်အမာ အတည်ဖြစ်ပြီးဖြစ်သည်။ သို့ဖြစ်ပေရာ ဤအတည်ဖြစ်ခြင်း သည် ယုံကြည်ဖွယ်ရာ ဖြစ်သည်။ 'အအ်မာလ်' ကျင့်စဉ်များကို ရေးသားသည့် ဖရစ်ရှ်သာဟ်တို့သည် လမ်းမှန်သူများနှင့် လမ်းမှားသူတို့၏ 'အအ်မာလ်'ကျင့်စဉ်များကို ရေးသားလျက် ရှိကြသည်။ သို့ဖြစ်ပေရာ 'နဗူဝသ်'ကို ငြင်းပယ်သူများမှာ အပြစ်ဒဏ်ခံရပေမည်။ ထိုအပြစ်ဒဏ်မှ ကြောက်ရွံ့လျက် အီမာန်သက်ဝင် ယုံကြည်ရန် 'ဝါဂျိဗ်'ဖြစ်သည်။)

၎င်းပြင် ဧကန်စင်စစ် အသင့်အဖို့ (ဤအမိန့်တော်များ ပို့ချခြင်းအပေါ် မည်သည့်အခါမျှ) မကုန်ဆုံး နိုင်သော အကျိုးကျေးဇူးများ (ရရှိရန်) ရှိသည်။ (ဤနေရာတွင် ငြင်းပယ်သူများအဖို့ အပြစ်ဒဏ်ရှိသော 'နဗူဝသ်'၏ သတ်မှတ်ချက်ဖြစ်သည်။ 'နဗူဝသ်'၏ သတ်မှတ်ချက်နှင့်အတူ 'အသင်သည် အခိုက်အတန့် သည်းခံစောင့်ဆိုင်းပါလေ။ အသင့်အဖို့ ကြီးမားသော အကျိုးကျေးဇူး ရရှိရန် ရှိသည်'ဟု နှစ်သိမ့်စကား လည်း ပါဝင်ပေသည်။)

ထို့ပြင် မလွဲဧကန် အသင်သည် ထူးကဲမြင့်မြတ်လှစွာသော အကျင့်စာရိတ္တအပေါ်၌ ရှိနေ၏။ (ကိုယ်တော်မြတ် ﷺ ၏ လုပ်ရပ်တိုင်းသည် အလယ်အလတ်နှင့် အသျှင်မြတ်၏ နှစ်သက်မှုနှင့် အနီးကပ်ဆုံး

အမြင့်မားဆုံး ဖြစ်ပေသည်။ ရှုးသွပ်သူတို့တွင် ပြည့်ဝသော အကျင့်စာရိတ္တသည် အဘယ်မှာလျှင် ရှိနိုင်အံ့နည်း။ ဤသည်မှာလည်း ဖော်ပြပါ မကောင်းပြောဆိုမှုနှင့် စွပ်စွဲမှုများအား ပြန်လည်ချေပခြင်း ဖြစ်သည်။ ရှေ့တွင် ဤကဲ့သို့သော အချည်းနှီး ပြောဆိုသော စကားများအပေါ် နှစ်သိမ့်ခြင်း လာရှိထားသည်။)

သို့ဖြစ်ပေရာ (ဤအတွက် မည်သို့မျှ သောကမဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော်) မကြာမြင့်မီပင် အသင်သည်လည်း မြင်တွေ့ရပေမည်။ ၎င်းတို့လည်း မြင်တွေ့ကြရပေမည်။ (ရှုးသွပ်ခြင်း၏ အခြေခံဇစ်မြစ်မှာ အသိတရားပျက်စီးသွားခြင်း ဖြစ်သည်။ ဦးနှောက်အသိဉာဏ်၏ ရည်ရွယ်ချက် အကျိုးအမြတ်ရှိခြင်းနှင့် အကျိုးယုတ်ဆုံးရှုံးခြင်းတို့ ဖြစ်သည်။ အကျိုးယုတ်ခြင်းဆိုသည်မှာ အမြဲထာဝရ ဆုံးရှုံးနစ်နာခြင်းတို့ကို ဆိုလိုသည်။ သို့ဖြစ်ပေရာ 'ကေယာမသ်'နေ့တွင် ဦးနှောက်အသိဉာဏ်ရှိသူဆိုခြင်းမှာ လမ်းမှန်ရရှိသူဖြစ်၍ ၎င်းတို့သည် ယင်းဦးနှောက်၏ အသိတရားဖြင့် အကျိုးအမြတ်ကို ရှာဖွေရယူသူများ ဖြစ်ပြီး ရှုးသွပ်သူဟု ဆိုခြင်းမှာ ထိုအကျိုးအမြတ်ကို ရယူခြင်းအတွက် နဖူးစာကင်းမဲ့၍ အမြဲထာဝရ နစ်နာဆုံးရှုံးမှု၌ နစ်မွန်းနေကြရမည်မှာ မိမိတို့ကိုယ်တိုင်ပင်ဖြစ်ကြောင်း သိရှိသွားကြပေမည်။ သို့ဖြစ်ပေရာ) ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ထိုအသျှင်မြတ်၏ လမ်းမှ ချွတ်ချော်တိမ်းပါးသွားသူအား အသိဆုံး ဖြစ်တော်မူ၏။ ထိုနည်းတူ ထိုအသျှင်မြတ်သည်ပင်လျှင် တရားလမ်း (မှန်) ကို ရရှိသော သူတို့အားလည်း အသိဆုံးဖြစ်တော်မူသည်။

(ထို့ကြောင့် လူတိုင်းလူတိုင်းကို ၎င်းတို့နှင့် သင့်လျော်သော အကျိုးကျေးဇူးနှင့် အပြစ်များကို ပေးတော်မူမည်။ ဤအကျိုးကျေးဇူးနှင့် အပြစ်ဒဏ်များသည် သင့်လျော်မှုရှိကြောင်းကို ဤကာဖိရ်တို့လည်း ထိုအချိန်တွင် သိနားလည်သွားကြပေမည်။ အသိတရားရှိသူသည် မည်သူဖြစ်သည်။ ရှုးသွပ်သူသည် မည်သူဖြစ်သည်ဟူသော အခြေအမြစ်ကို ၎င်းတို့ သိရှိသွားကြပေမည်။ ရှေ့တွင် အသင်သည် မှန်ကန်သော နဗီတမန်တော်ဖြစ်သည့်အခါ ၎င်းတို့သည် လမ်းမှားသူများ ဖြစ်ကြသည်ဟူ၍ ကာဖိရ်တို့အား ရှုတ်ချခြင်းများ လာရှိသည်မှာ) သို့ဖြစ်ပေရာ အသင်သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူတို့၏ စကားကို နားမထောင်လေနှင့်။

(ယခုထိတိုင် နားထောင်ခြင်းမရှိသကဲ့သို့ နောင်တွင်လည်း နားမထောင်ရန် ဖြစ်သည်။ ၎င်းတို့၏ စကားများအကြောင်း ရှေ့၌ တင်ပြထားသည်မှာ) အကယ်၍ အသင်သည် ('နအူးဇုဗိလ္လာဟ်' မိမိ၏ 'သဗ်လီးဂ်' ပို့ချမှုတာဝန်တွင် အနည်းငယ်) လျော့ပေါ့မှု (အလျှော့ပေးခြင်း) ပြုပါလျှင် ၎င်းတို့သည်လည်း လျော့ပေါ့မှု (အလျှော့ပေးမှု) ပြုလိုကြ၏။ (အသင်၏ လိုက်လျောမှုဆိုသည်မှာ ၎င်းတို့၏ ရုပ်တုကိုးကွယ်ခြင်းအပေါ် ရှုတ်ချမှု မပြုခြင်းကို ဆိုလိုပြီး ၎င်းတို့၏ လိုက်လျောမှုဆိုသည်မှာ အသင့်အား ရန်လိုတိုက်ခိုက်ခြင်း မပြုကြသည်ကို ဆိုလိုသည်။ ဒူရာဟ်ကာဖိရှုန်၏ သဖ်စီးရ်တွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်သည် ဤအလိုသဘောကိုပင် ဖွင့်ဆိုခဲ့သည်။ *[ဒူရ်ရေမန်ဆူးရ်ကျမ်း]*

ထို့ပြင် အသင်သည် (အထူးသဖြင့်) အလွန်ကျိန်ဆိုသူတစ်ဦးတစ်ယောက်၏ စကားကိုမျှ နားမထောင်လေနှင့်။ (ဆိုလိုသည်မှာ မုသားကျိန်ဆိုသူဟု ဖြစ်သည်။ ဖြစ်လေ့ဖြစ်ထရှိသော ဓလေ့အရ လွန်စွာ မုသား

ပြောဆိုတတ်သူသည် 'ကစမ်'ကျိန်ဆိုမှုကို များစွာ ပြုလေ့ရှိကြသည်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင်လည်းကောင်း၊ အဖန်ဆင်းခံတို့ထံတွင်လည်းကောင်း မိမိ၏ မကောင်းသော လုပ်ရပ်များကြောင့် ဤသို့ ကျိန်ဆိုခြင်းဖြစ်သည်။) ၄င်းသူသည် ဂုဏ်ရည်သေးသိမ်သူ ဖြစ်သည်။ (စိတ်ကို ဒုက္ခရောက်စေရန် ပြုသူ ဖြစ်သည်။)

လွန်စွာ စောင်းချိတ်ကဲ့ရဲ့သူ၊ လွန်စွာ ကုန်းချောမှုကို ပြုနေသူဖြစ်သည်။ ကောင်းမှုကို လွန်စွာ တားမြစ်သူ၊ အတိုင်းအတာကို ကျော်လွန်၍ စည်းကမ်းကျူးလွန်သူနှင့် ပြစ်မှု (ကျူးလွန်မှု) ကို ပြုလုပ်သူ ဖြစ်သည်။ လွန်စွာ ကြမ်းတမ်းခက်ထန်သူ၊ (ထို့ပြင်) အမည်ပျက် (လည်း) ရှိသူ ဖြစ်၏။ ('ဇေနာ'ဖြင့် မွေးဖွားခဲ့သူကို ဆိုလိုသည်။ ၄င်း၏ လုပ်ရပ်ဖြင့် အကျင့်စရိုက်များမှာ ညစ်ညမ်းသူဖြစ်သည်။ များသောအားဖြင့် 'ဇေနာ'ဖြင့် မွေးသူ၏ စာရိတ္တနှင့် လုပ်ရပ်များမှာ ကောင်းသည်ဟူ၍ မရှိပေ။ ထို့ကြောင့် သွယ်ဝိုက်သောအနေဖြင့် ဤအလိုသဘောကို သုံးနှုန်းခြင်းဖြစ်သည်။

အချုပ်မှာ ဦးစွာပထမ ငြင်းပယ်သူတို့ကိုသာ လုံးဝဥဿုံ ဦးတည်၍လည်းကောင်း၊ တစ်ဖန် ထိုငြင်းပယ်သူတို့တွင် ဤဖော်ပြပါ ပြစ်ချက်များ၏ အကျင့်စရိုက်များ ရှိခြင်းကိုလည်းကောင်း တင်ပြခြင်းဖြစ်သည်။ အသင့်အား ငြင်းပယ်သူတို့အနက် အချို့သော အကြီးအကဲ ခေါင်းဆောင်တို့မှာ ဤအတိုင်းပင်ဖြစ်သည်။ ထို့ပြင် ၄င်းတို့သည် ဤတင်ပြချက်တွင် ပါဝင်ရုံမျှမက စတင်ပြုလုပ်သူများ ဖြစ်ကြသည်။ အချုပ်မှာ အသင်သည် ဤကဲ့သို့သော သူ၏ ပြောဆိုမှုကို နားမထောင်ရပေ။ ဤသည်မှာလည်း ထိုသူသည်) ပစ္စည်းရှင်နှင့် သားသမီးရှင် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

(ဆိုလိုသည်မှာ လောကီရေးသိက္ခာရှိသူ ဖြစ်သည်။ ဤကဲ့သို့သောသူ၏ လိုက်နာမှုကို မပြုရန် တားမြစ်ရခြင်းမှာ ထိုသူ၏ အကျင့်ဓလေ့သည်) ၄င်း၏ရှေ့၌ ငါအသျှင်မြတ်၏ အာယသ်တော်များ ဖတ်ကြားခြင်းခံရသောအခါ ၄င်းက 'ဤသည်တို့သည် ရှေးသူဟောင်းတို့မှ ဆင့်ပွားလာခဲ့သော ယုံတမ်းစကားများ ဖြစ်သည်' ဟု ပြောဆိုလေသည်။

(အာယသ်တော်များအား မဟုတ်မမှန်ဟု စွပ်စွဲ၍ ငြင်းပယ်ခြင်းကို ဆိုလိုသည်။ အချုပ်မှာ ၄င်းတို့၏ အမိန့်နာခံခြင်းကို တားမြစ်ရသည့် အဓိက အကြောင်းခံမှာ ၄င်းတို့၏ ငြင်းပယ်မှုကြောင့်ပင် ဖြစ်သည်။ ဤအတွက်ကြောင့် ဦးစွာပထမ

لاتطع المكذّبين

ဟု မိန့်ကြားခြင်းဖြစ်သည်။ တစ်ဖန် ခြုံငုံ၍ မိန့်ကြားပြီးနောက် သီးသန့်အနေဖြင့် ထိုငြင်းပယ်သူများအနက်မှ ငြင်းပယ်မှုအပြင် မကောင်းသော အကျင့်စရိုက်များ ရှိကြသူတို့၏ စကားကို နားမထောင်ရန် တားမြစ်ခဲ့သည်။ ဤသည့် အကျင့်စရိုက်ဆိုးများ ရှိသူတို့၏ စကားကို နားထောင်ခြင်းမှ တားမြစ်မှုသည် မဟုတ်မမှန်ဟု စွပ်စွဲ၍ ငြင်းပယ်သူတို့၏ စကားကို နားထောင်ခြင်းထက် ပို၍ ပြင်းထန်လေးနက်မှု ရှိပေမည်။ သို့ရာတွင် အဓိကအကြောင်းခံမှာ ထိုမဟုတ်မမှန်ဟု စွပ်စွဲ၍ ငြင်းပယ်ခြင်းသာလျှင် ဖြစ်ပေမည်။

ရှေ့တွင် ဤသို့သော သူ၏ အပြစ်ဒဏ်အကြောင်း တင်ပြသည်မှာ) မကြာမီပင် ငါအသျှင်မြတ်သည် ၎င်း၏ နှာခေါင်းပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူပေမည်။

('ကေယာမသ်'နေ့တွင် ၎င်း၏ မျက်နှာနှင့် နှာခေါင်းတို့အပေါ်တွင် ၎င်း၏ ကုဖ္ဖရ်သွေဖည်ငြင်းပယ်မှုကြောင့် သေးသိမ်မှုနှင့် မှတ်မိသိရှိစေရန် အမှတ်အသားတစ်ခုကို ထည့်ပေးတော်မူပေမည်။ ထိုအမှတ်အသားကြောင့် ၎င်းမှာ လွန်စွာ သေးသိမ်မှု ဖြစ်ပေမည်။ 'မရ်ဖူးအ်'ဟဒီးစ်တော်တွင် ဒွရ်ရေမန်ဆူးရ်ကျမ်း၌ တင်ပြထားသည့်အတိုင်း လာရှိထားသည်။ ရှေ့၌ မက္ကာဟ်သားတို့အား ဖြစ်ရပ်တစ်ခုကို တင်ပြလျက် ၎င်းတို့အား ဘေးဒုက္ခမှ ကင်းလွတ်မှုရှိစေရန် သတိပေးနှိုးဆော်ချက် လာရှိသည်။)

စေကန်စင်စစ် ငါအသျှင်မြတ်သည် (ထိုမက္ကာဟ်သားတို့အား စည်းစိမ်ဥစ္စာများအပေါ် မာနထောင်လွှားခဲ့ကြသည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည်) ၎င်းတို့အား စမ်းသပ်တော်မူခဲ့သည်။ (ဤကျေးဇူးတော်များအပေါ် ကျေးဇူးသိလျက် အီမာန်သက်ဝင်ယုံကြည်ကြမည်လော။ (သို့) ကျေးဇူးမသိ၊ တန်ဖိုးမထားဘဲ ငြင်းပယ်မှု၊ ကျေးဇူးကန်းမှုကို ပြုကြမည်လောဟူသည်ကို ကြည့်ရန် ဖြစ်သည်။) ငါအသျှင်မြတ်သည် (၎င်းတို့၏အလျင်က) ဥယျာဉ်ရှင်များအား (စည်းစိမ်ဥစ္စာများပေး၍) စမ်းသပ်တော်မူခဲ့သကဲ့သို့ ၎င်းတို့အား စမ်းသပ်တော်မူခဲ့သည်။ (ဤဥယျာဉ်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ အဆိုအရ 'ဟဗ်ရှာဟ်' နိုင်ငံတွင် ဖြစ်ပြီး ဟဇရသ်စအီးဒ်ဗင်န်ဂျုဗိုင်ရ် ﷺ ၏ အဆိုအရ ယမန်နိုင်ငံတွင် ဖြစ်သည်။ ဤသည်မှာ ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် လာရှိသည့်အတိုင်း ဖြစ်သည်။ ဤဖြစ်ရပ်သည် မက္ကာဟ်သားတို့အတွင်း ကျော်ကြားသော ဖြစ်ရပ်တစ်ခုဖြစ်သည်။ ဤဥယျာဉ်ရှင်တို့၏ ဖြစ်ရပ်မှာ ၎င်းတို့၏ ဖခင်သည် ဤဥယျာဉ်မှ ထွက်သည်တို့အနက် ကြီးမားများပြားသော အပုံတစ်ပုံကို ဆင်းရဲသားများအား ဝေငှပေးခြင်း ပြုလေ့ရှိခဲ့သည်။ ထိုဖခင်ကြီး ကွယ်လွန်သေဆုံးသွားကြသောအခါ ၎င်းတို့က 'ကျွန်ုပ်တို့၏ ဖခင်သည် အလွန်ပင် အသိဉာဏ်နည်းသူ ဖြစ်သည်။ ဤမျှ များပြားစွာတို့ကို ဆင်းရဲသားများအား ပေးကမ်းခဲ့သည်။ အကယ်၍ ထိုဆင်းရဲသားများအား ပေးခဲ့သည့် အရာအားလုံး ပိုင်ဆိုင်ခဲ့မည်ဆိုလျှင် အဘယ်မျှ များပြားစွာ ချောင်လည်မှုရှိလိမ့်မည်နည်း'ဟု ပြောဆိုခဲ့ကြသည်။ သို့ဖြစ်ပေရာ ဤအာယသ်တော်များတွင် ၎င်းတို့၏ ကျန်ရှိသော ဖြစ်ရပ်အကြောင်း တင်ပြထားသည်။ ဆိုလိုသည်မှာ ဤဖြစ်ရပ်သည် နောင်တွင် ဖြစ်ပေါ်လာသည်မှာ) ၎င်းတို့သည် (၎င်းတို့အနက် အများစု (သို့မဟုတ်) အချို့သူတို့သည်

قَالَ اَوْسَطُهُمْ

ဟူသော အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အရ) နံနက်စောစောထ၍ ထိုဥယျာဉ်မှ အသီးများကို မုချ ဆွတ်ခူးကြမည်ဟု အချင်းချင်း ကျိန်ဆိုခဲ့ကြသည်။

သို့ရာတွင် ၎င်းတို့သည် ဤသို့ ကျိန်ဆိုရာ၌ 'အင်န်ရှာအလ္လာဟ်' ဟူ၍ပင် မဆိုခဲ့ကြပေ။ သို့ဖြစ်ပေရာ ဤဥယျာဉ်အပေါ်၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်တော်မှ လှည့်ပတ်သော အရာ ('အဇားဗ်'အပြစ်ဒဏ်) သည် ၎င်းတို့အိပ်နေကြစဉ် လှည့်ပတ်ခဲ့လေသည်။ (ထို 'အဇားဗ်' ပြစ်ဒဏ်

မှာ မီးတစ်မျိုးဖြစ်သည်။ အိဗ်နေဂျူရိုင်းဂျ်၏ ဆင့်ပြန်ချက်သည် ဒွရ်မေန်ဆူးရ်ကျမ်းတွင် လာရှိသည့်အတိုင်း ဖြစ်သည်။ ထိုမီးတစ်မျိုးဆိုသည်မှာ မီးစစ်ဖြစ်စေ၊ သို့တည်းမဟုတ် လေနီကြမ်းကဲ့သို့ လေတွင် မီးရောနှော နေခြင်းဖြစ်စေ မီးတစ်မျိုးပင် ဖြစ်သည်။)

သို့ဖြစ်ပေရာ နံနက်အချိန်တွင် ယင်းဥယျာဉ်မှာ ဆွတ်ခူးရိတ်ဖြတ်ပြီးသကဲ့သို့ ဖြစ်သွားခဲ့လေသည်။ (မြေကွက်လပ်သာ ကျန်ရှိခဲ့တော့သည်။ အချို့နေရာများမှာ ပြတ်တောက်၍ လောင်ကျွမ်းထားသည်။ သို့ရာတွင် ၄င်းတို့သည် ဤသို့ မီးလောင်သွားခြင်းကို စိုးစဉ်းမျှပင် မသိလိုက်ကြပေ။) သို့ဖြစ်ပေရာ ၄င်းတို့သည် နံနက်အချိန်တွင် (အိပ်ရာမှ နိုးထသောအခါ) တစ်ဦးကိုတစ်ဦးက ဟစ်ခေါ်ခဲ့ကြသည်။

အသင်တို့သည် အကယ်၍ အသီးများကို ဆွတ်ခူးရန်ဖြစ်ပါက မိမိတို့၏ လယ်ယာဥယျာဉ်သို့ စောစီးစွာ သွားကြလေကုန်။ (လယ်ယာဆိုသည်မှာ သွယ်ဝိုက်သောနည်းဖြင့် ပြောဆိုခြင်းသော်လည်းကောင်း၊ (သို့) ဤဥယျာဉ်တွင် စပျစ်ပင် စသည်တို့ကဲ့သို့ ပင်စည်မရှိသော အပင်များရှိခြင်းကြောင့်လည်းကောင်း၊ (သို့မဟုတ်) ထိုဥယျာဉ်နှင့် ဆက်၍ လယ်ယာများ ရှိခြင်းကြောင့်လည်းကောင်း ဖြစ်ပေမည်။)

ထို့နောက် ၄င်းတို့သည် မိမိတို့အချင်းချင်း တီးတိုးစကားများ ပြောဆိုလျက် ထွက်ခွာခဲ့ကြသည်။ အသင်တို့ထံ ဤဥယျာဉ်တွင် ယနေ့ သူဆင်းရဲတစ်ဦးတစ်ယောက်မျှပင် ဝင်ရောက်ခြင်းမရှိစေရဟု ဖြစ်သည်။ ထို့နောက် (မိမိတို့၏ အတွေးများဖြင့်) မပေးဘဲ နေနိုင်ကြမည်ဟု ထင်မှတ်လျက် သွားခဲ့ကြသည်။

(ထိုဥယျာဉ်ရှိရာသို့ ရောက်ရှိကြပြီးနောက်) ၄င်းတို့သည် ယင်းဥယျာဉ်ကို (ဤအဖြစ်အပျက်အတိုင်း) မြင်တွေ့ကြရလေသောအခါ (ဤသို့) ပြောဆိုကြလေသည်။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် လမ်းမှားခဲ့ကြလေပြီ။ ကျွန်ုပ်တို့သည် မည်သည့်နေရာသို့ ထွက်လာမိခဲ့ကြသနည်း။ အကြောင်းမှာ ဤနေရာ၌မူ ဥယျာဉ်ဟူ၍ တစ်စုံတစ်ခုမျှ မရှိသောကြောင့်ပင် ဖြစ်သည်။ သို့သော်လည်း နေရာအနေအထားနှင့် နယ်နိမိတ်ကို ကြည့်၍ ဤနေရာသည် ဥယျာဉ်၏ နေရာပင် ဖြစ်ကြောင်း ယုံကြည်ခဲ့ကြသည်။ ထိုအခါတွင်မှ ကျွန်ုပ်တို့ သည် လမ်းမှားခြင်းမဟုတ်ပါဟု ပြောဆိုကြလေသည်။)

ထိုမျှသာမက (နေရာမှာမူ ဥယျာဉ်၏ နေရာပင် ဖြစ်သည်။ သို့သော်) ကျွန်ုပ်တို့သည် အကြောင်း မလှသူများ၊ လက်မဲ့ဖြစ်စေခြင်း ခံရသူများ ဖြစ်ကြရလေပြီ။

(ဥယျာဉ်သည် ဤအခြေအနေသို့ ရောက်ရှိသွားလေပြီ။) ၄င်းတို့အနက် (အတိုင်းအတာတစ်ခုအထိ) အကောင်းဆုံးဖြစ်သူက ကျွန်ုပ်သည် အသင်တို့အား သတိပေးစကား ပြောကြားခဲ့သည် မဟုတ်ပါလား။ (အဘယ်ကြောင့်ဆိုသော် ဤသို့ ရည်ရွယ်ခြင်းကို မပြုကြလေနှင့်။ ဆင်းရဲသားများကို ပေးကမ်းခြင်းဖြင့် 'ဗရ်ကသ်'တိုးပွားမှု မင်္ဂလာများဖြစ်ရှိသည်ဟု ဖြစ်သည်။ ထို့ကြောင့်လည်း ဤပုဂ္ဂိုလ်အား အလ္လာဟ်အသျှင်မြတ်က ၄င်းတို့တွင် အကောင်းဆုံးဟု မိန့်ကြားခြင်းဖြစ်သည်။ သို့ရာတွင် ဤပုဂ္ဂိုလ်သည်လည်း မနှစ်သက်ခြင်းဖြစ်သည့်တိုင် လုပ်ရပ်အရ ၄င်းတို့နှင့်အတူ ပါဝင်ခဲ့သည့်အတွက် ကျွန်ုပ်က 'အတိုင်းအတာတစ်ခုအထိ' ဟူသော စာလုံးကို ထည့်သွင်းသုံးနှုန်းခဲ့ခြင်း ဖြစ်သည်။

لَا تَّالَاوسطامراضافی

ထို့နောက် ပထမစကားကို သတိပေးလျက် ၎င်းပုဂ္ဂိုလ်က မိမိတို့၏ လုပ်ရပ်၏ ပြစ်ဒဏ်ကိုမူ ခံစားကြရပေပြီ။ သို့ရာတွင်) ယခုအခါ (တွင်မူ) 'သတ်စ်ဗီးဟ်' အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုကို အဘယ်ကြောင့် အသင်တို့ မြွက်ဆိုခြင်းမပြုကြပါသနည်းဟု ပြောဆိုခဲ့သည်။ သို့မှသာ အပြစ်များမှ ပလပ်ခွင့် ရရှိကြပေမည်။ ထို့ပြင် ဤသည်ထက် ပိုသော ဒုက္ခများ ရောက်ရှိလာမည် ဖြစ်သည်။)

(ထိုအခါ) ၎င်းတို့အား ('သောင်ဗာဟ်'ပြုသည့်အနေဖြင့်) ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါ၏။ (ဤသည်မှာ သန့်ရှင်းစင်ကြယ်မှုကို ပြုခြင်းဖြစ်သည်။ 'အိစ်သိဂ်ဖါရ်'ပြုခြင်း၏ အစဖြစ်သည်။) မုချဧကန် ကျွန်ုပ်တို့သည်သာလျှင် မတရားသောသူများ ဖြစ်ကြပါသည်ဟု မြွက်ဆိုခဲ့သည်။

(ဤသည်မှာ 'အိစ်သိဂ်ဖာရ်'အပြစ်များမှ ခွင့်လွှတ်ပါရန် တောင်းခံခြင်းဖြစ်သည်။) ထို့နောက် ၎င်းတို့သည် တစ်ဦးကိုတစ်ဦး အချင်းချင်း ပြစ်တင်ကဲ့ရဲ့ ရှုတ်ချခဲ့ကြသည်။ (လုပ်ငန်းတစ်ခု ပျက်စီးသွားသည့်အခါ လူတိုင်းလူတိုင်းသည် အခြားသူတို့၏ လုပ်ရပ်များ မှားယွင်းမှုကြောင့် ဖြစ်သည်ဟု အပြစ်ပုံချလေ့ရှိသကဲ့သို့ ပြုကြခြင်းဖြစ်သည်။ ထို့နောက်တွင်မှ အားလုံးက တစ်ညီတည်းဖြင့်) ၎င်းတို့အားလုံးက ကျွန်ုပ်တို့ (အားလုံး) သည် 'ဩော်- ကျွန်ုပ်တို့ ဖြစ်ရလေခြင်း၊ ဧကန်အမှန် ကျွန်ုပ်တို့သည် စည်းဘောင်ကိုကျော်လွန်သူများ (ဆိုးသွမ်းသူများ) ဖြစ်ခဲ့ကြသည်' ဟု ပြောဆိုကြလေသည်။

(တစ်ဦးတစ်ယောက်၏ မှားယွင်းမှု မဟုတ်။ တစ်ဦးနှင့် တစ်ဦး အပြစ်ဖို့နေခြင်းမှာ အချည်းနှီးဖြစ်သည်။ အားလုံး စုပေါင်းလျက် 'သောင်ဗာဟ်'ပြုကြကုန်ဟု ဖြစ်သည်။) ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကျွန်ုပ်တို့အား ဤဥယျာဉ်ထက် ကောင်းမြတ်သော ဥယျာဉ်များကို အစားပေးတော်မူရန် ဖြစ်တန်ရာ၏။ (ယခု) ကျွန်ုပ်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်သို့ ပြန်လှည့်သူများ ဖြစ်ကြပေမည်။

('သောင်ဗာဟ်'ပြုကြခြင်းဖြစ်သည်။ ပြောင်းလဲခြင်းမှာမူ လောကီရေးစည်းစိမ်ဥစ္စာများ ပြန်လည်ရရှိရေး၊ (သို့) 'အာခေရသ်' လောကုတ္တရာ ရရှိရေးနှစ်မျိုးစလုံးအတွက် ခြုံငုံ၍ တင်ပြထားခြင်း ဖြစ်သည်။ အပေါ်ယံအားဖြင့် သိရှိရသည်မှာ ၎င်းတို့သည် မုအ်မင်န်များဖြစ်ခဲ့ကြသည်။ လုပ်ရပ်အားဖြင့် အပြစ်ကျူးလွန်မိခဲ့ကြခြင်း ဖြစ်သည်။ ၎င်းတို့အဖို့ ဤပျက်စီးသွားသည့် ဥယျာဉ်၏ အစား ဥယျာဉ်ကို လောကတွင် ရရှိခဲ့သည်၊ မရရှိခဲ့သည်နှင့် စပ်လျဉ်း၍ စနဒ်အထောက်အထားနှင့်တကွ မတွေ့ရှိရပေ။ သို့သော် ရူဟုလ်မအာနီကျမ်းတွင် စနဒ်အထောက်အထားမရှိဘဲ အိဗ်နေမတ်စ်အူးဒ် ﵁ သခင်၏ အဆိုကို ရေးသားထားသည်မှာ ထိုဥယျာဉ်ထက် သာပိုကောင်းမွန်သော ဥယျာဉ်ကို ၎င်းတို့သည် ချီးမြှင့်ခြင်း ခံခဲ့ရသည်'ဟု ဖြစ်သည်။ ရှေ့တွင် ဤပြစ်ရပ်၏ ရည်ရွယ်ချက်ဖြစ်သော သတိပေးနိုးဆော်ခြင်းအကြောင်းကို ရှင်းလင်းထားသည်မှာ အမိန့်တော်နှင့် ဆန့်ကျင်မှု ပြုသည့်အပေါ်) ပြစ်ဒဏ်သည် ဤနည်းအတိုင်း ကျရောက်လေ့ ရှိသည်။

(ထိုသို့ ပြစ်ဒဏ်ကျရောက်လေ့ ရှိတတ်သည့်အခါ 'အို၊ မက္ကာဟ်သားတို့၊ အသင်တို့သည်လည်း ဤကဲ့သို့သော အပြစ်ဒဏ်နှင့် ထိုက်သက်သည်သာမက ဤအပြစ်ဒဏ်ထက်ပင် ပို၍ ထိုက်သက်ပေသည်။ အကြောင်းမှာ ဖော်ပြပါ 'အဇ္ဇာဗ်' မှာမူ ပြစ်မှုကျူးလွန်ခြင်းအပေါ်၌သာ ဖြစ်ပြီး အသင်တို့မှာမူ 'ကုဖ္ဖရ်' ပြုလုပ်ကြခြင်း ဖြစ်သောကြောင့်ပင် ဖြစ်သည်။) ထို့ပြင် 'အာခိရသ်' တမလွန်၏ ပြစ်ဒဏ်မှာမူ ဤ (လောကီရေးပြစ်ဒဏ်) ထက်ပင် ပို၍ ကြီးလေးပေသည်။ ဤသူတို့သည် (ဤအကြောင်းကို) သိရှိကြမည်ဆိုလျှင် အဘယ်မျှ ကောင်းမွန်ပါမည်နည်း။'

(သို့မှသာ အီမာန်သက်ဝင်ယုံကြည်ကြပေမည်။ ရှေ့တွင် ထိုပြစ်ဒဏ်များကို ဆန်းစစ်ရန် ကာဖိရ်တို့၏ လွဲမှားသော အယူအဆများသည် မှားယွင်းကြောင်း မိန့်ကြားထားသည်။ ၎င်းတို့က ပြောဆိုလေ့ရှိသည်မှာ-

لَئِنْ رُّجِعْتُ اِلٰى رَبِّىْٓ اِنَّ لِىْ عِنْدَهٗ لَلْحُسْنٰى

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ) စေကန်အမှန် 'မွတ်သက္ကီ' ပြစ်မှုရှောင်ကြဉ်သူ သူတော်စင်တို့အတွက် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်တွင် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော ဥယျာဉ်များ ရှိလေသည်။

('ဂျန္နသ်' ဝင်ရောက်ရမည့် အကြောင်းခံသည် 'သက္ကဝါ' ပြစ်မှုရှောင်ကြဉ်ခြင်း ဖြစ်သည်။ ထို 'သက္ကဝါ' သည် ကာဖိရ်များအဖို့ တံတိုင်းကဲ့သို့ ခြားနားနေသည့်အခါ ၎င်းတို့မှာ အဘယ်သို့သာ 'ဂျန္နသ်' ကို ရရှိနိုင်ပါမည်နည်း။) သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် အမိန့်နာခံသူတို့အား အမိန့်ဖီဆန်သူတို့ကဲ့သို့ တန်းတူပြုလုပ်ရမည်လား။ (အကယ်၍သာ ကာဖိရ်တို့သည် လွတ်မြောက်အောင်မြင်သူများ ဖြစ်မည်ဆိုလျှင် အမိန့်နာခံသူနှင့် အမိန့်မနာခံသူတို့တွင် အဘယ်မှာလျှင် ခြားနားပါတော့မည်နည်း။ ဤအချက်ဖြင့် အမိန့်နာခံသူတို့၏ ထူးမြတ်မှု အတည်ဖြစ်ပေသည်။ အသျှင်မြတ်၏ အမိန့်တော်

اَمْ نَجْعَلُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ كَالْمُفْسِدِيْنَ

အတိုင်း ဖြစ်သည်။) အသင်တို့၌ မည်သို့သော အကြောင်းရှိသနည်း။ အသင်တို့သည် မည်သို့ စီရင်ဆုံးဖြတ်ကြသနည်း။ အသင်တို့၌ (ကောင်းကင်ကျ) ကျမ်းတစ်စောင်ရှိ၏။ ယင်းကျမ်းဂန်၌ အသင်တို့ ဖတ်ရှု သင်ကြားကြလေသလော။

ယင်းကျမ်းဂန်၌ အသင်တို့အတွက် အသင်တို့ နှစ်သက်ကြသောအရာ (ရေးသား) လာရှိလေသလော။ (အသင်တို့သည် 'အာခိရသ်' တမလွန်တွင် စည်းစိမ်ချမ်းသာများ ရရှိကြလိမ့်မည်ဟု ယင်းကျမ်းဂန်၌ ရေးသားထားလေသလော။) သို့တည်းမဟုတ် အသင်တို့အဖို့ 'ကေယာမသ်' နေ့ထိတိုင် တည်ရှိမည့် အသင်တို့အဖို့ အသင်တို့ စီရင်ဆုံးဖြတ်သည့်အတိုင်း မုချ ဖြစ်ရမည်ဟူ၍ လေးနက်ခိုင်မာစွာ ကျိန်ဆို၍ ပြုလုပ်ထားသော ကတိသစ္စာခံဝန်ချက်သည် ငါအသျှင်မြတ်အပေါ်၌ ရှိပါသလား။

(ဆိုလိုသည်မှာ 'စဝါးဗ်' ကုသိုလ်နှင့် 'ဂျန္နသ်' ဖြစ်သည်။ အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အနက် ဤခံဝန်ချက်နှင့် စပ်လျဉ်း၍ တာဝန်ယူ အာမခံသော သူသည် မည်သူဖြစ်ပါသနည်းဟု ၎င်းတို့အား

မေးမြန်းပါလေ။ သို့တည်းမဟုတ် ၎င်းတို့ထံတွင် ၎င်းတို့ ဖန်တီးထားသော တွဲဖက်နိုင်းယှဉ်ဘက် (ကိုးကွယ်ရာ) များ ရှိကြသေလော။ (ထိုတွဲဖက်နိုင်းယှဉ်ဘက်တို့သည် ၎င်းတို့အား စဝါးဖိပေးမည်ဟု တာဝန်ယူထားပါသလား။) ဤသို့ဆိုလျှင် ၎င်းတို့သည် သစ္စာဝါဒီ (မှန်ကန်သူ) များ ဖြစ်ကြပါလျှင် ထိုတွဲဖက်နိုင်းယှဉ်ဘက်တို့အား ခေါ်ဆောင်လာကြရပေမည်။

(အချုပ်မှာ ဤအကြောင်းအရာသည် မည်သည့်ကောင်းကင်ကျမ်းတွင်မျှ မရှိပေ။ ထိုနည်းအတိုင်းပင် ကျမ်းဂန်အထောက်အထားမရှိဘဲ အခြားသော 'ဝဟီ' လမ်းကြောင်းမှ 'ကစမ်' ကိုနိဆိုခြင်းကဲ့သို့ ငါအသျှင်မြတ်၏ ကတိတော်များ မရှိပေ။ ထိုသို့သော အခြေအနေတွင် ၎င်းတို့အနက်မှ မည်သူပင်ဖြစ်စေ၊ (သို့) ၎င်းတို့၏ တွဲဖက်နိုင်းယှဉ်ဖက်များအနက်မှ မည်သူသည် အာမခံသော သူ၊ တာဝန်ယူသောသူ ဖြစ်နိုင်ပါသနည်း။ လုံးဝဥဿုံ မည်သူမျှ မဖြစ်နိုင်ပါ။ သို့ဖြစ်ပေရာ မည်သည့်အချက်အပေါ် ကြွေးကြော်နေကြပါသနည်း။ ရှေ့၌ ထိုသူတို့အဖို့ 'ကေယာမသ်' နေ့တွင် သေးသိမ်သူများ ဖြစ်မည့်အကြောင်း တင်ပြထားသည်။ ထိုနေ့သည် သတိရအောက်မေ့ဖွယ် ဖြစ်သည်။)

ထိုနေ့တွင် ခြေသလုံး၏ ရောင်ခြည်တော်သည် ဖွင့်လှစ်ခြင်းခံပေမည်။ ထို့ပြင် လူတို့အား 'စဂျ်ဒဟ်' ဦးချရန် ဆင့်ခေါ်ခြင်းကို ခံကြရပေမည်။ (ဤအကြောင်းသည် ရှိက်ခိုင်းန်၊ ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတို့တွင် မရ်ဖူးအ်ပုံစံဖြင့် ဆင့်ပြန်ချက် လာရှိသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်' နေ့တွင် မိမိ၏ ခြေသလုံးတော်ကို ဖွင့်ဖော်တော်မူပေမည်။ ဤသည် အထူးဂုဏ်တော်တစ်မျိုး ဖြစ်သည်။ အကြောင်းဆက်စပ်မှုတစ်ခုဖြင့် ခြေသလုံးဟု တင်စားထားခြင်းဖြစ်သည်။ ကုရ်အာန်တွင် လက်တော်ဟု သုံးနှုန်းသကဲ့သို့ ၎င်းတို့ကို 'မုသရှာဗိဟားသ်' ဟု ခေါ်သည်။ ဟဒီးစ်တော်တစ်ရပ်တွင် ဤရောင်ခြည်တော်ကို တွေ့မြင်ပြီး မုအ်မင်န်အားလုံးသည် 'စဂျ်ဒဟ်' ပြုခဲ့သူတို့၏ ခါးများမှာ သင်ပုန်းကဲ့သို့ ဖြစ်ပြီး 'စဂျ်ဒဟ်' ပြုနိုင်ကြမည် မဟုတ်ပေ။ 'စဂျ်ဒဟ်' ပြုရန် ဆင့်ခေါ်ခြင်းကြောင့် ထိုနေရာသည် အမိန့်တော်များ ထမ်းဆောင်ရာ နေရာမဟုတ်ဟု စောဒကမတက်သင့်ပေ။ အကြောင်းမှာ ဆင့်ခေါ်ခြင်းခံရသည်ဆိုခြင်းမှာ 'စဂျ်ဒဟ်' အတွက် အမိန့်ပေးရန်မဟုတ်ဘဲ ဤရောင်ခြည်တော်ကို တွေ့မြင်ကြရပြီး လူအားလုံးသည် အလုအယက် 'စဂျ်ဒဟ်' ပြုလိုကြပေမည်။ ၎င်းတို့တွင် မုအ်မင်န်တို့သည် ပြုနိုင်စွမ်းရှိကြပေမည်။ ပြစားသူများနှင့် ဆိုးယုတ်သူတို့မှာ 'စဂျ်ဒဟ်' ပြုနိုင်ကြမည်မဟုတ်ပေ။ ကာဖိရ်များအဖို့မူ ပြောဆိုရန်ပင် မလိုပါချေ။ ရှေ့တွင် ကာဖိရ်တို့လည်း 'စဂျ်ဒဟ်' ပြုလိုကြကြောင်းကို တင်ပြထားသည်။) သို့သော်ငြားလည်း ဤကာဖိရ်တို့သည် 'စဂျ်ဒဟ်' ပြုနိုင်ကြမည်မဟုတ်ပေ။

(ထို့ပြင်) ၎င်းတို့၏ မျက်စိများသည် (အရှက်ရ၍) အောက်သို့ စိုက်လျက် ရှိပေမည်။ (၎င်းပြင်) ၎င်းတို့အပေါ်၌ ဂုဏ်သိမ်မှုသည် ဖုံးလွှမ်းလျက် ရှိပေမည်။ (အကြောင်းမှာ) ဤသူတို့သည် (လောကတွင်) 'စဂျ်ဒဟ်' ပြုရန် ဖိတ်ခေါ်ခြင်းကို ခံခဲ့ကြရသည်။ (အီမာန်ယုံကြည်၍ 'အေဗာဒသ်' များပြုကြရန် ဖိတ်ခေါ်ခြင်းကို ခံခဲ့ရသည်။) ထိုစဉ်က ၎င်းတို့သည် ပကတိကျန်းမာစွာ ရှိခဲ့ကြသည်။

('စဂ်ျဒဟ်'ပြုနိုင်ခဲ့ကြသည့်သူများဖြစ်သည်။ သက်ဝင်ယုံကြည်ခြင်းနှင့် ခဝပ်ခြင်းတို့သည် ရွေးချယ်ပိုင်ခွင့်ရှိသော လုပ်ရပ်များဖြစ်ကြောင်း ထင်ရှားသည်။ ၎င်းတို့သည် လောကတွင် အမိန့်နာခံခြင်း မပြုခဲ့ကြ၍ ယနေ့ ဂုဏ်သေးသိမ်ရခြင်း ဖြစ်သည်။ အခြားအာယသ်တော်တစ်ပါးတွင် မျက်လုံးများ အထက်သို့ မော့နေကြောင်း လာရှိသည်။ ဤသည်မှာ ဆန့်ကျင်မှုကား မဖြစ်ပေ။ အကြောင်းမှာ တစ်ခါတစ်ရံ သောကဖုံးလွှမ်းသည့် အရှိန်ဖြင့် ဤသို့ ဖြစ်တတ်သည်။ တစ်ခါတစ်ရံ အရှက်ဖုံးလွှမ်းမှုဖြင့် ဤသို့ ဖြစ်တတ်သည်။ ရှေ့တွင် 'အဇာဗ်'တွင် ရှည်ကြာစွာ နေရခြင်းကို မိမိတို့၏ လက်ခံခြင်းခံရမှု၏ အထောက်အထားဖြစ်သူဟူသော အယူအဆကို ချေပထားသည်။ ၎င်းနှင့်အတူ အသင့်အား နှစ်သိမ့်ခြင်းလည်း ပါဝင်သည်။ ဆိုလိုသည်မှာ ၎င်းတို့၏ 'အဇာဗ်'ထိုက်သင့်ကြောင်းသည် အထက်မှ အာယသ်တော်များဖြင့် သိရှိခဲ့ပြီးဖြစ်သည်။)

(အို၊ နဗီတမန်တော်) အသင်သည် ငါအသျှင်မြတ်အားလည်းကောင်း၊ ဤမုက္ခပါဌ်တော်ကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူတို့အားလည်းကောင်း (ဤလက်ရှိအခြေအနေ၌ပင်) လွှတ်ထားပါလေ။ ငါအသျှင်မြတ်သည် ၎င်းတို့အား တဖြည်းဖြည်း ('ဂျဟန္နမ်'ဘက်သို့) ၎င်းတို့ မသိသောနည်းဖြင့် ခေါ်ဆောင် ဆွဲချတော်မူမည်။ ထို့ပြင် (လောကတွင် ၎င်းတို့အပေါ် 'အဇာဗ်'ချပေးခြင်းမှ) ၎င်းတို့အား ရွှေ့ဆိုင်းခွင့် ပေးတော်မူ၏။ ဧကန်မလွဲ ငါအသျှင်မြတ်၏ အကြံအစည်သည် လွန်စွာ ခိုင်မြဲပေသည်။ (ရှေ့၌ ၎င်းတို့၏ 'နဗူဝသ်'ကို ငြင်းပယ်ခြင်းအပေါ် အံ့ဩခြင်း လာရှိထားသည်။)

(အို၊ နဗီတမန်တော်၊ အသင်သည် ၎င်းတို့ထံ အခကြေးငွေ တစ်စုံတစ်ရာကို တောင်းဆိုသဖြင့် ၎င်းတို့သည် ဒဏ်ဆောင်မှုအတွက် ဖိစီးခြင်းခံနေကြရသလော။ (ထို့ကြောင့် အသင်၏ အမိန့်နာခံမှုကို စက်ဆုပ်ရွံရှာကြခြင်း ဖြစ်သည်။ သို့တည်းမဟုတ် ၎င်းတို့တွင် အကွယ်၌ ရှိသည်တို့ကို (သိစွမ်းနိုင်သော) အသိပညာရှိခြင်းကြောင့် (၎င်းတို့သည် ထိုအရာများကို မှတ်တမ်းတင်ရန်အတွက်) ရေးမှတ်ယူကြလေသလော။ (ဆိုလိုသည်မှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို 'ဝဟီ'ရရှိသူ၏ နောက်လိုက် မပြုသည်အထိ ဖြစ်ရလောက်အောင် အခြားသောနည်းဖြင့် သိရှိကြ၍ ဖြစ်ပါသလောဟု ဖြစ်သည်။ ထိုနှစ်မျိုးစလုံး မဟုတ်သည်မှာ အထင်အရှားပင် ဖြစ်သည်။ သို့တိုင်အောင် 'နဗူဝသ်'ကို ငြင်းပယ်နေကြသည်မှာ အံ့ဖွယ်ဖြစ်သည်။ ရှေ့တွင် အသင့်အား နှစ်သိမ့်ထားခြင်း လာရှိသည်။ ၎င်းတို့၏ အပြစ်ဒဏ်ထိုက်သင့်မှုနှင့် 'ကုဖ္ဖရ်'ပြုခြင်းတို့ကို သိရှိရခြင်းဖြစ်သည်။ ၎င်းတို့အား ဆိုင်းငံ့မှုတစ်ခုကို ပေးထားခြင်းဖြစ်သည်။ သတ်မှတ်ချိန်ရောက်သောအခါ 'အဇာဗ်'ကျရောက်ပေမည်။)

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် မိမိအသျှင်မြတ်၏ (ဤ) ပြဋ္ဌာန်းချက်အပေါ် သည်းခံ၍ စောင့်စားပါလေ။ ထို့ပြင် အသင်သည် (စိတ်ညစ်ညူးစွာ) ငါး (၏ ဝမ်းဗိုက်တွင်း၌ ကျရောက်သူ) ရှင် (ဖြစ်သော ဟဇရတ်ယူနွတ်စ် عليه السلام) ကဲ့သို့ မဖြစ်လေနှင့်။ (၎င်းသည် 'အဇာဗ်'ကျရောက်လာခြင်းမရှိ၍ စိတ်ညစ်ညူးပြီး တစ်နေရာသို့ ထွက်လာခဲ့သည်။ ဤအကြောင်းသည် နေရာများစွာတွင် အနည်းငယ်စီ လာရှိခဲ့ပြီးဖြစ်သည်။ ရည်ရွယ်သောအကြောင်းနှင့် ခိုင်းနှိုင်းမှုမှာ ပြီးဆုံးခဲ့ပြီးဖြစ်သည်။ ရှေ့တွင် ရည်ရွယ်ချက်

ပြည့်ဝကြောင်း မိန့်ကြားသည်မှာ ထိုအချိန်ကိုလည်း သတိရပါလေ။) တစ်ရံရောအခါက ယူနွတ်စ် عليه السلام သည် (မိမိအသျှင်မြတ်ထံတော်တွင်) ဒိုအာတောင်းခံခဲ့သည်။ ထိုစဉ်က ဒုက္ခကို မျိုသိပ်လျက် ခံစားခဲ့လေသည်။

(ဤဒုက္ခသည် ဒုက္ခများစွာကို ခြုံငုံ၍ ဆိုလိုခြင်းဖြစ်သည်။ တစ်ခုမှာ မိမိ၏ အမျိုးသားများ အီမာန်မယူခြင်း၊ ဒုတိယမှာ 'အဓားဗ်'၏ ဆိုင်းငံ့ရပ်တန့်သွားခြင်း၊ တတိယမှာ အသျှင်မြတ်၏ အမိန့်မပါဘဲ ထိုနေရာမှ ထွက်ခွာခဲ့ခြင်းနှင့် စတုတ္ထမှာ ငါး၏ ဝမ်းဗိုက်၌ ကျရောက်နေခြင်းတို့ ဖြစ်သည်။ ဒိုအာမှာ-

لَاۤ اِلٰهَ اِلَّاۤ اَنْتَ سُبْحٰنَكَ اِنِّیْ كُنْتُ مِنَ الظّٰلِمِیْنَ

ဟု ဖြစ်သည်။ ဒိုအာ၏ ရည်ရွယ်ချက်မှာ ခွင့်လွှတ်ချမ်းသာ ရရှိရန်နှင့် ငါး၏ ဝမ်းဗိုက်၌ ကျရောက်နေခြင်းတို့မှ လွတ်ကင်းရန်ဖြစ်သည်။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် ငါး၏ ဝမ်းဗိုက်မှ လွတ်မြောက်ခဲ့သည်။ ဤသည်နှင့် စပ်လျဉ်း၍ မိန့်ကြားသည်မှာ) အကယ်၍သာ ထိုငါးရှင်အပေါ် အသျှင်မြတ်၏ ကျေးဇူးတော်သက်ရောက်ခဲ့ခြင်း မရှိပါမူ ထိုငါးရှင်သည် (ငါး၏ ဝမ်းဗိုက်မှ ထုတ်ခဲ့သည့်) ကွင်းပြင်တွင် အခြေမလှဖြစ်လျက် ပစ်ထားခြင်းကို ခံရမည်သာ ဖြစ်သည်။

(ကျေးဇူးတော်ဆိုသည်မှာ 'သောင်ဗာဟ်'လက်ခံခြင်းဖြစ်သည်။ အခြေမလှခြင်းဆိုသည်မှာ မိမိ၏ လွဲမှားသော ယူဆချက်အပေါ် အသျှင်မြတ်ဘက်တော်မှ ၄င်းအပေါ် ရှုတ်ချခြင်း ဖြစ်ပေသည်။ ဤအာယသ်တော်နှင့် စူရာဟ်ဆွာဖသ်တို့အရ သိရသည်မှာ "အကယ်၍ ဤ 'သောင်ဗာဟ်'နှင့် 'အိစ်သိဂ်ဖာရ်' မပြုခဲ့ပါလျှင် ၄င်းသည် ငါး၏ ဝမ်းဗိုက်မှ လွတ်မြောက်ရန်ပင် မရှိ" ဟု ဖြစ်သည်။ အာယသ်တော်တွင် **فلولا انه كان** ဟု လာရှိထားသည်။ အကယ်၍ 'သောင်ဗာဟ်'နှင့် 'အိစ်သိဂ်ဖာရ်'သည် ငါး၏ ဝမ်းဗိုက်မှ လွတ်မြောက်မှုဟူသော လောကီရေး 'ဗရ်ကသ်' ရရှိပေမည်။ ကွင်းပြင်တွင် အန်ထုတ်ခဲ့သည့်အတိုင်း အန်ထုတ်ခဲ့ပေမည်။ သို့သော်လည်း ထိုအချိန်၌ အန်ထုတ်ခံရခြင်းသည် အပြစ်ဆိုထိုက်သူကား ဖြစ်ပေမည်။ ယခုကဲ့သို့ အခြေအနေ၌ အန်ထုတ်ခံရခြင်းသည် အပြစ်ဆိုထိုက်ခြင်း မရှိပေ။ အကြောင်းမှာ 'သောင်ဗာဟ်' လက်ခံခြင်းခံရပြီးသောအခါ အပြစ်များအပေါ် ရှုတ်ချခြင်းမရှိသောကြောင့် ဖြစ်သည်။)

သို့တိုင်အောင် ထိုငါးရှင်၏ အသျှင်မြတ်သည် ၄င်းအား (ထပ်ဆင့်၍) မြှောက်စားတော်မူပြီး ၄င်းအား (ပို၍) အဆင့်အတန်းမြင့်သော သူတော်ကောင်းများတွင် ပါဝင်စေတော်မူခဲ့သည်။

(ဤဖြစ်ရပ်အဆုံး၏ ရည်ရွယ်ချက်တစ်ခုမှာ မိမိ၏ ယူဆချက်အတိုင်း ပြုလုပ်ခြင်းဖြင့် ၄င်းသည် မည်သို့ ဆုံးရှုံးနစ်နာခဲ့ရသည်ကိုလည်းကောင်း၊ အသျှင်မြတ်အား ယုံကြည်အားကိုးခြင်းသည် မည်သို့ အကျိုးဖြစ်ထွန်းသည်ကိုလည်းကောင်း ရည်ရွယ်ခြင်းဖြစ်သည်။ ဤအတိုင်းပင် 'အဓားဗ်'နှင့် စပ်လျဉ်း၍ အသင်သည်လည်း အလျင်စလို မပြုဘဲ အသျှင်မြတ်အပေါ် ယုံပုံအားကိုးပါက ဆုံးခန်းရလဒ်မှာ အကောင်းဆုံး ဖြစ်ပေမည်။)

ထို့ပြင် (ရှေ့တွင် အသင့်အား ကာဖိရ်တို့က ရူးသွပ်သူဟူ၍ အခြားနည်းလမ်းတစ်ခုဖြင့် ပြောဆို စွပ်စွဲကြသည်ကို မှားယွင်းကြောင်း ချေပထားသည်။) ဤကာဖိရ်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ကြသောအခါ (အလွန်ရန်လိုမှုဖြင့်) အသင့်အား ၎င်းတို့၏ မျက်စိများဖြင့် ချွတ်ချော်လဲကျမတတ် ဖြစ်စေသည်ဟု ထင်မှတ်ရသည်။ (စားမတတ်၊ ဝါးမတတ် ကြည့်နေသည်ဟု ပြောဆိုသုံးနှုန်းသည့် ဝေါဟာရ တစ်မျိုးဖြစ်သည်။ ရူးဟွလ်မအာနီကျမ်းတွင်

نظر الىّ نظرا يكاد يصدعنى او يكاد ياكلنى

ဟု လာရှိသည်။ 'ရန်လိုမှုပြင်းထန်စွာ ကိုယ်တော်မြတ် ﷺ အား ဆိုးဝါးသော မျက်လုံးများဖြင့် ကြည့်ကြသည်။) ထို့ပြင် (ထိုရန်လိုမှုကြောင့် ကိုယ်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍) မုချဧကန် ဤသူသည် ရူးသွပ်နေသည်ဟု ပြောဆိုကြလေသည်။

စင်စစ် ဤကုရ်အာန်ကျမ်းတော်မြတ်သည် (အသင်ကိုယ်တိုင် လက်ကိုင်ပြု၍ ပြောဆိုနေသော ကျမ်းသည်) စကြဝဠာခပ်သိမ်းတို့အဖို့ ဆုံးမသြဝါဒတော်သာ ဖြစ်ပေသည်။

ဤနေရာတွင် ရူးသွပ်သူဟု စွပ်စွဲခြင်းကို တုန့်ပြန်ဖြေကြားကြောင်း ထင်ရှားသည်။ ရန်လိုမှုကို တင်ပြခြင်းကြောင့် ထိုစွပ်စွဲချက်မှာ အားနည်းကြောင်း အတည်ဖြစ်သွားပေသည်။ အကြောင်းမှာ ဤပြော ဆိုခြင်း၏ ရည်ရွယ်ချက်မှာ ပြင်းထန်စွာ ရန်လိုမှုရှိခြင်းကြောင့်ဖြစ်ပြီး ထိုရန်လိုမှုကို ဂရုမစိုက်ရန် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်မုလ်က်တွင် အလ္လာဟ်အသျှင်မြတ် တည်ရှိတော်မူခြင်း၊ တစ်ပါးတည်းသော အသျှင်မြတ် ဖြစ်တော်မူခြင်း၊ အသိပညာတော်နှင့် တန်ခိုးတော်တို့၏ အထောက်အထားများကို စကြဝဠာအား ကြည့်ရှု ခြင်းဖြင့် သိရှိနိုင်ကြောင်း တင်ပြထားသည်။ ထို့ပြင် ကာဖိရ်နှင့် ငြင်းဆန်သူများအပေါ် ပြင်းထန်သော 'အဇာဗ်'ပြစ်ဒဏ်ရှိကြောင်း တင်ပြထားသည်။ ဤစူရာဟ်နူးန် (ကလမ်) တွင် တမန်တော်မြတ် ﷺ အပေါ် မတရားပြောဆိုလေ့ရှိသော ကာဖိရ်တို့၏ စွပ်စွဲချက်များကို တုန့်ပြန်ဖြေကြားထားခြင်းများကို တင်ပြထားသည်။ ဦးစွာပထမ အလ္လာဟ်အသျှင်မြတ် စေလွှတ်တော်မူသော၊ ဦးနှောက်အသိဉာဏ်နှင့် ပြည့်စုံ တော်မူသော၊ အသိပညာနှင့် ပြည့်စုံတော်မူသော၊ ထူးမြတ်မှုအပေါင်းနှင့် ပြည့်စုံတော်မူသော တမန်တော် မြတ် ﷺ အား 'မအာဇလ္လာဟ်' (ရူးသွပ်သူ) ဟု ပြောဆိုကြခြင်းဖြစ်သည်။ သို့တည်းမဟုတ် တမန်တော် မြတ် ﷺ အပေါ်၌ ဖရစ်ရှ်သာဟ်၏ အကြောင်းခံဖြင့် 'ဝဟီ'ပို့ချလေ့ရှိသော ယင်း 'ဝဟီ'ပို့ချချိန်၌ 'ဝဟီ'၏ အရိပ်အရောင်ထင်ဟပ်မှုများသည် ကိုယ်တော်မြတ် ﷺ ၏ မျက်နှာတော်အပေါ်၌ တွေ့မြင်ရလေ့ ရှိသည်။ တစ်ဖန် ကိုယ်တော်မြတ် ﷺ သည် 'ဝဟီ'ဖြင့် ရရှိလာသည့် အာယသ်တော်များကို ဖတ်ကြားပြလေရာ ဤအရာတို့သည် ကာဖိရ်တို့၏ အသိဉာဏ်နှင့် ဦးနှောက်များ၏ အပြင်၌သာ ရှိပြီး လိုက်မမီကြသည့်အတွက် ကိုယ်တော်မြတ် ﷺ အား ရူးသွပ်သူဟု သတ်မှတ်ကြခြင်းဖြစ်သည်။ သို့တည်းမဟုတ် ကိုယ်တော်မြတ် ﷺ

သည် မိမိ၏ အမျိုးသားများနှင့် တစ်လောကလုံး၏ လက်ရှိ ယုံကြည်ချက်နှင့် ဆန့်ကျင်၍ 'အေဗာဒသ်' ခဝပ်ကိုးကွယ်ခြင်းသည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမျှ ခံထိုက်ခြင်းမရှိ။ ကိုယ်တိုင် ပြုလုပ်ထားသည့် ရုပ်တုများကိုပင် ကိုးကွယ်ရာအသျှင်ဟု မှတ်ယူနေကြသည်။ ထိုအရာများတွင် အသိတရားလည်း မရှိ။ ကောင်းကျိုးနှင့် ဆိုးကျိုးပေးနိုင်စွမ်းလည်း မရှိကြောင်း တင်ပြလျက် ကြွေးကြော်ခဲ့သည်။ ကိုယ်တော်မြတ် ﷺ နှင့်အတူ ထိုယုံကြည်ချက်ရှိပြီးသူ မိတ်ဆွေသည်လည်း တစ်ဦးတစ်ယောက်မျှပင် မရှိခဲ့။ ကိုယ်တော်မြတ် ﷺ သည် ဤခံယူချက်ကို ယူဆောင်လျက် ပေါ်လွင်ထင်ရှားသော မည်သည့်အဆောင်အယောင်မျှ မပါရှိဘဲ တစ်လောကလုံးနှင့် ရင်ဆိုင်ရန် ထွက်ရပ်ခဲ့သည်။ ထိုသို့ ပြုလုပ်ခြင်းသည် အမြင်အားဖြင့် အောင်မြင်ဖွယ်မရှိကြောင်း ပေါ်လွင်သည်။ ဤကဲ့သို့သော ခံယူချက်ဖြင့် ရှေ့ထွက်ရပ်ခြင်းသည်ပင် ရူးသွပ်သူဟု ယူဆခြင်းကို ခံခဲ့ရသည်။ မည်သည့်အကြောင်းမျှ မပါဘဲလည်း အချို့သော မကောင်းပြောဆိုမှုများသည် ရူးသွပ်သူဟု ပြောဆိုရန် မကောင်းပြောဆိုခြင်းများ ဖြစ်နိုင်သည်။ စူရာဟ်များ၏ အစအာယသ်တော်များတွင် ၎င်းတို့၏ ယင်းလွဲမှားသော အယူအဆများကို ချေပရန် 'ကစမ်'ကျိန်ဆိုခြင်းနှင့်အတူ လေးနက်စေပြီး တင်ပြတော်မူထားခြင်း ဖြစ်သည်။

ﻥٓ وَالْقَلَمِ وَمَايَسْطُرُوْنَ ○ مَاۤاَنْتَ بِنِعْمَةِ رَبِّكَ بِمَجْنُوْنٍ ○

نٓ 'နူးန်'အက္ခရာသည် 'ဟုရူးဖ်မုကသ္တ်သွအားသ်' (ပြတ်တောက်သော အက္ခရာများ) အနက်မှ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော စူရာဟ်တို့၏ အစတွင် လာရှိသော အက္ခရာများဖြစ်သည်။ ၎င်းအက္ခရာများ၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာ သိတော်မူသည်။ (သို့) တမန်တော်မြတ် ﷺ လည်း သိတော်မူသည်။ အွမ္မသ်များအဖို့ ထိုအကြောင်း နက်နက်ရှိုင်းရှိုင်း လေ့လာခြင်းမပြုရန် တားမြစ်တော်မူထားသည်။

قلم (ကလောင်) ၏ အဓိပ္ပာယ်နှင့် ထူးမြတ်မှု

وَالْقَلَمِ တွင် وَاوْ (ဝေါင်ဝ်) အက္ခရာသည် 'ကစမ်'ကျိန်ဆိုသည့် အက္ခရာဖြစ်သည်။ قلم (ကလောင်) ဟူသည်မှာ ကလောင်အားလုံးကို ဆိုလိုကြောင်းလည်း ဖြစ်နိုင်သည်။ ထိုကလောင်အားလုံးတွင် 'သက္ကဒီးရ်' ရေးသားကြသည့် ကလောင်အားလုံး အကျုံးဝင်ပေသည်။

'သက္ကဒီးရ်'ကို ရေးသားသည့် ကလောင်အား သီးသန့်ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ အိဗ်နေ အဗ္ဗားစ် ؓ သခင်၏ မိန့်ဆိုချက်သည်လည်း ဤအတိုင်းပင် ဖြစ်သည်။

ဤ 'သက္ကဒီးရ်'ကို ရေးသားသည့် ကလောင်နှင့် စပ်လျဉ်း၍ ဟဇရသ်အုဗာဒဟ်ဗင်န်ဆွာမိသ် ؓ သခင်၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်သည် 'ကလောင်'ကို ဖန်ဆင်းတော်မူသည်။ ထို့နောက် ထိုကလောင်အား 'အသင် ရေးလော့' ဟု

မိန့်ကြားတော်မူသည်။ ထိုအခါ ကလောင်က 'အဘယ်အရာ ရေးရမည်နည်း'ဟု မေးလျှောက်လေရာ အသျှင်မြတ်က 'အသျှင်မြတ်၏ 'သက္ကဒီးရ်'ကို ရေးလော့'ဟု မိန့်ကြားတော်မူလေရာ ကလောင်သည် (အမိန့်တော်နှင့်အညီ) 'အဗဒ်' (အဆုံးမဲ့ထာဝရ) အထိ ဖြစ်ပေါ်လာမည့် ဖြစ်ရပ်အားလုံးနှင့် အခြေအနေများကို ရေးသားလေသည်။ *[သိရ်မေဇီကျမ်း]*

ဆွဟီးဟ်မွတ်စလင်မ်ကျမ်းတွင် ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အမရ် ﷺ သခင်၏ ဟဒီးစ်တော်မှ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'ခပ်သိမ်းကုန်သော အဖန်ဆင်းခံများ၏ 'သက္ကဒီးရ်'ကို မိုးနှင့် မြေကို မဖန်ဆင်းမီ နှစ်ပေါင်း (၅၀၀၀၀) အလျှင်ကပင် ရေးသားထားတော်မူခဲ့သည်။ ဟဇရတ်ကသာဒဟ် (ရဟ) သခင်က မိန့်ဆိုသည်မှာ 'ကလောင်သည် အလ္လာဟ်အသျှင်မြတ်က မိမိ၏ ကျွန်များကို ချီးမြှင့်တော်မူထားသော ကြီးမားသည့် ကျေးဇူးတော်တစ်ရပ် ဖြစ်သည်'ဟူ၏။ အချို့ ပညာရှင်များက မိန့်သည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဦးစွာပထမ ကလောင်တစ်ခုဖြစ်သော 'သက္ကဒီးရ်' ရေးသားသည့် ကလောင်ကို ဖန်ဆင်းတော်မူသည်။ ထိုကလောင်သည် စကြဝဠာအပေါင်းနှင့် ခပ်သိမ်းကုန်သော အဖန်ဆင်းခံတို့၏ 'သက္ကဒီးရ်'ကို ရေးသားလေသည်။ ထို့နောက် ဒုတိယကလောင်ကို ဖန်ဆင်းတော်မူသည်။ ထိုကလောင်ဖြင့် ကမ္ဘာမြေပေါ်တွင် နေထိုင်ကြသူတို့ ရေးသားကြပေလိမ့်မည်။ ဤဒုတိယ ကလောင်၏ တင်ပြချက်သည် စူရာဟ် 'အိက်ရာအ်'တွင် လာရှိသည်။

عَلَّمَ بِالْقَلَمِ

ဟူသော အာယသ်တော်တွင် အကယ်၍ ကလောင်၏ အလိုသဘောမှာ 'သက္ကဒီးရ်' ရေးသားသည့် ကလောင်ဖြစ်ပါက ပထမဦးဆုံး အဖန်ဆင်းခံလည်း ဖြစ်သောကြောင့် ၎င်း၏ ကြီးမြတ်မှုသည် ခပ်သိမ်းကုန်သော အရာများအပေါ် ထူးမြတ်ခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပေသည်။ ထို့ကြောင့် ထိုကလောင်အပေါ် ကစမ်ကျိန်ဆိုခြင်းမှာ လျော်ကန်သင့်မြတ်ပေသည်။ အကယ်၍ ကလောင်၏ အလိုသဘောမှာ ကလောင်အားလုံးကို ဆိုလိုခြင်းဖြစ်လျှင် ဤကလောင်များတွင် 'သက္ကဒီးရ်'ကို ရေးသော ကလောင်၊ ဖရစ်ရှ်သာဟ်များ၏ ကလောင်များအပြင် လူသားတို့ ရေးသားသော ကလောင်များလည်း ပါဝင်ပေသည်။ သို့ဖြစ်ပေရာ ထိုကလောင်များကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုရခြင်းမှာ လောကတွင် ကြီးမားသော အလုပ်အားလုံးသည် ထိုကလောင်ဖြင့်ပင် ပြုကြရလေသည်။ တိုင်းပြည်များ၏ အောင်မြင်မှုများသည် ဓါးထက်ပို၍ ကလောင်သည် ထက်မြက်ကြောင်း လူတိုင်းအသိပင် ဖြစ်သည်။

اذا اقسم الابطال يومابسيفهم ــ وعدّوه ممّايكسب المجدوالكرم

كفى قلم الكتاب عزّاورفعة ــ مدى الدّهر انالله اقسم بالقلم

'စစ်သူရဲကောင်းတို့သည် နေ့တစ်နေ့တွင် မိမိတို့၏ ဓါးများအပေါ် 'ကစမ်'ကျိန်ဆိုကြသောအခါ၊ ထို့နောက် လူသားကို သိက္ခာနှင့် ထူးမြတ်မှုပေးသော အရာများကို ရေတွက်ကြသောအခါ ၎င်းတို့၏

သိက္ခာနှင့် ထူးမြတ်ခြင်းတို့အတွက် ရေးသားသူတို့၏ ကလောင်သည် လုံလောက်သည်ကို တွေ့ရှိရသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် အမြဲထာဝရအတွက် ကလောင်ကို တိုင်တည်၍ ကျိန်ဆိုတော်မူခဲ့သောကြောင့် ဖြစ်သည်'ဟူ၏။

မည်သို့ပင်ဆိုစေ ဤအာယသ်တော်၌ 'သက္ကဒီးရ်'ရေးသားသည့် ကလောင် (သို့) အဖန်ဆင်းခံတို့၏ ကလောင်အားလုံးနှင့် **مايسطرون** တွင် ရှိသော ထိုကလောင်များဖြင့် ရေးသားထားသည်များနှင့် ရေးသားခံရမည့် အရာအားလုံးကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုပြီး ကိုယ်တော်မြတ် ﷺ အား ရူးသွပ်သူဟု စွပ်စွဲပြောဆိုသော ကာဖိရ်တို့၏ လွဲမှားသော စွပ်စွဲချက်များကို တုန့်ပြန်ချေပတော်မူလိုက်ခြင်း ဖြစ်သည်။ မိန့်ကြားတော်မူသည်မှာ

مَآ انت بِنِعْمة ربِّك بمجنونٍ

'အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် အသင်သည် ရူးသွပ်သူလုံးဝ မဟုတ်ပါ'ဟု ဖြစ်သည်။

ဤနေရာတွင် **بِنِعْمَةِ رَبِّكَ** ဟု ထည့်သွင်းလျက် 'အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူး တော်နှင့် ကရုဏာအပြည့်အဝ ကျရောက်ခြင်း ခံရသူသည် မည်ကဲ့သို့ ရူးသွပ်သူဖြစ်နိုင်ပါသနည်း။ ၎င်းအား ရူးသွပ်သူဟု ပြောဆိုသူကိုယ်တိုင်သာ ရူးသွပ်သူဖြစ်စေသည်'ဟူသော ကြွေးကြော်မှု၏ အထောက်အထားကို ပေးတော်မူထားသည်။

အကျိုးရလဒ်

သာသနာ့ပညာရှင်များက မိန့်သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အသျှင်မြတ်က တိုင်တည်၍ ကျိန်ဆိုသော အရာများသည် 'ကစမ်'ကျိန်ဆိုခြင်းအကြောင်းအရာအတွက် သက်သေသာဓကတစ်ခု ဖြစ်သည်။ ဤနေရာ၌ **مَايَسْطُرُوْنَ** ဟူသော စာလုံးဖြင့် လောက၏ သမိုင်းတွင် ရေးသားခဲ့ပြီးသမျှနှင့် ရေးသားလျက်ရှိသည်တို့ကို သက်သေအဖြစ် တင်ပြလိုက်ခြင်းဖြစ်သည်။ လောက၏ သမိုင်းတွင် ကြည့်ရှုလိုက်ပါလျှင် ဤကဲ့သို့ အကျင့်စာရိတ္တ မြင့်မြတ်သူများနှင့် ကျင့်စဉ်ကျင့်ရပ်များ ကောင်းမွန်သူတို့သည် အဘယ်မှာလျှင် ရူးသွပ်သူများ ရှိခဲ့ပါသနည်း။ ၎င်းတို့မှာမူ အခြားသူတို့၏ ဦးနှောက်အသိတရားများကို မှန်ကန်အောင် ပြုလုပ်ပေးသူများပင် ဖြစ်ကြသည်။ ရှေ့တွင် ဖော်ပြပါအကြောင်းအရာကို ထပ်ဆင့်၍ ထောက်ခံထားခြင်း လာရှိသည်။

اِنَّ لَكَ لَاَجْرًا غَيْرَ مَمْنُوْنٍ ○

(စေကန်မုချ အသင့်အတွက် မည်သည့်အခါမျှ ပြတ်တောက်ခြင်း ရှိမည်မဟုတ်သော ကြီးမားသည့် အကျိုးကျေးဇူးများ ရှိပေသည်။)

ဆိုလိုသည်မှာ 'အသင်ပြုလုပ်သည့် လုပ်ရပ်ကို ဤရှုးသွပ်သူများက 'ရှုးသွပ်သူ'ဟု ပြောဆိုကြသည်။ ထိုလုပ်ရပ်မှာမူ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လက်ခံတော်မူဆုံးသော လုပ်ရပ်ဖြစ်သည်။ ထိုလုပ်ရပ်အပေါ် အသင်သည် ကြီးမားသော အကျိုးကုသိုလ် ရရှိမည်ဖြစ်ပေသည်။ ထိုအကျိုးကုသိုလ်သည် မည်သည့်အခါမျှ ပြတ်တောက်ခြင်းမရှိဘဲ အမြဲအတွက် ဖြစ်ပေမည်။ တစ်ခါတစ်ရံ ရှုးသွပ်သူတစ်ဦး၏ လုပ်ရပ်အပေါ်၌လည်း ရှုးသွပ်သူတို့ အကျိုးရရှိတတ်သည်။ ရှေ့တွင် ဤအကြောင်းအရာကို ပို၍ လေးနက်စေရန် ဤစာပိုဒ်ကို မိန့်ကြားတော်မူထားသည်။

وَاِنَّكَ لَعَلٰى خُلُقٍ عَظِيۡمٍ

ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ ၏ ပြည့်စုံကုံလုံ ထူးမြတ်သော စာရိတ္တအပေါ် လေးနက်စွာ စဉ်းစားဆင်ခြင်ရန် ညွှန်ကြားထားတော်မူသည်မှာ 'အို၊ ရှုးသွပ်သူတို့၊ အနည်းငယ်မျှပင် စဉ်းစားဆင်ခြင်ကြည့်မည်ဆိုလျှင် ရှုးသွပ်သူများသည် အဘယ်မှာလျှင် ဤကဲ့သို့သော စာရိတ္တမွန်များနှင့် လုပ်ရပ်ကောင်းများ ရှိခဲ့ကြပါသနည်း' ဟု ဖြစ်သည်။

တမန်တော်မြတ် ﷺ ၏ ကြီးမားသော စာရိတ္တမွန်

ဟဇရတ်အိဗ်နေအဗ္ဗာစ် ؓ သခင်က မိန့်ဆိုသည်မှာ **خلق عظيم** ၏ အလိုသဘောမှာ ကြီးမားသော သာသနာပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ဤအစ္စလာမ်သာသနာတော်ထက် ပို၍ နှစ်သက်သော သာသနာမရှိပေ။

ဟဇရတ်အာအေရှာဟ် ؓ သခင်မက မိန့်ဆိုသည်မှာ 'ကိုယ်တော်မြတ် ﷺ ၏ အကျင့်စာရိတ္တမွန်သည် ကုရ်အာန်ကျမ်းတော်မြတ်ပင်' ဖြစ်သည်။ ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်မှ သင်ကြားတော်မူထားသော မြင့်မားသည့် ကျင့်စဉ်များနှင့် စာရိတ္တမွန်တို့နှင့် စပ်လျဉ်း၍ ကိုယ်တော်မြတ် ﷺ သည် ထိုအရာအားလုံး၏ လက်တွေ့နမူနာ ဖြစ်ပေသည်။

ဟဇရတ်အလီ ؓ သခင်က မိန့်သည်မှာ- **خلق عظيم**

၏ အလိုသဘောမှာ 'ကုရ်အာန်ကျမ်းတော်မြတ်က သင်ကြားပေးသော ယဉ်ကျေးမှု စာရိတ္တမွန်များပင် ဖြစ်သည်' ဟူ၏။

ရရှိသည့် ရလဒ်မှာ တစ်မျိုးတည်းပင် ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ ၏ မူလဇာတိတော်တွင် မြင့်မြတ်သော အကျိုးစာရိတ္တတော်များကို ပြည့်စုံကုံလုံစွာ စုစည်းထည့်သွင်းပေးထားတော်မူသည်။

ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင်က မိန့်ကြားသည်မှာ-

بعثت لاتمم مكارم الاخلاق

'ငါကိုယ်တော်သည် အမြင့်မားဆုံးသော စာရိတ္တတော်များကို ပြည့်ဝစွာ ပြုလုပ်ရန် စေလွှတ်တော်မူခြင်း ခံရသည်' ဟု ဖြစ်သည်။ *[အဘူဟိုင်ယာန်]*

ဟဇရတ်အနက်စ် ﷺ သခင်က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် (၁၀) နှစ်တိုင် တမန်တော်မြတ် ﷺ ၏ အပါးတော်၌ ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့သူဖြစ်သည်။ ဤမျှ ရှည်ကြာသည့်ကာလတွင် ကျွန်ုပ်ပြုလုပ်သည့် အလုပ်များ၌ ဤအရာ အဘယ်ကြောင့် မပြုလုပ်ပါသနည်း'ဟု မည်သည့်အခါမျှ မေးမြန်းတော်မူခြင်းလည်း မရှိခဲ့ပေ။ (အမှန်စင်စစ် (၁၀) နှစ်တာကာလအတွင်း 'ခစ်ဒမသ်'ပြုလုပ်ပေးသူတွင် စိတ်နှင့်မတိုက်ဆိုင်သော အလုပ်များစွာ ရှိမည်သာ ဖြစ်ပေမည်။) *[ဗုခါရီ၊ မွတ်စ္စလင်မ်]*

ဟဇရတ်အနက်စ် ﷺ သခင်က မိန့်ခဲ့သည်။ တမန်တော်မြတ် ﷺ ၏ မြင့်မြတ်သော စာရိတ္တတော်မှာ မဒီနာမြို့ရှိ ကျွန်မတစ်ဦးကပင်ဖြစ်စေ၊ ကိုယ်တော်မြတ် ﷺ ၏ လက်ကို ကိုင်၍ ခေါ်သွားလိုသည့်နေရာကို ခေါ်သွားနိုင်သည်'ဟု ဖြစ်သည်။ *[ဗုခါရီကျမ်း]*

ဟဇရတ်အာအေရှာဟ် ﷺ သခင်မက မိန့်ဆိုသည်မှာ 'တမန်တော်မြတ် ﷺ သည် 'ဂျီဟားဒ်ဖီစဗီလိလ္လာဟ်' မှလွဲ၍ မိမိ၏ လက်တော်ဖြင့် မည်သည့်အခါမျှ မည်သူ့ကိုမျှ ရိုက်နှက်တော်မူခြင်း မရှိခဲ့ပေ။ 'ဂျီဟားဒ်'တွင် ကာဖိရ်များကို တိုက်ခိုက်သတ်ဖြတ်ခြင်းကား ရှိပေသည်။ ထိုသို့မဟုတ်ပ် မူ ကိုယ်တော်မြတ် ﷺ သည် မည်သည့်အစေခံအားလည်းကောင်း၊ မည်သည့်အမျိုးသမီးအားလည်းကောင်း၊ မည်သည့်အခါမျှ ရိုက်နှက်တော်မူခြင်း မရှိခဲ့ပေ။ ၄င်းတို့အနက် တစ်ဦးတစ်ယောက်သည် မှားယွင်းချွတ်ချော်မှု ဖြစ်ပေါ်သည့်အခါ ထိုမှားယွင်းမှုအပေါ် လက်စားချေတော်မူလေ့လည်း မရှိပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ဆန့်ကျင်မှုပြုသူကိုမူ ရှရီအသ်တရားတော်အရ အပြစ်ဒဏ်ချတော်မူလေသည်။ *[မွတ်စ္စလင်မ်]*

ဟဇရတ်ဂျာဗိရ် ﷺ သခင်က မိန့်ဆိုသည်မှာ 'တမန်တော်မြတ် ﷺ ထံတော်မှ ပြန်လည်တုန့်ပြန်ဖြေကြားခြင်းမရှိသော အရာကို မည်သည့်အခါမျှ မေးမြန်းခြင်းမခံရပေ။ *[ဗုခါရီ၊ မွတ်စ္စလင်မ်။]*

ဟဇရတ်အာအေရှာဟ် ﷺ သခင်မက မိန့်ဆိုသည်မှာ တမန်တော်မြတ် ﷺ သည် အရှက်ကင်းမဲ့သူမဟုတ်။ အရှက်ကင်းမဲ့သည့် နေရာများသို့လည်း သွားတော်မမူ။ ဈေးများ၌ ဟစ်အော်ဆူညံမှုလည်း မပြု။ မကောင်းမှုဖြင့် ဆက်ဆံလာသူအား မကောင်းမှုဖြင့် လက်စားချေ တုန့်ပြန်ခြင်းလည်း မပြု။ ထိုမျှသာမက ခွင့်လွှတ်ခြင်းဖြင့်သာ ဆက်ဆံတော်မူလေ့ ရှိသည်။ ဟဇရတ်အဘူဒါဒရ် ﷺ သခင်က မိန့်ဆိုသည်မှာ 'တမန်တော်မြတ် ﷺ က 'မီဇာန်' ချိန်ခွင်တွင် ကောင်းမြတ်သော စာရိတ္တမွန်နှင့် မည်သည့် 'အမလ်'ကောင်းမှုမျှ အလေးချိန် မတူညီနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်သည် ဆဲရေးတိုင်းထွာမှုပြုသည့် နှုတ်ကြမ်းသူအား မုန်းတီးတော်မူ၏' ဟု မိန့်ကြားတော်မူခဲ့သည်။ *[သိရ်မေဇီကျမ်း]*

ဟဇရတ်အာအေရှာဟ် ﷺ သခင်မက ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'မွတ်စ္စလင်မ်သည် မိမိ၏ စာရိတ္တကောင်းများအားဖြင့် ညအခါ 'အေဗာဒသ်'ပြုရန် အစဉ်အမြဲ နိုးကြားပြီး တစ်နေကုန် 'ရိုဇာဟ်'ဥပုသ် စောင့်ထိန်းသူ၏ အဆင့်အတန်းကို ရရှိသူဖြစ်သည်'ဟူ၏။ *[အဘူဒါဝူဒ်]*

ဟဇရေသ်မအားဇ် ﷺ သခင်က မိန့်သည်မှာ 'ကျွန်ုပ်အား ယမန်နိုင်ငံ၏ အခွန်ကောက်ခံသူအဖြစ် ခန့်အပ်ခြင်း ခံရသောအခါ ကျွန်ုပ်သည် မိမိ၏ ခြေတစ်ဘက်ကို အစီးအနင်းပေါ် တင်လိုက်စဉ် ကိုယ်တော်မြတ် ﷺ က နောက်ဆုံး မိန့်မှာတော်မူသည်မှာ-

يَامَعَا ذ اَحۡسِنۡ خُلُقَكَ لِلنَّاسِ

('အို၊ မအားဇ်၊ အသင်သည် လူတို့အား ကောင်းမွန်သော အကျင့်စာရိတ္တဖြင့် ဆက်ဆံပါလေ' ဟူ၏။)

ဤဆင့်ပြန်ချက်အားလုံးသည် သဖ်စီးရ်မဇ္ဇဟရီကျမ်းမှ ကောက်နုတ်တင်ပြခြင်းဖြစ်သည်။

فَسَتُبۡصِرُ وَيُبۡصِرُوۡنَ ۝ بِاَيِّكُمُ الۡمَفۡتُوۡنُ

မကြာမြင့်မီအချိန်တွင် မည်သူသည် ရူးသွပ်သူဖြစ်သည်ကို အသင်သည်လည်း မြင်တွေ့ရပေမည်။ ၎င်းတို့သည်လည်း မြင်တွေ့ကြပေမည်။

مفتون သည် ဤနေရာတွင် **مجنون** ရူးသွပ်သူ၏ အဓိပ္ပာယ်ဖြစ်သည်။ နောက်မှ အာယသ်တော်များတွင် ကိုယ်တော်မြတ် ﷺ အား ရူးသွပ်သူဟု ပြောဆိုသူများ၏ မကောင်းပြောဆိုမှုများကို အထောက်အထားများဖြင့် ချေပထားတော်မူသည်။ ဤအာယသ်တော်၌မူ ဤအချက်သည် ဤအတိုင်း ဖုံးအုပ်ကွယ်ဝှက်နေမည့်အရာမဟုတ်ဘဲ မကြာမြင့်မီအချိန်တွင် အသင်သည် ရူးသွပ်သူဖြစ်သလား။ (သို့) အသင့်အား ရူးသွပ်သူဟု ပြောဆိုသူများသည်ပင် ရူးသွပ်သူများ ဖြစ်ကြသလား။ ဆိုသည်ကို မျက်စိအားလုံးတို့ဖြင့် မြင်တွေ့ရတော့မည်ဖြစ်ကြောင်း ကြိုတင်မိန့်ကြားခြင်းအနေဖြင့် မိန့်ကြားထားတော်မူသည်။ သို့ဖြစ်ပေရာ အနည်းငယ်မျှသာ ကြာသော ကာလ၌ပင် ဤအချက်သည် ပေါ်ပေါက်၍ လောက၏ ရှေ့မှောက်၌ ရောက်ရှိလာခဲ့သည်။ ထိုသို့ ရူးသွပ်သူဟု ပြောဆိုသူများအနက်မှ ထောင်ပေါင်းများစွာသည် အစ္စလာမ်သာသနာဝင်များ ဖြစ်လျက် ကိုယ်တော်မြတ် ﷺ ၏ နောက်လိုက်ပြုခြင်းနှင့် အချစ်ကို နဖူးစာကောင်းခြင်း၏ အကြောင်းတရားအဖြစ် မှတ်ယူခဲ့ကြသည်။ နဖူးစာဆိုးယုတ်သူတို့မှာမူ ဤသို့ ပြုနိုင်ခြင်းမရှိခဲ့ပေ။ ၎င်းတို့သည် လောက၌လည်း သေးသိမ်ယုတ်ညံ့စွာ ရှိခဲ့ကြသည်။

فَلَا تُطِعِ الۡمُكَذِّبِيۡنَ ۝ وَدُّوۡا لَوۡ تُدۡهِنُ فَيُدۡهِنُوۡنَ

ဆိုလိုသည်မှာ 'အသင်သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းဆိုသူများ၏ စကားကို နားမထောင်လေနှင့်။ ၎င်းတို့ကမူ အသင်သည် 'သဗ်လီးဂ်' အမိန့်တော်များကို ပို့ချရာတွင် လျော့ရဲမှုဖြစ်ခြင်းကို လိုလားကြပေသည်။ ထို့ပြင် 'ရှရစ်က်'ပြုခြင်းနှင့် ရုပ်တုများအား ကိုးကွယ်ခြင်းအပေါ် တားမြစ်မှုကို စွန့်လွှတ်လိုက်ပါက ၎င်းတို့သည် အသင့်အား မကောင်းပြောဆိုခြင်းများနှင့် အသင့်အား ဒုက္ခပေးခြင်းတို့ကို စွန့်လွှတ်ခြင်းဖြင့် အလျှော့ပေးကြပေလိမ့်မည်' ဟု ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ဓမ္မသတ် ။ ။ ဤအာယသ်တော်အားဖြင့် သိရှိရသည်မှာ 'ကာဖိရ်တို့နှင့် ကျွန်ပ်တို့သည် အသင်တို့အား တစ်စုံတစ်ရာ ပြောဆိုမည်မဟုတ်။ အသင်တို့သည်လည်း ကျွန်ုပ်တို့အား တစ်စုံတစ်ရာပြောဆိုခြင်း မပြုလေနှင့်။' ဤသို့ အပေးအယူပြုလုပ်ခြင်းသည် သာသနာတွင် အပေးယူပြုလုပ်ခြင်းဖြစ်ပြီး 'ဟရာမ်' ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ဆိုလိုသည်မှာ မည်သည့်အကြပ်အတည်းနှင့် အခက်အခဲမျှ မရှိဘဲ ဤသို့ အပြန်အလှန် ကတိပြု အပေးအယူ ပြုလုပ်ခြင်းသည် မပိုင်ပေ။

وَلَا تُطِعْ كُلَّ حَلَّافٍ مَّهِينٍ ○ هَمَّازٍ مَّشَّآءٍ بِنَمِيمٍ ○ مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ اَثِيمٍ ○ عُتُلٍّ ۢ بَعْدَ ذٰلِكَ زَنِيمٍ ○

အသင်သည် ဤသို့သော သူများ၏ စကားကို နားမထောင်လေနှင့်။ ၎င်းတို့မှာ လွန်စွာ (မုသား) 'ကစမ်'ကျိန်ဆိုသူ၊ သေးသိမ်သူ လူတို့အား အပြစ်ရှာတတ်သူ၊ အတင်းအဖျင်းပြောဆိုတတ်သူ၊ ကုန်းချော ကုန်းတိုက်ပြုလုပ်သူ၊ ကောင်းမှုများ ပြုလုပ်ခြင်းမှ လူတို့အား တားမြစ်သူ၊ မတရားမှုပြုရာတွင် အတိုင်းထက် လွန်စွာ ပြုသူ၊ အပြစ်ဒုစရိုက်များစွာ ကျူးလွန်သူ၊ အလွန်ကစမ်ကျိန်ဆိုသူ၊ အကျင့်စရိုက် ယုတ်ညံ့သူနှင့် စေးနဲတွန့်တိုသူတို့ ဖြစ်သည်။ ထိုသေးသိမ် ယုတ်ညံ့သော ဂုဏ်ပုဒ်များများနှင့်အတူ زَنِيمٍ 'ဇနီးမ်' လည်း ပါဝင်သည်။ 'ဇနီးမ်'၏ အဓိပ္ပာယ်မှာ ၎င်း၏ မျိုးဆက်တွင် ဖခင်ကို မပြနိုင်သောသူ (မျိုးမစစ် သူ) ဟု ဖြစ်သည်။

ပထမအာယသ်တော်တွင် ကာဖိရ်အားလုံးတို့၏ စကားကို လက်မခံရန်နှင့် သာသနာရေးကိစ္စများ တွင် ၎င်းတို့ကြောင့် မည်သည့်အပေးအယူမျှ မပြုလုပ်ရန် အများအတွက် အမိန့်ပေးထားတော်မူသည်။ ဤအာယသ်တော်တွင် ဆိုးသွမ်းသူတစ်ဦးဖြစ်သော ဝလီးဒ်ဗင်န်မုဂီရဟ်၏ သေးသိမ်သောဂုဏ်ပုဒ်များကို ဖော်ပြလျက် ၎င်းအား ရှောင်ရှားရန်နှင့် ၎င်း၏ စကားကို နားမထောင်ရန် အထူးအမိန့်ပေးထားသည်။

ရှေ့တွင်လည်း အာယသ်တော်များစွာတို့တွင် ထိုသူ၏ မကောင်းသော စရိုက်ဆိုးနှင့် ဆိုးသွမ်းမှု တို့ကို တင်ပြပြီးနောက်

سَنَسِمُهٗ عَلَى الْخُرْطُوْمِ

ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် 'ကေယာမသ်'နေ့တွင် ၎င်း၏ နှာခေါင်းပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူမည်'ဟု ဖြစ်သည်။ ဤသို့ ပြုခြင်းဖြင့် ရှေးခေတ်၊ နောင်းခေတ် မှ လူအားလုံးတို့တွင် ၎င်း၏ သေးသိမ်မှု ပေါ်လွင်သွားပေလိမ့်မည်။ ၎င်း၏ နှာခေါင်းကို ဆင်နှင့် ဝက်တို့ အတွက်သာ အထူးဖြစ်သော خُرطوم ဟူသော စာလုံးကို သုံးနှုန်းရခြင်းမှာ သေးသိမ်ယုတ်ညံ့မှုကို ပေါ်လွင်စေရန် ဖြစ်သည်။

اِنَّابَلَوْ نٰهُمْ كَمَا بَلَوْنَا اَصْحٰبَ الْجَنَّةِ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ထို (မက္ကာဟ်မြို့တွင် နေထိုင်) သူတို့အား ဥယျာဉ်ရှင်များကို စမ်းသပ်တော်မူသကဲ့သို့ စမ်းသပ်တော်မူခဲ့သည်။

လွန်ခဲ့သော အာယသ်တော်များတွင် မက္ကာဟ်မြို့ရှိ ကာဖိရ်တို့သည် တမန်တော်မြတ် ﷺ အပေါ် မဟုတ်မမှန် စွပ်စွဲလျက် မကောင်းပြောဆိုခြင်းများကို တုန့်ပြန်ချေပထားသည်။ ယခု ဤအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်သည် ရှေးခေတ်မှ ဖြစ်ရပ်တစ်ခုကို တင်ပြလျက် မက္ကာဟ်သားတို့အား သတိပေးတော်မူထားသည်။ ထို့နောက် 'အဇာဗ်'မှ သတိပေးနှိုးဆော်ထားသည်။

မက္ကာဟ်သားတို့အား စမ်းသပ်ခြင်းဆိုသည်မှာ အဆိုပါဖြစ်ရပ်တွင် အလ္လာဟ်အသျှင်မြတ်သည် ဥယျာဉ်ရှင်များအား မိမိ၏ ကျေးဇူးတော်များ ချီးမြှင့်တော်မူခဲ့သည်။ ၄င်းတို့သည် ထိုကျေးဇူးတော်များကို ကျေးဇူးကန်းခဲ့ကြသည်။ ဤသို့ ကျေးဇူးကန်းခြင်းအပေါ် 'အဇာဗ်'ကျရောက်ခဲ့ပြီး အသျှင်မြတ်၏ ကျေးဇူးတော်များလည်း ပြန်လည်ရုပ်သိမ်းခြင်း ခံခဲ့ကြရသည်။ အလ္လာဟ်အသျှင်မြတ်သည် မက္ကာဟ်သားတို့အပေါ် မိမိ၏ အကြီးမားဆုံးသော ကျေးဇူးတော် ချီးမြှင့်တော်မူသည်မှာ တမန်တော်မြတ် ﷺ အား ၄င်းတို့၏ အတွင်းမှာပင် မွေးဖွားစေတော်မူခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ၄င်းတို့၏ ကုန်ကူးသန်းရောင်းဝယ်မှုများတွင် 'ဗရ်ကသ်'မင်္ဂလာတော်များ ချီးမြှင့်တော်မူခဲ့သည်။ ၄င်းတို့အား အခြေအနေကောင်းများကို ချီးမြှင့်တော်မူခဲ့သည်။ ဤသည်ပင် ၄င်းအတွက် စမ်းသပ်မှုဖြစ်သည်မှာ ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ဤကျေးဇူးတော်များကို ကျေးဇူးသိလျက် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်တို့အပေါ်၌ အီမာန်သက်ဝင်ယုံကြည်မှု ရှိလေသလော။ သို့တည်းမဟုတ် မိမိတို့ကို 'ကုဖွရ်'ငြင်းပယ်မှုအပေါ်၌သာ ဆက်လက် တည်ရှိနေကြလေသလော'ဟု ဖြစ်သည်။

ဒုတိယပုံစံမှာ ၄င်းတို့သည် ဥယျာဉ်ရှင်တို့၏ ဖြစ်ရပ်ကို သံဝေဂယူထိုက်သည်မှာ '၄င်းတို့သည် ကျေးဇူးတော်များကို ကျေးဇူးကန်းခြင်းမပြုဘဲ ရှိခဲ့ပါလျှင် ဤကဲ့သို့သော 'အဇာဗ်' အပြစ်ဒဏ်များ ကျရောက်မည်မဟုတ်' ဟု ဖြစ်သည်။

ဤအာယသ်တော်များအားလည်း စူရာဟ်၏ အများစုကို 'မက္ကီ'ဟု သတ်မှတ်သကဲ့သို့ သတ်မှတ်နိုင်ပေသည်။ သို့ရာတွင် များစွာသော သဖ်စီးရ်အဖွင့်ပညာရှင်တို့သည် ထိုအာယသ်တော်များကို 'မဒနီ' ဟုပင် သတ်မှတ်ကြသည်။ ဤနေရာ၌ တင်ပြထားသည့် စမ်းသပ်မှုဖြစ်ရပ်သည် တမန်တော်မြတ် ﷺ ၏ 'ဗဒ်ဒိုအာ'ဖြင့် ၄င်းတို့အပေါ်၌ ကျရောက်ခဲ့သော ကပ်ဆိုက်ခြင်း၏ 'အဇာဗ်'ဖြစ်သည်။ ထိုကပ်ဆိုက်သော 'အဇာဗ်'တွင် ၄င်းတို့သည် ဆာလောင်မွတ်သိပ်၍ သေခဲ့ကြရသည်။ ထို့ပြင် တိရစ္ဆာန်အသေကောင်များနှင့် သစ်ရွက်များကို စားသောက်ခြင်းဖြင့်ပင် ဒုက္ခများ ခံစားခဲ့ရသည်။ ဤဖြစ်ရပ်သည် ဟိဂျရသ်၏ နောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သည်။

ဥယျာဉ်ရှင်များ၏ ဖြစ်ရပ်

ဤဥယျာဉ်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကဲ့သို့ ရှေးခေတ်ဦး ပုဂ္ဂိုလ် စသည်တို့၏ အဆို အရ ယမန်နိုင်ငံတွင် ဖြစ်ခဲ့သည်။ ဟဇရသ်စအီးဒ်ဗင်နိဂျူဗိုင်ရ် ﷺ သခင်၏ ဆင့်ပြန်ချက်တစ်ရပ်တွင် ယမန်နိုင်ငံ၏ ကျော်ကြား၍ နန်းစိုက်မြို့တော်ဖြစ်သော 'ဆွန်အာ'မှ (၆) မိုင်ကွာဝေးသော နေရာ၌ ရှိသည်ဟု ဖြစ်သည်။ အချို့ပညာရှင်များက ဤဖြစ်ရပ်ဖြစ်ပေါ်သော နေရာကို 'ဟဗ်ရှဟ်'ဖြစ်သည်ဟု ဆိုကြသည်။

[အိဗ်နေကစီးရ်]

၎င်းတို့သည် ရှေးကျမ်းရပုဂ္ဂိုလ်များအနက်မှ ဖြစ်သည်။ ဤဖြစ်ရပ်သည် ဟဇရသ်အီစာ ﷺ အား မိုးကောင်းကင်ပေါ်သို့ မ,ယူတော်မူပြီး ကာလအနည်းငယ်ကြာ နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည်။

[ကုရ်သုဗီး]

ဖော်ပြပါအာယသ်တော်များတွင် ၎င်းတို့အား 'အပ်ဆ်ဟာဗွလ်ဂျန္နဟ်'ဥယျာဉ်ရှင်များဟူသော အမည်ဖြင့် တင်စားထားသည်။ သို့ရာတွင် အာယသ်တော်များ၏ အကြောင်းအရာအားဖြင့် သိရှိရသည်မှာ ၎င်းတို့ထံတွင် ဥယျာဉ်များသာမဟုတ်ဘဲ လက်ယာမြေများလည်း ရှိကြသည်'ဟု ဖြစ်သည်။ ဥယျာဉ်များနှင့် အတူ လယ်ယာများ လယ်ယာမြေများ ရှိခြင်းလည်း ဖြစ်နိုင်သည်။ သို့ရာတွင် ဥယျာဉ်များဖြင့် ကျော်ကြားမှု ရှိသည့်အတွက် ဥယျာဉ်ရှင်များဟု ခေါ်ဆိုခြင်းဖြစ်နိုင်သည်။ ၎င်းတို့၏ ဖြစ်ရပ်ကို မိုဟမ္မဒ်ဗင်နမရ်ဝါးန်၏ ဆင့်ပြန်ချက်ဖြင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဤအတိုင်း ဆင့်ပြန်ခဲ့ခြင်းဖြစ်သည်။

ယမန်၏ 'ဆွန်အာ'မှ 'ဖရ်စခ်' နှစ်ခု အကွာအဝေးတွင် صروان 'ဆွရ်ဝါးန်' မည်သော ဥယျာဉ် တစ်ခု ရှိသည်။ ဤဥယျာဉ်ကို သူတော်စင်တစ်ဦးက အစပြု စိုက်ပျိုးခဲ့ခြင်း ဖြစ်သည်။ ၎င်း၏ လုပ်ရိုး လုပ်စဉ်မှာ လယ်ယာရိတ်သိမ်းသည့်အခါ ရိုးပြတ်များ ချန်ထားလေ့ ရှိခဲ့သည်။ ၎င်းတို့ကို သူဆင်းရဲများ အတွက် ချန်ထားခဲ့ခြင်းဖြစ်သည်။ ချို့တဲ့ဆင်းရဲသူတို့သည် ထိုရိုးပြတ်များမှ သီးနှံများကို ကောက်သင်း ကောက်ယူ၍ မိမိတို့၏ ဝမ်းစာအတွက် ရယူခြင်း ဖြစ်လေသည်။

ထိုနည်းတူ သီးနှံများ လှေ့၍ အခွံနှင့် အသီးကို ခွဲခြားသည့်အခါ အခွံနှင့်အတူ ရောပါသွားသော သီးနှံများကိုလည်း သူဆင်းရဲတို့အတွက် ချန်လှပ်ပေးလေ့ရှိသည်။ ဤနည်းအတိုင်းပင် ဥယျာဉ်မှ အသီးများ ဆွတ်ခူးရင်းမှ အောက်သို့ ကျသွားသော အသီးများကိုလည်း ဆင်းရဲများအတွက် ချန်လှပ်ပေးလေ့ ရှိခဲ့သည်။ ဤအတွက်ကြောင့်ပင် ၎င်း၏ လယ်ယာရိတ်သိမ်းချိန် (သို့) အသီးများ ဆွတ်ခူးသည့်အချိန်တို့တွင် သူဆင်းရဲ များစွာတို့သည် စုရုံး၍ ရောက်ရှိလေ့ရှိခဲ့ကြသည်။ ထိုပုဂ္ဂိုလ် ကွယ်လွန်သေဆုံးသွားသည့်အခါ ၎င်း၏ သား (၃) ဦးတို့သည် ဥယျာဉ်နှင့် လယ်ယာမြေများကို အမွေအဖြစ် ပိုင်ဆိုင်ခဲ့ကြသည်။ ၎င်းတို့သည် အချင်းချင်း ပြောဆိုကြသည်မှာ 'ယခုအခါ ကျွန်ုပ်တို့၏ မိသားစုများမှာ တိုးပွားများပြားလာခဲ့ပြီ ဖြစ် သည်။ လယ်ယာဥယျာဉ်ထွက် သီးနှံများမှ လိုအပ်ချက်ထက် နည်းနေသည်။ ထို့ကြောင့် ယခုအခါ ထို ဆင်းရဲသားများအတွက် ဤမျှ သီးနှံများနှင့် သစ်သီးဝလံများကို ချန်လှပ်ပေးရန် ကျွန်ုပ်တို့ မတတ်နိုင်ပါ'

ဟု ဖြစ်သည်။ အချို့ဆင့်ပြန်ချက်များ၌ လာရှိသည်မှာ 'ထိုသူတို့သည် လွတ်လပ်သော လုလင်ပျိုများကဲ့သို့ ပြောဆိုကြသည်မှာ 'ကျွန်ုပ်တို့၏ ဖခင်သည် အသိဉာဏ်မရှိသူ ဖြစ်သည်။ ဤမျှ များပြားသော သီးနှံများနှင့် သစ်သီးဝလံတို့ကို လူအများအား ပေးကမ်းခဲ့သည်။ ကျွန်ုပ်တို့သည် ဤလမ်းစဉ်ကို ပိတ်ပင်လိုက်ကြမည်' ဟု ဖြစ်သည်။ ရှေ့တွင် ၎င်းတို့၏ ဖြစ်ရပ်နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

اِذْ اَقْسَمُوْا لَيَصْرِمُنَّهَا مُصْبِحِيْنَ ○ وَلَا يَسْتَثْنُوْنَ ○

ဆိုလိုသည်မှာ "၎င်းတို့သည် အချင်းချင်း ကစမ်ကျိန်ဆို၍ ကတိပြုကြသည်မှာ 'ဤအကြိမ်တွင် ကျွန်ုပ်တို့သည် နံနက်စောစော သွားရောက်၍ လယ်ယာရိတ်သိမ်းကြမည်။ သို့မှသာ သူဆင်းရဲများ မသိရှိနိုင်မည်ဖြစ်သည်။' ထို့ပြင် ၎င်းတို့သည် အတူလိုက်ပါမလာကြမည်ဖြစ်သည်"ဟူ၏။ ၎င်းတို့သည် မိမိတို့၏ ဤရည်ရွယ်ချက်အပေါ် 'အင်န်ရှာအလ္လာဟ်'ဟု ပြောဆိုရန် အခွင့်အရေးမရနိုင်လောက်အောင်ပင် ယုံကြည်လျက် ပြောဆိုခဲ့ကြခြင်း ဖြစ်သည်။ 'မနက်ဖြန် ဤအလုပ်ကို ပြုလုပ်မည်'ဟု ပြောဆိုရန်ဖြစ်လျှင် 'အင်န်ရှာအလ္လာဟ်' ကျွန်ုပ်သည် ဤအလုပ်ကို မနက်ဖြန် ပြုလုပ်မည်'ဟု ပြောဆိုခြင်းမှာ 'စွန္နသ်'ဖြစ်ပေသည်။

لَا يَسْتَثْنُوْنَ ၏ အဓိပ္ပာယ်မှာ ခွဲခြားထုတ်နုတ်မှု မပြုခြင်းဟု ဖြစ်သည်။ အလိုသဘောမှာ 'အင်န်ရှာအလ္လာဟ်' ပြောဆိုခြင်းဖြစ်သည်။ အချို့အဖွင့်ပညာရှင်များက ဤခွဲခြားထုတ်နုတ် ခြင်းဟူသည်မှာ "ကျွန်ုပ်တို့သည် သီးနှံများနှင့် သစ်သီးဝလံတို့ကို အပြည့်အဝ ယူဆောင်လာကြမည်။ 'သူဆင်းရဲတို့၏ ဝေစု'ဟူ၍ ခွဲခြားထုတ်နုတ်ခြင်း ပြုကြမည်မဟုတ်"ဟူသော အလိုသဘောကို ကောက်ယူကြသည်။ */ မဇ္ဇဟရီကျမ်း /*

فَطَافَ عَلَيْهَا طَآئِفٌ مِّنْ رَّبِّكَ

'ထို့နောက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်တော်မှ လှည့်ပတ်သော အရာသည် ထိုလယ်ယာနှင့် ဥယျာဉ်တို့အပေါ် လှည့်ပတ်ခဲ့လေသည်။ လှည့်ပတ်သော အရာဟူသည်မှာ လယ်ယာကို ပျက်စီးစေသော ဘေးဗလာဒုက္ခကို ဆိုလိုသည်။ အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ ထိုအရာမှာ မီးတစ်မျိုးဖြစ်သည်။ ၎င်းမီးသည် လယ်ယာနှင့် ဥယျာဉ်အားလုံးတို့ကို လောင်ကျွမ်းစေပြီး ပြာအမဲများ ဖြစ်သွားစေသည်'ဟု ဖြစ်သည်။

وَهُمْ نَآئِمُوْنَ ဤ 'အဇာဗ်'ကျရောက်ခြင်းသည် ညအချိန်တွင် ၎င်းတို့ အိပ်မောကျနေစဉ်၌ ဖြစ်ခဲ့သည်။

فَاَصْبَحَتْ كَالصَّرِيْمِ တွင် **صَرَمَ** ၏ အဓိပ္ပာယ်မှာ 'သီးနှံ စသည်များ ဆွတ်ခူး၊ ရိတ်သိမ်းခြင်း' ဟု ဖြစ်သည်။ **صرم** **مصروم** သည် **مقطوع** — **مصروم** 'ဖြတ်တောက်ရိတ်သိမ်းခြင်း' အဓိပ္ပာယ်ဖြစ်သည်။ ဆိုလိုသည့်သဘောမှာ 'ဤမီးသည် ထိုလယ်ယာကို ရိတ်သိမ်းပြီးနောက် ပြောင်ရှင်းသော မြေကွက်လပ်

သာ ကျန်ရှိသည့်အတိုင်း ပြုလုပ်လိုက်သည်' ဟု ဖြစ်သည်။ صَرِيْم ၏ အဓိပ္ပာယ်မှာ 'ည' ဟုလည်း လာရှိသည်။ ဤသို့ဆိုလျှင် အလိုသဘောမှာ 'ညသည် မဲမှောင်ခြင်း ဖြစ်သကဲ့သို့ ဤလယ်ယာသည် လည်း မဲမှောင်သွားသည်'ဟု ဖြစ်သည်။ *[မဇ္ဇှဟရီး]*

فَتَنَا دَوْا مُصْبِحِيْنَ

ဆိုလိုသည်မှာ 'နံနက်စောစော အမှောင်ချိန်၌ တစ်ဦးကိုတစ်ဦး ဟစ်အော်၍ နိုးကြသည်မှာ အကယ်၍ လယ်ယာရိတ်သိမ်းမည်ဆိုပါက စောစောသွားကြကုန်'ဟု ဖြစ်သည်။

وَهُمْ يَتَخَافَتُوْنَ

ဆိုလိုသည်မှာ အိမ် ထွက်သည့်အချိန်တွင် အချင်းချင်း တီးတိုးစကားများ ပြောဆိုကြသည်မှာ အတူလိုက်ပါမည့် မည်သည့်ဆင်းရဲသားမျှ မသိစေကြနှင့်'ဟု ဖြစ်သည်။

وَغَدَوْا عَلٰى حَرْدٍ قَا دِرِيْنَ

حَرْد ၏ အဓိပ္ပာယ်မှာ 'တားမြစ်ခြင်း၊ အမျက်ဒေါသကို ပြသခြင်း' ဖြစ်သည်။ ဆိုလိုသည်မှာ 'ငင်းတို့သည် မိမိတို့၏ အတွေးတွင် ကျွန်ုပ်တို့သည် မည်သည့်ဆင်းရဲသားကိုမျှ တစ်စုံတစ်ရာ မပေးခြင်း ပြုနိုင်သည်။ မည်သူပင် လာသည်ဖြစ်စေ ၄င်းကို မောင်းထုတ်ပစ်နိုင်သည်'ဟု မှတ်ယူနေကြသည်။

فَلَمَّارَاَوْهَا قَالُوْٓا اِنَّالَضَآلُّوْنَ

သို့ရာတွင် ထိုလယ်ယာမြေနှင့် ဥယျာဉ်၏ နေရာသို့ ရောက်ရှိပြီး လယ်ယာမြေနှင့် ဥယျာဉ်တို့ကို မတွေ့ရှိရသောအခါ ပထမဦးစွာ ၄င်းတို့က 'ကျွန်ုပ်တို့သည် လမ်းမှား၍ အခြားတစ်နေရာသို့ ရောက်ရှိ လာကြသည်။ ဤနေရာ၌မူ ဥယျာဉ်လည်း မရှိ။ လယ်ယာလည်း မရှိပါ'ဟု ပြောဆိုကြလေသည်။ သို့ရာတွင် အနီးဝန်းကျင်နေရာများနှင့် အမှတ်အသားတို့ကို ကြည့်၍ စဉ်းစားကြည့်သောအခါမှ နေရာမှာမူ ဤနေရာသာ ဖြစ်သည်။ လယ်ယာမြေတို့မှာ လောင်ကျွမ်း၍ ကုန်ဆုံးသွားကြောင်းကို သိရှိကြရလေသည်။ ထိုအခါတွင်

بَلْ نَحْنُ مَحْرُوْمُوْنَ

'ကျွန်ုပ်တို့သည် ဤကျေးဇူးတော်မှ လက်မဲ့ဖြစ်စေခြင်း ခံကြရလေပြီ'ဟု ပြောဆိုကြလေသည်။

قَالَ اَوْسَطُهُمْ اَلَمْ اَقُلْ لَّكُمْ لَوْلَا تُسَبِّحُوْنَ

"၄င်းတို့အနက် အလယ်အလတ် ကောင်းမွန် သူ (ဆိုလိုသည်မှာ ဖခင်ကဲ့သို့ ကောင်းမြတ်မှုရှိပြီး အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲခြင်းကို နှစ်သက်ပျော်ရွှင်၍ အခြားညီနောင်များကဲ့သို့ စေးနဲ တွန့်တိုခြင်းနှင့် စိတ်ဓါတ်မာကျောမှု မရှိသူ) က 'ကျွန်ုပ်သည် 'သတ်စ်ဗီးဟ်' အလ္လာဟ်အသျှင်မြတ်၏

နာမတော်၏ သန့်ရှင်းစင်ကြယ်မှုကို အဘယ်ကြောင့် မပြုကြသနည်း' ဟု အသင်တို့အား အစကနဦးမှပင် မပြောခဲ့လေသလော"ဟု ပြောဆိုလေသည်။

တဖ်ဆီရ် 'သတ်စ်ဗီးဟ်' ၏ အဓိပ္ပာယ်မှာ 'သန့်ရှင်းစင်ကြယ်မှုကို ထုတ်ဖော်ခြင်း' ဟု ဖြစ်သည်။ ဆိုလိုသည့်သဘောမှာ 'ဆင်းရဲသားများအား မိမိတို့၏ ပစ္စည်းဉစ္စာကို ကာကွယ်ရန် ကြံစည်သည့် ရည်ရွယ်ချက်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ဤပစ္စည်းများမှအပ အခြားပေးရန် မရှိတော့ဟု မှတ်ယူနေကြလေသလော။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ဤမှတ်ယူခြင်းမှ ကင်းစင်တော်မူပါသည်။ ထိုအသျှင်မြတ်သည် သုံးစွဲလှူဒါန်းသူကို မိမိထံတော်မှ ထပ်မံ၍ ပိုမို ပေးသနားတော်မူပါသည်။ [မဇှ်ဟရီ]

قَالُوْا سُبْحَانَ رَبِّنَا اِنَّا كُنَّا ظٰلِمِيْنَ

ထိုညီနောင်၏ စကားကို ထိုအချိန်၌မူ မည်သူမျှ နားမထောင်ခဲ့ကြပေ။ သို့ရာတွင် ယခုမူ အားလုံးက 'အလ္လာဟ်အသျှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ ကင်းရှင်းတော်မူပါသည်။ ကျွန်ုပ်တို့သည် ဆင်းရဲသားတို့၏ အခွင့်အရေးကို စားလိုသော မတရားသူများ ဖြစ်ကြပါသည်။

သတိပြုရမည့်အချက်

ထိုအလယ်အလတ် ကောင်းမွန်သူသည် အမှန်စကားကို ဆိုသူဖြစ်သည်။ အမှန်စင်စစ် ၎င်းသူသည် အခြားသူများထက် ကောင်းမွန်သူဖြစ်သည်။ သို့သော် မည်သို့ပင် ကောင်းမွန်သူဖြစ်စေ၊ ထိုသူများနှင့် အတူ ရောနှောပြီး ထိုသူတို့၏ လွဲမှားသော အယူအဆများအပေါ် လုပ်ကိုင်ရန် ဖြစ်ခဲ့သည့်အတွက် ၎င်း၏ 'ဟရှ်'သည်လည်း ထိုသူတို့ကဲ့သို့ ဖြစ်ပေသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် သိရှိရသည်မှာ 'လူတို့အား မကောင်းမှုများမှ ရှောင်ကြဉ်ရန် တားမြစ်ရာ လူတို့က မရှောင်ကြဉ်ဘဲ ရှိခဲ့သည်။ ထိုအခါ ထိုတားမြစ်သူကိုယ်တိုင် ၎င်းတို့နှင့် ရောနှောနေပြီး အပြစ်ကျူးလွန်ရာ၌ ပါဝင်ခဲ့သည်ဖြစ်လျှင် ၎င်းသူသည်လည်း ထိုသူတို့၏ အမိန့်အတိုင်းပင် ဖြစ်သည်။ ထိုသူအဖို့မှာ ၎င်းတို့ မရှောင်ကြဉ်ဟုဆိုလျှင်လည်း မိမိကိုယ်တိုင်မှာ ထိုပြစ်မှုမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။

فَاَقْبَلَ بَعْضُهُمْ عَلٰى بَعْضٍ يَّتَلَاوَمُوْنَ

ဆိုလိုသည်မှာ ၎င်းတို့သည် မိမိတို့၏ အပြစ်ကို သိရှိသွားကြသည်။ သို့ရာတွင် တစ်ဦးအပေါ်တစ်ဦး အပြစ်ဖို့ကြသည်မှာ 'အသင်ကပင် ပထမဦးစွာ ဤလွဲမှားသော အကြံဉာဏ်ကို ပေးခဲ့ခြင်းဖြစ်သည်။ ဤလွဲမှားသော အကြံဉာဏ်ကြောင့် ဤ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ခဲ့ရသည်'ဟု ဖြစ်သည်။ အမှန်စင်စစ် ဤအဖြစ်သည် တစ်ဦးတစ်ယောက်တည်းကြောင့်သာ မဟုတ်ဘဲ ၎င်းတို့အနက် အများစု (သို့) အားလုံးသည် ပါဝင်ခဲ့ကြသောကြောင့်သာ ဖြစ်သည်။

အထူးသတိပြုရမည့်အချက်

မျက်မှောက်ခေတ်၌ ဤစမ်းသပ်ခံရမှုသည် များစွာ ဖြစ်ပေါ်လျက် ရှိသည်မှာ အဖွဲ့အစည်းများစွာ တို့တွင် လူအများ၏ ပြုမူချက်များကြောင့် မအောင်မြင်မှု (သို့) ဒုက္ခတစ်စုံတစ်ရာ ဖြစ်ပေါ်ကျရောက်လာပါက ထိုအခါမျိုး၌ ၎င်းတို့အပေါ်တွင် အခြားသော 'အဇာဗ်'တစ်ခု ကျရောက်လာသည်မှာ ထိုသို့ ဖြစ်ရခြင်း အပြစ်ကို တစ်ဦးပေါ်တစ်ဦး အပြစ်ပုံချရင်းဖြင့် မိမိတို့၏ အချိန်များကို အချည်းနှီး ပြုလုပ်ကြခြင်းပင် ဖြစ်သည်။

قَالُوا يٰوَيْلَنَآ اِنَّا كُنَّا طٰغِيْنَ

ဆိုလိုသည်မှာ အစကနဦးတွင် တစ်ဦးအပေါ်တစ်ဦး အပြစ်ဖို့ကြပြီးနောက် လေးလေးနက်နက် စဉ်းစားကြည့်ကြသောအခါ ၎င်းတို့က 'ကျွန်ုပ်တို့သည် ဆိုးသွမ်းသော အပြစ်ထိုက်သောသူများ ဖြစ်ကြပါ သည်' ဟု ဝန်ခံကြလေသည်။ ဤအသိသည် အရှက်တရားနှင့်အတူ 'သောင်ဗဟ်'၏ ကိုယ်စား ဖြစ်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့အဖို့ အလ္လာဟ်အသျှင်မြတ်ထံတော်မှ ဤဥယျာဉ်ထက် သာပိုကောင်းမြတ်သော ဥယျာဉ် ချီးမြှင့်တော်မူလိမ့်မည်'ဟု မျှော်လင့်ခဲ့ကြခြင်း ဖြစ်သည်။

အေမာမ်ဗဂဝီက ဟဇရတ်အဗ္ဒုလ္လာဟ်ဗင်နမတ်စ်အူးဒ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ အိဗ်နေ မတ်စ်အူးဒ် ﷺ သခင်က 'ကျွန်ုပ် သိရှိရသည်မှာ ၎င်းတို့အားလုံးသည် တစ်စိတ်တစ်လက်ဖြင့် 'သောင်ဗာဟ်' ပြုလိုက်ကြသောအခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ထိုဥယျာဉ်ထက် သာပို ကောင်းမွန်သော ဥယျာဉ်ကို ချီးမြှင့်တော်မူလိုက်သည်။ ထိုဥယျာဉ်မှ စပျစ်ခိုင်များမှာ စပျစ်ခိုင်တစ်ခိုင်ကို လားတစ်ကောင် နှင့် သယ်ယူရသည်အထိ ကြီးမားလေသည်။ *[မဇ္ဇဟရီကျမ်း]*

كَذٰلِكَ الْعَذَابُ

မက္ကာဟ်သားတို့အပေါ် ကပ်ဆိုက်ခြင်း 'အဇာဗ်'အကြောင်းကို အကျဉ်းချုံး၍သော်လည်းကောင်း၊ ဥယျာဉ်ရှင်တို့၏ လယ်ယာဥယျာဉ်များ လောင်ကျွမ်းသွားခြင်းအကြောင်းကို အကျယ်တဝင့်ဖြင့်လည်းကောင်း တင်ပြပြီးနောက် အများနှင့် သက်ဆိုင်သော ဥပဒေကို မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်လာပြီဆိုလျှင် ဤနည်းအတိုင်း ကျရောက်လေ့ရှိသည်' ဟု ဖြစ်သည်။ လောကတွင် 'အဇာဗ်'ကျရောက်ခဲ့သည့်အတွက် ၎င်းတို့အဖို့ တမလွန်၏ 'အဇာဗ်'မှာ 'ကဖ်ဖာရာဟ်' ဖြစ်သွားမည်မဟုတ်ဘဲ တမလွန်၏ 'အဇာဗ်'သည် လောက၏ 'အဇာဗ်'ထက် ပိုမို၍ ပြင်းထန်လှပေသည်။

ရှေ့အာယသ်တော်များတွင် ဦးစွာပထမ ကောင်းမြတ်သော 'မွတ်သက္ကီ' သူတော်ကောင်းတို့အား အကျိုးကုသိုလ်များ ချီးမြှင့်တော်မူသည့်အကြောင်းကို တင်ပြထားသည်။ ထို့နောက် မက္ကာဟ်သား ကာဖိရ် တို့ ပြောဆိုလေ့ရှိကြသော 'ကေယာမသ်' သည် ဖြစ်ပေါ်လာမည်မဟုတ်ကြောင်းကိုလည်းကောင်း၊ ပြန်လည် ရှင်ပြန်ထပြီး စာရင်းအင်းစစ်ဆေးခံရမည်ဆိုခြင်းမှာ ဆိုရိုးများဖြစ်သည်ဟုလည်းကောင်း၊ အကယ်၍ မလွဲမသွေ

ဤသို့ ဖြစ်ခဲ့ပါက ကျွန်ုပ်တို့မှာမူ ထို 'ကေယာမသ်'နေ့တွင်လည်း ဒွန္နီယာ၌ ရရှိခဲ့ကြသကဲ့သို့ ကျေးဇူးတော်များနှင့် ဥစ္စာပစ္စည်းများ ရရှိကြမည်ပင် ဖြစ်သည်ဟူသော စကားများကိုလည်းကောင်း တုန့်ပြန်ချေပထားသည်။

၎င်းတို့၏ ထိုစကားများကို တုန့်ပြန်ချေပခြင်းများသည် များစွာသော အာယသ်တော်များ၌ လာရှိထားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ကောင်းမြတ်သော သူတော်ကောင်းများနှင့် အပြစ်ကျူးလွန်သူတို့အား တန်းတူ ပြုတော်မူပါမည်လား။' တမလွန်တွင်လည်း အသင်တို့အား ကျေးဇူးတော်များ ချီးမြှင့်မည်ဆိုခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အထောက်အထားမျှလည်း မရှိ။ မည်သည့် ကောင်းကင်ကျမ်းဖြင့်လည်း အတည်ပြုထားခြင်း မရှိ။ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကတိတော်နှင့် သတိပေးနှိုးဆော်မှု တစ်စုံတစ်ရာလည်းမရှိဘဲ အသင်တို့၏ ဤဆုံးဖြတ်ပြောဆိုသော စကားများမှာ အဘယ်မျှ အံ့သြဖွယ်ရာ ဖြစ်ရပါသနည်း။

'ကေယာမသ်' ဖြစ်ပေါ်မည်ဆိုခြင်းနှင့် စပ်လျဉ်း၍ ဦးနှောက်ပိုင်းဆိုင်ရာ အထောက်အထားတစ်ရပ်

ဤဖော်ပြပါအာယသ်တော်များအရ အတည်ဖြစ်သည်မှာ 'ကေယာမသ်'ဖြစ်ပေါ်လာရန် ရှိခြင်း၊ စာရင်းအင်းစစ်ဆေးခံရမည်ဖြစ်ခြင်း၊ ကောင်းမှုနှင့် မကောင်းမှုတို့၏ ကောင်းကျိုး၊ ဆိုးကျိုး အစားပေးခြင်းတို့ ဖြစ်ပေသည်။ ဤအချက်အားလုံးသည် ဦးနှောက်အတွေးအခေါ်အရ အရေးကြီးသော အချက်များဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချက်များကို လောကတွင် လူတိုင်းလူတိုင်း တွေ့မြင်နေရပေသည်။ မည်သူမျှ ငြင်းပယ်၍ မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် လောကတွင် များသောအားဖြင့် ဆိုးယုတ်သူ၊ မကောင်းသူ၊ မတရားပြုသူ၊ ခိုးဝှက်သူနှင့် ဓါးပြများသည် အရသာခံစား၍ စည်းစိမ်ယစ်မူးလျက် ရှိနေကြသည်။ သူခိုးတစ်ဦး၊ ဓါးပြတစ်ဦးသည် တစ်ခါတစ်ရံ တစ်ညတည်း၌ ရှာဖွေရရှိမှုသည် လူကောင်းတစ်ဦးအဖို့ တစ်သက်လုံးပင် မရှာဖွေနိုင်သည်အထိ များပြားလှပေသည်။ ၎င်းတို့မှာ အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့မှုလည်း မရှိပေ။ တမလွန်ဆိုသည်ကိုလည်း မသိကြပေ။ အရှက်သိက္ခာတရားကိုလည်း မစောင့်စည်းကြပေ။ မိမိတို့စိတ်အလိုရှိရာကိုသာ လုပ်ဆောင်ကြလေသည်။ ကောင်းမြတ်သူတို့မှာ ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့ကြသည်။ အကယ်၍ ဤအကြောက်တရား မရှိသည့်တိုင် ပတ်ဝန်းကျင်ရှိ လူတို့ကို အရှက်သိက္ခာတရား ထားကြသည်။

အချုပ်မှာ လောကစက်ရုံကြီးအတွင်းဝယ် မကောင်းမှုပြုသူနှင့် ဆိုးသွမ်းသူတို့သည် အောင်မြင်မှုရှိကြပြီး ကောင်းမြတ်သူတို့မှာ မအောင်မြင်သူများအဖြစ် မြင်တွေ့ကြရသည်။ အကယ်၍ ရှေ့၌လည်း အမှန်အမှားကို မှန်ကန်စွာ ခွဲခြား၍ ကောင်းသူအတွက် ကောင်းသော အစားနှင့် မကောင်းသူအတွက် မကောင်းသော အပြစ်ဒဏ်များ စီရင်ဆုံးဖြတ်သော အချိန် ရောက်ရှိမလာပါလျှင် ပထမဦးစွာ မကောင်းမှုကို မကောင်းမှုဟု ပြောဆိုခြင်းနှင့် အပြစ်ကို အပြစ်ဟု ဆိုခြင်းတို့မှာ အဓိပ္ပာယ်ကင်းမဲ့၍ အချည်းနှီးဖြစ်သွားပေသည်။ အဘယ်ကြောင့်ဆိုသော် လူသားတစ်ဦးကို အကြောင်းမဲ့ ၎င်း၏ အလိုဆန္ဒများမှ ပိတ်ပင်ခြင်းကို ဆိုလိုသည်။

ဒုတိယအချက်မှာ တရားမျှတခြင်းဟူသည် မည်သည့်အဓိပ္ပာယ်မျှ မရှိတော့ခြင်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ် တည်ရှိနေတော်မူသည်ဟု လက်ခံယုံကြည်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ တရားမျှတမှုများ မည်သို့ ရောက်ရှိသွားပြီနည်းဟု ဆိုလျှင် မည်ကဲ့သို့ အဖြေပေးပါမည်နည်း။

ကျန်ရှိနေသည့် သံသယမှာ 'လောကတွင် များသောအားဖြင့် အပြစ်ရှိသူသည် ဖမ်းဆီးခြင်းခံရသည်။ ၎င်းအဖို့ သေးသိမ်မှုဖြစ်ရသည်။ အပြစ်ဒဏ်ခံရသည်။ ထိုသူ၏ အဖြစ်သည် ဤနေရာ၌ ကောင်းသောသူနှင့် ကွာခြားကြောင်း ထင်ရှားသွားသည်။ တရားမျှတမှုသည် အုပ်ချုပ်သူများ၏ ဥပဒေပြဋ္ဌာန်းမှုဖြင့် ရပ်တည်မှု ရရှိလာသည်'ဟု ဖြစ်သည်။

ဤသံသယ၏ အဆို မှားယွင်းသည်မှာ ပထမဦးစွာ နေရာတိုင်း၊ အခြေအနေတိုင်းတွင် အစိုးရ၏ အုပ်ချုပ်မှု မရောက်ရှိနိုင်ပေ။ ရောက်ရှိသော နေရာများ၌လည်း တရားခံကို အပြစ်ပေးနိုင်ရန် တရားမျှတသော အထောက်အထားသည် နေရာတိုင်း၌ အပြည့်အဝ မရရှိနိုင်ပေ။ အထောက်အထား အပြည့်အဝ ရရှိသော နေရာတွင် တရားခံ လွတ်မြောက်ထွက်ပြေးနိုင်ရန် လာဘ်ထိုးခြင်း၊ အယူခံဝင်ခြင်းနှင့် ဖိအားပေးခြင်း စသော တံခါးပေါက်များမှာ မည်မျှ ရှိနေပါသနည်း။ ဤမျက်မှောက်ခေတ် အုပ်ချုပ်ရေးနှင့် တရားရုံးတော်တို့သည် အပြစ်ပေးခြင်းကို ပြန်လည်ဆန်းစစ်မှု ပြုကြပါလျှင် အပြစ်ပေးခြင်းသည် အသိဉာဏ်မရှိသူ၊ အားကိုးရာ မရှိသူများအတွက်သာ ဖြစ်ကြပါသည်။ ၎င်းတို့သည် လိမ္မာပါးနပ်စွာ ထွက်ပေါက်မရှာတတ်သူများ၊ လာဘ်ပေးရန် ပိုက်ဆံကြေးငွေ မရှိသူများ၊ လူကြီးများ၏ ကူညီမစမှု မရရှိကြသူများ ဖြစ်ကြပေသည်။

သို့တည်းမဟုတ် ၎င်းတို့သည် မိမိတို့၏ အသိဉာဏ်မရှိခြင်းကြောင့် ဖော်ပြပါထိုအရာများကို အသုံးမချနိုင်ခြင်းကြောင့်လည်း ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးဖြစ်သော

اَفَنَجۡعَلُ الۡمُسۡلِمِيۡنَ كَالۡمُجۡرِمِيۡنَ

သည် ဤအခြေခံဇစ်မြစ်ကို ပေါ်လွင်စေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရာအားလုံး၏ စာရင်းအင်းစစ်ဆေးသော နေရာဖြစ်ခြင်း၊ ထိုနေရာသည် တရားခံများအတွက် မည်သည့်သူခိုးထွက်ပေါက်မျှ မရှိသော နေရာဖြစ်၍ တရားမျှတမှုအတိ ရှိသော နေရာဖြစ်ခြင်းနှင့် ကောင်းမှုနှင့် မကောင်းမှုကို ပေါ်လွင်စွာ ခွဲခြားသောနေရာ ဖြစ်လာမည့်အချိန် ရောက်ရှိလာမည်ကို ဦးနှောက်ဖြင့် သိရှိယုံကြည်ရန် အရေးကြီးပေသည်။ အကယ်၍ ဤအချိန် ရောက်ရှိလာရန် မရှိပါလျှင် လောကတွင် မကောင်းမှုတစ်စုံတစ်ရာသည် မကောင်းမှုမဟုတ်တော့ပေ။ အပြစ်တစ်စုံတစ်ရာသည် အပြစ်မဟုတ်တော့ပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ တရားမျှတမှုဆိုသည်မှာ မည်သည့်အဓိပ္ပာယ်မျှ ရှိတော့မည်မဟုတ်ပေ။

'ကေယာမသ်'ဖြစ်ပေါ်လာခြင်းနှင့် ကျင့်စဉ်လုပ်ရပ်များအပေါ် အကျိုးကုသိုလ်နှင့် အပြစ်အစားများ ပေးမည်ဆိုခြင်းကို ယုံကြည်ပြီးဖြစ်သည့်အခါ ရှေ့၌ 'ကေယာမသ်'၏ ကြောက်မက်ဖွယ်ရာများနှင့် တရားခံများအား အပြစ်ပေးခြင်းအကြောင်းများကို ဖော်ပြထားသည်။ 'ကေယာမသ်'နေ့တွင် ခြေသလုံးတော်မှ ရောင်ခြည်တော် ထွက်ပေါ်မည့်အကြောင်း တင်ပြထားသည်။ ဤအကြောင်းကို ဖွင့်ဆိုချက် အနှစ်ချုပ်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

فَذَرْنِي وَمَنْ يُكَذِّبُ بِهٰذَا الْحَدِيْثِ

ဆိုလိုသည်မှာ 'အသင်သည် 'ကေယာမသ်'ကို မဟုတ်မမှန်ဟု ပြောဆိုငြင်းပယ်သူတို့နှင့် ငါအသျှင်မြတ်အား လွှတ်ထားပါလေ။ ထို့နောက် ငါအသျှင်မြတ်သည် မည်သို့ ပြုတော်မူမည်ကို အသင် ကြည့်ရှုပါလေ' ဟု ဖြစ်သည်။ ဤနေရာ၌ 'လွှတ်ထားပါလေ'ဟူသည်မှာ ဝေါဟာရတစ်မျိုးအနေဖြင့် မိန့်ကြားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ 'အသင်သည် ဤကိစ္စနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံပုံအားကိုးပါလေ'ဟု ဖြစ်သည်။ ဤမိန့်ကြားခြင်း၏ အချုပ်မှာ 'ကာဖိရ်တို့ဘက်မှ 'အကယ်၍ ကျွန်ုပ်တို့သည် အမှန်ပင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် အပြစ်ရှိသူများ ဖြစ်ကြပြီး အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အား 'အဇားဗ်'အပြစ်ဒဏ်ပေးရန် စွမ်းဆောင်နိုင်သော အသျှင်မြတ် ဖြစ်တော်မူသည်ဟု ဆိုလျှင် ကျွန်ုပ်တို့အပေါ်သို့ အဘယ်ကြောင့် ယခု 'အဇားဗ်'ချပေးတော်မမူပါသနည်း'ဟူ၍ အကြိမ်ကြိမ် တောင်းဆိုမှုများ ပြုခဲ့ကြသည်။ ၄င်းတို့၏ စိတ်အနှောင့်အယှက်ဖြစ်စေသော ဤတောင်းဆိုမှုများကြောင့် တစ်ခါတစ်ရံ ကိုယ်တော်မြတ်၏ စိတ်နှလုံးတော်၌လည်း 'ဤသူများအပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်' အပြစ်ဒဏ် ကျရောက်လာခဲ့ပါလျှင် အခြားကျန်ရှိသူများအဖို့ ပြုပြင်နိုင်စရာ ဖြစ်လာလိမ့်မည်'ဟု မျှော်လင့်ချက် တစ်ခါတစ်ရံ ဒိုအာတောင်းခံသည်လည်း ဖြစ်နိုင်သည်။

ထို့ကြောင့် အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ ငါအသျှင်မြတ်သည် မိမိ၏ အမြော်အမြင်ကို ငါအသျှင်မြတ်သာလျှင် ကောင်းစွာ သိတော်မူပါသည်။ ၄င်းတို့အား အတိုင်းအတာတစ်ခုအထိသာ လွှတ်ထားတော်မူခြင်း ဖြစ်သည်။ ချက်ချင်း အပြစ်ဒဏ်ချပေးခြင်း မရှိသည်မှာ ၄င်းတို့အား စမ်းသပ်တော်မူခြင်းလည်း ဖြစ်သည်။ အီမာန်သက်ဝင်ယုံကြည်ရန် ဆိုင်းငံ့ပေးတော်မူခြင်းလည်း ဖြစ်သည်'ဟူ၏။ နောက်ဆုံး၌ ဟဇရသ်ယူနုစ်တ် عليه السلام ၏ ဖြစ်ရပ်ကို တင်ပြတော်မူ၍ ကိုယ်တော်မြတ် ﷺ အား သတိပေးတော်မူသည်မှာ 'ယူနုစ်တ် عليه السلام သည် လူတို့၏ တောင်းဆိုမှုများအပေါ် စိတ်နှလုံးညစ်ညူး၍ 'အဇားဗ်'ချပေးတော်မူရန် ဒိုအာပြုခဲ့လေသည်။ 'အဇားဗ်'၏ အရိပ်အယောင်များသည် ရှေ့သို့ ရောက်ရှိလာခဲ့သည်။ ထိုအခါ ယူနုစ်တ် عليه السلام သည် ထို 'အဇားဗ်' ကျရောက်မည့်နေရာမှ အခြားတစ်နေရာသို့ ထွက်ခွာလာခဲ့သည်။ သို့ရာတွင် ၄င်း၏ အမျိုးသားတို့သည် ကျိုးငဲ့နှိမ့်ချခြင်းနှင့် စိတ်ထားမှန်ကန်စွာ 'သောင်ဗာဟ်'ပြုကြလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား ခွင့်လွှတ်တော်မူလိုက်သည်။ 'အဇားဗ်'ကို ရုပ်သိမ်းတော်မူလိုက်သည်။ ထိုအခါ ဟဇရသ်ယူနုစ်တ် عليه السلام သည် '၄င်းတို့သည် ကျွန်ုပ်အား လိမ်ညာမုသား ပြောဆိုသူအဖြစ် သတ်မှတ်ကြပေတော့မည်' ဟု စဉ်းစားမိ၍ အရှက်ရပြီး ဤသို့ အမည်ပျက် ဖြစ်ရခြင်းအပေါ် '၄င်းတို့ထံသို့ ပြန်မလာတော့' ဟု ရည်ရွယ်လျက် အလ္လာဟ်အသျှင်မြတ်၏ ထင်ရှားသော အမိန့်တော် မရရှိဘဲ မိမိ၏ စဉ်းစားတွေးခေါ်မှုဖြင့် ဤသို့ ထွက်ခွာသွားသည့် လမ်းကို ရွေးချယ်ခဲ့သည်။ ဤသို့ပြုခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်သည် ယူနုစ်တ် عليه السلام အား သတိပေးတော်မူရန် ပင်လယ်ခရီးထွက်ခြင်းနှင့် ငါး၏ မျိုချခြင်းခံရမှုတို့ကို ဖြစ်စေတော်မူခဲ့သည်။ ထို့နောက် ယူနုစ်တ် عليه السلام ၏ သတိတရားရခြင်းနှင့်

'အိစ်သိဂ်ဖာရ်'၊ 'သောင်ဗာဟ်' ပြုခြင်းတို့ဘက်သို့ လှည့်လာသည့်အပေါ် ၎င်းအား မိမိ၏ မူလက ချီးမြှင့်တော်မူခဲ့သည့် ကျေးဇူးတော်တို့၏ တံခါးကို ပြန်လည် ခွင့်ပေးတော်မူခဲ့သည်။

စူရာဟ်ယူနွတ်စ်၏ ဤဖြစ်ရပ်သည် အခြားသော စူရာဟ်များ၌လည်း လာရှိခဲ့ပြီး ဖြစ်သည်။ နဗီကိုယ်တော်မြတ် ﷺ အား ဤဖြစ်ရပ်ကို သတိရစေပြီး 'အသင်သည် ၎င်းတို့၏ ဤကဲ့သို့ တောင်းဆိုမှုများကြောင့် စိတ်သောကမဖြစ်လေနှင့်။ ၎င်းတို့အပေါ် အလျင်အမြန် 'အဇာဗ်'ချပေးရန် လိုလားတောင်းဆိုမှု မပြုလေနှင့်။ ငါအသျှင်မြတ်သည် မိမိ၏ အမြော်အမြင်များကိုလည်းကောင်း၊ လောက၏ ကောင်းကျိုးများကိုလည်းကောင်း ငါအသျှင်မြတ်သာလျှင် ကောင်းစွာ သိရှိတော်မူသည်။ ငါအသျှင်မြတ်အပေါ် ယုံပုံအားကိုးမှုပြုပါလေ' ဟု မိန့်ကြားတော်မူခဲ့သည်။

وَلَا تَكُنْ كَصَاحِبِ الْحُوتِ

ဤနေရာတွင် ဟဇရတ်ယူနွတ်စ် عليه السلام ၏ ဒုက္ခကို 'ငါးရှင်'ဟု မှည့်ခေါ်ရခြင်းမှာ ဟဇရတ်ယူနွတ်စ် عليه السلام သည် ငါး၏ ဝမ်းဗိုက်တွင် ကာလတစ်ခု ကြာသည်အထိ နေခဲ့ရသောကြောင့် ဖြစ်သည်။

وَإِنْ يَكَادُ الَّذِينَ كَفَرُوا لَيُزْلِقُونَكَ بِأَبْصَارِهِمْ

ليزلقونك သည် **ازلاق** မှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'ချွတ်ချော်တိမ်းစောင်းခြင်း နှင့် လဲကျစေခြင်း' တို့ဖြစ်သည်။ *[ရာဂိဗ်ကျမ်း]*

ဆိုလိုသည့်သဘောမှာ မက္ကာဟ်မြို့သားကာဖိရ်တို့သည် ကိုယ်တော်မြတ် ﷺ အား ဒေါသအမျက်ထွက်နေသော၊ စောင်းရွဲ့နေသော မျက်လုံးများဖြင့် ကြည့်ရှုကြသည်။ ၎င်းတို့သည် ကိုယ်တော်မြတ် ﷺ အား ဤနေရာ၌ပင် ချွတ်ချော်တိမ်းစောင်း၍ လဲကျသွားရန် လိုလားနေကြသည်။ ထို့ကြောင့် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို ကြားကြရသည့်အခါ ကိုယ်တော်မြတ် ﷺ အား ရူးသွပ်သူဟု ပြောဆိုလေ့ရှိခဲ့ကြသည်။

وَمَا هُوَ إِلَّا ذِكْرٌ لِّلْعٰلَمِينَ

အမှန်စင်စစ် ဤကျမ်းတော်မြတ်သည် တစ်လောကလုံး၌ ရှိသူတို့အတွက် ဆုံးမဩဝါဒတရားများနှင့် ၎င်းတို့အား ပြုပြင်ခြင်းနှင့် အောင်မြင်မှုများအတွက် တာဝန်ခံ ဖြစ်ပေသည်။ သို့ဖြစ်ပေရာ ဤကဲ့သို့သော ကျမ်းတော်မြတ်ကို ယူဆောင်သူအား အဘယ်ကဲ့သို့ ရူးသွပ်သူဟု ပြောဆိုနိုင်ပါမည်နည်း။ ကာဖိရ်တို့၏ စွပ်စွဲချက်ကို ဤစူရာဟ်၏ အစတွင် တုန့်ပြန်ချေပထားသည်။ စူရာဟ်၏အဆုံး၌လည်း ဤအကြောင်းကိုပင် အခြားသော ပုံစံတစ်မျိုးဖြင့် တုန့်ပြန်ဖြေကြားထားသည်။ အေမာမ်ဗဂဝီ စသော အဖွင့်ပညာရှင်များက ဤအာယသ်တော်များ၏ သီးခြားဖြစ်ရပ်တစ်ခုကို ဖော်ပြထားသည်မှာ လူသား၏ 'နဇ္ဇရ်' (ဆိုးရွားသော ကြည့်မြင်မှု) နှင့် ထို 'နဇ္ဇရ်'ဖြင့် လူတစ်ဦးကို ဒုက္ခရောက်စေခြင်းနှင့် ရောဂါဘယများ ဖြစ်ပေါ်စေခြင်း၊ သို့ပင်မက သေကြေပျက်စီးသည်အထိ ရောက်ရှိသွားသည်' ဟု ဖြစ်သည်။ အမှန်တကယ် ဤ

အတိုင်း ဖြစ်၍ ဆွဟီးဟ်ဟဒီးစ်များ၌လည်း ဤအကြောင်းလာရှိထားသည်။ အာရဗ်တွင်လည်း ဤ'နဇ္ဇရ်' (ဆိုးရွားသော အကြည့်) သည် ကျော်ကြားသော အကြောင်းတစ်ရပ် ဖြစ်သည်။ မက္ကာဟ်တွင် ပုဂ္ဂိုလ်တစ်ဦးသည် 'နဇ္ဇရ်' (ဆိုးရွားသောအကြည့်) ထိစေခြင်း၌ အလွန်ကျော်ကြားလေသည်။ ကုလားအုတ်များနှင့် တိရစ္ဆာန်များကို 'နဇ္ဇရ်' (ဆိုးရွားသောအကြည့်) ထိစေလိုက်ပါက ထိုတိရစ္ဆာန်များသည် ချက်ချင်းပင် သေဆုံးသွားလေသည်။ မက္ကာဟ်မြို့သား ကာဖိရ်တို့သည် တမန်တော်မြတ် ﷺ အပေါ်၌ အငြိုးထားကြသူများဖြစ်သည်။ နည်းအမျိုးမျိုးဖြင့် တမန်တော်မြတ် ﷺ အား သတ်ဖြတ်ရန်ကိုလည်းကောင်း၊ ဒုက္ခပေးရန်ကိုလည်းကောင်း ကြိုးစားကြသည်။ ၎င်းတို့သည် ထို 'နဇ္ဇရ်' (ဆိုးရွားသောအကြည့်) ကို ပြုတတ်သော ထိုသူအားဖြင့် တမန်တော်မြတ် ﷺ အား 'နဇ္ဇရ်'ထိစေရန် ပြုခိုင်းမည်'ဟု ကြံရွယ်ပြီး ထိုသူအား ခေါ်ယူခဲ့ကြသည်။ ထိုသူ၏ 'နဇ္ဇရ်' (ဆိုးရွားသောအကြည့်) သည် ကိုယ်တော်မြတ် ﷺ အား ထိစေရန် အစွမ်းကုန်ကြိုးစားခဲ့သည်။ သို့ပါသော်လည်း အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ အား ကာကွယ်စောင့်ရှောက်တော်မူခဲ့သည်။ ဤအာယသ်တော်များသည် ဤအကြောင်းနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သည်။ ထို့ပြင်

لیزلقونك بابصارهم

တွင် ဤ 'နဇ္ဇရ်' (အကြည့်ဆိုး) အကြောင်းကိုပင် တင်ပြ မိန့်ကြားထားတော်မူသည်။

အကျိုးကျေးဇူး

ဟဇရသ်ဟစန်ဗဆွရီ ؓ သခင်ထံမှ ဆင့်ပြန်သည်မှာ 'နဇ္ဇရ်' (အကြည့်ဆိုး) ထိုသူအပေါ်၌ ဤအာယသ်တော်များကို ဖတ်၍ မန်းမှုတ်ပေးခြင်းဖြင့် ထိုအကြည့်ဆိုး သက်ရောက်မှု ပပျောက်သွားစေသည်ဟု ဖြစ်သည်။ အာယသ်တော်များမှာ

وَاِنْ يَّكَادُ الَّذِيْنَ كَفَرُوْا

မှ စူရာဟ် အဆုံးအထိ ဖြစ်သည်။ *[မဇ္ဇဟရိကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ် ဟာ...က် ကဟ်

အမှန်မုချ ဖြစ်မည့်အရာ ကဏ္ဍ

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اَلۡحَآقَّۃُ ۙ﴿۱﴾

၆၉ : ၁ ။ ။ အကယ်စင်စစ် ဖြစ်အံ့သော အရာ။

مَا الۡحَآقَّۃُ ۚ﴿۲﴾

၆၉ : ၂ ။ ။ ယင်းအကယ်စင်စစ်ဖြစ်အံ့သော အရာသည် မည်သည့်အရာနည်း။

وَ مَاۤ اَدۡرٰىکَ مَا الۡحَآقَّۃُ ؕ﴿۳﴾

၆၉ : ၃ ။ ။ စင်စစ် ယင်းအကယ်စင်စစ် ဖြစ်အံ့သောအရာသည် မည်သည့်အရာဖြစ်ကြောင်း အသင်သိပါသလော။

کَذَّبَتۡ ثَمُوۡدُ وَ عَادٌۢ بِالۡقَارِعَۃِ ﴿۴﴾

၆၉ : ၄ ။ ။ ဆမူဒ်လူမျိုးတို့သည်လည်းကောင်း၊ အာဒ်လူမျိုးတို့သည်လည်းကောင်း ဆိုက်ရောက်အံ့သော ဘေးကြီး (တစ်နည်း) 'ကေယာမသ်' ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။

فَاَمَّا ثَمُوۡدُ فَاُہۡلِکُوۡا بِالطَّاغِیَۃِ ﴿۵﴾

၆၉ : ၅ ။ ။ သို့ဖြစ်ပေရာ ဆမူဒ်လူမျိုးတို့သည် အတိုင်းအထက်အလွန် ပြင်းထန်လှစွာသော အသံဖြင့် သေကြေပျက်စီးစေခြင်းကို ခံခဲ့ကြရကုန်၏။

وَ اَمَّا عَادٌ فَاُہۡلِکُوۡا بِرِیۡحٍ صَرۡصَرٍ عَاتِیَۃٍ ۙ﴿۶﴾

၆၉ : ၆ ။ ။ ၎င်းပြင် အာဒ်လူမျိုးတို့မှာမူ ကြမ်းတမ်းလှစွာသော သောင်းကျန်းသည့် လေပြင်းမုန်တိုင်းဖြင့် ဖျက်ဆီးစေခြင်းကို ခံခဲ့ကြရကုန်၏။

سَخَّرَهَا عَلَيْهِمْ سَبْعَ لَيَالٍ وَّثَمٰنِيَةَ أَيَّامٍ ۙ حُسُوْمًا
فَتَرَى الْقَوْمَ فِيْهَا صَرْعٰى ۙ كَأَنَّهُمْ أَعْجَازُ نَخْلٍ خَاوِيَةٍ ﴿٧﴾

ဗြ ၇ ။ ။ ထိုအသျှင်မြတ်သည် ယင်းလေပြင်းမုန်တိုင်းကို ခုနစ်ညဉ့်နှင့် ရှစ်ရက်တိုင်တိုင် တစ်ဆက်တည်း ၎င်းတို့အပေါ်ဝယ် တာဝန်ပေး ခန့်အပ်တော်မူခဲ့၏။ သို့ဖြစ်ပေရာ အသင်သည် ယင်းလူမျိုးတို့အား ပြိုလဲနေသော သစ်ခေါင်းပွဖြစ်သော၊ စွန်ပလွံပင်များပမာ ယင်းလေပြင်းမုန်တိုင်းအောက်တွင် လဲ၍နေကြသည်ကို တွေ့မြင်ရပေမည်။

فَهَلْ تَرٰى لَهُمْ مِّنْ بَاقِيَةٍ ﴿٨﴾

ဗြ ၈ ။ ။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့အနက် (သေကြေပျက်စီးခြင်းမရှိဘဲ) ကြွင်းကျန်လျက်ရှိသူ တစ်ဦးတစ်ယောက်အား တွေ့မြင်ရလေသလော။

وَجَاءَ فِرْعَوْنُ وَمَنْ قَبْلَهُ وَالْمُؤْتَفِكٰتُ بِالْخَاطِئَةِ ﴿٩﴾

ဗြ ၉ ။ ။ ထို့ပြင် ဖိရ်အောင်နှသည်လည်းကောင်း၊ ထိုဖိရ်အောင်နှ၏အလျင် ရှိခဲ့ကြသော သူတို့သည်လည်းကောင်း ထက်အောက် ပြောင်းပြန်လှန်ခြင်းကို ခံခဲ့ကြရသော ရွာ (သူရွာသား) တို့သည်လည်းကောင်း ပြစ်မှုကို ကျူးလွန်ခဲ့ကြကုန်၏။

فَعَصَوْا رَسُوْلَ رَبِّهِمْ فَأَخَذَهُمْ أَخْذَةً رَّابِيَةً ﴿١٠﴾

ဗြ ၁၀ ။ ။ တစ်ဖန် ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်မှ စေလွှတ်တော်မူသော ရစူလ်တမန်တော်၏ အမိန့်ကို ဖီဆန်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ၎င်းတို့အား (အခြားလူမျိုးများထက်) ပိုမို၍ တင်းကြပ်စွာ ဖမ်းဆီးအရေးယူတော်မူခြင်းအားဖြင့် ဖမ်းဆီးအရေးယူတော်မူခဲ့၏။

إِنَّا لَمَّا طَغَا الْمَاءُ حَمَلْنٰكُمْ فِي الْجَارِيَةِ ﴿١١﴾

ဗြ ၁၁ ။ ။ ဧကန်စင်စစ် ငါအသျှင်မြတ်သည်ပင် အသင်တို့အား ရေ (လှိုင်းများ) တိုးမြင့် လွှမ်းမိုး၍ လာခဲ့သော အခါ၊ သင်္ဘောပေါ်၌ တင်ဆောင် (ကယ်တင်) တော်မူခဲ့၏။

لِنَجْعَلَهَا لَكُمْ تَذْكِرَةً وَّتَعِيَهَا أُذُنٌ وَّاعِيَةٌ ﴿١٢﴾

ဗြ ၁၂ ။ ။ ငါအသျှင်မြတ်သည် ယင်းဖြစ်ရပ်ကို အသင်တို့အဖို့ အမြဲမှတ်မိ သတိရစေရာ ပြုလုပ်တော်မူရန် အလို့ငှာလည်းကောင်း၊ မှတ်ထားသော နားများသည် ယင်းဖြစ်ရပ်ကို မှတ်ထားကြရန်အလို့ငှာလည်းကောင်း။

فَإِذَا نُفِخَ فِي الصُّوْرِ نَفْخَةٌ وَّاحِدَةٌ ﴿١٣﴾

ဗြ ၁၃ ။ ။ မည်သို့ပင်ဖြစ်စေ၊ တံပိုးခရာ၌ တစ်ချက်တည်း မှုတ်လေသော။ (အခါ)

وَّحُمِلَتِ الْاَرْضُ وَالْجِبَالُ فَدُكَّتَا دَكَّةً وَّاحِدَةً ﴿١٤﴾

၆၉ : ၁၄ ။ ။ ထို့ပြင် ပထဝီမြေသည်လည်းကောင်း၊ တောင်များသည်လည်းကောင်း ပင့်မြှောက် (ဖယ်ရှား) ခြင်းကို ခံကြရပြီးလျှင် တစ်ချက်တည်း ညက်ညက်ကြေအောင် ထုထောင်းခြင်းကို ခံကြရသော။ (အခါ)

فَيَوْمَىِٕذٍ وَّقَعَتِ الْوَاقِعَةُ ﴿١٥﴾

၆၉ : ၁၅ ။ ။ ထိုအခါ ၎င်း (ကေယာမသ်) နေ့သည် ဖြစ်ပျက်လာပေမည်။

وَانْشَقَّتِ السَّمَاۤءُ فَهِيَ يَوْمَىِٕذٍ وَّاهِيَةٌ ﴿١٦﴾

၆၉ : ၁၆ ။ ။ ၎င်းပြင် မိုးကောင်းကင်သည် အက်ကွဲသွားမည် ဖြစ်ရာ၊ ယင်းမိုးကောင်းကင်မှာ ထိုနေ့တွင် နွံ့နွံ့၊ ချူချာ၊ ပျက်ယွင်းလျက် ရှိချေလိမ့်မည်။

وَّالْمَلَكُ عَلٰۤى اَرْجَاۤىِٕهَا ۗ وَيَحْمِلُ عَرْشَ رَبِّكَ فَوْقَهُمْ يَوْمَىِٕذٍ ثَمٰنِيَةٌ ﴿١٧﴾

၆၉ : ၁၇ ။ ။ ၎င်းပြင် 'မလာအေ့ကာဟ်' ကောင်းကင်တမန်တို့မှာမူ ယင်းမိုးကောင်းကင်၏ နံဘေးများဝယ် ရှိနေကြပေမည်။ ၎င်းပြင် ထိုနေ့တွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ 'အရရှ်' ပလ္လင်တော်ကို (ကောင်းကင်တမန်) ရှစ်ပါးတို့က မိမိတို့ထက်ဝယ် ထမ်းဆောင်လျက် ရှိကြပေမည်။

يَوْمَىِٕذٍ تُعْرَضُوْنَ لَا تَخْفٰى مِنْكُمْ خَافِيَةٌ ﴿١٨﴾

၆၉ : ၁၈ ။ ။ ထိုနေ့တွင် အသင်တို့သည် ရှေ့တော်မှောက်သို့ သွင်းစေခြင်းကို ခံကြရပေမည်။ (ထိုနေ့တွင်) အသင်တို့အပေါ်ဝယ် မည်သည့်ဖုံးကွယ်၍နေသော အရာမျှပင် ဖုံးကွယ်၍ နေလိမ့်မည်မဟုတ်ပေ။ (တစ်နည်း၊ ထိုနေ့တွင်) အသင်တို့ ဖုံးကွယ်သော မည်သည့်အရာမျှပင် (အလ္လာဟ်အသျှင်မြတ်အပေါ်ဝယ်) ဖုံးကွယ်၍ နေလိမ့်မည်မဟုတ်ပေ။

فَاَمَّا مَنْ اُوْتِيَ كِتٰبَهٗ بِيَمِيْنِهٖ ۙ فَيَقُوْلُ هَاۤؤُمُ اقْرَءُوْا كِتٰبِيَهْ ﴿١٩﴾

၆၉ : ၁၉ ။ ။ သို့သော် မည်သို့ပင်ဖြစ်စေ၊ မိမိ၏ မှတ်တမ်းစာအုပ်ကို မိမိ၏ လက်ယာလက်ဝယ်တွင် ပေးအပ်ခြင်း ခံရသော သူသည် (သူတစ်ပါးတို့အား ပျော်ရွှင်စွာဖြင့် ဤသို့) ပြောဆိုပေမည်။ 'အသင်တို့သည် ကျွန်ုပ်၏ မှတ်တမ်းစာအုပ်ကို ယူ၍ ဖတ်ကြလေကုန်။'

اِنِّيْ ظَنَنْتُ اَنِّيْ مُلٰقٍ حِسَابِيَهْ ﴿٢٠﴾

၆၉ : ၂၀ ။ ။ 'စင်စစ် ကျွန်ုပ်တို့သည် (လူ့လောက၌ ရှိစဉ်ကပင်) ဧကန်မလွဲ ကျွန်ုပ်သည် မိမိအား စစ်ဆေးမေးမြန်းခြင်းနှင့် တွေ့ဆုံရမည်ကို ယုံကြည်လျက် ရှိခဲ့၏။'

فَهُوَ فِي عِيشَةٍ رَّاضِيَةٍ ﴿٢١﴾

၆၉ : ၂၁ ။ ။ ထို့နောက် ထိုသူသည် စိတ်တိုင်းကျ သုခစည်းစိမ်၌ နေရပေမည်။

فِي جَنَّةٍ عَالِيَةٍ ﴿٢٢﴾

၆၉ : ၂၂ ။ ။ မြင့်မြတ်လှစွာသော 'ဂျန္နသ်' သုခဘုံ၌ (နေရမည်။)

قُطُوفُهَا دَانِيَةٌ ﴿٢٣﴾

၆၉ : ၂၃ ။ ။ ယင်း 'ဂျန္နသ်' သုခဘုံ၏ သစ်သီးဝလံများမှာ ညွတ်လျက် ရှိကြပေမည်။

كُلُوا وَاشْرَبُوا هَنِيئًا بِمَا أَسْلَفْتُمْ فِي الْأَيَّامِ الْخَالِيَةِ ﴿٢٤﴾

၆၉ : ၂၄ ။ ။ (၎င်းတို့သည် ဤသို့ ပြောဆိုခြင်းကို ခံကြရပေမည်။) 'အသင်တို့သည် လွန်လေပြီးဖြစ်သော နေ့ရက်များတွင် မိမိတို့ ကြိုတင်ပို့နှင့်ခဲ့လေသော အကျင့်သီလများကြောင့် မြိန်ယှက်စွာ စားသောက်ကြလေကုန်။'

وَأَمَّا مَنْ أُوتِيَ كِتَابَهُ بِشِمَالِهِ فَيَقُولُ يَا لَيْتَنِي لَمْ أُوتَ كِتَابِيَهْ ﴿٢٥﴾

၆၉ : ၂၅ ။ ။ သို့ရာတွင် မိမိ၏ လက်ဝဲလက်၌ မိမိ၏ မှတ်တမ်းစာအုပ် ပေးအပ်ခြင်းခံရသော သူမှာမူ (ဤသို့) ပြောဆိုပေမည်။

وَلَمْ أَدْرِ مَا حِسَابِيَهْ ﴿٢٦﴾

၆၉ : ၂၆ ။ ။ 'မိမိ၏ စာရင်းအင်းကိုလည်း မသိရှိခဲ့ရပါလျှင် ကောင်းလေစွ။'

يَا لَيْتَهَا كَانَتِ الْقَاضِيَةَ ﴿٢٧﴾

၆၉ : ၂၇ ။ ။ 'သေခြင်းတရားသည် လုံးဝ အပြီးအပြတ် စီရင်ခဲ့လျှင် ကောင်းလေစွ။'

مَا أَغْنَىٰ عَنِّي مَالِيَهْ ﴿٢٨﴾

၆၉ : ၂၈ ။ ။ 'ငါ၏ ပစ္စည်းဥစ္စာသည် ငါ၏အဖို့ အသုံးဝင်ခဲ့သည် မဟုတ်ပြီ။'

هَلَكَ عَنِّي سُلْطَانِيَهْ ﴿٢٩﴾

၆၉ : ၂၉ ။ ။ 'ငါ၏ အစွမ်းသတ္တိ၊ ဂုဏ်ကျက်သရေသည်လည်း ငါ့ထံမှ ပျောက်ပျက်၍ သွားချေပြီ။'

خُذُوْهُ فَغُلُّوْهُ ﴿٣٠﴾

၆၉ : ၃၀ ။ ။ (ထိုအခါ ငရဲစောင့်တို့သည် ဤသို့ အမိန့်ပေးခြင်းကို ခံကြရပေမည်။) 'အသင်တို့သည် ၎င်းအား ဖမ်းဆီး၍ ၎င်း၏ လည်ပင်း၌ ကွင်းတပ်ကြလေကုန်။'

ثُمَّ الْجَحِيْمَ صَلُّوْهُ ﴿٣١﴾

၆၉ : ၃၁ ။ ။ ထို့နောက် အသင်တို့သည် ၎င်းအား 'ဂျဟန္နမ်' ငရဲဘုံသို့ ပစ်ချကြလေကုန်။

ثُمَّ فِيْ سِلْسِلَةٍ ذَرْعُهَا سَبْعُوْنَ ذِرَاعًا فَاسْلُكُوْهُ ﴿٣٢﴾

၆၉ : ၃၂ ။ ။ ထို့နောက် အသင်တို့သည် ၎င်းအား အရှည်၊ အလျား၊ အတောင် ကိုက် ခုနစ်ဆယ်ရှိသော သံကြိုးဖြင့် တုတ်နှောင်ကြလေကုန်။

اِنَّهٗ كَانَ لَا يُؤْمِنُ بِاللّٰهِ الْعَظِيْمِ ﴿٣٣﴾

၆၉ : ၃၃ ။ ။ ကေန်အမှန် ၎င်းသည် ထူးကဲမြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်အား ယုံကြည်ခဲ့သည် မဟုတ်ပေ။

وَلَا يَحُضُّ عَلٰى طَعَامِ الْمِسْكِيْنِ ﴿٣٤﴾

၆၉ : ၃၄ ။ ။ သူဆင်းရဲတို့အား ကျွေးမွေးရန် တိုက်တွန်းလေ့ ရှိခဲ့သည်လည်း မရှိပေ။

فَلَيْسَ لَهُ الْيَوْمَ هٰهُنَا حَمِيْمٌ ﴿٣٥﴾

၆၉ : ၃၅ ။ ။ သို့ဖြစ်ပေရာ ယနေ့ ဤနေရာတွင် ၎င်း၏ အဆွေခင်ပွန်းဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပြီ။

وَّلَا طَعَامٌ اِلَّا مِنْ غِسْلِيْنٍ ﴿٣٦﴾

၆၉ : ၃၆ ။ ။ (၎င်း၏ အဖို့) အစားအစာဟူ၍လည်း၊ အနာများမှ ထွက်သော သွေးပုပ်၊ ပြည်ပုပ် ဆေးထားသော ရေညစ်ရေပုပ်မှအပ အခြားမရှိပြီ။

لَّا يَأْكُلُهٗٓ اِلَّا الْخَاطِـُٔوْنَ ﴿٣٧﴾

၆၉ : ၃၇ ။ ။ ယင်းသည် ရေညစ်ရေပုပ်ကို အပြစ်ရှိသူတို့မှအပ မည်သူမျှ စားသုံး (သောက်မျို) ရမည် မဟုတ်ပေ။

فَلَآ اُقْسِمُ بِمَا تُبْصِرُوْنَ ﴿٣٨﴾

၆၉ : ၃၈ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် အသင်တို့ မြင်ကြသော အရာများကို သက်သေထူတော်မူ၏။

وَمَا لَا تُبْصِرُونَ ﴿٣٩﴾

၆၉ : ၃၉ ။ ။ ထိုနည်းတူစွာ အသင်တို့ မမြင်ကြသော အရာများကို (သက်သေထူတော်မူ၏။)

إِنَّهُ لَقَوْلُ رَسُولٍ كَرِيمٍ ﴿٤٠﴾

၆၉ : ၄၀ ။ ။ ကေန်စင်စစ် ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် မြင့်မြတ်သော စေတမန်တစ်ပါး (ယူဆောင်လာသော အလ္လာဟ်အသျှင်မြတ်) ၏ အာယသ်တော်ပင် ဖြစ်၏။

وَمَا هُوَ بِقَوْلِ شَاعِرٍ ۚ قَلِيلًا مَّا تُؤْمِنُونَ ﴿٤١﴾

၆၉ : ၄၁ ။ ။ စင်စစ် ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် မည်သည့်ကဗျာဆရာ တစ်ဦးတစ်ယောက်၏ ပြောဆိုချက်မျှ မဟုတ်ပြီ။ အသင်တို့သည် အနည်းငယ်မျှသာလျှင် သက်ဝင်ယုံကြည်ကြကုန်၏။

وَلَا بِقَوْلِ كَاهِنٍ ۚ قَلِيلًا مَّا تَذَكَّرُونَ ﴿٤٢﴾

၆၉ : ၄၂ ။ ။ ထို့ပြင် မည်သည့် 'ဟူးရာ' အနာဂတ်ဟောဆရာ တစ်ဦးတစ်ယောက်၏ ပြောဆိုချက်မျှလည်း မဟုတ်ပြီ။ အသင်တို့သည် အနည်းငယ် စိုးစဉ်းမျှသာ နားလည်ကြကုန်၏။

تَنزِيلٌ مِّن رَّبِّ الْعَالَمِينَ ﴿٤٣﴾

၆၉ : ၄၃ ။ ။ (ယင်းကုရ်အာန်ကျမ်းတော်မြတ်မှာ) စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်မှ ချပေးတော်မူသော (အာယသ်တော်ပင်) ဖြစ်ချေသည်။

وَلَوْ تَقَوَّلَ عَلَيْنَا بَعْضَ الْأَقَاوِيلِ ﴿٤٤﴾

၆၉ : ၄၄ ။ ။ စင်စစ် အကယ်၍သာ ထို (နဗီတမန်တော်မြတ်) သည် ငါအသျှင်မြတ်အပေါ်၌ အချို့သော စကားများကို လုပ်ကြံပြောဆိုခဲ့ပါလျှင်။

لَأَخَذْنَا مِنْهُ بِالْيَمِينِ ﴿٤٥﴾

၆၉ : ၄၅ ။ ။ အမှန်ပင် ငါအသျှင်မြတ်သည် သူ၏ လက်ယာလက်ကို ဖမ်းဆွဲတော်မူခဲ့ပေမည်။

ثُمَّ لَقَطَعْنَا مِنْهُ الْوَتِينَ ﴿٤٦﴾

၆၉ : ၄၆ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် သူ၏ နှလုံးကြောကို ဖြတ်တောက်တော်မူခဲ့မည်သာ (ဖြစ်၏။)

فَمَا مِنكُم مِّنْ أَحَدٍ عَنْهُ حَاجِزِينَ ﴿٤٧﴾

၆၉ : ၄၇ ။ ။ ထိုအခါ အသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှပင် (သူ့အား) ယင်းပြစ်ဒဏ်မှ ကာကွယ်တားဆီး ပေးနိုင်သောသူဟူ၍လည်း ရှိမည်မဟုတ်ပေ။

وَإِنَّهُ لَتَذْكِرَةٌ لِّلْمُتَّقِينَ ﴿٤٨﴾

၆၉ : ၄၈ ॥ ॥ စင်စစ် ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် 'မွတ်သကီ' သူတော်ကောင်းတို့အဖို့ အဆုံးအမတရားတော်ပင် ဖြစ်ပေသည်။ ငြင်းပယ်သူများလည်း ရှိနေကြောင်း ကောင်းစွာ သိရှိတော်မူသည်။

وَإِنَّا لَنَعْلَمُ أَنَّ مِنكُم مُّكَذِّبِينَ ﴿٤٩﴾

၆၉ : ၄၉ ॥ ॥ ၄င်းပြင် ဧကန်စင်စစ် ငါအသျှင်မြတ်သည် အသင်တို့အနက် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများလည်း ရှိနေကြောင်း ကောင်းစွာ သိရှိတော်မူသည်။

وَإِنَّهُ لَحَسْرَةٌ عَلَى الْكَافِرِينَ ﴿٥٠﴾

၆၉ : ၅၀ ॥ ॥ ထို့ပြင် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့နှင့် ပတ်သက်၍ ဝမ်းနည်းကြေကွဲဖွယ်ရာပင် ဖြစ်သည်။

وَإِنَّهُ لَحَقُّ الْيَقِينِ ﴿٥١﴾

၆၉ : ၅၁ ॥ ॥ ထို့ပြင် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်သည် တပ်အပ်သေချာ၊ ထင်ရှားသိမြင်နိုင်သော အမှန်တရားပင် ဖြစ်သည်။

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ ﴿٥٢﴾

၆၉ : ၅၂ ॥ ॥ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော၊ ထူးကဲမြင့်မြတ်တော်မူသော အသျှင်မြတ် (၏ နာမတော်) ကို သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဆို (ချီးမွမ်း) ပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အမှန်တကယ် ဖြစ်ပေါ်အံ့သောအရာ။ ယင်းအမှန်တကယ် ဖြစ်အံ့သောအရာသည်ကား မည်သည့်အရာနည်း။ ဤအမှန်တကယ်ဖြစ်အံ့သော အရာသည် မည်သည့်အရာဖြစ်သည်ကို အသင်သိပါသလား။ ('ကေယာမသ်'၏ ကြီးကျယ်မှုနှင့် ကြောက်မက်ဖွယ်ဖြစ်ကြောင်း တင်ပြလိုခြင်းဖြစ်သည်။ ဤသို့ မေးမြန်းခြင်းများသည် ကြောက်မက်ဖွယ်ဖြစ်ကြောင်း သိရန်အတွက် ဖြစ်သည်။) 'ဆမူးဒ်'နှင့် 'အားဒ်' လူမျိုးတို့သည် ဆိုက်ရောက်အံ့သော ဘေးကြီး (ကေယာမသ်) ကို မဟုတ်မမှန်ဟု စွပ်စွဲ၍ ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ပေရာ 'ဆမူးဒ်'လူမျိုးတို့သည် အလွန်ပြင်းထန်သော အသံဖြင့် သေကြေပျက်စီးစေခြင်းကို ခံခဲ့ကြရသည်။ ၄င်းပြင် 'အားဒ်'လူမျိုးတို့မှာ ကြမ်းတမ်း၍ အေးမြသော လေပြင်းမုန်တိုင်းဖြင့် ပျက်စီးစေခြင်းကို ခံခဲ့ကြရသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုလေပြင်းမုန်တိုင်းကို ၄င်းတို့အပေါ်၌ (၇) ည နှင့် (၈)

ရက်တိုင် တစ်ဆက်တည်း တိုက်ခတ်ရန် တာဝန်ပေးတော်မူခဲ့သည်။ သို့ဖြစ်ပေရာ (အို၊ ကြားနာသူ၊ အကယ်၍) အသင်သည် (ထိုစဉ်က ဤသို့ ဖြစ်ပေါ်ခဲ့သည့်နေရာ၌ ရှိနေခဲ့ပါလျှင်) ထိုလူမျိုးတို့အား ပြိုလဲနေသော သစ်ခေါင်းပွ စွန်ပလွံပင်များကဲ့သို့ (လဲကျနေသည်ကို) တွေ့မြင်ရပေမည်။ (အကြောင်းမှာ ၎င်းတို့၏ အရပ်အမောင်းသည် လွန်စွာ ကြီးထွား၍ ရှည်လျားသောကြောင့် ဖြစ်သည်။)

သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့အနက်မှ ကျန်ရှိသူတစ်ဦးတစ်ယောက်ကို တွေ့မြင်ရပါသလား။ (ဆိုလိုသည်မှာ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိခဲ့ပေ။ အလ္လာဟ်အသျှင်မြတ်က

هل تحس منهم من احد او تسمع لهم ركزا

ဟူ၍ မိန့်ကြားတော်မူသည့်အတိုင်း ဖြစ်ပေသည်။) ထို့ပြင် (အလားတူ) ဖိရ်အောင်န်သည်လည်းကောင်း၊ ထိုဖိရ်အောင်န်၏ အလျှင်၌ ရှိခဲ့ကြသော သူတို့သည်လည်းကောင်း၊ (ဤနေရာတွင် နူးဟ် ﷺ ၏ အမျိုးသားများ၊ 'အားဒ်'နှင့် 'ဆမူးဒ်'အမျိုးသားများအားလုံး ပါဝင်သည်။) ထို့ပြင် (လူးသွ် ﷺ ၏ အမျိုးသားများ၏) ပြောင်းပြန်လှန်ခြင်း ခံခဲ့ရသော ရွာများသည်လည်းကောင်း ကြီးမားစွာသော ပြစ်မှုများကို ကျူးလွန်ခဲ့ကြသည်။

(ကုဖွရ်နှင့် ရှရစ်က်လုပ်ရပ်များ ပြုခဲ့ကြခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ၎င်းတို့အပေါ်၌ ရစူလ်တမန်တော်စေလွှတ်တော်မူခြင်း ဖြစ်သည်။) တစ်ဖန် ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်ကို ဖီဆန်ခဲ့ကြသည်။ (ကုဖွရ်နှင့် ရှရစ်က်လုပ်ရပ်များကို မစွန့်လွှတ်ခဲ့ကြပေ။ ဤပြစ်မှုများတွင် 'ကေယာမသ်'ကို ငြင်းပယ်ခြင်းလည်း ပါဝင်သည်။) သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ပိုမိုပြင်းထန်စွာ အရေးယူတော်မူခြင်းဖြင့် ဖမ်းဆီးအရေးယူတော်မူခဲ့သည်။

(၎င်းတို့အနက် 'အားဒ်'နှင့် 'ဆမူးဒ်'အမျိုးသားတို့၏ ဖြစ်ရပ်ကိုမူ ယခု တင်ပြပြီး ဖြစ်သည်။ ထို့ပြင် လူးသွ် ﷺ ၏ အမျိုးသားများနှင့် ဖိရ်အောင်န်၏ အပေါင်းအပါများ အပြစ်ဒဏ်ကျရောက်ခဲ့သည့် အကြောင်းများမှာ အာယသ်တော်များစွာတို့၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ နူးဟ် ﷺ ၏ အမျိုးသားများအပေါ် အပြစ်ဒဏ်ကျရောက်ခဲ့ခြင်းကို ရှေ့၌ ကျေးဇူးတော်ပြုခြင်း၏ အကြောင်းအရာအောက်၌ ဖော်ပြထားသည်မှာ) ဧကန်မုချ ငါအသျှင်မြတ်သည် (နူးဟ် ﷺ ၏ ခေတ်သမယတွင် ငါအသျှင်မြတ်သည် (နူးဟ် ﷺ ၏ ခေတ်၌ ရေလွှမ်းမိုးစေတော်မူသောအခါ အသင်တို့အား (အသင်တို့၏ ဖြစ်ပေါ်တည်ရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်တို့၏ မှအ်မင်န် ဘိုး၊ ဘေးတို့အား) သင်္ဘောပေါ်၌ တင်ဆောင် (ကယ်တင်) တော်မူခဲ့သည်။ (ကျန်သူများကို နစ်မြုပ်စေတော်မူခဲ့သည်။)

ငါအသျှင်မြတ်သည် ဤဖြစ်ရပ်ကို အသင်တို့အတွက် အောက်မေ့ (သံဝေဂရယူ) ဖွယ်အဖြစ် ပြုရန်လည်းကောင်း၊ မှတ်သားထားသော နားများသည် ဤဖြစ်ရပ်ကို မှတ်သားထားရန်လည်းကောင်း ပြုတော်မူခဲ့သည်။ (နားကို မှတ်သားထားသူဟူ၍ သွယ်ဝိုက်လျက် သုံးနှုန်းထားခြင်း ဖြစ်သည်။ ထိုဖြစ်ရပ်ကို မှတ်သားလျက် အပြစ်ထိုက်စေသော အရာများမှ ရှောင်ကြဉ်ရန်ဖြစ်သည်။ ဤဖြစ်ရပ်များမှာမူ 'ကေယာမသ်'

ကို မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုသူများအတွက် ဖြစ်သည်။ ရှေ့တွင် 'ကေယာမသ်'၏ ကြောက်မက်ဖွယ် ဖြစ်ရပ်များအကြောင်း တင်ပြထားသည်။)

တစ်ဖန် 'စူရ်'တံပိုးခရာတွင် တစ်ချက်တည်း (တစ်ကြိမ်တည်း) မှုတ်လေသောအခါ (ပထမ အကြိမ် 'စူရ်'တံပိုးမှုတ်ခြင်းကို ဆိုလိုသည်။) ထို့ပြင် (ထိုအချိန်၌) ပထဝီမြေနှင့် တောင်များသည် (မိမိ တို့ တည်ရှိသော နေရာမှ) မ,ယူခြင်းကို ခံကြရပေမည်။) ထို့နောက် ထိုမြေပထဝီနှင့် တောင်များသည် တစ်ချက်တည်း ညက်ညက်ကြေအောင် ထုထောင်းခြင်း ခံကြရသောအခါ ထိုနေ့တွင် ဖြစ်ပေါ်လာရန် ရှိသော အရာများသည် ဖြစ်ပေါ်လာပေမည်။

ထို့ပြင် မိုးကောင်းကင်သည် ကွဲအက်သွားပေမည်။ ထို့ပြင် ထို (မိုးကောင်းကင်သည် လုံးဝပင် အားအင်ချည့်နဲ့၍ ပျက်ယွင်းလျက် ရှိပေမည်။ (သို့ဖြစ်ပေရာ မိုးကောင်းကင်ကွဲအက်သွားခြင်း၊ အထောက် အထားမှာ အားနည်းပေသည်။ ဆိုလိုသည်မှာ ထိုမိုးကောင်းကင်သည် ထိုစဉ်က ခိုင်မာစွာ ရှိခဲ့သည့်အတိုင်း ၎င်းတွင် မည်သည့်နေရာမျှ အက်ကွဲကြောင်းများ၊ ဒဏ်ရာ၊ ဒဏ်ချက်များ မရှိခဲ့ပေ။ ထိုနေ့တွင်မူ မိုးကောင်း ကင်တွင် အဆိုပါခိုင်ခံ့ခြင်းများ ရှိတော့မည်မဟုတ်ဘဲ အားအင်ချည့်နဲ့၍ အက်ကွဲကြောင်းများ ဖြစ်ပေါ်လာ ပေမည်။) ၎င်းပြင် ဖရစ်ရှ်သာဟ်များသည် (ဤမိုးကောင်းကင် စတင်ကွဲအက်စဉ်၌ ယင်းမိုးကောင်းကင်တွင် ပြန့်နှံ့စွာ ရှိနေခဲ့ကြသည်။ မိုးကောင်းကင်၏ နံဘေးများ၌ ရောက်ရှိလာကြပေမည်။ (ဤအချက်အားဖြင့် မိုးကောင်းကင်သည် အလယ်မှ ကွဲအက်၍ လေးဘက်လေးရံတွင် ကျုံ့သွားမည်ဖြစ်ကြောင်း သိရှိရပေသည်။ ထို့ကြောင့် ဖရစ်ရှ်သာဟ်များသည်လည်း အလယ်မှ ဘေးဘက်ဆီများသို့ ရောက်ရှိသွားကြခြင်းဖြစ်သည်။ တစ်ဖန်

فصعق من فى السموات ومن فى الارض

ဟူသော အာယသ်တော်နှင့်အညီ ထိုဖရစ်ရှ်သာဟ်များအပေါ်၌လည်း သေခြင်းတရား ဆိုက်ရောက် လာပေမည်။) ထို့ပြင် (ရှေ့၌ ဒုတိယအကြိမ် 'စူရ်'တံပိုးခရာ မှုတ်မည့်အချိန်၌ ဖြစ်ပေါ်လာမည်များမှာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ 'အရ်ရှ်'ပလ္လင်တော်ကို ထိုနေ့တွင် ဖရစ်ရှ်သာဟ် (၈) ပါးတို့က မိမိတို့အပေါ်၌ ထမ်းမထားလျက် ရှိကြပေမည်။

(ဟဒီးစ်တော်၌ လာရှိသည်မှာ ယခုအခါ 'အရ်ရှ်'ပလ္လင်တော်ကို ဖရစ်ရှ်သာဟ်လေးပါးက ထမ်းမ ထားလျက် ရှိနေကြသည်။ 'ကေယာမသ်'နေ့တွင် ဖရစ်ရှ်သာဟ် (၈) ပါးတို့က ထမ်းမပေလိမ့်မည်' ဟု ဖြစ်သည်။ *[ဒုရ်ရေမန်ဆူးရ်ကျမ်း]*

အချုပ်မှာ ဖရစ်ရှ်သာဟ် (၈) ပါးတို့သည် 'အရ်ရှ်'ပလ္လင်တော်ကို ထမ်းမလျက် 'ကေယာမသ်' ကွင်းပြင်၌ ယူဆောင်လာပေမည်။ စာရင်းအင်းစစ်ဆေးမှုများ စတင်ပေမည်။ ဤအကြောင်းကို ရှေ့၌ တင်ပြထားသည်မှာ) ထိုနေ့တွင် အသင်တို့သည် (အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် စာရင်းအင်းစစ်ဆေး ခံရန်) တင်သွင်းခြင်းခံရပေမည်။ (ထို့ပြင်) အသင်တို့၏ မည်သည့်အကြောင်းမျှပင် (အလ္လာဟ်အသျှင်

မြတ်မှ) ဖုံးကွယ်ခြင်းရှိမည်မဟုတ်ပေ။ ထို့နောက် (မှတ်တမ်းစာအုပ်သည် လွင့်ပျံ၍ လက်၌ ပေးအပ်ခြင်း ခံရသူသည် (အလွန်ပျော်ရွှင်လျက် အနီး၌ ရှိသူတို့အား) အသင်တို့သည် ကျွန်ုပ်၏ မှတ်တမ်းစာအုပ်ကို ဖတ်ကြလေကုန်ဟု ပြောဆိုပေမည်။

စင်စစ်သော်ကား (အစကနဦးမှပင်) ဧကန်မုချ ကျွန်ုပ်သည် မိမိသည် စာရင်းစစ်ဆေးခြင်းခံရမည် ကို ယုံကြည်ခဲ့ပြီးဖြစ်သည်။ (ဆိုလိုသည်မှာ 'ကေယာမသ်'နေ့နှင့် စာရင်းစစ်ဆေးခြင်းတို့ကို ယုံကြည်ခဲ့ သည်။ ကျွန်ုပ်သည် အီမာန်သက်ဝင် ယုံကြည်ခဲ့သူ ဖြစ်သည့်အတွက် အလ္လာဟ်အသျှင်မြတ်သည် ဤယုံကြည် ခြင်း၏ 'ဗရ်ကသ်'မင်္ဂလာတော်ဖြင့် ယနေ့ ကျွန်ုပ်အား ချီးမြှင့်တော်မူခြင်းဖြစ်သည်။)

ထို့နောက် ထိုသူသည် စိတ်တိုင်းကျ သုခစည်းစိမ်၌ နေရပေမည်။ မြင့်မြတ်လှစွာသော 'ဂျန္နသ်' သုခဘုံ၌ (ဖြစ်သည်။) ယင်း 'ဂျန္နသ်'သုခဘုံ၏ သစ်သီးဝလံများမှာ ညွတ်လျက် ရှိကြပေမည်။ (မိမိတို့ အလိုရှိသကဲ့သို့ ဆွတ်ခူးစားသောက်နိုင်ကြပေမည်။ ထို့နောက် အမိန့်တော်ရှိမည်မှာ) အသင်တို့သည် လွန် လေပြီးသော နေ့ရက်ကာလ (လောက၌ ရှိစဉ်ကာလ) တွင် အကျိုးစဝါးဗ်ရရှိရန် မျှော်လင့်လျက် ကြိုတင်ပြုမူ ကျင့်ဆောင်ခဲ့သည့် အကျင့်သီလများကြောင့် မြိန်ယှက်စွာ စားသောက်ကြလေကုန်။' သို့ရာတွင် မိမိ၏ လက်ဝဲလက်၌ မိမိ၏ မှတ်တမ်းစာအုပ် ပေးအပ်ခြင်းခံရသော သူမှာမူ (လွန်စွာ ဝမ်းနည်းကြေကွဲလျက်) ပြောဆိုပေမည်။ 'မိမိ၏ စာရင်းအင်းကိုလည်း မသိရှိခဲ့ရပါလျှင် ကောင်းလေစွ။' (ကနဦးမှပင်) 'သေခြင်း တရားသာ လုံးဝ အပြီးအပြတ် ဖြစ်ခဲ့လျှင် ကောင်းလေစွ။' (စာရင်းအင်းစစ်ဆေးရန်ဖြစ်သော ပြန်လည် ရှင်ထခြင်းမရှိခဲ့ပါလျှင် ကောင်းလေစွ။ ဤသည် ဝမ်းနည်းကြေကွဲဖွယ်ဖြစ်သည်။) 'ငါ၏ ပစ္စည်းဥစ္စာသည် ငါ၏အဖို့ မည်သည့်အသုံးဝင်ခြင်းမျှ မရှိပေ။ ငါ၏ ရာထူးရာခံသည် (လည်း) ငါ့ထံမှ ပျောက်ပျက်၍ သွားလေပြီ။

(ဥစ္စာပစ္စည်းများနှင့် ရာထူးရာခံတို့သည် အသုံးမဝင်ဖြစ်သွားပေမည်။ ဤကဲ့သို့သော သူများအတွက် ဖရစ်ရှ်သာဟ်များအား မိန့်တော်မူသည်မှာ 'အသင်တို့သည် ၎င်းအား ဖမ်းဆီး၍ ၎င်း၏ လည်ပင်း၌ ကွင်းတပ်ကြလေကုန်။' ထို့နောက် အသင်တို့သည် ၎င်းအား 'ဂျဟန္နမ်'ငရဲဘုံသို့ ပစ်ချကြလေကုန်။ ထို့နောက် အသင်တို့သည် ၎င်းအား ကိုက်ခုနှစ်ဆယ်ရှိသော သံကြိုးဖြင့် တုတ်နှောင်ကြလေကုန်။ (ဤကိုက်၏ ပမာဏကို အလ္လာဟ်အသျှင်မြတ်သာ သိရှိတော်မူသည်။ အကြောင်းမှာ ဤကိုက်သည် တမလွန်၏ ကိုက်ကို ဆိုလိုသောကြောင့် ဖြစ်သည်။ ရှေ့၌ 'အဇာဗ်'အပြစ်ဒဏ်၏ အကြောင်းခံကို ဖော်ပြထားသည်မှာ) ဧကန် အမှန် ဤသူသည် ထူးကဲမြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်အား ယုံကြည်ခဲ့သည် မဟုတ်ပေ။ (အီမာန်သက်ဝင် ယုံကြည်ရန် နဗီတမန်တော်များ၏ လမ်းညွှန်သင်ကြားမှုများအတိုင်း သက်ဝင်ယုံကြည်ရန် အရေးကြီးသည်ကို ၎င်းတို့ သက်ဝင်ယုံကြည်ခြင်း မရှိကြ၍ ဖြစ်သည်။) ထို့ပြင် (မိမိတို့ကိုယ်တိုင် မည်သူ့ ကိုမျှ ပေးကမ်းခြင်းမပြုသည့်အပြင် အခြားသူများကိုလည်း) သူဆင်းရဲတို့အား ကျွေးမွေးရန် တိုက်တွန်းလေ့ ရှိခဲ့သည်လည်း မရှိပေ။

(အလ္လာဟ်အသျှင်မြတ်၏ ကြီးမြတ်မှုကို ယုံကြည်ခြင်းနှင့် ဖန်ဆင်းခံတို့အပေါ် သနားကြင်နာမှုပြုခြင်းတို့သည် 'အေဗာဒသ်'များ၏ အဓိကဖြစ်သော 'ဟူကူကွလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်၏ တာဝန်ဝတ္တရားများ) နှင့် 'ဟုကူကွလ်အိဗာဒ်' (အဖန်ဆင်းခံ များ၏ တာဝန်ဝတ္တရားများ) ဖြစ်သည်။ ၎င်းတို့သည် ဤအရာနှစ်ခုစလုံးကို စွန့်လွှတ်၍ ငြင်းပယ်ကြသူများ ဖြစ်သည်။ ထို့ကြောင့် 'အဇားဗ်'ပြစ်ဒဏ်နှင့် ထိုက်တန်ခြင်းဖြစ်သည်။) သို့ဖြစ်ပေရာ ယနေ့ ဤနေရာတွင် ၎င်း၏ အဆွေခင်ပွန်းဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပြီ။ (၎င်း၏ အဖို့) အစားအစာဟူ၍လည်း၊ အနာများမှ ထွက်သော သွေးပုပ်၊ ပြည်ပုပ် ဆေးထားသော ရေညစ်ရေပုပ်မှအပ အခြားမရှိပြီ။ (ရွံ့ရှာမှုနှင့် အနေအထားအရ ဤပြည်ပုပ်၊ သွေးပုပ်များကို ဆေးကြောသော ရေသာလျှင် ဖြစ်သည်။ ရည်ရွယ်ချက်မှာ နှစ်သက်သော အစားအစာများ စားသုံးရခြင်းမရှိကြောင်းကို တင်ပြခြင်းဖြစ်သည်။ ထိုသို့မဟုတ်ပါက 'ဇက္ကူးမ်'ဟူသော အဆိပ်ပြင်းသည့် ဆူးပင်များ စားသုံးရခြင်းသည်လည်း အာယသ်တော်များ၌ လာရှိထားသည်။ အချုပ်မှာ ၎င်းတို့၏ အစားအစာသည် သွေးပုပ်၊ ပြည်ပုပ်များကို ဆေးကြောသည့်ရေပင် ဖြစ်ပေမည်။)

ဤညစ်ပတ်ရွံ့ရှာဖွယ်ရေကို အပြစ်ကြီးများ ကျူးလွန်သူတို့မှအပ အခြားမည်သူမျှ စားသုံး (သောက်မျို) ရမည် မဟုတ်ပေ။ (ရှေ့၌ ကုရ်အာန်ကျမ်းတော်မြတ်၏ မှန်ကန်ကြောင်းကို မိန့်ကြားတော်မူထားသည်။ ယင်းမိန့်ကြားချက်တွင် 'ကေယာမသ်'နေ့၌ ကုသိုလ်အကျိုးစဝါးဗ်များနှင့် အပြစ်ဒဏ်ပေး ခြင်းအကြောင်းတို့ကို တင်ပြထားသည်။ ဤအကြောင်းတို့ကို မယုံကြည်ငြင်းပယ်ခြင်းသည် 'အဇားဗ်'အပြစ်ဒဏ်ထိုက်သက်ခြင်း၏ အကြောင်းတရားဖြစ်သည့်အကြောင်း တင်ပြထားခြင်းဖြစ်သည်။) ထို့နောက် (သွယ်ဝိုက်၍ တင်ပြပြီးနောက်) ငါအသျှင်မြတ်သည် အသင်တို့ မြင်ကြသော အရာများကို ကျိန်ဆို (သက်သေထူ) တော်မူသည်။ (အဘယ်ကြောင့်ဆိုသော် အချို့အဖန်ဆင်းခံများမှာ လုပ်ရပ်အားဖြင့်လည်းကောင်း၊ အင်အားတို့ဖြင့်လည်းကောင်း၊ မျက်စိများဖြင့် မြင်နိုင်သော အရည်အချင်းလည်း ရှိသည်။ အချို့အဖန်ဆင်းခံများမှာ လုပ်ရပ်အားဖြင့်ဖြစ်စေ၊ အင်အားဖြင့်ဖြစ်စေ ဤအရည်အချင်းမျိုး မရှိကြပေ။ ဤ 'ကစမ်'ကျိန်ဆိုခြင်း၏ ရည်ရွယ်ချက်အားဖြင့် အထူးဆက်စပ်မှု ရှိသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်အား ပို့ချပေးခြင်းခံရသူကိုမှ တွေ့မြင်ရပေသည်။ အလိုသဘာမှာ အဖန်ဆင်းခံအားလုံးကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုခြင်းဖြစ်သည်။)

ဤကုရ်အာန်သည် မြင့်မြတ်သော ဖရစ်ရှ်သာဟ်တစ်ပါး (ယူဆောင်လာသော အလ္လာဟ်အသျှင်မြတ်) ၏ အာယသ်တော်ပင် ဖြစ်၏။ (ထိုမုက္ကပါဠ်တော်ကို ပို့ချပေးခြင်း ခံရသူမှာ မုချပင် ရစူလ်တမန်တော်ဖြစ်ပေသည်။) ဤကုရ်အာန်ကျမ်းတော်မြတ်သည် မည်သည့်ကဗျာဆရာ တစ်ဦးတစ်ယောက်၏ ပြောဆိုချက်မျှ မဟုတ်ပြီ။ (ကာဖိရ်တို့သည် ကိုယ်တော်မြတ် ﷺ အား ကဗျာဆရာဟု ပြောဆိုလေ့ ရှိခဲ့ကြသည်။ သို့ရာတွင်) အသင်တို့သည် နည်းပါးစွာသာ အီမာန်သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ (အလွန်နည်းပါးစွာဟူသည်မှာ မရှိခြင်းကို ဆိုလိုသည်။) ထို့ပြင် ဤကျမ်းတော်သည် မည်သည့်အနာဂတ်ဟော ဆရာတစ်ဦး၏ ပြောဆိုချက်မျှလည်း မဟုတ်ပြီ။ (အချို့ကာဖိရ်တို့သည် ကိုယ်တော်မြတ် ﷺ ကို ဤအတိုင်း ပြောဆိုလေ့

ရှိခဲ့ကြသည်။ သို့ရာတွင်) အသင်တို့သည် အလွန်နည်းပါးစွာသာ သိနားလည်ကြပေသည်။ (ဤနေရာ၌လည်း အလွန်နည်းပါးစွာ ဟူသည်မှာ မရှိခြင်းကိုပင် ဆိုလိုသည်။ အချုပ်မှာ ဤကျမ်းတော်မြတ်သည် ကဗျာလင်္ကာလည်း မဟုတ်။ မည်သည့်အနာဂတ်ဟောကြားသော စကားများလည်း မဟုတ်သည့်အပြင်) စကြဝဠာ ခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်မှ ချပေးတော်မူသော (အာယသ်တော်ပင်) ဖြစ်ချေသည်။

ထို့ပြင် (ရှေ့၌ ထိုကျမ်းတော်မြတ်သည် မှန်ကန်ကြောင်းကို အထောက်အထားတစ်ရပ်အဖြစ် တင်ပြထားသည်မှာ) အကယ်၍သာ ထို (နဗီတမန်တော်မြတ်) သည် ငါအသျှင်မြတ်အပေါ်၌ အချို့သော စကားများကို လုပ်ကြံပြောဆိုခဲ့ပါလျှင် (ငါအသျှင်မြတ်၏ မုက္ခပါဌ်တော်မဟုတ်သည်တို့ကို ငါအသျှင်မြတ်၏ မုက္ခပါဌ်တော်များဟု မုသားပြောဆိုခြင်းနှင့် 'နဗူဝသ်'ကို မဟုတ်မမှန် ကြွေးကြော်ခြင်းတို့ ဖြစ်သည်။) အမှန်ပင် ငါအသျှင်မြတ်သည် သူ၏ လက်ယာလက်ကို ဖမ်းဆွဲတော်မူခဲ့ပေမည်။ ထို့နောက် ငါအသျှင်မြတ်သည် သူ၏ နှလုံးကြောကို ဖြတ်တောက်တော်မူခဲ့မည်သာ (ဖြစ်၏။) ထိုအခါ အသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှပင် (သူ့အား) ယင်းပြစ်ဒဏ်မှ ကာကွယ်တားဆီးပေးနိုင်သောသူ ဟူ၍လည်း ရှိမည်မဟုတ်ပေ။ (နှလုံးသွေးကြော ဖြတ်တောက်လိုက်ခြင်းဖြင့် လူသည် သေဆုံးသွားပေမည်။ ဤနေရာတွင် ၎င်းအား သတ်ဖြတ်ပစ်လိုက်မည်ဟု ဆိုလိုခြင်းဖြစ်သည်။)

ကေန်အမှန် ဤကုရ်အာန်ကျမ်းတော်မြတ်သည် 'မွတ်သကီ' သူတော်ကောင်းတို့အဖို့ အဆုံးအမတရားတော်ပင် ဖြစ်ပေသည်။ (ပင်ကိုယ်အရ မှန်ကန်ကြောင်းသည် ၎င်း၏ 'ဆိဖသိကမာလိယဟ်' ဖြစ်သည်။ ဆုံးမညွှန်ပြဒါ၏ အကြောင်းခံဖြစ်ခြင်းသည် ၎င်း၏ 'ဆိဖသိကာမာလိယဟ်အိဖွာဖိယဟ်' ဖြစ်သည်။) ထို့ပြင် (ရှေ့၌ မဟုတ်မမှန်ဟု စွပ်စွဲ၍ ငြင်းပယ်သူတို့ကို သတိပေးနှိုးဆော်ထားသည်မှာ) ငါအသျှင်မြတ်သည် အသင်တို့အနက် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများလည်း ရှိနေကြောင်း ကောင်းစွာ သိရှိတော်မူသည်။ (သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်းတို့အား ဤသို့ ငြင်းပယ်မှုအတွက် အပြစ်ဒဏ်ပေးတော်မူမည်။)

ထို့ပြင် (ဤသို့ ပြုကြခြင်းကြောင့်) ဤကုရ်အာန်ကျမ်းတော်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အဖို့ ဝမ်းနည်းကြေကွဲဖွယ်ရာပင် ဖြစ်သည်။ (အကြောင်းမှာ ၎င်းတို့အဖို့ မဟုတ်မမှန်ဟု စွပ်စွဲ၍ ငြင်းပယ်ခဲ့ကြခြင်းသည် 'အဇာဗ်'၏ အကြောင်းခံ ဖြစ်သွားသောကြောင့်ပင်။) ထို့ပြင် ကေန်မုချ ဤ (ကုရ်အာန်) ကျမ်းတော်မြတ်သည် မလွဲမသွေ ယုံကြည်ထိုက်သည့် ကျမ်းတော်မြတ်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်သည် (ဤကျမ်းတော်မြတ် ပို့ချပေးတော်မူသော) မိမိ၏ ဖန်ဆင်းမွေးမြူတော်မူသော၊ ထူးကဲမြင့်မြတ်တော်မူသော အသျှင်မြတ် (၏ နာမတော်) သည် သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဆို (ချီးမွမ်း) ပါလေ။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ဤစူရာဟ်တွင် 'ကေယာမသ်'၏ ကြောက်မက်ဖွယ်ဖြစ်ရပ်များကိုလည်းကောင်း၊ ကာဖိရ်နှင့် ဆိုးယုတ်သူတို့အား ပြစ်ဒဏ်ခတ်မည်ကိုလည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်သူများနှင့် 'မွတ်သက္ကီ' သူတော်စင်တို့အား အကျိုးကုသိုလ်များ ချီးမြှင့်တော်မူမည်ကိုလည်းကောင်း တင်ပြထားသည်။ 'ကေယာမသ်'၏ အမည်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် မြောက်မြားစွာ လာရှိသည်။ ဤစူရာဟ်တွင် 'ကေယာမသ်'ကို 'ဟာက်ကဟ်'ဟူသော စာလုံးဖြင့်လည်းကောင်း၊ 'ကရိအဟ်' ဟူသော စာလုံးဖြင့်လည်းကောင်း 'ဝါကိအဟ်'ဟူသော စာလုံးဖြင့်လည်းကောင်း ခိုင်းနှိုင်းဖော်ပြထားသည်။ ဤစာလုံးများသည် 'ကေယာမသ်'၏ အမည်နာမများဖြစ်သည်။ 'ဟာက်ကဟ်'ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ 'အမှန်တရားနှင့် အတည်ဖြစ်ခြင်း' ဟုလည်း လာရှိသည်။ အခြားသော အရာများကို မှန်ကန်ကြောင်း အတည်ပြုခြင်းကိုလည်း 'ဟာက်ဟဟ်' ဟုပင် ခေါ်သည်။ 'ကေယာမသ်'နှင့် စပ်လျဉ်း၍ ဤစာလုံးသည် အဓိပ္ပာယ်နှစ်မျိုးစလုံး အကျုံးဝင်ပေသည်။ အကြောင်းမှာ 'ကေယာမသ်' သည် ပင်ကိုယ်အရ အမှန်ဖြစ်သည်။ ထို့ပြင် ၄င်း 'ကေယာမသ်'၏ ဖြစ်ပေါ်ခြင်းသည် အတည်ဖြစ်ပြီး မလွဲမသွေယုံကြည်ရန် ဖြစ်သည်။ ထို့ပြင် 'ကေယာမသ်' သည် မုအ်မင်န်များအတွက် 'ဂျန္နသ်'နှင့် ကာဖိရ်တို့အတွက် 'ဂျဟန္နမ်'ဖြစ်ကြောင်း အတည်ဖြစ်ပြီး သတ်မှတ်ပေးသော အရာလည်း ဖြစ်သည်။ ဤနေရာတွင် 'ကေယာမသ်'၏ ဤအမည်နာမများနှင့်အတူ မေးခွန်းကို ထပ်တလဲလဲ ပြုလုပ်လျက် ဦးနှောက်နှင့် စဉ်းစားမရနိုင်လောက်အောင် ဖြစ်သော ကြောက်မက်ဖွယ်ဖြစ်ကြောင်းကို ဖော်ညွှန်းထားသည်။

قَارِعَة 'ကာရိအဟ်' ၏ တစ်လုံးချင်းအဓိပ္ပာယ်မှာ 'တံခါးခေါက်ခြင်း'ဟု ဖြစ်သည်။ 'ကေယာမသ်' အတွက် ဤစာလုံးကို သုံးနှုန်းရခြင်းမှာ ထိုနေ့သည် လူသားအားလုံးကို ရန်းရင်းဆန်ခတ်နှင့် မတည်မငြိမ် ဖြစ်စေသော မိုးကောင်းကင်နှင့် မြေပထဝီရှိ ခန္ဓာကိုယ်ထုထည်ဟူသမျှကို တစ်ကွဲတစ်ပြား တစ်စစီ ဖြစ်စေသောကြောင့်ပင် ဖြစ်သည်။

طَاغِيه သည် طُغيان ဟူသော စာလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ အတိုင်းအတာထက် ကျော်လွန်သွားခြင်းဟု ဖြစ်သည်။ ဆိုလိုသည်မှာ လောကတစ်ခုလုံးရှိ အသံအားလုံးတို့ထက်ပင် ပို၍ ကျယ်လောင်သောအသံဖြစ်သည်။ ထိုအသံကို လူသား၏ နှလုံးသားနှင့် ဦးနှောက်တို့က ခံစားနိုင်ခြင်းမရှိပေ။ 'ဆမူးဒ်'အမျိုးသားတို့၏ အမိန့်ဖီဆန်မှုသည် အတိုင်းထက်အလွန် ဖြစ်လာလေသောအခါ ၄င်းတို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်သည် ဤပြင်းထန်သည့် အသံဖြင့် ကျရောက်လာခဲ့သည်။ ဤအသံတွင် တစ်လောကလုံး၏ မိုးခြိမ်းသံနှင့် လောကရှိ ပြင်းထန်သော အသံအားလုံး စုပေါင်းပါဝင်ပေသည်။ ထိုအသံကြောင့် 'ဆမူးဒ်' အမျိုးသားတို့၏ နှလုံးများ အက်ကွဲသွားကြလေသည်။

رِيْحٌ صَرْصَر အလွန်တရာ အေးခဲခြင်းလည်း ရှိသည်။ လေပြင်းမုန်တိုင်းကို ခေါ်ဆိုပေသည်။

سَبۡعَ لَيَالٍ وَثَمٰنِيَةَ اَيَّامٍ

အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ ဗုဒ္ဓဟူးနေ့ နံနက်အချိန်မှစ၍ ဤလေပြင်းမုန်တိုင်း၏ 'အဇားဗ်' စတင်ခဲ့သည်မှာ နောက်အပတ် ဗုဒ္ဓဟူးနေ့ ညနေအထိ ဖြစ်ခဲ့သည်။ သို့ဖြစ်ပေရာ နေ့မှာ (၈) နေ့ဖြစ်၍ ညမှာ (၇) ည ဖြစ်ခဲ့သည်။

حَاسِمِ نُو حُسُومًا

၏ ဗဟုဝစ်ကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'ဖြတ်တောက်ပစ်လိုက်ခြင်းနှင့် လုံးဝဥဿုံ ဖျက်ဆီးပစ်လိုက်ခြင်း'ဟု ဖြစ်သည်။

مُؤۡتَفِكَت ၏ အဓိပ္ပာယ်မှာ 'အချင်းချင်း ပေါင်းစပ်နေခြင်း၊ ရောနှောနေခြင်း' ဟု ဖြစ်သည်။ ဟဇရတ်လူးသ္ ﷺ ၏ မြို့ရွာများကို ဤသို့ ခေါ်ဆိုရခြင်းမှာ ထိုမြို့ရွာအားလုံးသည် တစ်ခုနှင့် တစ်ခု ဆက်စပ်လျက်ရှိခြင်းကြောင့်လည်းကောင်း 'အဇားဗ်'ကျရောက်လာသောအခါ ထိုမြို့ရွာများ၏ အောက်ဘက် မြေလွှာမှ အောက်ထိုးဖြစ်သွားသောအခါ ထိုမြို့ရွာအားလုံးမှာ ရောနှောသွားကြခြင်းကြောင့်လည်းကောင်း ဖြစ်သည်။

فَاِذَا نُفِخَ فِى الصُّوۡرِ نَفۡخَةٌ وَّاحِدَةٌ

သိရ်မေဇီကျမ်းတွင် ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ သခင်၏ ဆင့်ပြန်ချက် (ဟဒီးစ်မရ်ဖူးအ်) လာရှိသည်မှာ 'စူရ်'တံပိုးခရာသည် ဦးချို (ကဲ့သို့သော အရာတစ်ခု) ဖြစ်သည်။ ဤ 'စူရ်'ကို 'ကေယာမသ်' နေ့တွင် မှုတ်မည်ဖြစ်သည်။

نَفۡخَةٌ وَّاحِدَةٌ ၏ အလိုသဘောမှာ တစ်ကြိမ်တည်းတစ်ခါတည်း ရုတ်တရက် ဤ 'စူရ်'တံပိုး၏ အသံ ဖြစ်ပေါ်လာပေမည်။ အသံတစ်ခုမှာ ဆက်တိုက်ဖြစ်ပေမည်။ ဤအသံကြောင့် သက်ရှိ သတ္တဝါအားလုံး သေကြေပျက်စီးသွားကြပေမည်။ ကုရ်အာန်နှင့် ဟဒီးစ်တော်များအရ 'ကေယာမသ်စူရ်' နှစ်ကြိမ် မှုတ်မည် ဖြစ်ကြောင်း လာရှိထားသည်။ ပထမ 'စူရ်'မှုတ်ခြင်းကို **نفخه صعق** ဟု ခေါ်သည်။ ၎င်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်တွင်

فصعق من فى السموت و من فى الارض

ဟု လာရှိထားသည်။ ဆိုလိုသည်မှာ 'ဤ 'စူရ်'မှုတ်ခြင်းကြောင့် မိုးကောင်းကင်များ၌ ရှိကြသော ဖရစ်ရှ်သာဟ်များသည်လည်းကောင်း၊ မြေပထဝီ၌ နေထိုင်ကြကုန်သော 'ဂျင်န်'များ၊ လူသားများနှင့် တိရစ္ဆာန်အားလုံးတို့သည်လည်းကောင်း သတိလစ်မေ့မျောသွားကြပေမည်။ (တစ်ဖန် ဤသတိလစ်မေ့မျော ခြင်း၌ပင် သေခြင်းတရား ဆိုက်ရောက်လာပေမည်။) ဒုတိယ'စူရ်'မှုတ်ခြင်းကို **نفخه بعث** ဟု ခေါ်ဆို သည်။ **بعث** ၏ အဓိပ္ပာယ်မှာ 'ထခြင်း' ဟု ဖြစ်သည်။ ဤ 'စူရ်'မှုတ်ခြင်းအားဖြင့် သူသေအားလုံးတို့သည် တစ်ဖန်ပြန်လည်ရှင်၍ လာကြပေမည်။ ဤအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏

ثم نفخ فيه اخرى فاذاهم قيام ينظرون

ဟူသော အာယသ်တော်၌ လာရှိထားသည်။ ဆိုလိုသည်မှာ 'ဒုတိယအကြိမ် 'စူရ်'တံပိုးခရာကို မှုတ်ပေမည်။ ထို 'စူရ်'တံပိုးမှုတ်ခြင်းကြောင့် ရုတ်တရက် သူသေအားလုံးတို့သည် ရှင်ပြန်ထလာကြပေမည်။ ထို့နောက် ကြည့်ရှုကြပေမည်'ဟု ဖြစ်သည်။ အချို့ဆင့်ပြန်ချက်များတွင် ထို 'စူရ်'နှစ်ကြိမ်မှုတ်ခြင်း၏အလျင် တတိယ 'စူရ်'မှုတ်ကြောင်း လာရှိသည်။ ၎င်း 'စူရ်'ကို **نفخة فزع** ဟု ခေါ်ဆိုသည်။ ဆင့်ပြန်အားလုံးနှင့် 'နဆွရ်'အားလုံးကို သေချာကျနစွာ စဉ်းစားခြင်းဖြင့် သိရှိရသည်မှာ ထို 'စူရ်' သည်သာ ပထမ 'စူရ်'ဖြစ်သည်။ ၎င်း'စူရ်'ကို အစပိုင်းတွင် **نفخة فزع** ဟုခေါ်ဆိုပြီး၊ နောက်ဆုံး 'စူရ်' ကို **نفخة صعق** ဟုပင် ခေါ်ဆိုသည်။

وَيَحمِلُ عَرْشَ رَبِّكَ فَوْقَهُمْ يَوْمَئِذٍ ثَمٰنِيَةٌ

ဆိုလိုသည်မှာ 'ကေယာမသ်'နေ့တွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ 'အရ်ရှ်'ပလ္လင်တော်ကို ဖရစ်ရှတ်သာဟ် (၈) ပါးက ထမ်းမ‚တော်မူလိမ့်မည်' ဟု ဖြစ်သည်။ အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ 'ကေယာမသ်'၏အလျင်တွင် ဤတာဝန်မှာ ဖရစ်ရှ်သာဟ် (၄) ပါးကိုသာ တာဝန်ပေးအပ်ထားသည်။ 'ကေယာမသ်'နေ့၌ ဖရစ်ရှ်သာဟ် (၄) ပါးတိုး၍ (၈) ပါးဖြစ်သွားပေမည်' ဟု ဖြစ်သည်။

ကျန်ရှိနေသည်မှာ ဤအသျှင်မြတ်၏ 'အရ်ရှ်'ပလ္လင်တော်ဆိုသည်မှာ မည်သည့်အရာပါနည်း။ ထို့ပြင် ၎င်း၏ ဓစ်မြစ်နှင့် ၎င်း၏ ပုံပန်းသဏ္ဌာန်အစစ်မှာ မည်သို့ပါနည်း။ ဖရစ်ရှ်သာဟ်များက ၎င်းကို ထမ်းမ‚ထားခြင်းဆိုသည်မှာ မည်သို့ပါနည်း။ 'ဤအရာအားလုံးသည် လူသား၏ ဦးနှောက်နှင့် မဆန့်သော အရာများသာ ဖြစ်သည်။ ဤအချက်တို့ကို စဉ်းစားတွေးတော သုံးသပ်ခြင်း၊ မေးမြန်းခြင်းများ ပြုရန်လည်း အခွင့်အလမ်း မရှိပေ။ ရှေးသူတော်စင်များဖြစ်ကြသော ဆွဟာဗာများနှင့် သာဗေအီးန်တို့၏ လမ်းစဉ်မှာလည်း 'ဤသည်မှာ အလ္လာဟ်အသျှင်မြတ်ကို ဆိုလိုသည်။ ဤသည်မှာ အမှန်ဖြစ်သည်။ ၎င်း၏ ဓစ်မြစ်နှင့် ပုံပန်းသဏ္ဌာန်တို့မှာ မသိရှိနိုင်ကြောင်း သက်ဝင်ယုံကြည်မှု ထားရှိရခြင်းမျှသာ ဖြစ်ပေသည်။

يَوْمَئِذٍ تُعْرَضُونَ لَا تَخْفٰى مِنْكُمْ خَافِيَةٌ

ဆိုလိုသည်မှာ ထိုနေ့တွင် အားလုံးတို့သည် မိမိတို့အသျှင်မြတ်၏ ရှေ့တော်မှောက်၌ သွင်းခြင်းခံရပေမည်။ မည်သည့်ပုန်းကွယ်သူမျှ ပုန်းအောင်းနိုင်ကြမည်မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်၏ အသိတော်နှင့် မြင်တွေ့နိုင်တော်မူခြင်းတို့အရ ယနေ့လည်း မည်သူမျှ ပုန်းကွယ်ခြင်းငှာ မပြုနိုင်ကြချေ။ ထိုနေ့ကို အထူးတင်ပြရခြင်းမှာ 'ဟရ်ရ်'ကွင်းပြင်တွင် မြေပြင်တစ်ခုလုံးမှာ ညီညာပြန့်ပြူးမှု ပုံစံတစ်မျိုးတည်းသာ ဖြစ်ပေမည်။ မည်သည့်လှိုဏ်ဂူမျှ မရှိ။ မည်သည့်တောင်မျှလည်း မရှိ။ မည်သည့်အဆောက်အဦးမျှလည်း

မရှိ။ မည်သည့်သစ်ပင် စသည်တို့၏ အကာအကွယ်မျှလည်း မရှိပေ။ ဖော်ပြပါအရာများသည်ပင် ပုန်းကွယ်သူတို့အား ပုန်းကွယ်ခွင့်ပေး၍ ကွယ်ဝှက်ပေးမှုလည်း ရှိမည်မဟုတ်ပေ။ ထို 'ဟရှရ်'ကွင်းပြင်၌မူ ဖော်ပြပါတို့အနက် မည်သည့်အရာမျှ ရှိမည်မဟုတ်ပေ။ ပုန်းကွယ်သူတို့အဖို့ ပုန်းကွယ်ရန်ဆိုသည်မှာ မဖြစ်နိုင်ပေ။

هَاؤُمُ اقْرَءُوا كِتَابِيَهْ

هَاؤُمُ ဟူသော စာလုံးသည် **خُذُو** ၏ အဓိပ္ပာယ်တွင် ဖြစ်သည်။ ဗဟုဝုစ်ကိန်းအတွက် သုံးနှုန်းခြင်းဖြစ်သည်။ အလိုသဘောမှာ မှတ်တမ်းစာအုပ်ကို မိမိ၏ လက်ျာလက်၌ ပေးခံရသူသည် ပျော်ရွှင်စွာဖြင့် အနီးအနား၌ ရှိသူတို့ကို 'ယူပါ။ ကျွန်ုပ်၏ မှတ်တမ်းစာအုပ်ကို ဖတ်ကြည့်ပါ' ဟု ပြောဆိုပေလိမ့်မည်' ဟု ဖြစ်သည်။

هَلَكَ عَنِّي سُلْطَٰنِيَهْ

سُلْطَان ၏ အဓိပ္ပာယ်မှာ 'လွှမ်းမိုးခြင်း၊ စိုးမိုးခြင်း' ဟု ဖြစ်သည်။ ထို့ကြောင့် အုပ်ချုပ်ရေးအာဏာကို **သလ်တနတ်** နှင့် အုပ်ချုပ်သူကို **سُلطان** ဟု ခေါ်ဆိုခြင်းဖြစ်သည်။ အလိုသဘောမှာ 'လောကတွင် ကျွန်ုပ်သည် အခြားလူများအပေါ် မြင့်မားခြင်း၊ လွှမ်းမိုးခြင်းတို့ ရရှိခဲ့သည်။ ကျွန်ုပ်သည် လူအားလုံးတို့တွင် ကြီးမားသူဟု မှတ်ယူခြင်းခံခဲ့ရသည်။ ယနေ့ ထိုကြီးမားမှုနှင့် အောင်နိုင်ခြင်းတို့သည် ကျွန်ုပ်အဖို့ မည်သို့မျှ အသုံးမဝင်ပါချေ'ဟု ဖြစ်သည်။ ထို့ပြင် **سلطان** ဟူသော စာလုံးသည် 'အထောက်အထား' ဟူသော အဓိပ္ပာယ်အတွက်လည်း လာရှိသည်။ ဤအဓိပ္ပာယ်အရဆိုလျှင် 'သြော်- ဝမ်းနည်းဖွယ် ဖြစ်ရလေခြင်း။ ယနေ့ ကျွန်ုပ်၏ လက်ဝယ် 'အဇာဗ်'အပြစ်ဒဏ်မှ လွတ်မြောက်စေနိုင်သော မည်သည့်အထောက်အထားမျှ မရှိပေ' ဟု ဖြစ်သည်။

خُذُوهُ فَغُلُّوهُ

ဤအမိန့်သည် 'ဤအပြစ်ရှိသူကို ဖမ်းဆီး၍ ၎င်း၏ လည်ပင်းတွင် ကွင်းစွပ်ကြကုန်' ဟူ၍ ဖရစ်ရှ်သာဟ်များအား အမိန့်ပေးခြင်းဖြစ်သည်။ သို့သော် အာယသ်တော်၏ စာလုံးများတွင် 'မည်သူက ဖမ်းဆီး၍ လည်ပင်း၌ ကွင်းစွပ်ရမည်ဟူ၍ ဖော်ပြခြင်း မရှိပေ။ ထို့ကြောင့် အချို့ဆင့်ပြန်ချက်များ၌ လာရှိသည်မှာ ဤအမိန့်ချမှတ်ခြင်းဖြစ်လျှင် နံရံတံတိုင်းဟူသရွေ့နှင့် တံခါးများသည်လည်းကောင်း၊ အရာဟူသရွေ့တို့သည်လည်းကောင်း၊ အမိန့်နာခံသူများဖြစ်လျက် ထိုအပြစ်ရှိသူ တရားခံကို ဖမ်းဆီးရန် လိုက်ကြပေမည်။

ثُمَّ فِي سِلْسِلَةٍ ذَرْعُهَا سَبْعُونَ ذِرَاعًا فَاسْلُكُوهُ

ဆိုလိုသည်မှာ 'ထို့နောက် ၎င်းကို သံကြိုးတစ်ချောင်းတွင် သီကုံးကြလေကုန်။ ၎င်းသံကြိုး၏ အရှည်ပမာဏမှာ ကိုက် (၇၀) ရှိသည်'ဟု ဖြစ်သည်။ 'သံကြိုး၌ သီကုံးကြလေကုန်' ဟူသော အလိုသဘော

ကို ဖွင့်ဆိုချက်အနှစ်ချုပ်၌ ရေးသားသကဲ့သို့ 'သံကြိုးဖြင့် ချည်နှောင်ကြလေကုန်'ဟုလည်း သွယ်ဝိုက်သော နည်းဖြင့် ယူနိုင်ပေသည်။ သို့ရာတွင် ၎င်း၏ အဓိပ္ပာယ်စစ်စစ်မှာ ပုလဲ (သို့) 'သတ်စ်ဗီးဟ်' အစေ့များကို သီကုံးသကဲ့သို့ သံကြိုးကို ၎င်း၏ ခန္ဓာကိုယ်၌ ထည့်၍ အခြားတစ်ဖက်မှ ထုတ်ယူကြလေကုန်' ဟုဖြစ်သည်။ အချို့ဟဒီးစ်ဆင့်ပြန်ချက်များဖြင့် ဤအဓိပ္ပာယ်အစစ်ကို ထောက်ခံခြင်းလည်း ဖြစ်ပေသည်။

فَلَيْسَ لَهُ الْيَوْمَ هٰهُنَا حَمِيْمٌ ○ وَلَا طَعَامٌ اِلَّا مِنْ غِسْلِيْنٍ

حَمِيْمٌ သည် အထူးရင်းနှီးသော မိတ်ဆွေကို ခေါ်ဆိုသည်။ **غِسْلِيْن** သည် 'ဂျဟန္နမီ (ငရဲဘုံသား) တို့၏ အနာများ၏ သွေး၊ ပြည် စသည်တို့ကို ဆေးကြောသောရေ' ကို ခေါ်ဆိုသည်။

အာယသ်တော်များ၏ အလိုသဘောမှာ 'ယနေ့ ၎င်းသူအဖို့ မည်သည့်မိတ်ဆွေသည်မျှ ၎င်းအား ကူညီနိုင်မည်မဟုတ်ပါ။ ၎င်းသူအဖို့ 'အဇားဗ်' မှ ကယ်တင်နိုင်မည်မဟုတ်ပါ။ ထို့ပြင် စားသုံးရန်အတွက် 'ဂျဟန္နမီ' (ငရဲဘုံသား) တို့၏ အနာများမှ သွေး၊ ပြည်တို့ကို ဆေးကြောသော ညစ်ညမ်းသည့်ရေမှအပ အခြားတစ်စုံတစ်ရာ ရှိမည်မဟုတ်ပေ။ 'အခြားတစ်စုံတစ်ရာမျှ ရှိမည်မဟုတ်' ဟူသည်မှာ ဖွင့်ဆိုချက်အနှစ်ချုပ်၌ တင်ပြထားသကဲ့သို့ နှစ်သက်ဖွယ်ဖြစ်သော အစားအသောက်များအနက်မှ တစ်စုံတစ်ရာ ရရှိမည်မဟုတ်ပေ။ **غسلين** ကဲ့သို့ အခြားရွံရှာဖွယ်ဖြစ်သော အရသာမကောင်းသည့် အရာမရှိကြောင်းကို ဖော်ညွှန်းထားခြင်း ဖြစ်သည်။ ထို့ကြောင့် အခြားအာယသ်တော်တွင် 'ဂျဟန္နမ်'ငရဲဘုံသားတို့သည် **زقوم** 'ဇက္ကူးမ်'စားသုံးရကြောင်း လာရှိသည်မှာ ၎င်းနှင့် ဆန့်ကျင်မှုမဖြစ်ပေ။

فَلَا اُقْسِمُ بِمَا تُبْصِرُوْنَ ○ وَمَا لَا تُبْصِرُوْنَ

ဆိုလိုသည်မှာ 'အသင်တို့ မြင်တွေ့သော အရာများကိုလည်းကောင်း၊ (သို့) မြင်တွေ့နိုင်သော အရာများကိုလည်းကောင်း၊ ထို့ပြင် အသင်တို့ မမြင်တွေ့သော အရာများနှင့် မမြင်တွေ့နိုင်သော အရာများကိုလည်းကောင်း၊ တိုင်တည် (သက်သေထူ) ၍ ကျိန်ဆိုတော်မူပါ၏။ ဤနေရာတွင် ခပ်သိမ်းကုန်သော အဖန်ဆင်းခံများ ပါဝင်သွားပေသည်။ အချို့ပညာရှင်များက မိန့်ဆိုသည်မှာ 'မတွေ့မြင်ရသော အရာများ ဟူသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဇာတိတော်နှင့် ဂုဏ်တော်များကို ဆိုလိုသည်' ဟု ဖြစ်သည်။

အချို့ပညာရှင်များက မိန့်ဆိုသည်မှာ 'မြင်တွေ့ရသော အရာများဟူသည်မှာ လောက၏ အရာများ ဖြစ်ပြီး မမြင်တွေ့ရသော အရာများဟူသည်မှာ လောကီ၏ အရာများဖြစ်ကြောင်း၊ မမြင်တွေ့ရသော အရာများ ဟူသည်မှာ လောကုတ္တရာ၌ ရှိမည်ဖြစ်သော အရာများကို ဆိုလိုကြောင်း' ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

تَقَوَّلَ ၏ အဓိပ္ပာယ်မှာ 'စကားကို လုပ်ကြံပြောဆိုခြင်း' ဟု ဖြစ်သည်။

وَتِيْن ဝိညာဉ်သည် လူ၏ ခန္ဓာကိုယ်၌ ပြန့်နှံ့သွားစေသော နှလုံးမှ ထွက်သည့် အကြောကို ခေါ်ဆိုသည်။ ထိုအကြောကို ဖြတ်တောက်လိုက်ပါက လူသည် ချက်ချင်းပင် သေဆုံးသွားပေမည်။

ကုန်လွန်ပြီးခဲ့သော အာယသ်တော်များတွင် မက္ကာဟ်မြို့ရှိ ကာဖိရ်တို့၏ အကျိုးမဲ့ အချည်းနှီးဖြစ်သော အတွေးအခေါ်များကို ချေပထားသည်။ အချို့က ကိုယ်တော်မြတ် ﷺ အား 'ကဗျာဆရာ' ဟု ဆို၍ ကိုယ်တော်မြတ် ﷺ ၏ ပြောဆိုသော စကားများကို 'ကဗျာ၊ လင်္ကာ' များဟုလည်းကောင်း၊ အချို့က ကိုယ်တော်မြတ် ﷺ အား 'အနာဂတ်ဟောသည့် ဆရာ' နှင့် ကိုယ်တော်မြတ် ﷺ ၏ ပြောဆိုသော စကားများကို 'အနာဂတ်ဟောစကားများ' ဟူ၍ လည်းကောင်း ပြောဆိုခဲ့ကြသည်။

كاهن 'ကာဟင်န်' (အနာဂတ်ဟောဆရာ) ဆိုသည်မှာ 'ဂျိန်းသွာန်အချို့တို့မှ သတင်းများရယူပြီး နက္ခတ်တာရာအချို့၏ သက်ရောက်မှုများအားဖြင့် သိအောင် ပြုလုပ်ပြီး ရှေ့ဖြစ်ပေါ်လာမည့် ဖြစ်ရပ်များကို ခန့်မှန်း၍ ပြောဆိုခြင်းပြုသူ' ဖြစ်သည်။ အချုပ်မှာ တမန်တော်မြတ် ﷺ အား 'ကဗျာဆရာ' ဟုလည်းကောင်း၊ အနာဂတ်ဟောဆရာဟုလည်းကောင်း၊ ပြောဆိုသူတို့၏ စွပ်စွဲချက်များမှာ 'ကိုယ်တော်မြတ် ﷺ ပြောဆိုသော စကားများသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှမဟုတ်။ ကိုယ်တော်မြတ် ﷺ သည် မိမိကိုယ်တိုင် တွေးခေါ်ယူဆ၍လည်းကောင်း၊ (သို့) အနာဂတ်ဟောဆရာများကဲ့သို့ ဂျိန်းသွာန်များဘက်မှ စကားရပ်အချို့ကို စုဆောင်း၍ ထိုစကားရပ်များကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှဖြစ်၍ လုပ်ကြံဖန်တီးခြင်း ဖြစ်သည်' ဟုလည်းကောင်း စွပ်စွဲပြောဆိုကြခြင်းသာ ဖြစ်သည်။ ဖော်ပြပါ အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ မှားယွင်းသော ယင်းယူဆချက်များကို အခြားသော ပုံစံတစ်မျိုးဖြင့် ပြင်းထန်စွာ ချေပထားသည်မှာ 'အို, ရူးသွပ်သူတို့၊ အကယ်၍ ဤရစူလ်တမန်တော်သည် ငါအသျှင်မြတ်အပေါ် မုသားပြောဆို လုပ်ကြံမှုများကို ပုံချခဲ့သည်ဖြစ်လျှင် ငါအသျှင်မြတ်သည် ဤအတိုင်း ကြည့်နေပြီး အဖန်ဆင်းခံများကို လမ်းမှားခြင်းပြုစေရန် ၎င်းအား လွှတ်ထားတော်မူပါမည်လော' ဟု ဖြစ်သည်။ ဤအချက်ကို အသိဉာဏ်ရှိသူတစ်ဦးအဖို့ ယုံကြည်လက်ခံနိုင်လိမ့်မည်မဟုတ်ပေ။

ထို့ကြောင့် ဤအာယသ်တော်တွင် လုံးဝ မဖြစ်နိုင်သည့် ပုံစံဖြင့် မိန့်ကြားတော်မူထားသည်မှာ အကယ်၍ ဤရစူလ်တမန်တော်သည် မည်သည့်စကားကိုပင်ဖြစ်စေ မိမိဘက်မှ လုပ်ကြံလီဆယ်ပြီး ငါအသျှင်မြတ် ဘက်တော်မှ ဖြစ်သည်ဟု ပြောဆိုခဲ့ပါလျှင် ငါအသျှင်မြတ်သည် ၎င်း၏ လကျ်ာလက်ကို ဖမ်းကိုင်၍ ၎င်း၏ နှလုံးသွေးကြောကို ဖြတ်တောက်ပစ်တော်မူပေမည်။ ထိုအခါ ငါအသျှင်မြတ်၏ ဤအပြစ်ဒဏ်မှ ၎င်းအား မည်သူမျှ ကယ်တင်နိုင်မည်မဟုတ်ပေ။

ဤနေရာ၌ ဤမျှ ပြင်းထန်သော စကားလုံးများကို ထိုအသိတရားခေါင်းပါးသော ကာဖိရ်များအား ပြောကြားရန် မဖြစ်နိုင်သည့်ပုံစံဖြင့် သုံးနှုန်းခြင်း ဖြစ်သည်။ လကျ်ာလက်ကို ဖမ်းကိုင်ခြင်းဟူ၍ လကျ်ာလက်ကို သီးသန့် သုံးနှုန်းခြင်းမှာ တရားခံတစ်ဦးအား ဖမ်းဆီး၍ သတ်ဖြတ်ခြင်းပြုရန် ဖြစ်လျှင် သတ်ဖြတ်မည့်သူသည် အသတ်ခံရမည့်သူနှင့် မျက်နှာချင်းဆိုင်၍ ရပ်သောအခါ သတ်ဖြတ်မည့်သူ၏ လက်ဝဲလက်၏ ဆန့်ကျင်ဘက်တွင် သတ်ဖြတ်ခံရမည့်သူ၏ လကျ်ာလက်ရှိသည်။ ထိုလကျ်ာလက်ကို သတ်ဖြတ်မည့်သူက မိမိ၏ လက်ဝဲဘက်၌ ဖမ်းကိုင်လျက် လကျ်ာလက်ဖြင့် ထိုသူ့အား သတ်ဖြတ်ရသောကြောင့် ဖြစ်သည်။

သတိပြုရမည့်အချက်

ဤအာယသ်တော်တွင် အကြောင်းအရာတစ်ခုနှင့် စပ်လျဉ်း၍ မိန့်ကြားထားသည်မှာ အကယ်၍ တမန်တော်မြတ် ﷺ သည် မိမိ၏ ဘက်မှ တစ်စုံတစ်ရာကို လုပ်ကြံလီဆယ်၍ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဖြစ်သည်ဟု မုသားပြောဆိုခဲ့ခြင်း ပြုပါလျှင် ကိုယ်တော်မြတ် ﷺ အပေါ် ဖော်ပြပါ အမိန့်အတိုင်း ဆက်ဆံတော်မူမည်'ဟု ဖြစ်သည်။ ဤနေရာတွင် 'မည်သူမဆို 'နဗူဝသ်'နှင့် စပ်လျဉ်း၍ လိမ်လည်မုသားဖြင့် ကြွေးကြော်ခဲ့ပါက အမြဲတစေ ထိုကြွေးကြော်သူသည် သတ်ဖြတ်ဖျက်ဆီးခြင်း ခံရပေမည်'ဟူ၍ များအတွက် ဥပဒေပြဋ္ဌာန်းထားခြင်း မရှိပေ။ ဤအတွက်ကြောင့်ပင် လောကတွင် များစွာသော သူတို့သည် 'နဗူဝသ်'နှင့် စပ်လျဉ်း၍ မုသားလိမ်လည်ပြီး ကြွေးကြော်ခဲ့ကြသည်။ ၄င်းတို့အပေါ်၌ ဤကဲ့သို့သော မည်သည့် 'အဇာဗ်'မျှ ကျရောက်မှု မရှိခဲ့ပေ။

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ

ဤအာယသ်တော်၏အလျင် ရှေ့အာယသ်တော်များတွင် 'တမန်တော်မြတ် ﷺ သည် မိမိဘက်မှ မည်သည့်အရာမျှ မြွက်ကြားခြင်းမရှိခဲ့ပေ။ မြွက်ကြားပြောဆိုသမျှတို့သည် 'မွတ်သက္ကီ'များအတွက် ဆုံးမသြဝါဒဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဌ်တော်များပင် ဖြစ်သည်'ဟု ပြဆိုထားသည်။ သို့တိုင်အောင်လည်း ဤမျှ ရှင်းလင်းပြတ်သား၍ ယုံကြည်ထိုက်သော အမိန့်တော်များကို သိရှိကြသည့်တိုင် တမလွန်၌ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ရခြင်းနှင့် အသျှင်မြတ်၏ အမြဲထာဝရ အပြစ်ဒဏ်များ ခံစားရစေသော အကြောင်းတရားဖြစ်သည့် ငြင်းပယ်မှုများကို အသင်တို့အနက် များစွာသော သူတို့သည် ပြုလုပ်နေကြပေသည်။ နောက်ဆုံး၌ မိန့်ကြားသည်မှာ-

وَإِنَّهُ لَحَقُّ الْيَقِينِ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ဤသည် လုံးဝ မှန်ကန်၍ ယုံကြည်ရမည့်အချက် ဖြစ်သည်။ ဤအကြောင်းတွင် မည်သည့်ဒွိဟသံသယမျှပြုရန် အကြောင်းမျှ မရှိဟု ဖြစ်သည်။ အားလုံး၏ နောက်ဆုံး၌ တမန်တော်မြတ် ﷺ ကို ဦးတည်၍ မိန့်ကြားတော်မူသည်မှာ-

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ

ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် 'အသင်သည် ထိုသွေဖည်သူ ကာဖိရ်တို့၏ စကားများအပေါ် အာရုံမပြုလေနှင့်။ ထိုစကားများကြောင့် ဝမ်းနည်းပူဆွေးခြင်း မဖြစ်လေနှင့်။ သို့သာမက မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုကိုသာ မိမိ၏ မွေ့လျော်ရာအဖြစ် ပြုနေပါလေ။ ဤအရာသည်ပင် ထိုဝမ်းနည်းရခြင်းအားလုံးတို့မှ လွတ်မြောက်ရာဖြစ်သည်'ဟူ၏။ ဤသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌ မိန့်ကြားထားသည့်အတိုင်း ဖြစ်သည်။

وَلَقَدْ نَعْلَمُ اَنَّكَ يَضِيْقُ صَدْرُكَ بِمَايَقُوْلُوْنَ فَسَبِّحْ بِحَمْدِ رَبِّكَ وَكُنْ مِّنَ السّٰجِدِيْنَ

ဆိုလိုသည်မှာ 'အသင်သည် ထိုကာဖိရ်တို့၏ အချည်းနှီးပြောဆိုမှုများကြောင့် စိတ်နှလုံး ညစ်ညျုးနေရသည်ကို ငါအသျှင်မြတ် သိတော်မူသည်။ ထိုရောဂါမှ ပျောက်ကင်းရန် နည်းလမ်းမှာ အသင်သည် မိမိအသျှင်မြတ်၏ ချီးမွမ်းထောမနာပြုခြင်းတွင် မွေ့လျော်နေပါလေ။ ထို့နောက် 'စဂျ်ဒဟ်'ပြုသူများတွင် အပါအဝင်ဖြစ်ပါလေ။ ၄င်းတို့၏ ပြောဆိုစကားများကို အာရုံမပြုလေနှင့်'ဟု ဖြစ်သည်။

အဘူဒါဝူးဒ်ကျမ်းတွင် ဟဇရသ်အွတ်ဗဟ်ဗင်န်အာမိရ်ဂျုဟနီ ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ-

فبسح باسم ربّك لعظيم

ဟူသော ဤအာယသ်တော် ကျရောက်လာသည့်အခါ တမန်တော်မြတ် ﷺ က 'ဤသည်ကို မိမိတို့၏ 'ရုကူအ်'၌ ထားကြလေကုန်' ဟု မိန့်တော်မူ၍

سَبِّحِ اسْمَ رَبِّكَ الْاَعْلٰى

ဟူသော အာယသ်တော် ကျရောက်လာသည့်အခါ 'ဤသည်ကို မိမိတို့၏ 'စဂျ်ဒဟ်'၌ ထားကြကုန်' ဟု မိန့်ကြားတော်မူခဲ့သည်။ ထို့ကြောင့် 'အိဂျ်မာအ်' အွမ္မသ်သည် 'ရုကူအ်' နှင့် 'စဂျ်ဒဟ်' တို့တွင် ဤ 'သတ်စ်ဗီးဟ်'နှစ်ခုကို ဖတ်ကြရခြင်း ဖြစ်သည်။ အများစုပညာရှင်တို့ထံတွင် ထိုသတ်စ်ဗီးဟ် များကို ဖတ်ခြင်းနှင့် (၃) ကြိမ် (၃) ခါ ဖတ်ခြင်းတို့မှာ 'ဆွန္နသ်'ဖြစ်သည်။ အချို့ပညာရှင်တို့က 'ဝါဂျိဗ်' ဟုပင် ဆိုကြသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ် မအာရိဂျ်

အဆင့်အတန်းများကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

سَاَلَ سَآىِٕلٌۢ بِعَذَابٍ وَّاقِعٍۙ ﴿۱﴾

၇၀ : ၁ ။ ။ တောင်းဆိုသူတစ်ဦးသည် ကျရောက်အံ့သော ပြစ်ဒဏ်ကို တောင်းဆို၏။

لِّلْكٰفِرِيْنَ لَيْسَ لَهٗ دَافِعٌۙ ﴿۲﴾

၇၀ : ၂ ။ ။ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အပေါ်ဝယ် ယင်းပြစ်ဒဏ်ကို တွန်းလှန်ဖယ်ရှားမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိပြီ။

مِّنَ اللّٰهِ ذِى الْمَعَارِجِؕ ﴿۳﴾

၇၀ : ၃ ။ ။ လှေကား၊ အဆင့်အထစ်၊ အဆင့်အတန်းများကို ပိုင်ဆိုင်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ (ကျရောက်မည်) ဖြစ်သော။

تَعْرُجُ الْمَلٰٓىِٕكَةُ وَالرُّوْحُ اِلَيْهِ فِيْ يَوْمٍ كَانَ مِقْدَارُهٗ خَمْسِيْنَ اَلْفَ سَنَةٍۚ ﴿۴﴾

၇၀ : ၄ ။ ။ 'မလာအေ့ကာဟ်' ကောင်းကင်တမန်များသည်လည်းကောင်း၊ (ရူးဟ်) အသက်ဇီဝိန်များသည်လည်းကောင်း ထိုအသျှင်မြတ်၏ ထံတော်သို့ တက်ရောက်သွားကြပေသည်။ အကြင်နေ့တွင် ယင်းနေ့၏ အတိုင်းအတာသည် (ဤပစ္စုပ္ပန် မျက်မှောက်၏) နှစ်ပေါင်းငါးသောင်းနှင့် ညီမျှသည်။

فَاصْبِرْ صَبْرًا جَمِيْلًا ﴿۵﴾

၇၀ : ၅ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ကောင်းမွန်သော သည်းခံခြင်းတရားကို ထားရှိပါလေ။

اِنَّهُمْ يَرَوْنَهٗ بَعِيْدًاۙ ﴿۶﴾

၇၀ : ၆ ။ ။ ကေန်မလွဲ ၎င်းတို့သည် ယင်းပြစ်ဒဏ်နေ့ကို ဝေးသည်ဟု မြင်ကြ၏။

وَّنَرٰىهُ قَرِيْبًا ۝

၇၀ : ၇ ။ ။ ငါအသျှင်မြတ်မှာမူ ယင်းပြစ်ဒဏ်နေ့ကို အနီး၌ပင် မြင်နေတော်မူပေသည်။

يَوْمَ تَكُوْنُ السَّمَآءُ كَالْمُهْلِ ۝

၇၀ : ၈ ။ ။ (ယင်းပြစ်ဒဏ်သည်) အကြင်နေ့တွင် (ကျရောက်အံ့။) ထိုနေ့တွင် မိုးကောင်းကင်တို့မှာ ဆီအနယ်၊ အရည်ကျိုထားသော (ကြေးနီ၊ ကြေးဝါ၊ ငွေ စသည့်) တွင်းထွက်သတ္တုကဲ့သို့ ဖြစ်သွားပေမည်။

وَتَكُوْنُ الْجِبَالُ كَالْعِهْنِ ۝

၇၀ : ၉ ။ ။ ၎င်းပြင် တောင်များမှာ အရောင်ဆိုးထားသော သိုးမွေးများကဲ့သို့ ဖြစ်သွားပေမည်။

وَلَا يَسْـَٔلُ حَمِيْمٌ حَمِيْمًا ۝

၇၀ : ၁၀ ။ ။ ၎င်းပြင် အဆွေခင်ပွန်း တစ်ဦးတစ်ယောက်မျှပင် မည်သည့်အဆွေခင်ပွန်းကိုမျှပင် မေးမြန်းမည် မဟုတ်ပေ။

يُّبَصَّرُوْنَهُمْ ۭ يَوَدُّ الْمُجْرِمُ لَوْ يَفْتَدِيْ مِنْ عَذَابِ يَوْمِىِٕذٍۢ بِبَنِيْهِ ۝

၇၀ : ၁၁ ။ ။ (စင်စစ်) ၎င်းတို့သည် အချင်းချင်း ပြသခြင်းကိုလည်း ခံကြရပေမည်။ (ထိုနေ့တွင်) အပြစ်ရှိသော သူသည် ထိုနေ့၏ ပြစ်ဒဏ်မှ (လွတ်မြောက်ရန်) မိမိ၏ သားများအားလည်းကောင်း။

وَصَاحِبَتِهٖ وَاَخِيْهِ ۝

၇၀ : ၁၂ ။ ။ မိမိ၏ ကြင်ဖော်အားလည်းကောင်း၊ မိမိ၏ ညီအစ်ကိုများအားလည်းကောင်း။

وَفَصِيْلَتِهِ الَّتِيْ تُـْٔوِيْهِ ۝

၇၀ : ၁၃ ။ ။ မိမိအား ခိုလှုံနေထိုင်ရာ နေရာပေးသော ဆွေမျိုးသားချင်းကိုလည်းကောင်း။

وَمَنْ فِى الْاَرْضِ جَمِيْعًا ۙ ثُمَّ يُنْجِيْهِ ۝

၇၀ : ၁၄ ။ ။ 'ပထဝီမြေဝယ် ရှိကုန်သော သူအားလုံးတို့အားလည်းကောင်း၊ အစားထိုး လျော်ကြေးပေးပြီးနောက်၊ ထိုလျော်ကြေးသည် မိမိအား လွတ်မြောက်စေလျှင် ကောင်းလေစွ' ဟု အာသာဆန္ဒ ရှိပေမည်။

كَلَّا ۭ اِنَّهَا لَظٰى ۝

၇၀ : ၁၅ ။ ။ (ထိုသို့) အလျှဉ်းမဖြစ်နိုင်ပေ။ ဧကန်စင်စစ် ယင်း (ငရဲမီး) မှာ ဟုန်းဟုန်းတောက်လျက် ရှိသော။

نَزَّاعَةً لِّلشَّوٰى ﴿١٦﴾

၇၀ : ၁၆ ။ ။ အရေကို ခွာပစ်အံ့သော မီးတောက်မီးလျှံပင် ဖြစ်ပေသည်။

تَدْعُوْا مَنْ اَدْبَرَ وَتَوَلّٰى ﴿١٧﴾

၇၀ : ၁၇ ။ ။ ယင်းမီးသည် (လောကီဘဝ၌ အီမာန်သက်ဝင်ယုံကြည်ခြင်း မပြုဘဲ) မျက်နှာလွှဲ ကျောခိုင်း၍ ထွက်သွားခဲ့သော်။

وَجَمَعَ فَاَوْعٰى ﴿١٨﴾

၇၀ : ၁၈ ။ ။ (ပစ္စည်းဥစ္စာ) စုဆောင်း၍ လုံခြုံစွာ သိုမှီးထိန်းသိမ်းခဲ့သော သူများအား ခေါ်ယူပေမည်။

اِنَّ الْاِنْسَانَ خُلِقَ هَلُوْعًا ﴿١٩﴾

၇၀ : ၁၉ ။ ။ ဧကန်စင်စစ် လူသားသည် လွန်စွာ စိတ်စောသူ၊ သည်းမခံနိုင်သောသူအဖြစ် ဖန်ဆင်းခြင်းကို ခံခဲ့ရလေ၏။

اِذَا مَسَّهُ الشَّرُّ جَزُوْعًا ﴿٢٠﴾

၇၀ : ၂၀ ။ ။ ၎င်းတို့၌ ဘေးဒုက္ခ သက်ရောက်သောအခါ လွန်စွာ ညည်းညူတတ်သောသူ ဖြစ်၏။

وَّاِذَا مَسَّهُ الْخَيْرُ مَنُوْعًا ﴿٢١﴾

၇၀ : ၂၁ ။ ။ သို့ရာတွင် ၎င်း၏ ချောင်လည်မှု၊ ကောင်းစားမှု သက်ရောက်သောအခါ လွန်စွာ တွန့်တိုစေးနှဲသူ ဖြစ်၏။

اِلَّا الْمُصَلِّيْنَ ﴿٢٢﴾

၇၀ : ၂၂ ။ ။ သို့ရာတွင် 'ဆွလာႏသ်' ဝတ်ပြုသူတို့မှာမူ (ထိုကဲ့သို့ မဟုတ်ကြချေ။)

الَّذِيْنَ هُمْ عَلٰى صَلَاتِهِمْ دَآئِمُوْنَ ﴿٢٣﴾

၇၀ : ၂၃ ။ ။ အကြင် ('ဆွလာႏသ်' ဝတ်ပြု) သူတို့သည် မိမိတို့ 'ဆွလာႏသ်' ဝတ်ပြုမှုအပေါ်၌ စွဲမြဲလျက် ရှိကြကုန်၏။

وَالَّذِيْنَ فِيْٓ اَمْوَالِهِمْ حَقٌّ مَّعْلُوْمٌ ﴿٢٤﴾

၇၀ : ၂၄ ။ ။ ၎င်းပြင် အကြင် ('ဆွလာႏသ်' ဝတ်ပြု) သူတို့သည် ၎င်းတို့၏ ပစ္စည်းဥစ္စာများ၌ သိရှိသတ်မှတ်ပြီးဖြစ်သော အခွင့်အရေးများသည် ရှိပေ၏။

لِّلسَّآئِلِ وَالْمَحْرُوْمِ ﴿٢٥﴾

၇၀ : ၂၅ ။ ။ တောင်းရမ်းသော သူ၏အဖို့လည်းကောင်း၊ (သိက္ခာကို စောင့်စည်းသောအားဖြင့်) တောင်းရမ်းခြင်း မပြုသောသူ၏ အဖို့လည်းကောင်း။

وَالَّذِيْنَ يُصَدِّقُوْنَ بِيَوْمِ الدِّيْنِ ﴿٢٦﴾

၇၀ : ၂၆ ။ ။ ထို့ပြင် အကြင် ('ဆွလား်သ်'ဝတ်ပြု) သူတို့သည် အစားပေးမည့်နေ့ကို ဟုတ်မှန်သည်ဟု ယုံကြည် ထောက်ခံကြကုန်၏။

وَالَّذِيْنَ هُمْ مِّنْ عَذَابِ رَبِّهِمْ مُّشْفِقُوْنَ ﴿٢٧﴾

၇၀ : ၂၇ ။ ။ ထို့ပြင် အကြင် ('ဆွလား်သ်'ဝတ်ပြု) သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်လျက် ရှိကြကုန်၏။

اِنَّ عَذَابَ رَبِّهِمْ غَيْرُ مَاْمُوْنٍ ﴿٢٨﴾

၇၀ : ၂၈ ။ ။ စင်စစ် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ပြစ်ဒဏ်မှာ စိုးရိမ်ခြင်းကင်းစွာ နေထိုင်နိုင်သော အရာမဟုတ်ပြီ။

وَالَّذِيْنَ هُمْ لِفُرُوْجِهِمْ حٰفِظُوْنَ ﴿٢٩﴾

၇၀ : ၂၉ ။ ။ ၎င်းပြင် အကြင် ('ဆွလား်သ်'ဝတ်ပြု) သူတို့သည် မိမိတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းကြကုန်၏။

اِلَّا عَلٰٓى اَزْوَاجِهِمْ اَوْ مَا مَلَكَتْ اَيْمَانُهُمْ فَاِنَّهُمْ غَيْرُ مَلُوْمِيْنَ ﴿٣٠﴾

၇၀ : ၃၀ ။ ။ သို့ရာတွင် မိမိတို့၏ ဇနီးမိန်းမများမှအပ သို့တည်းမဟုတ် မိမိတို့၏ လက်ယာလက်များက ပိုင်ဆိုင်သော (တရားဝင်) ကျွန်မိန်းမများမှအပ အကြောင်းမှာ (မိမိတို့၏ ဇနီးမိန်းမများနှင့်သော်လည်းကောင်း တရားဝင် 'ကျွန်မိန်းမများနှင့်သော်လည်းကောင်း ပေါင်းသင်းဆက်ဆံမှုပြုခြင်းအားဖြင့်) ၎င်းတို့မှာ ကဲ့ရဲ့ပြစ်တင်ခြင်း ခံထိုက်သောသူများ မဟုတ်သောကြောင့်ပင် (ဖြစ်၏။)

فَمَنِ ابْتَغٰى وَرَآءَ ذٰلِكَ فَاُولٰٓئِكَ هُمُ الْعٰدُوْنَ ﴿٣١﴾

၇၀ : ၃၁ ။ ။ သို့ရာတွင် ထို (ဇနီးမိန်းမများ (သို့မဟုတ်) တရားဝင် ကျွန်မိန်းမများ) မှအပ အခြားကို တောင့်တရှာဖွေကြကုန်သော သူများသည် (တရားတော်၏) စည်းကမ်းကို ဖောက်ဖျက်ကျူးလွန်သော သူများပင် ဖြစ်ကြကုန်၏။

وَالَّذِيْنَ هُمْ لِاَمٰنٰتِهِمْ وَعَهْدِهِمْ رٰعُوْنَ ﴿٣٢﴾

၇၀ : ၃၂ ။ ။ ထို့ပြင် အကြင် ('ဆွလား်သ်' ဝတ်ပြု) သူတို့သည် မိမိတို့ယုံကြည်လွှဲအပ်ခြင်း ခံကြရသည်တို့ကိုလည်းကောင်း၊ မိမိတို့ ကတိဝန်ခံချက်များကိုလည်းကောင်း စောင့်စည်းထိန်းသိမ်းသူများပင် ဖြစ်ကြကုန်၏။

وَالَّذِينَ هُم بِشَهَادَاتِهِمْ قَائِمُونَ ﴿٣٣﴾

၇၀ : ၃၃ ။ ။ ထို့ပြင် အကြင် ('ဆွလာႏသ်'ဝတ်ပြု) သူတို့သည် မိမိတို့၏ သက်သေခံချက်များကို တိကျမှန်ကန်စွာ ထွက်ဆိုကြကုန်၏။

وَالَّذِينَ هُمْ عَلَىٰ صَلَاتِهِمْ يُحَافِظُونَ ﴿٣٤﴾

၇၀ : ၃၄ ။ ။ ထို့ပြင် အကြင် ('ဆွလာႏသ်'ဝတ်ပြု) သူတို့သည် မိမိတို့၏ 'ဆွလာႏသ်'ဝတ်ပြုမှုကို အမြဲမပြတ် စောင့်ထိန်းကြကုန်၏။

أُولَٰئِكَ فِي جَنَّاتٍ مُّكْرَمُونَ ﴿٣٥﴾

၇၀ : ၃၅ ။ ။ ထိုသူတို့သည် 'ဂျန္နသ်'သုခဘုံများဝယ် ဂုဏ်အသရေရှိစွာ စံစားကြရကုန်ပေမည်။

فَمَالِ الَّذِينَ كَفَرُوا قِبَلَكَ مُهْطِعِينَ ﴿٣٦﴾

၇၀ : ၃၆ ။ ။ သို့ဖြစ်ပေရာ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် မည်သည့်အကြောင်းကြောင့် အသင့်ဘက်သို့ လျင်မြန်စွာ ပြေးလာလျက် ရှိကြသနည်း။

عَنِ الْيَمِينِ وَعَنِ الشِّمَالِ عِزِينَ ﴿٣٧﴾

၇၀ : ၃၇ ။ ။ လက်ယာဘက်မှလည်းကောင်း၊ လက်ဝဲဘက်မှလည်းကောင်း အဖွဲ့လိုက်၊ အဖွဲ့လိုက်။

أَيَطْمَعُ كُلُّ امْرِئٍ مِّنْهُمْ أَن يُدْخَلَ جَنَّةَ نَعِيمٍ ﴿٣٨﴾

၇၀ : ၃၈ ။ ။ ၎င်းတို့အနက် လူတိုင်းသည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံလျက်ရှိသော 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်ရန် အလိုရှိမှုက် ရှိလေသလော။

كَلَّا ۖ إِنَّا خَلَقْنَاهُم مِّمَّا يَعْلَمُونَ ﴿٣٩﴾

၇၀ : ၃၉ ။ ။ အလျှဉ်းမဟုတ်။ စင်စစ်အမှန် ငါအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ သိရှိကြသော အရာဖြင့် (ပင်) ဖန်ဆင်းထားတော်မူသည်။

فَلَا أُقْسِمُ بِرَبِّ الْمَشَارِقِ وَالْمَغَارِبِ إِنَّا لَقَادِرُونَ ﴿٤٠﴾

၇၀ : ၄၀ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် နေထွက်ရာအရပ်များကိုလည်းကောင်း၊ နေဝင်ရာအရပ်များကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ်အား ကျိန်ဆို၍ မိန့်ကြားတော်မူ၏။ ငါအသျှင်မြတ်သည် တတ်စွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် (ဖြစ်တော်မူ၏။)

عَلٰٓى اَنۡ نُّبَدِّلَ خَيۡرًا مِّنۡهُمۡ ۙ وَمَا نَحۡنُ بِمَسۡبُوۡقِيۡنَ ۝٤١

၇၀ း ၄၁ ။ ။ ၎င်းတို့၏အစား ၎င်းတို့ထက် သာလွန် မြင့်မြတ်သောသူအား လဲလှယ်တော်မူရန်၊ စင်စစ် ငါအသျှင်မြတ်သည် မစွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် မဟုတ်ပေ။

فَذَرۡهُمۡ يَخُوۡضُوۡا وَيَلۡعَبُوۡا حَتّٰى يُلٰقُوۡا يَوۡمَهُمُ الَّذِىۡ يُوۡعَدُوۡنَ ۝٤٢

၇၀ း ၄၂ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ထိုသူတို့အား မိမိတို့ ချိန်းဆိုခြင်း ခံကြရလေသော နေ့နှင့် ရင်ဆိုင်တွေ့ဆုံကြသည်အထိ၊ အချည်းနှီးသော စကားများ ပြောဆိုကြလျက် ရှိကြရန်လည်းကောင်း၊ ကစားခုန်စားလျက် ရှိကြရန်လည်းကောင်း စွန့်ထားပါလေ။

يَوۡمَ يَخۡرُجُوۡنَ مِنَ الۡاَجۡدَاثِ سِرَاعًا كَاَنَّهُمۡ اِلٰى نُصُبٍ يُّوۡفِضُوۡنَ ۝٤٣

၇၀ း ၄၃ ။ ။ ၎င်းတို့သည် ပူဇော်ပသရာသို့ ပြေး၍ နေကြဘိသကဲ့သို့ သင်္ချိုင်းမှ ထွက်၍ လျင်မြန်စွာ ပြေးကြမည့်နေ့၌။

خَاشِعَةً اَبۡصَارُهُمۡ تَرۡهَقُهُمۡ ذِلَّةٌ ؕ ذٰلِكَ الۡيَوۡمُ الَّذِىۡ كَانُوۡا يُوۡعَدُوۡنَ ۝٤٤

၇၀ း ၄၄ ။ ။ ၎င်းတို့၏ မျက်စိများမှာ အောက်သို့စိုက်၍ နေကြပေမည်။ ဂုဏ်ရည်သိမ်ဖျင်းမှုသည် ၎င်းတို့အား ဖုံးလွှမ်းလျက် ရှိပေမည်။ ထိုသည် ၎င်းတို့ ချိန်းဆိုခြင်း ခံခဲ့ကြရသော နေ့ပင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

တောင်းဆိုသူတစ်ဦးသည် (ငြင်းပယ်သည့်အနေဖြင့်) ကျရောက်လာအံ့သော ပြစ်ဒဏ်ကို တောင်းဆိုခဲ့သည်။ ထို 'အဇာဗ်' သည် ကာဖိရ်များအပေါ် ကျရောက်မည့် 'အဇာဗ်' အပြစ်ဒဏ်ဖြစ်သည်။ ယင်းပြစ်ဒဏ်ကို တွန်းလှန်ဖယ်ရှားနိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ဤ 'အဇာဗ်' အပြစ်ဒဏ်သည် လှေကားအဆင့်များ (မိုးကောင်းကင်များကို) ပိုင်ဆိုင်တော်မူသော အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကျရောက်လာပေမည်။

(ထိုလှေကားထစ် မိုးကောင်းကင်များမှတစ်ဆင့်) ဖရစ်ရှ်သာဟ်များသည်လည်းကောင်း၊ ထို့ပြင် (အီမာန်ရှင်တို့၏) ဝိညာဉ်များသည်လည်းကောင်း ထိုအသျှင်မြတ်ထံတော်သို့ တက်ရောက်သွားကြပေမည်။ (ထိုအသျှင်မြတ်ထံတော်ဟူသည်မှာ ၎င်းတို့ တက်ရောက်ရန် အဆုံးသတ်မှတ်ပေးထားသော နေရာထိတိုင် တက်ရောက်ခြင်းကို ဆိုလိုသည်။ တက်ရောက်ရာလမ်းသည် မိုးကောင်းကင်များပင် ဖြစ်သည်။ ထို့ကြောင့် ထိုမိုးကောင်းကင်များကို 'မအာရိဂျ်' (လှေကားထစ်များဟု) မိန့်ဆိုခြင်းဖြစ်သည်။ ထို့ပြင် 'အဇာဗ်' အပြစ်ဒဏ်သည်) ထိုပြစ်ဒဏ်ကျရောက်မည့်နေ့၏ အတိုင်းအတာမှာ (ဒုနိယာလောက၏) နှစ်ပေါင်း (၅၀၀၀၀) နှင့် ညီမျှသည်။

('ကေယာမသ်'နေ့ကို ဆိုလိုခြင်းဖြစ်သည်။ စစ်မှန်သော အတိုင်းအတာပမာဏအရဆိုလျှင် ထိုနေ့၏ ပြင်းထန်မှုကြောင့် ကာဖိရ်များအဖို့ ဤမျှကြာမြင့်သည်ဟု ယူဆကြပေမည်။ ကုဖွရ်နှင့် ဆိုးသွမ်းမှု အဆင့် အတန်းများအလိုက် ထိုနေ့၏ ပြင်းထန်မှုနှင့် ရှည်ကြာမှုမှာ အမျိုးမျိုးဖြစ်ပေမည်။ အချို့သူတို့အတွက် အလွန်ရှည်ကြာပြီး အချို့သူတို့အတွက် အနည်းငယ်မျှ ရှည်ကြာမှု ဖြစ်ပေမည်။ ထို့ကြောင့် အာယသ်တော် တစ်ပါးတွင် كألف سنة ဟု လာရှိခြင်းဖြစ်သည်။ ကာဖိရ်များအတွက်ဟု သီးသန့် မိန့်ကြားခြင်းမှာ 'ငှင်းနေ့သည် မုအ်မင်န်များအဖို့ 'ဖွရ်ဇ်' နမာဇ်တစ်ကြိမ်ဖတ်သည်ခန့်သာ ကြာမြင့်သည်ဟု လာရှိသောကြောင့် ဖြစ်သည်။)

သို့ဖြစ်ပေရာ (အပြစ်ဒဏ်ကျရောက်ရန် အတည်ဖြစ်ပြီးသောအခါ အို၊ နဗီတမန်တော်) အသင်သည် (ငှင်းတို့၏ ဆန့်ကျင်ခြားနားခြင်းအပေါ်) ကောင်းမြတ်သော သည်းခံခြင်းကို ပြုပါလေ။ (ဆိုလိုသည်မှာ ငှင်းတို့၏ ငြင်းပယ်ခြင်းနှင့် ဆန့်ကျင်ခြင်းတို့ကြောင့် နှုတ်လျှာမှ တိုင်တန်းမှုများ၊ ညည်းတွားမှုများ ထွက်ပေါ် လာသည်အထိ စိတ်ကျဉ်းကြပ်မှု မဖြစ်လေနှင့်။ ထိုမျှမက ငှင်းတို့သည် ဤငြင်းပယ်မှုကြောင့် ထိုနေ့တွင် ပြစ်ဒဏ်ကျခံရမည်သူများသာ ဖြစ်သည်ဟု မှတ်ယူလျက် သည်းခံမျိုသိပ်ပါလေ။) ဤသူတို့သည် ထိုနေ့ကို ('ကေယာမသ်'ကို မယုံကြည်ခြင်းကြောင့် ထိုနေ့ ကျရောက်လာမည်ကို) ဝေးသည်ဟု ထင်မြင်နေကြသည်။

ငါအသျှင်မြတ်သည်ကား (ထိုနေ့ ဖြစ်ပေါ်လာမည်ကို အတိအကျ သိတော်မူသည့်အတွက်) ထိုနေ့ (ဖြစ်ပေါ်မည်) ကို အနီး၌ပင် မြင်နေတော်မူသည်။ (ထိုပြစ်ဒဏ်သည် ထိုနေ့တွင် ကျရောက်မည်ကို မြင် နေတော်မူခြင်းကို ဆိုလိုသည်။) ထိုနေ့တွင် မိုးကောင်းကင်မှာ (အရောင်အားဖြင့်) အနယ်ထိုင်သွားသော ဆီကဲ့သို့ ဖြစ်သွားပေမည်။ (အာယသ်တော်တစ်ပါးတွင် كالدّهان ဟု လာရှိသည်။ ငှင်း၏ ဖွင့်ဆိုချက်ကို 'အနီရောင်သားရေ'ဟု ဖွင့်ဆိုထားသည်။ သို့ဖြစ်ပေရာ ထိုနှစ်မျိုးစလုံးကို ပေါင်းစပ်ကြည့်လျှင် အနီရောင် ရင့်လာလျှင် အနက်ရောင်သန်းလာသည်။ ထို့ကြောင့် အနီရောင်နှင့် အနက်ရောင် နှစ်မျိုးစလုံးကို ဆိုလိုခြင်း မှန်ကန်ပေသည်။ (သို့) ဦးစွာပထမ အရောင်တစ်မျိုးဖြစ်ပြီး၊ တစ်ဖန် အခြားအရောင်တစ်မျိုး ပြောင်းလဲ သွားသည်ဆိုလျှင်လည်း မှန်ကန်ပေသည်။ အိဗ်နေကစီးရ် (ရဟ) က စူရာဟ် 'ရဟ်မာန်'၏ အဖွင့်တွင် အရောင်အမျိုးမျိုး ပြောင်းလဲကြောင်း ဖွင့်ဆိုထားသကဲ့သို့ ဖြစ်သည်။ အကယ်၍ ငှင်း၏ သဖ်စီးရ်ကို လည်း အချို့ပညာရှင်တို့၏ အဆိုအတိုင်း دُرْدِيِّ زَيْت 'ဇိုက်သွန်ဆီ၏ အနယ်'ဟု ဖွင့်ဆိုလျှင်လည်း နှစ်မျိုးစလုံး အတူတူဖြစ်သွားပေမည်။ အချုပ်မှာ မိုးကောင်းကင်သည် မဲနက်သွားပေမည်။ ထို့နောက် အက်ကွဲသွားပေမည်။) ထို့ပြင် တောင်များမှာ (အရောင်ဆိုးထားသော) သိုးမွေးရောင်ကဲ့သို့ ဖြစ်သွားပေမည်။

كالعهن المنفوش

ဟု အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူထားသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ လွင့်ပုံ့သွား ကြပေမည်။ ထို့ပြင် တောင်များကို အရောင်များနှင့် တင်ပြရခြင်းမှာ အသျှင်မြတ်က

ومن الجبال جدد بيض وحمر مختلف الوانها وغرابيب سود

ဟု မိန့်ကြားထားသကဲ့သို့ ဖြစ်သည်။) ထို့ပြင် (ထိုနေ့တွင်) မည်သည့်မိတ်ဆွေတစ်ဦးတစ်ယောက်မျှ အခြားမိတ်ဆွေတစ်ဦးတစ်ယောက်ကို မေးမြန်းမည်မဟုတ်ပေ။

(အသျှင်မြတ်က **لا يتساءلون** ဟု မိန့်ကြားထားသကဲ့သို့ ဖြစ်သည်။) ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး ပြသခြင်းကိုလည်း ခံကြရမည်ဖြစ်ပါလျက် (တစ်ဦးကိုတစ်ဦး တွေ့မြင်ရပေမည်။ သို့သော် မည်သူမျှ မည်သူ့အတွက် ကိုယ်ချင်းစာနိုင်ကြမည်မဟုတ်ပေ။ စူရာဟ် 'ဆွဖားသ်'၌ အချင်းချင်း မေးမြန်းမည့်အကြောင်း လာရှိသည်မှာ ကွဲလွဲမှုအတွက် ဖြစ်သည်။ ကိုယ်ချင်းစာနာမှုအတွက် မဟုတ်ပေ။ ထို့ကြောင့် ထိုအာယသ်တော်သည် ဤအာယသ်တော်နှင့် ဆန့်ကျင်ခြားနားမှု မဖြစ်ပေ။ ထိုနေ့တွင်) အပြစ်ရှိသောသူ (ကာဖိရ်) သည် မျှော်လင့်ချက် ထားရှိမည်မှာ ဤနေ့၏ 'အဇာဗ်'မှ လွတ်မြောက်ရန် မိမိ၏ သားများအားလည်းကောင်း၊ မိမိ၏ ကြင်ဖော်အားလည်းကောင်း၊ မိမိ၏ ညီအစ်ကိုများအားလည်းကောင်း၊ မိမိအားခိုလှုံရာပေးသော ဆွေမျိုးသားချင်းကိုလည်းကောင်း၊ ကမ္ဘာပေါ်၌ နေထိုင်သူတို့အား မိမိ၏ အစားထိုးလျော်ကြေးအဖြစ် ပေး၍ ဤ (လျော်ကြေး) သည် မိမိအဖို့ ('အဇာဗ်' အပြစ်ဒဏ်မှ) လွတ်မြောက်စေလျှင် ကောင်းလေစွ'ဟု ဆန္ဒ ရှိကြပေမည်။ (ဆိုလိုသည်မှာ ထိုနေ့သည် လူတိုင်းအဖို့ မိမိအတွက်သာ သောကဖြစ်ကြပေမည်။ မနေ့ကထိတိုင် အသက်ပေး၍ ချစ်ခဲ့ရသူတို့ကို ယနေ့ မိမိ၏ အကျိုးအတွက် ငရဲ၏ ပြစ်ဒဏ်၌ ချရန် အသင့်ဖြစ်နေကြပေမည်။ အကယ်၍ ဤသည်ကို ထိန်းချုပ်နိုင်ပါလျှင်လည်း) ထိုသို့ အလျှဉ်းမဖြစ်နိုင်ပေ။ (ဆိုလိုသည်မှာ 'အဇာဗ်'အပြစ်ဒဏ်မှ လွတ်မြောက်ရန် လုံး၀ ဖြစ်မည်မဟုတ်ပေ။ သို့သာမက စင်စစ် ထိုမီးသည် ဟုန်းဟုန်းတောက်လျက်သာ ရှိမည် ဖြစ်ပေသည်။

အရေကို ခွာပစ်အံ့သော မီးတောက်မီးလျှံပင် ဖြစ်ပေသည်။ ထိုမီးသည် (လောကတွင် အမှန်တရားကို) ကျောခိုင်းသူအားလည်းကောင်း၊ (အမိန့်နာခံခြင်းကို) မျက်နှာလွှဲသူတို့အားလည်းကောင်း၊ ထို့ပြင် (အခြားသူတို့၏ ရပိုင်ခွင့်များ မတရားရယူ၍လည်းကောင်း၊ ပစ္စည်းဥစ္စာများကို စုဆောင်း၍ လုံခြုံစွာ သိုမှီးထားသူများကို ခေါ်ယူပေမည်။ ('ဟုကူကွလ္လာဟ်' နှင့် 'ဟုကူကွလ်အိဗားဒ်' ချိုးဖောက်သူများကို ဆိုလိုသည်။ (သို့) 'အကီဒဟ်' ပျက်ပြားခြင်းနှင့် စာရိတ္တပျက်ပြားခြင်းတို့ကို ဆိုလိုသည်။ ထို့ပြင် 'ခေါ်ယူခြင်း'ကို မှုရင်းအဓိပ္ပာယ်အပေါ် ကောက်ယူခြင်း ဖြစ်နိုင်ပေသည်။ အချုပ်မှာ ဤသို့သော ဂုဏ်ပုဒ်များသည် ငရဲမီးနှင့် ထိုက်သင့်စေသည်။ ဤဂုဏ်ပုဒ်များရှိသူသည် မည်သည့်အခါ တွေ့မြင်နိုင်ပါမည်နည်း။

جمع فاوعى ဖြင့် ကာဖိရ်တို့သည် အမိန့်တာဝန်ခံ ဖြစ်ထိုက်ခြင်းမရှိ။ အကြောင်းမှာ ဤဂုဏ်သိမ်မှုများကြောင့် ကာဖိရ်တို့အဖို့ မူရင်းပြစ်ဒဏ်မခံစားရပေ။ သို့သာမက ပြင်းထန်သော 'အဇာဗ်'ကို ခံစားကြရပေမည်။ ကာဖိရ်တို့အပေါ် 'အဇာဗ်'အစစ်အမှန် ကျရောက်ခြင်းလည်း ဖြစ်နိုင်သည်။ ရှေ့တွင် အခြားသော သေးသိမ်ယုတ်ညံ့မှုများအကြောင်း တင်ပြထားသည်။ ထိုအကြောင်းများမှာ 'အဇာဗ်'ခံရသော အကြောင်းအရာများ ဖြစ်သည်။ ၎င်းတို့တွင် အီမာန်ရှင်များ မပါဝင်ခြင်းနှင့် မပါဝင်သည့် အကြောင်းတရားရလဒ်ကို

ဖော်ပြထားသည်မှာ) ကေန်မလွဲ လူသားသည် သတ္တိနည်းသူအဖြစ် ဖန်ဆင်းခြင်းခံရသည်။ (ဆိုလိုသည်မှာ လူသားများမှ ခွဲထုတ်ခြင်းကို ပါဝင်စေပြီးနောက် လူသားသည် ကာဖိရ် ကျေးဇူးကန်းသူဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ထို့ပြင် ဖန်ဆင်းခံရခြင်း၏ အလိုသဘောမှာ မွေးဖွားစဉ်ကပင် ဤအတိုင်း ဖြစ်ခဲ့သည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ ၄င်းသည် အချိန်တန် အရွယ်ရောက်လာချိန်၌ ထိုသေးသိမ်ယုတ်ညံ့သော အကျင့်စရိုက်များ ဖြစ်ပေါ်လာစေရန် ၄င်း၏အတွင်း၌ ထည့်သွင်းပေးခြင်းကို ဆိုလိုသည်။ သို့ဖြစ်ပေရာ 'သတ္တိနည်းသူ' ဆိုခြင်းမှာ 'ပင်ကိုယ်မူလအရ သတ္တိနည်းခြင်းမဟုတ်ဘဲ' သတ္တိနည်းခြင်း၏ အရိပ်အမြွက်များကို လက်ကိုင်ထားပြုလုပ်ခြင်းကို ဆိုလိုသည်။ ၄င်းတို့ကို ရှေ့၌ ဖော်ပြသည်မှာ) ၄င်းတို့၌ ဒုက္ခရောက်သည့်အခါ (အတိုင်းထက်အလွန်) ညည်းညူတတ်ကြသည်။

ထို့ပြင် ၄င်းတို့၌ ချောင်လည်မှု၊ ကောင်းစားမှု ဖြစ်သောအခါ (အရေးကြီးသော တာဝန်များကို) တွန့်တိုစေးနဲတတ်ကြသည်။ (ဤသည်မှာ من ادبر မှစ၍ အပြစ်ဒဏ် ကျခံရသော အကြောင်းတရားများ ဖြစ်သည်။)

သို့ရာတွင် ထိုနမာဇ်ဝတ်ပြုသူတို့သည် (အပြစ်ဒဏ်၌ မပါသော မုအ်မင်န်များကို ဆိုလိုသည်။) မိမိတို့ ဝတ်ပြုမှုအပေါ်၌သာ အာရုံပြုလျက် ရှိကြကုန်၏။ (ဆိုလိုသည်မှာ မိမိတို့၏ နမာဇ်များ၏ အပြင်ပိုင်း (သို့) အတွင်းပိုင်းတို့၌ အခြားတစ်ဘက်သို့ အာရုံမရောက်သူများ ဖြစ်သည်။ ၄င်းတို့ကို

قَدْاَفْلَحَ الْمُؤْمِنُوْنَ တွင် خَاشِعُوْنَ ဖြင့် ခိုင်းနှိုင်းထားသည်။ အိဗ်နေကစီးရ် (ရဟ) က အွက္ကဗာဟ်ဗင်န်အာမိရ်ထံမှ ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် ဆင့်ပြန်ထားသည်မှာ-

اذاصلّوا لم يلتفتوا عن يمين ولَاشِمال ဟု ဖြစ်သည်။

၄င်းတို့၏ ပစ္စည်းဥစ္စာများ၌ သတ်မှတ်ပြီးဖြစ်သော အခွင့်အရေးများ ရှိသည်။ တောင်းရမ်းသူနှင့် တောင်းရမ်းခြင်း မပြုသောသူ အားလုံးအဖို့ ဤအခွင့်အရေး ရှိသည်။ (ဤအကြောင်းသည် စူရာဟ် 'ဇာရိယသ်' ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။) ထို့ပြင် ၄င်းတို့သည် 'ကေယာမသ်'အစားပေးမည့်နေ့ကို ယုံကြည်သူများ ဖြစ်ကြသည်။ ထို့ပြင် ၄င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ 'အဇားဗ်' ပြစ်ဒဏ်ကို ကြောက်ရွံ့သူများလည်း ဖြစ်ကြသည်။ စင်စစ် ၄င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ပြစ်ဒဏ်သည် ကြောက်ရွံ့ခြင်းကင်းစွာ နေနိုင်သော အရာမဟုတ်ပေ။ (ဤစာပိုဒ်သည် ကြားဖြတ်ဝင်လာသည့် ပုံသဏ္ဌာန်ဖြစ်သည်။)

ထို့ပြင် ၄င်းတို့သည် မိမိတို့၏ အရှက်အင်္ဂါများကို ('ဟရာမ်'လုပ်ရပ်များမှ) ရှောင်ကြဉ်သူများ ဖြစ်ကြသည်။ သို့ရာတွင် မိမိတို့၏ ဇနီးမိန်းမများကိုလည်းကောင်း၊ (သို့မဟုတ်) မိမိတို့၏ (တရားတော်အရ) ကျွန်မများအပေါ်၌လည်းကောင်း၊ စောင့်ထိန်းမှု မပြုခဲ့ကြပေ။) အကြောင်းမှာ ၄င်းတို့အပေါ် (ဤသို့ပြုရာတွင်) ၄င်းတို့အပြင် (အခြားနေရာ၌ ကာမဂုဏ် ဆက်ဆံခြင်းကို) တောင့်တရှာဖွေသူသည် (တရားတော်၏) ဘောင်ကို ချိုးဖောက်ကျူးလွန်သော သူများပင် ဖြစ်ကြသည်။

ထို့ပြင် ၄င်းတို့သည် မိမိတို့အပေါ် ယုံကြည်၍ အပ်နှံထားသည်တို့ကိုလည်းကောင်း၊ မိမိတို့၏ ကတိဝန်ခံချက်များကိုလည်းကောင်း စောင့်စည်ထိန်းသိမ်းသူများပင် ဖြစ်ကြသည်။ ထို့ပြင် ၄င်းတို့သည် မိမိတို့၏ သက်သေခံချက်များကို တိကျမှန်ကန်စွာ ထွက်ဆိုသူများဖြစ်ကြသည်။ (အပိုအလို မရှိကြပေ။) ထို့ပြင် ၄င်းတို့သည် မိမိတို့၏ (ဖွရ်ဓ်) ဝတ်ပြုမှုကို အမြဲမပြတ် စောင့်ထိန်းသူများ ဖြစ်ကြသည်။ (သို့ဖြစ်ပေရာ) ထိုသူတို့သည် 'ဂျန္နသ်'သုခဘုံများဝယ် ဂုဏ်အသရေရှိစွာ ဝင်ရောက်ကြရပေမည်။ (ရှေ့၌ ကာဖိရ်တို့၏ အခြေအနေများ ဖြစ်ခြင်းနှင့် 'ကေယာမသ်' မဖြစ်ပေါ်ဟု ဆိုခြင်းမှာ မဟုတ်ကြောင်းတို့ကို တင်ပြထားသည်။ ဆိုလိုသည်မှာ ကံကောင်းခြင်းနှင့် ကံဆိုးခြင်းတို့၏ အကြောင်းတရားများမှာမူ အထက်၌ ရှင်းလင်းသော ညွှန်ပြချက်များဖြင့် သိရှိခဲ့ရပြီး ဖြစ်သည်။)

သို့ဖြစ်ပေရာ (အထောက်အထားများဖြင့် သိရှိရပြီးနောက် တစ်ဖန်) ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် (ထိုအကြောင်းအရာမှုကို ငြင်းပယ်ရန်) အသင့်ထံသို့ အဘယ်ကြောင့် လျှင်မြန်စွာ ပြေးလာနေကြပါသနည်း။ လက်ယာနှင့် လက်ဝဲဘက်တို့မှ အုပ်စုများဖွဲ့၍ အဖွဲ့လိုက်၊ အဖွဲ့လိုက် (ဤအကြောင်းများကို လက်ခံရန် ထိုက်သည်။ သို့သော်လည်း ၄င်းတို့သည် အဖွဲ့လိုက်၊ အဖွဲ့လိုက် စုရုံး၍ အသင့်ထံသို့ ထိုအကြောင်းအရာမျှးကို မဟုတ်မမှန်ဟု စွပ်စွဲ၍ ငြင်းပယ်ရန်နှင့် ပျက်ရယ်မှုပြုရန် ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာကြသည်။ အာရဗ်ရှိ ကာဖိရ်တို့သည် 'နဗီဝသ်' ၏ သတင်းကို ကြားပြီး ယင်းရည်ရွယ်ချက်ဖြင့် ရောက်ရှိလာကြသည့်အတိုင်းပင် ဖြစ်သည်။ အစ္စလာမ်သာသနာကို မှားယွင်းသည်ဟု ယူဆခြင်းနှင့်အတူ မိမိတို့မှာ မှန်ကန်သူများဟု ယူဆနေကြသည်။ မှန်ကန်ခြင်း၏ ရလဒ်မှာ 'ဂျနသ်' သို့ သွားရခြင်းဖြစ်သည့်အတွက် ၄င်းတို့သည် မိမိတို့မှာ 'ဂျန္နသ်'နှင့် ထိုက်တန်သူများဟုလည်း ယူဆနေကြသည်။

ولئن رُّجعت الى ربىّ اِنّ لى عنده للحسنى

ထို့ကြောင့် ၄င်းတို့၏ ဤယူဆချက်များနှင့် စပ်လျဉ်း၍ ငြင်းပယ်သည့်အနေဖြင့် မိန့်ကြားတော်မူသည်မှာ) ၄င်းတို့အနက် လူတိုင်းသည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်ရန် အလိုရမ္မက် ရှိကြလေသလော။

ဤသည် အလျဉ်းမဟုတ်။ (အကြောင်းမှာ 'ဂျဟန္နမ်'ကျရောက်မည့်သူများ ဖြစ်လျက် အဘယ်သို့ 'ဂျန္နသ်' ကို ရရှိပါမည်နည်း။ ၄င်းတို့သည် ဤအကြောင်းအရာများကို ငြင်းပယ်ကြသည်။ 'ကေယာမသ်' ဖြစ်ပေါ်မည်ကိုလည်း မဟုတ်မမှန်ဟု စွပ်စွဲ၍ ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် 'ကေယာမသ်'ကို မဖြစ်နိုင်ဟု ယူဆကြသည်။ ရှေ့၌ ၄င်းတို့နှင့် စပ်လျဉ်း၍ '၄င်းတို့၏ ဤသို့ ယူဆခြင်းများသည် ၄င်းတို့၏ အသိတရားခေါင်းပါးခြင်းသာ ဖြစ်သည်'ဟု မိန့်ကြားတော်မူထားသည်။ အကြောင်းမှာ)

ဤသို့ အလျဉ်းမဟုတ်။ ကေန်အမှန် ငါအသျှင်မြတ်သည် ၄င်းတို့အား ၄င်းတို့ သိရှိသောအရာဖြင့်ပင် ဖန်ဆင်းတော်မူခဲ့သည်။ (သို့ဖြစ်ပေရာ လူသားအား မသန့်သော သုက်ရည်ဖြင့် ဖန်ဆင်းကြောင်းကို ၄င်းတို့ သိရှိပြီးဖြစ်သည့်အခါ မည်သည့်အခါမျှ အသက်ရှင်ခြင်း မရှိခဲ့သော 'နွှသ်ဖဟ်' သုက်ရည်ဖြင့် လူဖြစ်သည်အထိ ကြာမြင့်သမျှ အချိန်သည် သူသေ၏ အစိတ်အပိုင်းများမှ ဒုတိယအကြိမ်လူ ဖြစ်သည်အထိ

ပြုလုပ်ရာတွင် ကြာမြင့်မှုမရှိပေ။ အကြောင်းမှာ ထိုအစိတ်အပိုင်းများတွင် အသက်ရှင်မှုသည် ယခင်က တစ်ကြိမ်ရှိခဲ့သောကြောင့် ဖြစ်သည်။ ဤသည်ကို မဖြစ်နိုင်ဟု ယူဆခြင်းသည် ၄င်းတို့၏ အသိတရား ခေါင်းပါးခြင်းသာ ဖြစ်သည်။)

ထို့ပြင် (အခြားနည်းတစ်ခုဖြင့် 'ကေယာမသ်'ဖြစ်ပေါ်မည်မဟုတ်ဟူသော အယူအဆကို ဝေးစေရန်) ငါအသျှင်မြတ်သည် နေထွက်ရာအရပ်များကိုလည်းကောင်း၊ နေဝင်ရာအရပ်များကိုလည်းကောင်း ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ်အား ကျိန်ဆို၍ မိန့်ကြားတော်မူသည်။ (ဤအစိပ္ပာယ်သည် စူရာဟ် 'ဆွဖာ့သ်'၏ အစတွင် လာရှိပြီးဖြစ်သည်။ ရှေ့၌ 'ကစမ်'၏ အဖြေလာရှိသည်မှာ) ငါအသျှင်မြတ်သည် ထိုအရာအပေါ် တတ်စွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်သည်။ (ဒွန္နယာလောက၌ပင် တတ်စွမ်း နိုင်တော်မူသည်။) အဘယ်ကြောင့်ဆိုသော် ၄င်းတို့၏အစား ၄င်းတို့ထက် သာလွန်မြင့်မြတ်သူတို့အား လဲလှယ် တော်မူရန် (တတ်စွမ်းနိုင်တော်မူသည်။ ဖန်ဆင်းတော်မည်ကို ဆိုလိုသည်။) ထို့ပြင် ငါအသျှင်မြတ်သည် (ဤသို့ ဖန်ဆင်းခြင်းကို) မတတ်စွမ်းနိုင်သော အသျှင် မဟုတ်ပေ။

(သို့ဖြစ်ပေရာ ဂုဏ်ဒြပ်အရည်အချင်းများ ပို၍ ကောင်းမွန်သော အဖန်ဆင်းခံအသစ်များကို ဖန်ဆင်းတော်မူနိုင်သည်။ ၄င်းတို့တွင် အရာဝတ္ထုများစွာ ရှိပါလျက်လည်း ငါအသျှင်မြတ်အဖို့ ဖန်ဆင်းရာ ၌ လွယ်ကူတော်မူသည်။ သို့ဖြစ်ပေရာ အသင်တို့အား ဒုတိယအကြိမ် ဖန်ဆင်းရာတွင် မည်သည့်ခက်ခဲမှု ရှိနိုင်ပါမည်နည်း။ ပထမအထောက်အထားမှာ ထိုငြင်းပယ်သူတို့ကိုယ်တိုင်၏ အခြေအနေကို ထောက်ရှု ခြင်း ဖြစ်သည်။ ဒုတိယအထောက်အထားမှာ ၄င်းတို့ကဲ့သို့သော အဖန်ဆင်းခံဖြစ်မှုပင် ဖြစ်သည်။ အထောက် အထားမှာ အမှန်တရားနှင့်အတူ ပေါ်လွင်ထင်ရှားသည့်တိုင် ၄င်းတို့သည် မိမိတို့၏ ငြင်းပယ်ဆန့်ကျင်ခြင်း များကို နောက်မဆုတ်ခဲ့ကြပေ။)

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ထိုသူတို့အား မိမိတို့ ချိန်းဆိုခြင်းခံရသော နေ့နှင့် ရင်ဆိုင်တွေ့ဆုံကြသည်အထိ အချည်းနှီးသော စကားများ ပြောဆိုလျက် ရှိကြရန်ကိုလည်းကောင်း၊ ကစား ခုန်စားပျော်ပါးလျက် ရှိကြရန်လည်းကောင်း စွန့်၍ ထားပါလေ။

ထိုနေ့တွင် ၄င်းတို့သည် ပူဇော်ပသရာသို့ ပြေးလွှားနေသည့်အလား 'ကဗရ်'များမှ ထွက်၍ ပြေးလွှား နေကြပေမည်။ (ထို့ပြင်) ၄င်းတို့၏ မျက်လုံးများသည် (အရှက်ရ၍) အောက်သို့ စိုက်နေကြပေမည်။ (ထို့ပြင်) ၄င်းတို့အပေါ်၌ ဂုဏ်သိမ်ဖျင်းမှုသည် ဖုံးလွှမ်းလျက် ရှိနေပေမည်။ ဤသည်မှာ ၄င်းတို့ ချိန်းဆို ခြင်း ခံခဲ့ရသောနေ့ပင် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

سَاَلَ سَائِلٌ တွင် سوال 'စဝါးလ်'သည် တစ်ခါတစ်ရံ အရာတစ်ခုခုကို လေ့လာဆန်းစစ်ရန်အတွက် ဖြစ်သည်။ ထိုစာလုံးနှင့်အတူ အာရဗီဘာသာတွင် 'ဆွိလဟ်'ဟူသော စာလုံးကိုလည်း သုံးနှုန်းရသည်။

တစ်ခါတစ်ရံ سوال 'စဝါးလ်' ဟူသော စာလုံးသည် လျှောက်ထားခြင်းနှင့် အရာတစ်ခုခုကို တောင်းခံခြင်း အဓိပ္ပာယ်၌လည်း လာရှိသည်။ ဤနေရာ၌ ဤအတိုင်းပင် ဖြစ်သည်။ ထို့ကြောင့် ၄င်း၏ صله အဖြစ် عَنْ အက္ခရာအစား 'ဗာ' အက္ခရာ လာရှိခြင်း ဖြစ်သည်။

بِعذَابٍ ၏ အဓိပ္ပာယ်မှာ တောင်းခံသူတစ်ဦးသည် 'အဇားဗ်' အပြစ်ဒဏ်ကို တောင်းခံခဲ့သည်။ နစာအီကျမ်းတွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန်ချက်လာရှိသည်မှာ ဤတောင်းခံသူ နဒ္ဒရ်ဗင်န်ဟာရိဆ်သည် ကုရ်အာန်နှင့် တမန်တော်မြတ် ﷺ အား မဟုတ်မမှန်စွပ်စွဲငြင်းပယ်ရန် သတ္တိဖြင့် အောက်ပါစကားများကို ပြောဆိုခဲ့သည်။

اَللّٰهُمَّ ان كان هٰذ اهوالحقّ من عندك فامطر علينا حجارة
من السماء اوائتنابعذاب اليم

ဆိုလိုသည်မှာ ဒိုအာတောင်းခံခြင်းဖြစ်သည်။ ယင်းဒိုအာမှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ဤကုရ်အာန်သည် အမှန်ဖြစ်၍ အသျှင်မြတ်ထံတော်မှ ဖြစ်သည်ဆိုလျှင် ကျွန်တော်မျိုးတို့အပေါ်၌ မိုးကောင်းကင်မှ ကျောက်ခဲမိုးရွာချ၍လည်းကောင်း (သို့) အခြားပြင်းထန်သော 'အဇားဗ်' အပြစ်ဒဏ် ချပေးခြင်းကိုလည်းကောင်း ပြုတော်မူပါ' ဟု ဖြစ်သည်။ */ မဇှ်ဟရီကျမ်း /*

အလ္လာဟ်အသျှင်မြတ်သည် ၄င်းအား 'ဗဒရ်' စစ်ပွဲတွင် မွတ်စ္စလင်မ်တို့၏ လက်ဖြင့် 'အဇားဗ်' ပြစ်ဒဏ် ပေးတော်မူခဲ့သည်။ */ မဇှ်ဟရီကျမ်း /*

၄င်းသည် မိမိပါးစပ်ဖြင့် မိမိကိုယ်တိုင် အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်' အပြစ်ဒဏ်ကို တောင်းခံခဲ့သည်။ ရှေ့တွင် ၄င်း၏ ဇစ်မြစ်ကို ဖော်ပြသည်မှာ ဤ 'အဇားဗ်' သည် ကာဖိရ်များအပေါ်တွင် မုချကျရောက်၍သာ နေပေမည်။ (လောက၌လည်းကောင်း၊ တမလွန်၌လည်းကောင်း၊ နှစ်ဘဝစလုံး၌လည်းကောင်း ဖြစ်နိုင်သည်။) ဤ 'အဇားဗ်' အပြစ်ဒဏ်ကို တားဆီးရန် မည်သူ့တွင်မျှ အင်အားမရှိပေ။ ဤ 'အဇားဗ်' အပြစ်ဒဏ်သည် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်ထံတော်မှ ဖြစ်သည်။ ဤနောက်ဆုံးအပိုဒ်သည် ပထမအပိုဒ်၏ အထောက်အထားလည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤ 'အဇားဗ်' အပြစ်ဒဏ်ကို တားဆီးဖယ်ရှားရန် အင်အားသည် တစ်စုံတစ်ဦးတွင် အဘယ်ကြောင့် ဖြစ်နိုင်ပါမည်နည်း။

مَعَارِج သည် معرج ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ عروج ဟူသော စာလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'အထက်သို့ တက်ခြင်း' ဟု ဖြစ်သည်။ معرج နှင့် معراج တို့သည် အောက်မှ အထက်သို့ တက်သည့် လှေကား ထစ်အဆင့် များစွာရှိသော လှေကားကို ခေါ်ဆိုသည်။ အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်သည် ဤအာယသ်တော်တွင် ذی معارج ဟု လာရှိထားသည်။ အဆင့်အတန်းမြင့်မားသော

ကြီးကျယ်မြင့်မြတ် တော်မူသော အသျှင်ဟု ဖြစ်သည်။ ထို့ပြင် မြင့်မားသော အဆင့်ဆိုသည်မှာ အထက်၊ အောက် မိုးခုနှစ် ထပ်ဖြစ်သည်။ ဟဇရသ်အိဗ်နေမတ်စ်အ္ဗားဒ် ﷺ သခင်က မိန့်ဆိုသည်မှာ **المعارج** ၏ အဓိပ္ပာယ်မှာ **ذى السموت** ဖြစ်သည်။ ဆိုလိုသည်မှာ 'မိုးကောင်းကင်များ၏ အသျှင်' ဟု ဖြစ်သည်။

تَعْرُجُ الْمَلٰٓئِكَةُ وَالرُّوْحُ

ဆိုလိုသည်မှာ ဤအဆင့်များသည် တစ်ခုအပေါ် တစ်ခု အဆင့်ဆင့်ရှိသော လောကားထစ်များကို ဆိုလိုသည်။ ထိုလောကားထစ်များမှ ဖရစ်ရှ်သာဟ်များနှင့် ရူးဟွလ်အမီးန် (ဂျိဗ်ရာအီးလ်အမီးန်) တို့ တက်လာ ရှိကြသည်။ စင်စစ် ဂျိဗ်ရာအီးလ် ﷺ သည်လည်း ဖရစ်ရှ်သာဟ်များ၏ အုပ်စုမှဖြစ်သည်။ သို့ရာတွင် ၎င်းအား အထူးဂုဏ်ပြုခြင်းဖြင့် ၎င်း၏ အမည်ကို သီးခြား မိန့်ကြားတော်မူခြင်းဖြစ်သည်။

فِىْ يَوْمٍ كَانَ مِقْدَارُهٗ خَمْسِيْنَ اَلْفَ سَنَةٍ

ဤအပိုဒ်သည် **فعل محزوف** ပြုတ်ကျသော ကြိယာတစ်ခုနှင့် ပတ်သက်ပေသည်။ ဆိုလိုသည် မှာ **يَقَعُ** ဖြစ်သည်။ ဆိုလိုသည်မှာ အထက်၌ တင်ပြခဲ့သော ဤ 'အဇားဗ်'သည် ကာဖိရ်များအပေါ် မုချ ကျရောက်မည့်နေ့၏ ရှည်လျားသော ပမာဏမှာ နှစ်ပေါင်း (၅၀၀၀၀) နှင့် ညီမျှပေမည်။ ဟဇရသ်အဘူစအီးဒ် ခွဒ်ရီ ﷺ သခင်မှ ဆင့်ပြန်ခဲ့သည်မှာ ဆွဟာဗာတို့သည် တမန်တော်မြတ် ﷺ အား နှစ်ပေါင်း (၅၀၀၀၀) ပမာဏရှည်ကြာမည့် ထိုနေ့နှင့် စပ်လျဉ်း၍ 'ဤနေ့သည် အဘယ်မျှ ရှည်လျားမည်နည်း'ဟု လျှောက်ထား မေးမြန်းကြလေရာ ကိုယ်တော်မြတ် ﷺ က 'ငါကိုယ်တော်၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသော အသျှင်မြတ်၏ 'ကစမ်'၊ ဤနေ့သည် မုအ်မင်န်သက်ဝင်ယုံကြည်သူအတွက် 'ဖွရဒ်'နမာဇ်တစ်ကြိမ် ဖတ်သည့် အချိန်ထက်ပင် နည်းပေမည်' ဟု မိန့်ကြားတော်မူလေသည်။ ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ သခင်ထံမှ အောက်ပါဟဒီးစ်တော် ဆင့်ပြန်ခဲ့သည်မှာ-

يكون على المؤ منين كمقدار مابين الظهر والعصر —

اخرجه الحاكم والبيهقى مرفوعاوموقوفًا (مظهرى)

'ဤနေသည် မုအ်မင်န်များအဖို့ 'ဇိုဟိုရ်' နှင့် 'အဆွရ်'ကြား၌ ကြာမြင့်သည်ခန့်သာလျှင် ဖြစ်ပေ မည်။ ဤဆင့်ပြန်ချက်သည် ဟဇရသ်အဗူဟူရိုက်ရာဟ် ﷺ သခင်ထံမှ မရ်ဖူးအ်'အဆင့်ဖြင့်လည်းကောင်း၊ 'မောင်ကူးဖ်'အဆင့်ဖြင့်လည်းကောင်း ဆင့်ပြန်ထားခဲ့သည်။

ဤဆင့်ပြန်ချက်များအရ ထိုနေ့၏ ရှည်လျားကြာမြင့်မှုသည် နှစ်ပေါင်း (၅၀၀၀၀) ခန့်ဖြစ်ကြောင်းကို သိရှိရသည်။ ကာဖိရ်များအဖို့ ဤမျှခန့် ရှည်လျားပြီး မုအ်မင်န်တို့အတွက် ဤမျှ မြန်ဆန်သည့်အကြောင်း လည်း သိရှိရပေသည်။

'ကေယာမသ်'နေ့၏ ရှည်လျားမှုသည် နှစ်ပေါင်း (၁၀၀၀) ဖြစ်သလော။ (သို့) နှစ်ပေါင်း (၅၀၀၀၀) ဖြစ်သလော ဆိုခြင်းနှင့် စပ်လျဉ်း၍ ဆန်းစစ်ချက်

ဤအာယသ်တော်တွင် 'ကေယာမသ်'နေ့၏ အတိုင်းအတာကို နှစ်ပေါင်း (၅၀၀၀၀) ရှိသည်ဟု ဖော်ပြထားသည်။ စူရာဟ် 'သန်ဇီးလ်စဂ်ျဒဟ်'၏ အာယသ်တော်တွင် နှစ်ပေါင်း (၁၀၀၀၀) ဟု လာရှိထားသည်။ ၄င်းအာယသ်တော်မှာ-

يدبر الامر من السماء الى الارض ثم يعرج اليه فى يوم كان مقداره الف سنة ممّا تعدّون

ဟုဖြစ်သည်။ ဆိုလိုသည်မှာ 'ထိုအသျှင်မြတ်သည် မိုးကောင်းကင်မှ ပထဝီမြေအထိ အမှုကိစ္စအဝဝတို့ကို စီမံခန့်ခွဲတော်မူသည်။ ယင်းအမှုကိစ္စတို့သည် အသင်တို့ ရေတွက်ကြကုန်သော အရေအတွက်ဖြင့် နှစ်ပေါင်းတစ်ထောင် (၁၀၀၀) အတိုင်းအတာရှိသော နေ့တစ်နေ့တွင် ထိုအသျှင်မြတ်ထံတော်သို့ တက်သွားပေမည်'ဟု ဖြစ်သည်။ အမြင်အားဖြင့်ဆိုလျှင် ဤအာယသ်တော်နှစ်ပါးတို့တွင် ဆန့်ကျင်ခြားနားနေသည်ဟု ထင်ရပေသည်။ ၄င်း၏ အဖြေမှာ ဖော်ပြပါဟဒီးစ်တော်များပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤနေ့၏ ရှည်လျားမှုသည် ကွဲပြားခြားနားသော အုပ်စုများအလိုက် ကွဲပြားခြားနားမှုများ ရှိပေမည်။ ကာဖိရ်အားလုံးတို့အတွက် နှစ်ပေါင်း (၅၀၀၀၀) နှင့် ကောင်းမြတ်သာ မုအ်မင်န်များအတွက် 'ဖွရ်ဇ်'နမာဇ်တစ်ကြိမ် ဖတ်သည်ခန့်သာ ဖြစ်ပမည်။ ၄င်းတို့၏ ကြားတွင် ကာဖိရ်အုပ်စုများဖြစ်သည်။ အချို့မှာ နှစ်ပေါင်းတစ်ထောင်နှင့် ညီမျှသော ရှည်လျားမှုဖြစ်နိုင်သည်။ အချိန်ကာလ ရှည်လျားခြင်းနှင့် မြန်ဆန်ခြင်းသည်လည်းကောင်း၊ ဒုက္ခများ ကျရောက်ခြင်းနှင့် အေးငြိမ်းချမ်းသာ စည်းစိမ်များ၌ ရှိကြပြီး ကွဲပြားမှုရှိကြခြင်းသည်လည်းကောင်း ကျော်ကြားမှုရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ပြင်းထန်သော ဒုက္ခ၌ ခံစားရခြင်းတွင် တစ်နာရီခန့်ကြန့်ကြာပြီး တစ်ခါတစ်ရံ လူသားအဖို့ တစ်ရက်၊ (သို့မဟုတ်) (၇) ရက်၊ (သို့မဟုတ်) (၁၀) ရက်ထက်ပို၍ ခံစားရခြင်းများလည်း ရှိသည်။ စည်းစိမ်ချမ်းသာနှင့် နေရခြင်းတွင် ရှည်ကြာသော အချိန်ကာလကိုပင် မြန်ဆန်သည်ဟု ထင်မှတ်ရပေသည်။

'သန်ဇီးလ်အဆ်စဂ်ျဒဟ်' ၏ အာယသ်တော်တွင် နှစ်ပေါင်း (၁၀၀၀) ဟု တင်ပြချက် လာရှိသည်။ ၄င်း၏ အကြောင်းတစ်ရပ်ကို သဖ်စီးရ်မဇွ်ဟရီကျမ်းတွင် တင်ပြထား၏။ ဤအာယသ်တော်၌ တင်ပြထားသည့်နေ့မှာ လောက၏ နေ့ရက်များအနက် တစ်နေ့ကို ဆိုလိုခြင်း ဖြစ်သည်။ ဤလောက၏ နေ့ရက်များတွင် ဂျိဗ်ရာအီးလ် عليه السلام နှင့် ဖရစ်ရှ်သာဟ်များသည် မိုးကောင်းကင်သို့ ပြန်တက်ခြင်းတို့တွင် ဤမျှဝေးကွာသော ခရီးကို ဖြတ်သန်းဆင်းတက်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဤမျှ ဝေးကွာသော ခရီးကို လူသားအနေဖြင့် သွားလာဖြတ်သန်းမည်ဆိုလျှင် လူသားအဖို့ နှစ်ပေါင်း (၁၀၀၀) မျှ ကြာမြင့်ပေမည်။ အကြောင်း မှာ ဆွဟီးဟ်ကျမ်းတော်များတွင် လာရှိသည်မှာ မိုးကောင်းကင်မှ ကမ္ဘာမြေအထိ နှစ်ပေါင်း (၅၀၀) ခန့် ကြာမြင့်သည့် အကွာအဝေးရှိသည်။ နှစ်ပေါင်း (၅၀၀) သည် အထက်မှ အောက်သို့

ဆင်းသက်ခြင်းနှင့် နှစ်ပေါင်း (၅၀၀) သည် အထက်သို့ ပြန်တက်ခြင်းတွင် ကြာမြင့်သော အချိန်ကာလ ဖြစ်သည်။ ဤအဆင်းအတက်၌ ကြာမြင့်သော ကာလမှာ နှစ်ပေါင်း (၁၀၀၀) ဖြစ်သည်။ ဤသည်မှာ လူသားတို့၏ သွားနှုန်းအရ ဖြစ်သည်။ အမှန်တကယ်ပင် လူသားသည် ဤအကွာအဝေးကို ဖြတ်သန်း ခရီးနှင်ခြင်းပြုပါက သွားခြင်းနှင့် လာခြင်းတို့အတွက် နှစ်ပေါင်း (၁၀၀၀) ကြာမြင့်မည်သာ ဖြစ်သည်။ စင်စစ် ဖရစ်ရှ်သာဟ်များအဖို့ ဤခရီးသည် အလွန်တိုတောင်းသော အချိန်ကာလအတွင်း၌ သွားလာနိုင် ကြပေသည်။ သို့ဖြစ်ပေရာ စူရာဟ် 'စဂ်ျဒဟ်'၏ အာယသ်တော်တွင် လောက၏ နေ့ရက်များမှ တစ်နေ့ ကို တင်ပြခြင်းဖြစ်သည်။ စူရာဟ် 'မအာရိဂ်ျ'တွင် လောက၏ နေ့ရက်များထက် လွန်စွာ ရှည်လျားသော 'ကေယာမသ်'၏ နေ့အကြောင်းကို တင်ပြထားခြင်း ဖြစ်သည်။ ထိုနေ့၏ ရှည်လျားမှုနှင့် တိုတောင်းမှု၌ ကွဲပြားခြားနားခြင်းမှာမူ လူသားတို့၏ ကွဲပြားခြားနားမှု အခြေအနေများအလိုက် တူညီမှုမရှိဘဲ ကွဲပြား မှုများ ဖြစ်ပေလိမ့်မည်။

إِنَّهُمْ يَرَوْنَهُ بَعِيدًا ○ وَنَرَاهُ قَرِيبًا

ဤနေရာတွင် **قريب** 'နီးကပ်မှု' နှင့် **بعيد** 'ဝေးကွာမှု' တို့သည် အကွာအဝေးနှင့် အချိန်ကာလတို့ ကို ဆိုလိုခြင်းမဟုတ်ဘဲ ဖြစ်နိုင်သော အရာမဟုတ်။ (သို့) ဖြစ်ပေါ်မည့်အရာ မဟုတ်ဟု ဆိုလိုခြင်း ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ၾင်းတို့သည် ဤ 'ကေယာမသ်'နေ့ ကျရောက်မည်ဖြစ်ခြင်း နှင့် ဖြစ်နိုင်ခြင်းတို့ကို မဖြစ်နိုင်ဟု ယူဆနေကြသည်။ ငါအသျှင်မြတ်သည်ကား ထိုနေ့ ကျရောက်မည်ကို အတိအကျ မြင်နေတော်မူသည်' ဟု ဖြစ်သည်။

وَلَا يَسْئَلُ حَمِيمٌ حَمِيمًا ○ يُبَصَّرُونَهُمْ

حَمِيمٌ ၏ အဓိပ္ပာယ်မှာ 'အကျွမ်းတဝင် ရင်းနှီးသော မိတ်ဆွေ'ဟု ဖြစ်သည်။ 'ကေယာမသ်' နေ့၏ ပြင်းထန်မှုကို တင်ပြခြင်းဖြစ်သည်။ ထိုနေ့တွင် မည်သည့်မိတ်ဆွေမျှ အခြားမည်သည့်မိတ်ဆွေကို မေးမြန်းကြမည်မဟုတ်။ ကူညီရန် ဆိုသည်မှာ ဝေးလှပေသည်။ ရှေ့၌ ဤသို့ မမေးမြန်းခြင်းသည် ထိုမိတ်ဆွေ များရှေ့၌ မရှိ၍ မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အားလုံးကို တစ်ဦးနှင့်တစ်ဦး ရှေ့မှောက်၌ ရှိစေတော်မူမည်ဖြစ်ကြောင်းကို ဖော်ပြထားသည်။ သို့ရာတွင် လူတိုင်းလူတိုင်းသည် မိမိတို့အတွက်သာ သောကပင်လယ် ဝေနေကြပေမည်။ မည်သူမျှပင် အခြားတစ်ဦး၏ ဒုက္ခနှင့် သုခကို ကြည့်ရှုနိုင်ကြပေလိမ့် မည်မဟုတ်ပေ။

اِنَّهَا ၏ နာမ်စားသည် **نَارٌ** ကို ရည်ညွှန်းသည်။ **نَظٰى** ၏ အဓိပ္ပာယ်မှာ 'ရောနှောမှုမရှိသော မီးစစ်စစ်' ကို ခေါ်ဆိုသည်။ **شَوٰى** သည် **شَوَاةٌ** ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'ဦးခေါင်း၏ သားရေခွံကို' လည်း ခေါ်ဆိုသည်။ 'လက်နှင့် ခြေတို့၏ အရေခွံများ'ကိုလည်း ခေါ်ဆိုသည်။ ဆိုလိုသည်မှာ

'ဂျဟန္နမ်'အပယ်ငရဲဘုံ၏ မီးသည် အရှိန်ပြင်းထန်စွာ တောက်လောင်လျက် ရှိသော မီးတောက် မီးလျှံတစ်ခု ဖြစ်သည်။ ထိုမီးသည် ဦးနှောက် (သို့) လက်များနှင့် ခြေများ၏ အရေခွံတို့ကိုပင် ဆုတ်ခွာပစ်စေမည်' ဟု ဖြစ်သည်။

تَدْعُوْا مَنْ اَدْبَرَ وَتَوَلّٰى ○ وَجَمَعَ فَاَوْعٰى

ဆိုလိုသည်မှာ 'ဤမီးသည် အမှန်တရားအား ကျောခိုင်းစွန့်ခွာ၍ မျက်နှာလွှဲဖယ်သူနှင့် ပစ္စည်းဥစ္စာများကို စုဆောင်းလျက် လုံခြုံစွာ သိမ်းထားသူများအား ကိုယ်တိုင်ပင် ခေါ်ယူပေမည်' ဟု ဖြစ်သည်။ စုဆောင်းထားခြင်း၏ အလိုသဘောမှာ 'တရားတော်နှင့် ဆန့်ကျင်သော မပိုင်သည့် နည်းလမ်းများဖြင့် စုဆောင်းခြင်း'ကို ဆိုလိုသည်။ 'လုံခြုံစွာ သိမ်းသိမ်းဆည်းထားခြင်း'ဟူသည်မှာ ဆွဟီးဟ်ဟဒီးစ်တော်များ၌ လာရှိသည့်အတိုင်း ပစ္စည်းဥစ္စာအပေါ် တာဝန်ထိုက်နေသူသည် 'ဖွရ်ဇ်' နှင့် 'ဝါဂျိဗ်'တာဝန်များကို မထမ်းဆောင်သူကို ဆိုလိုသည်။

اِنَّ الْاِنْسَانَ خُلِقَ هَلُوْعًا

هَلُوْعٌ ၏ အဓိပ္ပာယ်မှာ 'လောဘကြီးသူ၊ 'ဆွဗရ်' သည်းခံခြင်းတရားမရှိသူ၊ သတ္တိနည်းသူ' ဟု ဖြစ်သည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ "ဤအာယသ်တော်တွင် **هلوع** ၏ အဓိပ္ပာယ်မှာ 'ဟရာမ်ပစ္စည်းများအပေါ် လောဘကြီးသူ'ကို ဆိုလိုသည်"ဟု ဖြစ်သည်။ ဟဇရတ်စအီးဒ်ဗင်န် ဂျူဗိုင်ရ် (ရဟ) က မိန့်ဆိုသည်မှာ 'ငှင်း၏ အလိုသဘောမှာ 'စေးနဲတွန့်တိုသူ' ဖြစ်သည်။'

မကာသိလ် (ရဟ) က မိန့်ဆိုသည်မှာ 'စိတ်ဓါတ်ကျဉ်းမြောင်းသူ၊ သည်းခံစိတ်မရှိသူ'ဟု ဖြစ်သည်။ ဤဖော်ပြပါ အဓိပ္ပာယ်အားလုံးသည် တစ်ခုနှင့်တစ်ခု နီးစပ်မှုရှိသည်။ **هلوع** ၏ ဆိုလိုရင်းအဓိပ္ပာယ်တွင် အားလုံးအကျုံးဝင်သည်။ ယင်း **هلوع** ၏ ရှင်းလင်းချက်ကို ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးများ၌ပင် လာရှိထားပေသည်။ ဤနေရာတွင် ဒွိဟသံသယမဖြစ်ပေါ်စေရန်မှာ ငှင်းအား ဖန်ဆင်းစဉ်ကပင် ဤအခြေအနေအတိုင်း ဖန်ဆင်းခဲ့သည်။ 'ဤပြစ်ချက်များကို ငှင်းအား ဖန်ဆင်းစဉ်ကပင် ထည့်သွင်းပေးခဲ့သည်။ သို့ဖြစ်ပေရာ ငှင်းတွင် မည်သည့်အပြစ် ရှိပါမည်နည်း။ ငှင်းအား အပြစ်ရှိသူ တရားခံဟု အဘယ်ကြောင့် သတ်မှတ်ရပါသနည်း'ဟု ဖြစ်သည်။ ငှင်း၏ အဖြေမှာ လူသား၏ သဘာဝဗီဇအတွင်း ထည့်သွင်းပေးထားသည့် အရည်အချင်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုအရည်အချင်းတွင် အကောင်းဟူသရွေ့တို့၏ ပင်ကိုယ်မူလနှင့် အရည်အချင်းတို့ကိုလည်း ထည့်သွင်းပေးထားတော်မူသည်။ ဆိုးသွမ်းမှု၊ မကောင်းမှုများကိုလည်း ထည့်သွင်းပေးထားတော်မူသည်။ ထို့ပြင် ဤလူသားကို ဦးနှောက်အသိဉာဏ်ကိုလည်း ထည့်သွင်းပေးထားတော်မူသည်။ ထို့ပြင် အသျှင်မြတ်သည် မိမိ၏ ကျမ်းစာများနှင့် ရစူလ်တမန်တော်တို့၏ အကြောင်းခံဖြင့် လုပ်ရပ်တိုင်း၏ နိဂုံးရလဒ်ကိုလည်း ပြသတော်မူထားသည်။ သို့ဖြစ်ပေရာ မိမိ၏

ရွေးချယ်မှုဖြင့် မကောင်းမှုများ၏ အရင်းအမြစ်ကို မွေးမြူခဲ့သည်။ မိမိရွေးချယ်သည့် လုပ်ရပ်များကို ထိုပုံစံခွက်၌ ထည့်လိုက်သောအခါ ထိုအပြစ်ရှိသူ တရားခံသည် ထိုရွေးချယ်ပြုလုပ်သည့် လုပ်ရပ်များကြောင့် အပြစ်ရှိသူတရားခံဟု သတ်မှတ်ခံရသည်။ ဖန်ဆင်းစဉ်ကပင် ထည့်သွင်းပေးထားသည့် မူလအရင်းအမြစ်သည် ၎င်းကြောင့် တရားခံအဖြစ် သတ်မှတ်ခြင်း မခံရပေ။ ကုရ်အာန်ကျမ်းတော်မြတ်ကပင် **هلوع** ၏ အဓိပ္ပာယ်ကို ရှင်းလင်းရာ၌ ရွေးချယ်ပြုလုပ်သော လုပ်ရပ်များကိုသာ တင်ပြတော်မူထားသကဲ့သို့ ဖြစ်သည်။ ၎င်းတို့မှာ-

اِذَا مَسَّهُ الشَّرُّ جَزُوْعًا ۝ وَاِذَا مَسَّهُ الْخَيْرُ مَنُوْعًا

ဆိုလိုသည်မှာ 'ထိုလူသား၏ သတ္တိနည်းမှုနှင့် သည်းမခံနိုင်မှုတို့မှာ ထိုလူသားအပေါ် ဒုက္ခတစ်စုံတစ်ရာ ကျရောက်လာပါလျှင် သည်းခံမှုမပြုနိုင်ပေ။ ထို့ပြင် စည်းစိမ်သုခချမ်းသာနှင့် ဥစ္စာပစ္စည်းများ ရရှိလေသောအခါ ထိုဥစ္စာပစ္စည်းများနှင့် စပ်လျဉ်း၍ စေးနဲတွန့်တိုကြသည်' ဟု ဖြစ်သည်။ သည်းမခံနိုင်ခြင်းနှင့် ညည်းညူခြင်းဆိုသည်မှာ ရှရီအသ်တရားတော်၏ ဘောင်အပြင်သို့ ရောက်ရှိသွားခြင်းကို ဆိုလိုသည်။ အလားတူ စေးနဲတွန့်တိုခြင်းမှာ 'ဖွရဒ်' နှင့် 'ဝါဂျိဗ်' တာဝန်များ၌ တာဝန်မကျေဘဲ ယုတ်လျော့ခြင်းကို ဆိုလိုသည်။ ရှေ့တွင် လူသားအားလုံးတို့၌ ဤအောက်ဖော်ပြပါ ဤအကျင့်စရိုက်များရှိခြင်းမှ မုအ်မင်န် သူတော်ကောင်းများ မပါဝင်ကြောင်း ပြဆိုထားသည်။ ထို့ပြင် ဤမုအ်မင်န်တို့၏ ကျင့်စဉ်များနှင့် စာရိတ္တမွန်များအကြောင်းကိုလည်း ပြဆိုထားသည်။ ဤအကြောင်းသည် **الا المصلّين** မှစ၍ **على صلواتهم يحا فظون** အထိ ဖြစ်သည်။ ဤနေရာ၌ မပါဝင်ခြင်းအကြောင်းကို **مصلّين** ဟူသော စာလုံးဖြင့် ပြဆိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ နမာဇ်ဝတ်ပြုသူများဟု ဖြစ်ပြီး မုအ်မင်န်သက်ဝင် ယုံကြည်သူများကို ဆိုလိုသည်မှာ ဤနေရာတွင် နမာဇ်ဝတ်ပြုခြင်းသည် မုအ်မင်န်များအဖို့ အကြီးမားဆုံး သင်္ကေတဖြစ်သည်ဆိုခြင်းကို ညွှန်းဆိုပြသခြင်းဖြစ်သည်။ မုအ်မင်န်ဟု ခေါ်ဆိုရန် ခံထိုက်သူမှာ နမာဇ်ဝတ်ပြုသူများသာ ဖြစ်နိုင်ပေသည်။ ရှေ့တွင် ထိုနမာဇ်ဝတ်ပြုသူတို့၏ ဂုဏ်ရည်ကို ဖော်ညွှန်းပြသသည်မှာ-

اَلَّذِيْنَ هُمْ عَلٰى صَلَا تِهِمْ دَآئِمُوْنَ

ဆိုလိုသည်မှာ နမာဇ်ဝတ်ပြုသူသည် မိမိ၏ နမာဇ်အစအဆုံးတွင် ဟိုဘက်၊ သည်ဘက် အာရုံမရောက်ဘဲ မိမိ၏ နမာဇ်ကိုသာ အာရုံသူကို ဆိုလိုသည်။

အေမာမ်ဗဂဝီ (ရဟ) သည် မိမိ၏ စနဒ်နှင့်တကွ အဘူလ်ခိုင်ရ်ထံမှ ဆင့်ပြန်သည်မှာ 'ကျွန်ုပ်တို့သည် ဟဇရသ်အွတ်ကဗာဟ်ဗင်န်အာမိရ် ﵁ သခင်အား

علی صَلَاتهم دَآئمون

ဟူသော အာယသ်တော်နှင့် စပ်လျဉ်း၍ ၎င်း၏ အလိုသဘောမှာ အမြဲတစေ နမာဇ်ဝတ်ပြုသူများကို ဆိုလိုခြင်း ဖြစ်ပါသလား'ဟု မေးမြန်းလေရာ ၎င်းက 'ဤသို့ ဆိုလိုခြင်းမဟုတ်ပါ။ ထိုမျှသာမက နမာဇ်

၏ အစမှအဆုံးသို့တိုင် မိမိ၏ နမာဇ်ကိုသာ အာရုံပြုနေသူဖြစ်သည်။ ဘယ်၊ ညာ၊ ရှေ့၊ နောက် မည်သည့်ဘက်ကိုမျှ အာရုံမပြုသူကို ဆိုလိုသည်'ဟု မိန့်ဆိုခဲ့သည်။ ဤသည်မှာ စူရာဟ်မုအ်မိနူးန်၏

اَلَّذِيْنَ فِىْ صَلَاتِهِمْ خَاشِعُوْنَ

ဟူသော စာပိုဒ်တွင် နမာဇ်အတွင်း ကြောက်စိတ်နှင့် စိတ်ဝင်တစားရှိခြင်းအကြောင်းကို တင်ပြခြင်း၏ အလိုသဘောအတိုင်းပင် ဖြစ်သည်။ ရှေ့တွင်

وَالَّذِيْنَ هُمْ عَلٰى صَلَاتِهِمْ يُحَافِظُوْنَ

ဟူသော အပိုဒ် လာရှိထားသည်။ ထိုအပိုဒ်တွင် နမာဇ်ဝတ်ပြုခြင်းနှင့် နမာဇ်၏ စည်းကမ်းချက်များအပေါ် စွဲမြဲစွာပြုရန် တင်ပြထားသည်။ ထို့ကြောင့် အကြောင်းအရာ တင်ပြရာ၌ မထပ်တော့ပေ။ ရှေ့တွင် မုအ်မင်န်သူတော်ကောင်းတို့၏ ဂုဏ်ပုဒ်များကို တင်ပြထားသည်ဖြစ်ရာ ဤဂုဏ်ပုဒ်အားလုံးနီးပါးသည် စူရာဟ် 'မုအ်မေနူးန်' တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ဤစူရာဟ်၌မူ ၄င်းတို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူကြောင်း သဖ်စီးရ်ဖွင့်ဆိုချက် အပြည့်အစုံကို ရေးသားပြီးခဲ့ပြီးဖြစ်သည်။

'ဇကားသ်'၏ အချိုးအစား ပမာဏသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ သတ်မှတ်ခြင်းဖြစ်၍ ထို 'ဇကားသ်'တွင် လျော့နည်းခြင်းနှင့် ပိုမိုခြင်း ပြုရန် မည်သူ့တွင်မျှ အခွင့်အရေးမရှိ။

وَالَّذِيْنَ فِىْ اَمْوَالِهِمْ حَقٌّ مَّعْلُوْمٌ

ဤအာယသ်တော်အားဖြင့် 'ဇကားသ်' ၏ အချိုးအစားပမာဏသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ သတ်မှတ်တော်မူခြင်းဖြစ်ကြောင်း' သိရှိရပေသည်။ ၄င်း၏ အသေးစိတ် အကျယ်တဝင့်ကို တမန်တော်မြတ် ﷺ ၏ ဆွဟီးဟ်ဟဒီးစ်တော်များ၌ တင်ပြထား၏။ ထို့ကြောင့် 'ဇကားသ်' ၏ 'နေဆွားဗ်'နှင့် စပ်လျဉ်း၍ဖြစ်စေ၊ အချိုးအစားပမာဏနှင့် စပ်လျဉ်း၍ဖြစ်စေ၊ နှစ်မျိုးစလုံးသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ သတ်မှတ်ထားခြင်းသာ ဖြစ်သည်။ ခေတ်ကာလပြောင်းလဲပါလျှင်လည်း ၄င်းတို့၏ အမိန့်မှာ ပြောင်းလဲခြင်းရှိမည် မဟုတ်ပေ။

فَمَنِ ابْتَغٰى وَرَآءَ ذٰلِكَ فَاُولٰٓئِكَ هُمُ الْعٰدُوْنَ

ဤအာယသ်တော်၏ ရှေ့မှ အာယသ်တော်တွင် ရမ္မက်ဆန္ဒနှင့် ကာမဂုဏ်အမှုပြုခြင်း ပိုင်သောနေရာသည် 'နေကာဟ်'ပြုထားသူ အမျိုးသမီး (သို့) တရားတော်အရဖြစ်သော ကျွန်မတို့နှင့်သာ ပြုပိုင်ကြောင်း ပြဆိုထားသည်။ ဤအာယသ်တော်တွင် ထိုအခြေအနေနှစ်မျိုးအပြင် ကာမဂုဏ်အမှုပြုရန် အခြားနည်းလမ်း

အားလုံးကို မပိုင်ကြောင်း သတ်မှတ်ထားသည်။ ဤနေရာတွင် ရှရီအသ်တရားတော်အရ 'ဟလာလ်'မဖြစ်သော 'နေကာဟ်'လည်း ပါဝင်သည်။ ဥပမာ- တရားတော်အရ 'နေကာဟ်'မပြုပိုင်သော အမျိုးသမီးများနှင့် 'နေကာဟ်'ပြုခြင်း ဖြစ်သည်။ အလားတူ 'မုသ်အသ်' (ကာလအပိုင်းအခြား သတ်မှတ်၍ပြုသော) 'နေကာဟ်'သည်လည်း ရှရီအသ်တရားတော်အရ 'နေကာဟ်'မဟုတ်ပေ။

မိမိ၏ လက်ဖြင့် ရမ္မက်ဆန္ဒကို ဖြည့်ဆည်းခြင်းသည် 'ဟရာမ်'ဖြစ်ခြင်း

အများစု ဖိကာဟ်ပညာရှင်တို့က မိမိ၏ လက်ဖြင့် ရမ္မက်ဆန္ဒကို ဖြည့်ဆည်းခြင်းကို ဤအမိန့်၌ ပါဝင်သည်ဟု သတ်မှတ်လျက် 'ဟရာမ်'ဖြစ်ကြောင်း သတ်မှတ်ကြသည်။ အိဗ်နေဂျူရိုင်ဂျ် (ရဟ) က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် ဟဇရသ်အသ္ဝာအား ဤအကြောင်းနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ရာ ၎င်းက 'မက္ကရူးဟ်' ဟု ဆိုခဲ့သည်။ ကျွန်ုပ် ကြားဘူးသည်မှာ 'မဟ်ရှရ်'တွင် လက်များ၌ ကိုယ်ဝန်ဆောင်ထားသူများရောက်ရှိလာလိမ့်မည်' ဟု ဖြစ်သည်။ ထိုသူတို့သည် မိမိတို့၏ လက်များဖြင့် ရမ္မက်ဆန္ဒကို ဖြည့်ဆည်းသူများ ဖြစ်သည်'ဟု ကျွန်ုပ် ယူဆမိသည်' ဟု ဖြစ်သည်။

ဟဇရသ်စအီးဒ်ဗင်န်ဂျူဗိုင်ရ် ؓ သခင်က မိန့်သည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိတို့၏ လက်များဖြင့် မိမိတို့၏ အရှက်တန်ဆာများကို ဆော့ကစားသူများအပေါ် 'အဇားဗ်'အပြစ်ဒဏ်ချပေးတော်မူသည်' ဖြစ်သည်။

ဟဒီးစ်တော်တစ်ပါးတွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ ملعون من نكح يده 'မိမိ၏ လက်ဖြင့် 'နေကာဟ်'ပြုသူသည် 'လအ်နသ်'ကျရောက်ခြင်းခံရသူပင် ဖြစ်သည်' ဟူ၏။

[မဇ္ဇဟရီကျမ်း]

'ဟုကူကွလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်၏ တာဝန်ဝတ္တရားများ) နှင့် 'ဟုကူကွလ်အိဗားဒ်' (အဗန်ဆင်းခံများ၏ တာဝန်ဝတ္တရား) ဟူသရွေ့သည် 'အမာနသ်' (အပ်နှံခံရမှု) ၌ ပါဝင်ခြင်း

وَالَّذِيْنَ هُمْ لِاَ مٰنٰتِهِمْ وَعَهْدِ هِمْ رَاعُوْنَ

ဤအာယသ်တော်တွင် امانات ဟူ၍ ဗဟုဝုစ်ကိန်း၏ စာလုံးကို သုံးနှုန်းထားတော်မူသည်။ အခြားသော တစ်နေရာ၌လည်း

اِنَّ اللّٰهَ يَاْمُرُكُمْ اَنْ تُؤَدُّوا الْاَمٰنٰتِ اِلٰى اَهْلِهَا

ဟု လာရှိသကဲ့သို့ ဖြစ်သည်။ နှစ်နေရာစလုံး၌ ဗဟုဝုစ်ကိန်း၏ စာလုံးကို သုံးနှုန်းရခြင်းမှာ 'အမာနသ်'အပ်နှံခြင်းဟူသည် ပစ္စည်းဥစ္စာကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ မိမိအပေါ်၌ ထမ်းဆောင်ရန်

'ဖွရဒ်'ဖြစ်သော တာဝန်ဝတ္တရားဟူသမျှ ပါဝင်သည့်အကြောင်းကို ညွှန်းဆိုခြင်းဖြစ်သည်။ ထိုတာဝန်ဝတ္တရားများတွင် ချွတ်ချော်မှုဖြစ်လျှင် 'ခယာနသ်'(အလွဲသုံးစားမှုပြုခြင်း၊ တာဝန်မကျေခြင်း) ပင်ဖြစ်သည်။ ဤအမိန့်တွင် အလ္လာဟ်အသျှင်မြတ်၏ တာဝန်ဝတ္တရားများဖြစ်သော 'နမာဇ်'၊ 'ဇကားသ်'၊ 'ရိုဇာဟ်'နှင့် 'ဟဂ်ျ' တို့လည်း ပါဝင်ပေသည်။ လူတစ်ဦးအပေါ်တွင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ဝါဂျိဗ်' အဖြစ်သတ်မှတ်ထားသော 'ဟုကူကွလ်အိဗားဒ်' (အဖန်ဆင်းခံများနှင့် စပ်လျဉ်းသော တာဝန်ဝတ္တရားများ) သည်လည်းကောင်း၊ (သို့) လူတစ်ဦးသည် မိမိကိုယ်တိုင် ကတိခံဝန်ချက်ဖြင့် မိမိအပေါ်၌ တာဝန်အဖြစ်သတ်မှတ်ထားသော ကိစ္စအားလုံးသည်လည်းကောင်း 'အမာနသ်' (အပ်နှင်းခြင်းခံရသော တာဝန်) ၌ ပါဝင်ပေသည်။ ၎င်းတို့ကို တာဝန်ကျေရန်မှာ 'ဖွရဒ်'ဖြစ်ပြီး ပေါ့လျော့မှုပြုခြင်းသည် 'ခယာနသ်' (တာဝန်မကျေခြင်း) ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

وَالَّذِيْنَ هُمْ بِشَهٰدٰتِهِمْ قَآئِمُوْنَ

ဤနေရာတွင်လည်း **شهادات** ဟူ၍ ဗဟုဝစ်ကိန်း၏ စာလုံးကို သုံးနှုန်းခြင်းမှာ 'ရှဟာဒသ်'၏ အမျိုးအစားများစွာ ရှိကြောင်းကို ညွှန်းဆိုပြသခြင်း ဖြစ်သည်။ 'ရှဟာဒသ်'အမျိုးအစားတိုင်းကို တည်တံ့အောင် ပြုရန် 'ဝါဂျိဗ်'ဖြစ်သည်။ ဤ 'ရှဟာဒသ်'တွင် အီမာန်၊ 'သောင်ဟီးဒ်'နှင့် 'ရိစာလသ်'တို့လည်း ပါဝင်ပေသည်။ ရမ်ဇာန်၏ ဆန်းဦးစလကို သက်သေထွက်ဆိုခြင်းနှင့် ရှရီအသ်တရားတော်၏ အမိန့်များကို သက်သေထွက်ဆိုခြင်းလည်း ပါဝင်သည်။ တစ်စုံတစ်ဦး၏ ရှေ့မှောက်၌ ရောက်ရှိနေသော လူအများ၏ အရေးကိစ္စများနှင့် စပ်လျဉ်း၍ သက်သေထွက်ဆိုခြင်းလည်း ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် သက်သေထွက်ဆိုမှုကို ဖုံးကွယ်ခြင်း၊ သက်သေထွက်ဆိုရာ၌ အပို၊ အလိုပြုလုပ်ခြင်းတို့သည် 'ဟရာမ်' ဖြစ်သည်။ သက်သေထွက်ဆိုခြင်းကို အမှန်အတိုင်း တည်တံ့အောင် ပြုခြင်းသည် ဤအာယသ်တော်၏ အမိန့်အရ 'ဖွရဒ်'ဖြစ်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

M.H.SOE LIN (Mdy)

စူရာဟ် နူးဟ်

တမန်တော်နူးဟ် ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اِنَّاۤ اَرۡسَلۡنَا نُوۡحًا اِلٰى قَوۡمِهٖۤ اَنۡ اَنۡذِرۡ قَوۡمَكَ مِنۡ قَبۡلِ اَنۡ يَّاۡتِيَهُمۡ عَذَابٌ اَلِيۡمٌ ①

၇၁ : ၁ ။ ။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် (နဗီတမန်တော်) နူးဟ်အား ၎င်း၏ အမျိုးသားတို့ထံ စေလွှတ်တော်မူခဲ့၏။ အသင်သည် မိမိ၏ အမျိုးသားတို့အား ၎င်းတို့ထံ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ဆိုက်ရောက်၍ မလာမီ သတိပေးပါလေ။

قَالَ يٰقَوۡمِ اِنِّىۡ لَـكُمۡ نَذِيۡرٌ مُّبِيۡنٌ ۙ ②

၇၁ : ၂ ။ ။ ထို (နဗီတမန်တော်) နူးဟ်က ပြောကြားခဲ့သည်မှာ မိမိ၏ အမျိုးသားတို့အား 'အို, ငါ၏ အမျိုးသားတို့၊ ဧကန်မလွဲ ငါသည် အသင်တို့အဖို့ ထင်ရှားစွာ သတိပေးနှိုးဆော်သူ ဖြစ်သည်။'

اَنِ اعۡبُدُوا اللّٰهَ وَاتَّقُوۡهُ وَاَطِيۡعُوۡنِ ۙ ③

၇၁ : ၃ ။ ။ 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြလေကုန်။ အသင်တို့သည် ထိုအသျှင်မြတ်ကို ကြောက်ရွံ့ကြလေကုန်။ အသင်တို့သည် ငါ၏ အမိန့်ကို နာခံကြလေကုန်။'

يَغۡفِرۡ لَـكُمۡ مِّنۡ ذُنُوۡبِكُمۡ وَيُؤَخِّرۡكُمۡ اِلٰٓى اَجَلٍ مُّسَمًّى ؕ اِنَّ اَجَلَ اللّٰهِ
اِذَا جَآءَ لَا يُؤَخَّرُ ۘ لَوۡ كُنۡتُمۡ تَعۡلَمُوۡنَ ④

၇၁ : ၄ ။ ။ ထိုအသျှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူမည့်အပြင်၊ ထိုအသျှင်မြတ်သည် အသင်တို့အား သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် ရွှေ့ဆိုင်းခွင့်ပေးတော်မူပေမည်။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ် ပြဋ္ဌာန်းတော်မူခဲ့သော အချိန်ကာလ ဆိုက်ရောက်လာသောအခါ ရွှေ့ဆိုင်း၍ ရမည်မဟုတ်ပေ။ အကယ်၍ အသင်တို့သည် (ဤသည်ကို) သိရှိခဲ့ကြပါလျှင် ကောင်းလေစွ။

قَالَ رَبِّ إِنِّي دَعَوْتُ قَوْمِي لَيْلًا وَنَهَارًا ۝٥

၇၁ : ၅ ။ ။ (ထို့နောက်) ၎င်း (နဗီတမန်တော်နူးဟ်) သည် (ဤသို့) လျှောက်ထားခဲ့၏။ 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ စင်စစ် ကျွန်တော်မျိုးသည် မိမိ၏ အမျိုးသားတို့အား နေ့ညဉ့် (မပြတ်) ဖိတ်ခေါ်ခဲ့ပါ၏။'

فَلَمْ يَزِدْهُمْ دُعَاءِي إِلَّا فِرَارًا ۝٦

၇၁ : ၆ ။ ။ 'သို့တစေလည်း ကျွန်တော်မျိုး၏ ဖိတ်ခေါ်ချက်သည် ၎င်းတို့၌ ထွက်ပြေးတိမ်းရှောင်မှုကိုသာလျှင် တိုးတက်စေခဲ့ပါ၏။'

وَإِنِّي كُلَّمَا دَعَوْتُهُمْ لِتَغْفِرَ لَهُمْ جَعَلُوا أَصَابِعَهُمْ فِي آذَانِهِمْ وَاسْتَغْشَوْا ثِيَابَهُمْ وَأَصَرُّوا وَاسْتَكْبَرُوا اسْتِكْبَارًا ۝٧

၇၁ : ၇ ။ ။ 'ထို့ပြင် အသျှင်မြတ်သည် ၎င်းတို့အား ခွင့်လွှတ်တော်မူရန်အလို့ငှာ မည်သည့်အခါမျိုးမဆို ကျွန်တော်မျိုးသည် ၎င်းတို့အား ဖိတ်ခေါ်ခဲ့ပါလျှင်၊ ၎င်းတို့သည် မိမိတို့၏ လက်ချောင်းများကို မိမိတို့၏ နားများ၌ ထည့်သွင်းထားခဲ့ကြပါ၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ အဝတ်များကို (မိမိတို့ကိုယ်များအပေါ်၌) လွှမ်းခြုံထားခဲ့ကြပါ၏။ ထို့ပြင် ၎င်းတို့သည် (မိမိတို့၏ သွေဖည်ငြင်းပယ်မှုပေါ်၌) ဇွတ်မှိတ်၍သာ နေခဲ့ကြသည့်အပြင် လွန်စွာ မာန်မာန ထောင်လွှားခြင်းကိုလည်း ပြုခဲ့ကြပါ၏။'

ثُمَّ إِنِّي دَعَوْتُهُمْ جِهَارًا ۝٨

၇၁ : ၈ ။ ။ 'ထို့နောက် ကျွန်တော်မျိုးသည် စင်စစ် ၎င်းတို့အား အသံကျယ်စွာ ဖိတ်ခေါ်ခဲ့ပါ၏။'

ثُمَّ إِنِّي أَعْلَنْتُ لَهُمْ وَأَسْرَرْتُ لَهُمْ إِسْرَارًا ۝٩

၇၁ : ၉ ။ ။ 'ထို့နောက် အမှန်စင်စစ် ကျွန်တော်မျိုးသည် ၎င်းတို့အား ပွင့်လင်းထင်ရှားစွာ ကြေညာ၍လည်း ဖိတ်ခေါ်ခဲ့ပါ၏။ ထို့ပြင် ကျွန်တော်မျိုးသည် ၎င်းတို့အား လျှို့ဝှက်စွာ ဖိတ်ခေါ်မှုလည်း ပြုခဲ့ပါ၏။'

فَقُلْتُ اسْتَغْفِرُوا رَبَّكُمْ إِنَّهُ كَانَ غَفَّارًا ۝١٠

၇၁ : ၁၀ ။ ။ ထိုကဲ့သို့ ဖိတ်ခေါ်ရာတွင် (၎င်းတို့အား ဤသို့) ပြောကြားခဲ့ပါ၏။ (အချင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားအသနားခံကြလေကုန်။ စင်မလွဲ ထိုအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

يُرْسِلِ السَّمَاءَ عَلَيْكُمْ مِدْرَارًا ۝١١

၇၁ : ၁၁ ။ ။ ထိုအသျှင်မြတ်သည် အသင်တို့အပေါ်ဝယ် မြောက်မြားစွာ ရွာသွန်းသော မိုးကို စေလွှတ်တော်မူပေမည်။

وَّيُمْدِدْكُمْ بِاَمْوَالٍ وَّبَنِيْنَ وَيَجْعَلْ لَّكُمْ جَنّٰتٍ وَّيَجْعَلْ لَّكُمْ اَنْهٰرًا ﴿١٢﴾

၇၁ : ၁၂ ॥ ॥ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အား ပစ္စည်းဥစ္စာများ (ချီးမြှင့်တော်မူခြင်းအား) ဖြင့်လည်းကောင်း၊ (သား၊ သမီး) များ (ချီးမြှင့်တော်မူခြင်းအား) ဖြင့်လည်းကောင်း စောင်မကူညီတော်မူပေမည်။ ထို့ပြင် အသင်တို့အဖို့ ဥယျာဉ်များကို ဖန်ဆင်း၍ ပေးသနားတော်မူသည့်အပြင်၊ အသင်တို့အဖို့ ချောင်းများကိုလည်း စီးစေတော်မူပေမည်။

مَا لَكُمْ لَا تَرْجُوْنَ لِلّٰهِ وَقَارًا ﴿١٣﴾

၇၁ : ၁၃ ॥ ॥ အသင်တို့၌ မည်သည့်အကြောင်းရှိ၍ အလ္လာဟ်အသျှင်မြတ်၏ ထူးကဲမြင့်မြတ်မှုကို မယုံကြည်ကြသနည်း။

وَقَدْ خَلَقَكُمْ اَطْوَارًا ﴿١٤﴾

၇၁ : ၁၄ ॥ ॥ စေကန်စင်စစ် ထိုအသျှင်မြတ်သည် အသင်တို့အား (ရုပ်ဆင်းသဏ္ဍာန်) အမျိုးမျိုးနှင့် နည်းအမျိုးမျိုးဖြင့် (ပြောင်း၍ အဆင့်ဆင့်) ဖန်ဆင်းတော်မူခဲ့၏။

اَلَمْ تَرَوْا كَيْفَ خَلَقَ اللّٰهُ سَبْعَ سَمٰوٰتٍ طِبَاقًا ﴿١٥﴾

၇၁ : ၁၅ ॥ ॥ အလ္လာဟ်အသျှင်မြတ်သည် မိုးခုနစ်ထပ်ကို မည်သို့မည်ပုံ အထပ်ထပ် ဖန်ဆင်းတော်မူခဲ့သည်ကို အသင်တို့သည် လေ့လာဆင်ခြင် တွေ့မြင်ခဲ့ကြသည် မဟုတ်လော။

وَّجَعَلَ الْقَمَرَ فِيْهِنَّ نُوْرًا وَّجَعَلَ الشَّمْسَ سِرَاجًا ﴿١٦﴾

၇၁ : ၁၆ ॥ ॥ ၎င်းပြင် ထိုအသျှင်မြတ်သည် ယင်းမိုးများ၌ လကို လင်းရောင်ခြည် ဖြစ်စေတော်မူခဲ့၏။ ထို့ပြင် နေကို မီးရှူးမီးတိုင် ပြုလုပ်တော်မူခဲ့၏။

وَاللّٰهُ اَنْۢبَتَكُمْ مِّنَ الْاَرْضِ نَبَاتًا ﴿١٧﴾

၇၁ : ၁၇ ॥ ॥ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အထူးနည်းမျိုးနှင့် မြေဖြင့် ဖန်ဆင်းတော်မူခဲ့၏။

ثُمَّ يُعِيْدُكُمْ فِيْهَا وَيُخْرِجُكُمْ اِخْرَاجًا ﴿١٨﴾

၇၁ : ၁၈ ॥ ॥ ထို့နောက်တစ်ဖန် ထိုအသျှင်မြတ်သည် အသင်တို့အား ယင်းပထဝီမြေထဲသို့ပင် ပြန်ရောက်စေတော်မူပေမည်။ ထို့နောက်တစ်ဖန် အသင်တို့အား (ယင်းမြေပထဝီထဲမှ) အပြင်သို့ ထွက်စေတော်မူပေမည်။

وَاللّٰهُ جَعَلَ لَكُمُ الْاَرْضَ بِسَاطًا ﴿١٩﴾

၇၁ : ၁၉ ॥ ॥ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အကျိုးငှာ ပထဝီမြေကို အခင်းအကျင်း ပြုလုပ်တော်မူခဲ့၏။

لِّتَسْلُكُوا مِنْهَا سُبُلًا فِجَاجًا ﴿٢٠﴾

၇၁ : ၂၀ ။ ။ သို့မှသာလျှင် အသင်တို့သည် ယင်းပထဝီမြေ၏ လမ်းကျယ်များဝယ် သွားလာနိုင်ကြကုန်ပေမည်။

قَالَ نُوحٌ رَّبِّ إِنَّهُمْ عَصَوْنِي وَاتَّبَعُوا مَن لَّمْ يَزِدْهُ مَالُهُ وَوَلَدُهُ إِلَّا خَسَارًا ﴿٢١﴾

၇၁ : ၂၁ ။ ။ (နဗီတမန်တော်) 'နူးဟ်'သည် လျှောက်ထားခဲ့လေ၏။ 'အို့, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကေန်အမှန် ထိုကျွန်တော်မျိုး၏ အမျိုးသားတို့သည် ကျွန်တော်မျိုးအား ဖီဆန်၍ အကြင်သူတို့၏ နောက်သို့ လိုက်သွားခဲ့ကြပါသည်။ ထိုသူတို့အား ထိုသူတို့၏ ပစ္စည်းဥစ္စာသည်လည်းကောင်း၊ ထိုသူတို့၏ သားသမီးများသည်လည်းကောင်း ဆုံးရှုံးမှုကိုသာလျှင် တိုးပွားစေခဲ့ကြပါသည်။'

وَمَكَرُوا مَكْرًا كُبَّارًا ﴿٢٢﴾

၇၁ : ၂၂ ။ ။ ၎င်းပြင် ထိုကျွန်တော်မျိုး၏ အမျိုးသားတို့သည် လွန်စွာ ကြီးကျယ်လှစွာသော အကြံအစည်များကို ကြံစည်ခဲ့ကြပါ၏။

وَقَالُوا لَا تَذَرُنَّ آلِهَتَكُمْ وَلَا تَذَرُنَّ وَدًّا وَلَا سُوَاعًا وَلَا يَغُوثَ وَيَعُوقَ وَنَسْرًا ﴿٢٣﴾

၇၁ : ၂၃ ။ ။ ၎င်းပြင် ထိုကျွန်တော်မျိုး၏ အမျိုးသားတို့သည် (လက်အောက်ငယ်သား လူ့ဗာလတို့အား ဤသို့) ပြောဆိုခဲ့ကြပါသည်။ (အချင်းတို့) 'အသင်တို့သည် မိမိတို့၏ ကိုးကွယ်ရာများကို စွန့်ပယ်၍ အလျှဉ်းမထားကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် 'ဝဒ္ဒ'ဆင်းတုများကိုလည်း အလျှဉ်း စွန့်ပယ်ခြင်း မပြုကြကုန်လင့်။ 'ဆုဝါအ်' ဆင်းတုကိုလည်း စွန့်ပယ်ခြင်း မပြုကြကုန်လင့်။ ထို့ပြင် 'ယဂူဆ်' ဆင်းတုကိုလည်းကောင်း၊ 'ယအူက်' ဆင်းတုကိုလည်းကောင်း၊ 'နတ်စ်ရ်' ဆင်းတုကိုလည်းကောင်း စွန့်ပယ်ခြင်းကို မပြုကြကုန်လင့်။'

وَقَدْ أَضَلُّوا كَثِيرًا ۖ وَلَا تَزِدِ الظَّالِمِينَ إِلَّا ضَلَالًا ﴿٢٤﴾

၇၁ : ၂၄ ။ ။ အမှန်စင်စစ် ၎င်းတို့သည် မြောက်မြားစွာသော သူတို့အား လမ်းလွဲစေခဲ့ကြပါသည်။ (သို့ဖြစ်ပါ၍) အသျှင်မြတ်သည် မတရားသောသူတို့အား လမ်းလွဲမှုကိုသာလျှင် တိုးပွားစေတော်မူပါ။

مِّمَّا خَطِيئَاتِهِمْ أُغْرِقُوا فَأُدْخِلُوا نَارًا فَلَمْ يَجِدُوا لَهُم مِّن دُونِ اللَّهِ أَنصَارًا ﴿٢٥﴾

၇၁ : ၂၅ ။ ။ ၎င်းတို့သည် မိမိတို့၏ ပြစ်မှုတို့ကြောင့်ပင် နစ်မြုပ်စေခြင်းကို ခံခဲ့ကြရလေ၏။ တစ်ဖန် ၎င်းတို့သည် ငရဲမီးထဲသို့ ဝင်ရောက်စေခြင်းကို ခံခဲ့ကြရကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်ပြိုင်၍ ကူညီစောင်မမည့်သူများဟူ၍ တစ်ဦးတစ်ယောက်ကိုမျှပင် တွေ့ရှိခဲ့ကြသည် မဟုတ်ပေ။

وَقَالَ نُوحٌ رَّبِّ لَا تَذَرْ عَلَى الْأَرْضِ مِنَ الْكَافِرِينَ دَيَّارًا ﴿٢٦﴾

၇၁ : ၂၆ ။ ။ ၎င်းပြင် (နဗီတမန်တော်နူးဟ်) က (ဤသို့) လျှောက်ထားပန်ကြားခဲ့ပြန်၏။ 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ပထဝီမြေဝယ် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အနက် မည်သည့်နေထိုင်သူ တစ်ဦးတစ်ယောက်ကိုမျှ ချန်ထားတော်မမူပါနှင့်။'

إِنَّكَ إِن تَذَرْهُمْ يُضِلُّوا عِبَادَكَ وَلَا يَلِدُوا إِلَّا فَاجِرًا كَفَّارًا ﴿٢٧﴾

၇၁ : ၂၇ ။ ။ ကေန်မလွဲ အကယ်၍ အသျှင်မြတ်သည် ၎င်းတို့အား ချန်ထားတော်မူပါလျှင်၊ ၎င်းတို့သည် အသျှင်မြတ်၏ 'ကျွန်' များအား လမ်းလွဲစေကြမည်သာမက ၎င်းတို့သည် လွန်စွာ ကျေးဇူးကန်း သွေဖည်ငြင်းပယ်မည့်သော အကျင့်စာရိတ္တ ဖောက်ပြန်မည့်သူတို့ကိုသာလျှင် မွေးဖွားကြမည် ဖြစ်ပါသည်။

رَّبِّ اغْفِرْ لِي وَلِوَالِدَيَّ وَلِمَن دَخَلَ بَيْتِيَ
مُؤْمِنًا وَلِلْمُؤْمِنِينَ وَالْمُؤْمِنَاتِ وَلَا تَزِدِ الظَّالِمِينَ إِلَّا تَبَارًا ﴿٢٨﴾

၇၁ : ၂၈ ။ ။ 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးတို့အားလည်းကောင်း၊ ကျွန်တော်မျိုး၏ အိမ်၌ မုအ်မင်န်သက်ဝင်ယုံကြည်သူအဖြစ်နှင့် ဝင်ရောက်သော သူတို့အားလည်းကောင်း၊ မုအ်မင်န်ယောကျ်ားအပေါင်းတို့အားလည်းကောင်း၊ မုအ်မင်န်မိန်းမအပေါင်းတို့အားလည်းကောင်း (အပြစ်တို့မှ) ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပါ။ ၎င်းပြင် အသျှင်မြတ်သည် မတရားသော သူတို့၌ ပျက်စီးမှုကိုသာလျှင် တိုးပွားစေတော်မူပါ။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်စင်စစ် ငါအသျှင်မြတ်သည် နူးဟ် ﷺ အား ၎င်း၏ အမျိုးသားများထံတွင် (နဗီအဖြစ်နှင့်) အသင်သည် မိမိ၏ အမျိုးသားများအပေါ် ('ကုဖွ်ရ်' ပြုလုပ်ခြင်း၏ ပြစ်ဒဏ်အဖြစ်) နာကျင်ပြင်းပြဖွယ် ဖြစ်သော 'အဇာဗ်'အပြစ်ဒဏ်မကျရောက်မီ သတိပေးပါလေ'ဟု ဆို၍ စေလွှတ်တော်မူခဲ့သည်။ (ဆိုလိုသည်မှာ 'အကယ်၍ အသင်တို့သည် အီမာန်သက်ဝင်ယုံကြည်ခြင်း မပြုကြပါလျှင် အသင်တို့အပေါ်၌ နာကျင်ပြင်းပြဖွယ်သော အပြစ်ဒဏ်ကျရောက်ပေလိမ့်မည်။ ပြစ်ဒဏ်ဟု ဆိုရာတွင် လောက၌ပင် ရေလွှမ်းမိုးစေခြင်းဖြင့်ဖြစ်စေ၊ (သို့) တမလွန်၌ ငရဲဘုံ၏ အပြစ်ဒဏ်ဖြစ်စေ နှစ်မျိုးစလုံးဖြစ်နိုင်သည်။)

ထိုနဗီတမန်တော်နူးဟ် ﷺ က (မိမိ၏ အမျိုးသားများအား) 'အို၊ ငါ၏ အမျိုးသားတို့၊ ကေန်မုချ ကျွန်ုပ်သည် အသင်တို့အဖို့ ထင်ရှားစွာသော သတိပေးနှိုးဆော်သူ ဖြစ်သည်'ဟု ပြောကြားခဲ့သည်။ (ထို့နောက် ကျွန်ုပ် ပြောဆိုလိုသည်မှာ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်မှု ('သောင်ဟီးဒ်'အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းသာ ကိုးကွယ်ခံထိုက်ခြင်းတရားကို လက်ကိုင်) ပြုကြ

လေကုန်။ ထို့ပြင် ထိုအသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် ငါ၏ အမိန့်ကို နာခံကြလေကုန်။ ထိုအသျှင်မြတ်သည် အသင်တို့၏ အပြစ်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူလိမ့်မည်။

(مِنْ ذُنُوبِكُمْ နှင့် စပ်လျဉ်း၍ အသေးစိတ်တင်ပြချက် စူရာဟ်'အဟ်ကားဖ်'တွင် တင်ပြခဲ့ပြီး ဖြစ်သည်။)

ထို့ပြင် ထိုအသျှင်မြတ်သည် အသင်တို့အား သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလ (သေဆုံးမည့်အချိန်ကာလ) ထိတိုင် (အပြစ်မပေးဘဲ) ရွှေ့ဆိုင်းထားပေးတော်မူပေမည်။ (အကယ်၍ အီမာန်သက်ဝင်ယုံကြည်ခဲ့ပါက အီမာန်သက်ဝင်ယုံကြည်ခြင်း မပြုသည့်အပေါ် 'အဇာဗ်'အပြစ်ဒဏ် ပေးမည်ဟု မသေမီကပင် ကတိပေးခြင်း ခံထားရသော အပြစ်ဒဏ်သည် ၄င်းတို့အပေါ် ကျရောက်မည် မဟုတ်တော့ပေဟု ဆိုလိုခြင်း ဖြစ်သည်။ သေခြင်းတရားအတွက်) အလ္လာဟ်အသျှင်မြတ် သတ်မှတ်ပြဋ္ဌာန်းတော်မူသော အချိန်ကာလ (သည် ရှိပေသည်။ ထိုအချိန်ကာလ) ဆိုက်ရောက်လာသောအခါ ရွှေ့ဆိုင်း၍ ရမည်မဟုတ်ပေ။ (ဆိုလိုသည်မှာ သေခြင်းတရားမှာမူ အီမာန်ရယူသည်ဖြစ်စေ၊ 'ကုဖွ်ရ်'ပြုသည်ဖြစ်စေ၊ အခြေအနေတိုင်း၌ ဆိုက်ရောက်လာမည်သာ ဖြစ်သည်။ သို့သော် အခြေအနေနှစ်ရပ်စလုံး၌ ကွာခြားမှုမှာ အခြေအနေတစ်ရပ်တွင် တမလွန်၏ အပြစ်ဒဏ်အပြင် လောက၌လည်း အပြစ်ဒဏ် ကျရောက်ပေမည်။ အခြားအခြေအနေတစ်ရပ်တွင် လောကီနှင့် လောကုတ္တရာ နှစ်ဌာနစလုံး၏ 'အဇာဗ်' အပြစ်ဒဏ်မှ ကင်းလွတ်ပေမည်။) အကယ်၍ အသင်တို့သည် (ဤသည်တို့ကို) သိရှိခဲ့ ကြပါလျှင် အဘယ်မျှ ကောင်းလေမည်နည်း။

(အချိန်ကာလ ကြာညောင်းသည်အထိ ဤဆုံးမစကားများသည် အမျိုးသားများအပေါ် စိုးစဉ်းမျှပင် စူးရှ သက်ဝင်ခြင်း မရှိလေသောအခါ) ထို (နဗီတမန်တော်) နူးဟ် عليه السلام သည် (အလ္လာဟ်အသျှင်မြတ်ထံတော်၌) ဒိုအာဆုပန်သည်မှာ 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ဧကန်အမှန် ကျွန်တော်မျိုးသည် မိမိ၏ အမျိုးသားတို့အား နေ့ရောညပါ (မှန်ကန်သော သာသနာတော်ဘက်သို့) ဖိတ်ခေါ်ခဲ့ပါသည်။

သို့တိုင်အောင်လည်း ကျွန်တော်မျိုး၏ ဖိတ်ခေါ်ချက်သည် ၄င်းတို့၌ (သာသနာတော်မှ) ပို၍ ထွက်ပြေးတိမ်း ရှောင်မှုကိုသာလျှင် တိုးတက်စေခဲ့ပါသည်။

ထို့ပြင် (၄င်းတို့၏ ထွက်ပြေးတိမ်းရှောင်မှုမှာ ဤသို့တည်း။) မည်သည့်အခါ၌မဆို အသျှင်မြတ်သည် ၄င်းတို့အား (၄င်းတို့၏ အီမာန်သက်ဝင်ယုံကြည်လာခြင်းကြောင့်) ခွင့်လွှတ်ချမ်းသာပေးတော်မူစေရန် ကျွန်တော်မျိုးသည် ၄င်းတို့အား (မှန်ကန်သည့် သာသနာတော်ဘက်သို့) ဖိတ်ခေါ်သည့်အခါ ၄င်းတို့သည် မိမိတို့၏ လက်ချောင်းများကို မိမိတို့၏ နားများ၌ ထည့်သွင်း (ပိတ်ဆို့) ထားခဲ့ကြပါသည်။ (အမှန်တရား၏ စကားများကို လုံးဝ မကြားမိစေရန် ဖြစ်သည်။ ဤသည် ၄င်းတို့၏ သာသနာတော်အား ရွံရှာမှု၏ အဆုံးစွန် ဖြစ်သည်။) ထို့ပြင် (အလွန်တရာ မုန်းတီးစွာဖြင့် ၄င်းတို့သည်) မိမိတို့၏ အဝတ်များကို (မိမိတို့အပေါ်၌) ဖုံးအုပ်ထားခဲ့ကြပါသည်။ (အမှန်တရားကို ပြောဆိုနေသူအား ၄င်းတို့မှ မတွေ့

မမြင်နိုင်သလို ထိုပြောဆိုနေသူများမှလည်း ၎င်းတို့အား မတွေ့မမြင်စေရန် ဖြစ်သည်။) ထို့ပြင် (၎င်းတို့သည် မိမိတို့၏ 'ကုဖွရ်'ငြင်းပယ်မှုအပေါ်၌) ဖွတ်မိုတ်၍သာ ပြုလုပ်လျက် ရှိခဲ့ကြသည်။ ထို့ပြင် (ကျွန်တော်မျိုး၏ အမိန့်ကို နာခံခြင်းမှ) အဆုံးမဲ့သော မာန်မာနထောင်လွှားမှုကို ပြုခဲ့ကြပါသည်။

(ဤသို့ ရွံရှာမုန်းတီးမှုနှင့် မာန်မာနထောင်လွှားခြင်းများ ပြုခဲ့ကြသည့်တိုင်) သို့တိုင်အောင် (လည်း ကျွန်တော်မျိုးသည် ၎င်းတို့အား နည်းမျိုးစုံဖြင့် ဆုံးမစကားများ ဟောကြားခဲ့ပါသည်။ သို့သော်) လည်း ကျွန်တော်မျိုးသည် ၎င်းတို့အား (မှန်ကန်သော သာသနာတော်ဘက်သို့) အသံကျယ်လောင်စွာ ဖိတ်ခေါ်ခဲ့ပါသည်။ (ဆိုလိုသည်မှာ အသံကျယ်စွာ ပြောဆိုရလေ့ရှိသော လူအုပ်စုကြီးအား ဆုံးမစကား ဟောကြားခြင်းများကို ဆိုလိုသည်။) ထို့နောက် ဧကန်မုချ ကျွန်တော်မျိုးသည် ၎င်းတို့အား (တစ်ဦးတစ်ယောက်ခြင်းစီကိုလည်း သီးခြားသီးခြား) ပွင့်လင်းထင်ရှားစွာလည်း ပြောဆိုရှင်းပြခဲ့ပါသည်။ ထို့ပြင် ကျွန်တော်မျိုးသည် ၎င်းတို့အား လျှို့ဝှက်စွာ ပြောဆိုရှင်းပြမှုကိုလည်း ပြုခဲ့ပါသည်။

(ဆိုလိုသည်မှာ အကျိုးဖြစ်ထွန်းလိမ့်မည်ဟု ယူဆရသော နည်းလမ်းစုံကို သုံး၍ ပြောဆိုရှင်းပြ ဖိတ်ခေါ်ခဲ့ပါသည်။ အချုပ်မှာ အချိန်ကာလအားဖြင့်လည်း များစွာ ကြညာသြောင်းခဲ့ပါသည်။

لَيْلًا وَّنَهَارًا ـــ الخ (နေ့ညဉ့်မပြတ်) ၌ တင်ပြခဲ့ပြီးဖြစ်သည်။ ပုံသဏ္ဍာန်အားဖြင့်လည်း နည်းမျိုးစုံ ခဲ့ပါသည်။

ဤသည်ကို دَعَوْتُهُمْ جِهَارًا (ကျွန်တော်မျိုးသည် အသံကျယ်စွာ ၎င်းတို့အား ဖိတ်ခေါ်ခဲ့ပါသည်) ၌ တင်ပြထားပြီး ဖြစ်သည်။

ထို့ပြင် (ဤသို့ ရှင်းပြပြောဆို ဖိတ်ခေါ်မှုများ ပြုရာတွင်) ကျွန်တော်မျိုးသည် (၎င်းတို့အား) ပြောကြားခဲ့သည်မှာ (အချင်းတို့) အသင်တို့အား မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌ အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံ တောင်းခံကြလေကုန်။ (ဆိုလိုသည်မှာ အီမာန်သက်ဝင်ယုံကြည်ကြလေကုန်။ သို့မှသာ အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိကြပေလိမ့်မည်။) မလွဲဧကန် ထိုအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

(အကယ်၍ အသင်တို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြမည်ဆိုလျှင် တမလွန်၏ စည်းစိမ်များအပြင် လွတ်ငြိမ်းချမ်းသာခွင့်နှင့် လောကီ၏ စည်းစိမ်များကို အသင်တို့အား ချီးမြှင့်တော်မူမည် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ) ထိုအသျှင်မြတ်သည် အသင်တို့အပေါ်၌ မြောက်မြားစွာသော ရွာသွန်းသည့် မိုးကို စေလွှတ်တော်မူပေမည်။ ထို့ပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ ဥစ္စာပစ္စည်းများတွင်လည်းကောင်း၊ အသင်တို့၏ သားသမီးများတွင်လည်းကောင်း တိုးပွားမှုကို ချီးမြှင့်တော်မူပေမည်။ ထို့ပြင် အသင်တို့အတွက် ဥယျာဉ်များကို ချီးမြှင့်တော်မူပေမည်။ ထို့ပြင် အသင်တို့အတွက် ချောင်းများကိုလည်း စီးတွေစေတော်မူပေမည်။

(ဤကျေးဇူးတော်များကို တင်ပြရခြင်းမှာ များစွာသော သူတို့၏ စိတ်ဆန္ဒများသည် လက်တွေ့ လက်ငင်း အကျိုးခံစားရသည်ကိုသာ လိုလားမှု ရှိကြသောကြောင့် ဖြစ်ပေသည်။ ဒွရ်ရေမန်ဆူးရ်ကျမ်း တွင် ကသာဒဟ် (ရဟ) ၏ အဆိုအမိန့် လာရှိသည်မှာ ၎င်းတို့သည် လောကီရေး အလိုရမ္မက် ကြီးကြ သူများ ဖြစ်ကြသောကြောင့် ဤသို့ မိန့်ကြားတော်မူခြင်းဖြစ်ပေသည် ဟူ၍တည်း။ ဤအမိန့်တော်များ အပေါ်၌ 'များသောအားဖြင့် အထက်တင်ပြပါ လောကီရေးရာ ကျေးဇူးတော်များသည် အီမာန်သက်ဝင် ယုံကြည်ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခြင်းတို့အပေါ်၌ မူတည်ခြင်း ရှိမနေပါ' ဟူ၍ အထက် တင်ပြပါ မိန့်မြွက်ချက်အပေါ် တစ်စုံတစ်ရာ သံသယမဖြစ်အပ်ပေ။ အကြောင်းမှာ ဤကတိတော်သည် ၎င်းကျေးဇူးတော်များဖြင့် ကတိတော်ပေးခြင်းခံရသော သူများအတွက်သာ သီးသန့်ဖြစ်၍ ဖြစ်ပေသည်။ အကယ်၍ အားလုံးသော လူအများအတွက်ဟု သတ်မှတ်မည်ဆိုလျှင် ဥပဒေမှာ ကတိပေးထားသည်ထက် ပို၍ ကောင်းမြတ်သော အရာတစ်ခုခု ရရှိသွားခြင်းသည်လည်း ကတိတော်အပေါ် အပြည့်အဝ ဆောင်ရွက် ဖြည့်ဆည်းပေးခြင်းပင် မည်၏။ ထိုမျှသာမက ကတိပြုထားသည်ထက် ပို၍လည်း ရရှိနိုင်ပေမည်။ သို့ဖြစ် ပေရာ ပြည့်ဝသော အီမာန်ရှိသည့်အပေါ် ဝိညာဉ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှု၊ ရောင့်ရဲတင်းတိမ်မှုနှင့် အသျှင် မြတ်၏ နှစ်သက်မှုကို မုချ ရရှိပေမည်။ ဤအချက်များသည် အထက်ဖော်ပြပါ အချက်အားလုံးထက် ပြည့်စုံကောင်းမြတ်မှု ရှိရုံသာမက လောကစည်းစိမ်များနှင့် ဖော်ပြပါအရာအားလုံး၏ အဓိက ရည်ရွယ်ချက် မှာလည်း နှလုံးသားကို ပိုမို အေးချမ်းသာယာစေရန်အတွက်သာ ဖြစ်ကြောင်း သိရှိ တွေ့မြင်ရပေမည်။ ရှေ့တွင် ဟဇရတ်နူးဟ် عليه السلام ၏ နောက်ဆုံးပြောကြားချက်ကို တင်ပြထားသည်မှာ ကျွန်တော်မျိုးသည် ၎င်းတို့အား ပြောကြားသေးသည်မှာ) အသင်တို့၌ မည်သည့်အကြောင်း များရှိ၍ အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုကို မယုံကြည်ကြပါသနည်း။ စင်စစ်ဧကန် (အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုကို ယုံကြည်လက်ခံစေသော အကြောင်းတရားများကား ရှိပါသည်။ ၎င်းတို့မှာ) ထိုအသျှင်မြတ်သည် အသင် တို့အား နည်းအဖုံဖုံဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်။

(ဓါတ်ကြီးလေးပါးမှတစ်ဆင့် အသင်တို့အတွက် အစာအဟာရကိုလည်းကောင်း၊ တစ်ဖန် အစာ အဟာရမှ သုက်ရည်အဖြစ်လည်းကောင်း၊ ထိုသုက်ရည်မှတစ်ဆင့် သွေးခဲနှင့် အသားတုံး စသော အဆင့် မျိုးစုံတို့ကိုလည်းကောင်း ဖြတ်သန်းလျက်ပြည့်စုံသော လူအဖြစ်သို့ ဖန်ဆင်းတော်မူခဲ့သည်။ ဤအထောက် အထားမှာမူ လူသား၏ အတွင်း၌ပင် ရှိသော အထောက်အထား ဖြစ်ပေသည်။ ရှေ့တွင် မိုးကောင်းကင်များ ၏ အထောက်အထားကို တင်ပြထားသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်ခုနစ်ထပ်ကို အထပ်ထပ် ဖန်ဆင်းတော်မူထားသည်ကို အသင်တို့ မတွေ့မမြင်ကြလေသလော။

၎င်းပြင် ထိုအသျှင်မြတ်သည် ထိုမိုးကောင်းကင်များ၌ 'လ'ကို အလင်းရောင် (၏ အရာ) အဖြစ် ပြုလုပ်ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ထိုအသျှင်မြတ်သည် 'နေ'ကို မီးရှူးတိုင် (ပမာ လင်းဝင်းသော) အဖြစ်၌ ဖန်ဆင်းတော်မူခဲ့သည်။

(လသည် မိုးကောင်းကင်အားလုံး အထပ်ထပ်၌ ရှိသည်ကားမဟုတ်ပေ။ သို့သော် فِيهِنَّ (ယင်းမိုးများ၌) ဟူသော စာသားကို ခြုံငုံ၍ မိန့်ကြားတော်မူခြင်းသာ ဖြစ်သည်။ ၎င်းနှင့် စပ်လျဉ်း၍ စူရာဟ် 'ဖုရ်ကာန်' တွင် တင်ပြခဲ့ပြီး ဖြစ်သည်။)

ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား မြေကြီးဖြင့် အထူးနည်းတစ်ရပ်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ (ဟဇရတ်အာဒမ် ﷺ အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ သို့မဟုတ် လူသားသည် သုက်ရည်ဖြစ်ပေါ်လာသည်။ သုက်ရည်သည် အစာအဟာရမှ ဖြစ်ပေါ်လာသည်။ အစာအဟာရသည် ဓါတ်ကြီး (၄) ပါးမှ ဖြစ်ပေါ်လာသည်။ ဓါတ်ကြီး (၄) ပါးအနက် အများဆုံးပါဝင်သော ဓါတ်မှာ မြေကြီးဓါတ်ဖြစ်၍ ဖြစ်သည်။)

ထို့နောက်တစ်ဖန် ထိုအသျှင်မြတ်သည် အသင်တို့အား (သေပြီးနောက်) ဤမြေကြီးအတွင်းသို့ပင် ပြန်လည်ရောက်စေတော်မူမည်။ ထို့နောက် ('ကေယာမသ်'နေ့တွင် ထိုမြေကြီးအတွင်းမှ) အသင်တို့ကို အပြင်သို့ ပြန်လည် ထွက်စေတော်မူပေမည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အတွက် မြေကြီးကို အခင်း (ကဲ့သို့) ဖန်ဆင်းပေးတော်မူထားသည်။ သို့မှသာ အသင်တို့သည် ယင်းပထဝီမြေ၏ ကျယ်ဝန်းသော လမ်းများတွင် သွားလာနိုင်ကြပေမည်။

(ဤစကားများသည် နူးဟ် ﷺ က အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ တိုင်တန်းသည့်အနေဖြင့် တင်ပြလျှောက်ထားသော အကြောင်းအရာများပင် ဖြစ်သည်။ ဤအကြောင်းများကို လျှောက်ထားတိုင်တန်းပြီးသောအခါ နဗီတမန်တော်) နူးဟ် ﷺ က လျှောက်ထားခဲ့လေ၏။ 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ စေကန်အမှန် ကျွန်တော်မျိုး၏ ထိုအမျိုးသားတို့သည် ကျွန်တော်မျိုး၏ ပြောဆိုဆုံးမမှုကို လက်မခံဘဲ ယင်းသူများ ၎င်းတို့၏ ပစ္စည်းဥစ္စာနှင့် သားသမီးတို့သည် ထိုသူတို့၏ ပျက်စီးမှုကိုသာ တိုးပွားစေသော သူတို့၏ နောက်သို့ လိုက်သွားခဲ့ကြပါသည်။'

(ချမ်းသာကြွယ်ဝသော ခေါင်းဆောင်ပိုင်းများကို ဆိုလိုခြင်းဖြစ်သည်။ လူအများသည် ၎င်းတို့၏ နောက်သို့ လိုက်ကြသည်။ ဥစ္စာပစ္စည်းနှင့် သားသမီးများသည် ၎င်းသူကြွယ် ခေါင်းဆောင်များအတွက် ဆုံးရှုံးမှု တိုးပွားစေသည်ဟူသော အဓိပ္ပာယ်မှာ ဥစ္စာပစ္စည်းနှင့် သားသမီးများသည် ဆိုးသွမ်းမှု၊ အမိန့်ဖီဆန်မှုကို ဖြစ်ပေါ်စေခဲ့သည်' ဟု ဖြစ်သည်။) ထို့ပြင် ၎င်းတို့သည် လွန်စွာ ကြီးကျယ်လှစွာသော အကြံအစည်များကို ကြံစည်ခဲ့ကြပါသည်။

ထို့ပြင် ၎င်းတို့သည် (မိမိတို့၏ လက်အောက်ငယ်သားများအား) 'အသင်တို့သည် မိမိတို့၏ ကိုးကွယ်ရာများကို လုံးဝ မစွန့်လွှတ်ကြလေနှင့်'ဟု ပြောဆိုခဲ့ကြသည်။ (အထူးအားဖြင့်) وَدًّا 'ဝဒ်' ရုပ်ထုကိုလည်းကောင်း၊ سُوَاعًا 'စုဝါအ်' ရုပ်ထုကိုလည်းကောင်း၊ ထို့ပြင် يَغُوثَ 'ယဂူးဆ်' ရုပ်ထုကိုလည်းကောင်း၊ يَعُوقَ 'ယအူးက်' ရုပ်ထုကိုလည်းကောင်း။ نَسْرًا နဆရ်'ရုပ်ထုကိုလည်းကောင်း စွန့်ပယ်ခြင်း မပြုကြလေနှင့်' ဟု ပြောဆိုခဲ့ကြသည်။

(ဤရုပ်ထုများကိုသာ အထူးတင်ပြရခြင်းမှာ ၎င်းရုပ်တုများသည် ကျော်ကြားသော ရုပ်တုများ ဖြစ်သောကြောင့်ပင် ဖြစ်သည်။) အမှန်စင်စစ် ထို (ခေါင်းဆောင်) သူတို့သည် မြောက်မြားစွာသော သူတို့ကို (ဖြားယောင်းသိမ်းသွင်း၍) လမ်းလွဲစေခဲ့ကြသည်။ (လမ်းလွဲစေခဲ့သည်ဟု ဆိုရာ၌ အထက် တင်ပြပါ ပြောဆိုမှုဖြင့် လမ်းလွဲစေခြင်းကို ဆိုလိုပါသည်။) ထို့ပြင် (ကျွန်တော်မျိုးသည် အသျှင်မြတ်၏

وَلَن يُؤْمِنَ مِنْ قَوْمِكَ اِلَّا مَنْ قَدْ اٰمَنَ

(အသင်၏ အမျိုးသားများအနက် အီမာန်ယူထားပြီးသူများမှအပ အခြားသူများ လုံး၀ အီမာန်ယူလာကြမည့်သူများ မဟုတ်ချေ။)

ဟူသော ဗျာဒိတ်တော်အားဖြင့် ဤသူတို့သည် အီမာန်သက်ဝင် ယုံကြည်ကြမည်မဟုတ်ကြောင်း သိရှိရပါသည်။ သို့ပါသောကြောင့် ဤသည်ကိုလည်း ဒိုအာဆုပန်လိုပါ၏။) ဤမတရားသောသူတို့၌ လမ်းမှားခြင်းကိုသာလျှင် ပို၍ တိုးပွားစေတော်မူပါ။

(သို့မှသာ ၎င်းတို့သည် ပျက်စီးခြင်းနှင့် ထိုက်သက်သူများ ဖြစ်သွားကြပေလိမ့်မည်။ ဤအချက်အားဖြင့် သိရှိရသည်မှာ 'ဒိုအာဆုပန်ခြင်း၏ ရည်ရွယ်ချက်သည် ၎င်းတို့အဖို့ ပိုမို၍ လမ်းမှားစေရန်မဟုတ်ဘဲ ပျက်စီးခြင်းနှင့် ထိုက်သက်သူ ဖြစ်ရှိသွားရန်အတွက်သာ ဖြစ်သည်။ ဤဒိုအာနှင့် ပတ်သက်သော အသေးစိတ် ရှင်းလင်းချက်ကို စူရာဟ်ယူနုတ်စ်ရှိ မူစာ ﷺ ၏ ဖြစ်ရပ်၌ တင်ပြခဲ့ပြီးဖြစ်သည်။ အချုပ်မှာ ထိုသူတို့၏ နိဂုံးရလဒ်မှာ ၎င်းတို့သည် မိမိတို့၏ ပြစ်မှုလုပ်ရပ်များကြောင့်ပင် နစ်မြုပ်စေခြင်းကို ခံခဲ့ရလေသည်။ တစ်ဖန် (နစ်မြုပ်စေခြင်းကို ခံကြရပြီးနောက် 'ဗရ်ဇခ်'တွင်လည်းကောင်း၊ တမလွန်တွင်လည်းကောင်း) ငရဲမီး၌ ဝင်ရောက်စေခြင်းကို ခံခဲ့ကြရပေသည်။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အပြင် ၎င်းတို့အား ကူညီစောင်မသူဟူ၍ တစ်ဦးတစ်ယောက်မျှပင် တွေ့ရှိခဲ့ကြရသည်မဟုတ်။ ၎င်းပြင် နူးဟ် ﷺ သည် (ထပ်မံ၍) တောင်းခံသည်မှာ 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့အနက် မည်သည့်နေထိုင်သူ တစ်ဦးတစ်ယောက်ကိုမျှ ချန်ထားတော်မမူပါနှင့်။

(ထိုမျှမက ဤကာဖိရ်အားလုံးကို ဖျက်ဆီးပစ်တော်မူပါ။ ရှေ့တွင် ဤဒိုအာတောင်းခံရခြင်း၏ အကြောင်းတရားကို ဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော်) မလွဲကေန် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ကမ္ဘာမြေပေါ်၌ ချန်ထားတော်မူပါလျှင် (အသျှင်မြတ် မိန့်ကြားတော်မူပြီးဖြစ်သော

وَلَن يُؤْمِنَ الخ

ဟူသော ဗျာဒိတ်တော်အရ) ဤသူတို့သည် အသျှင်မြတ်၏ ကျေးကျွန်များကို လမ်းမှားစေကြပေလိမ့်မည်။ ထို့ပြင် (ရှေ့၌လည်း) ၎င်းတို့သည် လွန်စွာ ကျေးဇူးကန်း၊ သွေဖည်ငြင်းပယ်မည့် သားသမီးများကိုသာ မွေးဖွားကြမည်သာ ဖြစ်သည်။ (ကာဖိရ်များအတွက် မကောင်းဆုတောင်း ပြုပြီးနောက်

မုအ်မင်နမျိုးအတွက် ဒိုအာတောင်းခံသည်မှာ) အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးကိုလည်းကောင်း၊ မုအ်မင်န် သက်ဝင် ယုံကြည်သူအဖြစ်နှင့် ကျွန်တော်မျိုး၏ အိမ်၌ ဝင်ရောက်သူတို့အားလည်းကောင်း၊ (ဆိုလိုသည် မှာ ဇနီးနှင့် ကန်အာန်မှအပ အခြားအိမ်သူအိမ်သားများဖြစ်သည်။) ထို့ပြင် မွတ်စ္စလင်မ်ယောကျ်ားအပေါင်း တို့အားလည်းကောင်း။ မွတ်စ္စလင်မ်မိန်းမ အပေါင်းတို့အားလည်းကောင်း ခွင့်လွှတ်ချမ်းသာ ပေးသနားတော် မူပါ။ ထို့ပြင် (ဤနေရာ၌ အဓိက တင်ပြထားသည်မှာ ကာဖိရ်များအား 'မကောင်းဆုတောင်း ပြုရန်အတွက် ဖြစ်သည်။ မုအ်မင်န်များအတွက် ဒိုအာဆုပန်ခြင်းမှာ ဆန့်ကျင်ဘက်အုပ်စုကို တင်ပြလို၍ဖြစ်သည်။ ထို့ကြောင့် ကာဖိရ်များအပေါ် မကောင်းဆုတောင်းပြုခြင်းကို ပြန်လည်တင်ပြနေပေသည်။ ၎င်းမကောင်းဆုတောင်းမှု ပြုခြင်းသည်

لَا تَزِدِ الظّٰلِمِيْنَ اِلَّا ضَلَالًا

ဟူသော အဓိကဖြစ်ပေါ်လိုသည့် အချက်၏ သဖ်စီးရ်ဖွင့်ဆိုချက်ဖြစ်သည်။ ဆိုလိုသည်မှာ) ထိုမတရား သူတို့၏ ပျက်စီးမှုကို ပိုမို၍ တိုးပွားစေတော်မူပါ။ (ဆိုလိုသည်မှာ ၎င်းတို့အဖို့ လွတ်မြောက်နိုင်မည့် မည်သည့်လမ်းစမျှမရှိဘဲ ပျက်စီးမှုသာလျှင် ဖြစ်သွားစေခြင်းဖြစ်သည်။ ဤဒိုအာသည် ၎င်းတို့အဖို့ လမ်းမှား မှု၌ ပိုမို ကျရောက်မှုကို တိုးပွားစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထို့ပြင် အပေါ်ယံအရ သိရှိရသည်မှာ နူးဟ် ﷺ ၏ မိဘနှစ်ပါးသည် မုအ်မင်န်များ ဖြစ်ကြသည်။ အကယ်၍ ဤသည်နှင့် ဆန့်ကျင်မှု ဖြစ်သွား ပါက မိဘနှစ်ပါးဆိုသည်မှာ အထက်အဆက်ဆက် ဘိုး၊ ဘွား၊ ဘီ၊ ဘင်ကို ဆိုလိုခြင်း ဖြစ်ပေမည်။ ဒိုအာသည် ဦးစွာပထမ မိမိအတွက်၊ ထို့နောက် မိဘများအတွက်၊ ထို့နောက် အိမ်သူအိမ်သားများအတွက်၊ ထို့နောက် နောက်လိုက်များအတွက် တောင်းခံရမည်ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

يَغْفِرْ لَكُمْ مِّنْ ذُنُوْبِكُمْ

مِنْ အက္ခရာသည် များသောအားဖြင့် အချို့အစိတ်အပိုင်းတစ်ခုဟူသော အဓိပ္ပာယ်ကို ပြသရန် အတွက် လာရှိသော အက္ခရာဖြစ်သည်။ အကယ်၍ ဤအဓိပ္ပာယ်ကိုပင် ယူမည်ဆိုလျှင် အလိုသဘောမှာ 'အီမာန်သက်ဝင်ယုံကြည်ခြင်းဖြင့် အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသော တာဝန်ဝတ္တရားများ၌ ကျူးလွန် မိသည့် အပြစ်ဒုစရိုက်များ လွတ်ငြိမ်းချမ်းသာခွင့် ရရှိမည်ဟူသည်ကို ဆိုလိုပေမည်။ အဘယ်ကြောင့်ဆို သော် 'ဟုကူကွလ်အိဗားဒ်' (ဖန်ဆင်းခံလူသားများနှင့် ပတ်သက်သော တာဝန်ဝတ္တရားများ) အတွက် ခွင့်လွှတ်ချမ်းသာ ရရှိနိုင်ရန်မှာ အီမာန်သက်ဝင် ယုံကြည်ပြီးနောက်တွင်လည်း ပေးဆပ်ရန် ထိုက်သက် သော တာဝန်ဝတ္တရားများကို ပြန်လည် ပေးဆပ်ရမည်ဟူသော သတ်မှတ်ချက် ရှိနေသေးသည်။ ဥပမာ-

ပြန်လည်ပေးဆပ်ရန် တာဝန်ရှိနေသော ဥစ္စာပစ္စည်းများကို ပြန်လည်ပေးဆပ်ခြင်းဖြစ်သည်။ ထို့ပြင် ဥစ္စာပစ္စည်းဖြင့် ပေးဆပ်၍ မရနိုင်သော နှုတ်လျှာအားဖြင့်လည်းကောင်း၊ လက်အားဖြင့်လည်းကောင်း လူတစ်ဦးဦးကို ဒုက္ခရောက်စေခဲ့သော ကိစ္စမျိုးနှင့် စပ်လျဉ်း၍မူ ထိုသူ ကျေနပ်သည်အထိ တောင်းပန်ရမည်။ ဟဒီးစ်တော်၌ အီမာန်သက်ဝင် ယုံကြည်ခြင်းဖြင့် ယခင် ကျူးလွန်ခဲ့သည့် အပြစ်များအားလုံး ခွင့်လွှတ်ချမ်းသာပေးခံရသည်' ဟု လာရှိခြင်း၌လည်း 'ဟုကူကွလ်အိဗားဒ်' လူသားများ၏ တာဝန်ဝတ္တရားများကို ပေးဆပ်ခြင်း (သို့) ခွင့်လွှတ်ရန် တောင်းပန်ခြင်းများ ပြုလုပ်ရန်မှာ စည်းကမ်းချက်ဖြစ်သည်။

အချို့အဖွင့်ရှင်တို့က မိန့်ဆိုကြသည်မှာ مِنْ အက္ခရာသည် ဤနေရာတွင် زائد 'အပို'အက္ခရာဖြစ်သည်ဟူ၏။ အလိုသဘောမှာ 'အီမာန်သက်ဝင် ယုံကြည်လိုက်ခြင်းဖြင့် အသင်တို့၏ အပြစ်များအားလုံး ခွင့်လွှတ်ချမ်းသာ ရရှိသွားပေမည်'ဟူ၏။ သို့ရာတွင် အခြားသော မိန့်ကြားချက်အရ ဖော်ပြပါ စည်းကမ်းချက်သည် အခြေအနေတိုင်း၌ ရှိနေမည်သာ ဖြစ်သည်။

وَيُؤَخِّرْكُمْ اِلٰى اَجَلٍ مُّسَمًّى

(ထိုအသျှင်မြတ်သည် အသင်တို့အား သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် ရွှေ့ဆိုင်းခွင့် ပေးတော်မူပေမည်။) [၇၁ : ၄]

اَجَلٍ ၏ အဓိပ္ပာယ်မှာ 'ကာလ' ဟုဖြစ်ပြီး مُسَمًّى ၏ အလိုသဘောမှာ 'သတ်မှတ်ထားပြီးသော အရာ'ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အကယ်၍ အသင်တို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အသင်တို့အဖို့ သတ်မှတ်ထားသော ကာလထိတိုင် လောကတွင် ဆိုင်းငံ့ပေးထားတော်မူလိမ့်မည်' ဟု ဖြစ်သည်။ 'သတ်မှတ်ထားသည့် သက်တမ်း၏ ကာလထက်အလျှင် အသင်တို့အား မည်သည့်လောကီရေး 'အဇားဗ်'အပြစ်ဒဏ်တွင်မျှ ဖမ်းဆီး၍ ပျက်စီးစေမည် မဟုတ်ပေ' ဟု ဆိုလိုခြင်းဖြစ်သည်။

ဤမိန့်ကြားချက်၏ အချုပ်ရလဒ်မှ အကယ်၍ အီမာန်သက်ဝင် ယုံကြည်ခြင်း မရှိပါက သတ်မှတ်ကာလထက်အလျှင် အသင်တို့အပေါ် 'အဇားဗ်' အပြစ်ဒဏ်ကျရောက်စေ၍ ဖျက်ဆီးအပြစ်ပေးခြင်း ခံရနိုင်သည်ကို သိရှိရ၏။ ထို့ပြင် သိရှိရသည်မှာ သက်တမ်း၏ သတ်မှတ်ကာလတွင် တစ်ခါတစ်ရံ သတ်မှတ်ချက် စည်းကမ်းများ ရှိတတ်သည်။ 'လူသားသည် လုပ်ရပ်တစ်ခုကို ပြုကျင့်လိုက်လျှင် ၎င်း၏ သက်တမ်းသည် (၈၀) နှစ်အထိ နေရပေမည်။ အကယ်၍ မပြုခဲ့ပါက (၆၀) နှစ်တွင်ပင် သေခြင်းတရား ဆိုက်ရောက်လာပေမည်။ (သို့) တားမြစ်ထားသည်တို့ကို ကျူးလွန်ရင်း အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးကန်းခြင်းဖြင့် သက်တမ်းယုတ်လျော့သွားခြင်းနှင့် ကျေးဇူးသိခြင်းအားဖြင့် သက်တမ်းတိုးသွားခြင်း၊ အလားတူ အချို့သော လုပ်ရပ်များ ပြုကျင့်ခြင်းကြောင့် ဥပမာ မိဘများ၏ အမိန့်ကို နာခံခြင်းနှင့် ပြုစုခြင်းတို့ကြောင့် သက်တမ်းတိုးခြင်းတို့သည် ဆွဟီးဟ်ဟဒီးစ်တော်များ၌ လာရှိထားပေသည်။ ၎င်းတို့၏ အလိုသဘောမှာ အထက်ဖော်ပြပါအတိုင်းသာ ဖြစ်၏။

လူသား၏ သက်တမ်းယုတ်လျော့ခြင်းနှင့် တိုးပွားခြင်း

ဤအကြောင်း ရှင်းလင်းချက်ကို သဖ်စီးရ်မဇ္ဇဟရီကျမ်း၌ ဤသို့ တင်ပြထားသည်။ 'သက္ကဒီးရ်' နှင့် အသျှင်မြတ်၏ ဆုံးဖြတ်ချက်သည် နှစ်မျိုးရှိသည်။

(၁) مُبرم 'မုဗရ်ရမ်' (လုံး၀ဥသုံ ဖြစ်မည့်အရာ ဖြစ်သည်။)

(၂) معلق 'မုအလ်လပ်က်' (စည်းကမ်းတစ်ခုခုအပေါ် မူတည်သည့်အရာ ဖြစ်သည်။)

ဆိုလိုသည်မှာ 'လောင်ဟေမဟ်ဖူးဇ်' တွင် လူတစ်ဦးသည် အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံခဲ့ပါလျှင် ၄င်းသက်တမ်းသည် နှစ် (၆၀) နေရမည်။ အကယ်၍ အမိန့်မနာခံ ဖီဆန်ခဲ့လျှင် ၄င်း၏ သက်တမ်းမှာ နှစ် (၅၀) သာ နေရပေမည်' ဟု ရေးသားထားသည်။ ဤဒုတိယအမျိုးအစားဖြစ်သော 'သက္ကဒီးရ်' တွင် စည်းကမ်းသတ်မှတ်ချက်ပေါ်လွင်မှု မရှိမီအလျှင် ပြောင်းလဲခြင်း ဖြစ်နိုင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤနှစ်မျိုးစလုံး၏ ဆုံးဖြတ်ချက်နှင့် 'သက္ကဒီးရ်' တို့အကြောင်း တင်ပြချက်သည်

يَمْحُوا اللّٰهُ مَايَشَآءُ وَيُثْبِتُ وَعِنْدَهٗٓ اُمُّ الْكِتَابِ

ဟူသော အာယသ်တော်တွင် ရှိသည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် 'လောင်ဟေမဟ်ဖူးဇ်' တွင် ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်း၊ အပြောင်းအလွဲတို့ကို ပြုလျက် ရှိတော်မူသည်။ မူလစာအုပ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌သာ ရှိသည်။ 'ဤမူလစာအုပ်ဟူသည်မှာ 'မုဗရ်ရမ်သက္ကဒီးရ်' ကို ရေးသားထားသည့် သင်ပုန်းကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် 'သက္ကဒီးရ်မုအလ်လက်' နှင့် စပ်လျဉ်း၍ ရေးသားထားသော စည်းကမ်းချက်များကို မည်သူသည် ဤစည်းကမ်းချက်များအပေါ် အပြည့်အ၀ ပြုကျင့်ပေမည်။ မည်သူသည် ပြုကျင့်မည်မဟုတ် ဟူသည်တို့ကို အလ္လာဟ်အသျှင်မြတ်သည် အတိအကျ သိရှိပြီး ဖြစ်တော်မူသည်။ ထို့ကြောင့် 'မုဗရ်ရမ်သက္ကဒီးရ်' တွင် ယတိပြတ် ဆုံးဖြတ်ချက်ကိုသာ ရေးသားခြင်း ဖြစ်သည်။

ဟဇရသ်စလ်မာန်ဖာရစီ ﷺ သခင်၏ ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

لا يردّ القضاء إلّا الدعاء ولا يزيد فى العمر إلّا البرّ

အသျှင်မြတ်၏ စီရင်ဆုံးဖြတ်ချက်ကို ဒိုအာမှအပ မည်သည့်အရာကမျှ တားဆီးနိုင်ခြင်းမရှိပေ။ ထို့ပြင် လူတစ်ဦး၏ သက်တမ်းတိုးခြင်းသည် မိဘနှစ်ပါးအား ကောင်းစွာ ဆက်ဆံခြင်းမှအပ အခြားမည်သည့်အရာမျှ မရှိပေ။ بِرّ 'ဗိရ်' ၏ အဓိပ္ပာယ်မှာ မိဘနှစ်ပါးအား ကောင်းစွာ ဆက်ဆံခြင်းဟု ဖြစ်သည်။ ဤဟဒီးစ်တော်၏ အလိုသဘောမှာ 'သက္ကဒီးရ်မုအလ်လပ်က်' တွင် ထိုကျင့်စဉ် လုပ်ရပ်များအားဖြင့် ပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်သည်' ဟု ဖြစ်သည်။

အချုပ်ဆိုရပါလျှင် ဤအာယသ်တော်တွင် **اَجَلٍ مُّسَمًّى** 'သတ်မှတ်ကာလ' အထိ ဆိုင်းငံ့ခြင်းကို ၎င်းတို့၏ အီမာန်သက်ဝင်ယုံကြည်ခြင်းအပေါ်၌ မှီတည်ထားသည်။ ဤသည် ၎င်းတို့၏ သက်တမ်းနှင့် စပ်လျဉ်း၍ 'သက္ကဒီးရ်မုအလ်လပ်က်' အကြောင်း တင်ပြခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်နူးဟ် ﷺ အား ဤအကြောင်း အသိပညာကို ချီးမြှင့်တော်မူထားခြင်း ဖြစ်ပေမည်။ ဤအတွက်ကြောင့်ပင် ၎င်းသည် မိမိ၏ အမျိုးသားများကို 'အသင်တို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အတွက် သတ်မှတ်တော်မူထားသော သက်တမ်းအစစ်ရောက်သည်အထိ အသင်တို့သည် ဆိုင်းငံ့ခြင်း ခံရပေမည်။ လောကီရေး 'အဇားဗ်' တစ်စုံတစ်ရာအားဖြင့် အသင်တို့သည် ဖျက်ဆီးခြင်းခံကြရမည်မဟုတ်ပေ။ ထို့ပြင် အကယ်၍ အီမာန်သက်ဝင်ယုံကြည်ခြင်း မပြုပါက ထိုမူလသတ်မှတ်သော သက်တမ်းမတိုင်မီမှာပင် အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်သည် သီးခြားရှိပေဦးမည်' ဟု မိန့်ကြားခဲ့သည်။

ရှေ့တွင် ပြောကြားပြန်သည်မှာ အီမာန်သက်ဝင်ယုံကြည်ခြင်းကြောင့် အမြဲထာဝရ သေခြင်းတရားနှင့် လွတ်ကင်းသွားမည်လည်း မဟုတ်ပေ။ ထိုမျှမက 'သက္ကဒီးရ်မုဗရ်ရမ်' တွင် ရေးသားထားသည့်အတိုင်း အသင်တို့၏ သေခြင်းတရားသည် မုချ ဆိုက်ရောက်လာမည်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်စုံကုံလုံသော အသိဉာဏ်တော်ဖြင့် ဤကမ္ဘာလောကကို ထာဝရအတွက် ပြုထားတော်မမူ၍သာ ဖြစ်ပေသည်။ ကမ္ဘာလောကတွင် ရှိရှိသမျှသော အရာဟူသရွေ့သည် ပျက်စီးရမည်မှာ အသျှင်မြတ်၏ အသိတော်၏ လိုလားမှုပင် ဖြစ်သည်။ ဤနေရာတွင် အီမာန်သက်ဝင်ခြင်းနှင့် အမိန့်နာခံခြင်း၊ ကုဖွရ်သွေဖည်ငြင်းပယ်ခြင်းနှင့် ပြစ်မှုကျူးလွန်ခြင်းတို့နှင့် လုံးဝ ခြားနားမှု မဖြစ်ရှိနိုင်ပေ။

اِنَّ اَجَلَ اللّٰهِ اِذَا جَآءَ لَا يُؤَخَّرُ

(စောန်မလွဲ အလ္လာဟ်အသျှင်မြတ် ပြဋ္ဌာန်းတော်မူခဲ့သော အချိန်ကာလ ဆိုက်ရောက်လာသောအခါ ရွှေ့ဆိုင်း၍ ရမည်မဟုတ်ပေ။) */ ၇၁ : ၄ /*

တွင် ဤအကြောင်းကိုပင် တင်ပြထားသည်။ ရှေ့တွင် ဟဇရသ်နူးဟ် ﷺ သည် မိမိ၏ အမျိုးသားများ၏ ပြုပြင်ရေးနှင့် ၎င်းတို့၏ အီမာန်သက်ဝင် ယုံကြည်ရေးတို့အတွက် ကြိုးပမ်းမှု အမျိုးမျိုးဖြင့် စဉ်ဆက်မပြတ် ရှိခဲ့ကြောင်းနှင့် အမျိုးသားများဘက်မှ ၎င်းအား ဆန့်ကျင်ခြင်းနှင့် မဟုတ်မမှန်ဟု စွပ်စွဲချက်များအကြောင်း အသေးစိတ် တင်ပြထားသည်။ နောက်ဆုံးတွင် မျှော်လင့်ချက်ကင်းမဲ့လျက် 'ဗဒ်ဒိုအာ' မကောင်းဆုတောင်း ပြုတော်မူခဲ့ခြင်းနှင့် တစ်မျိုးသားလုံးသည် နစ်မြုပ်ပျက်စီးစေသော 'အဇားဗ်' အပြစ်ဒဏ်၌ ကျရောက်သွားခြင်း အကြောင်းများကို တင်ပြထားသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ က ဆင့်ပြန်သည်မှာ ဟဇရသ်နူးဟ် ﷺ သည် သက်တော် (၄၀) အရွယ်တွင် 'နဗူဝသ်' ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဖော်ပြချက်အရ ၎င်း၏ သက်တမ်းသည် နှစ်ပေါင်း (၉၅၀) ဖြစ်ခဲ့သည်။

ဤမျှ ရှည်လျားသော သက်တမ်းတွင် ၄င်းသည် မိမိ၏ ကြိုးပမ်းမှုကို မည်သည့်အခါမျှ မစွန့်လွှတ်ခဲ့ပေ။ မည်သည့်အခါမျှ မျှော်လင့်ခြင်း မကင်းမဲ့ပေ။ ၄င်း၏ အမျိုးသားများဘက်မှ ဒုက္ခအမျိုးမျိုး ပေးခြင်းကို ခံခဲ့ရသည်။ ထိုဒုက္ခအားလုံးကို ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့သည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဒွဟ်ဟားက် (ရဟ) ၏ ဆင့်ပြန်ချက်၌ လာရှိသည်မှာ ဟဇရသ်နူးဟ် ﷺ ၏ အမျိုးသားများသည် ဟဇရသ်နူးဟ် ﷺ အား လဲကျသွားသည့်အထိ ရိုက်နှက်၍ စောင်တစ်ထည်ဖြင့် ပတ်ပြီး အခန်းထဲတွင် ထည့်ထားလိုက်ကြသည်။ ဟဇရသ်နူးဟ် ﷺ သေဆုံးသွားပြီဟု ၄င်းတို့က ထင်မှတ်သွားကြသည်။ သို့သော် နောက်တစ်နေ့၌ ဟဇရသ်နူးဟ် ﷺ သည် သတိလည်လာပြီး ၄င်းတို့အား အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်ခြင်းနှင့် 'သဗ်လီးဂ်' ပို့ချမှုကို ပြုတော်မူခဲ့ပေသည်။ မိုဟမ္မဒ်ဗင်န်အိစ်ဟားက် (ရဟ) သည် အုဗိုင်းဒ်ဗင်န်အမ်ရ်လိုင်ဆီး (ရဟ) ထံမှ ဆင့်ပြန်ခဲ့သည်မှာ ဟဇရသ်နူးဟ် ﷺ ၏ အမျိုးသားများသည် ၄င်းအား လည်ပင်းညှစ်ကြသည်။ ထို့ကြောင့် ၄င်းမှာ သတိလစ်မေ့မျောသွားသည်။ သတိရလာသည့်အခါ

رَبِّ اغْفِرْ لِقَوْمِىْ اِنَّهُمْ لَا يَعْلَمُوْنَ

'အို့, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုး၏ အမျိုးသားများအား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပါ။ အကြောင်းမှာ ၄င်းတို့သည် မသိနားမလည်သူများ ဖြစ်ကြသောကြောင့်ပင်' ဟု ဒိုအာတောင်းခံလေသည်။ ၄င်းတို့၏ မျိုးဆက်တစ်ခု အီမာန်သက်ဝင်ယုံကြည်လာရန်မှ မျှော်လင့်ချက်ကင်းမဲ့သွားသည့်အခါ ထိုသူတို့၏ မျိုးဆက်မှ ဒုတိယမျိုးဆက်တစ်ခု အီမာန်သက်ဝင်လိမ့်မည်ဟု မျှော်လင့်ချက် ထားခဲ့သည်။ တစ်ဖန် ဤမျိုးဆက်သည်လည်း ကုန်ဆုံးသွားလေသောအခါ တတိယမျိုးဆက်အပေါ် ဤအတိုင်း မျှော်လင့်ရင်း မိမိ၏ တာဝန်၌ နစ်မွန်းလျက် ရှိခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့၏ သက်တမ်းများသည် ဟဇရသ်နူးဟ် ﷺ ၏ 'မုအ်ဂျေဇာဟ်'အဆင့်ဖြင့် ချီးမြှင့်ခြင်းခံရသော သက်တမ်းမျှ ရှည်လျားခြင်း မရှိခဲ့ကြသောကြောင့် ဖြစ်သည်။ ဤသို့ဖြင့် စဉ်ဆက်မပြတ်ဖြတ်သန်းလာခဲ့သော ၄င်းတို့၏ မျိုးဆက်များသည် ရှေ့မှ မျိုးဆက်ထက် နောက်မှ မျိုးဆက်သည် ပို၍ပို၍ ဆိုးသွမ်းယုတ်မာမှုများ ဖြစ်ပေါ်လာကြသည့်အခါ ဟဇရသ်နူးဟ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ မိမိ၏ အခြေအနေကို တင်ပြလျှောက်ထားခဲ့လေသည်။ ဤလျှောက်ထားချက်တွင် 'ကျွန်တော်မျိုးသည် ၄င်းတို့အား နေ့ရောညပါ အစုအဖွဲ့၌လည်းကောင်း၊ တစ်ဦးချင်းတွင်လည်းကောင်း ပေါ်လွင်စွာလည်းကောင်း၊ တိတ်တဆိတ်ဖြင့်လည်းကောင်း လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာနိုင်မည့် နည်းလမ်းအားလုံးကို သုံးခဲ့ပါသည်။ တစ်ခါတစ်ရံ အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်' အပြစ်ဒဏ်ဖြင့် သတိပေး နှိုးဆော်ခဲ့ပါသည်။ တစ်ခါတစ်ရံ 'ဂျန္နသ်'သုခဘုံများ၏ စည်းစိမ်ချမ်းသာများဖြင့် မက်လုံးပေးခဲ့ပါသည်။ ထို့ပြင် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် ကောင်းမှုကုသိုလ်များ ပြုကျင့်ခြင်း၏ 'ဗရ်ကာသ်'

ဖြင့် အသင်တို့သည် လောကတွင်လည်း ချောင်လည်မှုနှင့် ပျော်ရွှင်ဖွယ်ရာ အခြေအနေများ ရရှိပေလိမ့်မည် ဟုလည်းကောင်း၊ တစ်ခါတစ်ရံ အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော တန်ခိုးတော်၏ လက္ခဏာတော်များကို တင်ပြ ပြောကြားခြင်းများကိုလည်းကောင်း ပြုလုပ်ခဲ့ပါသည်' ဟူသော အချက်များ ပါဝင်ပေသည်။ အခြားတစ်ဖက်၌လည်း အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်နူးဟ် ﷺ အား 'အသင်၏ တစ်မျိုးသားလုံးအနက်မှ အီမာန်သက်ဝင်ယုံကြည်မှုပြုရန် ရှိသူများသည် အီမာန်သက်ဝင်ယုံကြည်မှု ပြုခဲ့ပါသည်' ဟု မိန့်ကြားတော်မူလေသည်။ ရှေ့တွင် ၎င်းတို့အနက် မည်သူမျှ အီမာန်လက်ခံမည် မဟုတ်ကြောင်းကို တင်ပြသည့် အာယသ်တော်

اِنَّهٗ لَنْ يُّؤْمِنَ مِنْ قَوْمِكَ اِلَّا مَنْ قَدْاٰمَنَ

၏ အလိုသဘာမှာ ဤအလိုသဘောပင် ဖြစ်သည်။ ထိုစဉ်က ဟဇရတ်နူးဟ် ﷺ ၏ နှုတ်မှ 'ဗဒ်ဒိုအာ' မကောင်းဆုတောင်း စကားလုံးများ ထွက်ပေါ်ခဲ့သည်။ ဤအကြောင်းကို ရှေ့တွင် ဖော်ပြထားသည်။ ဤ 'ဗဒ်ဒိုအာ' မကောင်းဆုတောင်းမှု၏ အကျိုးဆက်၌ တစ်မျိုးသားလုံးမှာ နစ်မြုပ်၍ သေကြေပျက်စီးခဲ့ကြရလေသည်။ ယင်းနစ်မြုပ်ပျက်စီးခြင်း၌ မုအ်မင်န်သက်ဝင်သူများကား မပါဝင်ခဲ့ကြပေ။ ၎င်းတို့သည် လှေသင်္ဘောတစ်ခုတွင် စီးနင်းလိုက်ပါခဲ့ကြသည်။ ၎င်း၏ အမျိုးသားများအား ပြောဆိုမိန့်ကြားသည့် အခန်းကဏ္ဍတွင် နူးဟ် ﷺ သည် ၎င်းတို့အား 'အိစ်သိဂ်ဖာရ်' လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံရန် ပြောဆိုခဲ့သည်။ ဆိုလိုသည်မှာ အီမာန်သက်ဝင် ယုံကြည်လျက် မိမိတို့ ယခင်က ကျူးလွန်ခဲ့သည့် အပြစ်ဒုစရိုက်များမှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံရန် တိုက်တွန်းပြောကြားခဲ့သည်။ ထို့ပြင် ဤသို့ ပြုခြင်းဖြင့် လောကီရေး ကောင်းကျိုးများ ရှိကြောင်းကိုလည်း တင်ပြခဲ့သည်။

يُّرْسِلِ السَّمَآءَ عَلَيْكُمْ مِّدْرَارًا وَّ يُمْدِدْكُمْ بِاَمْوَالٍ وَّبَنِيْنَ

ဤအာယသ်တော်ဖြင့် ပညာရှင်အများစုက အထောက်အထားပြုဆိုကြသည်မှာ အပြစ်ဒုစရိုက်များမှ 'သောင်ဗာဟ်' (အမှားဝန်ခံခြင်း) နှင့် 'အိစ်သိဂ်ဖာရ်' လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခြင်းဖြင့် အလ္လာဟ်အသျှင်မြတ်သည် မိုးရွာသွန်းခြင်းကို လိုအပ်သည့်နေရာများ၌ ရွာသွန်းစေတော်မူသည်။ ကပ်ဆိုက်ခြင်းဖြစ်စေတော်မမူပေ။ ဥစ္စာပစ္စည်းနှင့် သားသမီးများတွင် 'အိစ်သိဂ်ဖာရ်' ပြုခြင်းကြောင့် 'ဗရ်ကသ်'တိုးပွားမှုမင်္ဂလာများ ဖြစ်ပေါ်စေတော်မူသည်။ တစ်ခါတစ်ရံ အသျှင်မြတ်၏ အမြော်အမြင်၏ လိုလားချက်အရ ဤသည်နှင့် ဆန့်ကျင်သည်များလည်း ရှိပေသည်။ သို့ရာတွင် လူသားများအပေါ် အလ္လာဟ်အသျှင်မြတ်၏ လေ့တော်မှာ 'သောင်ဗာဟ်'၊ 'အိစ်သိဂ်ဖါရ်' နှင့် အပြစ်များမှ ရှောင်ကြဉ်ခြင်းဖြင့် လောက၏ 'အဇာဗ်' အပြစ်ဒဏ်များကို လွှဲဖယ်စေလေသည်။ ဟဒီးစ်ဆင့်ပြန်ချက်များ၌လည်း ဤအကြောင်း အထောက်အထား ရှိပေသည်။

اَلَمْ تَرَوْا كَيْفَ خَلَقَ اللّٰهُ سَبْعَ سَمٰوٰتٍ طِبَاقًا وَّجَعَلَ الْقَمَرَ فِيْهِنَّ نُوْرًا

(အလ္လာဟ်အသျှင်မြတ်သည် မိုးခုနစ်ထပ်ကို မည်သို့မည်ပုံ အထပ်ထပ် ဖန်ဆင်းတော်မူခဲ့သည်ကို အသင်တို့သည် လေ့လာဆင်ခြင် တွေ့မြင်ခဲ့ကြသည် မဟုတ်လော။ ၎င်းပြင် ထိုအသျှင်မြတ်သည် ယင်းမိုးများ၌ လကို လင်းရောင်ခြည် ဖြစ်စေတော်မူခဲ့၏။) [၇၁ : ၁၅-၁၆]

ဤအာယသ်တော်၌ 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိတော်မူကြောင်းနှင့် တန်ခိုးတော်တို့၏ အခန်းကဏ္ဍတွင် မိုးကောင်းကင်ခုနစ်ထပ်သည် အဆင့်ဆင့်အထပ်ထပ်ဖြစ်ခြင်းနှင့် ထိုမိုးကောင်းကင်များတွင် လ၏ အလင်းရောင်ရှိခြင်းတို့ကို မိန့်ကြားထားသည်။ ဤနေရာတွင် فِيْهِنَّ (ယင်းမိုးများ၌) ဟူသော စာလုံးအားဖြင့် လသည် မိုးကောင်းကင်များ၏ ထုထည်အတွင်း၌ ပါဝင်သည်ဟု သိရှိရပေသည်။ မျက်မှောက်ခေတ်၏ လေ့လာဆန်းစစ်ချက်နှင့် တွေ့ရှိချက်များအရ 'လသည် မိုးကောင်းကင်များ၏ အလွန်နိမ့်သော လေဟာနယ်အတွင်း၌ ရှိသည်' ဟူ၍ ဆန့်ကျင်ခြားနားစွာ သိရှိရသည်။ ၎င်း၏ အသေးစိတ် ဆန်းစစ်ချက်သည် စူရာဟ်'ဖုရ်ကာန်'၏ အာယသ်တော်ဖြစ်သော

وَجَعَلَ فِى السَّمَآءِ بُرُوْجًا وَّجَعَلَ فِيْهَا سِرَاجًا وَّقَمَرًا مُّنِيْرًا

၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ အမျိုးသားများနှင့် စပ်လျဉ်း၍ တိုင်တန်းပြောဆိုချက်၌ မိန့်ကြားတော်မူသည်။

وَمَكَرُوْا مَكْرًا كُبَّارًا

(၎င်းပြင် ထိုကျွန်တော်မျိုး၏ အမျိုးသားတို့သည် လန်စွာ ကြီးကျယ်လှစွာသော အကြံအစည်များကို ကြံစည်ခဲ့ကြပါသည်။) [၇၁ : ၂၂]

كُبَّارٌ သည် اَكْبَرُ ၏ 'မုဗာလဂဟ်' များပြားမှုကို တင်ပြသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'အလွန်ကြီးမားခြင်း' ဟု ဖြစ်သည်။ အလိုသဘောမှာ '၎င်းတို့သည် အလွန်ကြီးမားသော ကြံစည်မှုကို ပြုခဲ့ကြသည်' ဟု ဖြစ်သည်။ ၎င်းတို့၏ ကြံစည်မှုမှာ ၎င်းတို့ကိုယ်တိုင်သည် မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုလျက် မိမိတို့ ကိုယ်တိုင်ကိုယ်ကျလည်း ဒုက္ခများ ပေးခဲ့ကြသည်။ မြို့ရွာတွင်းရှိ လူဆိုး၊ လူမိုက်များကိုလည်း နောက်မှ လိုက်၍ ဒုက္ခပေးစေခဲ့ကြသည်။ ဤတိုင်တန်း ပြောဆိုမှု၌ တစ်ဆက်တည်းပင် ၎င်းတို့အချင်းချင်း ကတိသစ္စာ ပြုထားကြသည့် ကာဖိရ်တို့၏ ပြောဆိုမှုများကို

لَا تَذَرُنَّ وَدًّا وَّلَا سُوَاعًا وَّلَا يَغُوْثَ وَيَعُوْقَ وَنَسْرًا

ဟု တင်ပြ မိန့်ကြားထားသည်။ ဆိုလိုသည်မှာ 'မိမိတို့၏ ဤရုပ်တုများကို အထူးသဖြင့် ဤငါးမျိုးသော ရုပ်တုများ၏ ကိုးကွယ်မှုကို မစွန့်လွှတ်ကြလေနှင့်'ဟု အချင်းချင်း တိုက်တွန်းပြောကြားခဲ့ကြသည်ဟူ၏။

ဤသည်မှာ ရုပ်တုငါးခု၏ အမည်ငါးခု ဖြစ်သည်။ အေမာမ်ဗဂဝီ (ရဟ) က တင်ပြသည်မှာ ဤရုပ်တုငါးခုသည် အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ကောင်းမြတ်သော ကျွန်သူတော်စင်များပင် ဖြစ်သည်။ ၎င်းတို့သည် အာဒမ် عليه السلام နှင့် နူးဟ် عليه السلام ၏ ကြားကာလတွင် ရှိခဲ့ကြသူများ ဖြစ်သည်။ ၎င်းတို့သည် လူအများ၏ ယုံကြည်စိတ်ချခြင်းနှင့် နောက်လိုက်ပြုခံရသူများ ဖြစ်ကြသည်။ ၎င်းတို့ ကွယ်လွန်ပြီးသောအခါ၌ပင် ကာလအတန်ကြာသည်အထိ လူတို့သည် ၎င်းတို့ ပြုကျင့်ခဲ့ကြသည့်အတိုင်း ဖဝါးခြေထပ်၍ အလ္လာဟ်အသျှင်မြတ်၏ ခဝပ်ကိုးကွယ်မှုပြုခြင်းနှင့် အမိန့်တော်များကို လိုက်နာလျက် ရှိခဲ့ကြသည်။ ကာလအတန်ကြာလေသောအခါ ရှိုက်သွာန်သည် ၎င်းတို့အား ဖြားယောင်းလေတော့သည်။ 'အသင်တို့သည် မိမိတို့၏ အကြီးအကဲများ၏ လမ်းစဉ်အတိုင်း 'အေဗာဒသ်'ပြုနေကြသည်။ အကယ်၍ ၎င်းတို့၏ ရုပ်တုများ ပြုလုပ်၍ ရှေ့၌ ထားကြပါလျှင် အသင်တို့၏ 'အေဗာဒသ်' ပြုခြင်းတွင် ပို၍ပြည့်စုံသွားပေမည်။ အကြောက်တရားနှင့် ရိုကျိုးမှုများ ရရှိပေလိမ့်မည်။' ထိုသူတို့သည် ဤဖြားယောင်းသိမ်းသွင်းမှုကို လက်ခံ၍ အကြီးအကဲတို့၏ ရုပ်တုများကို ထုလုပ်လျက် 'အေဗာဒသ်'ပြုရာ ဝတ်ပြုဆောင်၌ ထားလိုက်ကြသည်။ ထိုရုပ်တုများကို ကြည့်၍ ထိုအကြီးအကဲတို့၏ လွတ်ဆွတ်မှုကို ပြုကြရင်းဖြင့် ထူးခြားသော အခြေအနေတစ်ခုကို ခံစားခဲ့ကြသည်။ ဤအခြေအနေပေါ်၌ ရှိနေကြရင်း ၎င်းသည် တစ်ယောက်ပြီး တစ်ယောက် ကွယ်လွန်သွားခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့၏ နေရာကို မျိုးဆက်သစ်တို့က ရယူခဲ့ကြသည်။ ထိုအခါတွင် ရှိုက်သွာန်သည် ၎င်းတို့အား ဖြားယောင်းသိမ်းသွင်းလေသည်မှာ အသင်တို့၏ အကြီးအကဲဖြစ်သူတို့၏ ကိုးကွယ်ရာ အသျှင်သည် 'ဗွဒ်'ရုပ်တုများပင် ဖြစ်သည်။ ၎င်းတို့သည် ထိုရုပ်တုကို 'အေဗာဒသ်'ခဝတ်မှုပြုခဲ့ကြသည်' ဟု ဖြစ်သည်။ ဤအချိန်မှစ၍ ရုပ်တုကိုးကွယ်မှု စတင်ခဲ့လေသည်။ ထိုရုပ်တု (၅) ခုအား အလေးအမြတ်ထားခြင်းသည် ၎င်းတို့၏ စိတ်များတွင် ပို၍ ကိန်းဝပ်နေသည့်အတွက် အချင်းချင်းကတိခံဝန်ချက်ပြုရာတွင် ၎င်းတို့၏ အမည်များကို ကိုင်ကြခြင်းဖြစ်သည်။

لَا تَزِدِ الظّٰلِمِيْنَ اِلَّا ضَلٰلًا

ဆိုလိုသည်မှာ 'ထိုမတရားသူတို့၏ လမ်းမှားခြင်းကို ပိုမိုတိုးပွားစေတော်မူပါ' ဟု ဖြစ်သည်။

ဤနေရာတွင် နဗီတမန်တော်တို့၏ တာဝန်မှာ အမျိုးသားများကို လမ်းမှန်ပြသရန် ဖြစ်သည်။ နူးဟ် عليه السلام သည် ၎င်း၏ အမျိုးသားများကို လမ်းမှားကျရောက်စေရန် 'ဗဒ်ဒိုအာ' မကောင်းဆုတောင်းပြုခဲ့သည်ဆိုခြင်းမှာ အဘယ်သို့ ဖြစ်နိုင်ပါအံ့နည်းဟူ၍ စောဒကတစ်ရပ် ပေါ်ပေါက်လာ၏။

ဤသည်မှာ အမှန်စင်စစ် နူးဟ် عليه السلام အား အလ္လာဟ်အသျှင်မြတ်မှ 'ယခုအခါ ၎င်းတို့ အနက်မည်သူမျှပင် မွတ်စ္စလင်မ်ဖြစ်လာမည့်သူ မရှိပေ။ ထို့ကြောင့် ၎င်းတို့အဖို့ လမ်းမှားမှုနှင့် 'ကုဖွရ်'အပေါ်၌ သေဆုံးရန်သာ ရှိပေသည်' ဟူသော အသိပေးထားသောကြောင့် ဖြစ်သည်။ ဟဇရသ်နူးဟ် عليه السلام သည် ၎င်းတို့၏ လမ်းမှားမှု ပို၍ တိုးပွားစေရန် ဒိုအာပြုတော်မူခြင်းမှာ ၎င်းတို့၏ ဘဝနိဂုံး အမြန် ချုပ်ငြိမ်းစေရန်နှင့် ဖျက်ဆီးခြင်းခံရစေရန် ဖြစ်သည်။

مِمَّا خَطِيْٓـٰتِهِمْ اُغْرِقُوْا فَاُدْخِلُوْا نَارًا

ဆိုလိုသည်မှာ ‘၎င်းတို့သည် မိမိတို့၏ အပြစ်များနှင့် ‘ကုဖွရ်’နှင့် ‘ရှရစ်က်’များ ပြုကြခြင်းကြောင့် ရေတွင် နစ်မြုပ်စေခြင်းကို ခံခဲ့ကြရလေ၏။ တစ်ဖန် ၎င်းတို့သည်ပင် ငရဲမီးထဲသို့ ထည့်သွင်းခြင်းကို ခံခဲ့ကြရကုန်၏’ ဟု ဖြစ်သည်။

ရေ၌ နစ်မြုပ်စေပြီး မီးထဲမှ ပြန်လည်ထွက်စေခြင်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်သည် မစွမ်းဆောင်နိုင်စရာ အဘယ်မှာ ရှိပါသနည်း။ ဤနေရာ၌ ‘ဂျဟန္နမ်’မီးကို ဆိုလိုခြင်းကား မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ‘ဂျဟန္နမ်’၌ ဝင်ရောက်ခြင်းမှာမူ ‘ကေယာမသ်’၏ စာရင်းစစ်ဆေးခံရပြီးနောက်မှ ပေါ်ပေါက်လာမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဤသည်မှာ ‘ဗရ်ဇခ်’၏ မီးဖြစ်သည်။ ‘ဗရ်ဇခ်’၌ ရောက်ရှိမည့်အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်က ပြဆိုထားသည်။

‘ကဗရ်အဇားဗ်’ ကုရ်အာန်ကျမ်းမြတ်၌ အထောက်အထား ရှိခြင်း

ဤအာယသ်တော်အားဖြင့် သိရှိရသည်မှာ ‘ဗရ်ဇခ်’လောက (ဝါ) ‘ကဗရ်’၌ နေရသော ကာလတွင်လည်း သူသေများအပေါ် ‘အဇားဗ်’အပြစ်ဒဏ် ရှိပေသည်။ ဤအာယသ်တော်အားဖြင့် ‘ကဗရ်’ တွင် မကောင်းမှုပြုသူများသည် ‘အဇားဗ်’ခံရမည်ဖြစ်ပြီး ကောင်းမှုကုသိုလ် ပြုသူများမှာ ‘စဝါးဗ်’နှင့် စည်းစိမ်သုခများ ရရှိမည်မှာလည်း ထင်ရှားသည်။ ‘မုသဝါသိရ်’ဆွဟီးဟ်ဟဒီးစ်တော်များတွင် ‘ကဗရ်’အတွင်း၌ ‘အဇားဗ်’အပြစ်ဒဏ်နှင့် ‘စဝါးဗ်’ကုသိုလ်များ ရရှိမည့်အကြောင်း ငြင်းပယ်၍ မရနိုင်လောက်အောင် များပြားစွာ လာရှိထားသည်။ ထို့ကြောင့် ဤအပေါ်၌ အွမ္မသ်၏ ‘အိဂျ်မာအ်’ တစ်ညီတစ်ညွတ်တည်း အဆိုရှိခြင်းနှင့် ဤသည်ကို လက်ခံခြင်းတို့သည် ‘အဟ်လေစွန္နသ်ဝလ်ဂျမာအသ်’၏ လက္ခဏာဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ် ဂျင်န်

ဂျင်န်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

قُلْ أُوحِيَ إِلَيَّ أَنَّهُ اسْتَمَعَ نَفَرٌ مِّنَ الْجِنِّ فَقَالُوا إِنَّا سَمِعْنَا قُرْآنًا عَجَبًا ①

၇၂ : ၁ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ငါ့ထံဝယ် ဤသို့ 'ဝဟီ' အမိန့်တော် ထုတ်ပြန်ခြင်းကို ခံခဲ့ရလေသည်။ ကေနစ်စစ် 'ဂျင်န်' တစ်စုသည် (ကုရ်အာန်ကျမ်းတော်မြတ်ကို) ကြားနာခဲ့ကြလေ၏။ ထို့နောက် ၎င်းတို့သည် မိမိတို့ 'ဂျင်န်' အမျိုးသားတို့ထံ ပြန်သွားခဲ့ရာ (ဤသို့) ပြောကြားခဲ့ကြလေ၏။ (အချင်းတို့) 'ကေန်မလွဲ ကျွန်ုပ်တို့သည် အံ့ဩဖွယ်ရာဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်ကို ကြားနာခဲ့ကြရ၏။'

يَهْدِي إِلَى الرُّشْدِ فَآمَنَّا بِهِ ۖ وَلَن نُّشْرِكَ بِرَبِّنَا أَحَدًا ②

၇၂ : ၂ ။ ။ 'ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ဖြောင့်မှန်သော တရားလမ်းကို ညွှန်ပြသည်ဖြစ်ရာ၊ ကျွန်ုပ် (ဂျင်န် အမျိုးသား) တို့သည် ထိုကုရ်အာန်ကျမ်းတော်မြတ်ကို သက်ဝင်ယုံကြည်ခဲ့ကြလေပြီ။ ၎င်းပြင် ကျွန်ုပ်တို့သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ကြမည် မဟုတ်ပြီ။'

وَأَنَّهُ تَعَالَىٰ جَدُّ رَبِّنَا مَا اتَّخَذَ صَاحِبَةً وَلَا وَلَدًا ③

၇၂ : ၃ ။ ။ 'ထို့ပြင် ကေန်မုချ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဂုဏ်ကျက်သရေသည် မြင့်မြတ်လှ၏။ ထိုအသျှင်မြတ်သည် မည်သူတစ်ယောက်ကိုမျှ ကြင်ရာကြင်ဖက်အဖြစ် ရွေးကောက် တင်မြှောက်တော်မူခဲ့သည်လည်း မရှိပေ။ သားသမီးအဖြစ် ပြုလုပ်တော်မူခဲ့သည်လည်း မရှိချေ။

وَأَنَّهُ كَانَ يَقُولُ سَفِيهُنَا عَلَى اللَّهِ شَطَطًا ④

၇၂ : ၄ ။ ။ '၎င်းပြင် ကေန်အမှန် ကျွန်ုပ် (ဂျင်န်အမျိုးသား) တို့အနက် အသိဉာဏ်ခေါင်းပါးသူတို့သည် အလ္လာဟ် အသျှင်မြတ်နှင့်ပတ်သက်၍ လုံးဝ မတရားသော စကားများကို ပြောဆိုလေ့ ရှိခဲ့ကြ၏။'

وَّاَنَّا ظَنَنَّآ اَنْ لَّنْ تَقُوْلَ الْاِنْسُ وَالْجِنُّ عَلَى اللّٰهِ كَذِبًا ۝٥

၇၂ : ၅ ။ ။ 'ငှင်းပြင် ကေန်စင်စစ် ကျွန်ုပ်တို့မှာမူ လူသား (ကာဖိရ်) တို့သည်လည်းကောင်း၊ 'ဂျင်န်' (ကာဖိရ်) တို့သည်လည်းကောင်း အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ အလျှဉ်း မုသားစကားကို ပြောဆိုကြမည်မဟုတ်' ဟု ထင်မှတ်နေခဲ့ကြကုန်၏။

وَّاَنَّهٗ كَانَ رِجَالٌ مِّنَ الْاِنْسِ يَعُوْذُوْنَ بِرِجَالٍ مِّنَ الْجِنِّ فَزَادُوْهُمْ رَهَقًا ۝٦

၇၂ : ၆ ။ ။ ထို့ပြင် အမှန်စင်စစ် လူသားအချို့တို့သည် 'ဂျင်န်' အချို့တို့၏ ထံတွင် (ဘေးရန်ကင်းဝေးအောင်) ခိုလှုံလေ့ရှိခဲ့ကြပေရာ၊ ထိုလူသားတို့သည် ၎င်း 'ဂျင်န်' များ၏ (မော်ကြွားထောင်လွှား) ပုန်ကန်မှုကို ပိုကဲစေခဲ့ကြကုန်၏။

وَّاَنَّهُمْ ظَنُّوْا كَمَا ظَنَنْتُمْ اَنْ لَّنْ يَّبْعَثَ اللّٰهُ اَحَدًا ۝٧

၇၂ : ၇ ။ ။ ထို့ပြင် ကေန်မလွဲ ထို (အီမာန်ရှိ) 'ဂျင်န်' များမှာ အသင် (ဂျင်န်ကာဖိရ်) တို့ (အား လူကာဖိရ်အပေါင်း) ထင်မြင်ယူဆကြသကဲ့သို့ပင်၊ အလ္လာဟ်အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရှင်ပြန်ထစေတော်မူမည် မဟုတ်။ (စေလွှတ်တော်မူမည်မဟုတ်) ဟူ၍ပင် (မဟုတ်မမှန်) ထင်မြင်ယူဆခဲ့ကြကုန်သည်။

وَّاَنَّا لَمَسْنَا السَّمَآءَ فَوَجَدْنٰهَا مُلِئَتْ حَرَسًا شَدِيْدًا وَّشُهُبًا ۝٨

၇၂ : ၈ ။ ။ 'ထို့ပြင် ကေန်စင်စစ် ကျွန်ုပ်တို့သည် မိုးကောင်းကင်ကို စူးစမ်းခဲ့ကြရာ ယင်းမိုးကောင်းကင်ကို ကျွန်ုပ်တို့သည် သန်စွမ်းသော အစောင့်အကြပ်တို့ဖြင့်လည်းကောင်း၊ မီးကျီမီးခဲတို့ဖြင့် ပြည့်နှက်စွာ တွေ့ရှိခဲ့ကြရကုန်၏။

وَّاَنَّا كُنَّا نَقْعُدُ مِنْهَا مَقَاعِدَ لِلسَّمْعِ ۗ فَمَنْ يَّسْتَمِعِ الْاٰنَ يَجِدْ لَهٗ شِهَابًا رَّصَدًا ۝٩

၇၂ : ၉ ။ ။ 'ငှင်းပြင် ကေန်အမှန် ကျွန်ုပ်တို့သည် ယင်းမိုးကောင်းကင်မှ (သတင်းများ) နားထောင်ရန် ထိုင်ရာနေရာများတွင် (သွား) ထိုင်လေ့ ရှိခဲ့ကြကုန်၏။ ယခုသော် မည်သူမဆို (သွားရောက်) နားထောင်သည်ရှိသော်၊ မီးကျီမီးခဲတစ်ခုကို မိမိအား အသင့်စောင့်လျက် (ကြိုနေသည်ကို) တွေ့ရှိရပေမည်။'

وَّاَنَّا لَا نَدْرِيْٓ اَشَرٌّ اُرِيْدَ بِمَنْ فِى الْاَرْضِ اَمْ اَرَادَ بِهِمْ رَبُّهُمْ رَشَدًا ۝١٠

၇၂ : ၁၀ ။ ။ 'သို့ရာတွင် ကမ္ဘာ့သူကမ္ဘာ့သားတို့နှင့် ပတ်သက်၍ အဆိုးကို ရည်စူးထားပြီး ဖြစ်လေသလော။ သို့တည်းမဟုတ် ၎င်းတို့နှင့် ပတ်သက်၍ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် တရားလမ်းမှန် ရရှိရေးကို ရည်စူးတော်မူပါသလော။ ဤသည်ကို ကျွန်ုပ်တို့သည် သိရှိကြသည် မဟုတ်ပေ။'

وَّاَنَّا مِنَّا الصّٰلِحُوْنَ وَمِنَّا دُوْنَ ذٰلِكَ ؕ كُنَّا طَرَآئِقَ قِدَدًا ۙ﴿۱۱﴾

၇၂ : ၁၁ ။ ။ 'ငှင်းပြင် ဧကန်အမှန် ကျွန်ုပ်တို့တွင် အချို့မှာ သူတော်ကောင်းများ ဖြစ်ကြကုန်၏။ ကျွန်ုပ်တို့တွင် အချို့မှာ ထို (သူတော်ကောင်း) မှအပ (အခြားသော) သူများ ဖြစ်ကြကုန်၏။ (စင်စစ်) ကျွန်ုပ်တို့သည် ဂိုဏ်းဂဏ အမျိုးမျိုး ဖြစ်ခဲ့ကြကုန်၏။'

وَّاَنَّا ظَنَنَّاۤ اَنْ لَّنْ نُّعْجِزَ اللّٰهَ فِى الْاَرْضِ وَلَنْ نُّعْجِزَهٗ هَرَبًا ۙ﴿۱۲﴾

၇၂ : ၁၂ ။ ။ 'သို့ရာတွင် ဧကန်စင်စစ် ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်အား ပထဝီမြေပေါ်၌လည်း မစွမ်းဆောင်နိုင်အောင် အလျှည်းပြုလုပ်နိုင်ကြမည် မဟုတ်ကြောင်းကိုလည်းကောင်း၊ (ပထဝီမြေမှ) ထွက်ပြေးတိမ်းရှောင်ခြင်းအားဖြင့်လည်း ထိုအသျှင်မြတ်အား မစွမ်းဆောင်နိုင်အောင် အလျှည်း ပြုလုပ်နိုင်ကြမည် မဟုတ်ကြောင်းကိုလည်းကောင်း သိရှိပြီး ဖြစ်ခဲ့ကြလေပြီ။'

وَّاَنَّا لَمَّا سَمِعْنَا الْهُدٰۤى اٰمَنَّا بِهٖ ؕ فَمَنْ يُّؤْمِنْۢ بِرَبِّهٖ فَلَا يَخَافُ بَخْسًا وَّلَا رَهَقًا ۙ﴿۱۳﴾

၇၂ : ၁၃ ။ ။ 'ထို့ပြင် ဧကန်စင်စစ် ကျွန်ုပ်တို့သည် တရားလမ်းညွှန် (တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်ကို) ကြားနာကြရသောအခါ၊ ကျွန်ုပ်တို့သည် ယင်းတရားလမ်းညွှန် (တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်) ကို သက်ဝင်ယုံကြည်လာခဲ့ကြပေသည်။ စင်စစ် မည်သူမဆို မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား သက်ဝင်ယုံကြည်ပါလျှင် ထိုသူသည် မည်သည့်လျော့နည်းစေမှုကိုမျှလည်း စိုးရိမ်ရမည်မဟုတ်ပေ။ မည်သည့်အဓမ္မ အနိုင်အထက် ပြုမူခြင်းကိုမျှလည်း စိုးရိမ်ရမည်မဟုတ်ပေ။'

وَّاَنَّا مِنَّا الْمُسْلِمُوْنَ وَمِنَّا الْقٰسِطُوْنَ ؕ فَمَنْ اَسْلَمَ فَاُولٰٓئِكَ تَحَرَّوْا رَشَدًا ﴿۱۴﴾

၇၂ : ၁၄ ။ ။ 'ထို့ပြင် ဧကန်မလွဲ ကျွန်ုပ်တို့တွင် အချို့မှာ မွတ်စ္စလင်မ် (အမိန့်တော်ကို လိုက်နာသူ) များ ဖြစ်ကြကုန်၏။ ထိုနည်းတူစွာ ကျွန်ုပ်တို့တွင် အချို့မှာ မတရားသောသူများ ဖြစ်ကြကုန်၏။ စင်စစ် အစ္စလာမ်သာသနာတော်ကို လက်ခံသောသူတို့သည် လမ်းမှန်ကို ရှာဖွေရရှိခဲ့ကြသော သူများပင် ဖြစ်ကြကုန်၏။

وَاَمَّا الْقٰسِطُوْنَ فَكَانُوْا لِجَهَنَّمَ حَطَبًا ۙ﴿۱۵﴾

၇၂ : ၁၅ ။ ။ သို့ရာတွင် မတရားသော သူတို့သည် 'ဂျဟန္နမ်'ငရဲဘုံ၏ လောင်စာများပင် ဖြစ်ကြကုန်၏။

وَّاَنْ لَّوِ اسْتَقَامُوْا عَلَى الطَّرِيْقَةِ لَاَسْقَيْنٰهُمْ مَّآءً غَدَقًا ۙ﴿۱۶﴾

၇၂ : ၁၆ ။ ။ စင်စစ် အကယ်၍သာ ၎င်းတို့သည် (တရား) လမ်း (မှန်) ပေါ်၌ တည်ကြည်ဖြောင့်မတ်၊ ကြံ့ခိုင်စွာ တည်တံ့ခဲ့ကြပါလျှင်၊ အမှန်ပင် ငါအသျှင်မြတ်သည် ၎င်းတို့အား လှိုင်လှိုင် (ဖောဖောသီသီ) ရှိသော ရေကို တိုက်ကျွေးတော်မူမည်ဖြစ်၏။

لِّنَفْتِنَهُمْ فِيهِ ۚ وَمَن يُعْرِضْ عَن ذِكْرِ رَبِّهِ يَسْلُكْهُ عَذَابًا صَعَدًا ﴿١٧﴾

၇၂ : ၁၇ ။ ။ ငါအသျှင်မြတ်သည် ၎င်းတို့အား ထိုရေနှင့် စပ်လျဉ်း၍ စမ်းသပ်တော်မူရန်အလို့ငှာ၊ စင်စစ် မည်သူမဆို မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား အောက်မေ့တသ သတိရခြင်းမှ မျက်နှာလွှဲသည်ရှိသော်၊ ထိုအသျှင်မြတ်သည် ၎င်းအား ပြင်းထန်သော ပြစ်ဒဏ်သို့ ဝင်ရောက်စေတော်မူပေမည်။

وَأَنَّ الْمَسَاجِدَ لِلَّهِ فَلَا تَدْعُوا مَعَ اللَّهِ أَحَدًا ﴿١٨﴾

၇၂ : ၁၈ ။ ။ ထို့ပြင် (ငါ့ထံသို့ အမိန့်တော်ထုတ်ပြန်ခြင်း ခံခဲ့ရလေ၏။) ကေန်မလွဲ 'မတ်စ်ဂျိဒ်' ပျပ်ဝပ်ဦးချရာ နေရာများသည် အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်ကြ၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ဆည်းကပ်ကိုးကွယ်ခြင်း မပြုကြကုန်လင့်။

وَأَنَّهُ لَمَّا قَامَ عَبْدُ اللَّهِ يَدْعُوهُ كَادُوا يَكُونُونَ عَلَيْهِ لِبَدًا ﴿١٩﴾

၇၂ : ၁၉ ။ ။ ထို့ပြင် ကေန်အမှန် အလ္လာဟ်အသျှင်မြတ်၏ ကျွန် (မိုဟမ္မဒ်) သည် ထိုအသျှင်မြတ်အား ဝတ်ပြုရန် (ထ၍) ရပ်သောအခါ၊ ၎င်းတို့သည် ထိုကျွန် (မိုဟမ္မဒ်) အပေါ်ဝယ် ဝိုင်းအုံကြအုံ့ဆဲဆဲ ဖြစ်ခဲ့ကြကုန်၏။

قُلْ إِنَّمَا أَدْعُو رَبِّي وَلَا أُشْرِكُ بِهِ أَحَدًا ﴿٢٠﴾

၇၂ : ၂၀ ။ ။ (အို၊ နဗီတမန်တော်) အသင် ပြောကြားပါလေ။ (အချင်းတို့) 'ငါသည် မိမိ၏ အသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်၏။ စင်စစ် ငါသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ထိုအသျှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် (ကိုးကွယ်) ခြင်း မပြုပေ။'

قُلْ إِنِّي لَا أَمْلِكُ لَكُمْ ضَرًّا وَلَا رَشَدًا ﴿٢١﴾

၇၂ : ၂၁ ။ ။ (အို၊ နဗီတမန်တော်) အသင် ပြောကြားပါလေ။ 'ငါသည် အသင်တို့၏ ဆုံးရှုံးမှု၊ လမ်းလွဲမှုကိုလည်း ပိုင်ဆိုင်သည်မဟုတ်ပေ။ (အသင်တို့၏) တရားလမ်းမှန် ရရှိရေးကိုလည်း ပိုင်ဆိုင်သည် မဟုတ်ပေ။'

قُلْ إِنِّي لَن يُجِيرَنِي مِنَ اللَّهِ أَحَدٌ وَلَنْ أَجِدَ مِن دُونِهِ مُلْتَحَدًا ﴿٢٢﴾

၇၂ : ၂၂ ။ ။ အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊ အကယ်၍သာ ငါသည် အလ္လာဟ်အသျှင်မြတ်အား ဖီဆန်ခဲ့ပါမူ) 'မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ငါ့အား အလ္လာဟ်အသျှင်မြတ် (၏ ပြစ်ဒဏ်မှ အလျဉ်း) ကာကွယ်စောင့်ရှောက်နိုင်မည်မဟုတ်ပေ။ ထို့ပြင် ငါသည် ထိုအသျှင်မြတ် (ထံတော်) မှတစ်ပါး မည်သည့်ခိုလှုံရာ နေရာကိုမျှ အလျဉ်းတွေ့ရှိနိုင်မည် မဟုတ်ပေ။'

إِلَّا بَلَٰغًا مِّنَ ٱللَّهِ وَرِسَٰلَٰتِهِۦ ۚ وَمَن يَعْصِ ٱللَّهَ وَرَسُولَهُۥ فَإِنَّ
لَهُۥ نَارَ جَهَنَّمَ خَٰلِدِينَ فِيهَآ أَبَدًا ﴿٢٣﴾

၇၂ : ၂၃ ။ ။ (စင်စစ်) အလ္လာဟ်အသျှင်မြတ်၏ ကိုယ်စား (ထိုအသျှင်မြတ်၏) အမိန့်တော်များကို အသင်တို့ထံ ပို့ဆောင်ခြင်းသာလျှင်လည်းကောင်း၊ ထိုအသျှင်မြတ်၏ အကြောင်းကြားချက်များကို (ပို့ဆောင်ခြင်း) သာလျှင် ကာကွယ်နိုင်ပေမည်။ (စွမ်းဆောင်နိုင်၏။) စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း ဖီဆန်သည်ရှိသော်၊ ဧကန်အမှန် ထိုသူ၏ 'ဂျဟန္နမ်' ငရဲဘုံမီးသည် ရှိပေသည်။ (၎င်းတို့မှာ) ယင်း မီး၌ အမြဲထာဝစဉ် နေထိုင်သူများအဖြစ် (ဝင်ရောက်ကြရပေလိမ့်မည်။)

حَتَّىٰٓ إِذَا رَأَوْا۟ مَا يُوعَدُونَ فَسَيَعْلَمُونَ مَنْ أَضْعَفُ نَاصِرًا وَأَقَلُّ عَدَدًا ﴿٢٤﴾

၇၂ : ၂၄ ။ ။ နောင်တွင် ၎င်းတို့သည် မိမိတို့ ချိန်းဆိုခြင်း ခံကြရသည့် (ပြစ်ဒဏ်) ကို တွေ့မြင်ကြလေသောအခါ၊ မည်သူ၏ ကူညီစောင်မသော သူသည် အားနည်းသည်ကိုလည်းကောင်း၊ အရေအတွက်အားဖြင့် နည်းပါးသည်ကိုလည်းကောင်း မုချ သိရှိကြကုန်ပေမည်။

قُلْ إِنْ أَدْرِىٓ أَقَرِيبٌ مَّا تُوعَدُونَ أَمْ يَجْعَلُ لَهُۥ رَبِّىٓ أَمَدًا ﴿٢٥﴾

၇၂ : ၂၅ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့ ချိန်းဆိုခြင်းခံကြရသော ('ကေယာမသ်' နေ့) မှာ နီးလေသလော။ သို့တည်းမဟုတ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ယင်း ('ကေယာမသ်' နေ့) နှင့် စပ်လျဉ်း၍ အခွန့်ရှည်သော ကာလအပိုင်းအခြားကို သတ်မှတ်၍ ထားတော်မူလေသလောဟူ၍ ငါသည် သိရှိသည်မဟုတ်ပေ။'

عَٰلِمُ ٱلْغَيْبِ فَلَا يُظْهِرُ عَلَىٰ غَيْبِهِۦٓ أَحَدًا ﴿٢٦﴾

၇၂ : ၂၆ ။ ။ (ထိုအသျှင်မြတ်သည်ပင် ဖုံးကွယ်လျက်ရှိသည်တို့ကို သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ စင်စစ် ထိုအသျှင်မြတ်သည် ဖုံးကွယ်လျက်ရှိသည်တို့နှင့် စပ်လျဉ်းသော မိမိ၏ အသိပညာကို မည်သူတစ်ဦးတစ်ယောက်ကို မျှပင် အသိပေးတော်မူသည် မဟုတ်ပေ။

إِلَّا مَنِ ٱرْتَضَىٰ مِن رَّسُولٍ فَإِنَّهُۥ يَسْلُكُ مِنۢ بَيْنِ يَدَيْهِ وَمِنْ خَلْفِهِۦ رَصَدًا ﴿٢٧﴾

၇၂ : ၂၇ ။ ။ သို့ရာတွင် ထိုအသျှင်မြတ်သည် မိမိကျေနပ်နှစ်သက်တော်မူသော ရစူလ်တမန်တော်တစ်ပါးပါးအား (ဖုံးကွယ်လျက်ရှိသော အကြောင်းအရာ တစ်စုံတစ်ရာကို သိစေလိုတော်မူပါလျှင်) ဧကန်အမှန် ထိုအသျှင်မြတ်သည် [အဆိုပါ ဝဟီနှင့်အတူ] ထိုရစူလ်တမန်တော်၏ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း စောင့်ကြပ်သူ (ကောင်းကင်တမန်) ကို စေလွှတ်တော်မူ၏။

لِّيَعْلَمَ أَن قَدْ أَبْلَغُوا رِسَالَاتِ رَبِّهِمْ وَأَحَاطَ بِمَا لَدَيْهِمْ وَأَحْصَىٰ كُلَّ شَيْءٍ عَدَدًا ﴿٢٨﴾

၇၂ : ၂၈ ။ ။ (ယင်းသို့ ပြုလုပ်တော်မူခြင်းမှာ ထိုရစူလ်တမန်တော်များသည်လည်းကောင်း၊ ကောင်းကင်တမန်တော်များသည်လည်းကောင်း) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အကြောင်းကြားချက်တို့ကို (တိကျမှန်ကန်စွာ) ပို့ဆောင်ခဲ့ကြသည်ကို ထိုအသျှင်မြတ် သိတော်မူရန်အလို့ငှာ (ပြုလုပ်တော်မူခြင်း) ဖြစ်၏။ စင်စစ် ထိုအသျှင်မြတ်သည် ၎င်း (ရစူလ်တမန်တော်များနှင့် ကောင်းကင်တမန်) တို့၏ အခြေအနေတို့ကို ဝန်းရံလျက် ရှိတော်မူသည်သာမက အရာခပ်သိမ်းတို့၏ အရေအတွက်ကိုလည်း ရေတွက်၍ ထားရှိတော်မူပြီး ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ ကျွန်ုပ်ထံ ဤသို့ 'ဝဟီ' အမိန့်တော် ထုတ်ပြန်ခြင်းခံခဲ့ရသည်။ စေန်စင်စစ် 'ဂျင်န်'များအနက် အုပ်စုတစ်စုသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကြားနာခဲ့ကြသည်။ ထို့နောက် ၎င်းတို့သည် (မိမိတို့၏ ဂျင်န်အမျိုးသားများထံ ပြန်သွားပြီး) ကျွန်ုပ်တို့သည် မုချစေန် အံ့ဖွယ်ဖြစ်စေသော ကုရ်အာန်ကျမ်းတော်မြတ်ကို ကြားနာခဲ့ကြရသည်'ဟု ပြောကြလေသည်။

ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ဖြောင့်မတ်သော တရားလမ်းကို ညွှန်ပြသည်။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် ထိုကုရ်အာန်ကျမ်းတော်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြပါသည်။ (ကုရ်အာန်ဖြစ်ကြောင်းမှာမူ ဤအကြောင်းအရာအားဖြင့် သိရှိရပါသည်။ အံ့ဖွယ်ဖြစ်ကြောင်းမှာမူ လူသား၏ စကားလုံးများနှင့် မတူသောကြောင့် ဖြစ်သည်။) ထို့ပြင် ကျွန်ုပ်တို့သည် (ယခုအခါ) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ခြင်း ပြုကြမည်မဟုတ်ပေ။

ထို့ပြင် (၎င်းတို့သည် အချင်းချင်း ပြောဆိုကြသည့် အကြောင်းအရာများမှာ) စေန်မုချ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဂုဏ်ကျက်သရေသည် မြင့်မြတ်လှ၏။ ထိုအသျှင်မြတ်သည် မည်သူ့ကိုမျှ ဇနီးကြင်ရာအဖြစ် ရွေးချယ်တင်မြှောက်တော်မူခြင်းလည်း မရှိခဲ့ပေ။ သားသမီးအဖြစ် ပြုလုပ်တော်မူခဲ့သည်လည်း မရှိပေ။

(အကြောင်းမှာ ဤသို့ဖြစ်ရန် ဦးနှောက်ပိုင်းဆိုင်ရာ အတွေးအခေါ်အရ မဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။ ဤသည် لن نشرك ၏ ရှင်းလင်းချက် ဖြစ်သည်။) ထို့ပြင် ကျွန်ုပ်တို့အနက် အသိဉာဏ်ခေါင်းပါးသော သူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ စည်းလွတ်ဘောင်လွတ်သော စကားများကို ပြောဆိုလေ့ ရှိခဲ့ကြသည်။ (ဆိုလိုသည်မှာ 'ရှရစ်ကဲ'၏ စကားများဖြစ်သော ဇနီးကြင်ရာနှင့် သားသမီးများရှိကြောင်း အတည်ပြုခြင်း စသည်တို့ ဖြစ်သည်။)

၄င်းအပြင် ဧကန်အမှန် ကျွန်ုပ်တို့သည် (မူလက) လူသားတို့သည်လည်းကောင်း၊ 'ဂျင်န်'တို့သည်လည်းကောင်း အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ မည်သည့်အခါမျှ မုသားစကား ပြောဆိုကြမည်မဟုတ်ဟု ထင်မှတ်နေခဲ့ကြသည်။ (အဘယ်ကြောင့်ဆိုသော် ဤသည် အလွန်ဆိုးရွားသော အချက်ဖြစ်သည်။ 'ဂျင်န်'နှင့် လူသားအများစုတို့သည် 'ရှရစ်က်'ပြုလုပ်လေ့ ရှိခဲ့ကြသည်။ ကျွန်ုပ်တို့မှာမူ အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ ဤမျှ များပြားစွာသော သူတို့သည် လိမ်လည်မုသားပြောဆိုရန် တစ်စုတစ်စည်းတည်း ဖြစ်မည်မဟုတ်ဟု ထင်မှတ်ခဲ့ကြသည်။ ဤသည်မှာ မိမိ၏ 'မုရှ်ရစ်က်'ဖြစ်ကြောင်းကို တင်ပြခြင်းပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည်လည်း ဤနည်းလမ်းကိုပင် ရွေးချယ်ခဲ့ကြသည်။ အမှန်စင်စစ် လူတို့၏ တစ်ညီတစ်ညွတ်တည်း ဖြစ်မှုသည် အမှန်တရား၏ မည်သည့်အထောက်အထားမျှ မဟုတ်ပေ။ ထို့ပြင် တစ်ညီတစ်ညွတ်တည်း ဖြစ်မှုတိုင်းအပေါ် လိုက်နာရန်လည်း ခြွင်းချက်မရှိပေ။ ဤဖော်ပြပါ 'ရှရစ်က်' ၌မူ ရောနှောလျက် ရှိကြပေသည်။)

ထို့ပြင် ('ရှရစ်က်'တစ်မျိုးမှာ အချို့လူတို့အဖို့ အထူးဖြစ်သည်။ ၄င်း 'ရှရစ်က်' ပြုခြင်းအားဖြင့် 'ဂျင်န်'တို့၏ 'ကုဖ္ဖရ်'လုပ်ရပ်မှာ ပို၍ တိုးမြင့်လာခဲ့သည်။) အမှန်စင်စစ် လူသားများအနက် အချို့တို့သည် 'ဂျင်န်'အချို့တို့ထံတွင် ခိုလှုံလေ့ရှိခဲ့ကြသည်။ သို့ဖြစ်ပေရာ ထိုလူများသည် 'ဂျင်န်' တို့၏ ပုန်ကန်မှုကို ပိုမို လွန်ကဲစေခဲ့ကြသည်။ (အဘယ်ကြောင့်ဆိုသော် ထို 'ဂျင်န်'များက 'ကျွန်ုပ်တို့သည် အစကနဦးကပင် 'ဂျင်န်'တို့၏ ခေါင်းဆောင်ဖြစ်ခဲ့သည်။ ယခု လူသားများသည်လည်း ကျွန်ုပ်တို့ကို ခေါင်းဆောင်အဖြစ် မှတ်ယူခဲ့ကြပြန်သည်'ဟူသော အတွေး၌ နစ်မွန်းသွားခဲ့ကြသည်။ သို့ဖြစ်ပေရာ ဤအတွေးအားဖြင့် မာနယွင်း ချွတ်ချော်မှုများသည် ပို၍ တိုးမြင့်လာခဲ့ကြသည်။ 'ကုဖ္ဖရ်'နှင့် အမိန့်ဖီဆန်မှုများအပေါ် ပို၍ တိုးလာခဲ့ကြသည်။ ဤနေရာအထိမှာ 'သောင်ဟီးဒ်'နှင့် စပ်လျဉ်း၍ ဖြစ်သည်။)

ထို့ပြင် (ရှေ့၌ စေလွှတ်တော်မူခြင်းအကြောင်း ဖြစ်သည်။ ဆိုလိုသည်မှာ ထို 'ဂျင်န်'တို့သည် အချင်းချင်း ပြောဆိုကြသည်မှာ) မလွဲဧကန် ထို 'ဂျင်န်'တို့သည် အသင်တို့ ထင်မြင်ယူဆကြသကဲ့သို့ပင် အလ္လာဟ်အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စေလွှတ်တော်မူမည်မဟုတ်ဟု ထင်မြင်ယူခဲ့ကြသည်။

ထို့ပြင် ဧကန်စင်စစ် မိုးကောင်းကင်များ (၏ သတင်းများ) ကို (နဂိုမူလအတိုင်း) ရှာဖွေစူးစမ်းလိုခဲ့ကြသည်။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် ထိုမိုးကောင်းကင်အား သန်စွမ်းသော အစောင့်အကြပ်များ (ဖရစ်ရှ်သာဟ်အစောင့်အကြပ်များ) ဖြင့်လည်းကောင်း၊ မီးကျည်၊ မီးခဲတို့ဖြင့် (ကာကွယ်စောင့်ရှောက်မည့် အရာများဖြင့်) လည်းကောင်း ပြည့်နှက်နေသည်ကို တွေ့ရှိခဲ့ကြ၏။

(ဆိုလိုသည်မှာ ယခုအခါ မည်သည့် 'ဂျင်န်'မှ မိုးကောင်းကင်၏ သတင်းများကို သွားရောက်ရယူရန် မဖြစ်နိုင်တော့ပေ။ သွားမည့်သူသည် ထိုမီးလျှံတို့ဖြင့် ပစ်ချခြင်းကို ခံရပေမည်။)

ထို့ပြင် (ထိုသို့ မဖြစ်မီအလျင်က) ကျွန်ုပ်တို့သည် မိုးကောင်းကင် (၏ သတင်းများကို နားထောင်ခြင်း) ၏ ထိုင်ရာရှိ နေရာများတွင် (သတင်းများ) နားထောင်ရန် သွားရောက်ထိုင်လေ့ ရှိခဲ့ကြသည်။

(ဤထိုင်ရာ နေရာများဟူသည်မှာ မိုးကောင်းကင်၏ အစိတ်အပိုင်း၌ဖြစ်စေ၊ (သို့မဟုတ်) လေထု၏ အစိတ်အပိုင်း၌ဖြစ်စေ၊ (သို့မဟုတ်) မိုးကောင်းကင်နှင့် နီးကပ်သော လေဟာပြင်၌ဖြစ်စေ အတူတူပင်ဖြစ်သည်။ 'ဂျင်န်'တို့သည် မိမိတို့၏ ပေါ့ပါးမှုနှင့် လေးလံမှုမရှိခြင်းတို့ကြောင့် ထိုနေရာများ၌ အတည်တကျ နေနိုင်ကြခြင်း ဖြစ်သည်။ ဥပမာ- အချို့ငှက်များသည် လေ၌ ပျံသန်းရင်းမှ ရပ်တန့်လိုက်သကဲ့သို့ ဖြစ်သွားသည်။) သို့ဖြစ်ပေရာ မည်သူမဆို သွားရောက်နားထောင်သည်ရှိသော် မိမိအဖို့ မီးကျည်မီးခဲတစ်ခုက အသင့်စောင့်လျက် ရှိသည်ကို တွေ့ရပေမည်။

(မီးကျည်မီးခဲနှင့် စပ်လျဉ်း၍ စူရာဟ် 'ဟိဂျ်ရ်' ၏ ဒုတိယရုကူအ်တွင် တင်ပြခဲ့ပြီး ဖြစ်သည်။ ယခု ဤအကြောင်းအရာမှာ 'ရိစာလသ်' နှင့် စပ်လျဉ်းသော အကြောင်းအရာ ဖြစ်သည်။ အလိုသဘောမှာ ကိုယ်တော်မြတ် ﷺ အား အလ္လာဟ်အသျှင်မြတ်က 'ရိစာလသ်' (ရစူလ်ဖြစ်ခြင်းဘွဲ့ထူးကို ချီးမြှင့်တော်မူခြင်းအကြောင်း ဖြစ်သည်။ ထို့ပြင် ဒွိဟသံသယများ ကင်းစေရန်အတွက် အနာဂတ်ကို ဟောသည့် တံခါးများကို ပိတ်လိုက်ခြင်း ဖြစ်သည်။ ထို့ပြင် သတင်းများကို ခိုးယူနားထောင်ခြင်းကို ပိတ်ပင်လိုက်ခြင်းကပင် ကိုယ်တော်မြတ် ﷺ ၏ အပါးတော်၌ 'ဂျင်န်'များ ရောက်ရှိခစားရခြင်း၏ အကြောင်းခံဖြစ်ပေသည်။ ပထမဖြစ်ရပ်တွင် တင်ပြခဲ့သည့်အတိုင်း ဖြစ်သည်။)

ထို့ပြင် (ရှေ့တွင် ဖော်ပြပါအကြောင်းအရာများ၏ ဖြည့်စွက်ခြင်းမှာ) ကျွန်ုပ်တို့ မသိရှိကြသည်မှာ (ထိုနဗီတမန်တော်အသစ်ကို စေလွှတ်တော်မူခြင်းသည်) ကမ္ဘာသူကမ္ဘာသားတို့အဖို့ ဒုက္ခတစ်စုံတစ်ရာ ရောက်ရှိရန် ရည်ရွယ်ခြင်း ဖြစ်လေသလော။ သို့တည်းမဟုတ် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းတို့အဖို့ တရားလမ်းမှန် ရရှိရေးကို ရည်စူးတော်မူခြင်း ဖြစ်လေသလော ဆိုသည့် အကြောင်း ဖြစ်သည်။

(ဆိုလိုသည်မှာ ရစူလ်တမန်တော်များကို စေလွှတ်တော်မူသည့် ရည်ရွယ်ချက်ကို မသိရှိကြပါ။ အကြောင်းမှာ ရစူလ်တမန်တော်မြတ်၏ နောက်လိုက်ပြုခြင်းဖြင့် လမ်းမှန်တရားကို ရရှိပေသည်။ ဆန့်ကျင်မှုပြုခြင်းဖြင့် ပျက်စီးခြင်းနှင့် အပြစ်ပေးခြင်းကို ခံရပေမည်။ နောက်လိုက်ပြုခြင်းနှင့် ဆန့်ကျင်ခြင်းတို့၏ အနာဂတ်ကို ကျွန်ုပ်တို့ မသိကြပါ။ ထို့ကြောင့် ထိုရစူလ်တမန်တော်များအား စေလွှတ်ခြင်းသည် အမျိုးသားများအား အပြစ်ဒဏ်ပေးရန် ရည်ရွယ်ခြင်း ဖြစ်ပါသလား။ (သို့) တရားလမ်းမှန်ပေးရန် ဖြစ်ပါသလား။ ဆိုသည်ကို ကျွန်ုပ်တို့ မသိကြပါ။ ၎င်းတို့က ဤသို့ ပြောဆိုခြင်းမှာ ၎င်းတို့၏ အမျိုးသားများတွင် အီမာန်သက်ဝင် ယုံကြည်မည့်သူသည် နည်းပါးမည်ဖြစ်ကြောင်းနှင့် ထိုသူတို့သည် အပြစ်ထိုက်သူများ ဖြစ်သွားကြလေမည်'ဟု ခန့်မှန်းခဲ့ကြခြင်း ဖြစ်ပေမည်။ အလားတူ အကွယ်ကို မသိရှိကြခြင်းသည် 'သောင်ဟီးဒ်' ၏ အကြောင်းအရာကို ပို၍ အားဖြစ်စေသည်။ အဘယ်ကြောင့်ဆိုသော် အချို့လူတို့သည် 'ဂျင်န်'တို့အား အကွယ်ကို သိကြသည်ဟု မှတ်ယူကြသည်။ သို့ရာတွင် 'ဂျင်န်'များမှာမူ ဤသည်ကိုပင် မသိခဲ့ကြပါချေ။)

ငှင်းပြင် ကေန်စင်စစ် ကျွန်ုပ်တို့တွင် (မူလကပင်) အချို့မှာ သူတော်ကောင်းများ ဖြစ် (လျက် ရှိ) ခဲ့ကြသည်။ အချို့မှာ အခြားသော ပုံသဏ္ဌာန်ဖြစ် (လျက် ရှိ) ခဲ့ကြသည်။ (အချုပ်မှာ) ကျွန်ုပ်တို့သည် လမ်းစဉ်အမျိုးမျိုးပေါ်၌ ရှိခဲ့ကြသည်။

(အလားတူ ထိုနဗီ၏ သတင်းပေးခြင်းကို ကြားနာပြီး ယခုလည်း ကျွန်ုပ်တို့တွင် လမ်းစဉ်နှစ်မျိုးကို လိုက်နာသူများ ပေါ်ပေါက်လာခဲ့ပေပြီ။) ငှင်းပြင် (ကျွန်ုပ်တို့၏ လမ်းစဉ်မှာမူ) ကျွန်ုပ်တို့သည် ကမ္ဘာမြေ (၏ မည်သည့်အစိတ်အပိုင်း) မည်သည့်နေရာတွင်မဆို (သွားရောက်၍) အလ္လာဟ်အသျှင်မြတ်အား ရှုံးနိမ့်အောင် မပြုနိုင်ကြသည်ကိုလည်းကောင်း၊ ထို့ပြင် (ကမ္ဘာမြေမှ တစ်နေရာသို့) ထွက်ပြေးတိမ်းရှောင်ခြင်းအားဖြင့်လည်း ထိုအသျှင်မြတ်အား ရှုံးနိမ့်စေခြင်းကို မပြုနိုင်ကြသည်ကိုလည်းကောင်း ကျွန်ုပ်တို့ သိရှိခဲ့ကြလေပြီ။

(ထွက်ပြေးတိမ်းရှောင်ခြင်းဆိုသည်မှာ ကမ္ဘာမြေမှအပ မိုးကောင်းကင် စသည်တို့တွင် ထွက်ပြေးတိမ်းရှောင်ခြင်းကို ဆိုလိုသည်။ ဤသည်မှာ فِى الْاَرْضِ နှင့် နှိုင်းယှဉ်၍ သိရှိရခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော်ဖြစ်သော

مَا اَنْتُمْ بِمُعْجِزِيْنَ فِى الْاَرْضِ وَلَا فِى السَّمَاءِ

ဟူသည့် အာယသ်တော်အတိုင်း ဖြစ်သည်။ ဤအကြောင်းအားဖြင့် အကယ်၍ 'ကုဖ္ဖရ်'လုပ်ရပ်ကို ကျူးလွန်ပါက အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်မှ လွတ်ကင်းနိုင်ကြမည် မဟုတ်ကြောင်း၊ ခန့်မှန်း၍ ပြောဆိုခြင်းလည်း ဖြစ်နိုင်သည်။ ထို့ပြင် မိမိတို့၏ ယခင်က လမ်းစဉ်အမျိုးမျိုး ရှိခဲ့ကြကြောင်း တင်ပြခြင်းဖြင့် အမှန်တရားသည် ရှင်းလင်းထင်ရှားစွာ ပေါ်ပေါက်လာပြီးသောအခါ အချို့တို့သည် အီမာန် သက်ဝင်ယုံကြည်မှု မရှိခြင်းသည် အမှန်တရား၏ အမှန်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ မည်သည့်ဒွိဟသံသယမျှ မရှိကြောင်းကို ရည်ရွယ်၍ ပြောဆိုခြင်းလည်း ဖြစ်ပေမည်။ အကြောင်းမှာ ဤသို့ မယုံကြည်ခြင်းသည် အမြဲတစေ ဖြစ်ပေါ်လျက် ရှိခဲ့သောကြောင့် ဖြစ်သည်။) ထို့ပြင် ကေန်မုချ ကျွန်ုပ်တို့သည် တရားလမ်းမှန် (တည်းဟူသော ကုရ်အာန်) ကို ကြားနာကြရသောအခါ ကျွန်ုပ်တို့သည် ယင်းတရားလမ်းညွှန်ကို သက်ဝင်ယုံကြည်ခဲ့ကြသည်။ သို့ဖြစ်ပေရာ (ကျွန်ုပ်တို့ကဲ့သို့) မည်သူမဆို မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ပါလျှင် ထိုသူသည် မည်သည့်ယုတ်လျော့စေမှုကိုမျှလည်း စိုးရိမ်ရမည်မဟုတ်ပေ။ မည်သည့် အဓမ္မပြုခံရမည်ကိုလည်း စိုးရိမ်ရမည် မဟုတ်ပေ။

(လျော့နည်း ယုတ်လျော့စေခြင်းဆိုသည်မှာ ၎င်း၏ ကောင်းမှုတစ်စုံတစ်ရာကို ရေးမှတ်ရန် ကျန်ရှိသွားခြင်း ဖြစ်သည်။ အဓမ္မပြုခံရမည်ဆိုသည်မှာ ပြစ်မှုတစ်စုံတစ်ရာကို ပို၍ ရေးမှတ်လိုက်ခြင်းကို ဆိုလိုသည်။) ထို့ပြင် မလွဲဧကန် ကျွန်ုပ်တို့တွင် အချို့သူတို့မှာ (ဤအကြောင်းအရာများ၏ အတိုင်းအတာနှင့် နှိုးဆော်ခြင်းတို့ကို သိနားလည်ကြပြီး) မွတ်စ္လင်မ်များ ဖြစ် (သွားကြပေ) သည်။ ထို့ပြင် အချို့သူတို့မှာ (နဂိုမူလအတိုင်း) လမ်းမှားသူများ ဖြစ်ခဲ့ကြသည်။ သို့ဖြစ်ပေရာ မွတ်စ္လင်မ်များ ဖြစ်သွားခဲ့ကြသူတို့သည် လမ်းမှန်ကို ရှာဖွေရရှိသူများပင် ဖြစ်ကြသည်။

(ဤသို့ ပြုခြင်းအပေါ် 'စဝါးဗ်'ကုသိုလ်များ သတ်မှတ်ခြင်း ခံရပေမည်။) သို့သော် လမ်းမှားသူများအဖို့မှာမူ 'ဂျဟန္နမ်'ငရဲဘုံ၏ လောင်စာများ ဖြစ်ကြမည် ဖြစ်ပေသည်။

(ဤအထိမှာ قَالُوٓا မှ စတင် ပြောကြားခဲ့သော 'ဂျင်န်'တို့၏ စကားများ အဆုံးသတ်သွားပေသည်။)

ငှင်းပြင် (ရှေ့တွင် أُوحِيَ إِلَىَّ ၏ အခြားသော ပြောကြားချက်များ လာရှိသည်။ ဆိုလိုသည်မှာ ငါကိုယ်တော်၏ အပေါ်ဝယ် ဤအကြောင်းအရာများနှင့် စပ်လျဉ်း၍လည်း ဗျာဒိတ်တော် လာရှိသည်။ ၎င်းတို့အနက် တစ်ခုမှာ) အကယ်၍ ဤသူ (မက္ကာဟ်သား) တို့သည် (ဖြောင့်မတ်မှန်ကန်သော) လမ်းပေါ်၌ တည်တံ့စွာ ရပ်တည်ခဲ့ကြပါလျှင် အမှန်ပင် ငါအသျှင်မြတ်သည် ၎င်းတို့အား ဖောဖောသီသီရှိသော ရေကို တိုက်ကျွေးတော်မူမည် ဖြစ်သည်။

သို့မှသာ ငါအသျှင်မြတ်သည် ထိုရေနှင့် စပ်လျဉ်း၍ ၎င်းတို့အား စမ်းသပ်တော်မူရမည် ဖြစ်သည်။ (ကျေးဇူးတော်ကို ကျေးဇူးသိတတ်ပါသလား။ (သို့) ကျေးဇူးကန်းခြင်းနှင့် အမိန့်ဖီဆန်ခြင်းကို ပြုပါသလား ဆိုသည်ကို စမ်းသပ်ရန်ဖြစ်သည်။ ဆိုလိုသည်မှာ အထက်တွင် 'ဂျင်န်'တို့၏ ပြောစကားများ၌ ရှုတ်ချခြင်းများ ပါဝင်ခဲ့သည့်အတိုင်း အကယ်၍ မက္ကာဟ်သားတို့သည် 'ရှရစ်က်'လုပ်ရပ်များ မပြုလုပ်ခဲ့ပါလျှင် 'တတိယဖြစ်ရပ်' ၌ လာရှိသည့်အတိုင်း ၎င်းတို့အပေါ် ကပ်ဆိုက်ခြင်း ကျရောက်မည် မဟုတ်ပေ။ သို့သော်လည်း ၎င်းတို့သည် အီမာန်သက်ဝင်ယုံကြည်ရမည့်အစား မျက်နှာလွှဲဖယ်ခဲ့ကြသည်။ ထို့ကြောင့် ကပ်ဆိုက်ခြင်းဒုက္ခတွင် နစ်မွန်းကြရလေသည်။) ၎င်းပြင် ('ကုဖ္ဖရ်'ပြုခြင်းအပေါ် အပြစ်ဒဏ်ခတ်ခံရခြင်းတွင် မက္ကာဟ်သားတို့သာမဟုတ်ဘဲ) မည်သူမဆို မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား သတိရစေခြင်း (အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် အမိန့်နာခံခြင်းတို့) မှ မျက်နှာလွှဲဖယ်ခဲ့ကြပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ပြင်းထန်သော 'အဇာဗ်'အပြစ်ဒဏ်၌ ဝင်ရောက်စေတော်မူပေမည်။

(ထို 'ဝဟီ'ဗျာဒိတ်တော်၌ ပါရှိသော အကြောင်းအရာများအနက် တစ်ခုမှာ) ထို့ပြင် ဧကန်မလွဲ 'မတ်စ်ဂျိဒ်' ဗလီဝတ်ကျောင်းတော်ဟူသရွေ့သည် အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်ပေသည်။ (မုရှ်ရစ်က်များ ပြုလေ့ရှိကြသကဲ့သို့ အချို့ 'စဂျ်ဒဟ်'များသည် အလ္လာဟ်အသျှင်မြတ်အတွက် ပြုကြပြီး အချို့ 'စဂျ်ဒဟ်'များမှာ အလ္လာဟ်မှအပ အခြားသူများအတွက်ဟူ၍ ပြုကြခြင်းမှာ မပိုင်ပေ။) သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ဆည်းကပ်ကိုးကွယ်ခြင်း မပြုကြကုန်လင့်။ (ဤအကြောင်းအရာ၌လည်း 'သောင်ဟီးဒ်'အကြောင်း တင်ပြခြင်းများ ပါရှိသည်)

၎င်းပြင် (ထို 'ဝဟီ'ဗျာဒိတ်တော်၌ လာရှိသော အကြောင်းအရာတို့အနက် တစ်ခုမှာ) အလ္လာဟ်အသျှင်မြတ်၏ အထူးကျွန်ဖြစ်သော (တမန်တော်မြတ် ﷺ) သည် အလ္လာဟ်အသျှင်မြတ်အား ဝတ်ပြုရန် ရပ်လေသောအခါ ဤ (သွေဖည်) သူတို့သည် ထို (အထူး) ကျွန်တော်အား ဝိုင်းအုံကြမတတ် ဖြစ်သွားကြသည်။

(ဆိုလိုသည်မှာ ရန်လိုမှုဖြင့် လူတိုင်းလူတိုင်းက ကြည့်ကြသည်မှာ ယခုပင် တိုက်ခိုက်ရန် ဝိုင်းအုံကြသကဲ့သို့ ဖြစ်သည်။ ဤသည်မှာလည်း 'သောင်ဟီးဒ်'အကြောင်းကို ဖြည့်စွက်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် 'သောင်ဟီးဒ်'၌သာ ရန်လိုမုန်းတီး၍ ရွံရှာကြသော ကာဖိရ်များအား ရှုတ်ချခြင်းများ လာရှိသောကြောင့် ဖြစ်သည်။ ရှေ့တွင် ဤရန်လိုမှုနှင့် စပ်လျဉ်း၍ အဖြေပေးရန် ကိုယ်တော်မြတ် ﷺ အား မိန့်ကြားတော်မူထားသည်မှာ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ဤသို့ပြောကြားပါလေ။ (အချင်းတို့) ငါသည် မိမိ၏ အသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ပါ၏။ ထိုအသျှင်မြတ်နှင့် မည်သူ့ကိုမျှ တွဲဖက်၍ ဆည်းကပ်ကိုးကွယ်ခြင်း မပြုပေ။

(သို့ဖြစ်ပေရာ ဤသည်တို့သည် အုံ့ဩရန်နှင့် ရန်လိုမှုပြုရန် မည်သည့်အကြောင်းတစ်စုံတစ်ရာမျှ မရှိပေ။ ရှေ့တွင် 'ရိစာလသ်' နှင့် စပ်လျဉ်း၍ လာရှိသည်မှာ အို၊ နဗီတမန်တော်) အသင်သည် (ဤသည်ကိုလည်း) ပြောကြားပါလေ။ (အချင်းတို့) ငါသည် အသင်တို့၏ ဆုံးရှုံးမှုနှင့် လမ်းမှားခြင်းကိုလည်း ပိုင်ဆိုင်သည်မဟုတ်ပေ။ ထို့ပြင် အသင်တို့၏ တရားလမ်းမှန် ရရှိရေးကိုလည်း ပိုင်ဆိုင်သည်မဟုတ်ပေ။

(ဆိုလိုသည်မှာ အသင်တို့က အကယ်၍ အသင်သည် ရစူလ်တမန်တော် ဖြစ်သည်ဆိုပါလျှင် ကျွန်ုပ်တို့အပေါ်၌ 'အဇာ:ဗ်'ချပေးပါ'ဟု တောင်းဆိုခဲ့ကြသည်။ သို့ဖြစ်ပေရာ ၎င်း၏ အဖြေမှာ ဤအရာကို ကျွန်ုပ် ပိုင်ဆိုင်ခြင်းမရှိပါ'ဟု ဖြစ်သည်။ အလားတူ ၎င်းတို့သည် 'အသင်သည် 'သောင်ဟီးဒ်'၏ အကြောင်းအရာများနှင့် ကုရ်အာန်ကျမ်းတော်မြတ်ကို တစ်စုံတစ်ရာ ပြောင်းလဲမှုပြုပေးပါလျှင် ကျွန်ုပ်တို့သည် အသင့်အား ရစူလ်တမန်တော်ဖြစ်ကြောင်း လက်ခံကြပါမည်'ဟု ပြောဆိုသော စကားများကို တုန့်ပြန်ဖြေကြားရာတွင်) အသင်သည် ပြောကြားပါလေ။ (အကယ်၍ ကျွန်ုပ်သည် ဤအတိုင်း ပြုမိခဲ့ပါလျှင်) ငါ့အား အလ္လာဟ်အသျှင်မြတ် (၏ အပြစ်ဒဏ်) မှ မည်သူမျှ ကယ်တင်နိုင်မည်မဟုတ်ပေ။ ထို့ပြင် ငါသည် ထိုအသျှင်မြတ် (ထံတော်) မှတစ်ပါး မည်သည့်ခိုလှုံရာ (နေရာ) ကိုမျှ တွေ့ရှိနိုင်မည်မဟုတ်ပေ။

(ဆိုလိုသည်မှာ ငါ့အား ကယ်တင်နိုင်သူလည်း ရှိမည်မဟုတ်ပေ။ ငါ၏ ရှာဖွေမှုဖြင့်လည်း ရရှိနိုင်မည်မဟုတ်ပေ။ ကာဖိရ်တို့၏ ဤကဲ့သို့သော 'အဇာ:ဗ်'ကို အလျင်စလို တောင်းခံခြင်း၊ ကုရ်အာန်နှင့် သာသနာတော်ကို ပြောင်းလဲစေရန် ပြောဆိုသော စကားများနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာတို့၌ ဖော်ပြလာရှိထားသည်။ အထက်တွင်

لَا أَمْلِكُ لَكُمْ ضَرًّا وَّلَا رَشَدًا

ဟူသော အာယသ်တော်တွင် ကောင်းကျိုးနှင့် ဆိုးကျိုးကို မပိုင်ဆိုင်ကြောင်း မိန့်ကြားထားသည်။ ရှေ့တွင် 'ရိစာလသ်' ရာထူးကို ခန့်အပ်တော်မူကြောင်း လာရှိထားသည်မှာ ကောင်းကျိုးနှင့် ဆိုးကျိုးကို ပိုင်ဆိုင်သူဖြစ်ခြင်းမှာ 'နဗူဝသ်'နှင့် မသက်ဆိုင်ပါချေ။ ထိုအရာမှာ မဖြစ်နိုင်သောအရာ ဖြစ်သည်။)

သို့ရာတွင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အမိန့်တော်များ ပို့ဆောင်ခြင်းနှင့် ထိုအသျှင်မြတ်၏ သတင်းပေးချက်များကို ပို့ဆောင်ခြင်းသာလျှင် ငါ၏ အလုပ်တာဝန်ဖြစ်သည်။ ထို့ပြင် (ရှေ့တွင် 'သောင်ဟီးဒ်'

နှင့် 'ရိစာလသ်' နှစ်မျိုးစလုံးနှင့် စပ်လျဉ်းသော အကြောင်းအရာ လာရှိသည်မှာ) မည်သူမဆို အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်တို့အား ဖီဆန်သည်ရှိသော် မုချကေန် ၄င်းတို့အဖို့ 'ဂျဟန္နမ်' ငရဲဘုံ၏ မီးသည် ရှိပေသည်။ ၄င်းတို့သည် ထို 'ဂျဟန္နမ်'ငရဲမီး၌ အမြဲထာဝရ နေထိုင်ကြရပေမည်။

(သို့တိုင်အောင်လည်း ကာဖိရ်တို့သည် ထိုအကြောင်းအရာတို့အားဖြင့်လည်း စူးရှသက်ဝင်ခြင်း မရှိကြပေ။ သို့သာမက မွတ်စ္စလင်မ်များကိုပင် သေးသိမ်သူများအဖြစ် ပြောင်းပြန်ယူဆနေကြသည်။ ထို့ပြင်

اَىُّ الْفَرِيْقَيْنِ خَيْرٌ مَّقَامًا وَّاَحْسَنُ نَدِيًّا

ဟု ပြောဆိုလေ့ရှိခဲ့ကြသည်။ ၄င်းတို့မှာ ဤအသိခေါင်းပါးခြင်းကို စွန့်လွှတ်ကြမည်မဟုတ်ပေ။)

နောက်ဆုံးတွင် ၄င်းတို့သည် မိမိတို့ ချိန်းဆိုခြင်းခံရသော ပြစ်ဒဏ်ကို တွေ့မြင်ကြရလေသောအခါ မည်သူ၏ ကူညီစောင်မသူသည် အားနည်းသည်ကိုလည်းကောင်း၊ မည်သူ၏ အုပ်စုသည် (အရေအတွက်အားဖြင့်) နည်းပါးသည်ကိုလည်းကောင်း မုချ သိရှိကြရပေလိမ့်မည်။

(ဆိုလိုသည်မှာ ကာဖိရ်များသာလျှင် ဤသို့ ဖြစ်ပေလိမ့်မည်။ ၄င်းတို့အဖို့ မည်သည့်အရာမျှ အသုံးဝင်မည်မဟုတ်ပေ။ သို့ဖြစ်ပေရာ 'ဂျမာအသ်အုပ်စု' ဟု ဆိုခြင်းမှာ အမိန့်နာခံသူ 'ဂျမာအသ်' အုပ်စုကို ဆိုလိုသည်။ 'နဆွရ်' ကူညီစောင်သူဟု ဆိုခြင်းမှာ အများဆုံး အကျိုးပြုသူမရှိခြင်းကို ဆိုလိုသည်။ ထို့ပြင် عَدَدًا 'အဒဒန်' ဟူသော စာလုံးမှာ အနိမ့်ဆုံးအကျိုးပြုသူမရှိခြင်းကို ဆိုလိုသည်။ ရှေ့တွင် 'ကေယာမသ်' နှင့် စပ်လျဉ်း၍ အမိန့်ရှိသည်မှာ ၄င်းတို့သည် 'ကေယာမသ်' ဆိုက်ရောက်မည့်အချိန်ကို ငြင်းပယ်သည့်ပုံသဏ္ဌာန်ဖြင့် မေးမြန်းကြသည်မှာ အို၊ နဗီတမန်တော်) အသင် ပြောကြားလိုက်ပါလေ။ (အချင်းတို့) အသင်တို့ ချိန်းဆိုခြင်းခံရသော နေ့သည် နီးကပ်လေသလော။ (သို့) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ထိုနေ့ကို အခွန့်ရှည်ကြသော ကာလအပိုင်းအခြား သတ်မှတ်၍ ထားတော်မူလေသလော ဆိုသည်ကို ငါသိတော်မူသည် မဟုတ်ပေ။

(သို့ရာတွင် အခြေအနေတိုင်း၌ ထိုနေ့သည် မုချ ဆိုက်ရောက်လာမည်ဖြစ်ပြီး ထိုနေ့ဆိုက်ရောက်မည့်နေ့၏ သတ်မှတ်ချက်ကို သိခြင်းမှာမူ အကွယ်၌သာ ဖြစ်ပေသည်။) အကွယ်ကို သိတော်မူသော အသျှင်မှာ ထို (အလ္လာဟ်) အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ (ဤအကွယ်ကို သိရှိခြင်းကို တစ်စုံတစ်ဦးအား အသိပေးရန်မှာ ကောင်းရာကောင်းကျိုး မဖြစ်နိုင်ပေ။) ထိုအသျှင်မြတ်သည် မိမိ၏ (ဤသို့သော) ဖုံးကွယ်လျက် ရှိသည့် အသိတော်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ သိစေတော်မူသည် မဟုတ်ပေ။

('ကေယာမသ်'နေ့ ဆိုက်ရောက်မည့် အတိအကျ အချိန်ကာလကို တစ်စုံတစ်ဦးအား အသိပေးခြင်းမှာ မည်သည့် ကောင်းရာကောင်းကျိုးမျှ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုအသိပညာသည် အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှုကို ရရှိစေသော 'နဗူဝသ်' ၏ အသိပညာနှင့် ပတ်သက်မှု မရှိသောကြောင့် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤသို့သော အကွယ်၌ ဖုံးကွယ်လျက်ရှိသော အသိပညာအား မည်သူ့ကိုမျှ ပေးတော်မမူခြင်း ဖြစ်သည်။)

သို့ရာတွင် ထိုအသျှင်မြတ်သည် မိမိနှစ်သက်သော ရစူလ်တမန်တော်တစ်ပါးအား (အကယ်၍ ဤသို့သော အသိပညာကို ပေးသနားတော်မူလိုပါက ထိုအသိပညာသည် 'နဗူဝသ်'၏ အသိပညာဖြင့် ဖြစ်စေ၊ ကြိုတင်ဟောကြားချက်များကဲ့သို့ 'နဗူဝသ်'ကို အတည်ပြုသော အသိပညာဖြင့် ဖြစ်စေ၊ အမိန့်တော်များကို ပို့ချသော အသိပညာကဲ့သို့သော 'နဗူဝသ်'၏ အကိုင်းအလက်များအရဖြစ်စေ အသိပေးတော်မူသည်မှာ) ဧကန်မုချ ထိုရစူလ်တမန်တော်၏ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း (ဆိုလိုသည်မှာ ဘက်ပေါင်းစုံတွင် 'ဝဟီ'ကျရောက်စဉ်အတွင်း) စောင့်ကြပ်သူ ဖရစ်ရှ်သာဟ်ကို စေလွှတ်တော်မူသည်။

(သို့မှသာ 'ဝဟီ' ကျရောက်သည့်နေရာ၌ ရှိုက်သွာန်များ သွားလာဖြတ်သန်းခြင်း မပြုနိုင်ပေမည်။ ထိုရှိုက်သွာန်တို့သည် 'ဝဟီ'ဗျာဒိတ်တော်ကို နားထောင်ပြီး အခြားတစ်နေရာ၌ သွားရောက်ပြောကြားခြင်း၊ (သို့) တစ်စုံတစ်ရာ ဒွိဟသံသယ စသည်များ ထည့်သွင်းခြင်းများ မပြုနိုင်စေရန် ဖြစ်သည်။ သို့ဖြစ်ပေရာ ကိုယ်တော်မြတ် ﷺ အတွက် ဤကဲ့သို့ စောင့်ကြပ်သော ဖရစ်ရှ်သာဟ်လေးပါးရှိသည်။ ရူဟွလ်မအာနီကျမ်း၌ ဤအတိုင်း လာရှိသည်။ ဤကဲ့သို့သော အစီအမံများ ပြုရခြင်းမှာ) သို့မှသာ (အပေါ်ယံအားဖြင့်) ထို ဖရစ်ရှ်သာဟ်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဗျာဒိတ်တော်များကို (ရစူလ်တမန်တော်ထံသို့တိုင် စောင့်ကြပ်၍) ပို့ဆောင်ခဲ့ကြသည်ကို ထိုအသျှင်မြတ် သိတော်မူစေရန် ဖြစ်သည်။ (ဤသို့ ပို့ဆောင်ရာတွင် တစ်စုံတစ်ဦးက ပါဝင်ပတ်သက်ခြင်းနှင့် ပြုပြင်ပြောင်းလဲမှုများ မရှိပေ။ ပို့ဆောင်သူမှာလည်း 'ဝဟီ'ပို့ဆောင်သော ဖရစ်ရှ်သာဟ်သာလျှင် ဖြစ်သည်။ သို့သော် အတူတကွ ပါဝင်ခြင်းကြောင့် စောင့်ကြပ်သော ဖရစ်ရှ်သာဟ်များကိုလည်း ပါဝင်ပတ်သက်မှုပြု၍ မိန့်ခြင်းဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်သည် ထို (စောင့်ကြပ်) သူတို့၏ အခြေအနေအရပ်ရပ်ကို ဝန်းရံလျက် ရှိတော်မူသည်။ (ထို့ကြောင့် ဤလုပ်ရပ်အတွက် အပြည့်အဝ ထိုက်တန်သော ဤအစောင့်အကြပ်များကို သတ်မှတ်တော်မူခြင်း ဖြစ်သည်) ထို့ပြင် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့၏ အရေအတွက်ကိုလည်း သိရှိတော်မူပြီး ဖြစ်သည်။

(သို့ဖြစ်ပေရာ 'ဝဟီ'၏ အစိတ်အပိုင်းများကို တစ်ပိုင်းစီပြုလုပ်၍ သိရှိတော်မူသည်။ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကာကွယ်စောင့်ရှောက်တော်မူသည်။ ဤနေရာ၌ သိရှိရသည်မှာ 'ကေယာမသ်' ဆိုက်ရောက်မည်ဟု သတ်မှတ်သော ကာလကို သိရှိခြင်းသည် 'နဗူဝသ်'၏ အသိပညာနှင့် မသက်ဆိုင်ပေ။ ထို့ကြောင့် ထိုအသိမရှိခြင်းသည် 'နဗူဝသ်' ၏ မှန်ကန်မှုနှင့်လည်း မဆန့်ကျင်ပေ။ သို့သော် 'နဗူဝသ်' ၏ အသိပညာကိုကား ချီးမြှင့်ခြင်း ခံရသည်သာ ဖြစ်သည်။ ချွတ်ချော်မှားယွင်းသည်ဟု သံသယမရှိသော ကိစ္စများနှင့် စပ်လျဉ်းသော အသိပညာများဖြင့် အသင်တို့သည် အကျိုးခံစားခွင့် ရှိသည်။ မလိုအပ်သော အပိုများကိုမူ စွန့်လွှတ်ကြရပေမည်။)

شان نزول အာယသ်တော်များ ကျရောက်လာခြင်း၏ အကြောင်းခံဖြစ်ရပ်

အာယသ်တော်များကို မဖွင့်ဆိုမီ ဖွင့်ဆိုခြင်း၌ လိုအပ်ချက်ဖြစ်ပေါ်လာမည့် အချို့ဖြစ်ရပ်များကို သိရှိထိုက်ပေသည်။

ပထမဖြစ်ရပ်

တမန်တော်မြတ် ﷺ အား စေလွှတ်ခြင်းမခံရမီက ရှိက်သွာန်များသည် မိုးကောင်းကင်အပေါ်သို့ ရောက်ရှိပြီး ဖရစ်ရှ်သာဟ်တို့၏ စကားများကို နားထောင်လေ့ ရှိခဲ့ကြသည်။ ကိုယ်တော်မြတ် ﷺ အား စေလွှတ်တော်မူပြီးသောအခါ ရှိက်သွာန်များမှာ မီးကြွပ္ပတ်ဖြင့် တားမြစ်ခြင်းခံရလေသည်။ ဤသို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းအရင်းကို လေ့လာစူးစမ်းရန် ဤဂျင်န်တို့သည် ကိုယ်တော်မြတ် ﷺ ထံတော်ပါးသို့ ရောက်ရှိလာခဲ့သည်။ ဤအကြောင်းသည် စူရာဟ် 'အဟ်ကားဖ်'တွင် လာရှိပြီးဖြစ်သည်။

ဒုတိယဖြစ်ရပ်

အမှောင်ခေတ်တွင် ဝေလေ့တစ်ခု ရှိခဲ့သည်မှာ ခရီးထွက်ရင်းမှ တောမြို့တစ်ခု (သို့) လျှိုမြောင်တောင်ကြားတစ်ခုခုသို့ ရောက်ရှိသည့်အခါ ဂျင်န်တို့၏ ခေါင်းဆောင်သည် ကျွန်ုပ်တို့အား ကူညီစောင့်ရှောက်ကြလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့်

اعوذ بعزيز هذا الو ادى من شر سفهاء قومه

ဟူ၍ ဆိုကြလေသည်။ ဆိုလိုသည်မှာ 'ကျွန်တော်မျိုးသည် ဤတော၏ ခေါင်းဆောင်၏ အသိဉာဏ်ခေါင်းပါးသော နောက်လိုက်တို့၏ အန္တရာယ်မှ လွတ်ကင်းရန် ဤတော၏ ခေါင်းဆောင်ထံ ခိုလှုံပါ၏' ဟု ဖြစ်သည်။

တတိယဖြစ်ရပ်

မက္ကာဟ်မြို့တွင် ကိုယ်တော်မြတ် ﷺ ၏ 'ဗဒ်ဒိုအာ' ဖြင့် ကပ်ဆိုက်ခဲ့သည်။ နှစ်ပေါင်းများစွာအထိ ဖြစ်ခဲ့သည်။

စတုတ္ထဖြစ်ရပ်

ကိုယ်တော်မြတ် ﷺ သည် အစ္စလာမ်သာသနာတော်၏ 'ဒအ်ဝဿ'ဖိတ်ခေါ်မှုကို စတင်ပြုလုပ်တော်မူသောအခါ ရန်သူကာဖိရ်တို့သည် ကိုယ်တော်မြတ် ﷺ အား ဆန့်ကျင်လျက် လူများစွာ စုရုံးခဲ့ကြသည်။

ပထမဖြစ်ရပ်နှစ်ခုသည် သဖ်စီးရ်ဒွုရ်ရေမန်ဆူးရ်ကျမ်းမှလည်းကောင်း၊ နောက်ဆုံးဖြစ်ရပ်နှစ်ခုမှာ သဖ်စီးရ်အိဗ်နေကစီးရ်ကျမ်းမှလည်းကောင်း ကောက်နုတ်တင်ပြခြင်းဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

نَفَرٌ مِّنَ الْجِنِّ တွင် نفر ဟူသော စာလုံးသည် (၃) မှ (၁၀) အထိဖြစ်သော အရေအတွက်အပေါ်၌ သုံးနှုန်းသော စာလုံးဖြစ်သည်။ ဤနေရာ၌ တင်ပြလာရှိသော 'ဂျင်န်' တို့နှင့် စပ်လျဉ်း၍ ဆင့်ပြန်ချက်၌ လာရှိသည်မှာ ၄င်းတို့၏ အရေအတွက်သည် (၉) ဦး ဖြစ်သည်။ နဆွီဗိုင်းန်တွင် နေထိုင်သူများ ဖြစ်ကြသည်'ဟူ၏။

'ဂျင်န်' တို့၏ ဇစ်မြစ်

جن 'ဂျင်န်'ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းတော်မူထားသော အဖန်ဆင်းခံများအနက် ခန္ဓာကိုယ်နှင့် ဝိညာဉ်ရှိပြီး လူသားများကဲ့သို့ ဦးနှောက်အသိဉာဏ်များလည်း ရှိကြသူများ ဖြစ်သည်။ သို့သော် ၄င်းတို့သည် လူတို့၏ မျက်လုံးများမှ ကွယ်ဝှက်နေကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် ၄င်းတို့၏ အမည်ကို 'ဂျင်န်' ဟု ထားရခြင်းဖြစ်သည်။ အကြောင်းမှာ 'ဂျင်န်'၏ တစ်လုံးချင်းအဓိပ္ပာယ်မှာ 'ဖုံးကွယ်နေသောအရာ' ဟု ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ၄င်းတို့အား ဖန်ဆင်းမှုတွင် အများဆုံးပါဝင်သည်မှာ မီးဖြစ်သည်။ လူသား၏ ဖန်ဆင်းမှုတွင် အများဆုံး ပါဝင်သည်မှာ မြေကြီးဖြစ်သကဲ့သို့ပင် ဖြစ်သည်။ ဤ 'ဂျင်န်'တို့၌လည်း လူသားများကဲ့သို့ ယောကျ်ားနှင့် မိန်းမများ ရှိကြသည်။ လူများကဲ့သို့ပင် ၄င်းတို့တွင်လည်း မျိုးဆက်ပွားခြင်း၊ မွေးဖွားခြင်းများ ရှိကြသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှိုက်သွာန်ဟု ခေါ်ဆိုခြင်းခံရသူများသည် ထို 'ဂျင်န်'များအနက်မှ ဆိုးသွမ်းသူတို့၏ အမည်ပင် ဖြစ်သည်။ 'ဂျင်န်'နှင့် ဖရစ်ရှ်သာဟ်များရှိခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်၏ ပြတ်သားခိုင်မာသော အထောက်အထားများအရ အတည်ဖြစ်ပေသည်။ ၄င်းတို့ကို ငြင်းပယ်လျှင် 'ကုဖွရ်' ဖြစ်သည်။ *[သဖ်စီးရ်မဇှဟရီကျမ်း]*

اُوحِىَ اِلَىَّ ဟူသော စာလုံးအားဖြင့် သိရှိသည်မှာ ဤဖြစ်ရပ်၌ 'ဂျင်န်'တို့အကြောင်း တင်ပြထားရာတွင် ကိုယ်တော်မြတ် ﷺ သည် ကုရ်အာန်ကို ကြားနာခဲ့သော 'ဂျင်န်'တို့ကို တွေ့မြင်တော်မူခြင်း မရှိခဲ့ပေ။ အလ္လာဟ်အသျှင်မြတ်သည် 'ဝဟီ'ဗျာဒိတ်တော်အားဖြင့် ကိုယ်တော်မြတ် ﷺ အား အသိပေးတော်မူခဲ့ခြင်း ဖြစ်သည်။

ဖြစ်ရပ်အပြည့်အစုံ

ဆွဟီးဟ်ဘိုခါရီနှင့် သိရ်မေဇီကျမ်း စသည်တို့၌ အိဗ်နေအဗ္ဗားစ် ؓ ၏ ဆင့်ပြန်ချက် လာရှိသည်မှာ ဤဖြစ်ရပ်တွင် တမန်တော်မြတ် ﷺ သည် 'ဂျင်န်' တို့အား ရည်ရွယ်လျက် ကုရ်အာန်ကို ဖတ်ကြားပြသတော်မူခြင်းမဟုတ်သည်သာမက ၄င်းတို့အား မြင်တွေ့တော်မူခြင်းလည်း မရှိခဲ့ပေ။ သို့သာမက ကိုယ်တော်မြတ် ﷺ သည် ဆွဟာဗာအချို့တို့နှင့်အတူ 'အုကားဇ်'ဈေးဘက်သို့ သွားတော်မူခဲ့စဉ်က ဖြစ်သည်။ ဤဖြစ်ရပ်သည် ရှိုက်သွာန်တို့အား မိုးကောင်းကင်မှ သတင်းများကို ကြားနာခြင်းအပေါ် မီးကျည်မီးခဲများဖြင့် ပစ်ပေါက်၍ တားမြစ်ခဲ့စဉ်က ဖြစ်ခဲ့သည်။ ထိုအခါ 'ဂျင်န်'တို့သည် အချင်းချင်း တိုင်ပင်ကြသည်မှာ "ကျွန်ုပ်တို့အား မိုးကောင်းကင်မှ သတင်းများ ကြားနာခြင်းကို တားမြစ်ပိတ်ပင်ခြင်းခံရမှု ဖြစ်ပေါ်သည့် ဖြစ်ရပ်သည် တိုက်ဆိုင်သော ဖြစ်ရပ်မဟုတ်ပါ။ ဤသို့ ဖြစ်ရပ်ဖြစ်ပေါ်ရန် အကြောင်းခံ ဖြစ်စေသော ဖြစ်ရပ်ဆန်းတစ်ခုသည် လောကတွင် ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဆိုကြပြီး ကမ္ဘာမြေ၏

အရှေ့၊ အနောက်နှင့် တောင်၊ မြောက်၊ လေးဘက်၊ လေးရပ်တွင် 'ဂျင်န်'အုပ်စုများ သွားကြကုန်၏။ ထို ဖြစ်ရပ်ဆန်းသည် မည်သည့်အရာဖြစ်သည်ကို လေ့လာကြရန်'' ဆုံးဖြတ်ခဲ့ကြသည်။ 'သဟာမဟ်' (ဟိဂျား၏ နယ်) သို့ စေလွှတ်ခြင်းခံရသော အုပ်စုသည် 'နခ်လဟ်'အရပ်သို့ ရောက်ရှိလေသော် ထိုနေ့၌ တမန်တော် မြတ် ﷺ သည် မိမိ၏ ဆွဟာဗာတို့နှင့်အတူ 'ဖွဂျရ်' နမာဇ်ကို 'ဂျမာအသ်'ဖြင့် ဝတ်ပြုနေတော်မူစဉ် ဖြစ်သည်။ ထို 'ဂျင်န်'အုပ်စုသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကြားနာကြရသောအခါ အချင်းချင်း၌ 'ကစမ်'များကို ကျိန်ဆိုလျက် ''အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်'၊ ကျွန်ုပ်တို့နှင့် မိုးကောင်းကင်၏ သတင်း များအကြား ပိတ်ပင်တားဆီးလိုက်သော အရာမှာ ဤကုရ်အာန်ပင် ဖြစ်သည်'' ဟု ဆိုကြလေသည်။ ထို 'ဂျင်န်'တို့သည် ထိုနေရာမှ လှည့်ပြန်လာကြပြီး မိမိတို့၏ အမျိုးသားများအား ဤဖြစ်ရပ်အကြောင်းစုံကို တင်ပြကြလေသည်။ ဤအကြောင်းကို ဤအာယသ်တော်များ၌

اِنَّا سَمِعۡنَا قُرۡاٰنًا عَجَبًا

ဟူ၍ လာရှိထားသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤဖြစ်ရပ်အလုံးစုံကို မိမိ၏ ရစူလ်တမန်တော် ﷺ အား ဤအာယသ်တော်များတွင် အသိပေးတော်မူထားသည်။

အဘူဿာလိဗ်ကွယ်လွန်ခြင်းနှင့် ကိုယ်တော်မြတ် ﷺ 'ဿာအိဖ်' မြို့သို့ ခရီးထွက်ခြင်းအကြောင်း

အဖွင့်ပညာရှင်အများစုတို့က မိန့်ဆိုသည်မှာ အဘူဿာလိဗ် ကွယ်လွန်ပြီးနောက် ကိုယ်တော်မြတ် ﷺ သည် မက္ကာဟ်မြို့တွင် ကူညီစောင့်မသူတစ်ဦးမျှ မရှိ ဖြစ်သွားခဲ့သည်။ သို့ဖြစ်ပေရာ ကိုယ်တော်မြတ် ﷺ သည် တစ်ကိုယ်တည်း 'ဿာအိဖ်'မြို့သို့ ခရီးထွက်တော်မူခဲ့သည်။ 'ဿာအိဖ်'ရှိ ဗနူဆကီးဖ်တို့ထံ တွင် မိမိ၏ အမျိုးသားများ၏ မတရားမှုများကို ရင်ဆိုင်ရန် အကူအညီများ ရရှိနိုင်ရေးအတွက် ရည်ရွယ် သော ခရီးစဉ်ဖြစ်သည်။ မိုဟမ္မဒ်ဗင်န်အိစ်ဟားက်၏ ဆင့်ပြန်ချက်တွင် လာရှိသည်မှာ တမန်တော်မြတ် ﷺ သည် 'ဿာအိဖ်'သို့ ရောက်ရှိတော်မူသောအခါ ဗနူဆကီးဖ်အမျိုးသားတို့၏ ခေါင်းဆောင်များ ဖြစ်ကြသော ညီအစ်ကို (၃) ဦးဖြစ်သည့် အုမိုင်၏ သား အဗ်ဒ်ယာလီးလ်စအူးဒ်နှင့် ဟဘီးဘ်တို့ထံ သွားရောက် တွေ့ဆုံခဲ့သည်။ ၎င်းတို့၏ အိမ်တွင် ကုရိုက်ရှ်အမျိုးသမီးတစ်ဦး ရှိသည်။ ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့ အား အစ္စလာမ်ဘက်သို့ ဖိတ်ခေါ်တော်မူခဲ့သည်။ ထို့နောက် မိမိ၏ အမျိုးသားများ၏ မတရားညှဉ်းပန်း နှိပ်စက်ခြင်းများအကြောင်းကို တင်ပြ၍ အကူအညီများ တောင်းခံတော်မူသည်။ သို့ရာတွင် ၎င်းတို့ (၃) ဦးသည် ရိုင်းစိုင်းစွာ တုန့်ပြန်ခဲ့ကြသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ အား မည်သည့်စကားမျှ ပြောဆို ခြင်း မပြုကြတော့ပေ။

တမန်တော်မြတ် ﷺ သည် ဗနူဆကီးဖ်အမျိုးသားတို့၏ ခေါင်းဆောင်များဖြစ်ကြသော ဤညီအစ်ကို (၃) ဦးအား ရည်မွန်သူများ ဖြစ်လိမ့်မည်ဟု ယူဆပြီး ၎င်းတို့ထံမှ ကောင်းသောအဖြေများ ကြားရလိမ့်

မည်ဟု မျှော်လင့်တောင့်တတော်မူခဲ့သည်။ ယခုအခါ ၄င်းတို့ထံမှလည်း မျှော်လင့်ချက် ကင်းမဲ့သွားရသည်ဖြစ်ရာ ကိုယ်တော်မြတ် ﷺ သည် ၄င်းတို့အား 'အကယ်၍ အသင်တို့သည် ကျွန်ုပ်အား မကူညီကြလျှင်လည်း အနည်းဆုံး ကျွန်ုပ် လာရောက်ခြင်းကို ကျွန်ုပ်၏ အမျိုးသားများထံ အသိမပေးကြပါနှင့်' ဟု မိန့်တော်မူလေသည်။ ၄င်း၏ အမျိုးသားများထံ သတင်းရရှိသွားပါလျှင် ပို၍ ဒုက္ခပေးမည်ကို ရည်ရွယ်ခြင်း ဖြစ်သည်။ သို့ရာတွင် ၄င်းတို့သည် ဤသည်ကိုလည်း နားမထောင်ဘဲ မိမိတို့အမျိုးသားများအနက် အသိဉာဏ်မဲ့သော ရိုင်းစိုင်းသူများနှင့် ကျွန်များကို ကိုယ်တော်မြတ် ﷺ ၏ နောက်သို့ လိုက်၍ ကိုယ်တော်မြတ် ﷺ အား ဆဲရေးမှုပြုခြင်းနှင့် ဟစ်အော်လှောင်ပြောင်ခြင်းများ ပြုကြစေရန် စေလွှတ်ခဲ့သည်။ ၄င်းတို့၏ ဟစ်အော်မှုများကြောင့် လူဆိုးလူမိုက်များစွာတို့ စုရုံးရောက်ရှိလာခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ၄င်းတို့၏ ဆိုးယုတ်ခြင်းများမှ လွတ်ကင်းရန် ဥယျာဉ်တစ်ခုအတွင်းသို့ ဝင်ရောက် ခိုလှုံခဲ့သည်။ ထိုဥယျာဉ်မှာ 'အွတ်ဗဟ်'နှင့် 'ရှိုင်ဗဟ်'ဟူသော ညီအစ်ကိုနှစ်ဦး ပိုင်ဆိုင်သော ဥယျာဉ်ဖြစ်သည်။ ထိုစဉ်က ၄င်းတို့နှစ်ဦးလည်း ထိုဥယျာဉ်၌ ရှိနေခဲ့ကြသည်။ ထိုအချိန်တွင် လူဆိုးလူမိုက်တို့သည် ကိုယ်တော်မြတ် ﷺ အားထား၍ ပြန်သွားကြလေသည်။ ကိုယ်တော်မြတ် ﷺ သည် စွန်ပလွံဥယျာဉ်၏ အရိပ်အောက်တွင် ထိုင်တော်မူလေသည်။ ထိုညီအစ်ကိုနှစ်ဦးမှာ ကိုယ်တော်မြတ် ﷺ အား ကြည့်နေကြသည်။ ၄င်းတို့၏ အမျိုးသားများ၏ လက်ဖြင့် ကိုယ်တော်မြတ် ﷺ သည် အဘယ်မျှ ဒုက္ခများ ရောက်ခဲ့ကြသည်ကိုလည်း တွေ့မြင်ကြရသည်။ ထိုအတောအတွင်း ဤမတရားသူတို့၏ အိမ်၌ ရှိသော ကုရိုက်ရှ် အမျိုးသမီးလည်း ရောက်ရှိလာသည်။ ကိုယ်တော်မြတ် ﷺ သည် သူမအား 'အသင်မ၏ ယောက္ခမဘက်မှ လူများသည် ကျွန်ုပ်အား အဘယ်ကြောင့် ရိုင်းစိုင်းသော ဆက်ဆံမှုများ ပြုခဲ့ကြပါသနည်း' ဟု မိန့်ကြားတော်မူလေသည်။

ဤဥယျာဉ်အတွင်း၌ တမန်တော်မြတ် ﷺ သည် အနည်းငယ် သက်သာရာရပြီးသောအခါ တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ် ထံတော်ပါး၌ ဒိုအာဆုမွန် တောင်းခံတော်မူလေသည်။ ဤဒိုအာ၏ စကားလုံးများမှာလည်း အံ့ဖွယ်သရဲ ဖြစ်ခဲ့သည်။ မည်သည့်နေရာတွင်မှ ကိုယ်တော်မြတ် ﷺ တောင်းခံခဲ့သည်ကို မတွေ့ရှိရသော စကားလုံးများ ဖြစ်သည်။ ဒိုအာမှာ-

اَللّٰهُمَّ اِنِّىْ اَشْكُوْ اِلَيْكَ ضُعْفَ قُوَّتِىْ وَقِلَّةَ حِيْلَتِىْ وَهَوَانِىْ عَلَى النَّاسِ وَاَنْتَ

اَرْحَمُ الرَّاحِمِيْنَ وَاَنْتَ رَبُّ الْمُسْتَضْعَفِيْنَ فَاَنْتَ رَبِّىْ اِلٰى مَنْ تَكِلُنِىْ اِلٰى بَعِيْدٍ

يَتَجَهَّمُنِىْ اَوْاِلٰى عَدُوٍّ مَلَّكْتَهٗ اَمْرِىْ اِنْ لَّمْ تَكُنْ سَاخِطًا عَلَىَّ فَلَا اُبَالِىْ وَلٰكِنَّ عَافِيَتَكَ

هِىَ اَوْسَعُ لِىْ اَعُوْذُ بِنُوْرِ وَجْهِكَ الَّذِىْ اَشْرَقَتْ لَهُ الظُّلُمَاتُ وَصَلُحَ عَلَيْهِ اَمْرُ الدُّنْيَا

وَالْاٰخِرَةِ مِنْ اَنْ تُنْزِلَ بِىْ غَضَبَكَ لَكَ الْعُتْبٰى حَتّٰى تَرْضٰى لَاحَوْلَ وَلَاقُوَّةَ اِلَّا بِكَ

အာဗိဟ္ဝာယ် ။ ။ အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးသည် အသျှင်မြတ်ထံတော်၌ မိမိ၏ အားအင်ချည့်နဲ့ခြင်းနှင့် နည်းပါးခြင်းကိုလည်းကောင်း၊ မိမိ၏ လုပ်ဆောင်ချက်များ မပြည့်ဝခြင်းကိုလည်းကောင်း၊ လူတို့၏ အမြင်တွင် မိမိ၏ အခြေအမြစ် မရှိခြင်းနှင့် သိက္ခာမရှိခြင်းတို့ကိုလည်းကောင်း လျှောက်ထားတိုင်တန်းပါ၏။ စင်စစ် အသျှင်မြတ်သည် သနားကရုဏာပြုသူတို့တွင် သနားကရုဏာပြုတော်မူဆုံး အသျှင်ဖြစ်တော်မူပါ၏။ ထို့ပြင် အသျှင်မြတ်သည် အားအင်ချည့်နဲ့သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်ဖြစ်တော်မူပါ၏။ အသျှင်မြတ်သည်သာလျှင် ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဖြစ်တော်မူပါ၏။ အသျှင်မြတ်သည် ကျွန်တော်မျိုးအား မည်သူ့ထံ လွှဲအပ်တော်မူပါသနည်း။ ကျွန်တော်မျိုးအား အန္တရာယ်ပြုမည့် အခြားသူစိမ်းတစ်ဦးထံ အပ်နှံတော်မူခြင်း ဖြစ်ပါသလား။ (သို့) အသျှင်မြတ်သည် ကျွန်တော်မျိုး၏ အရေးကိစ္စများကို ပိုင်ဆိုင်သော ရန်သူတစ်ဦးထံ၌ လွှဲအပ်တော်မူခြင်း ဖြစ်ပါသလား။ (အသျှင်မြတ် အလိုတော်ရှိသလို ပြုတော်မူပါ။) အကယ်၍ အသျှင်မြတ်သည် ကျွန်တော်မျိုးအပေါ် အမျက်တော် စူးရှတော်မူခြင်း မဖြစ်ပါက ကျွန်တော်မျိုးအဖို့ ဤအရာအားလုံးကိုလည်း ဂရုပြုမည်မဟုတ်ပါ။ သို့ရာတွင် အသျှင်မြတ်၏ ခွင့်လွှတ်ချမ်းသာ ပေးတော်မူခြင်းသည် ကျွန်တော်မျိုးအဖို့ အကောင်းဆုံးဖြစ်ပါသည်။ (ထိုခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူခြင်းကို ကျွန်တော်မျိုး တောင်းခံပါသည်။) ကျွန်တော်မျိုးသည် အမှောင်ဟူသရွေ့ကို လင်းဝင်းစေပြီး ထိုအလင်းရောင်အားဖြင့် လောကီနှင့် လောကုတ္တရာတို့၏ လုပ်ငန်းဆောင်တာအားလုံးကို ကောင်းမွန်စေသော အသျှင်မြတ်၏ ဇာတိတော်၏ 'နူရ်'ကို ကျွန်တော်မျိုးအပေါ် မိမိ၏ အမျက်တော် စူးရှခြင်းမှ ကင်းဝေးစေရန် ခိုလှုံပါ၏။ ကျွန်တော်မျိုး၏ အလုပ်တာဝန်မှာ အသျှင်မြတ်၏ နှစ်သက်မှု မရမချင်း အသျှင်မြတ်၏ နှစ်သက်မှုနှင့် ပျော်ရွှင်မှု၌သာ မွေ့လျော်ရန် ဖြစ်ပါသည်။ ကျွန်တော်မျိုးအဖို့ အသျှင်မြတ်၏ ကူညီစောင်မမှု မပါဘဲလျက် ကောင်းမှုတစ်စုံတစ်ရာ ပြုနိုင်စွမ်းနှင့် မကောင်းမှုများမှ ရှောင်ကြဉ်နိုင်ရန် စွမ်းအား မရှိပါ။ *[မဇ္ဇ်ဟရီကျမ်း]*

ရဗီအဟ်၏ သားနှစ်ဦးဖြစ်ကြသော အွသ်ဗဟ်နှင့် ရှိုင်ဗဟ်တို့သည် ဤအဖြစ်အပျက်ကို တွေ့မြင်ရလေသောအခါ ၎င်းတို့၏ စိတ်တွင် သနားကြင်နာစိတ်များ ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် အဒ်ဒါးစ်အမည်ရှိ နဆ္ဂရာနီ ကျွန်တစ်ဦးကို ခေါ်၍ 'စပျစ်သီးတစ်ခိုင် ယူပြီး လင်ပန်းတွင် ထည့်၍ ထိုသူ့ထံသွားပါ။ ထိုသူ့ကို စားရန် ပြောဆိုပါလေ' ဟု အမိန့်ပေးရာ ထိုသူသည် ၎င်းတို့ အမိန့်ပေးသည့်အတိုင်း စပျစ်ခိုင်ကို လင်ပန်း၌ ထည့်၍ ကိုယ်တော်မြတ် ﷺ ၏ ရှေ့၌ ချပေးလေသည်။ ကိုယ်တော်မြတ် ﷺ သည် 'ဗိစ်မိလ္လာဟ်'ဖတ်၍ ထိုသူ့ဘက်သို့ လက်ဆန့်တော်မူလေသည်။ အဒ်ဒါးစ်သည် ဤအချင်းအရာကို တွေ့မြင်ပြီး 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ဤ 'ဗိစ်မိလ္လာဟ်ဟိရ်ရ်မာနိရ်ရဟီးမ်' ဟူသော စကားလုံးကို ဤမြို့ရှိ လူများ ပြောဆိုသုံးနှုန်းခြင်း မရှိပါ'ဟု ပြောဆိုလေသည်။ တမန်တော်မြတ် ﷺ က ၎င်းအား 'အသင်သည် မည်သည့်ဒေသ၌ နေထိုင်သူဖြစ်ပြီး အသင်၏ သာသနာမှာ မည်သည့်သာသနာဖြစ်ပါသနည်း' ဟု မေးမြန်းတော်မူလေသည်။ ၎င်းက 'ကျွန်ုပ်သည် နဆ္ဂရာနီဖြစ်ပါသည်။ 'နိုင်နဝါ'ဒေသတွင် နေထိုင်သူ ဖြစ်ပါသည်'

ဟု ဖြေကြားလေသည်။ တမန်တော်မြတ် ﷺ က 'ဤသို့ဆိုလျှင် အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ကောင်းမြတ်သော ကျွန် ယူနွတ်စ်ဗင်န်မသာ ﷺ ၏ မြို့ရွာ၌ နေထိုင်သူဖြစ်သည်' ဟု မိန့်ဆိုလေသည်။ ၎င်းက 'အသင်သည် ယူနွတ်စ်ဗင်န်မသာ ﷺ ကို သိပါသလား' ဟု မေးရာ ကိုယ်တော်မြတ် ﷺ က '၎င်းသည် ကျွန်ုပ်၏ ညီနောင်တော် ဖြစ်ပါသည်။ အကြောင်းမှာ ၎င်းသည်လည်း အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော်တစ်ပါးဖြစ်ပြီး ကျွန်ုပ်သည်လည်း နဗီတမန်တော်ပင် ဖြစ်သောကြောင့်ပင် ဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။

ဤသည်ကို ကြားပြီး အဒ်ဒါးစ်သည် ကိုယ်တော်မြတ် ﷺ ၏ ခြေတော်၊ လက်တော်နှင့် ဦးခေါင်းတော်များကို နမ်းရှုတ်လေတော့သည်။ အွတ်ဗဟ်နှင့် ရှိုင်ဗဟ်တို့သည် ဤဖြစ်ရပ်ကို တွေ့မြင်နေကြသည်။ ထို့နောက် တစ်ဦးနှင့်တစ်ဦး 'ဤပုဂ္ဂိုလ်သည် ကျွန်ုပ်တို့၏ ကျွန်ကို ဖျက်ဆီးလိုက်ပေပြီ' ဟု ပြောဆိုနေကြသည်။ အဒ်ဒါးစ်သည် ၎င်းတို့ထံသို့ ပြန်လည်ရောက်ရှိလာသောအခါ ၎င်းတို့က 'အို၊ အဒ်ဒါးစ်၊ အသင်သည် ထိုပုဂ္ဂိုလ်၏ ခြေနှင့် လက်တို့ကို နမ်းရှုတ်ရသည်မှာ မည်သို့ ဖြစ်ရပါသနည်း' ဟု မေးကြလေရာ ၎င်းက 'အို၊ ကျွန်ုပ်၏ ခေါင်းဆောင်တို့၊ ဤအချိန်တွင် ဤကမ္ဘာမြေပေါ်၌ ထိုပုဂ္ဂိုလ်ထက် ပို၍ မြင့်မြတ်သူ မရှိပါ။ ၎င်းပုဂ္ဂိုလ်သည် ကျွန်ုပ်အား နဗီတမန်တော်များမှအပ မည်သူမျှ မပြောပြနိုင်သော အရာများကို ပြောပြခဲ့ပါသည်' ဟု ဖြေကြားလေသည်။ ထိုအခါ ၎င်းတို့နှစ်ဦးက 'အို၊ အသိတရား ခေါင်းပါးသူ၊ ဤစကားသည် မဟုတ်မမှန်သော စကားဖြစ်သည်။ ဤပုဂ္ဂိုလ်သည် အသင့်အား အသင်၏ သာသနာမှ လွှဲဖယ်နေခြင်း ဖြစ်သည်။ အကြောင်းမှာ အသင်၏ သာသနာမှာ မည်သို့ပင်ဖြစ်စေ၊ ၎င်း၏ သာသနာထက် ပို၍ ကောင်းသောကြောင့် ဖြစ်သည်' ဟု ပြောဆိုကြလေသည်။

ထို့နောက် တမန်တော်မြတ် ﷺ သည် ဆကီးဖ်မျိုးနွယ်ထံမှ ကောင်းခြင်းဟူသမျှတို့မှ မျှော်လင့်ချက်ကင်းမဲ့သွားပြီးနောက် သွာအိဖ်မှ မက္ကာဟ်သို့ လှည့်ပြန်တော်မူခဲ့သည်။ အပြန်ခရီးတွင် ကိုယ်တော်မြတ် ﷺ သည် 'နခ်လဟ်' အရပ်၌ ရပ်နားတော်မူလေသည်။ ည၏ နောက်ဆုံးယံ၌ 'သဟဂျ်ဂျုဒ်' နမာဇ် ဖတ်တော်မူလေသည်။ သို့ဖြစ်ပေရာ ယမန်နိုင်ငံ နဆွီဗိုင်းန်မှ 'ဂျင်န်' တို့၏ ဤအုပ်စုသည်လည်း 'နခ်လဟ်' ၌ ရောက်ရှိနေကြသည်ဖြစ်ရာ ၎င်းတို့သည် ကုရ်အာန်ကို ကြားနာကြရလေသည်။ ကုရ်အာန်ကို ကြားနာကြရပြီးနောက် ၎င်းတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြလေသည်။ ထို့နောက် မိမိတို့၏ အမျိုးသားများထံ လှည့်ပြန်သွားကြပြီး အဖြစ်အပျက်ကို တင်ပြကြလေသည်။ ဤအကြောင်းကို အလ္လာဟ်အသျှင်မြတ်သည် ဖော်ပြပါအာယသ်တော်များကို ပို့ချပေးတော်မူခဲ့လေသည်။ *[မဇ္ဇ်ဟရီကျမ်း]*

'ဂျင်န်' ဆွဟာဗီတစ်ပါး၏ ဖြစ်ရပ်

အိဗ်နေဂျောင်ဇီသည် 'ကိသာဗွဆ္ဆွဖ်ဝဟ်' ကျမ်းတွင် မိမိ၏ စနဒ်ဖြင့် ဟဇရသ်စဟလ်ဗင်န် အဗ်ဒွလ္လာဟ်ထံမှ ဆင့်ပြန်ခဲ့သည်မှာ ၎င်းသည် နေရာတစ်ခုတွင် 'ဗိုင်သွလ္လာဟ်' သို့ မျက်နှာမူ၍ နမာဇ်

ဝတ်ပြုနေသော အဖိုးအိုတစ်ဦးကို တွေ့ရှိရလေသည်။ ၄င်းသည် သိုးမွေးဖြင့် ချုပ်ထားသော 'ဂျုတ်ဗာဟ်' ကို ဝတ်ထားသဖြင့် အလွန်ကျက်သရေရှိကြောင်း သိရှိရလေသည်။ နမာဇ်ပြီးသောအခါ ဟဇရသ်စဟလ်က ပြောဆိုသည်မှာ ကျွန်ုပ်သည် ၄င်းအား စလာမ်ပေးခဲ့သည်။ ၄င်းသည် 'စလာမ်'ကို တုန့်ပြန်အဖြေပေးပြီး သောအခါ 'အသင်သည် ဤ 'ဂျုတ်ဗဟ်'၏ ကျက်သရေရှိမှုကို အံ့ဩနေပါသလား။ ဤ 'ဂျုတ်ဗာဟ်' သည် နှစ်ပေါင်း (၇၀၀) မှစ၍ ကျွန်ုပ်၏ ကိုယ်ပေါ်တွင် ရှိခဲ့သည်။ ဤ 'ဂျုတ်ဗဟ်'ဖြင့် ကျွန်ုပ်သည် ဟဇရသ်အီစာ ﷵ နှင့်လည်း တွေ့ဆုံခဲ့ရသည်။ တစ်ဖန် ဤ 'ဂျုတ်ဗာဟ်'ဖြင့်ပင် မိုဟမ္မဒ်မုဆ္ဖွဖာ ﷺ အားလည်း 'ဇေယာရသ်' ဖူးမျှော်ခဲ့ရသည်။ ကျွန်ုပ်သည် စူရာဟ်'ဂျင်န်'ကျရောက်ရန် အကြောင်းခံ ဖြစ်စေ ခဲ့သော 'ဂျင်န်'အုပ်စုအနက်မှ ဖြစ်သည်'ဟု ပြောပြလေသည်။ *[မဇ္ဇဟရီကျမ်း]*

ဟဒီးစ်ဆင့်ပြန်ချက်များတွင် ليلة الجن 'ဂျင်န်'တို့နှင့် တွေ့ဆုံသောည'၏ ဖြစ်ရပ်တွင် ဟဇရသ် အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သည် ကိုယ်တော်မြတ် ﷺ နှင့်အတူ လိုက်ပါလာခဲ့သည်'ဟု လာရှိသည်။ ထိုဖြစ်ရပ်တွင် ကိုယ်တော်မြတ် ﷺ သည် 'ဂျင်န်'တို့အား 'သဗ်လီးဂ်' (ပို့ချခြင်း) နှင့် 'ဒအ်ဝသ်' (ဖိတ်ခေါ် ခြင်း) ပြုရန် ရည်ရွယ်လျက် မက္ကာဟ်မြို့အနီးရှိ တောသို့ သွားရောက်ခြင်းနှင့် ကုရ်အာန်ကို ဖတ်ကြားပြသ တော်မူခြင်းအကြောင်း လာရှိသည်။ ထိုဖြစ်ရပ်မှာ ဤဖြစ်စဉ်ဖြစ်ပြီးနောက်မှ ဖြစ်ပေါ်ခဲ့ပြီး ၄င်းဖြစ်ရပ် အကြောင်းကို စူရာဟ်ဂျင်န်တွင် ဖော်ပြထားသည်။

အလ္လာမဟ်ခဖာဂျီ (ရဟ) က မိန့်ဆိုသည်မှာ စိတ်ချယုံကြည်ရသော ဟဒီးစ်တော်များအရ အတည် ဖြစ်သည်မှာ 'ဂျင်န်'အုပ်စုများသည် နဗီကိုယ်တော်မြတ် ﷺ ၏ ထံတော်တွင် (၆) ကြိမ် ဝင်ရောက်ခစား ခဲ့ကြသည်။ ထို့ကြောင့် ဤအကြောင်းအရာနှစ်ခုစလုံးတွင် မည်သည့်ဆန့်ကျင်ခြားနားမှုမျှ မရှိပေ။ အဘယ် ကြောင့်ဆိုသော် စူရာဟ်ဂျင်န်၌ လာရှိသော ဖြစ်ရပ်တွင် ကိုယ်တော်မြတ် ﷺ သည် 'ဝဟီ'ဖြင့် အသိပေး တော်မူခြင်း မရှိမချင်း 'ဂျင်န်'များ လာရောက်ခြင်းနှင့် ကုရ်အာန်ကြားနာခြင်းတို့ကို သိတော်မူခြင်း မရှိခဲ့ပေ။ ထို့ပြင် ဤ 'နခ်လဟ်'အရပ်၌ ဖြစ်ခဲ့သော ဖြစ်ရပ်သည် အခြားဆင့်ပြန်ချက်များအရ သိရှိရသည်မှာ မက္ကာဟ်မြို့အနီးတွင် ရှိသော တောတွင် ကိုယ်တော်မြတ် ﷺ သည် 'ဂျင်န်'တို့ကို အစ္စလာမ့်ဘက်သို့ ဖိတ်ခေါ် ခြင်းနှင့် ကုရ်အာန်ဖတ်ကြားပြသရန် ရည်ရွယ်လျက် ကြွမြန်းတော်မူခြင်းမှာ ဤဖြစ်ရပ်၏နောက်မှ ဖြစ်ခဲ့သော ဖြစ်ရပ် ဖြစ်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

وَاَنَّهٗ تَعٰلٰى جَدُّ رَبِّنَا

جَدّ ၏ အဓိပ္ပာယ်မှာ 'ဂုဏ်သိက္ခာတော်'ဟု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်အတွက် သုံးနှုန်းခြင်း ဖြစ်သည်။ تعالى جدّه ထိုအသျှင်မြတ်၏ ဂုဏ်သိက္ခာတော်သည် ကြီးကျယ်မြင့်မားတော်မူသည်ဟု ဖြစ်သည်။

ဤနေရာတွင် جدّه ၏ နာမ်စားကို လှည့်ရမည့်အစား ربّ ဟူသော စာလုံးကို ထင်ပေါ်စွာ သုံးနှုန်းထားသည်။ ဤသို့ သုံးနှုန်းခြင်းသည် ထိုဂုဏ်သိက္ခာကြီးမြတ်မှု၏ အထောက်အထားလည်း ဖြစ်သွား

သည်။ အကြောင်းမှာ အဖန်ဆင်းခံများကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အဖန်ဆင်းခံအားလုံးတို့ထံ ဂုဏ်သိက္ခာ ကြီးကျယ်မြင့်မြတ်ကြောင်း ထင်ရှားသောကြောင့် ဖြစ်သည်။

ဤအာယသ်တော်၌ وَاَنَّهٗ နှင့် ဆက်သွယ်မှုနှင့် သဒ္ဒါပညာအရ ပေါင်းစပ်ခြင်းတို့နှင့် စပ်လျဉ်း၍ အဖွင့်ရှင်တို့၏ အဆိုများမှာ ရှည်လျားသည်။ သာမန်လူတို့အဖို့ ဤအကြောင်းများမှာ မလိုအပ်ပါချေ။

وَاَنَّهٗ كَانَ يَقُوْلُ سَفِيْهُنَا عَلَى اللّٰهِ شَطَطًا ۙ وَاَنَّا
ظَنَنَّا اَنْ لَّنْ تَقُوْلَ الْاِنْسُ وَالْجِنُّ عَلَى اللّٰهِ كَذِبًا

شطط ၏ အဓိပ္ပာယ်မှာ 'ဦးနှောက်အတွေးအခေါ်အရ ဖြစ်နိုင်သောအရာနှင့် မတရားမှုပြုခြင်း' ဟု ဖြစ်သည်။ အလိုသဘောမှာ 'အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသော 'ဂျင်န်'တို့က ယခုအချိန်အထိ 'ရှရစ်က်' နှင့် 'ကုဖွရ်' ၌ နစ်မွန်းနေရခြင်းအကြောင်းကို တင်ပြကြသည်မှာ ကျွန်ုပ်တို့အမျိုးသားများအနက် အသိတရားခေါင်းပါးသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်သိက္ခာတော်နှင့် စပ်လျဉ်း၍ အခြေအမြစ်မရှိသော စကားများကို ပြောဆိုလေ့ ရှိခဲ့ကြပါသည်။ ထို့ပြင် ကျွန်ုပ်တို့အဖို့ လူသားတစ်ဦး (သို့) 'ဂျင်န်' တစ်ဦးသည် အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်း၍ မဟုတ်မမှန် စွပ်စွဲသော စကားများ ပြောဆိုခြင်း မပြုနိုင်ကြောင်း မထင်မိခဲ့ကြသည့်အတွက် ထိုအသိတရားခေါင်းပါးသူတို့၏ စကားတွင် နားယောင်မိခဲ့ကြပြီး ကျွန်ုပ်တို့သည် 'ကုဖွရ်'နှင့် 'ရှရစ်က်'လုပ်ရပ်များ၌ နစ်မွန်းခဲ့ကြရခြင်း ဖြစ်ပါသည်။ ယခု ကုရ်အာန်ကို ကြားနာရလေသောအခါ အမှန်တရားသည် ပွင့်ပေါ်လာခဲ့ပေပြီ' ဟု ဖြစ်သည်။

وَاَنَّهٗ كَانَ رِجَالٌ مِّنَ الْاِنْسِ يَعُوْذُوْنَ بِرِجَالٍ مِّنَ الْجِنِّ فَزَادُوْهُمْ رَهَقًا

ဤအာယသ်တော်တွင် မုအ်မင်န်ဂျင်န်တို့က တင်ပြကြသည်မှာ 'အမှောင်ခေတ်မှ လူသားများသည် တောတွင်းတစ်နေရာ၌ စခန်းချရပ်နားရန်ရှိလျှင် ထိုတော၏ ဂျင်န်များထံတွင် ခိုလှုံခွင့် တောင်းခံလေ့ ရှိခဲ့ကြသည်။ ထိုသို့ ပြုခြင်းအပေါ် ဂျင်န်တို့က 'ကျွန်ုပ်တို့သည် လူသားများထက်ပင် သာပို၍ မြတ်သူများ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် လူသားများသည်ပင် ကျွန်ုပ်တို့ထံ၌ ခိုလှုံခွင့် တောင်းခံကြသောကြောင့် ဖြစ်သည်'ဟု မှတ်ယူကြလေသည်။ ဤအချက်သည်ပင် 'ဂျင်န်'တို့အား လမ်းမှားရောက်ခြင်းကို ပို၍ တိုးပွားစေသော အချက် ဖြစ်ပေသည်။

ဟဇရသ်ရာဖိအ်ဗင်န်အုမိုင်ရ် ﷺ သခင်သည် 'ဂျင်န်'တို့၏ အကြောင်းခံဖြင့် အစ္စလာမ်သာသနာဝင် ဖြစ်လာရခြင်းအကြောင်း

သဗ်စီးရ်မဇ္ဇဟာရီကျမ်းတွင် လာရှိသည်မှာ 'ဟဝါသိဖွလ်ဂျင်န်'ကျမ်း၌ စနဒ်နှင့်တကွ ဟဇရသ်စအီးဒ်ဗင်န်ဂျုဗိုင်ရ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ ရာဖိအ်ဗင်န်အုမိုင်ရ်ဆွဟာဗီ ﷺ သည် မိမိအစ္စလာမ်သာသနာတော်ကို လက်မခံမီက အဖြစ်အပျက်တစ်ခုကို တစ်ဖက်ပါအတိုင်း တင်ပြခဲ့လေသည်။

"ကျွန်ုပ်သည် ညတစ်ညတွင် သဲကန္တာရတစ်ခု၌ ခရီးနှင်နေစဉ် ရုတ်တရက် အိပ်ချင်စိတ်က ကျွန်ုပ်အပေါ်၌ လွှမ်းမိုးလာသဖြင့် ကျွန်ုပ်သည် ကုလားအုတ်မအပေါ်တွင် အိပ်စက်လိုက်သည်။ မအိပ်မီ ကျွန်ုပ်သည် မိမိတို့ အမျိုးသားများ၏ ဓလေ့ထုံးစံအတိုင်း

اِنّى اَعُوْذُ بِعَظِيْمِ هٰذَا الْوَادِىِّ مِنَ الْجِنِّ

ဟူသော ခိုလှုံခွင့် စာပိုဒ်ကို ရွတ်ဆိုလိုက်သည်။ ဆိုလိုသည်မှာ 'ဤတော၏ ဂျင်န်တို့၏ ခေါင်းဆောင်ထံတွင် ကျွန်ုပ်သည် ခိုလှုံခွင့်တောင်းခံပါ၏'ဟု ဖြစ်သည်။ ကျွန်ုပ်သည် အိပ်မက်၌ မြင်မက်သည်မှာ 'လူတစ်ဦးသည် လက်တွင် လက်နက်တစ်ခုကို ကိုင်ဆောင်ထားပြီး ယင်းလက်နက်ကို ၎င်းသည် ကုလားအုတ်မ၏ ရင်ဘတ်ပေါ်တွင် တင်လိုသည်ကို တွေ့ရသောအခါ ကျွန်ုပ်သည် ကြောက်လန့်တကြား ထလိုက်သည်။ ထို့နောက် လေးဘက်လေးရံ ကြည့်ရှုလေရာ မည်သည့်အရာမျှ မတွေ့ရလေသောအခါ ကျွန်ုပ်၏ စိတ်တွင် 'ဤသည်မှာ ရှိုက်သွာန်၏ အတွေးအခေါ်များ ဖြစ်သည်။ အိပ်မက်အစစ်မဟုတ်ပါ' ဟု တွေး၍ တစ်ဖန် ပြန်အိပ်လိုက်သည်။ သို့ဖြင့် လုံး၀ အိပ်မောကျသွားခဲ့သည်။ သို့ဖြစ်ပေရာ တစ်ဖန် ပြန်၍ ၎င်းအိပ်မက်ကိုပင် မြင်မက်ပြန်သည်။ ကျွန်ုပ်သည် ပြန်၍ ထလိုက်သည်။ ထို့နောက် မိမိ၏ ကုလားအုတ်မ၏ လေးဘက်လေးရံကို လှည့်၍ ကြည့်ရာ မည်သည့်အရာကိုမျှ မတွေ့ရှိရပေ။ သို့သော် ကုလားအုတ်မကို ကြည့်လိုက်သောအခါ ကုလားအုတ်မမှာ တုန်တုန်ရီရီ ဖြစ်နေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်သည် ပြန်၍ မိမိနေရာ၌ အိပ်စက်လေရာ ထပ်မံ၍ ၎င်းအိပ်မက်ကိုပင် မြင်မက်ပြန်သည်။ ကျွန်ုပ် နိုး၍ ကြည့်လိုက်သောအခါ ကုလားအုတ်မမှာ တုန်ခါနေသည်ကို တွေ့မြင်ရလေသည်။ ထို့ပြင် လုလင်ပျိုတစ်ဦးကိုလည်း တွေ့ရသည်။ ၎င်း၏ လက်တွင် လက်နက်ကိုင်ဆောင်ထားသည်။ ဤလုလင်ပျိုမှာ အိပ်မက်၌ ကုလားအုတ်မကို ရန်ပြုရန် ကြိုးစားသည်ကို တွေ့မြင်ခဲ့ရသော လုလင်ပျိုဖြစ်သည်။ တစ်ဆက်တည်းမှာပင် အဖိုးအိုတစ်ဦးက ၎င်း၏ လက်ကို ဖမ်းဆုတ်ထားပြီး ကုလားအုတ်မကို ရန်မပြုရန် တားမြစ်နေသည်ကို တွေ့မြင်ရသည်။ ဤအတောအတွင်း 'တောလား' (၃) ကောင်သည် ရှေ့သို့ ရောက်ရှိလာသည်ကို တွေ့မြင်ရသည်။ ထိုအခါ အဘိုးအိုက ထိုလုလင်ပျိုအား 'အသင်သည် ဤတောလား (၃) ကောင်အနက် နှစ်သက်ရာတစ်ကောင်ကို ယူသွားပါ။ ဤသူ၏ ကုလားအုတ်မကိုမူ လွှတ်လိုက်ပါ'ဟု ပြောဆိုလေရာ လုလင်ပျိုသည် တောလားတစ်ကောင်ကို ယူ၍ ထွက်ခွာသွားလေသည်။ တစ်ဖန် ထိုအဘိုးအိုသည် ကျွန်ုပ်ဘက်သို့ လှည့်၍ 'အို, အသိတရားခေါင်းပါးသူ၊ အသင်သည် တောတစ်ခု၌ စခန်းချ ရပ်နားသည့်အခါ ထိုတောရှိ 'ဂျင်န်'နှင့် ရှိုက်သွာန်တို့အား စိုးရိမ်ရပါက

اعوذ بالله ربّ محمد من هول هذا الوادى

ဟု ရွတ်ဆိုပါလေ။ ဆိုလိုသည်မှာ 'ကျွန်တော်မျိုးသည် မိုဟမ္မဒ် ﷺ ၏ အသျှင်၏ ထံတော်တွင် ဤတော၏ ကြောက်မက်ဖွယ်ရာများနှင့် ဆိုးသွမ်းမှုတို့မှ လွတ်ကင်းရန် ခိုလှုံခွင့် တောင်းခံပါ၏' ဟု ဖြစ်သည်။ 'မည်သည့်ဂျင်န်၏ ထံတွင်မှ ခိုလှုံခွင့် မတောင်းခံလေနှင့်။ အကြောင်းမှာ လူသားတို့သည် ဂျင်န်တို့ ထံ၌ ခိုလှုံခွင့်တောင်းခံသော ခေတ်သည် ပြီးဆုံးသွားခဲ့ပြီး ဖြစ်သောကြောင့်ပင်' ဟု ပြောဆိုလေသည်။

M.H.SOE LIN (Mdy)

ကျွန်ုပ်က ၎င်းအား 'ထိုပုဂ္ဂိုလ်သည် မည်သူပါနည်း'ဟု မေးရာ ၎င်းက 'ဤပုဂ္ဂိုလ်သည် အရှေ့တိုင်းသားလည်း မဟုတ်။ အနောက်တိုင်းသားလည်းမဟုတ်။ အာရဗ် (အာရဗီ) လူမျိုး နဗီတမန်တော် ﷺ ဖြစ်ပြီး တနင်္လာနေ့၌ (ကမ္ဘာကို) စေလွှတ်ခြင်းခံရသူ ဖြစ်သည်' ဟု ပြောဆိုခဲ့လေသည်။ ကျွန်ုပ်က 'ဤနဗီတမန်တော်သည် အဘယ်၌ နေထိုင်ပါသနည်း'ဟု မေးရာ ၎င်းက 'ဤပုဂ္ဂိုလ်သည် 'ယဆ်ရဗ်'၌ နေထိုင်ပါသည်။ ထို 'ယဆ်ရဗ်'သည် စွန်ပလွံပင်တို့၏ မြို့ရွာဖြစ်သည်'ဟု ဖြေကြားလေသည်။ ကျွန်ုပ်သည် နံနက်မိုးသောက်သည်နှင့် မဒီနာသို့ သွားရာလမ်းကို ဦးတည်လိုက်သည်။ အစီးအနင်းကို အပြင်းမောင်းနှင်ခဲ့ရာ နောက်ဆုံးတွင် မဒီနာသို့ ရောက်ရှိလာခဲ့သည်။ တမန်တော်မြတ် ﷺ သည် ကျွန်ုပ်အား တွေ့မြင်လိုက်သည်နှင့် ကျွန်ုပ်က ကိုယ်တော့်အား တစ်စုံတစ်ရာ မလျှောက်တင်မီ ကျွန်ုပ်၏ အဖြစ်အပျက်အလုံးစုံကို မိန့်ကြားတော်မူလေသည်။ ထို့နောက် ကျွန်ုပ်အား အစ္စလာမ်သာသနာဘက်သို့ ဖိတ်ခေါ်တော်မူလေသည်။ ကျွန်ုပ်သည်လည်း မွတ်စ္စလင်မ် ဖြစ်သွားခဲ့လေသည်။"

စအီးဒ်ဗင်န်ဂျုဗိုင်ရ် ﷺ သခင်သည် ဤအထက်ပါဖြစ်ရပ်ကို တင်ပြပြီးနောက် မိန့်ဆိုသည်မှာ 'ကျွန်ုပ်တို့ထံတွင် ဤဖြစ်ရပ်နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏

وَاَنَّهٗ كَانَ رِجَالٌ مِّنَ الْاِنْسِ يَعُوْذُوْنَ بِرِجَالٍ مِّنَ الْجِنِّ

ဟူသော အာယသ်တော် ကျရောက်လာခဲ့သည်။

وَاَنَّا لَمَسْنَا السَّمَآءَ فَوَجَدْنٰهَا مُلِئَتْ حَرَسًا شَدِيْدًا وَّشُهُبًا

سَمَاء ဟူသော စာလုံးသည် အာရဗီအဘိဓါန်တွင် မိုးကောင်းကင်အတွက် သုံးနှုန်းထားသကဲ့သို့ တိမ်များအတွက်လည်း سَمَاء ဟူသော စာလုံးကို သုံးနှုန်းကြောင်းမှာ ကျော်ကြားပေသည်။ ဤနေရာတွင် سماء အလိုသဘောမှာ ဤတိမ်ကိုပင် ဆိုလိုကြောင်း ထင်ရှားပေသည်။

'ဂျင်န်' တို့သည် ကောင်းကင်သတင်းများ နားထောင်ရန်အတွက် တိမ်တိုက်များအထိသာ ရောက်ရှိကြပြီး မိုးကောင်းကင်အထိ ရောက်ရှိခြင်း မဟုတ်။

'ဂျင်န်'နှင့် ရှိုက်သွာန်တို့သည် ကောင်းကင်သတင်းများ နားထောင်ရန်အတွက် မိုးကောင်းကင်သို့ သွားရောက်ခြင်းဆိုသည်မှာ တိမ်တိုက်များအထိ သွားရောက်ခြင်းကိုသာ ဆိုလိုသည်။ ထိုတိမ်တိုက်များမှ ကောင်းကင်သတင်းများကို နားထောင်ကြခြင်း ဖြစ်သည်။ ဤအကြောင်း အထောက်အထားမှာ ဆွဟီးဟ်ဘိုခါရီကျမ်း၌ လာရှိသော ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၏ ဟဒီးစ်တော် ဖြစ်သည်။

ဟဒီးစ်တော်၏ စာလုံးများမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်။

قالت سمعت رسول الله ﷺ يقول انّ الملا ئكة تنزل فى العَنَان وهوالسحاب فتذكرالامرالذ ى قضى فىالسماء فتسترق الشّيا طين السمع فتسمعه فتتوجّه الى الكهّان فيكذبون معهامائه كذ بة من عند انفسهم

ဟဇရတ်အာအေရှာဟ် ﷽ သခင်မက မိန့်ဆိုသည်မှာ 'ကျွန်မသည် တမန်တော်မြတ် ﷺ ထံတော်မှ ကြားသိခဲ့ရသည်။ ဖရစ်ရှ်သာဟ်များသည် မိုးကောင်းကင်အစပ်သို့ ဆင်းသက်လာကြသည်။ ၎င်း၏ အဓိပ္ပာယ်မှာ တိမ်တိုက်များဟု ဖြစ်သည်။ ထိုတိမ်တိုက်များတွင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်က မိုးကောင်းကင်ပေါ်၌ စီရင်ဆုံးဖြတ် အမိန့်ချမှတ်တော်မူသည်များကို တင်ပြနေကြသည်။ ဤနေရာမှ ရှိုက်သွာန်များသည် ဤသတင်းများကို ခိုးယူကြသည်။ ထိုသတင်းများကို နားထောင်၍ 'ကာဟင်န်' (အနာဂတ်ဟောဆရာ) များထံ ယူဆောင်လာကြသည်။ ထိုယူဆောင်လာသည့် သတင်းများတွင် ၎င်းတို့သည် မိမိတို့ဘက်မှ မုသား (၁၀၀) ကို ရောနှော၍ ၎င်းတို့ကို ပြောပြကြခြင်း ဖြစ်သည်။ *[မဒ္ဒ်ဟရီကျမ်း]*

ထို့ပြင် ဆွဟီးဟ်ဘိုခါရီကျမ်း၌ပင် ဟဇရတ်အဗူဟူရိုင်ရာဟ် ﷽ သခင်၏ ဆင့်ပြန်ချက်အားဖြင့်လည်းကောင်း၊ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷽ သခင်၏ ဟဒီးစ်အားဖြင့်လည်းကောင်း သိရှိရသည်မှာ ဤဖြစ်ရပ်သည် မိုးကောင်းကင်များတွင်သာ ဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် အမိန့်တော်တစ်ရပ်ကို မိုးကောင်းကင်၌ ချမှတ်တော်မူသောအခါ ဖရစ်ရှ်သာဟ်အားလုံးတို့သည် အမိန့်တော်ကို နာခံသော ရည်ရွယ်ချက်ဖြင့် မိမိတို့၏ အတောင်များကို ရိုက်ခတ်ကြလေသည်။ ထို့နောက် အမိန့်တော်ချမှတ်ခြင်း ပြီးဆုံးသွားသည့်အခါ ၎င်းတို့က 'အသင်တို့၏ အသျှင်မြတ်သည် မည်သည့်အရာများ မိန့်ကြားတော်မူပါသနည်း'ဟူ၍ အချင်းချင်း ပြောဆိုတင်ပြမှုများ ပြုလုပ်ကြသည်။ ဤသို့ အချင်းချင်း မေးမြန်းဖြေကြား ပြောဆိုကြသည်တို့ကို ကောင်းကင်သတင်းများထံမှ လာရောက် ခိုးယူကြသည့် ရှိုက်သွာန်များသည် ကြားနာလျက် 'ကာဟင်န်' (အနာဂတ်ဟောဆရာ) များထံသို့ လိမ်ညာ မုသားများစွာကို ရောနှော၍ ပို့ဆောင်ကြသည်။ ဤအကြောင်းအရာသည် ဟဇရတ်အာအေရှာဟ် ﷽ သခင်မ၏ ဟဒီးစ်တော်နှင့် ဆန့်ကျင်ခြားနားမှု မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းအရာအားဖြင့် 'ရှိုက်သွာန်တို့သည် မိုးကောင်းကင်များတွင် သွားရောက်ပြီး ဤသတင်းများကို ခိုးယူကြသည်' ဟု အတည်မဖြစ်သည့်အပြင် ဤသတင်းများသည် ဦးစွာပထမ မိုးကောင်းကင်အထပ်များ၏ အဆင့်ဆင့်တွင် ဖရစ်ရှ်သာဟ်များအတွင်း ပြန့်နှံ့ခဲ့သည်။ ထို့နောက် ဖရစ်ရှ်သာဟ်တို့သည် ကောင်းကင်၏ အစပ်ဖြစ်သော တိမ်တိုက်များတွင် ရောက်ရှိကြပြီး ထိုအကြောင်းများကို ပြောဆိုတင်ပြကြသည်။ ဟဇရတ်အာအေရှာဟ် ﷽ သခင်မ၏ ဟဒီးစ်တော်၌ လာရှိသကဲ့သို့ ဤနေရာမှ ရှိုက်သွာန်တို့သည် သတင်းများကို ခိုးယူခြင်း ဖြစ်နိုင်သည်။ *[မဒ္ဒ်ဟရီကျမ်း]*

မည်သို့ပင်ဆိုစေ တမန်တော်မြတ် ﷺ အား စေလွှတ်တော်မမူမီက ရှိုက်သွာန်တို့သည် ကောင်းကင်သတင်းများကို နားထောင်၍ 'ကာဟင်န်' (အနာဂတ်ဟောဆရာ) များထံ ပို့ဆောင်သော အစဉ်အလာသည်

အတားအဆီးမရှိ ဖြစ်ခဲ့သည်။ ရှိုက်သွာန်တို့သည် တိမ်တိုက်များအထိ သွား၍ ဖရစ်ရှ်သာဟ်တို့၏ သတင်းများကို နားထောင်လေ့ ရှိခဲ့ကြသည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ အား စေလွှတ်တော်မူသောအခါ ကိုယ်တော်မြတ် ﷺ ထံ ပို့ဆောင်သော 'ဝဟီ' ဗျာဒိတ်တော်၏ လုံခြုံမှုအတွက် ရှိုက်သွာန်တစ်ဦးဦးသည် ဤသတင်းများကို ခိုးယူနားထောင်ရန် ရောက်ရှိလာပါက ထိုရှိုက်သွာန်ဘက်သို့ မီးကျည်မီးခဲများဖြင့် ပစ်ပေါက်၍ ၎င်းအား မောင်းနှင်ထုတ်ပြီး ဤသို့ သတင်းများ ခိုးယူနားထောင်သည့် အစဉ်အလာကို ပိတ်ပင်လိုက်ပြီ ဖြစ်သည်။ ဤသည်ပင် 'ဂျင်န်'နှင့် ရှိုက်သွာန်တို့အဖို့ သောကဖြစ်ရသော ဖြစ်ရပ်ဆန်းပင် ဖြစ်သည်။ ဤသည်ကို လေ့လာစုံစမ်းရန် လောက၏ အရှေ့နှင့် အနောက်ဘက်တို့တွင် 'ဂျင်န်'အုပ်စုများကို စေလွှတ်ခဲ့ကြခြင်း ဖြစ်သည်။ ထို့နောက် 'နခ်လဟ်'အရပ်တွင် ကိုယ်တော်မြတ် ﷺ ထံတော်မှ 'ဂျင်န်' အုပ်စုတစ်စုသည် ကုရ်အာန်ကို ကြားနာခြင်းနှင့် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသည့်အကြောင်း စူရာဟ် 'ဂျင်န်' ၌ မိန့်ကြားတင်ပြထားသည်။

شهاب ثاقب 'မီးကျည်မီးခဲ'သည် နဗီတမန်တော်မြတ် ﷺ မပွင့်မီအလျှင်က ရှိခဲ့သော်လည်း ၎င်းမီးကျည်မီးခဲများဖြင့် ရှိုက်သွာန်များအား မောင်းနှင်ထုတ်သည့် လုပ်ရပ်သည် ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယမှ စခဲ့ခြင်းဖြစ်ကြောင်း

ဤနေရာ၌ သံသယဖြစ်ပေါ်နိုင်သည်မှာ **شهاب ثاقب** 'မီးကျည်၊ မီးခဲ'တို့ကို 'ကြယ်ကြွေခြင်း' ဟုလည်းကောင်း၊ အာရဗီဘာသာတွင် **انقضاض الكوكب** (ကြယ်ကြွေခြင်း) ဟုလည်းကောင်း ကမ္ဘာ့ လူသားများထံတွင် ကျော်ကြားလျက် ရှိလာခဲ့သည်မှာ ကမ္ဘာလောကတွင် ရှေးပဝေသဏီမှပင် ဖြစ်ခဲ့သော အစဉ်အလာ ဖြစ်သည်။ ထို့ပြင် ဤအာယသ်တော်အားဖြင့် ဤသည် ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်' ၏ အခါသမယ၏ ထူးခြားမှုဖြစ်သည်ဟု ဆိုကြလေသည်။

၎င်း၏ အဖြေမှာ **شهاب ثاقب** 'မီးကျည်၊ မီးခဲ' ရှိခြင်းမှာ မူလကနဦးကပင် ဖြစ်သည်။ သိပ္ပံပညာရှင်များက 'ကမ္ဘာမြေပြင်မှ မီးခါတ်ရှိသော အရာများသည် မိုးကောင်းကင်ရှိ လေဟာပြင်သို့ ရောက်ရှိသွားကြပြီး တစ်ချိန်ချိန်တွင် မီးလောင်ပေါက်ကွဲသည်' ဟူသော အဆိုအရဖြစ်စေ၊ (သို့) 'ကြယ်တာရာနှင့် ဂြိုဟ်တစ်ခုခုမှ အဆိုပါမီးများ ထွက်လာခြင်းဖြစ်သည်'ဟူသော အဆိုအရဖြစ်စေ၊ ဤမီးကျည်မီးများသည် ကောင်းကင်တွင် အစကနဦးမှပင် ရှိခဲ့ပြီး ဖြစ်သည်။ မည်သို့ပင်ဆိုစေ ဤမီးကျည်မီးခဲများသည် ကမ္ဘာဦးအစကပင် ရှိခဲ့ကြောင်း သိရသည်။ သို့ရာတွင် ဤ 'မီးကျည်မီးခဲများဖြင့် ရှိုက်သွာန်များကို ပစ်ပေါက်၍ မောင်းနှင်ထုတ်သော လုပ်ရပ်'မှာမူ တမန်တော်မြတ် ﷺ အား နဗီအဖြစ် စေလွှတ်တော်မူသည်မှ စတင်ခဲ့ခြင်း ဖြစ်သည်။ သို့သော် မီးကျည်မီးခဲများ တွေ့မြင်ရတိုင်း ဤသို့ပြုခြင်းဟု ယူဆရန်လည်း အရေးမကြီးပါချေ။ ဤအကြောင်း အပြည့်အစုံ ရှင်းလင်းချက်သည် စူရာဟ် 'ဟိဂျ်ရ်'၏ သဖ်စီးရ်၌ လာရှိခဲ့ပြီးဖြစ်သည်။

اَنَّا لَا نَدۡرِیۡۤ اَشَرٌّ اُرِیۡدَ بِمَنۡ فِی الۡاَرۡضِ اَمۡ اَرَادَ بِهِمۡ رَبُّهُمۡ رَشَدًا

ဆိုလိုသည်မှာ 'ဂျင်န်နှင့် ရှိုက်သွာန်တို့အား ကောင်းကင်သတင်းများ ကြားနာခြင်းမှ တားဆီးပိတ်ပင်လိုက်ခြင်းဖြစ်သည်။ ဤသည်မှာ ကမ္ဘာမြေပြင်ပေါ်၌ ရှိသူတို့အား ကောင်းကင်သတင်းများ မရရှိစေရန် အပြစ်ပေးသည့် ပုံသဏ္ဌာန်လည်း ဖြစ်နိုင်သည်။ ထို့ပြင် ဤသို့ ပြုခြင်းသည် အလ္လာဟ်အသျှင်မြတ်က ထိုသူတို့အား 'ဟေဒါယသ်'ရရှိရန် အကြောင်းခံ ပြုတော်မူခြင်းလည်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် 'ဂျင်န်'နှင့် ရှိုက်သွာန်တို့သည် ကောင်းကင်မှ ကျရောက်သော 'ဝဟီ'ဗျာဒိတ်တော်နှင့် စပ်လျဉ်း၍ မည်သည့်နှောင့်ယှက်မှုမျှ မပြုနိုင်စေရန်ဖြစ်သည်။'

فَمَنۡ یُّؤۡمِنۡۢ بِرَبِّهٖ فَلَا یَخَافُ بَخۡسًا وَّلَا رَهَقًا

بَخۡسًا ၏ အဓိပ္ပာယ်မှာ အမှန်တရားကို အနည်းငယ်သာပေးခြင်းနှင့် အနည်းငယ်သာ ပြုလုပ်ခြင်းဟု ဖြစ်သည်။

رَهَق ၏ အဓိပ္ပာယ်မှာ 'သေးသိမ်ခြင်း'ဟု ဖြစ်သည်။ အလိုသဘောမှာ 'မည်သူမဆို အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင် ယုံကြည်ခဲ့ပါလျှင် ၎င်းသူ၏ အကျိုးကုသိုလ်တွင် တစ်စုံတစ်ရာ လျော့နည်းမှု မဖြစ်နိုင်ပေ။ ထို့ပြင် ထိုသူသည် တမလွန်တွင် မည်သည့်နိမ့်ကျသေးသိမ်မှုမျှလည်း ရောက်ရှိမည်မဟုတ်ပေ' ဟု ဖြစ်သည်။

وَاَنَّ الۡمَسٰجِدَ لِلّٰهِ فَلَا تَدۡعُوۡا مَعَ اللّٰهِ اَحَدًا

مَسَاجِد သည် **مَسۡجِد** ၏ ဗဟုဝစ်ကိန်းဖြစ်သည်။ ဤနေရာတွင် ဤစာလုံး၏ ကျော်ကြားသော အဓိပ္ပာယ်ကိုလည်း ယူနိုင်ပေသည်။ ဆိုလိုသည်မှာ နမာဇ်ဝတ်ပြုရန်အတွက် 'ဝကားဖ်'ပြုပေးခံရသော ဝတ်ပြုဆောင်များနှင့် ဗလီဟု ခေါ်တွင်သော နေရာဟူသရွေ့တို့ကို ဆိုလိုသည်။ ဤပုံစံတွင် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဗလီဝတ်ကျောင်းတော်အားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းအတွက်သာ ပြုလုပ်ထားသည်ဖြစ်ရာ အသင်တို့သည် ဗလီဝတ်ကျောင်းတော်များတွင် သွားရောက်ပြီး အလ္လာဟ်အသျှင်မြတ်မှအပ အခြားသူများထံတွင် အကူအညီတောင်းခံရန် ဟစ်ခေါ်တသခြင်း မပြုကြလေနှင့်ဟု ဖြစ်သည်။ ယဟူးဒ်နှင့် နဆွာရာတို့သည် မိမိတို့၏ ဝတ်ပြုကျောင်းများ၌ ဤ 'ရှရစ်က်'၏ လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသကဲ့သို့ အသင်တို့ မပြုကြလေနှင့်'ဟု ဆိုလိုခြင်းဖြစ်သည်။ ဗလီဝတ်ကျောင်းတော်များကို ပျက်ပြားသော ယုံကြည်ချက်နှင့် မှားယွင်းသော ကျင့်စဉ်များပြုလုပ်ခြင်းမှ သန့်ရှင်းစင်ကြယ်စွာ ထားကြရမည်ဖြစ်သည်။

ထို့ပြင် **مَسَاجِد** သည် **مسجد** ၏ ဗဟုဝစ်ကိန်းဖြစ်သည်။ 'စဂျ်ဒဟ်' ဟု အဓိပ္ပာယ်ရသည်။ သို့ဖြစ်ပေရာ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'စဂျ်ဒဟ်'ဦးချခြင်းဟူသရွေ့သည် အလ္လာဟ်အသျှင်မြတ်အတွက်

သာ သီးသန့်ဖြစ်သည်။ မည်သူမဆို အလ္လာဟ်အသျှင်မြတ်မှအပ အခြားသူတို့ကို အကူအညီတောင်းခံရန် ဟစ်ခေါ်တသခြင်းပြုပါမူ ထိုသူသည် ဤဟစ်အော်ခံရသူအား 'စဂျ်ဒဟ်'ပြုလုပ်ခြင်းသာ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားသူများကို 'စဂျ်ဒဟ်'ဦးချခြင်းမှ ရှောင်ကြဉ်ကြလေကုန်'ဟု ဖြစ်သည်။

ဓမ္မသတ် ။ ။ အိဂ်ျမာအေအုမ္မဒ်'အရ အလ္လာဟ်အသျှင်မြတ်မှအပ အခြားသူများကို 'စဂျ်ဒဟ်'ဦးချခြင်းမှာ 'ဟရာမ်'ဖြစ်သည်။ အချို့ပညာရှင်များထံတွင် 'ကုဖ္ဖရ်'ဖြစ်သည်။

قُلْ اِنْ اَدْرِيْٓ اَقَرِيْبٌ مَّا تُوْعَدُوْنَ اَمْ يَجْعَلُ لَهٗ رَبِّيْٓ اَمَدًا ـــ عٰلِمُ الْغَيْبِ

ဤအာယသ်တော်များအနက် ပထမအာယသ်တော်တွင်မူ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်မြတ် ﷺ အား ''အသင်သည် အသင့်အား 'ကေယာမသ်၏ သတ်မှတ်သော အချိန်ကာလကို ပြသပါ' ဟု အကြပ်ကိုင်နေသော ကာဖိရ်များအား 'ကေယာမသ်သည် မုချ ဆိုက်ရောက်လာမည်ဖြစ်ခြင်းနှင့် ထိုနေ့တွင် အပြစ်အစားပေးခြင်းနှင့် ကုသိုလ်အကျိုးများ အစားပေးခြင်းတို့မှာ မုချ ဖြစ်သည်။ သို့ရာတွင် ထိုနေ့ ဆိုက်ရောက်မည့် မှန်ကန်သော နေ့၊ ရက်နှင့် အချိန်တို့ကို အလ္လာဟ်အသျှင်မြတ်သည် မည်သူ့ကိုမျှ အသိပေးတော်မမူထားပေ။ ထို့ကြောင့် ထို 'ကေယာမသ်'နေ့သည် နီးကပ်လာလေပြီလား။ (သို့) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ထိုနေ့ကို ဝေးကွာသော ကာလတစ်ခုတွင် သတ်မှတ်တော်မူမည်ကို ငါမသိပါ'ဟု ပြောကြားပါလေ''ဟု မိန့်ကြားတော်မူခဲ့သည်။

ဒုတိယအာယသ်တော်၌ ၎င်း၏ အထောက်အထားကို မိန့်ကြားတော်မူသည်မှာ-

عٰلِمُ الْغَيْبِ فَلَا يُظْهِرُ غَيْبِهٖٓ اَحَدًا

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ကေယာမသ်၏ သတ်မှတ်သည့် အချိန်ကာလကို မသိရှိရခြင်းမှာ ငါသည် عالم الغيب အကွယ်ကို သိသူမဟုတ်သောကြောင့် ဖြစ်သည်။ ထိုမျှမက عالم الغيب အကွယ်ကို သိသူဖြစ်ခြင်းမှာ အလ္လာဟ်အသျှင်မြတ်အတွက် သီးသန့် ဂုဏ်တော်သာ ဖြစ်သည်။ ထို့ကြောင့် ထိုအသျှင်မြတ်သည် မိမိ၏ အကွယ်မှ အရာများကို မည်သူ့ကိုမျှ သိစွမ်းနိုင်သူအဖြစ် ပြုထားတော်မမူပေ။ ဤနေရာတွင် عالم الغيب ၌ ရှိသော الغيب ၏ ال 'အလိဖ်လာမ်' သည် استغراق جنس 'အိစ်သိဂ်ရာကေဂျင်န်စ်' အရာအားလုံးကို ခြုံငုံ၍ ပြောဆိုသော အဓိပ္ပာယ်ကို ဆောင်သော ال 'အလိဖ်လာမ်' ဖြစ်သည်။ ထို့ပြင် عَلٰى غَيْبِهٖ တွင် غيب ၏ ဆက်သွယ်မှုသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ပြုလုပ်ခြင်းသည်လည်း ဤအရာအားလုံးကို ခြုံငုံခြင်းနှင့် ပြည့်စုံကုံလုံမှုကို ထုတ်ဖော်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ အမျိုးအစားတစ်ခုချင်းတိုင်း၏ အကွယ်ကို သိခြင်းသည် အလ္လာဟ်အသျှင်မြတ်အတွက်သာ အထူးဖြစ်သော ဂုဏ်တော်ဖြစ်သည်။ ထိုသို့ဖြစ်ခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်သည် တစ်စုံတစ်ဦးအား ၎င်းသူ သိလိုသည့် အကွယ်မှအရာ သိစေနိုင်သော စွမ်းအားကို ချီးမြှင့်တော်မမူခြင်းဖြစ်သည်။

ဤအချက်သည် 'လောကအပေါင်းတွင် ရှိသော မည်သည့်သေးနုတ်သော အရာပင် ဖြစ်စေ၊ အကွယ်၌ မရှိဘဲ သိရှိသော 'အကွယ်မှ အရာဟူသရွေ့ကို သိရှိခြင်းသည် အလ္လာဟ်မှအပ အခြားသူများအဖို့ မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်အတွက်သာ ဖြစ်ကြောင်း တင်ပြရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့ရာတွင် အသိဉာဏ်မရှိသူတစ်ဦးအဖို့ သံသယပွားနိုင်သည်မှာ နဗီတမန်တော်မြတ် ﷺ အဖို့ မည်သည့်အကွယ်မှ အရာတို့ကို မသိရှိ' ဟုဆိုလျှင် နဗီကိုယ်တော်မြတ် ﷺ သည် မည်သို့ ရစူလ်တမန်တော် ဖြစ်ပါမည်နည်း'ဟု ဖြစ်သည်။ အကြောင်းမှာ ရစူ်တမန်တော်၏ ထံသို့ အလ္လာဟ်အသျှင်မြတ်သည် ထောင်ပေါင်းများစွာသော အကွယ်မှ အသိတို့ကို 'ဝဟီ'ဗျာဒိတ်တော်အားဖြင့် ပို့ဆောင်သိစေတော်မူသောကြောင့် ဖြစ်သည်။ အလ္လာဟ် အသျှင်မြတ်၏ 'ဝဟီ' ဗျာဒိတ်တော် ရရှိခြင်းမရှိသူကို 'ရစူလ်၊ နဗီ' ဟု မခေါ်ဆိုနိုင်ပေ။ ထို့ကြောင့် ရှေ့အာယသ်တော်တွင် မပါဝင်ကြောင်း ခွဲထုတ်ခြင်းတစ်ရပ်ကို မိန့်ကြားတော်မူထားသည်။

အကွယ်ကို သိရှိတော်မူခြင်းနှင့် အကွယ်မှ အရာများအကြောင်း သတင်းပေးခြင်းတို့တွင် ကွာခြားချက်

اِلَّا مَنِ ارْتَضٰى مِنْ رَّسُوْلٍ فَاِنَّهٗ يَسْلُكُ مِنْۢ بَيْنِ يَدَيْهِ وَمِنْ خَلْفِهٖ رَصَدًا

ဤမပါဝင်ကြောင်း ခွဲထုတ်ပြသခြင်းသည် ထိုအသိတရား ခေါင်းပါးသူတို့၏ သံသယများကို တုန့်ပြန်ချေပခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကွယ်၌ရှိသော အရာဟူသရွေ့ကို သိရှိမှု မရှိကြောင်းနှင့် အကွယ်တိုင်းကို လုံးဝ ဆိုလိုခြင်းမဟုတ်ကြောင်း ဖြစ်သည်။ ထိုမျှမက 'ရိစာလသ်' (ရစူလ်တမန်တော် ဖြစ်ခြင်း) ၏ ရာထူးအတွက် အကွယ်မှ အသိပညာများနှင့် အကွယ်မှ အရာတို့၏ အသိပညာတို့အနက် ရစူလ်တမန်တော်အဖို့ အသိပေးရန် အရေးကြီးသည်တို့ကို 'ဝဟီ'အားဖြင့် ချီးမြှင့်ပေးတော်မူသည်။ ထို့ပြင် ဤအသိပညာများ ချီးမြှင့်ရာတွင်လည်း ၎င်းတို့အပေါ်သို့ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ဝဟီ'ဗျာဒိတ်တော် တစ်စုံတစ်ရာ ပို့ချတော်မူသည့်အခါ ထို 'ဝဟီ'၏ ဘက်ပေါင်းစုံ၌ ဖရစ်ရှ်သာဟ်များ စောင့်ကြပ်လျက် ပို့ချပေးတော်မူခြင်း ဖြစ်သည်။ သို့မှသာ ရှိုက်သွာန်များသည် ဤ 'ဝဟီ'ဗျာဒိတ်တော်တွင် မည်သည့် နှောင့်ယှက်မှုမျှ မပြုနိုင်ကြမည် ဖြစ်သည်။ ဤနေရာတွင် မူလက رسول ဟူသော စာလုံးဖြင့် နဗီနှင့် ရစူလ်တို့ကိုသာ ချီးမြှင့်ခြင်းခံရသော အကွယ်မှ အသိပညာတို့ကို သတ်မှတ်ပေးခြင်း ဖြစ်သည်။ ထို့ပြင် ဤသည် ရှရီအသ်တရားတော်၏ အသိပညာများ အမိန့်တော်များအားလုံးနှင့် အကွယ်မှ အရာများ၏ အသိပညာ တို့ကို လိုအပ်သည့်အချိန် လိုအပ်သမျှ ချီးမြှင့်တော်မူခြင်းခံရသည်မှာ ထင်ရှားပေသည်။ ထို့ပြင် နဗီနှင့် ရစူလ်အား ချီးမြှင့်ခြင်းခံရသော အကွယ်မှ အသိပညာ၏ အမျိုးအစားအတွက် ရှေ့စာပိုဒ်တွင် သတ်မှတ်ပေး ထားသည်မှာ 'ထိုအသိပညာသည် ဖရစ်ရှ်သာဟ်များဖြင့် ပေးပို့ခြင်းခံရသည်။ ထို့ပြင် ထို 'ဝဟီ'ယူဆောင် လာသော ဖရစ်ရှ်သာဟ်၏ ဘေးဝန်းကျင်တွင် အခြားသော ဖရစ်ရှ်သာဟ်များလည်း စောင့်ကြပ်လိုက်ပါ လာသည်'ဟု ဖြစ်သည်။ ထိုအချက်အားဖြင့် ဤသို့ မပါဝင်ကြောင်း ခွဲထုတ်လိုက်ခြင်းကြောင့် အကွယ်မှ

အရာများကို သိခြင်းသည် နဗီနှင့် ရစူလ်တို့အတွက် အတည်ဖြစ်ပြီး ထိုအတည်ဖြစ်ခြင်းတွင် အချို့သာ သိရှိခြင်းနှင့် နဗီနှင့် ရစူလ်တမန်တော်တို့အဖို့ လိုအပ်ချက်ဖြစ်ပေါ်နေသော သီးသန့်အကွယ်မှ အသိတို့ ကိုသာ သိရှိကြခြင်းဖြစ်ကြောင်း ရှင်းလင်းသွားပေသည်။

ဤသို့ 'မပါဝင်ကြောင်း ခွဲထုတ်ခြင်း' သည် ဝေါဟာရစာလုံးများတွင် 'ဖြတ်တောက် ခွဲထုတ်ခြင်း'ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အရာဟူသရွေ့၏ အကွယ်ကို သိရှိခြင်း'ဟူသော အဓိက မိန့်ကြားချက်သည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမျှ မရှိကြောင်းကို ငြင်းဆိုခြင်းဖြစ်သည်။ ခွဲထုတ်ခြင်းတွင် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမျှ မပါချေ။ ထိုမျှသာမက အကွယ်မှ အရာဟူသရွေ့ကို သိရှိတော်မူကြောင်း သီးသန့်အထူးပြုဆိုခြင်းဖြစ်သည်။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် နေရာများစွာ၌ انباء الغيب ဟူသော စာလုံးဖြင့် ခိုင်းနှိုင်းတင်ပြထားသည်။

تِلْكَ اَنْبَآءُ الْغَيْبِ نُوْحِيْهَا اِلَيْكَ

အချို့အသိဉာဏ်မဲ့သူတို့သည် غيب နှင့် انباء الغيب ကို ခွဲခြားနားမလည်ကြပေ။ ထို့ကြောင့် ၎င်းတို့သည် နဗီတမန်တော်တို့ကိုလည်းကောင်း၊ အထူးသဖြင့် နဗီတမန်တော်ချုပ် မိုဟမ္မဒ် ﷺ ကိုလည်းကောင်း၊ အကွယ်မှ အရာဟူသရွေ့ကို သိရှိတော်မူသည်ဟု မှတ်ယူအတည်ပြုကြသည်။ ဤသည် ကိုယ်တော်မြတ် ﷺ အား အလ္လာဟ်အသျှင်မြတ်ကဲ့သို့ အကွယ်ကို သိတော်မူသော အရာဟူသရွေ့ကို သိတော်မူသည့် အသျှင်ဟု ပြောဆိုကြခြင်းပင် ဖြစ်သည်။ ဤသို့ ပြောဆိုမှတ်ယူခြင်းသည် ပွင့်လင်းသော 'ရှရစ်က်'တဖက်နှိုင်းယှဉ်ခြင်းနှင့် ရစူလ်တမန်တော်မြတ်အား အလ္လာဟ်အသျှင်မြတ်၏ အဆင့်သို့ ပို့ဆောင်လိုက်ခြင်း ဖြစ်သည်။ (နအူးဇုဗိလ္လာဟိမင်န်ဟု)

အကယ်၍ လူတစ်ဦးသည် မိမိ၏ လျှို့ဝှက်အကြံအစည်တစ်ခုကို မိမိ၏ မိတ်ဆွေအား ပြောပြလိုက်သည်။ ထိုအကြံအစည်မှာ မည်သူမျှပင် မသိသေးသော အကြံအစည်ဖြစ်လျှင် ကမ္ဘာလောကတွင် ထိုမိတ်ဆွေကို မည်သူကမျှ 'အကွယ်ကို သိရှိသူ' ဟု ပြောဆိုခြင်း မပြုနိုင်ပေ။ အလားတူ နဗီတမန်တော်တို့အဖို့ မရေမတွက်နိုင်သော အကွယ်ရှိ အရာများ၏ အသိပညာများကို 'ဝဟီ'ဗျာဒိတ်တော်အားဖြင့် အသိပေးခြင်းကို ၎င်းတို့အား အကွယ်ကို သိရှိကြသူများဟု ပြောဆိုခြင်းမပြုနိုင်သည်ကို ကောင်းစွာ မှတ်သားကြလေကုန်။

ဤအချက်နှစ်ချက်ကို ခွဲခြားနားမလည်သော ပညာမဲ့သူများ၏ ရှေ့တွင် 'တမန်တော်မြတ် ﷺ သည် عالم الغيب အကွယ်ကို သိသူမဟုတ်ပါ' ဟု ပြောဆိုမိပါလျှင် ၎င်းတို့သည် ဤစကား၏ အလိုသဘောကို 'ကိုယ်တော်မြတ်အဖို့ လောကတွင် မည်သူမျှ ပြောဆိုခြင်းမရှိသော၊ ပြောဆိုခြင်းမပြုနိုင်သော အရာတို့ကို မသိရှိသူဖြစ်သည်' ဟု ထင်မှတ်ကြလေသည်။ အကြောင်းမှာ ဤသို့သာဖြစ်လျှင် မုအ်မင်န်တစ်ဦးအဖို့ မဖြစ်သင့်သော 'နဗူဝသ်' နှင့် 'ရိစာလသ်' ကို ငြင်းဆိုခြင်း ဖြစ်သွားသောကြောင့်ပင် ဖြစ်သည်။ စူရာဟ်၏ နောက်ဆုံးတွင်

وَاَحۡصٰى كُلَّ شَىۡءٍ عَدَدًا

ဟု မိန့်ကြားတော်မူထားသည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ဇာတိတော်၏ အသိပညာတွင် အရာခပ်သိမ်းတို့၏ အရေအတွက်ကို သိရှိတော်မူသည်' ဟု ဖြစ်သည်။ ထိုအသျှင်မြတ်အဖို့ တောင်များအတွင်း၌ ရှိရှိသမျှသော အမှုန်အမွှားများ၏ အရေအတွက်ကိုလည်း သိတော်မူသည်။ လောကတစ်ခုလုံးရှိ ပင်လယ်သမုဒ္ဒရာများအတွင်း၌ ရှိသော ရေတို့၏ အစက်အပေါက်များ၏ အရေအတွက်သည် ထိုအသျှင်မြတ်၏ အသိတော်၌ ရှိပေသည်။ ဤအာယသ်တော်တွင် အကွယ်မှ အရာအားလုံး၏ အသိပညာသည် အလ္လာဟ်အသျှင်မြတ်နှင့် သီးသန့်ဖြစ်တော်မူကြောင်း ရှင်းလင်းထားသည်။ ဖော်ပြပါ ခွဲထုတ်ခြင်းအပေါ် လွဲမှားသော အသိမဖြစ်သင့်ပေ။ အကွယ်မှ အသိပညာ၏ အဓိပ္ပာယ်နှင့် ၄င်း၏ အမိန့်ပညတ်ချက်များ အကြောင်း စူရာဟ်နမ်လ်၏ အာယသ်တော်

قُل لَّا يَعۡلَمُ مَن فِى السَّمٰوٰتِ وَالۡاَرۡضِ الۡغَيۡبَ اِلَّا اللّٰهُ

တွင် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ် မုဇ်ဇမ်မိလ်

ကိုယ်ရုံခြုံထားသူ ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

يٰۤاَيُّهَا الۡمُزَّمِّلُ ۙ‏ ﴿۱﴾

၇၃ : ၁ ။ ။ အို၊ အဝတ်ခြုံထားသူ။

قُمِ الَّيۡلَ اِلَّا قَلِيۡلًا ۙ‏ ﴿۲﴾

၇၃ : ၂ ။ ။ အသင်သည် ညဉ့်၌ (ထ၍ 'ဆွလားသ်') ဝတ်ပြုပါလေ။ သို့ရာတွင် အနည်းငယ် (အနားယူ အိပ်စက်ပါလေ။)

نِّصۡفَهٗۤ اَوِ انۡقُصۡ مِنۡهُ قَلِيۡلًا ۙ﴿۳﴾

၇၃ : ၃ ။ ။ (သို့မဟုတ်) ညဉ့်ဝက်၊ သို့တည်းမဟုတ် ယင်းညဉ့်ဝက်ထက် အနည်းငယ်လျှော့၍။

اَوۡ زِدۡ عَلَيۡهِ وَرَتِّلِ الۡقُرۡاٰنَ تَرۡتِيۡلًا ؕ﴿۴﴾

၇၃ : ၄ ။ ။ သို့တည်းမဟုတ် ယင်းညဉ့်ဝက်ထက် ပို၍ (အနားယူအိပ်စက်ပါလေ။) ၄င်းပြင် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလွန်ကောင်းမွန်စွာ ကွဲပြားခြားနား ရှင်းလင်းပီသအောင် အေးအေးဆေးဆေး ဖြည်းဖြည်းမှန်မှန် ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ပါလေ။

اِنَّا سَنُلۡقِىۡ عَلَيۡكَ قَوۡلًا ثَقِيۡلًا ﴿۵﴾

၇၃ : ၅ ။ ။ ဧကန်အမှန် ငါအသျှင်မြတ်သည် အသင့်အပေါ်ဝယ် လေးလံသော အာယသ်တော်ကို မကြာမီပင် ချပေးတော်မူပေမည်။

اِنَّ نَاشِئَةَ الَّيۡلِ هِىَ اَشَدُّ وَطۡاً وَّاَقۡوَمُ قِيۡلًا ؕ﴿۶﴾

၇၃ : ၆ ။ ။ ဧကန်စင်စစ် ညဉ့်၌ (အိပ်ရာမှ) ထခြင်းသည် (ကိုယ်၊ နှုတ်၊ နှလုံးတို့ကို) ပိုမို၍ သင့်လျော်လျောက်ပတ်ခြင်း ဖြစ်စေသည်။ စကားပြောဆိုရာတွင် ပိုမို၍ပင် တိကျမှန်ကန်စေသည်။

اِنَّ لَكَ فِى النَّهَارِ سَبۡحًا طَوِيۡلًا ؕ﴿۷﴾

၇၃ : ၇ ။ ။ ဧကန်မလွဲ နေ့တွင် အသင့်၌ လုပ်ကိုင်ဆောင်ရွက်ရန် ကိစ္စ များပြားစွာ ရှိပေသည်။

وَاذۡكُرِ اسۡمَ رَبِّكَ وَتَبَتَّلۡ اِلَيۡهِ تَبۡتِيۡلًا ؕ﴿۸﴾

၇၃ : ၈ ။ ။ ၄င်းပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ နာမတော်ကို ရွတ်ဆိုတသပါလေ။ ထို့ပြင် အသင်သည် အနှောင်အဖွဲ့ဟူသမျှတို့ကို ဖြတ်တောက်၍ ထိုအသျှင်မြတ်ဘက်တော်သို့သာလျှင် အာရုံစူးစိုက်လျက် ရှိပါလေ။

رَبُّ الۡمَشۡرِقِ وَالۡمَغۡرِبِ لَاۤ اِلٰهَ اِلَّا هُوَ فَاتَّخِذۡهُ وَكِيۡلًا ﴿۹﴾

၇၃ : ၉ ။ ။ (ထိုအသျှင်မြတ်သည်) နေထွက်ရာအရပ်ကိုလည်းကောင်း၊ နေဝင်ရာအရပ်ကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ထိုအသျှင်မြတ်ကိုသာလျှင် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်မြတ်အဖြစ် ရွေးချယ်ပါလေ။

وَاصْبِرْ عَلٰى مَا يَقُوْلُوْنَ وَاهْجُرْهُمْ هَجْرًا جَمِيْلًا ﴿١٠﴾

၇၃ : ၁၀ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့၏ ပြောဆိုချက်များနှင့် စပ်လျဉ်း၍ သည်းခံနေပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့ထံမှ ကောင်းမွန်လှပစွာ ကင်းလွတ်၍ နေပါလေ။ ၎င်းတို့အား (ကောင်းမွန်စွာ) စွန့်ထားပါလေ။

وَذَرْنِيْ وَالْمُكَذِّبِيْنَ اُولِى النَّعْمَةِ وَمَهِّلْهُمْ قَلِيْلًا ﴿١١﴾

၇၃ : ၁၁ ။ ။ ၎င်းပြင် အသင်သည် ငါအသျှင်မြတ်အားလည်းကောင်း၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော စည်းစိမ်ရှင်တို့အားလည်းကောင်း လွတ်ထားကြပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့အား အနည်းငယ် ရွှေဆိုင်း၍ ထားပါလေ။

اِنَّ لَدَيْنَآ اَنْكَالًا وَّجَحِيْمًا ﴿١٢﴾

၇၃ : ၁၂ ။ ။ စကန်မလွဲ ငါအသျှင်မြတ်၏ ထံတော်သို့ သံခြေကျင်းများသည်လည်းကောင်း၊ 'ဂျဟန္နမ်' ငရဲဘုံသည်လည်းကောင်း။

وَّطَعَامًا ذَا غُصَّةٍ وَّعَذَابًا اَلِيْمًا ﴿١٣﴾

၇၃ : ၁၃ ။ ။ လည်မျို၌ တစ်ဆို့၍ နေမည်ဖြစ်သော အစားအစာသည်လည်းကောင်း၊ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်လည်းကောင်း ရှိ၏။

يَوْمَ تَرْجُفُ الْاَرْضُ وَالْجِبَالُ وَكَانَتِ الْجِبَالُ كَثِيْبًا مَّهِيْلًا ﴿١٤﴾

၇၃ : ၁၄ ။ ။ အကြင်နေ့တွင် (ထိုနေ့တွင်) ကမ္ဘာမြေသည်လည်းကောင်း၊ တောင်များသည်လည်းကောင်း တုန်လှုပ်သွားကြပေမည်။ ထို့ပြင် တောင်များသည် သဲလျား လွင့်ပါးလျက် ရှိသော သဲသောင်များပင် ဖြစ်သွားကြပေမည်။

اِنَّآ اَرْسَلْنَآ اِلَيْكُمْ رَسُوْلًا ۙ شَاهِدًا عَلَيْكُمْ كَمَآ اَرْسَلْنَآ اِلٰى فِرْعَوْنَ رَسُوْلًا ﴿١٥﴾

၇၃ : ၁၅ ။ ။ စကန်စင်စစ် ငါအသျှင်မြတ်သည် ဖိရ်အောင်နှံထံသို့ ရစူလ်တမန်တော်တစ်ပါးအား စေလွှတ်တော်မူဘိသကဲ့သို့ပင် အသင်တို့ထံသို့လည်း ရစူလ်တမန်တော်တစ်ပါးအား အသင်တို့ပေါ်၌ သက်သေအဖြစ် စေလွှတ်တော်မူ၏။

فَعَصٰى فِرْعَوْنُ الرَّسُوْلَ فَاَخَذْنٰهُ اَخْذًا وَّبِيْلًا ﴿١٦﴾

၇၃ : ၁၆ ။ ။ ထိုအခါ ဖိရ်အောင်နှံသည် ထိုရစူလ်တမန်တော်အား ဖီဆန်ခဲ့ရာ၊ ငါအသျှင်မြတ်သည် ၎င်းအား ပြင်းထန်စွာ ဖမ်းဆီးအရေးယူတော်မူခဲ့၏။

فَكَيْفَ تَتَّقُوْنَ اِنْ كَفَرْتُمْ يَوْمًا يَّجْعَلُ الْوِلْدَانَ شِيْبًا ۝١٧

၇၃ : ၁၇ ॥ ॥ သို့ဖြစ်ပေရာ အသင်တို့သည် အကြင်နေ့ (၏ ဘေးဒုက္ခ) မှ မည်ကဲ့သို့ ကင်းလွတ်ကြမည်နည်း။ထိုနေ့သည် ကလေးသူငယ်တို့အား ဇရာအိုများအဖြစ်သို့ပင် ရောက်စေမည်။

اِۨلسَّمَآءُ مُنْفَطِرٌۢ بِهٖ ۭ كَانَ وَعْدُهٗ مَفْعُوْلًا ۝١٨

၇၃ : ၁၈ ॥ ॥ မိုးကောင်းကင်မှာလည်း ယင်းနေ့ (၏ ပြင်းထန်သော အဟုန်) ကြောင့် အက်ကွဲသွားပေမည်။ ထိုအသျှင်မြတ်၏ ချိန်းဆိုချက်မှာ ပြီးမြောက်အောင် ဆောင်ရွက်ပြီးဖြစ်သည်သာ ဖြစ်၏။

اِنَّ هٰذِهٖ تَذْكِرَةٌ ۚ فَمَنْ شَآءَ اتَّخَذَ اِلٰى رَبِّهٖ سَبِيْلًا ۝١٩

၇၃ : ၁၉ ॥ ॥ ဧကန်မလွဲ ဤ (အာယသ်တော်များ) သည် အဆုံးအမတရားတော် (များ) ပင် ဖြစ်၏။ သို့ဖြစ်ပေရာ အလိုရှိသောသူသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ (သွားရာ) လမ်းကို ရွေးချယ်ရာ၏။

اِنَّ رَبَّكَ يَعْلَمُ اَنَّكَ تَقُوْمُ اَدْنٰى مِنْ ثُلُثَيِ الَّيْلِ وَنِصْفَهٗ
وَثُلُثَهٗ وَطَاۗىِٕفَةٌ مِّنَ الَّذِيْنَ مَعَكَ ۭ وَاللّٰهُ يُقَدِّرُ الَّيْلَ
وَالنَّهَارَ ۭ عَلِمَ اَنْ لَّنْ تُحْصُوْهُ فَتَابَ عَلَيْكُمْ فَاقْرَءُوْا
مَا تَيَسَّرَ مِنَ الْقُرْاٰنِ ۭ عَلِمَ اَنْ سَيَكُوْنُ مِنْكُمْ مَّرْضٰى ۙ
وَاٰخَرُوْنَ يَضْرِبُوْنَ فِي الْاَرْضِ يَبْتَغُوْنَ مِنْ فَضْلِ اللّٰهِ ۙ
وَاٰخَرُوْنَ يُقَاتِلُوْنَ فِيْ سَبِيْلِ اللّٰهِ ڮ فَاقْرَءُوْا مَا تَيَسَّرَ
مِنْهُ ۙ وَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَاَقْرِضُوا اللّٰهَ قَرْضًا
حَسَنًا ۭ وَمَا تُقَدِّمُوْا لِاَنْفُسِكُمْ مِّنْ خَيْرٍ تَجِدُوْهُ عِنْدَ اللّٰهِ
هُوَ خَيْرًا وَّاَعْظَمَ اَجْرًا ۭ وَاسْتَغْفِرُوا اللّٰهَ ۭ
اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝٢٠

၇၃ : ၂၀ ॥ ॥ (အို၊ နဗီတမန်တော်) ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင့်အားလည်းကောင်း၊ အသင်နှင့်အတူ ရှိကြသော သူတို့အနက်မှ လူတစ်စုအားလည်းကောင်း ရံဖန်ရံခါ ညဉ့်၏ သုံးပုံနှစ်ပုံ

နီးခန့်၊ ရဲဖန်ရဲခါ ညဥ့်ဝက်၊ ရဲဖန်ရဲခါ ညဥ့်၏ သုံးပုံတစ်ပုံ ရပ်ကြသည်ကို သိရှိတော်မူ၏။ စင်စစ် အလ္လာဟ်အရှင်မြတ်သည်သာလျှင် ညဥ့်ကိုသော်လည်းကောင်း၊ နေ့ကိုသော်လည်းကောင်း (တိကျစွာ) တိုင်းတာ သတ်မှတ်နိုင်တော်မူ၏။ ကေန်စင်စစ် အသင်တို့သည် ယင်း (ညဥ့်၏ အချိန်ကာလ အစိတ်အပိုင်း) ကို (သေချာကျနစွာ) ရေတွက်မှတ်သား စောင့်စည်းနိုင်ကြမည် မဟုတ်ကြောင်း၊ ထိုအရှင်မြတ်သည် သိရှိတော်မူသည်။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် အသင်တို့ဘက်သို့ ကရုဏာတော်နှင့် လှည့်တော်မူခဲ့၏။ သို့ဖြစ်သောကြောင့် အသင်တို့သည် ('ဆွလာ:သ်'အတွင်း၌) ၎င်းကုရ်အာန်ကျမ်းတော်မြတ်မှ လွယ်ကူစွာ ရွတ်ဖတ်နိုင်သမျှကို ရွတ်ဖတ်ကြလေကုန်။ အသင်တို့အနက် အချို့မှာ ရောဂါဝေဒနာ စွဲကပ်သူများ ဖြစ်ကြမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ အခြားသူတို့မှာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော စားနပ်ရိက္ခာကို ရှာဖွေရန် တိုင်းပြည်တွင် ခရီးသွားလာကြမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ အခြားသူတို့မှာ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ကြမည်ဖြစ်ကြောင်းကိုလည်းကောင်း သိရှိတော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ('ဆွလာ:သ်'ဝတ်ပြုရာတွင်) ယင်းကုရ်အာန်ကျမ်းတော်မြတ်မှ လွယ်ကူစွာ ရွတ်ဖတ်နိုင်သမျှကို ရွတ်ဖတ်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် 'ဆွလာ:သ်'ဝတ်ပြုမှုကို (စွဲမြဲစွာ) ဆောက်တည်ကြလေကုန်။ ထို့ပြင် 'ဇကာ:သ်' ပေးဆပ်ကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကောင်းမြတ်သော (စေတနာနှင့်) ချေးငှားကြလေကုန်။ စင်စစ် အသင်တို့သည် မည်သည့်ကောင်းမှုကိုမဆို မိမိတို့အကျိုးငှာ တင်ကြိုပို့နှင့်ကြပါလျှင်၊ ယင်းကောင်းမှုကို အလ္လာဟ်အရှင်မြတ်၏ ထံတော်၌ သာ၍ မွန်မြတ်သည်ကိုလည်းကောင်း၊ ကုသိုလ်အကျိုး အားဖြင့် ပို၍ ကြီးကျယ်သည်ကိုလည်းကောင်း အသင်တို့ တွေ့ကြရပေမည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံကြလေကုန်။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်မှာမူ အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အရှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ အဝတ်ခြုံထားသူ။ (ဤသို့ ကင်ပွန်းတပ်၍ ခေါ်ဝေါ်ရခြင်းမှာ 'နဗူဝသ်' ရရှိသည့် ခေတ်ဦးကာလတွင် ကုရိုက်ရှ်တို့သည် 'ဒါရွန်နဒ်ဝဟ်' မည်သော နေအိမ်တွင် စုရုံး၍ ကိုယ်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်မှာ ကိုယ်တော်မြတ် ﷺ ၏ အခြေအနေနှင့် ကိုက်ညီသော အမည်တစ်ခုကို ရွေးချယ် မှည့်ခေါ်သင့်သည်ဟူ၏။ ဤကိစ္စအတွက် အားလုံးမှာ တစ်ညီတစ်ညွတ်တည်း ဖြစ်သွားကြသည်။ အချို့က 'ကာဟင်န်' (အနာဂတ်ဟောဆရာ) ဟု ရွေးချယ်ကြသည်။ ဤသည်ကို အခြားသူများက ကန့်ကွက်ကြသည်။ အချို့က 'ရူးသွပ်သူ' ဟု ရွေးချယ်ကြသည်။ ဤသည်ကိုလည်း ကျန်သူအားလုံးက ပယ်ချခဲ့ကြသည်။ အချို့က မှော်ဆရာဟု ရွေးချယ်ကြသည်။ ဤသည်ကိုလည်း အချို့က ငြင်းဆိုကြသည်။ သို့ရာတွင် နောက်ဆုံး ဤမှော်ဆရာဆိုသည်ကိုပင် ရွေးချယ်ခဲ့ကြသည်။ မှော်ဆရာဟူသော အမည်ကို ရွေးချယ်ရခြင်းမှာ မိတ်ဆွေကို မိတ်ဆွေအဖြစ်မှ ကွဲကွာစေသောကြောင့် ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည် ဤသတင်းကို ကြားရပြီး သောက ဖြစ်ရလေသည်။ ကိုယ်တော်မြတ် ﷺ သည် သောကစိတ် ဖိစီး

ပြီး အဝတ်ခြုံ၍ နေလေတော့သည်။ များသောအားဖြင့် စဉ်းစား တွေးတောခြင်းနှင့် သောကဖြစ်ကြသည့် အခါ လူသားသည် ဤသို့သော အဖြစ်သို့ ရောက်ရှိသည့်သာ ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ ပျော်ရွှင်စေရန်အတွက် ဤအမည်ကို တပ်၍ ခေါ်တော်မူခြင်းဖြစ်သည်။ ဟဒီးစ်တော်တွင် ကိုယ်တော်မြတ် ﷺ သည် ဟဇရတ်အလီ ﷺ အား 'အဘူသုရားဗ်' ဟု ခေါ်ဝေါ်တော်မူသကဲ့သို့ ဖြစ်သည်။ အချုပ်မှာ 'ဤအချက်များအပေါ် သောကမဖြစ်လေနှင့်။ ထိုမှုမက အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ပို၍ စွဲမြဲစွာ အာရုံထားပါလေ' ဟု ကိုယ်တော်မြတ် ﷺ အား မိန့်ကြားထားတော်မူပေသည်။ အသင်သည် ညဉ့်၌ (ထ၍ နမာဇ် ဝတ်ပြုခြင်း၌) မတ်တတ်ရပ်ပါလေ။ သို့ရာတွင် အနည်းငယ် (အနားယူအိပ်စက်ပါလေ။ (သို့မဟုတ်) ညဉ့်ဝက်၊ သို့တည်းမဟုတ် ယင်းညဉ့်ဝက်ထက် အနည်းငယ်လျှော့၍ (ဆိုလိုသည်မှာ ညဝက်ထက် လျှော့၍ 'အေဗာဒသ်' ပြုခြင်း၌ နစ်မွန်းပါ။ ညဝက်ထက် ပို၍ အိပ်စက်အနားယူပါလေဟူ၏။ ဤညဝက်ထက် နည်း၍ဟု ဆိုခြင်းမှာည၏ သုံးပုံတစ်ပုံကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းကို အရှေ့၌ လာရှိနေသည့် အလ္လာဟ် အသျှင်မြတ် အမိန့်တော် وَثُلُثَهُ ဟူသော အာယသ်တော်အပိုဒ်ကို အခြေခံ၍ သိရှိရသည်။)

သို့တည်းမဟုတ် ယင်းညဝက်ထက် အနည်းငယ် တိုးပါလေ။ (ဆိုလိုသည်မှာ ညဝက်ထက် ပို၍ မတ်တတ်ရပ်ပါလေ။ ထို့ပြင် ညဝက်ထက်လျှော့၍ အနားယူအိပ်စက်ပါလေ။ ညဝက်ထက်ပိုခြင်း ဟူသည်မှာ (၃) ပုံ (၂) ပုံနီးပါးကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းကို အရှေ့၌ လာရှိနေသည့် အသျှင်မြတ်၏ အမိန့်တော်

أَدْنَىٰ مِن ثُلُثَيِ اللَّيْلِ

ဟူသော အာယသ်တော်အပိုဒ်ကို အခြေခံ၍ သိရှိရပေသည်။ အချုပ်မှာ ညအခါ ထ၍ ရပ်ခြင်းမှာမူ တာဝန်ပြု အမိန့်ပေးခြင်း ရှိထားသည့်အတွက် 'ဖွရဇ်' ဖြစ်သွားပေသည်။ သို့ရာတွင် ညအခါ ထ၍ ရပ်ခြင်း၏ ပမာဏနှင့် စပ်လျဉ်း၍ကား ပုံသဏ္ဌာန် (၃) မျိုး ပြဆိုထားသည်။ ညဝက်၊ည၏ (၃) ပုံ (၂) ပုံနှင့် ည၏ (၃) ပုံ (၁) ပုံတို့ ဖြစ်သည်။ ၎င်းပြင် အသင်သည် (ည၌ 'အေဗာဒသ်'ပြုရာတွင်) ကုရ်အာန် ကျမ်းတော်မြတ်ကို ကောင်းမွန်ပီသစွာ ရှင်းလင်းပြတ်သားစွာ ဌာန်ကရိဏ်းကျကျ ရွတ်ဖတ်ပါလေ။ (အက္ခရာ တစ်လုံးချင်းကို ပီပီပြင်ပြင် မှန်ကန်တိကျစွာ ဖတ်ရွတ်ခြင်းကို ဆိုလိုသည်။ ဤအမိန့်သည် နမာဇ်၏ ပြင်ပအတွက်လည်း ဖြစ်သည်။ အထူးမိန့်ကြားရခြင်းမှာ ညဉ့်နမာဇ်၏ အဆင့်အတန်းကို ထောက်ရှု၍ ဖြစ်သည်။ ရှေ့တွင် ညအခါ ရပ်ရန် အမိန့်ပေးရခြင်း၏ အကြောင်းခံနှင့် ကောင်းကျိုးများကို တင်ပြသည် မှာ) ဧကန်အမှန် ငါအသျှင်မြတ်သည် အသင့်အပေါ်၌ လေးလံသော အာယသ်တော်ကို မကြာမီပင် ချပေးတော်မူရန် ရှိသည်။ (ကုရ်အာန်ကျမ်းတော်မြတ်ကို ဆိုလိုခြင်းဖြစ်သည်။ ယင်းကျမ်းတော်မြတ် ကျရောက်ချိန်တွင် ကိုယ်တော်မြတ် ﷺ ၏ အခြေအနေကို ပြောင်းလဲစေသည်။ ဟဒီးစ်တော်များ၌ လာရှိသည်မှာ တစ်ခါက ကိုယ်တော်မြတ် ﷺ ၏ ပေါင်တော်သည် ဟဇရတ်ဇိုက်ဒ်ဗင်န်ဆာဗိသ် ﷺ သခင်၏ ပေါင်ပေါ်၌ ရှိနေစဉ် 'ဝဟီ'ကျရောက်လာလေရာ ဇိုက်ဒ်ဗင်န် ဆာဗိသ် ﷺ သခင်၏ ပေါင်မှာ ကျိုးမတတ် ဖြစ်ခဲ့ရသည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ သည် 'ဝဟီ' ကျရောက်စဉ် ကုလားအုတ်မအပေါ်၌ စီးနင်းလျက် ရှိတော်မူရာ

ကုလားအုတ်မသည် လည်ပင်းစိုက်ကျသွားပြီး မလှုပ်ရှားနိုင် ဖြစ်သွားခဲ့ရသည်။ ထို့ပြင် အလွန်ချမ်းအေးသော ဆောင်းရာသီတွင် ကိုယ်တော်မြတ် ﷺ သည် ချွေးဒီးဒီး ကျခဲ့ရသည်။ ထို့ပြင် ဤ 'ဝဟီ'ဗျာဒိတ်တော်အား ထိန်းသိမ်းရာ၌လည်းကောင်း၊ တစ်ဖန် လူတို့ထံသို့ ပို့ဆောင်ပေးရာ၌လည်းကောင်း ဒုက္ခများကို ခံစားရရန် ရှိသည်။ ဤအတွက်ကြောင့် ထိုမုက္ခပါဠ်တော်ကို လေးလံသော မုက္ခပါဠ်တော်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဆိုလိုသည့် ရည်ရွယ်ချက်မှာ ညအချိန် ရပ်ခြင်းကို လေးလံသည်ဟု မထင်မှတ်လေနှင့်။ ငါအသျှင်မြတ်သည် ဤသည်ထက် ပို၍ လေးလံသော အလုပ်များကို အသင့်ထံမှ ယူရန်ရှိသည်။ ညအခါ ထ၍ ရပ်ကာ 'အေဗာဒသ်'ပြုရန် အသင့်အား အမိန့်ပေးရခြင်းမှာ အသင်သည် စိတ်ဓါတ်ကြံ့ခိုင် သန်စွမ်းမှု အရည်အချင်းများ ရရှိစေသော ကြိုးပမ်းမှုကို ခံနိုင်ရည်ရှိသူ အလေ့အကျင့်ရသူ ဖြစ်သွားစေရန်အတွက်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် ဤလေးလံသော မုက္ခပါဠ်တော်ကို အသင့်အပေါ်၌ ချပေးတော်မူမည်ဖြစ်လေရာ ထိုလေးလံသော မုက္ခပါဠ်တော်ကို ထမ်းမရန်အတွက် မိမိ၏ အရည်အချင်းမှာ ကြံ့ခိုင်ရန် လိုအပ်သောကြောင့်ပင် ဖြစ်သည်။ ရှေ့တွင် ညအခါ ထ၍ ရပ်ခြင်း 'အေဗာဒသ်'ပြုခြင်းနှင့် စပ်လျဉ်း၍ ဒုတိယကြောင်းကျိုးတစ်ရပ်ကို တင်ပြတော်မူသည်မှာ) ဧကန်စင်စစ် ညအခါ နိုးထခြင်းသည် (စိတ်နှလုံးတို့ကို) ပိုမို၍ သင့်လျော်မှု ဖြစ်စေသည်။ ထို့ပြင် (ဒိုအာတောင်းခံရာတွင်လည်းကောင်း၊ 'ကိရာအသ်'ရွတ်ဖတ်ရာတွင်လည်းကောင်း၊ အပြင်ပိုင်းအရဖြစ်စေ၊ အတွင်းပိုင်းအရဖြစ်စေ) စကားပြောဆိုရာတွင်လည်း ပို၍ တိကျမှန်ကန်စေသည်။

(အပြင်ပိုင်းအရဟု ဆိုရာ၌ အားလပ်သော အချိန်ကို ဆိုလိုခြင်း ဖြစ်သည်။ ဒိုအာ၏ စကားလုံးများနှင့် 'ကိရအသ်'တို့ကို တည်ငြိမ်ကောင်းမွန်စွာ ဖတ်ရွတ်နိုင်သည်။ အတွင်းပိုင်အရဟု ဆိုရာ၌ စိတ်ဝင်စားမှု ရှိစေသည်။ စိတ်နှင့် နှုတ်လျှာတို့ တစ်ထပ်တည်းဖြစ်မှုဟူသည် ဤအလိုသဘောပင် ဖြစ်သည်။ ၎င်းမှာ အကြောင်းခံအချက်ဖြစ်ကြောင်းမှာ ပေါ်လွင်လှပေသည်။ အရှေ့၌ တတိယကြောင်းကျိုးတစ်ရပ်ကို တင်ပြထားသည်။ ယင်း၌ ညအချိန်ကို အထူးပြုထားရခြင်း၏ အမြော်အမြင်ကို တင်ပြသည်မှာ) ဧကန်မလွဲ နေ့တွင် အသင့်အဖို့ အလုပ်အကိုင်များ ဆောင်ရွက်ရန် ရှိပေသည်။ (အိမ်၏ စားဝတ်နေရေးကိစ္စများ ဖြစ်သော လောကီရေးကိစ္စများသည်လည်းကောင်း၊ 'သဗ်လီးဂ်' ပို့ချခြင်းဖြစ်သော သာသနာရေးကိစ္စများသည်လည်းကောင်း အလုပ်ကိစ္စများစွာ ရှိပေသည်။ ထို့ကြောင့် အထက်တင်ပြပါ အလုပ်များ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ညကို ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။)

၎င်းပြင် (ညအချိန် ထ၍ ရပ်ခြင်းအပြင် အခြားအချိန်များတွင်လည်း) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ နာမတော်ကို ရွတ်ဆိုတသလျက် ရှိနေပါလေ။ ထို့ပြင် အသင်သည် အနှောင်အဖွဲ့ဟူသမျှတို့ကို ဖြတ်တောက်၍ ထိုအသျှင်မြတ် ဘက်တော်သို့သာလျှင် အာရုံစူးစိုက်လျက် ရှိပါလေ။ (ဆိုလိုသည်မှာ 'သတိရတသခြင်းနှင့် ဖြတ်တောက်ခြင်းတို့သည် အချိန်တိုင်းအတွက် 'ဖွရဇ်' ဖြစ်သည်။ အနှောင်အဖွဲ့ကို ဖြတ်တောက်ခြင်း၏ အလိုသဘောမှာ ဖန်ဆင်းရှင်နှင့် ပတ်သက်ဆက်နွယ်မှုသည် အဖန်ဆင်းခံအားလုံးတို့၏ ပတ်သက်ဆက်နွယ်မှုထက် ပိုမိုများပြားနေရမည်'ဟု ဆိုလိုခြင်းဖြစ်သည်။

ရှေ့တွင် 'သောင်ဟီးဒ်'အလ္လာဟ်အသျှင်မြတ်သည်သာ ကိုးကွယ်ခံထိုက်သည့် အသျှင်ဖြစ်ခြင်း တရားနှင့်အတူ ထိုအကြောင်းကို လေးလေးနက်နက် ရှင်းလင်းထားသည်မှာ ထိုအသျှင်မြတ်သည်) နေထွက်ရာအရပ်ကို လည်းကောင်း၊ နေဝင်ရာအရပ်ကိုလည်းကောင်း စိုးပိုင်တော်မူသော အသျှင် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ အသင်သည် ထိုအသျှင်မြတ်ကိုသာလျှင် မိမိ၏ ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်မြတ်အဖြစ် ရွေးချယ်ပါလေ။

ထို့ပြင် အသင်သည် ၎င်းတို့၏ ပြောဆိုသမျှတို့နှင့် စပ်လျဉ်း၍ သည်းခံနေပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့နှင့် ကောင်းမွန်လှပစွာ ကင်းလွတ်အောင် နေပါလေ။ ('ကင်းလွတ်အောင်နေပါ' ဟု ဆိုသည်မှာ ၎င်းတို့နှင့် မည်သည့်ဆက်သွယ်မှုမျှ မထားရန် ဖြစ်သည်။ 'ကောင်းမွန်လှပစွာ'ဟု ဆိုသည်မှာ ၎င်းတို့ အကြောင်း တိုင်တန်းပြောဆိုခြင်းနှင့် လက်စားချေခြင်းတို့အတွက် သောကမထားလေနှင့်' ဟု ဆိုလိုခြင်း ဖြစ်သည်။)

၎င်းပြင် အသင်သည် (ရှေ့၌ ၎င်းတို့သည် 'အဇာဗ်'ခံစားကြရမည်ဖြစ်ကြောင်း သတင်းပေး ပြောကြားလျက် တမန်တော်မြတ် ﷺ အား နှစ်သိမ့်စကား ပြောကြားတော်မူသည်မှာ) ငါအသျှင်မြတ်အား လည်းကောင်း၊ ထိုမဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့အားလည်းကောင်း စည်းစိမ်ချမ်းသာနှင့် ရှိသူတို့အားလည်းကောင်း (လက်ရှိအခြေအနေအတိုင်း) စွန့်လွှတ်ထားကြပါလေ။ (ဤအတိုင်းပင် ရှိနေကြပါစေဟု ဖြစ်သည်။

فَذَرْنِي وَالْمُكَذِّبِينَ بِهَٰذَا الْحَدِيثِ

(သို့ဖြစ်ပေရာ အို၊ နဗီတမန်တော်၊ အသင်သည် ဤသည့် အာယသ်တော်ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူတို့အား ငါအသျှင်မြတ်နှင့်ပင် လွှတ်ထားပါလေ။) *[၆၈ : ၄၄]*

ဟူသော အာယသ်တော်၌ ၎င်း၏ ဖွင့်ဆိုချက်ကို တင်ပြခဲ့ပြီး ဖြစ်သည်။) ထို့ပြင် ၎င်းတို့အား ကာလအနည်းငယ်မျှ ရွှေ့ဆိုင်း၍ ထားပါလေ။ (ဤသည်မှာ သည်းခံခြင်းနှင့် စောင့်ဆိုင်းခြင်းကို ဆိုလိုသည်။ ဆိုလိုသည်မှာ ကာလအနည်းငယ်မျှ ထပ်မံ၍ သည်းခံမျိုသိပ်ပါလေ။ မကြာမြင့်မီအချိန်တွင် ၎င်းတို့ အဖို့ ပြစ်ဒဏ်သည် ဆိုက်ရောက်လာမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) စင်စစ်မလွဲ ငါအသျှင်မြတ် ၏ထံတော်တွင် သံခြေကျင်းများနှင့် 'ဂျဟန္နမ်' ငရဲဘုံသည် ရှိပေသည်။

ထို့ပြင် လည်မျို၌ တစ်ဆို့နေစေမည့် အစားအစာများသည်လည်းကောင်း၊ (ဤသည်

يَتَجَرَّعُهُ وَلَا يَكَادُ يُسِيغُهُ

(၎င်းသူသည် ယင်းပြည်ပုပ်ရေကို တစ်ကျိုက်စီ တစ်ကျိုက်စီ သောက်မြိုရပေမည်။ သို့ရာတွင် ၎င်းသူသည် ယင်းပြည်ပုပ်ရေကို လည်ချောင်းအောက် ခဲယဉ်းစွာ မျိုချရပေမည်။) *[၁၄ : ၁၇]*

ဟူသော အမိန့်တော်အတိုင်း ဖြစ်သည်။) ထို့ပြင် နာကျင်ဖွယ်ဖြစ်သော 'အဇာဗ်' ပြစ်ဒဏ်သည် လည်းကောင်း ရှိ၏။ (၎င်းတို့အား ဖော်ပြပါပြစ်ဒဏ်များဖြင့် အပြစ်ပေးမည်ဖြစ်သည်။ ထိုသို့ အပြစ်ပေး

မည့်နေ့မှာ) ထိုနေ့တွင် ကမ္ဘာမြေသည်လည်းကောင်း၊ တောင်များသည်လည်းကောင်း (တစ်စစီ တစ်စစီ ဖြစ်၍) သဲသောင်ပြင်များ ဖြစ်သွားကြပေမည်။ (ထို့နောက် လွင့်ပျံ၍ သွားကြပေမည်။ ရှေ့၌ ဖော်ပြပါ မဟုတ်မမှန်ဟု စွပ်စွဲငြင်းဆိုကြသူများကို ပြန်လည်သတိရစေရန်အတွက် မိန့်ကြားတော်မူထားသည်။ ယင်းနှင့်အတူ 'ရိစာလသ်'ကို အတည်ပြုခြင်းနှင့် ၎င်းတို့အား ခြိမ်းခြောက်သတိပေးခြင်းများလည်း ပါဝင်ပေသည်။ ဆိုလိုသည်မှာ) စင်စစ် ငါအသျှင်မြတ်သည် ဖိရ်အောင်န်ထံသို့ ရစူလ်တမန်တော်တစ်ပါးအား စေလွှတ်တော်မူဘိသကဲ့သို့ပင် အသင်တို့ထံသို့လည်း အသင်တို့အတွက် ('ကေယာမသ်'နေ့၌) သက်သေပြုပေးမည့် ရစူလ်တမန်တော်တစ်ပါးအား စေလွှတ်တော်မူခဲ့သည်။ (ထိုမဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းဆိုကြသူတို့သည် နဗီတမန်တော်တို့၏ တရားဒေသနာတော်များကို 'သဗ်လီးဂ်'ပို့ချခြင်း ပြုပြီးနောက်တွင် ၎င်းတို့အား မည်သို့ ဆက်ဆံခဲ့ကြသည်ကို သက်သေပြုပေးမည်ကို ဆိုလိုခြင်း ဖြစ်သည်။)

ထိုအခါ ဖိရ်အောင်န်သည် ထိုရစူလ်တမန်တော်အား ငြင်းပယ်ခဲ့ရာ ငါအသျှင်မြတ်သည် ၎င်းအား ပြင်းထန်စွာ အရေးယူတော်မူခဲ့သည်။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (လည်း ရစူလ်တမန်တော်ကို စေလွှတ်ပြီးနောက်တွင် သွေဖည်ခြင်းနှင့်) အမိန့်ဖီဆန်ခြင်း ပြုကြမည်ဆိုပါက (အလားတူ တစ်နေ့တွင် အသင်တို့သည်လည်း ဒုက္ခခံစားကြရပေမည်။ ထိုဒုက္ခခံစားရမည့် နေ့ရက်သည် မုချ ဆိုက်ရောက်လာမည် ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့သည်) ထိုနေ့ (၏ ဘေးဒုက္ခ) မှ မည်ကဲ့သို့ ကင်းလွတ်ကြမည်နည်း။ ထိုနေ့သည်ကား (မိမိ၏ ပြင်းထန်မှုနှင့် ရှည်လျား ကြာညောင်းခြင်းကြောင့်) ကလေးသူငယ်တို့အား ဇရာအိုများအဖြစ်သို့ပင် ရောက်စေသောနေ့ပင် ဖြစ်သည်။

(ထိုနေ့တွင်) မိုးကောင်းကင်မှာ အက်ကွဲသွားပေမည်။ စကန်မလွဲ ထိုအသျှင်မြတ်၏ ချိန်းဆိုချက်မှာကား မုချ ဖြစ်မြောက်မည်သာ ဖြစ်ပေသည်။ (ဤချိန်းဆိုချက် (ကတိတော်) သည် ပျက်ပြယ်သွားရန်မှာ မည်သို့မျှ ဖြစ်နိုင်ချေမရှိသော အချက်ပင်တည်း။) စကန်မလွဲ ဤ (အကြောင်းအရာများအားလုံး) သည် (ပြည့်စုံသော) ဆုံးမဩဝါဒတစ်ရပ် ဖြစ်သည်။ သို့ဖြစ်ပေရာ အလိုရှိသောသူသည် မိမိ၏ ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ သွားရာလမ်းကို ရွေးချယ်ရာ၏။

(ဆိုလိုသည်မှာ ထိုအသျှင်မြတ်ထံတော်သို့ ရောက်ရှိရန်အတွက် သာသနာတော်၏ လမ်းကို လက်ခံရမည်ဟု ဖြစ်သည်။ ရှေ့တွင် စူရာဟ်၏ အစ၌ ဖော်ပြခဲ့သော ညအချိန် ထ၍ ရပ်ခြင်း၏ 'ဖွရ်ဇ်' ဖြစ်ကြောင်းကို ပြန်လည်ပယ်ဖျက်ပေးခဲ့ကြောင်းကို တင်ပြထားသည်မှာ) စကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင့်အားလည်းကောင်း၊ အသင်နှင့်အတူ ရှိကြသော သူတို့အနက်မှ လူတစ်စုအားလည်းကောင်း အချို့သူတို့သည် (ရံဖန်ရံခါ) ည၏ သုံးပုံနှစ်ပုံ နီးခန့်၊ (ရံဖန်ရံခါ) ညဝက်၊ (ရံဖန်ရံခါ) ည၏ သုံးပုံတစ်ပုံ (နမာဇ်ဝတ်ပြုရန်) ရပ်ကြသည်ကို သိရှိတော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ညကိုသော်လည်းကောင်း၊ နေ့ကိုသော်လည်းကောင်း တိကျစွာ တိုင်းတာ သတ်မှတ်နိုင်တော်မူ၏။

ထို့ပြင် အသင်တို့သည် ထို (အချိန်၏ အတိုင်းအတာ) ပမာဏကို ရေတွက် မှတ်သားနိုင်ကြမည် မဟုတ်ကြောင်း၊ ထိုအသျှင်မြတ်သည် သိရှိတော်မူသည်။ (ထို့ကြောင့် အသင်တို့အဖို့ ပြင်းထန်သော ဒုက္ခများ ကျရောက်ကြခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခန့်မှန်းတိုင်းတာမှု ပြုရာတွင် လျော့နည်းသွားနိုင်သည်ဟု စိုးရိမ်မကင်း ဖြစ်ရှိနိုင်သည်။ ထို့ပြင် သတ်မှတ်ပြဋ္ဌာန်းထားသော အချိန်၏ အတိုင်းအတာ ပမာဏ တိကျပြည့်ဝရန်အတွက် ခန့်မှန်းခြေအားဖြင့် ပို၍ ပြုခြင်းနှင့် စပ်လျဉ်း၍ တစ်ညလုံးနီးပါး ကုန်ဆုံးမှု ဖြစ်သွားနိုင်ပေသည်။ ထိုအချက်နှစ်ချက်စလုံးတွင် ပြင်းထန်သော ဒုက္ခရှိသည်။ ဝိညာဉ်ပိုင်းအရလည်းကောင်း၊ ရုပ်ခန္ဓာအရလည်းကောင်း ပြင်းထန်သော ဒုက္ခရှိသည်။) သို့ဖြစ်ပေရာ (ထိုအကြောင်းတရားများအားဖြင့်) ထိုအသျှင်မြတ်သည် အသင်တို့၏ အခြေအနေအပေါ်၌ ကရုဏာပြုတော်မူခဲ့၏။ (ထို့ပြင် ဤအမိန့်၏အလျှင် အမိန့်ကို ရုပ်သိမ်းတော်မူခဲ့သည်။) သို့ဖြစ်ပေရာ (ယခုအခါ) အသင်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်မှ လွယ်ကူစွာ ရွတ်ဖတ်နိုင်သမျှကို ရွတ်ဖတ်ကြလေကုန်။ (ဤကုရ်အာန်ရွတ်ဖတ်ခြင်းဆိုသည်မှာ 'သဟဂျ်ဂျုဒ်နမာဇ်' ဖတ်ခြင်းကို ဆိုလိုသည်။ အကြောင်းမှာ နမာဇ်အတွင်း၌ ကုရ်အာန်ဖတ်ရွတ်ရသောကြောင့် ဖြစ်သည်။ ဤအမိန့်သည် 'မွတ်စ်သဟဗ်' ဖြစ်သည်။ အလိုသဘောမှာ 'သဟဂျ်ဂျုဒ်ဖွရဇ်' ဖြစ်ခြင်းသည် 'မန်ဆူးခ်' ရုပ်သိမ်းပြီးသော အမိန့် ဖြစ်သွားပေသည်။ လွယ်ကူမှုရှိလျှင်၊ အချိန်ရလျှင် 'မွတ်စ်သဟဗ်' ပုံသဏ္ဍာန်ဖြင့် ဖတ်လိုက ဖတ်ပါလေ' ဟု ဖြစ်သည်။ 'မန်ဆူးခ်' အမိန့်ရုပ်သိမ်းခံရခြင်း၏ အဓိကအကြောင်းခံမှာ ဒုက္ခဖြစ်ရခြင်း ဖြစ်သည်။ ၎င်းအချက်အပေါ်

عَلِمَ اَنْ لَّنْ تُحْصُوْهُ

(ဧကန်စင်စစ် အသင်တို့သည် ယင်းညဉ့်၏ အချိန်ကာလ အစိတ်အပိုင်းကို သေချာကျနစွာ ရေတွက် မှတ်သား စောင့်စည်းနိုင်ကြမည်မဟုတ်ကြောင်း၊ ထိုအသျှင်မြတ်သည် သိရှိတော်မူသည်။) *[၇၃ : ၂၀]*

ဟူသော အာယသ်တော်သည် ညွှန်းဆိုပြသ အတည်ပြုပေးလျက် ရှိသည်။ ၎င်း၏အလျှင် တင်ပြခဲ့သော အကြောင်းအရာများမှာ ၎င်း၏ နိဒါန်းဖြစ်သည်။ ရှေ့တွင် ထိုသို့ အမိန့်တော်ကို ပယ်ဖျက်ရုပ်သိမ်းရခြင်း 'မန်ဆူးခ်' ဖြစ်ရခြင်း၏ ဒုတိယအကြောင်းခံကို တင်ပြသည်မှာ) သို့ဖြစ်ပေရာ ထိုအသျှင်မြတ်အဖို့ အသင်တို့အနက် အချို့သူတို့သည် ရောဂါဝေဒနာသည် ဖြစ်ကြမည်ကိုလည်းကောင်း၊ ထို့ပြင် အချို့သူတို့သည် ရိဇ်ဇိရိက္ခာ ရှာဖွေရန် တိုင်း၊ ပြည်၊ အတွင်း၌ ခရီးသွားကြမည်ကိုလည်းကောင်း၊ ထို့ပြင် အချို့သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'ဂျိဟားဒ်' ပြု စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြမည်ဖြစ်ကြောင်းကိုလည်းကောင်း ထိုအသျှင်မြတ် သိရှိတော်မူ၏။ (ထို့ကြောင့်လည်း ဤအမိန့်ကို 'မန်ဆူးခ်' ပြု ရုပ်သိမ်း ပယ်ဖျက်ပေးတော်မူလိုက်ခြင်း ဖြစ်သည်။ အကြောင်းမှာ ဖော်ပြပါ အခြေအနေများတွင် 'သဟဂျ်ဂျုဒ်' နမာဇ်ကို စွဲမြဲစွာ ဖတ်နိုင်ရန်နှင့် ထို 'သဟဂျ်ဂျုဒ်' ၏ အချိန်များအတိုင်း ဖတ်နိုင်ရန်မှာ လွန်စွာ ခဲယဉ်းသောကြောင့် ဖြစ်သည်။) သို့ဖြစ်ပေရာ (ဤအတွက်ကြောင့်လည်း အသင်တို့အဖို့ ခွင့်ပြုထားသည်မှာ ယခုအခါ) ဤကုရ်အာန်ကျမ်းတော်မြတ်မှ လွယ်ကူစွာ ရွတ်ဖတ်နိုင်သမျှကို ရွတ်ဖတ်ကြလေကုန်။ ၎င်းပြင်

('သဟာဂျ်ဂျုဒ်'မှာမူ 'မန်ဆူးခ်'ရုပ်သိမ်းပြီး အမိန့်ဖြစ်သော်လည်း ကျန်အမိန့်များသည် ယခုတိုင် ကျန်ရှိနေသည်မှာ) နမာဇ် ('ဖွရဇ်'ဖြစ်သော နမာဇ်) ကို စွဲမြဲစွာ ဆောက်တည်ကြလေကုန်။ ထို့ပြင် 'ဇကားသ်' ပေးဆောင်ကြလေကုန်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်အား ကောင်းမြတ်သော ပုံသဏ္ဍာန်ဖြင့် (စိတ်ထားဖြူစင် မှန်ကန်မှုဖြင့်) ကြွေးမြီချေးငှားကြလေကုန်။ ထို့ပြင် ကောင်းမြတ်သော ကျင့်စဉ်များကို မိမိတို့အတွက် ရှေ့သို့ (တမလွန်၏ ကုသိုလ်အကျိုးများအဖြစ် ပြုလုပ်၍) တင်ကြို ပို့နှင့်ကြပါလျှင် ထိုကောင်းမှုကို အလ္လာဟ်အသျှင်မြတ်၏ထံတော်၌ ရောက်ရှိပြီး ထိုကောင်းမှုထက် ပို၍ ကောင်းမြတ်သည်ကိုလည်းကောင်း၊ ကုသိုလ်အကျိုးတွင် ပို၍ ကြီးကျယ်သည်ကိုလည်းကောင်း အသင်တို့ တွေ့ရှိကြရပေမည်။ (ဆိုလိုသည်မှာ လောကီရေး ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ သုံးစွဲခြင်းဖြင့် ရရှိသော အကျိုးအမြတ်များထက် ပို၍ ကောင်းမြတ်သော အကျိုးအမြတ်များကိုလည်းကောင်း၊ ကြီးကျယ်သော အကျိုးကုသိုလ်ကိုလည်းကောင်း ရရှိပေလိမ့်မည်ဟူ၏။) ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံကြလေကုန်။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်မှာမူ အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

يَاأَيُّهَا الْمُزَّمِّلُ

مُزَّمِّلُ ၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ 'မိမိအပေါ်တွင် အဝတ်ကို ခြုံရုံထားသူ' ဟု ဖြစ်သည်။ ၎င်းနှင့် အဓိပ္ပာယ်အနီးဆုံး တူညီသော စာလုံးမှာ مُدَّثِّرُ ဖြစ်သည်။ ဤသည် ရှေ့၌ လာမည့် စူရာဟ်၌ လာရှိနေပေသည်။ ဤစူရာဟ်နှစ်ပုဒ်လုံးတွင် တမန်တော်မြတ် ﷺ အဖို့ အခြေအနေတစ်ရပ်အပေါ် အကြောင်းပြု၍ အထူးဂုဏ်ပုဒ်တစ်ခုဖြင့် ခေါ်ဝေါ်ကာ ဦးတည်မိန့်ကြားထားသည်။ အကြောင်းမှာ ထိုစဉ်က တမန်တော်မြတ် ﷺ သည် အပြင်းအထန် စိုးရိမ်ရခြင်းနှင့် ပူဆွေးသောကများကြောင့် အလွန် ချမ်း၍ တုန်နေသည်။ ထို့ကြောင့် မိမိအပေါ်၌ အဝတ်ခြုံရုံပေးရန် မိန့်တော်မူခဲ့သည်။ အဝတ်ခြုံရုံပေးလာသောအခါ ကိုယ်တော်မြတ် ﷺ သည် ထိုအဝတ်တွင် ပတ်လိုက်သည်။ ဤဖြစ်ရပ်သည် ဆွဟီးဟ်ဘိုခါရီနှင့် ဆွဟီးဟ်မွတ်စ္စလင်မ် ကျမ်းတို့တွင် ဟဇရသ်ဂျာဗိရ် ؓ ၏ ဆင့်ပြန်ချက်ဖြင့် လာရှိသည်မှာ တမန်တော်မြတ် ﷺ သည် 'ဝဟီ' ကျရောက်ခြင်း ရပ်တန့်သွားသည့် ကာလအကြောင်းကို မိန့်ကြားနေတော်မူသည်။ ထိုဖြစ်ရပ်မှာ ဦးစွာပထမ 'ဟိရာ'လှိုဏ်ဂူတွင် ကိုယ်တော်မြတ် ﷺ ထံ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ဆင်းသက်လာပြီး စူရာဟ် 'အိက်ရာအ်'၏ အစအာယသ်တော်များကို ဖတ်ကြားပြခဲ့သည်။ ဤဖရစ်ရှ်သာဟ်၏ ဆင်းသက်မှု၊ 'ဝဟီ' ၏ ပြင်းထန်မှုတို့သည် ပထမဦးဆုံးအကြိမ် ဖြစ်သည်။ ၎င်း၏ သက်ရောက်မှုသည် သဘာဝအလျောက်

ဖြစ်ခဲ့သည်။ တမန်တော်မြတ် ﷺ သည် အုန်းမွလ်မုအ်မိနီးန် (မုအ်မင်န်တို့၏ မိခင်မွန်) ဟဇရသ် ခဒီဂျာဟ် رضي الله عنها သခင်မထံသို့ ကြွမြန်းသွားတော်မူပြီး အလွန်အေးချမ်း၍ တုံနေသည့်အတွက် زَمِّلُوْنِىْ زَمِّلُوْنِىْ ဟု ပြောဆိုခဲ့လေသည်။ ဆိုလိုသည်မှာ 'စောင်ခြုံပေးပါ။ ငါ့အား စောင်ခြုံပေးပါ' ဟု ဖြစ်သည်။

ဤအကြောင်း အသေးစိတ်တင်ပြချက်များကို ဆွဟီးဟ်ဘိုခါရီကျမ်း၏ ပထမအခန်း၌ပင် ဖော်ပြထားသည်။ ထို့နောက် ကာလအနည်းငယ် ကြာသည်အထိ 'ဝဟီ' ကျရောက်ခြင်း ရပ်တန့်သွားခဲ့သည်။ ဤသို့ 'ဝဟီ' ရပ်တန့်သွားသည့်ကာလကို فترت الوحى ဟု ခေါ်ဆိုသည်။ ကိုယ်တော်မြတ် ﷺ သည် ဤ 'ဝဟီ' ရပ်တန့်သွားခဲ့သည့် ကာလနှင့် စပ်လျဉ်း၍ တင်ပြရင်း မိန့်ကြားသည်မှာ 'တစ်နေ့သောအခါ ကျွန်ုပ်သည် လမ်းလျှောက်နေရင်းမှ ရုတ်တရက် အသံတစ်ခုကို ကြားလိုက်ရသည်။ ထို့ကြောင့် ကောင်းကင်သို့ မော့ကြည့်လေရာ 'ဟေရာ' လှိုဏ်ဂူတွင် ကျွန်ုပ်ထံသို့ လာရောက်ခဲ့သော ဖရစ်ရှ်သာဟ်ကို တွေ့မြင်လိုက်ရသည်။ မိုးကောင်းကင်နှင့် ကမ္ဘာမြေအကြား တွဲလောင်းချထားသော ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လျက် ရှိသည်ကို မြင်တွေ့ရသည်။ ကျွန်ုပ်သည် ၄င်းအား ဤပုံစံအတိုင်း တွေ့မြင်ရလေသောအခါ ပထမအကြိမ် ၄င်းအား တွေ့ဆုံခဲ့စဉ်က ဖြစ်ပေါ်ခဲ့သည့် စိုးရိမ် ကြောက်ရွံ့မှုများ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် မိမိအိမ်သို့ ပြန်သွားခဲ့ပြီး အိမ်သူနေီးအား 'ကျွန်ုပ်ကို စောင်ခြုံပေးပါ။ ကျွန်ုပ်ကို စောင်ခြုံပေးပါ' ဟု ပြောဆိုခဲ့သည်။ ၄င်းဖြစ်ရပ်အပေါ် အာယသ်တော် يَٰٓأَيُّهَا ٱلْمُدَّثِّرُ ကျရောက်လာသည်။

ဤဟဒီးစ်တော်တွင် အာယသ်တော် يَٰٓأَيُّهَا ٱلْمُدَّثِّرُ ကျရောက်လာခြင်းအကြောင်း တင်ပြထားသည်။ ဤအဖြစ်အပျက်ကိုပင် တင်ပြရန်အတွက် يَٰٓأَيُّهَا ٱلْمُزَّمِّلُ ဟု ခေါ်ဝေါ်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ ထို့ပြင် အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ တင်ပြထားပြီးအတိုင်း مُزَّمِّلُ ဟူသော ဘွဲ့အမည်၏ ဖြစ်ရပ်မှာ သီးခြားဖြစ်ရပ်တစ်ခုလည်း ဖြစ်နိုင်သည်။ ဤသို့ ဘွဲ့အမည်ဖြင့် ခေါ်ဝေါ်ခြင်းတွင် အထူးကျေးဇူးတော်ပြုခြင်းဘက်သို့ ညွှန်းဆိုချက် ပါရှိနေပေသည်။ ဥပမာ- ချစ်ခင်သနားကြင်နာခြင်းတို့ကြောင့် ၄င်း၏ အခြေအနေတစ်ရပ်ရပ်အပေါ် ၄င်းအား ကြည်နူးစေလို၍ ဘွဲ့အမည်သတ်မှတ်ကာ ခေါ်ဝေါ်ကြခြင်းလည်း ရှိပေသည်။ *[ရူးဟွလ်မအာနီကျမ်း]*

ဤဘွဲ့အမည်ဖြင့် ခေါ်ဝေါ်၍ ကိုယ်တော်မြတ် ﷺ အား 'သဟဂျ်ဂျုဒ်' နမာဇ်၏ အမိန့်နှင့် ၄င်းနမာဇ် အကြောင်း ရှင်းလင်းချက်အချို့ကို တင်ပြ မိန့်ကြားထားတော်မူပေသည်။

'သဟဂျ်ဂျုဒ်' နမာဇ်၏ အမိန့်ပညတ်ချက်များနှင့် ထိုအမိန့်များ၌ ပြောင်းလဲမှု

مُزَّمِّلُ နှင့် مُدَّثِّرُ ဟူသော စာလုံးများက ဤအာယသ်တော်များသည် အစွလာမ့်ခေတ်ဦးနှင့် ကုရ်အာန် စတင်ကျရောက်သည့် ကာလများ၌ ကျရောက်ခဲ့ကြောင်း ဖွင့်ဆိုနေကြသည်။ ထိုစဉ်က (၅)

ကြိမ်နမာဇ် ဝတ်ပြုခြင်းသည် အမွှသ်သားများအပေါ် 'ဖွရဒ်'တာဝန် မဖြစ်သေးပေ။ အကြောင်းမှာ ဤနမာဇ် ငါးကြိမ်၏ 'ဖွရဒ်'ဖြစ်ခြင်းသည် 'မိအ်ရားဂျ်' ညဥ့်တွင် ဖြစ်ခဲ့သောကြောင့်ပင် ဖြစ်ပေသည်။

အေမာမ်ဗဂဝီ (ရဟ) က ဟဇရတ်စွိဒ်ဒီကဟ်အာအေရှာဟ် ﷺ သခင်မ စသည်တို့မှ ဆင့်ပြန်လာရှိထားသော ဟဒီးစ်တော်များအပေါ် အခြေခံ၍ မိန့်ကြားခဲ့သည်မှာ 'ဤအာယသ်တော်အရ ညဥ့် ထ၍ ရပ်ခြင်း ('သဟဂျ်ဂျဒ်'နမာဇ်ဖတ်ခြင်း) သည် တမန်တော်မြတ် ﷺ နှင့် အမွှသ်သားအားလုံးအပေါ် 'ဖွရဒ်' ဖြစ်ခဲ့သည်။ ဤသည်မှာ နမာဇ် (၅) ကြိမ် 'ဖွရဒ်'မဖြစ်မီက ဖြစ်ရပ်ပင် ဖြစ်သည်ဟူ၏။

ဤအာယသ်တော်တွင် 'သဟဂျ်ဂျဒ်' နမာဇ်ကို 'ဖွရဒ်'ဖြစ်သည်ဟု ဆိုထားရုံသာမက အနည်းဆုံး ည၏ လေးပုံတစ်ပုံအတွင်း မွေ့လျော်နေရန်ကိုလည်း 'ဖွရဒ်'အဖြစ် သတ်မှတ်ထားသည်။ အကြောင်းမှာ ဤအာယသ်တော်များတွင် အဓိကအမိန့်မှာ အနည်းငယ်မှအပ တစ်ညလုံးကို နမာဇ်တွင် မွေ့လျော်နေရမည်ဟု လာရှိသောကြောင့် ဖြစ်သည်။ 'အနည်းငယ်မှအပ'ဟူ၍ အနည်းငယ်ကို ခွဲထုတ်ခြင်းအကြောင်း ရှေ့၌ အသေးစိတ် လာရှိပေမည်။

အေမာမ်ဗဂဝီ (ရဟ) သည် ဟဒီးစ်ဆင့်ပြန်ချက်များအပေါ် အခြေခံ၍ မိန့်ဆိုသည်မှာ 'ဤအမိန့်ကို လိုက်နာ ကျင့်ဆောင်ရာတွင် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာတို့သည် ည၏ အများစု အစိတ်အပိုင်းကို 'သဟဂျ်ဂျဒ်' နမာဇ်ဝတ်ပြုခြင်း၌ ကုန်ဆုံးစေခဲ့ကြသည်မှာ ခြေများယောင်ကိုင်းလာသည်အထိ ဖြစ်ခဲ့ကြသည်။ ထို့ပြင် ဤအမိန့်သည် အထူး လေးလံခက်ခဲသည်ဟု ယူဆရသည်။ တစ်နှစ်ပြည့်ပြီးနောက် ဤစူရာဟ်၏ အစိတ်အပိုင်းဖြစ်သော فَاقْرَءُوا مَا تَيَسَّرَ مِنْهُ ကျရောက်လာခဲ့သည်။ ဤသည် ရှည်လျားစွာ 'အေဗာဒသ်' ပြုခြင်း အမိန့်ကို 'မန်ဆူးခ်' ရုပ်သိမ်းပေးခဲ့သည်။ ထို့ပြင် လူတစ်ဦးအတွက် 'သဟဂျ်ဂျဒ်' နမာဇ်တွင် လွယ်ကူနိုင်သမျှ အချိန်ပေးရုံဖြင့် လုံလောက်ကြောင်း အခွင့်အရေးရခဲ့သည်။ ဤအကြောင်းအရာကို အဗူဒါဝူးဒ် နှင့် နစာအီကျမ်းများတွင် ဟဇရတ်အာအေရှာဟ် ﷺ သခင်မထံမှ ဆင့်ပြန်ထားခြင်း ဖြစ်သည်။ ထို့ပြင် ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ နမာဇ် (၅) ကြိမ်၏ 'ဖွရဒ်'ဖြစ်ခြင်းသည် 'မေ့အ်ရားဂျ်' ညဥ့်တွင် ကျရောက်လာသောအခါ ဤ 'သဟဂျ်ဂျဒ်'နမာဇ်၏ 'ဖွရဒ်'ဖြစ်ခြင်းမှာ 'မန်ဆူးခ်' (အမိန့် ရုပ်သိမ်းခံရခြင်း) ဖြစ်သွားသည်။ သို့သော် စွန္နသ်အဖြစ် ကျန်ရှိနေခဲ့သည်။ တမန်တော်မြတ် ﷺ သည် ဤ 'သဟဂျ်ဂျဒ်'နမာဇ်ကို အမြဲတစေ ဂရုစိုက်၍ ဝတ်ပြုတော်မူခဲ့သည်။ ဆွဟာဗာတို့သည် အလွန်စွဲမြဲစွာ 'သဟဂျ်ဂျဒ်'နမာဇ်ကို ဝတ်ပြုခဲ့ကြသည်။ *[မဇ္ဟရီကျမ်း]*

ယခု အာယသ်တော်၏ သဖ်စီးရ်ကို ကြည့်ရှုပါလေ။ မိန့်ကြားတော်မူသည်မှာ

قُمِ اللَّيْلَ اِلَّا قَلِيْلًا

اَلَّيْلَ အပေါ်၌ الف لام 'အလိဖ်လာမ်' ဝင်ရောက်ခြင်းဖြင့် ၎င်း الف لام 'အလိဖ်လာမ်'သည် 'တစ်ညလုံး' ဟူသော အဓိပ္ပာယ်ကို ပြပေးလေသည်။ အာယသ်တော်၏ အလိုသဘောမှာ 'အသင်သည်

အချိန်အနည်းငယ်မှအပ တစ်ညလုံးကို 'အေဗာဒသ်'ပြုခြင်း၌ မွေ့လျော်နေပါလေ' ဟု ဖြစ်သည်။ သို့ရာတွင် ဤအနည်းငယ်ဟူသော စာလုံးသည် အလိုသဘော ရှင်းလင်းမှုမရှိသော စကားလုံး ဖြစ်သည့်အတွက် ရှေ့တွင် ၄င်းကို

نِصْفَهُ اَوِانْقُصْ مِنْهُ قَلِيْلًا اَوْزِدْ عَلَيْهِ

ဟူ၍ ရှင်းလင်းထားသည်။ ဆိုလိုသည်မှာ 'ယခု အသင်သည် ညတစ်ဝက်ကို ထ၍ ရပ်ပါလေ။ (သို့) တစ်ဝက်ထက် အနည်းငယ် လျှော့၍ ရပ်ပါလေ။ (သို့) ညတစ်ဝက်ထက် အနည်းငယ်ပို၍ ရပ်ပါလေ။ ဤတင်ပြရှင်းလင်းခြင်းသည် اِلَّاقَلِيْلًا ကို ခွဲထုတ်ခြင်းအတွက် ရှင်းလင်းခြင်း ဖြစ်သည်။ ထို့ကြောင့် ဤရှင်းလင်းချက်အပေါ် 'တစ်ဝက်ကို အနည်းငယ်ဟု မခေါ်ဆိုနိုင်ချေ'ဟူသော စောဒကမေးခွန်း ဝင်လာနိုင်သည်။ ၄င်း၏ အဖြေမှာ 'ည၏ အစပိုင်းမှာမူ 'မဂ်ရိဗ်'နမာဇ်နှင့် 'အေရှာ' စသည်တို့ ဖတ်ခြင်း၌ ကုန်ဆုံးသွားခဲ့သည် ဖြစ်သည်။ ယခု တစ်ဝက်ဆိုသည်မှာ ကျန်ရှိသော ည၏ တစ်ဝက်ကို ဆိုလိုခြင်း ဖြစ်ပေမည်။ ထိုအစိတ်အပိုင်းမှာ တစ်ညလုံးနှင့် ယှဉ်လျှင် အနည်းငယ်သာ ဖြစ်သည်။ ထို့ပြင် ဤအာယသ်တော်၌ တစ်ဝက်ထက် လျှော့ခြင်းကိုလည်း ခွင့်ပြုထားသည်။ တစ်ဝက်ထက် ပိုမိုစေခြင်းကိုလည်း ခွင့်ပြုထားသည်။ ထို့ကြောင့် ခြုံငုံကြည့်ခြင်းဖြင့် သိရှိရသည်မှာ 'အနည်းဆုံး ည၏ လေးပုံတစ်ပုံထက် အနည်းငယ် ပို၍ ည၌ ရပ်ခြင်း ('သဟဂျ်ဂျုဒ်'နမာဇ် ဖတ်ခြင်း) တွင် မွေ့လျော်လျက် ရှိရန် 'ဖွရဇ်' ဖြစ်ပေသည်။

ကျမ်းတော်မြတ်ကုရ်အာန်ကို 'သရ်သီးလ်' နှင့် ဖတ်ခြင်း၏ အလိုသဘော

وَرَتِّلِ الْقُرْاٰنَ تَرْتِيْلًا

تَرْتِيْل ၏ လုံးချင်းကောက် အဓိပ္ပာယ်မှာ 'စာလုံးများကို လွယ်ကူချောမောစွာနှင့် တည်ငြိမ်တိကျစွာဖြင့် ပါးစပ်မှ ထုတ်ဖတ်ခြင်း'ဟု ဖြစ်သည်။ *[မွဖ်ရဒါးသ်အေမာမ်ရာဂီးဗ်ကျမ်း]*

အာယသ်တော်၏ အလိုသဘောမှာ 'ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ရာတွင် အလျင်စလို ဖတ်ရွတ်ခြင်း မပြုရပေ။ ထိုမျှမက စာလုံးများကို လွယ်ကူချောမောစွာ တိကျတည်ငြိမ်စွာ ဌာန်းကရိုဏ်းကျကျ ရွတ်ဖတ်ရမည်'ဟု ဖြစ်သည်။ ထို့ပြင် တစ်ချိန်တည်းမှာပင် ထိုစာလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားတွေးတောရမည်' ဟု ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

وَرَتِّل ၏ စပ်ဆက်မှုသည် قُمِ اللَّيْلَ အပေါ်တွင် ဖြစ်သည်။ ဤနေရာတွင် 'ညတွင် ထ၍ ရပ် 'အေဗာဒသ်'ပြု 'သဟဂျ်ဂျုဒ်'နမာဇ်ဖတ်သည့်အခါ မည်သို့ ပြုရမည်နည်း'ဟူသော အကြောင်းကို တင်ပြထားသည်။ ဤအချက်ဖြင့် သိရှိရသည်မှာ 'သဟဂျ်ဂျုဒ်'နမာဇ်တွင် အမှန်စင်စစ် 'ကိရ်အသ်'၊ 'သတ်စ်ဗီးဟ်'၊ 'ရုကူအ်' နှင့် 'စဂျ်ဒဟ်' များ ဖြစ်သော နမာဇ်၏ အစိတ်အပိုင်းအားလုံး ပါဝင်သော်လည်း ၄င်း၏

အဓိက ရည်ရွယ်ချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်ရန်ပင် ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် 'သဟဂျ်ဂျုဒ်' နမာဇ်ကို အလွန်ရှည်လျားစွာ ဖတ်တော်မူခဲ့ကြောင်း ဆွဟီးဟ်ဟဒီးစ်တော်များသည် သက်သေသာဓကအဖြစ် ရှိနေပေသည်။ ဤအလေ့အထသည် ဆွဟာဗာနှင့် သာဗိအီးန်သခင်ကြီးများနှင့် စပ်လျဉ်း၍လည်း ကျော်ကြားပေသည်။

ဓမ္မသတ် ။ ။ ဤအာယသ်တော်အားဖြင့် ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ရွတ်ခြင်းသည်သာ အဓိကမဟုတ်ဘဲ စာလုံးတိုင်း စာလုံးတိုင်းကို ရှင်းလင်းပီသ၊ မှန်ကန်စွာ 'သရ်သီးလ်' ဖြင့် ဖတ်ရန် တာဝန် ဖြစ်ကြောင်း သိရှိရသည်။ ကိုယ်တော် မြတ် ﷺ သည် အထက်ဖော်ပြပါအတိုင်းပင် 'သရ်သီးလ်'ဖြင့် ဖတ်တော်မူခဲ့သည်။ ဟဇရသ်အွန်းမေ့စလ်မာဟ် ؓ သခင်မအား လူအချို့တို့က 'သဟဂျ်ဂျုဒ်'နမာဇ်တွင် ကိုယ်တော်မြတ် ﷺ ၏ ကုရ်အာန်ဖတ်ရွတ်သည့် ပုံသဏ္ဍာန်ကို မေးမြန်းကြလေရာ သခင်မကြီးက 'နမာဇ်အက္ခရာတစ်လုံးချင်းကို ရှင်းလင်းစွာ ဖတ်တော်မူသည်' ဟု ဖြေကြားဆင့်ပြန်ခဲ့လေသည်။

[သိရ်မေဇီ၊ အဘူဒါဝူးဒ်၊ နစာအီးကျမ်း၊ မစ္စ်ဟရီကျမ်း။]

ဓမ္မသတ် ။ ။ ترتيل 'သရ်သီးလ်'တွင် အသံသာယာ လှပတင့်တယ်ခြင်း၊ (သို့) မိမိတွင် အစွမ်းရှိသည်ခန့် ကောင်းမွန်သော အသံဖြင့် ဖတ်ခြင်းလည်း ပါဝင်သည်။ ဟဇရသ်အဘူဟိုရိုင်ရာဟ် ؓ သခင်ထံမှဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ က 'အလ္လာဟ်အသျှင်မြတ်သည် ထိုနဗီတမန်တော်၏ 'သေလာဝသ်'ကို နားထောင်တော်မူသကဲ့သို့ အသံကောင်းစွာဖြင့် အသံထုတ်၍ ကုရ်အာန်ကို ရွတ်ဖတ်သူမှအပ အခြားမည်သူ၏ 'ကေရာအသ်'နှင့် 'သေလာဝသ်'ကိုမျှ နားထောင်တော်မမူပေ'ဟု မိန့်တော်မူခဲ့သည်။

[မစ္စ်ဟရီကျမ်း]

ဟဇရသ်အလ်ကမဟ် ؓ သခင်မကြီးသည် လူတစ်ဦးအား ကောင်းမွန်လှပသော အသံဖြင့် 'ကိရ်အသ်'ဖတ်ရွတ်သည်ကို တွေ့မြင်ရပြီး

لقد رتّل القراٰن فداه اَبى واُمّى

ဟု မိန့်ဆိုခဲ့သည်။ ဆိုလိုသည်မှာ 'ထိုသူသည် ကုရ်အာန်ကျမ်းတော်မြတ်ကို 'သရ်သီးလ်'ဖြင့်ဖတ်ရွတ်ခဲ့သည်။ ကျွန်ုပ်၏ ဖခင်နှင့် မိခင်တို့ကို ၎င်းသူအပေါ် စွန့်လှူပါသည်'ဟု ဖြစ်သည်။

[ကုရ်သုဗီကျမ်း]

ထို့ပြင် 'သရ်သီးလ်' အစစ်အမှန်မှာ အက္ခရာနှင့် စာလုံးများကို ပါးစပ်မှ ထုတ်ဖတ်ရာ၌လည်း မှန်ကန်မှုရှိရမည်။ ရှင်းလင်းမှု ရှိရမည်။ ဖတ်ရွတ်သူသည် ၎င်းစာသား၊ အာယသ်တော်၏ အဓိပ္ပာယ်ကို စဉ်းစားလျက် စူးရှသက်ဝင်မှု ရှိနေရမည် ဖြစ်သည်။ ဟစန်ဗဆွရီ (ရဟ) က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ သည် ကုရ်အာန်ဖတ်ရွတ်ရင်း ငိုကြွေးနေသူအနီးမှ ဖြတ်သန်းသွားတော်မူခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ က 'အသင်တို့သည်

وَرَتِّلِ الْقُرْاٰنَ تَرْتِيْلًا

ဟူသော အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ကြားနာပြီး ဖြစ်သည်ဟူ၍ ဆွဟာဗာများအား မိန့်မြွက်တော်မူပြီး (ဤသူ ပြုနေသော လုပ်ရပ်သည်) ဤသည်သာ 'သရ်သီးလ်'ဖြစ်သည်'ဟု မိန့်ကြားတော်မူခဲ့လေသည်။ *[ကုရ်သုဗီကျမ်း]*

اِنَّاسَنُلْقِىْ عَلَيْكَ قَوْلًا ثَقِيْلًا

(ဧကန်အမှန် ငါအသျှင်မြတ်သည် အသင့်အပေါ်ဝယ် လေးလံသော အာယသ်တော်ကို မကြာမီပင် ချပေးတော်မူပေမည်။) *[၇၃ : ၅]*

ثَقِيل ၏ အဓိပ္ပာယ်မှာ 'လေးလံခြင်း' ဟု ဖြစ်သည်။ **قول ثقيل** ၏ အလိုသဘောမှာ ကုရ်အာန်ကျမ်းတော်မြတ်ကို ဆိုလိုခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤကျမ်းမြတ်မှ တင်ပြထားသော 'ဟလာလ်'၊ 'ဟရာမ်'နှင့် ပိုင်ခြင်း၊ မပိုင်ခြင်းဟူသော စည်းဘောင်များကို အမြဲတမ်း လိုက်နာရန်မှာ သဘာဝအလျောက် လေးလံခက်ခဲမှုရှိသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်က မည်သူ့အတွက် လွယ်ကူအောင် ပြုပေးမည်နည်း။ ထိုသူ့အဖို့မှ လွယ်ကူပေလိမ့်မည်။ ထို့ပြင် ကုရ်အာန်အား **قول ثقيل** ဟု ပြောဆိုနိုင်သော အချက်မှာ 'ယင်းကုရ်အာန်ကျမ်းတော်မြတ် ကျရောက်လာသည့်အချိန်တွင် ကိုယ်တော်မြတ် ﷺ သည် အထူးတလည် လေးလံ၍ ပြင်းထန်သော ခံစားမှုမျိုးကို ခံစားရ၍ ဖြစ်သည်။ ချမ်းအေးသော ကာလများ၌ပင် ကိုယ်တော်မြတ် ﷺ ၏ နဖူးတော်တွင် ချွေးသီးချွေးပေါက်များ ဖြစ်ခဲ့ရသည်။ အကယ်၍ 'ဝဟီ'ကျရောက်စဉ် ကုလားအုတ်မတစ်ကောင်အပေါ်၌ ရှိနေခဲ့သည်ဆိုသော ထိုကုလားအုတ်မသည် 'ဝဟီ'၏ လေးလံမှုကြောင့် မိမိ၏ လည်ပင်းကို အောက်သို့ စိုက်ချ ဝပ်ဆင်းသွားလိုက်ရလေ့ရှိသည်။ ဆွဟီးဟ်ဟဒီးစ်တော်များက ဤသည်ကို ထောက်ခံသမှု ပြုထားပေသည်။ *[ဆွဟီးဟ်ဘုခါရီ]*

ဤအာယသ်တော်တွင် 'သဟဂျ်ဂျုဒ်'နမာဇ်၏ အမိန့်ကို ပေးရခြင်းမှာ လူသားအား ဒုက္ခခံစားနိုင်သည့်အကျင့် ရရှိလာစေရန် ဖြစ်ကြောင်းဘက်သို့ ညွှန်းဆိုလျက် ရှိပေသည်။ ဤ 'သဟဂျ်ဂျုဒ်'နမာဇ်သည် ညအခါ အိပ်မောကျ၍ အနားယူခြင်းကို ဆန့်ကျင်ရသော 'ဂျီဟားဒ်'ကြိုးပမ်းမှုတစ်ရပ် ဖြစ်သည်။ ဤပင်ပင်ပန်းပန်း ကြိုးပမ်းဆောင်ရွက်ချက်၏ အကြောင်းခံဖြင့် ကုရ်အာန်၌ ကျရောက်ရန်ရှိသော လေးလံခက်ခဲသည့် အမိန့်တော်များကို ထမ်းဆောင်ရာတွင် လွယ်ကူမှု ရရှိစေရန် ဖြစ်သည်။

اِنَّ نَاشِئَةَ الَّيْلِ

(ဧကန်စင်စစ် ညဥ့်၌ အိပ်ရာမှ ထခြင်းသည်) **نَاشِئَه** ဟူသော စာလုံးသည် **عافيت** ဟူသော စာလုံး၏ ချိန်ခွင်ကာရံအတိုင်း လာရှိထားသည်။ **مصدر** (ကြိယာနာမ်) ဖြစ်သည်။ အဓိပ္ပာယ်မှာ 'သဟဂျ်ဂျုဒ်နမာဇ်အတွက် ရပ်ခြင်း' ဟု ဖြစ်သည်။ ဟဇရသ်အာအေရှာဟ် ﷺ သခင်မက မိန့်ဆိုသည်မှာ

'အိပ်စက်ပြီး 'သဟဂ်ျဂျဒ်'နမာဇ်အတွက် ထခြင်းသည် نَاشِئَةَ الَّيْلِ ဖြစ်သည်' ဟူ၏။ ဤအဓိပ္ပာယ်ကို ထောက်ရှုခြင်းဖြင့် ناشئة الّيل သည် 'သဟဂ်ျဂျဒ်'နမာဇ်ဟူ၍ အဓိပ္ပာယ်ရမည်။ အကြောင်းမှာ **تهجد** 'သဟဂ်ျဂျဒ်' နမာဇ်တစ်လုံးချင်းစီ၏ အဓိပ္ပာယ်မှာလည်း 'ညအခါ အိပ်စက်ပြီး ထ၍ နမာဇ် ဝတ်ပြုခြင်း' ဟု ဖြစ်သောကြောင့်ပင်' ဖြစ်သည်။

အိဗ်နေကိုက်စာနံ (ရဟ) က မိန့်ဆိုသည်မှာ 'ည၏ နောက်ဆုံးယံ၌ ထ၍ 'အေဗာဒသ်'ပြု ရပ်ခြင်းကို ناشئة الّيل ဟု ခေါ်သည်'ဟုဖြစ်သည်။ အိဗ်နေဇိုက်ဒ် (ရဟ) က မိန့်ဆိုသည်မှာ 'ည၏ မည်သည့်အစိတ်အပိုင်းတွင်ဖြစ်စေ၊ နမာဇ် ဝတ်ပြုခြင်းသည် ناشئةالليل တွင် ပါဝင်သည်' ဟူ၏။ ဟဇရသ်ဟစန်ဗဆွရီ (ရဟ) က 'အေရှာနမာဇ်ပြီး နောက် ဝတ်ပြုသမျှ နမာဇ်တိုင်းသည် ناشئة الليل တွင် အကျုံးဝင်သည်' ဟု မိန့်ခဲ့သည်။ အိဗ်နေအဘီ မုလိုင်ကဟ် (ရဟ) က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်နှင့် အိဗ်နေ ဇုဗိုင်ရ် ﷺ သခင် တို့ နှစ်ဦးအား ناشئة الّيل ၏ အဓိပ္ပာယ်ကို မေးမြန်းလေရာ ၎င်းတို့နှစ်ဦးက الّيل كلّهاناشئة ဟု ဖြေကြားခဲ့သည်။ ဆိုလိုသည်မှာ 'ညရှိ အစိတ်အပိုင်းတိုင်း၌ ဝတ်ပြုရမည့် နမာဇ်တိုင်းသည် ناشئة الّيل တွင် အကျုံးဝင်မည်' ဟု ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ဖော်ပြပါ အဆိုအားလုံးတို့တွင် မည်သည့်ဆန့်ကျင်ခြားနားမှုမျှ မရှိပေ။

အရင်းအမြစ်မှာ قِيَامُ الَّيْلِ နှင့် ناشئة الليل ၏ အလိုသဘောသည် မူလတွင် ခြုံငုံသော အဓိပ္ပာယ်ရှိသည်။ ည၏ မည်သည့်အစိတ်အပိုင်းတွင်မဆို ဖတ်သော နမာဇ်နှင့် စပ်လျဉ်း၍ ဤစာလုံးနှစ်လုံးကို သုံးစွဲနိုင်သည်။ အထူးအားဖြင့် အေမာမ်ဟစန်ဗဆွရီ (ရဟ) ၏ အဆိုကဲ့သို့ 'အေရှာ'နမာဇ်ပြီးနောက်တွင် ဖတ်သော နမာဇ်များမှာ ပို၍ အကျုံးဝင်၏။ သို့ရာတွင် တမန်တော်မြတ် ﷺ သည်လည်းကောင်း၊ သူတော်စင်များသည်လည်းကောင်း ဤ 'သဟဂ်ျဂျဒ်'နမာဇ်ကို အိပ်စက်ပြီး ထ၍ ည၏ နောက်ဆုံးယံ၌သာ အမြဲတစေ ဖတ်လေ့ရှိခဲ့ကြသည်တို့ကြောင့် ဤသည်ပင် အမြင့်မြတ်ဆုံးနှင့် 'ဗရ်ကာသ်'မင်္ဂလာ ပိုမို ရရှိစေသော အကြောင်းခံဖြစ်သည်။ قيام الّيل နှင့် ناشئة الّيل တို့၏ စွန္နသ် 'စဝါးဗ်'ကို 'အေရှာ'နမာဇ်ပြီး နောက်ပိုင်းဖတ်သည့် မည်သည့်နမာဇ်နှင့်မဆို ရရှိမည်ဖြစ်သည်။

هِىَ اَشَدُّ وَطْـًٔا

(ကိုယ်၊ နှုတ်၊ နှလုံးတို့ကို ပိုမို၍ သင့်လျော် လျောက်ပတ်ခြင်း ဖြစ်စေသည်။)

وَطْـًٔا ကို ဖတ်ရွတ်ပုံနှစ်မျိုး ရှိ၏။ 'ကိရာအသ်' (ဖတ်ရွတ်ပုံ) တစ်မျိုးမှာ وِطَاءً (و 'ဝါဝ်'အက္ခရာကို 'ဇေရ်'ဖြင့် ဖတ်ကာ ط 'သွာအ်' အက္ခရာ၌ 'မဒ်'ဖြင့် ဖတ်ခြင်း) ဖြစ်သည်။ كِتَابٌ ၏ ချိန်ခွင်ကာရံ

အတိုင်း ဖြစ်သည်။ ဤပုံစံ၌ وَطْأً သည် مواطات ၏ مصدر ဖြစ်သည်။ အဓိပ္ပာယ်မှာ 'တူညီမှု၊ ကိုက်ညီမှု' ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင်

لِيُوَاطِئُوا عِدَّةَ مَاحَرَّمَ اللهُ

ဟူသော အာယသ်တော်၌ ဤအဓိပ္ပာယ်ဖြင့်ပင် လာရှိထားသည်။ သဖ်စီးရ်အဖွင့်ပညာရှင် အေမာမ်များအနက် အိဗ်နေဇိုင်ဒ် ﷺ နှင့် ဟဇရသ် အိဗ်နေအဗ္ဗားစ် ﷺ သခင်တို့ထံမှ ဤအဓိပ္ပာယ်ပင်ဖြစ်ကြောင်း ဆင့်ပြန်ချက် လာရှိထားပေသည်။ အိဗ်နေဇိုက်ဒ် ﷺ က မိန့်ဆိုသည်မှာ အလိုသဘောမှာ ညအချိန် နမာဇ်ဝတ်ပြုရန် ထခြင်းသည် စိတ်၊ မျက်စိ၊ နားနှင့် နှုတ်လျှာအားလုံးတွင် အချင်းချင်း တစ်ခုနှင့်တစ်ခု တူညီမှု ဖြစ်ပေါ်ရာတွင် အလွန် ထိရောက်မှုရှိလှသည်။ ဆိုလိုသည်မှာ အလွန် စူးရှသက်ဝင်မှု ဖြစ်ပေါ်စေသည်။ အကြောင်းမှာ ညအချိန်သည် များသောအားဖြင့် လုပ်ငန်းဆောင်တာများ ပြီးဆုံး၍ ဆူညံမှု အသံဗလံများ ကင်းပြီး ဆိတ်ငြိမ်သောအချိန် ဖြစ်သည်။ ထိုအချိန်မျိုးတွင် နှုတ်မှ ထွက်ပေါ်လာမည့် စကားလုံးကို နားမှလည်း ကြားရပေမည်။ စိတ်သည်လည်း အာရုံဝင်စားပေမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

وَطْأً ၏ ကျော်ကြားသော 'ကိရာအသ်'ဖတ်ရွတ်ပုံမှာ وَطْأً (و 'ဝေါင်'အက္ခရာကို 'ဇဗရ်' ဖြင့်ဖတ်ကာ ط 'သွားအ်' အက္ခရာကို 'ဂျဇမ်'ဖြင့် خَرْبٌ ၏ ချိန်ခွင်ကာရံအတိုင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ 'နင်းချေခြင်း' ဟုလည်း လာရှိသည်။ အချို့သဖ်စီးရ်အေမာမ် ကြီးများသည် ဤအဓိပ္ပာယ်ကိုပင် ယူ၍ 'ညအချိန် နမာဇ်ဝတ်ပြုခြင်းသည် စိတ်ကို ချိုးနှိမ်ရာတွင် လွန်စွာ အထောက်အကူပြုသည်ဟူသော အလိုသဘောကို ယူကြသည်။ ဆိုလိုသည်မှာ 'စိတ်ကို ထိန်းချုပ်ရာနှင့် မပြုပိုင်သော စိတ်ရိုင်း၏ အလိုဆန္ဒများ လွှင့်ပျံ့ခြင်းကို တားဆီးပိတ်ပင်ရာတွင် 'သဟဂျ်ဂျုဒ်' နမာဇ်သည် လွန်စွာ အထောက်အကူပြုသည်' ဟု ဖြစ်သည်။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ဤသည်ကိုပင် ရွေးချယ်တင်ပြထားသည်။

اَقْوَمُ ၏ အဓိပ္ပာယ်မှာ 'ပို၍ ဖြောင့်မတ်သော၊ ကောင်းမွန်သော၊ ပို၍ အတည်ဖြစ်သော'ဟု ဖြစ်သည်။ အလိုသဘောမှာ 'ညအခါ ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်ခြင်းသည် ပို၍ ကောင်းမွန်သော၊ စိတ်ကို စုစည်းစေသော၊ ခိုင်မာစေသော အရာဖြစ်နိုင်သည်'ဟူ၏။ အကြောင်းမှာ အသံအမျိုးမျိုးနှင့် ဆူညံခြင်းတို့ဖြင့် စိတ်နှင့် ဦးနှောက်ကို ရှုပ်ထွေးမှု မဖြစ်စေသောကြောင့် ဖြစ်သည်။

ဤအာယသ်တော်၏ အမိန့်တော်ဖြစ်သော 'သဟဂျ်ဂျုဒ်'နမာဇ်ဖတ်ခြင်း၏ အမြော်အမြင်ကို တင်ပြရန် ဖြစ်သည်။ ၄င်းထက် ရှေးအလျင် အာယသ်တော်တွင် ထိုအကြောင်းနှင့် စပ်လျဉ်းသော အမြော်အမြင်ကို တင်ပြသည်မှာ-

اِنَّاسَنُلْقِىْ عَلَيْكَ قَوْلًا ثَقِيْلًا

ဟူ၍ တင်ပြထားသည်။ ဤသည်မှာ ကိုယ်တော်မြတ် ﷺ အဖို့သာ သီးခြားအဖြစ် တင်ပြထားသော အမြော်အမြင်တော် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် قول ثقيل ဟူသော ကုရ်အာန်ကျမ်းတော်

မြတ် ကျရောက်ခြင်းသည် ကိုယ်တော်မြတ် ﷺ နှင့်သာ ပတ်သက်စပ်လျဉ်းသော အမိန့်တော် ဖြစ်ပေသည်။ ဤဒုတိယအာယသ်တော်၌ တင်ပြသော အမြော်အမြင်မှာ အွမ္မသ်သားအားလုံးနှင့် စပ်လျဉ်း၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ညအခါ နမာဇ်ဝတ်ပြုခြင်းတွင် အရည်အချင်းနှစ်ခု ရရှိစေသည်။ တစ်ခုမှာ စိတ်နှလုံးနှင့် နှုတ်လျှာတို့တွင် တူညီမှု၊ ကိုက်ညီမှု ရရှိခြင်းနှင့် အခြားတစ်မျိုးမှာ ကုရ်အာန်ဖတ်ရွတ်ရာတွင် ဆိတ်ငြိမ်သည့်အတွက် လွယ်ကူမှုရရှိခြင်းတို့ ဖြစ်သည်။

إِنَّ لَكَ فِي النَّهَارِ سَبْحًا طَوِيلًا

(ကေန်မလွဲ နေ့တွင် အသင့်၌ လုပ်ကိုင်ဆောင်ရွက်ရန် ကိစ္စများပြားစွာ ရှိပေသည်။) /၇၃ : ၇/

سَبْحٌ ၏ လုံးချင်းကောက် အဓိပ္ပာယ်မှာ 'စီးတွေခြင်း၊ လှည့်ပတ်သွားလာခြင်း' ဟု ဖြစ်သည်။ ဤအဓိပ္ပာယ်အားဖြင့် ရေ၌ ကူးခတ်ခြင်းကိုလည်း سَبْحٌ နှင့် سباحت ဟု ခေါ်ဆိုရခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ရေတွင် မည်သည့်အခက်အခဲမျှ မရှိဘဲ လှည့်ပတ်သွားလာနိုင်ခြင်းသည် ရေကူးပညာဖြင့်သာ လွယ်ကူမှု ရရှိနိုင်သည်။ ဤနေရာ၌ سَبْحٌ ၏ အလိုသဘောမှာ တစ်နေ့တာလုံး လုံးပမ်းဆောင်ရွက်ရသော လုပ်ငန်းဆောင်တာများကို ဆိုလိုသည်။ ထိုလုပ်ငန်းဆောင်တာများတွင် သင်ပေးသင်ယူခြင်း၊ ပို့ချခြင်းနှင့် လူသားများအား ပြုပြင်ပဲ့ပြင်ပေးခြင်း၊ (သို့) မိမိ၏ သမာအာဇီဝ စီးပွားရှာဖွေခြင်းအတွက် လှည့်လည်ခြင်းအားလုံး ပါဝင်သည်။ ဤအာယသ်တော်တွင် قيام الليل 'သဟဂျ်ဂျုဒ်' နမာဇ်ဝတ်ပြုခြင်းအမိန့်၏ တတိယအမြော်အမြင်နှင့် ကောင်းရာကောင်းကျိုးကို တင်ပြထားသည်။ ဤအချက်သည်လည်း ကိုယ်တော်မြတ် ﷺ နှင့် အွမ္မသ်တစ်ရပ်လုံးနှင့် စပ်လျဉ်း၍ နေပေသည်။ ၎င်းမှာ 'နေ့အချိန်၌မူ ရစူလ်လွလ္လာဟ် ﷺ သည်လည်းကောင်း၊ အခြားပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ လုပ်ငန်းဆောင်တာများစွာတို့အတွက် လှည့်လည်သွားလာလျက် ရှိနေကြသည်။ အတွေးအာရုံ ကင်းရှင်းစွာဖြင့် 'အေဗာဒသ်' ၌ အာရုံစူးစိုက်မှု ရရှိရန်မှာ ခက်ခဲလှသည်။ ညအချိန်ကို လိုအပ်သည်ခန့် အိပ်စက်၍ အနားယူခြင်းလည်းပြုပြီး ညအခါ ထ၍ 'အေဗာဒသ်'ပြုရန်အတွက်လည်း အချိန်ထားရှိသင့်ပေသည်။

မှတ်ချက် ။ ။ ဖိကာဟ်ပညာရှင်များက မိန့်ဆိုကြသည်မှာ 'သာသနာ့ပညာ သင်ကြားပို့ချခြင်းနှင့် လူသားများအား ပြုပြင်ပဲ့ပြင်ပေးခြင်း အလုပ်များ၌ နစ်မွန်းနေကြသော သာသနာ့ပညာရှင်များနှင့် အကြီးအကဲတို့သည်လည်း ယင်းဆောင်ရွက်ချက် အလုပ်များကို နေ့၌သာ ပြုလုပ်ရန် သတ်မှတ်ထားသင့်သည်။ ညအချိန်တွင် အလ္လာဟ်အသျှင်မြတ်၏ အပါးတော်၌ 'အေဗာဒသ်'ပြုရန်အတွက်သာ ထားရှိခြင်းမှာ အကောင်းမြတ်ဆုံး ဖြစ်သည်။ ရှေးပညာရှင်များ၏ လက်တွေ့ ကျင့်ဆောင်ချက်များသည် ထိုအချက်အပေါ် သာဓကပြုလုပ်လျက် ရှိသည်။ တစ်ခါတစ်ရံ သာသနာ၏ လိုအပ်ချက်အရ သင်ပေးသင်ယူမှုပြုခြင်းနှင့် ပို့ချခြင်းတို့ကို ညအခါ၌ ပြုလုပ်ရန် လိုအပ်ပါက လိုအပ်သမျှ ပြုခြင်းကား မပါဝင်ပေ။ ထိုအကြောင်းနှင့် စပ်လျဉ်း

၍လည်း ရှေးပညာရှင်များနှင့် ဖိကာဟ်ပညာရှင်များ၏ လက်တွေ့လုပ်ဆောင်ချက်များသည် သာဓကအဖြစ် ရှိနေပေသည်။

وَاذْكُرِاسْمَ رَبِّكَ وَتَبَتَّلْ اِلَيْهِ تَبْتِيلًا

(၄င်းပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ နာမတော်ကို ရွတ်ဆိုတသပါလေ။ ထို့ပြင် အသင်သည် အနှောင်အဖွဲ့ဟူသမျှတို့ကို ဖြတ်တောက်၍ ထိုအသျှင်မြတ် ဘက်သို့သာလျှင် အာရုံစူးစိုက်လျက် ရှိပါလေ။) *[၇၃ : ၈]*

تَبَتَّلْ ၏ လုံးချင်းကောက် အဓိပ္ပာယ်မှာ 'အဖန်ဆင်းခံများနှင့် ဖြတ်တောက်၍ ဖန်ဆင်းရှင်၏ 'အေဗာဒသ်'၌ မွေ့လျော်ခြင်း' ဟု ဖြစ်သည်။

وَاذْكُرِاسْمَ رَبِّكَ (၄င်းပြင် အသင်သည် အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ်၏ နာမတော်ကို ရွတ်ဆိုတသပါလေ) ၏ ဆက်နွယ်မှုသည် قُمِ الَّيْلَ (အသင်သည် ညဉ့်၌ ထ၍ 'ဆွလားသ်'ဝတ်ပြုပါလေ) ဟူသော ဝါကျအပေါ်၌ ဖြစ်၏။ ၄င်းအာယသ်တော်၌ ကိုယ်တော်မြတ် ﷺ အား ညဉ့်၌ ထကာ 'သဟဂျ်ဂျုဒ်'နမာဇ် ဝတ်ပြုရန် အမိန့်ပေးထားသည်။ ၄င်း၏ အောက်တွင် နေ့အခါ၌ လည်း သီးခြားသီးခြား 'အေဗာဒသ်'များ ပြုရန်ကိုလည်း ညွှန်းဆိုထားသည်။ ၄င်းအမိန့်မှာ-

اِنَّ لَكَ فِى النَّهَارِسَبْحًا طَوِيلًا

(စကန်မလွဲ နေ့တွင် အသင့်၌ လုပ်ကိုင်ဆောင်ရွက်ရန် ကိစ္စများပြားစွာ ရှိပေသည်။) *[၇၃ : ၇]*

ဟူသော အာယသ်တော်၌ ပါရှိနေ၏။ ၄င်းအာယသ်တော်တွင် နေ့ (သို့မဟုတ်) ညအတွက်သာ သီးသန့်မဟုတ်ဘဲ အချိန်တိုင်း အခြေအနေ တိုင်းတွင် ပြုနေရမည့်၊ ရှိနေရမည့် 'အေဗာဒသ်'တစ်ရပ်နှင့် စပ်လျဉ်း၍ အမိန့်တော်တစ်ရပ်ကို ထုတ်ပြန်ထားသည်။ ထိုအမိန့်မှာ အလ္လာဟ်အသျှင်မြတ်အား သတိရ တသခြင်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်အား သတိရတသရန်ဟူသော အမိန့်၏ အလိုသဘောမှာ 'ထိုသတိရ တသခြင်းကို စွဲမြဲစွာ ပြုလုပ်ရန်' ဟု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း လုံးဝမပြုဟု ထင်စရာပင် အကြောင်း မရှိနိုင်သော ကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤအမိန့်တော်မှ အမြဲတစေ စွဲမြဲစွာ သတိရတသခြင်းကို ရည်ရွယ်ကြောင်း သိရှိရသည်။ *[မဇ္ဇဟရီကျမ်း]*

အာယသ်တော်၏ အလိုသဘောမှာ 'တမန်တော်မြတ် ﷺ အား နေ့ရောညပါ အချိန်တိုင်းတွင် အလ္လာဟ် အသျှင်မြတ်အား သတိရတသရန် အမိန့်ပေးခြင်း ဖြစ်သည်။ ဤသတိရတသမှုတွင် မည်သည့်အခါမျှ ပျက်ကွက်ခြင်း၊ ပျင်းရိခြင်းများ မဖြစ်ရပေ။ ဤအလိုသဘောသည် အလ္လာဟ်အသျှင်မြတ်အား သတိရတသ ခြင်းကို နှုတ်ဖြင့်ဖြစ်စေ၊ (သို့မဟုတ်) စိတ်ဖြင့်ဖြစ်စေ၊ (သို့မဟုတ်) ခန္ဓာကိုယ်အစိတ်အပိုင်းများဖြင့်ဖြစ်စေ၊

အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ၌ မွေ့လျော်ခြင်းဟူသော အကျယ်သဘောဆောင်သည့် အလို သဘောကို ကောက်ယူမှသာလျှင် ဖြစ်နိုင်ပေသည်။ ဟဒီးစ်တော်တစ်ပါးတွင် ဟဇရသ်အာအေရှာဟ်စိဒ်ဒီးကဲ ﷺ သခင်မ၏ ဆင့်ပြန်ချက် လာရှိသည်မှာ-

كان يذكر الله على كل حين

(တမန်တော်မြတ် ﷺ သည် အချိန်တိုင်းတွင် အလ္လာဟ်အသျှင်မြတ်အား သတိရတသတော်မူသည်) ဟု ဖြစ်သည်။

ဤသည်မှာလည်း ဤအကျယ်သဘောဆောင်သည့် အဓိပ္ပာယ်အရ မှန်ကန်မှု ရှိနိုင်၏။ အဘယ် ကြောင့်ဆိုသော် အိမ်သာ စသည်တို့တွင် ကိုယ်တော်မြတ် ﷺ သည် နှုတ်လျှာအားဖြင့် 'ဇိကိရ်'တသမှု မပြုခြင်းသည် ဟဒီးစ်ဆင့်ပြန်ချက်များဖြင့် အတည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ သို့ရာတွင် စိတ်မှ သတိရတသမှုသည် အမြဲတစေ ပြုနိုင်ပေသည်။ စိတ်မှ သတိရတသမှု၏ ပုံသဏ္ဍာန်နှစ်မျိုး ရှိသည်။

(၁) စာလုံးများကို အာရုံပြု၍ 'ဇိကိရ်'တသမှုပြုခြင်း၊

(၂) အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်များနှင့် ပြည့်စုံကုံလုံမှုများကို စဉ်းစားဆင်ခြင် တွေးတော ခြင်းတို့ ဖြစ်သည်။

ဤအာယသ်တော်မှ ဒုတိယအမိန့်မှာ تَبَتَّلْ إِلَيْهِ تَبْتِيلًا (အသင်သည် အနှောင်အဖွဲ့ဟူသမျှ တို့ကို ဖြတ်တောက်၍ ထိုအသျှင်မြတ်ဘက်တော်သို့သာလျှင် အာရုံစူးစိုက်လျက် ရှိပါလေ) ဟူသော အမိန့် တော် ဖြစ်သည်။

ဆိုလိုသည်မှာ 'အသင်သည် အဖန်ဆင်းခံအားလုံးကို ဖြတ်တောက်လျက် အလ္လာဟ်အသျှင်မြတ် ၏ နှစ်လိုမှုနှင့် ထိုအသျှင်မြတ်၏ 'အေဗာဒသ်'ခဝပ်မှုတွင် မွေ့လျော်လျက်ရှိပါလေ' ဟု ဖြစ်သည်။ ၎င်း၏ အကျယ်သဘောဆောင်သည့် အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်'ပြုရာတွင် အလ္လာဟ် အသျှင်မြတ်မှအပ အခြားအရာများကို တွဲဖက်ခြင်း မပြုရ။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ နှစ်လိုမှု အတွက်သာ သီးသန့်အာရုံပြု၍ 'အေဗာဒသ်' ပြုခြင်းလည်း ပါဝင်ပေသည်။ ထို့ပြင် မိမိ၏ လုပ်ရပ်နှင့် ကျင့်စဉ်များ အားလုံးတို့တွင်လည်းကောင်း၊ လှုပ်ရှားမှုများနှင့် ဆိတ်ဆိတ်နေခြင်းများတွင်လည်းကောင်း၊ အာရုံနှင့် အားကိုးအားထားပြုမှုတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ ရှိနေရမည်။ မည်သည့်အဖန် ဆင်းခံကိုမျှ ကောင်းကျိုးနှင့် ဆိုးကျိုးပေးနိုင်သည်ဟုလည်းကောင်း၊ လိုအပ်ဆန္ဒများကို ဖြည့်ဆည်းပေး ခြင်းနှင့် အခက်အခဲများကို ရှင်းပေးနိုင်သည်ဟုလည်းကောင်း ယူဆမှုထားရှိခြင်း မပြုခြင်းလည်း ပါဝင် ပေသည်။ ဟဇရသ်အိဗ်နေဇိုက်ဒ် (ရဟ) က မိန့်ဆိုသည်မှာ تَبَتَّلْ ၏ အဓိပ္ပာယ်မှာ 'တစ်လောကလုံးနှင့် လောကအတွင်းရှိသော အရာအားလုံးကို စွန့်လွှတ်ပြီး အလ္လာဟ်အသျှင်မြတ်၏ အပါးတော်၌ ရှိသော အရာ ကိုသာ အာရုံထားခြင်း ဖြစ်သည်' ဟူ၏။ *[မဇ္ဇဟရီကျမ်း]*

သို့သော် تبتل နှင့် အဖန်ဆင်းခံများ၏ အနှောင်အဖွဲ့ဟူသရွေ့ကို ဖြတ်တောက်ရန် ဤအာယသ်တော်၌ အမိန့်ပေးထားသည်။ ထိုအမိန့်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် رهبانيت 'လောကီရေးအားလုံးကို စွန့်လွှတ်ခြင်း' ဟု ခေါ်တွင်သော လောကီရေး စွန့်လွှတ်မှုနှင့်မူ လုံးဝ ခြားနားပေသည်။ ထိုကဲ့သို့သော လောကီရေး စွန့်လွှတ်ခြင်းကို ရှုတ်ချထိုက်ဖွယ် ကိစ္စရပ်ဖြစ်ကြောင်းကို

وَرَهْبَانِيَّةً ابْتَدَعُوهَا

ဟူသော အာယသ်တော်၌ ညွှန်းဆို တင်ပြထားပေသည်။ ၎င်းနှင့် စပ်လျဉ်း၍ ဟဒီးစ်တော်တွင် لا رهبانية فى الاسلام (အစ္စလာမ်သာသနာတွင် رهبانيت 'လောကီရေးအားလုံးကို စွန့်လွှတ်ခြင်း' ဟူ၍ မရှိ) ဟု ဆိုထားသည်။ အဘယ်ကြောင့်ဆိုသော် رهبانيت သည် ရှရီအသ်တရားတော်၏ အသုံးအနှုန်းတွင် 'လောကီရေး ချိုမြိန်မှုများအားလုံးနှင့် 'ဟလာလ်'ဖြစ်သော ကောင်းမြတ်သည့် အရာဟူသရွေ့ကို 'အေဗာဒသ်'ပြုခြင်းဟု သဘောပိုက်ကာ စွန့်လွှတ်ခြင်း'ကို ခေါ်ဆိုပေသည်။ ဆိုလိုသည်မှာ ၎င်း 'ဟလာလ်'ဖြစ်သော အရာများကို မစွန့်လွှတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှုကို မရရှိနိုင်ဟု ယုံကြည်ခြင်း၊ (သို့) 'ဝါဂျိဗ်'အဆင့်ရှိ မိမိနှင့် ပတ်သက်ဆက်နွယ်သူများ၏ ရပိုင်ခွင့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း မပြုဘဲ လုပ်ရပ်အားဖြင့် အဆက်အသွယ်ဖြတ် အနှောင်အဖွဲ့များကို စွန့်လွှတ်ခြင်း၊ تبتّل နှင့် အနှောင်အဖွဲ့များကို ဖြတ်တောက်ခြင်းပြုရန် ဟူသော အမိန့်မှာ 'အလ္လာဟ်အသျှင်မြတ်နှင့် ဆက်နွယ်မှုအပေါ် အခြားအဖန်ဆင်းခံတစ်ဦးဦး၏ ဆက်နွယ်မှုသည် လွှမ်းမိုးမသွားစေရ'ဟု ဖြစ်သည်။ ယုံကြည်ချက်အရဖြစ်စေ၊ လုပ်ရပ်အရဖြစ်စေ အတူတူပင် ဖြစ်သည်။ ထို့ပြင် ဤအနှောင်အဖွဲ့ ဆက်နွယ်မှုကို စွန့်လွှတ်ခြင်းသည် လောကီရေးရာ ကိစ္စဟူသရွေ့နှင့် လည်းကောင်း၊ အိမ်ထောင်ရေးနှင့် 'နေကာဟ်' ထိမ်းမြားခြင်းတို့နှင့်လည်းကောင်း၊ ဆွေမျိုးဆက်နွယ်မှု စသည်တို့နှင့်လည်းကောင်း ဆန့်ကျင်ခြားနားမှု မရှိပေ။ ထိုမျှမသာမက ထိုအရာအားလုံးတို့နှင့်တကွ ပေါင်းစုခြင်းလည်း ဖြစ်နိုင်သည်။ နဗီတမန်တော်တို့၏ စွန္နသ်ဖြစ်ပြီး အထူးအားဖြင့် နဗီတမန်တော်အပေါင်းတို့၏ ခေါင်းဆောင် နဗီကိုယ်တော်မြတ်၏ သက်တမ်းတစ်လျှောက်လုံးနှင့် လှပသော ကိုယ်ကျင့်တရား ကျင့်စဉ်များသည် ဤအချက်အပေါ် သာဓကဖြစ်သည်။ ဤနေရာတွင် تبتّل ဟူသော စာလုံးဖြင့် ခိုင်းနှိုင်းထားသည့် အလိုသဘော၏ အခြားအမည်တစ်ခုမှာ ရှေးသူတော်စင်တို့၏ အခေါ်အဝေါ်တွင် 'အိခ်လားစ်'ဟူ၍ ဖြစ်သည်။ *[မဇ္ဇဟ်ရီကျမ်း]*

အထူးမှတ်ချက်တစ်ရပ်

အလ္လာဟ်အသျှင်မြတ်အား များပြောင်စွာ သတိရတသမှုနှင့် လောကီရေး ဆက်နွယ်မှုများကို ဖြတ်တောက်ရာတွင် ရှေးသူတော်စင်များသည်လည်းကောင်း၊ နှောင်းခေတ်သူတော်စင်များသည်လည်းကောင်း

ရှေ့ဆုံးမှပင် ရှိခဲ့ကြသည်။ ၎င်းတို့က မိန့်ဆိုကြသည်မှာ ကျွန်ုပ်တို့သည် နေ့ရောညပါ ခရီးနှင်၍ ဖြတ်သန်းနေရသော လမ်းသည် အမှန်စင်စစ် ခြေလှမ်းနှစ်လှမ်းသာ ရှိသည်။ ပထမခြေလှမ်းမှာ အဖန်ဆင်းခံများနှင့် အဆက်ဖြတ်ခြင်း ဖြစ်သည်။ ဒုတိယခြေလှမ်းမှာ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးသို့ ရောက်ရှိစေသော ခြေလှမ်းဖြစ်သည်။ ထိုအချက်နှစ်ချက်စလုံးမှာ တစ်ခုနှင့်တစ်ခု အညမည အပြန်အလှန် ဖြစ်ပေသည်ဟူ၏။

ဖော်ပြပါအာယသ်တော်တွင် ယင်းခြေလှမ်းနှစ်လှမ်းကို စပ်ဆက်နေသော စာပိုဒ်နှစ်ပိုဒ်တွင်

وَاذْكُرِ اسْمَ رَبِّكَ وَتَبَتَّلْ اِلَيْهِ تَبْتِيلًا

ဟူ၍ တင်ပြ မိန့်ကြားတော်မူပေသည်။ ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်၏ သတိရတသမှု၏ အလိုသဘောမှာ မည်သည့်အခါမျှ လျော့နည်းမှုနှင့် အားနည်းမှုမရှိ။ မည်သည့်အခါမျှ ပျက်ကွက်မှုမရှိဘဲ စွဲမြဲစွာပြုခြင်းကို ဆိုလိုသည်။ ဤသည်ပင် ဆူဖီယဟ်သူတော်စင်များ၏ ဝေါဟာရတွင် **وصول الى الله** (အလ္လာဟ်အသျှင်မြတ် ထံတော်သို့ လှမ်းခြင်း၊ ရောက်ရှိခစားခြင်း) ဟု ခေါ်ဝေါ်သော အဆင့်အတန်း ဖြစ်သည်။ ပထမစာပိုဒ်တွင် နောက်ဆုံးခြေလှမ်းကို တင်ပြ မိန့်ကြားတော်မူထားသည်။ ဒုတိယအပိုဒ်တွင် ပထမခြေလှမ်းကို တင်ပြ မိန့်ကြားတော်မူသည်။ ဤသို့ စာစဉ် ရှေ့နောက်ပြောင်း၍ တင်ပြရခြင်းမှာ စင်စစ် လုပ်ဆောင်ချက်တွင် **تبتل** ဆက်နွယ်မှုများကို ဖြတ်တောက်ခြင်းသည် ရှေ့၌ ဖော်ပြခြင်းခံရသည့် **وصول الى الله** 'အလ္လာဟ်အသျှင်မြတ်ထံတော်သို့ လှမ်းခြင်း၊ ရောက်ရှိခစားခြင်း' မှာ ၎င်း၏ နောက်တွင်မှ အစဉ်လိုက်ဖြစ်ရသည်။ သို့ရာတွင် **سالك** 'စာလိက်'ဘာသာတရား လိုက်စားရှာဖွေနေသူ၏ ရည်ရွယ်ချက်မှာ ဒုတိယခြေလှမ်းပင် ဖြစ်သည်။ ဤသည်ပင် ရည်ရွယ်ချက်များအားလုံး၏ အချုပ် နောက်ဆုံး ရည်ရွယ်ချက် ပန်းတိုင် ဖြစ်သည်။ ၎င်း၏ အရေးကြီးခြင်းနှင့် အမြတ်ဆုံးဖြစ်ခြင်းကို ပြသရန်အတွက် စာစဉ်ကို ရှေ့ နောက် ပြောင်း၍ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းကို ရှေ့၌ တင်ပြ မိန့်ကြားတော်မူခြင်း ဖြစ်ပေမည်။

'အိစ်မေ့ဇားသ်' (ဝါ) 'အလ္လာဟ်၊ အလ္လာဟ်' ဟူသော 'ဇိကိရ်' တော်ကို ထပ်ခါထပ်ခါ ပြုခြင်းသည်လည်း ပြဋ္ဌာန်းခြင်း ခံရသော 'ဇိကိရ်'၊ 'အေဟာဒသ်' ဖြစ်သည်။

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း၏ အမိန့်ကို **اسم** (အိစ်မ်) နာမတော်ဟူသော စာလုံးနှင့်အတူ ပူးကပ်တင်ပြ၍ **وَاذْكُرِ اسْمَ رَبِّكَ** (၎င်းပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ နာမတော်ကို ရွတ်ဆိုတသပါလေ) ဟူ၍ မိန့်ကြားထားတော်မူသည်။

وَاذْكُرْ رَبَّكَ (အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်အား တသ သတိရပါလေ) ဟု မိန့်ကြားခြင်း မပြုထားပေ။ ဤနေရာတွင် **اسم رب** 'အိစ်မေ့ရဗ်' (ဖန်ဆင်းမွေးမြူတော်မူသော အသျှင်

မြတ်၏ နာမတော်) အလိုသဘောမှာ الله — الله ဟူသော 'ဇိကိရ်'ကို ကြိမ်ဖန်များမြောင်စွာ ရွတ်ဆိုခြင်းမှာ သာသနာတော်၌ အမိန့်ပေးခံရသော 'ဇိကိရ်'တော်ဖြစ်ကြောင်းကို ညွှန်းဆိုထားပေသည်။ *[မဇ္ဇရီကျမ်း]*

အချို့ပညာရှင်များက 'အိစ်မေ့ဖားသ်' (ဝါ) အလ္လာဟ်၊ အလ္လာဟ်ဟူ၍ ထပ်ခါထပ်ခါ ကြိမ်ဖန်များစွာ ရွတ်ဆိုခြင်းကို 'ဗိဒ်အသ်' (တရားသစ်တီထွင်မှု) ဟု ဆိုကြသည်။ ဤအာယသ်တော်အရ သိရှိရသည်မှာ ထိုကဲ့သို့ ရွတ်ဆိုခြင်းကို 'ဗိဒ်အသ်'ဟု ဆိုခြင်း မမှန်ကန်ပေ။

رَبُّ الْمَشْرِقِ وَالْمَغْرِبِ لَآ اِلٰهَ اِلَّاهُوَ فَاتَّخِذْهُ وَكِيْلًا

(ထိုအသျှင်မြတ်သည် နေထွက်ရာအရပ်ကိုလည်းကောင်း၊ နေဝင်ရာအရပ်ကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ အို, နဗီတမန်တော်၊ အသင်သည် ထိုအသျှင်မြတ် ကိုသာလျှင် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်မြတ်အဖြစ် ရွေးချယ်ပါလေ။) *[၇၃ : ၉]*

وَكِيْل သည် အဘိဓါန်တွင် 'အလုပ်တစ်ခုခုနှင့် စပ်လျဉ်း၍ တာဝန်ပေးခြင်း၊ အပ်နှံခြင်းခံရသောသူ'ကို ခေါ်ဆိုသည်။

فَاتَّخِذْهُ وَكِيْلًا

၏ အလိုသဘောမှာ 'မိမိ၏ လုပ်ငန်းဆောင်တာအားလုံးကိုလည်းကောင်း၊ အရေးကိစ္စအားလုံးကိုလည်းကောင်း၊ အခြေအနေအားလုံးကိုလည်းကောင်း အလ္လာဟ်အသျှင်မြတ်အား အပ်နှံလေကုန်' ဟု ဖြစ်သည်။ ဤသည်ကိုပင် ဆူဖီသူတော်စင် သာသနာ့ပညာရှင်များ၏ ဝေါဟာရအသုံးအနှုန်း၌ تَوَكُّل 'သဝပ်က်ကွလ်' ဟု ခေါ်တွင်ပေသည်။ ဤစူရာဟ်တော်၌ တမန်တော်မြတ် ﷺ အား အမိန့်ပေးခဲ့သည်တို့တွင် ဤသည်မှာ ပဉ္စမမြောက် အမိန့်တော်ဖြစ်သည်။ အေမာမ်ယအ်ကူးဗ်ကရ်ခီး (ရဟ) က မိန့်ဆိုသည်မှာ 'စူရာဟ်အစမှ ဤအာယသ်တော်ထိတိုင် 'စုလူးက်' (ဘာသာတရား လိုက်စားရှာဖွေသူတို့အတွက် ကျင့်ကြံရသော ကျင့်စဉ်များ) ကို ရည်ညွှန်းတော်မူထားသည်။ ဆိုလိုသည်မှာ-

- (၁) ညအခါ အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်'အတွက် တစ်ကိုယ်တည်းထ၍ ရပ်ခြင်း၊
- (၂) ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်မှု၌ မွေ့လျော်ခြင်း၊
- (၃) အလ္လာဟ်အသျှင်မြတ်အား 'ဇိကိရ်'တသမှုကို အမြဲတစေ စွဲမြဲစွာ ပြုခြင်း၊
- (၄) အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ဥပေက္ခာပြုခြင်းနှင့် ဆက်နွယ်မှုများကို စွန့်လွှတ်ခြင်းနှင့်
- (၅) အလ္လာဟ်အသျှင်မြတ်အပေါ် ယုံပုံအားကိုးခြင်းတို့ ဖြစ်သည်။

تَوَكُّل 'သဝပ်က်ကွလ်' ဟူသော နောက်ဆုံးအမိန့်တော်ကို မတင်ပြမီအလျှင် ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်ဖြစ်သော

رَبُّ الْمَشْرِقِ وَالْمَغْرِبِ

(ထိုအသျှင်မြတ်သည် နေထွက်ရာအရပ်ကိုလည်းကောင်း၊ နေဝင်ရာအရပ်ကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသင်မြတ် ဖြစ်တော်မူ၏။)

ကို တင်ပြမိန့်ကြားလျက် ထိုအသျှင်မြတ်သည် အရှေ့နှင့် အနောက် (ဝါ) တစ်လောကလုံးကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူပြီး ၎င်းတို့အတွက် လိုအပ်ချက်ဟူသမျှကို အစမှ အဆုံးတိုင် အပြည့်အဝ တာဝန်ယူတော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်း၊ ယုံပုံအားကိုးရန် ထိုက်သက်သော အသျှင်မြတ်မှာမူ ထိုအသျှင်မြတ်သာ ဖြစ်ပြီး၊ ယုံပုံ အားကိုးအားထား ပြုသူသည် မည်သည့်အခါမျှ လက်မဲ့မဖြစ်နိုင်သည့် အကြောင်းကို ညွှန်းဆို မိန့်ကြားထားတော်မူခြင်း ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ပင်

وَمَنْ يَّتَوَكَّلْ عَلَى اللهِ فَهُوَ حَسْبُهٗ

ဟု မိန့်ကြားတော်မူထားသည့်အတိုင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ 'မည်သူဆို အလ္လာဟ်အသျှင်မြတ်အပေါ် ယုံပုံအားကိုးအားထားပြုပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူ၏ (အရေးကြီးသော အချက်များနှင့် အခက်အခဲဟူသရွေ့တို့) အတွက် လုံလောက်တော်မူသော အသျှင် ဖြစ်သွားပေသည်' ဟု ဖြစ်သည်။

تو كّل 'သဝပ်က်ကွလ်' အားကိုးအားထားပြုခြင်း၏ ရှရီအသ်တရားတော်လာ ဝေါဟာရအဓိပ္ပာယ်

'သဝပ်က်ကွလ်' အလ္လာဟ်အသျှင်မြတ်အပေါ် ယုံပုံအားကိုးအားထားပြုခြင်း ဆိုသည်မှာ စီးပွားရှာဖွေခြင်းနှင့် ဘေးဒုက္ခများမှ ကင်းဝေးရန်အတွက် အလ္လာဟ်အသျှင်မြတ်က အသင့်အား ချီးမြှင့်ထားသည့် အကြောင်းခံများကို ဖြတ်တောက်စွန့်လွှတ်၍ အချည်းအနှီးဖြစ်စေကာ အလ္လာဟ်အသျှင်မြတ်အပေါ် ယုံပုံအားကိုးအားထားပြုခြင်းဟူသော အလိုသဘောကို ဆိုလိုခြင်းမဟုတ်ပေ။ ထိုမျှသာမက تو كّل 'သဝပ်က်ကွလ်' ၏ အလိုသဘော အစစ်အမှန်မှာ 'မိမိ၏ ရည်ရွယ်ချက်များအတွက် အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်တော်မူထားသည့် အကြောင်းခံအင်အားများကို အပြည့်အဝ အသုံးပြုရမည်။ သို့သော် အကြောင်းခံဖြစ်သော အရာများအပေါ် အလွန်အမင်း လုံ့လအားစိုက်ခြင်း မပြုရပေ။ လုပ်ကိုင်နိုင်သည် ပြုလုပ်ပြီးသည့်နောက် ၎င်း၏ နိဂုံး နောက်ဆုံးရလဒ်ကို အလ္လာဟ်အသျှင်မြတ်အပေါ်၌ ပုံအပ်လျက် စိတ်သောကမထားဘဲ နေလိုက်ခြင်း' ပင် ဖြစ်သည်။ تو كّل 'သဝပ်က်ကွလ်' ၏ ဤအလိုသဘောကို တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်က မိန့်ကြားတော်မူခဲ့သည်။ အေမာမ်ဗဂဝီ (ရဟ) က 'ရှရ်ဟွတ်စွန္နသ်' ကျမ်းတွင်လည်းကောင်း၊ ဗိုင်ဟကီ (ရဟ) သည် 'ရှုအဗွလ်အီမာန်' ကျမ်းတွင်လည်းကောင်း ဤဟဒီးစ်တော်ကို ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သော ၎င်းဟဒီးစ်တော်မှာ-

ان نفسًا لن تموت حتّٰى تستكمل رزقها الا فاتّقوا الله واجملوا فى الطلب (مظهرى)

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ရှုဟွလ်ကုဒုစ်' (ဂျိဗ်ရာအီးလ် عليه السلام) သည် ငါကိုယ်တော်၏ နှလုံးသား၌ ထည့်သွင်းပေးသည်မှာ 'မည်သူမဆို မိမိ၏ နဖူးစာတွင် ရေးမှတ်ပြီးဖြစ်သော အလ္လာဟ် အသျှင်မြတ်၏ ရိဇ်ကို အပြည့်အဝ ရယူခြင်း မပြုရသေးသရွေ့ သေဆုံးကွယ်လွန်မည် မဟုတ်ပေ။ ထို့ကြောင့် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် မိမိတို့၏ ရည်ရွယ် ချက်များကို ရှာဖွေရာတွင် တိုတောင်းစွာပင် ပြုကြလေကုန်။ များပြောင်စွာ အားစိုက်ခြင်း မပြုကြလေ နှင့်။ နှလုံးသား၏ အာရုံစူးစိုက်မှုသည် ထိုအကြောင်းခံ အရာဝတ္ထုများအပေါ် စုပြုံခြင်း မဖြစ်စေရပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံပုံ အားကိုးအားထားပြုကြကုန်' ဟု ဖြစ်သည်။ သိရ်မေဇီကျမ်း တွင် ဟဇရတ်အဗူဇရ် رضي الله عنه ၏ ဆင့်ပြန်ချက်လာရှိသည်မှာ တမန်တော်မြတ် ﷺ က 'လောကီရေးကို စွန့်လွှတ် ခြင်း ဆိုသည်မှာ 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်က မိမိတို့အပေါ်တွင် 'ဟလာလ်'ပြုထားတော် မူသည်တို့ကို 'ဟရာမ်'ပြုလုပ်လိုက်ခြင်း၊ (သို့မဟုတ်) အသင်တို့ထံ၌ ရှိသည့် ဥစ္စာပစ္စည်းများကို တမင် သက်သက် ကုန်ဆုံးစေခြင်းကို ခေါ်တွင်သည် မဟုတ်ပေ။ ထိုမျှမက လောကီရေးစွန့်လွှတ်ခြင်း ဆိုသည်မှာ 'အသင်တို့၏ ယုံပုံ အားကိုးအားထားပြုခြင်းသည် အသင်တို့၏ လက်တွင်ရှိသော အရာများထက် ပို၍ အလ္လာဟ်အသျှင်မြတ်၏ လက်တော်၌ ရှိသည့် အရာအပေါ်တွင် ထားရှိခြင်းကိုသာ ခေါ်ဆိုပေသည်ဟူ၍ မိန့်ခြွေတော်မူခဲ့၏။ *[မဇ္ဇဟရီကျမ်း]*

وَاصْبِرْ عَلٰى مَا يَقُوْلُوْنَ وَاهْجُرْهُمْ هَجْرًا جَمِيْلًا

(ထို့ပြင် အို, နဗီတမန်တော်၊ အသင်သည် ၎င်းတို့၏ ပြောဆိုချက်နှင့် စပ်လျဉ်း၍ သည်းခံနေပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့ထံမှ ကောင်းမွန်လှပစွာ ကင်းလွတ်၍ နေပါလေ။ ၎င်းတို့အား ကောင်းမွန်စွာ စွန့်ထားပါလေ။) *[၇၃ : ၁၀]*

အေမာမ်ကရ်ခီ (ရဟ) ၏ အဆိုအရ ဤအာယသ်တော်သည် တမန်တော်မြတ် ﷺ အပေါ် ဆင့်မ မြောက် ပြဋ္ဌာန်းချက် ဖြစ်သည်။ ဆိုလိုသည်မှာ 'လူတို့၏ ဒုက္ခပေးခြင်းများနှင့် ဆဲရေးပြုခြင်းများအပေါ် ကောင်းမွန်လှပသော သည်းခံခြင်း ပြုပါလေ'ဟု ဖြစ်သည်။ ဤရန်သူတို့၏ ဒုက္ခပေးခြင်းများအပေါ် သည်းခံခြင်းသည် 'စုလူးက်' (မိမိကိုယ်ကို မိမိ ပြုပြင်ခြင်း) လမ်းစဉ်၏ အဆင့်များအနက် အမြင့်ဆုံးအဆင့် ဖြစ်သည်။ ဆိုလိုသည်မှာ 'အကြင်ပုဂ္ဂိုလ်ကြီးများသည် စေတနာတရားနှင့် ကိုယ်ချင်းစာနာစိတ်တို့ဖြင့် မိမိတို့၏ ရှိသမျှ အင်အားနှင့် ဘဝသက်တမ်းတစ်ခုလုံးကို ၎င်းတို့အတွက် အသုံးချခဲ့ကြသည်။ ၎င်းတို့ဘက်မှ ဤပုဂ္ဂိုလ်များကို ဆဲရေးမှုပြုခြင်း၊ ဒုက္ခများ ရောက်စေခြင်းများနှင့် အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှု များနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ကောင်းမွန်လှပသော သည်းခံမှုကို ပြုခြင်း၊ ဆိုလိုသည်မှာ 'လက်စားချေရန် ရည်ရွယ်ခြင်းပင် မထားခြင်း' ဟူသည့် ဤသို့ သည်းခံသော အဆင့်သည် အလွန်မြင့်မားသော အဆင့် ဖြစ်သည်။ ဆူဖီဝလီသူတော်စင်တို့၏ ဝေါဟာရတွင် ခေါ်တွင်သော فناء كل (ခေါ်) မိမိကိုယ်ကို မိမိ အပြည့်အဝ ချိုးနှိမ် ဖြောင့်ချက်မှုမရှိဘဲ မရရှိနိုင်သော အဆင့်ဖြစ်သည်။

وَاهْجُرْهُمْ هَجْرًا جَمِيلًا

(ထို့ပြင် အသင်သည် ၎င်းတို့ထံမှ ကောင်းမွန်လှပစွာ ကင်းလွတ်၍ နေပါလေ။ ၎င်းတို့အား ကောင်းမွန်စွာ စွန့်ထားပါလေ။) [၇၃ : ၁၀]

هَجْر ၏ အဓိပ္ပာယ်မှာ 'အရာတစ်ခုကို ယူကျုံးမရခြင်း၊ ဝမ်းနည်းစွာဖြင့် ပတ်သက်ဆက်နွယ်မှု မရှိထားလို၍ စွန့်လွှတ်ခြင်း' ဟု ဖြစ်သည်။ ဤသို့ဆိုလျှင် အဓိပ္ပာယ်မှာ မဟုတ်မမှန်ဟု စွပ်စွဲပြင်းဆိုကြသည့် ကာဖိရ်များသည် အသင့်အား ဒုက္ခရောက်စေသည့် စကားများကို ပြောဆိုခဲ့ကြသော်လည်း အသင်သည် ၎င်းတို့အား လက်စားချေခြင်း မပြုလေနှင့်။ သို့သော် ၎င်းတို့နှင့် အဆက်အသွယ်လည်း မထားလေနှင့်ဟူ၏။ သို့ရာတွင် တစ်ဦးတစ်ယောက်အား အဆက်အသွယ်ဖြတ်သည့်အချိန်တွင် လူသား၏ သဘာဝမှာ အဆက်အသွယ်ဖြတ်တောက်လိုက်သည့် သူနှင့် စပ်လျဉ်း၍ ထိုသူ၏ မကောင်းကြောင်းများကို ပြောဆိုခြင်း၊ တိုင်တန်းခြင်းများပြုလေ့ ရှိကြသည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ အား ကာဖိရ်များနှင့် အဆက်အသွယ် ဖြတ်တောက်ရာတွင် ကောင်းမွန်လှပသော ဖြတ်တောက်ခြင်းပြုရန် အမိန့်ပေးတော်ကို هَجْرًا جَمِيلًا ဟူသော သတ်မှတ်ချက်ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ မြင့်မားသော ဂုဏ်အဆင့်အတန်းနှင့် မြင့်မားသော စာရိတ္တတော်၏ လျော်ကန်သော တောင်းဆိုချက်မှာ အဆက်အသွယ် ဖြတ်တောက်ထားသည့် ကာဖိရ်များအပေါ် နှုတ်ဖြင့်ပင် မကောင်းပြောဆိုခြင်းများမှ စောင့်စည်းထိန်းသိမ်းပါစေဟု ဖြစ်သည်။

အချို့အဖွင့်ပညာရှင်များက မိန့်ဆိုကြသည်မှာ ဤအာယသ်တော်၏ 'နောက်တွင် ကျရောက်ခဲ့သော 'ဂျိဟာဒ်'ဆိုင်ရာ အာယသ်တော်များဖြင့် ဤအာယသ်တော်၏ အမိန့်မှာ 'မန်ဆူးခ်' ဖြစ်သွားသည်၊ ပျက်ပြယ်သွားပြီဖြစ်သည်'ဟူ၏။ သို့သော် သေချာစွာ လေ့လာဆန်းစစ်ကြည့်ပါလျှင် ၎င်းအာယသ်တော်၏ အမိန့် 'မန်ဆူးခ်'ဖြစ် ပျက်ပြယ်သွားပြီဟု သတ်မှတ်ရန် မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါ အာယသ်တော်များတွင် ကာဖိရ်တို့၏ ဒုက္ခပေးခြင်းများအပေါ် သည်းခံရန်နှင့် ကောင်းမွန်လှပစွာ အဆက်ဖြတ်ရန် မိန့်ကြားထားသည်။ ဤအပြစ်ဒဏ်ခတ်ခြင်းသည် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းနှင့် ဆန့်ကျင်ခြင်းနားမှု မဖြစ်ပေ။ ဤအာယသ်တော်၏ အမိန့်သည် အချိန်တိုင်း၊ အမြဲတမ်းအတွက် ဖြစ်သည်။ 'ဂျိဟာဒ်' ဖြင့် အပြစ်ဒဏ်ခတ်ခြင်း၏ အမိန့်သည် သီးသန့် အချိန်များအတွက်သာ ဖြစ်သည်။ ထို့ပြင် အစ္စလာမ် သာသနာ့ဥပဒေ ပြဋ္ဌာန်းချက်အရ တိုက်ခိုက်ခြင်းနှင့် 'ဂျိဟာဒ်'တို့သည် သည်းခံခြင်းနှင့် ကောင်းမွန်လှပစွာ အဆက်ဖြတ်ခြင်းတို့နှင့် ဆန့်ကျင်သော လက်စားချေခြင်း (သို့မဟုတ်) မိမိ၏ ဒေါသကို ပြခြင်း မဟုတ်ပေ။ ထို့မျှမက သည်းခံခြင်းနှင့် ကောင်းမွန်လှပစွာ အဆက်ဖြတ်ခြင်း အမိန့်ကို အခြေအနေတိုင်းတွင် အသျှင်မြတ်၏ အမိန့်တော်ကို နာခံခြင်း ပြုရသကဲ့သို့ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြစ်၍ နာခံခြင်းသက်သက်သာ ဖြစ်ပေသည်။

ဤနေရာအထိမှာ တမန်တော်မြတ် ﷺ အား ဒုက္ခများ ခံစားရခြင်းအပေါ် သည်းခံရန်နှင့် လက်စားချေခြင်း မပြုရန်ကို မိန့်ကြားခဲ့သည်။ ရှေ့တွင် ကိုယ်တော်မြတ် ﷺ အား နှစ်သိမ့်ရန်အတွက် ထိုကာဖိရ်များအပေါ် ကျရောက်မည့် တမလွန်၏ 'အဇားဗ်'အပြစ်ဒဏ်အကြောင်းကို တင်ပြထားသည်။ ရည်ရွယ်သည်မှာ ၎င်းတို့၏ ကာလအနည်းငယ်မျှ ဒုက္ခပေးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်မှုများအပေါ် အသင်သည် သောကမဖြစ်လေနှင့်။ ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်သော 'အဇားဗ်'အပြစ်ဒဏ်၌ ဖမ်းဆီးတော်မူမည် ဖြစ်သည်။ သို့သော် အသျှင်မြတ်၏ အမြော်အမြင်အရ ၎င်းတို့အား အနည်းငယ်မျှ ဆိုင်းငံ့ခွင့် ပေးထားတော်မူခြင်း ဖြစ်သည်။ ဤသို့ ပြုထားရာတွင် အသင်သည် အလျင်စလိုပြုရန် သောက မထားလေနှင့်ဟု မိန့်ကြားတော်မူခဲ့သည်။ အနောက်၌ လာရှိနေသော

ذَرْنِي وَالْمُكَذِّبِينَ أُولِي النَّعْمَةِ وَمَهِّلْهُمْ قَلِيلًا

(၎င်းပြင် အသင်သည် ငါအသျှင်မြတ်အားလည်းကောင်း၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော စည်းစိမ်ရှင်တို့အားလည်းကောင်း လွှတ်ထားပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့အား အနည်းငယ် ရွှေ့ဆိုင်း၍ ထားပါလေ။) [၇၃ း ၁၁]

ဟူသည့် အာယသ်တော်မှာ ဤအလိုသဘောကိုပင် ဆောင်သည်။ ဤအာယသ်တော်တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သော ကာဖိရ်များကို أُولِي النَّعْمَةِ (စည်းစိမ် ရှင်များ) ဟု မိန့်ကြားထားသည်။ **نَعْمَت** ('နူး'အက္ခရာကို 'ဇဗရ်'ဖြင့် ဖတ်ရမည်။) သည် **تَنَعُّم** စည်းစိမ်ဥစ္စာ ပစ္စည်းများနှင့် သားသမီးများပြားခြင်းတို့၏ အဓိပ္ပာယ်ရသည်။ ဤနေရာတွင် 'လောကီရေး ဥစ္စာပစ္စည်းများ၊ သားသမီးများနှင့် စည်းစိမ်ချမ်းသာများအပေါ် ယစ်မူးနေခြင်းသည် တမလွန်ကို မဟုတ်မမှန်ဟု ငြင်းပယ်သူတို့၌သာ ဖြစ်နိုင်ပေသည်။ မုအ်မင်န်များအဖို့လည်း ဤအရာများသည် တစ်ခါတစ်ရံ ရရှိတတ်သည်။ သို့ရာတွင် မုအ်မင်န်သည် ထိုအရာများ၌ ဤကဲ့သို့ ယစ်မူးခြင်းမရှိပေ။ ထို့ကြောင့် လောက၏ စည်းစိမ်ချမ်းသာများ ရရှိစဉ်၌လည်း မုအ်မင်န်များ၏ နှလုံးသားသည် 'အာခိရသ်' တမလွန်၏ သောကနှင့် ကင်းလွတ်ခြင်းမရှိပေ။ စည်းစိမ်ချမ်းသာတွင် ယစ်မူးခြင်းနှင့် လုံးဝသောကမရှိ နေခြင်းသည် လောကတွင် ကာဖိရ်များနှင့် တမလွန်ကို မဟုတ်မမှန်ဟု ငြင်းပယ်သူများ၌သာ ဖြစ်ပေါ်ပေသည်။

ရှေ့တွင် တမလွန်၏ ပြင်းထန်သော 'အဇားဗ်'အပြစ်ဒဏ်အကြောင်း တင်ပြထားသည်။ ဤတင်ပြချက်တွင် ဦးစွာပထမ **أَنْكَالًا** ဟူသော စာလုံးကို တင်ပြထားသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် သံကြိုး၊ သံကွင်းများ' ဟု ဖြစ်သည်။ ထို့နောက် 'ဂျဟန္နမ်'၏ လောင်ကျွမ်းမှု ပြင်းထန်သော မီးအကြောင်းကို တင်ပြထားသည်။ ထို့နောက် 'ဂျဟန္နမ်'ငရဲဘုံသားတို့အဖို့ စိုးရိမ်ထိတ်လန့်ဖွယ် ကောင်းသော အစားအစာအကြောင်းကို တင်ပြထားသည်။

طَعَامًا ذَا غُصَّةٍ

(လည်မျို၌ တစ်ဆို့၍နေမည်ဖြစ်သော အစားအစာသည်လည်းကောင်း။) [၇၃ : ၁၃]

غُصَّةٌ ၏ လုံးချင်းကောက် အဓိပ္ပာယ်မှာ 'လည်ပင်း၌ တစ်ဆို့သွားသည့် ကြိုးထုံး' ဟု ဖြစ်သည်။ 'အစားတစ်လုပ် လည်ပင်း၌ မျိုချ၍လည်း မရ။ အပြင်သို့ ထုတ်၍လည်း မရနှင့် ဖြစ်နေပြီး လည်ပင်း၌ တစ်ဆို့နေသကဲ့သို့ ဖြစ်ရှိနေခြင်းဟူ၍ ဖြစ်သည်။

ضَرِيعٌ (ဆူးပင်) နှင့် **زَقُّومٌ** (ရှားစောင်းခါးပင်) တို့ကို 'ဂျဟန္နမ်'ငရဲဘုံသားတို့ စားရန်အတွက် ပေးခြင်း ခံရပေမည်။ ထိုကာဖိရ်များအဖို့လည်း ၄င်းအစားအစာများကိုသာ ပေးခြင်း ခံရပေမည်။ ဟဇရတ် အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ 'ထိုဂျဟန္နမ်ငရဲဘုံတွင် လည်ပင်း၌ တစ်ဆို့သွားမည့် မီးဖြင့် အတိပြီးသော ဆူးများ ရှိပေမည်'ဟု ဖြစ်သည်။ နောက်ဆုံး၌ မိန့်ကြားတော်မူသည်မှာ-

وَعَذَابًا أَلِيمًا (နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်လည်းကောင်း ရှိ၏။)

ဟူ၍ ဖြစ်သည်။ သတ်သတ်မှတ်မှတ် ထားရှိပြီးဖြစ်သော 'အဇားဗ်'အပြစ်ဒဏ်များကို တင်ပြပြီး နောက် သတ်သတ်မှတ်မှတ် ဖော်ပြထားခြင်းမရှိသော စာလုံးကို တင်ပြမိန့်ကြား၍ မည်သည့်လူသားမျှ ပုံဖော်၍ မတင်ပြနိုင်လောက်အောင် ပြင်းထန်သော 'အဇားဗ်' ထက်ပင် ပို၍ ပြင်းထန်သော 'အဇားဗ်' အပြစ်ဒဏ် ရှိချေမည်ဟူသော အချက်အလက်သို့ ရည်ညွှန်းထားပေသည်။

ရှေးသူတော်စင်တို့၏ တမလွန်ကို ကြောက်ရွံ့ခြင်း

အေမာမ်အဟ်မဒ် (ရဟ)၊ အိဗ်နေအဘီဒါဂူးဒ် (ရဟ)၊ အိဗ်နေအဒီ (ရဟ) နှင့် ဗိုင်ဟာကီ (ရဟ) တို့၏ တင်ပြန်ချက် လာရှိသည်မှာ 'လူတစ်ဦးသည် ကုရ်အာန်ကျမ်းမြတ်၏ ဤအာယသ်တော်ကို ကြားနာပြီးနောက် ကြောက်ရွံ့မှုကြောင့် သတိလစ်မေ့မျော သွားခဲ့သည်' ဟု ဖြစ်သည်။ ဟဇရတ်ဟစန်ဗဆွရီ (ရဟ) သည် 'တစ်နေ့သ၌ 'ရိဇာဟ်'နှင့် ရှိနေသည်။ ဝါဖြေချိန်တွင် စားစရာများ ရှေ့သို့ ရောက်ရှိလာသောအခါ ဤအာယသ်တော်၏ အသိအာရုံ ဝင်ရောက်လာပြီး အစာ မစားနိုင်တော့ပေ။ အစားအစာများကို ပြန်သိမ်းစေလိုက်သည်။ နောက်တစ်နေ့ညနေတွင်လည်း ဤအတိုင်းပင် ဖြစ်ပြန်သည်။ စားဖွယ်များ ပြန်သိမ်းစေခဲ့သည်။ တတိယနေ့တွင်လည်း ဤအတိုင်းပင် ဖြစ်ပြန်လေရာ ၄င်း၏ သားဖြစ်သူသည် ဟဇရတ် ဆာဗိသ်ဗနာနီ (ရဟ)၊ ယဇီးဒ်ဗ္ဗဗ်ဗီ (ရဟ) နှင့် ယဟ်ယာကာအ် (ရဟ) တို့ထံ သွားရောက်၍ အဖြစ်အပျက်ကို တင်ပြလေရာ ထိုသခင်ကြီးများ သုံးဦးလုံး ရောက်ရှိလာကြပြီး ဟဇရတ်ဟစန်ဗဆွရီ (ရဟ) အား အစားအစာ စားစေရန် အဓမ္မ ကျွေးမွေးကြသည်။ မတတ်သာသည့်အဆုံး အနည်းငယ် စားခဲ့ရလေသည်။

[ရူးဟွလ်မအာနီကျမ်း]

ရှေ့တွင် 'ကေယာမသ်'၏ ကြောက်မက်ဖွယ်ဖြစ်ရပ်အချို့ကို တင်ပြထားသည်မှာ-

يَوْمَ تَرْجُفُ الْأَرْضُ وَالْجِبَالُ — (الآية)

ထို့နောက် မက္ကာဟ်သား ကာဖိရ်များအား ဖိရ်အောင်န်နှင့် ဟဇရသ်မူစာ ﷺ တို့၏ ဖြစ်ရပ်များကို ကြားနာစေလျက် ဖိရ်အောင်န်သည် မိမိခေတ်အခါ သမယ၏ ရစူလ်တမန်တော် ဟဇရသ်မူစာ ﷺ အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့သောကြောင့် 'အဇာဗ်'အပြစ်ဒဏ်၌ ဖမ်းဆီးခြင်းခံရသကဲ့သို့ အသင်တို့သည်လည်း ဤငြင်းပယ်ခြင်းအပေါ်၌သာ ရပ်တည်နေကြမည်ဆိုလျှင် အသင်တို့အပေါ်၌လည်း ဒွန္နယာလောက၌ပင် ဤမည်သော 'အဇာဗ်' အပြစ်ဒဏ် တစ်စုံတစ်ရာ ကျရောက်လာနိုင်သည်ကို အသင်တို့သိနားလည်ကြလေကုန်' ဟု သတိပေး နှိုးဆော်ထားသည်။ နောက်ဆုံးတွင် မိန့်ကြားတော်မူထားသည်မှာ 'အကယ်၍ လောကတွင် အသင်တို့အပေါ် မည်သည့် 'အဇာဗ်'အပြစ်ဒဏ်မျှ ကျရောက်ခဲ့ခြင်း မရှိပါလျှင်လည်း 'ကေယာမသ်' တည်းဟူသော ထိုနေ့၏ 'အဇာဗ်'အပြစ်ဒဏ်မှ အသင်တို့အား မည်သူက ကယ်တင်နိုင်ပါမည်နည်း။ ထိုနေ့၏ ကြောက်မက်ဖွယ်ကောင်းခြင်းနှင့် ရှည်လျားခြင်းတို့ကြောင့် ကလေးငယ်သည် အဘိုးအိုဖြစ်သွားပေမည်' ဟု ဖြစ်သည်။ ဤသည် 'ကေယာမသ်'နေ့၏ ပြင်းထန်မှုနှင့် ကြောက်ခမန်းလိလိဖြစ်ကြောင်းကို တင်ပြခြင်းဖြစ်သည်မှာ ထင်ရှားသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့တွင် လူတို့အပေါ်၌ ကြောက်မက်ဖွယ်၊ စိုးရိမ်ထိတ်လန့်ဖွယ်များ ကျရောက်မည်မှာ 'အကယ်၍ ကလေးတစ်ဦးအဖြစ် ရှိမည်ဆိုလျှင် အဘိုးအိုဖြစ်သွားပေမည်' ဟု ဖြစ်သည်။ ဤသည် ခိုင်းနှိုင်းတင်ပြမှု ဖြစ်သည်။ အချို့ပညာရှင်များကမူ ဤသည် ပကတိအလိုသဘောအတိုင်း ဖြစ်သည်။ 'ကေယာမသ်'နေ့တွင် ကလေးငယ်တစ်ဦးသည်ပင် အဘိုးအိုအရွယ်သို့ ရောက်သွားသည်အထိ 'ကေယာမသ်'နေ့သည် ရှည်လျားပေမည်'ဟု ဆိုကြသည်။

[ကုရ်သုဗီးကျမ်း၊ ရှုးဟွုလ်မအာနီကျမ်း။]

'သဟဂျ်ဂျုဒ်'နမာဇ် 'ဖွရဇ်' ဖြစ်ခြင်းသည် 'မန်ဆူးခ်' ဖျက်ပယ်ခြင်းခံရသော အမိန့်တော်တစ်ရပ်ဖြစ်သွားခြင်း

စူရာဟ်၏ အစတွင် قُمِ اللَّيْلَ (အသင်သည် ညဉ့်၌ ထ၍ 'ဆွလားသ်' ဝတ်ပြုပါလေ) ဟူသော အပိုဒ်ဖြင့် တမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်အားလုံးတို့အပေါ်၌ 'သဟဂျ်ဂျုဒ်'နမာဇ်သည် 'ဖွရဇ်'အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသည်။ ထို့ပြင် ဤ 'သဟဂျ်ဂျုဒ်'နမာဇ်ကို ရှည်လျားစွာ ဝတ်ပြုရန်မှာလည်း 'ဖွရဇ်' ဖြစ်ခဲ့သည်။ သို့ရာတွင် ၎င်းရှည်လျားစွာ ဝတ်ပြုရန်နှင့် စပ်လျဉ်း၍ အခွင့်အရေးပေးခဲ့သည်မှာ ညတစ်ဝက်ထက် အနည်းငယ် လျော့၍လည်းကောင်း၊ အနည်းငယ်ပို၍လည်းကောင်း ထို့ပြင် အနည်းဆုံး ည၏ သုံးပုံတစ်ပုံရှိရမည်ဟု ဖြစ်သည်။ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာများ၏ အုပ်စုကြီးတစ်စုသည် ဤ 'ဖွရဇ်'တာဝန်ကို ထမ်းဆောင်ရာတွင် များသောအားဖြင့် အားကြိုးမာန်တက် ရှိခဲ့ကြသည်။ များနိုင်သမျှများ၍ ညအချိန် ဤ 'သဟဂျ်ဂျုဒ်'နမာဇ် ဝတ်ပြုရာတွင် အချိန်များကို ကုန်ဆုံးစေခဲ့ကြသည်။ ဤသို့

ပြုကြခြင်းတွင် ညဏ် သုံးပုံနှစ်ပုံ နီးပါးခန့် ရှိခဲ့ပေသည်။ ညစဉ်ညတိုင်း ဤ 'သဟဂ်ျဂျဒ်'နမာဇ်၏ ကျင့်ဆောင်ခြင်းနှင့် နေ့တွင် သာသနာ့ဖိတ်ခေါ်မှုနှင့် ပို့ချမှုသည်လည်းကောင်း၊ မိမိလိုအပ်ချက်များအတွက် လည်းကောင်း၊ အထူးသဖြင့် ဆွဟာဗာအများစုမှာ ပင်ပင်ပန်းပန်း အလုပ်အကိုင်များ လုပ်ကြရခြင်းသည် လည်းကောင်း၊ ရောင်းဝယ်ဖောက်ကားမှုများ ပြုကြရခြင်းသည်လည်းကောင်း ရှိကြပေသည်။ ဤမျှ ရှည်လျားၵ လေးလံခက်ခဲသော နမာဇ်ကို စွဲမြဲစွာ ဝတ်ပြုကြခြင်းကြောင့် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာ များ၏ ခြေထောက်များသည်ပင် ယောင်လာခဲ့သည်။ ၎င်းတို့၏ ဤဆင်းရဲဒုက္ခခံမှုများကို အလ္လာဟ်အသျှင် မြတ်သည် တွေ့မြင်နေတော်မူသည်။ ထိုအသျှင်မြတ်သည် ဤအကြောင်းကို ကောင်းစွာ သိရှိတော်မူပြီး ဖြစ်သည်။ သို့ရာတွင် အသျှင်မြတ်၏ အသိတော်တွင် ဤမျှ ပင်ပန်းဆင်းရဲသည့် ကြိုးပမ်းမှုသည် ကာလ အနည်းငယ်မျှသာ ထားရှိတော်မူမည် ဖြစ်ကြောင်းသည် အစကနဦးမှပင် သတ်မှတ်တော်မူထားပြီးဖြစ်သည်။ သို့မှသာ ကိုယ်တော်မြတ် ﷺ နှင့် ဆွဟာဗာတို့သည် ပင်ပန်းခံကြိုးပမ်းနိုင်သည့် အလေ့အကျင့် ရရှိသွားစေ ရန် ဖြစ်သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အထက်၌ တင်ပြခဲ့သော အာယသ်တော်များဖြစ်သည့်

إِنَّا سَنُلْقِي عَلَيْكَ قَوْلًا ثَقِيلًا

တွင် အရိပ်အမြွက်ဖြင့် တင်ပြထား၏။ ၎င်း၏ 'အသင့်ထံမှ ဤဒုက္ခဆင်းရဲခံ၍ ကြိုးပမ်းမှုကို ဆောင်ရွက်စေရခြင်းမှာ အသင့်အား قول ثقيل (ဝါ) ကုရ်အာန်ကျမ်းတော်မြတ်ကို အပ်နှင်းရန်အတွက် ဖြစ်သည်။ ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ဤ 'သဟဂ်ျဂျဒ်'နမာဇ်ထက်ပင် ပို၍ ဒုက္ခကြီးသည်။ မည်သို့ပင်ဖြစ်စေ အသျှင်မြတ်၏ အစကနဦးမှပင် ရှိထားပြီးဖြစ်သော အမြော်အမြင် အသိတော်နှင့်အညီ ဤဒုက္ခဆင်းရဲခံ၍ ကြိုးပမ်းသော အလေ့အထ ရရှိပြီးဖြစ်သည့်အခါ ဤ 'သဟဂ်ျဂျဒ်'နမာဇ်၏ 'ဖွရဇ်' တာဝန်ကို 'မန်ဆူးခ်' (ရုပ်သိမ်းခြင်း) ပြုတော်မူခဲ့သည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်၏ ဆင့်ပြန်ချက်အရ 'ဖော်ပြပါအာယသ်တော်များအားဖြင့် ရှည်လျားစွာ သတ်မှတ်ထားသော 'သဟဂ်ျဂျဒ်'နမာဇ်၏ အချိန်သာ 'ဖွရဇ်'အဖြစ်မှ 'မန်ဆူးခ်'ဖြစ်သွား ခဲ့သည်။ 'သဟဂ်ျဂျဒ်' နမာဇ်၏ 'ဖွရဇ်' ဖြစ်ခြင်းမှာမူ မူလအတိုင်း ရှိနေခဲ့သည်။ 'မေ့အ်ရားဂျ်'ညတွင် နမာဇ် (၅) ကြိမ် 'ဖွရဇ်'ဖြစ်သည့်အချိန်၌ 'သဟဂ်ျဂျဒ်'နမာဇ်၏ 'ဖွရဇ်'ဖြစ်ခြင်းမှာ 'မန်ဆူးခ်' ဖြစ် သွားခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ တမန်တော်မြတ် ﷺ နှင့် အုမ္မသ်သားအားလုံးတို့မှ ဤ 'ဖွရဇ်'တာဝန်ကို 'မန်ဆူးခ်' (ရုပ်သိမ်းခြင်း) ပြုတော်မူခဲ့သည်မှာ ထင်ရှားသည်။ သို့ရာတွင် ၎င်းနမာဇ်၏ 'မွတ်စ်သဟဗ်' ဖြစ်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ် ထံတော်၌ နှစ်သက်ဖွယ်ဖြစ်ခြင်းတို့မှာမူ ကျန်ရှိနေပေသည်။ ဤသို့ 'မွတ်စ်သဟဗ်'ဖြစ်ခြင်း၌လည်း အချိန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်ခြင်း၌ လည်းကောင်း မည်သည့်သတ်မှတ်ချက်မျှ မထားရှိဘဲ လွယ်ကူမှုကို ပြုပေးထားသည်။ လူတိုင်းလူတိုင်း သည် မိမိတို့၏ အင်အားနှင့် အားလပ်မှုတို့အရ ဖတ်နိုင်သည့် အချိန်တွင် ဖတ်နိုင်ကြပေသည်။ နမာဇ်တွင် ကျမ်းတော်မြတ်ကုရ်အာန်ကိုလည်း လွယ်ကူစွာ ဖတ်နိုင်သမျှ ဖတ်နိုင်ကြပေသည်။

တရားတော်၏ အမိန့်တော်များ 'မန်ဆူးခ်' (အမိန့်ရုပ်သိမ်းခံရမှု) ဖြစ်ခြင်း၏ အခြေခံဇစ်မြစ်

လောကရှိ အုပ်ချုပ်ရေး (သို့) ရုံး၊ အဖွဲ့အစည်းတို့သည် မိမိတို့၏ ဥပဒေပြဋ္ဌာန်းချက်များကို ပြောင်းလဲပြင်ဆင်ခြင်းနှင့် ရုပ်သိမ်းမှုများ ပြုလျက် ရှိနေသည်ကို တွေ့မြင်နေရသည်။ ထိုသို့ ပြုလုပ်ရခြင်း၏ အများဆုံးသော အကြောင်းတရားများမှာ အတွေ့အကြုံများ ရရှိပြီးနောက် ယခင်က မသိရှိခဲ့သည့် ပုံစံအသစ်များ ရရှိလာသောအခါ လက်ရှိအခြေအနေအရ ပထမအမိန့်ကို ရုပ်သိမ်းပယ်ဖျက်၍ ဒုတိယအမိန့်ကို ချမှတ်ပြဋ္ဌာန်းခြင်း ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များတွင်မူ ဤပုံစံမျိုး လုံးဝ မဖြစ်ရှိနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ လွှမ်းမိုးခြုံငုံသော ရှေ့၊ နောက် အသိပညာတော်တွင် မရှိသော အရာဟူ၍ မည်သည့်အရာမျှ မရှိသောကြောင့် ဖြစ်သည်။ ရှရီအသ်တရားတော်၏ အမိန့်ပညတ်ချက်တစ်ခုခုကို ချမှတ်ပြဋ္ဌာန်းပြီးနောက် လူတို့၏ အခြေအနေမည်သို့ ဖြစ်မည်။ မည်သည့်ပုံသဏ္ဌာန်များ ပေါ်ပေါက်လာမည်ကို အလ္လာဟ်အသျှင်မြတ်သည် အစကနဦးကပင် သိရှိထားတော်မူပြီး ဖြစ်သည်။ သို့သော် အသျှင်မြတ် မိမိ၏ အမြော်အမြင်နှင့်အညီ အမိန့်တော်တစ်ရပ်ကို ကာလတစ်ခုအတွက် ချမှတ်ခဲ့သည်။ ဤအမိန့်တော်သည် အမြဲတမ်း ချမှတ်ပြဋ္ဌာန်းရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ ကာလတစ်ခုအတွက် အလ္လာဟ်အသျှင်မြတ်၏ အသိပညာတော်တွင် သတ်မှတ်ထားတော်မူပြီးဖြစ်သည်။ ကာလတစ်ခုထိတိုင် ဤအမိန့်ရှိမည်ဖြစ်သော်လည်း ထိုကာလအား အဖန်ဆင်းခံများအပေါ် ထုတ်ဖော်ခြင်းကိုမူ ပြုတော်မမူခဲ့ပေ။ ယေဘုယျအားဖြင့် စာလုံးများကိုကြည့်လျှင် လူတို့သည် 'ဤအမိန့်သည် သတ်မှတ်ကန့်သတ်ချက်မရှိဘဲ အမြဲထာဝရအတွက် ဖြစ်သည်'ဟု ထင်မှတ်ကြသည်။ အလ္လာဟ်အသျှင်မြတ် ထံတော်၌မူ ဤကာလသည် သတ်မှတ်ထားပြီးဖြစ်သည်။ ထိုကာလကုန်ဆုံး၍ အမိန့်တော်ကို ရုပ်သိမ်းလိုက်သည့်အခါ အဖန်ဆင်းခံများ၏ အမြင်တွင် ထိုအမိန့်သည် 'မန်ဆူးခ်' (ရုပ်သိမ်းခံရသော) အမိန့်ဖြစ်သည်' ဟု တွေ့မြင်ကြရပေသည်။ စင်စစ် ဤသည် ကာလသတ်မှတ်ချက်ကို တင်ပြလိုက်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ထိုအချိန်၌ အဖန်ဆင်းခံများအပေါ် ငါအသျှင်မြတ်သည် ဤအမိန့်တော်ကို အမြဲထာဝရအတွက် သတ်မှတ်ထားတော်မူခြင်းမဟုတ်ဘဲ ဤကာလအထိသာ ချမှတ်ပြဋ္ဌာန်းတော်မူခြင်း ဖြစ်သည်။ ယခု ထိုကာလသည် ကုန်ဆုံးသွားပြီးဖြစ်၍ အမိန့်လည်း မရှိတော့ပေ' ဟု ထုတ်ဖော်တင်ပြခြင်း ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များစွာတို့၏ 'မန်ဆူးခ်'ဖြစ်ခြင်းအပေါ် အများဆုံးဖြစ်ခဲ့သော သံသယသည် ဤတင်ပြချက်အားဖြင့် ပပျောက်သွားလေသည်။

'သဟဂ်ုဂျုဒ်'နမာဇ်သည် ဤအာယသ်တော် ကျရောက်ပြီးသောအခါ၌ တမန်တော်မြတ် ﷺ အပေါ်၌ 'ဖွရဇ်'တာဝန်အဖြစ် ရှိနေပါ သေးသလား ဟူသော အချက်နှင့် စပ်လျဉ်း၍ အချို့သဖ်စီးရ် အေမာမ်များက 'ဖွရဇ်'ဖြစ်သည်ဟူသော အဆိုကို အတည်ပြု သတ်မှတ်ကြသည်။ ၎င်းတို့၏ အထောက်အထားသည် စူရာဟ်ဗနီအိစ်ရာအီးလ်၏

وَمِنَ الَّيْلِ فَتَهَجَّدْ بِهٖ نَافِلَةً لَّكَ

ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ညဥ့်၌ တစ်ဖန် 'သဟဂ်ုဂျုဒ်ဆွလားသ်'ကိုလည်း မိမိ၌ အပို (တာဝန်) အဖြစ် ဆောက်တည်ပါလေ။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော

အလ္လာဟ်အသျှင်မြတ်သည် 'မကာမေမဟ်မူးဒ်' (မည်သော အဆင့်အတန်း) သို့ အသင့်အား (ချီးမြှင့်) ပို့တော်မူပေမည်။ [၁၇ : ၇၉]

ဟူသော အာယသ်တော်ဖြစ်သည်။ ဤအာယသ်တော်တွင် 'သဟဂျ်ဂျုဒ်' နမာဇ် ဝတ်ပြုခြင်းကို ကိုယ်တော်မြတ် ﷺ အပေါ်တွင် အပို 'ဖွရ်ဇ်' တာဝန်တစ်ရပ်အဖြစ် သတ်မှတ်တော်မူထားသည်။ အဘယ်ကြောင့်ဆိုသော် نَافِلَة ၏ အဘိဓါန်အဓိပ္ပာယ်မှာ 'အပို' ဟု လာရှိသောကြောင့် ဖြစ်သည်။ အလိုသဘောမှာ فَرِيضَه زَائِدَه 'အပိုဖွရ်ဇ်'ဟု ဖြစ်သည်။ သို့သော် အများစုပညာရှင်များထံတွင် အမှန်ကန်ဆုံးမှာ ''ဤ 'သဟဂျ်ဂျုဒ်' နမာဇ်၏ 'ဖွရ်ဇ်' ဖြစ်ခြင်းသည် အွမ္မသ်များနှင့်အတူ တမန်တော်မြတ် ﷺ အပေါ်မှလည်း 'မန်ဆူးခ်' ဖြစ်သွားခဲ့သည်''ဟု ဖြစ်သည်။ သို့သော်လည်း 'မွတ်စ်သဟဗ်' အဆင့်ဖြင့် ဆောက်တည်ရန် အမိန့်မှာမူ ကျန်ရှိနေပေသည်။ အထက်အာယသ်တော်ပါ نَافِلَةً لَّكَ ဟူသော ဝါကျရှိ نَافِلَة သည် ရှရီအသ်တရားတော်၏ ဝေါဟာရ အသုံးအနှုန်းလာ အဓိပ္ပာယ်၌ ဖြစ်သည်။ 'နဖိလ်'အဆင့်ရှိ အမိန့်နည်းတူ ဖြစ်သည်။ သို့ဆိုလျှင် ဤအမိန့်အား لَّكَ (အသင့်အတွက်) ဟူ၍ ကိုယ်တော်မြတ် ﷺ အဖို့ အထူးသီးသန့်ပြုတင်ပြမိန့်မြွက်ခြင်းမှာ အဘယ်အချက်ကြောင့်နည်းဟူသော အကြောင်းနှင့် 'သဟဂျ်ဂျုဒ်'နမာဇ်၏ 'ဖွရ်ဇ်' ဖြစ်ခြင်း အမိန့်ရုပ်သိမ်းခံရပြီးနောက် 'သဟဂျ်ဂျုဒ်'နမာဇ်သည် 'နဖိလ်'အဆင့်မျှသာလော။ 'မွတ်စ်သဟဗ်' အဆင့်၌လော။ 'စွန္နသေမုအက်ကဒဟ်' အဆင့်၌လောဟူသည့် အကြောင်းများ၏ စိစစ်တင်ပြချက် အပြည့်အစုံကို စူရာဟ်ဗနီအိစ်ရာအီးလ်၏ အထက်ဖော်ပြပါ အာယသ်တော်အောက်၌ တင်ပြခဲ့ပြီး ဖြစ်သည်။ ထိုနေရာတွင် ကြည့်ရှုကုန်။ ထိုနေရာ၌ 'သဟဂျ်ဂျုဒ်'နမာဇ်၏ ထူးမြတ်မှုများနှင့် ပညတ်ချက်များကိုလည်း တင်ပြထားပါသည်။ 'သဟဂျ်ဂျုဒ်'နမာဇ်၏ 'ဖွရ်ဇ်'ဖြစ်ခြင်းကို ရုပ်သိမ်းကြောင်း ပါရှိသော အာယသ်တော်မှာ

إِنَّ رَبَّكَ يَعْلَمُ မှစ၍ فَاقْرَءُوا مَا تَيَسَّرَ مِنْهُ ထိတိုင်

လာရှိထားသည်။ ဤအာယသ်တော်များသည် စူရာဟ်အစအာယသ်တော်များ ကျရောက်ပြီးနောက် တစ်နှစ် (သို့) ရှစ်လကျော် ကြာပြီး နောက်ပိုင်းမှ ကျရောက်လာခဲ့သည်။ တစ်နှစ်တင်းတင်း ပြည့်ပြီးနောက်ပိုင်းမှ 'သဟဂျ်ဂျုဒ်'နမာဇ်၏ 'ဖွရ်ဇ်'ဖြစ်ခြင်းအမိန့်မှာ ရုပ်သိမ်းခြင်း ခံခဲ့ရသည်။ မုစ်နဒ်အဟ်မဒ်ကျမ်း၊ မွတ်စ္စလင်မ်ကျမ်း၊ အဗူဒါဝူးဒ်ကျမ်း၊ အိဗ်နေမာဂျာဟ်ကျမ်း၊ နစာအီကျမ်းများ၌ ဟဇရသ် အာအေရှာဟ် ﷺ သခင်မကြီးထံမှ ဆင့်ပြန်လာရှိထားသော ဆင့်ပြန်ချက် လာရှိထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဤစူရာဟ်တော်၏ အစပိုင်း၌ 'သဟဂျ်ဂျုဒ်'နမာဇ်ကို 'ဖွရ်ဇ်'အဖြစ် ပြဌာန်းသတ်မှတ်ခဲ့သည်။

တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာတို့သည် တစ်နှစ်တိတိ ဤနမာဇ်ကို စွဲမြဲစွာ ဝတ်ပြုခဲ့ကြသည်။ စူရာဟ်၏ နောက်ဆုံးအပိုင်းကို အလ္လာဟ်အသျှင်မြတ်သည် (၁၂) လတိုင် မိုးကောင်းကင်၌ တားဆီးထိန်းသိမ်းထားတော်မူခဲ့သည်။ တစ်နှစ်ပြည့်ပြီးသောအခါ နောက်ဆုံးအပိုင်း ကျရောက်လာခဲ့ရာတွင် 'သဟဂျ်ဂျုဒ်' နမာဇ်၏ 'ဖွရ်ဇ်'တာဝန် 'မန်ဆူးခ်'ဖြစ်၍ လျော့ပေါ့သွားလေသည်။ ထို့နောက်တွင် 'သဟဂျ်ဂျုဒ်'နမာဇ်သည် 'နဖိလ်'နှင့် 'မွတ်စ်သဟဗ်'အဆင့်သာ ရှိချေတော့သည်ဟူ၏။ [ရှုးဟွလ်မအာနီကျမ်း]

တစ်ဖန် ဤအာယသ်တော်များတွင် 'သဟဂ်ျဂျုဒ်'နမာဇ်ကို 'ဖွရဇ်'တာဝန်အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သော အမိန့်တော်ကို 'မန်ဆူးခ်' ပြုရခြင်း၏ အကြောင်းခံကို

عَلِمَ اَنۡ لَّنۡ تُحۡصُوۡهُ

ဟူသော စာသားတော်ဖြင့် ပြဆိုထားသည်။ ဆိုလိုသည်မှာ 'အသင်သည် ဤအချိန်ကို ရေတွက်နိုင်မည် မဟုတ်ကြောင်းကို အလ္လာဟ်အသျှင်မြတ်သည် သိရှိတော်မူပြီး ဖြစ်သည်' ဟူ၏။ احصاء ၏ လုံးချင်းကောက် အဓိပ္ပယ်မှာ 'ရေတွက်ခြင်း' ဟု ဖြစ်သည်။ အချို့အဖွင့်ပညာရှင်များက အာယသ်တော်၏ အလိုသဘောကို သတ်မှတ်ကြသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'သဟဂ်ျဂျုဒ်'နမာဇ်တွင် အမှန်စင်စစ် အချိန်ကာလ၏ ပမာဏကို ပြည့်စုံစွာ သတ်မှတ်ပေးတော်မမူပေ။ ထို့ပြင်မက ည၏ သုံးပုံတစ်ပုံနှင့် သုံးပုံနှစ်ပုံကြားရှိ အချိန်ကို သတ်မှတ်ပေးတော်မူထားသည်။ ဆွဟာဗာတို့သည် ဤနမာဇ်၌ မွေ့လျော်ကြသည့်အခါ နမာဇ်၌ မွေ့လျော်ခြင်းနှင့်အတူ ညသည် တစ်ဝက်ဖြစ်သွားပြီလော။ (သို့) တစ်ဝက်ထက် လျော့နည်းနေပါသလောနှင့် သာပိုမှု ဖြစ်သွားပြီးလား ဆိုသည်ကို သိရှိရန်မှာ ခက်ခဲလှပေသည်။ အဘယ်ကြောင့်ဆိုသော် အချိန်ကို သိရှိနိုင်သော နာရီ အစရှိသည့် ကိရိယာများသည် ထိုခေတ်သမယတွင် မရှိသေးသောကြောင့် ဖြစ်သည်။ အကယ်၍ ရှိခဲ့ပါလျှင်လည်း နမာဇ်တွင် မွေ့လျော်ခြင်းနှင့်အတူ နာရီကို အကြိမ်ကြိမ် ကြည့်ရန်မှာ ထိုပုဂ္ဂိုလ်တို့၏ အခြေအနေနှင့် ၎င်းတို့၏ နမာဇ်တွင် ကြောက်ရွံ့ရိုကျိုးမှုနှင့် စိတ်ပါဝင်စားမှု ရှိခြင်းတို့ကို ထောက်ရှုကြည့်ခြင်းဖြင့် ခဲယဉ်းကြောင်းမှာ ထင်ရှားလှပေသည်။ ဤသည် لَنۡ تُحۡصُوۡهُ ၏ အလိုသဘောပင် ဖြစ်သည်။

အချို့ပညာရှင်များက ဤနေရာတွင် احصاء ၏ အလိုသဘောမှာ 'အချိန်ရှည်လျားစွာ ဝတ်ပြုရသော နမာဇ်နှင့် အိပ်စက်ပြီးနောက် ထ၍ ဝတ်ပြုရသည့် နမာဇ်အပေါ် စွဲမြဲစွာ မပြုနိုင်ခြင်းဟူသော အလိုသဘောကို ဖွင့်ဆိုကြသည်။ احصاء ဟူသော စာလုံးသည် ဟဒီးစ်တော်တွင်

اسماء الله الحسنى

နှင့် စပ်လျဉ်း၍ လာရှိထားသော ဟဒီးစ်တော် من احصاها دخل الجنة (အကြင်သူသည် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်နာမတော်များ (၉၉) ပါးကို ကျက်မှတ်ကာ ၎င်းအတိုင်း ကျင့်ကြံနေထိုင်ခဲ့သော ထိုသူသည် 'ဂျန္နသ်' သုခဘုံသို့ ဝင်ရောက်စံမြန်းရမည်) တွင် ရှိသော احصاء ၏ အဓိပ္ပာယ်ကို များစွာသော ပညာရှင်ကြီးများက عمل احصاء 'အလ္လာဟ်အသျှင်မြတ်၏ နာမတော်များ၏ တောင်းဆိုမှုအပေါ် အပြည့်အဝ ကျင့်သုံးခြင်း' ဟူသော အဓိပ္ပာယ်ကို ကောက်ယူကြသည်။ မအာရိဖွလ်ကုရ်အာန်ကျမ်း၌ စူရာဟ်အီဗ်ရာဟီးမ်တွင် လာရှိသည့် وَاِنۡ تَعُدُّوۡا نِعۡمَةَ اللّٰهِ لَا تُحۡصُوۡهَا ဟူသော အာယသ်တော်၏ အောက်တွင် ဤအကြောင်း အကျယ်တဝင့် ရေးသားဖော်ပြခဲ့ပြီး ဖြစ်သည်။

فَتَابَ عَلَيْكُمْ

(သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် အသင်တို့ဘက်သို့ ကရုဏာတော်နှင့် လှည့်တော်မူခဲ့၏။)

تو بہ 'သောင်ဗာဟ်' ဟူသော စာလုံး၏ မူရင်းအဓိပ္ပာယ်မှာ 'ပြန်လှည့်ခြင်း' ဟု ဖြစ်သည်။ အပြစ်ဒုစရိုက်များမှ 'သောင်ဗာဟ်' ပြုခြင်းကိုလည်း 'သောင်ဗာဟ်' ဟု ခေါ်ဆိုရခြင်းမှာ 'မိမိ၏ ယခင်က ကျူးလွန်မိခဲ့သည့် အပြစ်ဒုစရိုက်များမှ နောင်တရ ပြန်လှည့်လာခြင်း' ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဤ 'သဟဂျ်ဂျုဒ်' နမာဇ်၏ 'ဖွရဇ်' ဖြစ်ခြင်းကို ပြန်လည်ရုပ်သိမ်းတော်မူလိုက်သည်' ဟု ဖြစ်သည်။ နောက်ဆုံး၌ မိန့်ကြားသည်မှာ-

فَاقْرَءُوْا مَا تَيَسَّرَ مِنَ الْقُرْاٰنِ

(သို့ဖြစ်သောကြောင့် အသင်တို့သည် 'ဆွလာ်းသ်' အတွင်း၌ ၎င်းကုရ်အာန်ကျမ်းမြတ်မှ လွယ်ကူစွာ ဖတ်ရွတ်နိုင်သမျှကို ရွတ်ဖတ်ကြလေကုန်။)

ဆိုလိုသည်မှာ 'သဟဂျ်ဂျုဒ်' နမာဇ်သည် ယခုအခါ 'ဖွရဇ်' အဆင့် မရှိတော့ဘဲ 'မွတ်စ်သဟဗ်' (သို့) 'စွန္နသ်' အဆင့်အဖြစ်သာ ကျန်ရှိတော့သည်။ ဤ 'သဟဂျ်ဂျုဒ်' နမာဇ်တွင် မည်သူမဆို ကုရ်အာန်ကျမ်းတော်မြတ်ကို လွယ်ကူစွာ ဖတ်နိုင်သမျှ ဖတ်နိုင်၏။ မည်သည့်သီးသန့် သတ်မှတ်ချက်မျှ မရှိပေ။ ဤအာယသ်တော်မှ ဓမ္မသတ်များစွာ ထွက်ပေါ်လာသည်။ ဤအကြောင်းကို အကျယ်တဝင့် ဖော်ပြထားသော ဖိကာဟ်ကျမ်းကြီးများတွင် လေ့လာနိုင်ပါသည်။

وَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَاَقْرِضُوا اللّٰهَ قَرْضًا حَسَنًا

(၎င်းပြင် အသင်တို့သည် 'ဆွလာ်းသ်' ဝတ်ပြုမှုကို စွဲမြဲစွာ ဆောက်တည်ကြလေကုန်။ ထို့ပြင် 'ဇကာ်းသ်' ပေးဆပ်ကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကောင်းမြတ်သော စေတနာနှင့် ကြွေးမြီချေးငှားကြလေကုန်။)

اقيموا الصلوة (အသင်တို့သည် 'ဆွလာ်းသ်' ဝတ်ပြုမှုကို စွဲမြဲစွာ ဆောက်တည်ကြလေကုန်) နှင့် စပ်လျဉ်း၍ အများစုအဖွင့်ပညာရှင်များထံတွင် 'ဖွရဇ်' နမာဇ်ကို ဆိုလိုသည်။ ဤသည်မှာ 'မေ့အ်ရာ်းဂျ်' ညတွင် တာဝန်ပေးအပ်ခြင်းခံရသော နမာဇ် (၅) ကြိမ်ဖြစ်ကြောင်း ထင်ရှားသည်။ ဤအချက်ဖြင့် 'သဟဂျ်ဂျုဒ်' နမာဇ်သည် 'ဖွရဇ်' အဖြစ်နှင့် တစ်နှစ်တိုင် ရှိခဲ့ကြောင်း သိရှိရပေသည်။ ဤတစ်နှစ်တာ အတောအတွင်း 'မေ့အ်ရာ်းဂျ်' ၏ ဖြစ်ရပ် ပေါ်ပေါက်လာခဲ့ပေသည်။ ဤ 'မေ့အ်ရာ်းဂျ်' တွင် နမာဇ် (၅) ကြိမ်ကို 'ဖွရဇ်' အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသည်။ ထို့နောက်တွင် ဖော်ပြပါအာယသ်တော်များအားဖြင့် 'သဟဂျ်ဂျုဒ်' နမာဇ်၏ 'ဖွရဇ်' တာဝန်မှာ 'မန်ဆူးခ်' ဖြစ် ပျက်ပယ်စေခြင်း ခံခဲ့ရသည်။ စူရာဟ်၏ အဆုံးတွင် နမာဇ် ဆောက်တည်ရန် လာရှိသည့် အမိန့်မှာ နမာဇ် (၅) ကြိမ်ကို ဆိုလိုခြင်းဖြစ်သည်။

[အိဗ်နေကစီးရ်ကျမ်း၊ ကုရ်သုဗီးကျမ်း၊ ဗယာန်မုပ်ဗီးသွ်ကျမ်း။]

M.H.SOE LIN (Mdy)

အလားတူ اٰتُوا الزَّكٰوةَ ('ဇကားသ်' ပေးဆပ်ကြလေကုန်) တွင် زكوة သည် 'ဖွရ်ဇ်' ဖြစ်သော 'ဇကားသ်' ကို ဆိုလိုခြင်း ဖြစ်သည်။ သို့သော် ကျော်ကြားသည်မှာ 'ဇကားသ်' သည် ဟီဂျ်ရာသ်ပြုပြီး ဒုတိယမြောက်နှစ်တွင် 'ဖွရ်ဇ်' ဖြစ်ခဲ့သည်။ ဤအာယသ်တော်သည် 'မက္ကီ' (မက္ကာဟ်မြို့တော်တွင် ကျရောက ခဲ့သည့် အာယသ်တော်) ဖြစ်သည်။ အစွလာမ့်ခေတ်ဦးတွင် ကျရောက်ခဲ့သည်။ ထို့ကြောင့် အချို့အဖွင့်ပညာ ရှင်များက သီးသန့် ဤအာယသ်တော်ကိုသာ 'မဒနီ' (မဒီနာတွင် ကျရောက်သော အာယသ်တော်) ဟု ဆိုကြသည်။ သို့သော် အိဗ်နေကစီးရ် (ရဟ) က မိန့်ဆိုသည်မှာ 'ဇကားသ်' သည် မက္ကာဟ်မြို့၌ အစွလာမ့် ခေတ်ဦးတွင်ပင် 'ဖွရ်ဇ်' ဖြစ်ခဲ့သည်။ သို့ရာတွင် ယင်း 'ဇကားသ်' ၏ 'နေဆွာဗ်' နှင့် 'ဝါဂျိဗ်' ဖြစ်သော အတိုင်းအတာ ပမာဏအသေးစိတ်ကိုမူ မဒီနာတွင် ဟီဂျ်ရာသ်ပြီး ဒုတိယမြောက်နှစ်တွင်မှ ချမှတ်ခဲ့ခြင်း ဖြစ်သည်' ဟူ၏။ ထိုနည်းတူစွာ အာယသ်တော်ကို 'မက္ကီ' ဖြစ်ခြင်း ပုံစံဖြင့်လည်း ဤအာယသ်တော်ကို 'ဇကားသ်ဖွရ်ဇ်' အပေါ်၌လည်း အဓိပ္ပာယ်ကောက်ယူနိုင်သည်။ ရူးဟွလ်မအာနီကျမ်းတွင်လည်း ဤသည် ကိုပင် ရွေးချယ်ခဲ့သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းချက်ကို ကျွန်ုပ်၏ ကျမ်း တစ်စောင်ဖြစ်သော نظام زكوة စာစောင်တွင် လေ့လာနိုင်ပါသည်။

وَاَقْرِضُوا اللّٰهَ قَرْضًا حَسَنًا

(ထို့ပြင် အသင်တို့သည် ကောင်းမြတ်သော စေတနာနှင့် ကြွေးမြီချေးငှားကြလေကုန်။)

'အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲခြင်း ဤသို့ သုံးစွဲသူသည် အလ္လာဟ်အသျှင်မြတ် အား အကြွေးပေးထားခြင်းနှင့် တူသည် ဟူသော စာစဉ်ဖြင့် နိုင်းနှိုင်းတင်ပြထားသည်။ ဤနေရာတွင် အသျှင်မြတ်၏ အကြင်နာ ဂရုဏာတော်ကို ညွှန်းဆိုခြင်းလည်း ဖြစ်သည်။ ဖွင့်ဆိုတင်ပြခြင်းလည်း ဖြစ် သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ချမ်းသာကြွယ်ဝသူများအနက် ချမ်းသာကြွယ်ဝ ဆုံးသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်ထံတော်၌ ပေးအပ်ထားသော အကြွေးသည် မည်သည့်အခါမျှ မတရားပြုခံရမည် မဟုတ်ပေ။ မုချ ရရှိမည်သာ ဖြစ်သည်။ စင်စစ် 'ဇကားသ်' ၏ 'ဖွရ်ဇ်' အမိန့်သည် ၎င်းထက် အလျင်ကပင် လာရှိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် اقرضوا الله တွင် 'ဒိုင်ရားသ်' နှင့် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲသည်တို့ကို ပညာရှင်အများစုက 'နဖိလ်စွဒ်ကာဟ်' နှင့် ပေးကမ်းချီးမြှင့်ခြင်းများ ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူကြသည်။ ဥပမာ- မိမိ၏ ရင်းချာသော ဆွေမျိုး သားချင်းများကို တစ်စုံတစ်ရာ ပေးကမ်းခြင်း၊ (သို့) ဧည့်သည်များကို ဧည့်ခံရာ၌ သုံးစွဲခြင်း၊ (သို့) သာသနာ့ပညာရှင်များနှင့် သူတော်မွန်၊ သူတော်မြတ်တို့အား ကူညီခြင်း စသည်တို့ ဖြစ်သည်။ အချို့ပညာ ရှင်များက ၎င်း၏ အလိုသဘောကို 'ဇကားသ်' အပြင် လူသားအပေါ်၌ 'ဝါဂျိဗ်' ဖြစ်သော ဥစ္စာသုံးစွဲမှု များကို ဆိုလိုသည်ဟု ဖွင့်ဆိုကြသည်။ ဥပမာ- မိဘနှစ်ပါး၊ ဇနီးမယား၊ သားသမီးများအပေါ်၌ သုံးစွဲ ရသော 'ဝါဂျိဗ်' တာဝန် (သို့) တရားတော်အရ 'ဝါဂျိဗ်' ဖြစ်သော အခြားသုံးစွဲမှုများ ဖြစ်သည်။

واتوا الزّكوة တွင် 'ဇကားသ်'ပေးဆောင်ရန် အမိန့်ပေးပြီးနောက် အခြားသော 'ဝါဂျိဗ်'တာဝန်များအကြောင်းကို اقرضوا الله ဖြင့် တင်ပြမိန့်ကြားထားသည်ဟူ၏။

وَمَا تُقَدِّمُوا لِاَنْفُسِكُمْ مِّنْ خَيْرٍ ــ (الآية)

(စင်စစ် အသင်တို့သည် မည်သည့်ကောင်းမှုကိုမဆို မိမိတို့အကျိုးငှာ တင်ကြိုပို့နှင့်ကြပါလျှင် ယင်းကောင်းမှုကို အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌ သာ၍ မွန်မြတ်သည်ကိုလည်းကောင်း၊ ကုသိုလ်အကျိုးအားဖြင့် ပို၍ ကြီးကျယ်သည်ကိုလည်းကောင်း အသင်တို့ တွေ့ရှိကြရပေမည်။) *[၇၃ : ၂၀]*

مَا تُقَدِّمُوا لِاَنْفُسِكُمْ (အသင်တို့သည် မည်သည့်ကောင်းမှုကိုမဆို မိမိတို့အကျိုးငှာ တင်ကြိုပို့နှင့်ကြပါလျှင်) ၏ အလိုသဘောမှာ 'ကောင်းမြတ်သော လုပ်ဆောင်ချက်များကို မိမိ၏ ဘဝသက်တမ်းတွင် ပြုကျင့်လျက် သက်တမ်းကုန်ဆုံးစေပါ။ ဤသို့ ပြုခြင်းသည် ကွယ်လွန်သေဆုံးချိန်၌ 'ဝဆီယသ်' သေတမ်းစကား မှာကြားခြင်းထက် ပို၍ မြတ်သည်။ ဤနေရာတွင် ပစ္စည်းဥစ္စာဖြင့် ပြုအပ်သော 'စွဒကာဟ်' နှင့် 'ခိုင်ရားသ်'များ၊ နမာဇ်နှင့် 'ရိဇာဟ်' စသည်များ၊ လူတစ်ဦးအပေါ်၌ တင်ရှိနေသော ငွေအား ပြန်လည်ဖြည့်စွက်ခြင်း၊ 'ကဇ္ဇာ'တာဝန်ကို မိမိလက်ဖြင့် မိမိရှေ့၌ပင် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲ၍ ထို 'ကဇ္ဇာ'အကြွေးကို တာဝန်ချလိုက်ခြင်းမှာ နောက်ပိုင်းတွင်မှ အမွေခံများကို လုပ်ပိုင်ခွင့်ပေးခဲ့ရာမှ ၄င်းတို့က ပြုလျှင် ပြုကြမည်။ မပြုလျှင် မပြုဘဲ နေကြခြင်းထက် ပို၍ ကောင်းမြတ်သည်။

ဟဒီးစ်တော်၌ လာရှိသည်မှာ တမန်တော်မြတ် ﷺ သည် ဆွဟာဗာတို့အား မေးမြန်းတော်မူသည်မှာ 'အသင်တို့အနက် မိမိ၏ အမွေစား အမွေခံများ၏ ဥစ္စာပစ္စည်းကို မိမိပစ္စည်းထက် ပို၍ ချစ်ခင်မှုထားသူ မည်သူ ရှိပါ သနည်း။' ဆွဟာဗာများက 'ကျွန်တော်မျိုးတို့တွင် မိမိ၏ အမွေစားအမွေခံများ၏ ပစ္စည်းကို မိမိ၏ ဥစ္စာပစ္စည်းများထက် ချစ်ခင်မှု ပိုထားသူ မည်သူမျှ မရှိပါ' ဟု လျှောက်ထားဖြေကြားကြလေသည်။ ကိုယ်တော်မြတ် ﷺ က 'စဉ်းစားဆင်ခြင်၍ ပြောကြကုန်' ဟု မိန့်ကြားတော်မူလေရာ ဆွဟာဗာများက 'ကျွန်တော်မျိုးတို့အဖို့ ဤဖြေကြားချက်မှအပ အခြားမည်သည့်ပုံသဏ္ဍာန်ကိုမျှ နားမလည်ကြပါ' ဟု လျှောက်ထားကြလေသည်။ ကိုယ်တော်မြတ် ﷺ က (ဤသို့ဆိုလျှင် နားထောင်ကြလေ။) အသင်တို့၏ ဥစ္စာပစ္စည်းဆိုသည်မှာ အသင်တို့သည် အသင်တို့လက်ဖြင့် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲလိုက်သည့် ဥစ္စာပစ္စည်းများပင် ဖြစ်သည်။ ကျန်ရှိခဲ့သည့် ဥစ္စာပစ္စည်းများသည် အသင်တို့၏ ဥစ္စာပစ္စည်းများ မဟုတ်ဘဲ အသင်တို့၏ အမွေခံများ၏ ဥစ္စာပစ္စည်းများသာ ဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။

[အိဗ်နေကစီးရ်ကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ် မုဒ်ဒဆ်ဆိရ်

စောင်ခြုံသူ ကဏ္ဍ

بِسْمِ ٱللَّهِ ٱلرَّحْمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

يَٰٓأَيُّهَا ٱلْمُدَّثِّرُ ①

၇၄ း ၁ ။ ။ အို၊ စောင်ခြုံထားသူ။

قُمْ فَأَنذِرْ ②

၇၄ း ၂ ။ ။ အသင်သည် ထပြီးလျှင် (ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အား) သတိပေးနှိုးဆော်ပါလေ။

وَرَبَّكَ فَكَبِّرْ ③

၇၄ း ၃ ။ ။ ၎င်းပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ကြီးကဲမြင့်မြတ်တော်မူကြောင်းကို ချီးကျူးမြွက်ဆိုပါလေ။

وَثِيَابَكَ فَطَهِّرْ ④

၇၄ း ၄ ။ ။ ၎င်းပြင် အသင်သည် မိမိ၏ အဝတ်များကို (အညစ်အကြေးတို့မှ) သန့်ရှင်းစင်ကြယ်စေပါလေ။

وَٱلرُّجْزَ فَٱهْجُرْ ⑤

၇၄ း ၅ ။ ။ ထို့ပြင် အသင်သည် ဆင်းတုများမှ လွတ်ကင်းစွာ နေပါလေ။

وَلَا تَمْنُن تَسْتَكْثِرُ ⑥

၇၄ း ၆ ။ ။ ထို့ပြင် အသင်သည် (တစ်စုံတစ်ဦးအား) ပိုမိုရလိုသောအားဖြင့် (တစ်စုံတစ်ရာ) ပေးကမ်းခြင်းကို မပြုပါလေနှင့်။

وَلِرَبِّكَ فَاصْبِرْ ۝٧

၇၄ : ၇ ။ ။ ထို့ပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် (ကျေနပ်မှု) ကို ရည်စူး၍ သည်းခံခြင်းတရား ထားရှိပါလေ။

فَإِذَا نُقِرَ فِي النَّاقُورِ ۝٨

၇၄ : ၈ ။ ။ စင်စစ် တံပိုးခရာမှုတ်သောအခါဝယ်။

فَذَٰلِكَ يَوْمَئِذٍ يَوْمٌ عَسِيرٌ ۝٩

၇၄ : ၉ ။ ။ ယင်းနေ့မှာ လွန်စွာ ခက်ခဲပြင်းထန်သောနေ့ပင် ဖြစ်ချေလိမ့်မည်။

عَلَى الْكَافِرِينَ غَيْرُ يَسِيرٍ ۝١٠

၇၄ : ၁၀ ။ ။ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အဖို့ လွယ်ကူခြင်းမရှိသော (နေ့ ဖြစ်လိမ့်မည်။)

ذَرْنِي وَمَنْ خَلَقْتُ وَحِيدًا ۝١١

၇၄ : ၁၁ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ငါအသျှင်မြတ်အားလည်းကောင်း၊ အကြင်သူအားလည်းကောင်း လွှတ်ထားပါလေ။ ငါအသျှင်မြတ်သည် ၎င်းအား တစ်ဦးတည်း ဖန်ဆင်းတော်မူခဲ့၏။ [တစ်ဦးတည်းဟူသည် လူသားတိုင်း (သို့မဟုတ်) 'ဝလီဒ်အိဗ်နေမုဂီရာဟ်' ကို ဆိုလိုသည်။ အဖွင့်ပညာရှင်များက ၎င်းသည် မိမိဖခင်၏ တစ်ဦးတည်းသော သား ဖြစ်ပြီး ချမ်းသာကြွယ်ဝသူတစ်ဦး ဖြစ်ခဲ့သည်ဟု ဆိုထားသည်။)

وَجَعَلْتُ لَهُ مَالًا مَّمْدُودًا ۝١٢

၇၄ : ၁၂ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ထိုသူအား မြောက်မြားစွာသော ပစ္စည်းဥစ္စာများကိုလည်းကောင်း။

وَبَنِينَ شُهُودًا ۝١٣

၇၄ : ၁၃ ။ ။ ရှေ့မှောက်၌ (အမြဲ) အဆင်သင့်ရှိနေကြသော ယောကျာ်းများကိုလည်းကောင်း ပေးသနားတော်မူခဲ့၏။

وَمَهَّدتُّ لَهُ تَمْهِيدًا ۝١٤

၇၄ : ၁၄ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း၌ (စည်းစိမ်ချမ်းသာ အမျိုးမျိုးတို့ကို) အဆင်သင့် ပြုလုပ်၍ ပေးတော်မူခြင်းအားဖြင့် အဆင်ပြေစေတော်မူခဲ့၏။

ثُمَّ يَطْمَعُ أَنْ أَزِيدَ ﴿١٥﴾

၇၄ : ၁၅ ။ ။ သို့ပါလျက် ငါအသျှင်မြတ်သည် ၎င်းအား ပိုမို၍ ပေးတော်မူရန်၊ ၎င်းသည် လောဘရမ္မက် ထားရှိ၏။

كَلَّا ۖ إِنَّهُ كَانَ لِآيَاتِنَا عَنِيدًا ﴿١٦﴾

၇၄ : ၁၆ ။ ။ (၎င်းမှာ ပိုမို၍ ချီးမြှင့်တော်မူခြင်းကို) အလျှင်း (ခံရမည်) မဟုတ်ပေ။ စင်စစ် ၎င်းမှာ ငါအသျှင်မြတ်၏ အာယသ်တော်၊ သက်သေလက္ခဏာတော်များကို ဆန့်ကျင်သူဖြစ်၏။

سَأُرْهِقُهُ صَعُودًا ﴿١٧﴾

၇၄ : ၁၇ ။ ။ မကြာမီပင် ငါအသျှင်မြတ်သည် ၎င်းအား ('ဂျဟန္နမ်'ငရဲဘုံ၏) တောင်ပေါ်သို့ အနိုင်အထက်ပြု၍ တက်စေတော်မူမည်။

إِنَّهُ فَكَّرَ وَقَدَّرَ ﴿١٨﴾

၇၄ : ၁၈ ။ ။ စင်စစ် ၎င်းသည် ကြံစည်၍ (ယင်းအကြံအစည်ကို) ဆုံးဖြတ်ခဲ့၏။

فَقُتِلَ كَيْفَ قَدَّرَ ﴿١٩﴾

၇၄ : ၁၉ ။ ။ သို့ဖြစ်ပေရာ ၎င်းသည် ပျက်စီးစေသား။ ၎င်းသည် အဘယ်ကဲ့သို့ (သော အကြံအစည်ကို) ဆုံးဖြတ်ခဲ့သနည်း။

ثُمَّ قُتِلَ كَيْفَ قَدَّرَ ﴿٢٠﴾

၇၄ : ၂၀ ။ ။ ထိုသူသည် ထို့နောက်တစ်ဖန် ထပ်မံ၍ပင် ပျက်စီးစေသား။ ၎င်းသည် မည်ကဲ့သို့ (သော အကြံအစည်ကို) ဆုံးဖြတ်ခဲ့သနည်း။

ثُمَّ نَظَرَ ﴿٢١﴾

၇၄ : ၂၁ ။ ။ ထို့နောက် ၎င်းသည် (မိမိအမျိုးသားတို့၏ မျက်နှာများကို) ကြည့်ရှုခဲ့လေ၏။ (ကုရ်အာန်ကျမ်းလာ အာယသ်တော်များနှင့် စပ်လျဉ်း၍) စဉ်းစားခဲ့လေ၏။

ثُمَّ عَبَسَ وَبَسَرَ ﴿٢٢﴾

၇၄ : ၂၂ ။ ။ ထို့နောက် ၎င်းသည် မျက်နှာရှုံ့ခဲ့၏။ တစ်ဖန် ထပ်မံ၍ပင် ရှုံ့မဲ့ခဲ့၏။

ثُمَّ أَدْبَرَ وَاسْتَكْبَرَ ﴿٢٣﴾

၇၄ : ၂၃ ။ ။ ထို့နောက် ၎င်းသည် ကျောခိုင်းခဲ့၏။ မာန်မာန ထောင်လွှားခဲ့၏။

فَقَالَ إِنْ هَٰذَآ إِلَّا سِحْرٌ يُؤْثَرُ ﴿٢٤﴾

၇၄ : ၂၄ ။ ။ ထို့နောက် ၄င်းက (ဤ (ကုရ်အာန်) ကျမ်းတော်မြတ်သည် ရှေးအဆက်ဆက်က အဆင့်ဆင့် ရောက်ရှိလာသော စုန်းအတတ် ဂါထာမန္တရားမှအပ အခြားမဟုတ်ဟူ၍လည်းကောင်း။

إِنْ هَٰذَآ إِلَّا قَوْلُ ٱلْبَشَرِ ﴿٢٥﴾

၇၄ : ၂၅ ။ ။ 'ဤသည် လူသား၏ ပြောဆိုချက်မှအပ၊ အခြားမဟုတ်' ဟူ၍လည်းကောင်း ပြောဆိုခဲ့လေ၏။

سَأُصْلِيهِ سَقَرَ ﴿٢٦﴾

၇၄ : ၂၆ ။ ။ မကြာမီပင် ငါအသျှင်မြတ်သည် ၄င်းအား 'စကရ်'(မည်သော) ငရဲဘုံသို့ ဝင်ရောက်စေတော်မူပေမည်။

وَمَآ أَدْرَىٰكَ مَا سَقَرُ ﴿٢٧﴾

၇၄ : ၂၇ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) 'စကရ်'ငရဲဘုံသည် အဘယ်နည်း။ အသင်သိပါသလော။

لَا تُبْقِى وَلَا تَذَرُ ﴿٢٨﴾

၇၄ : ၂၈ ။ ။ ယင်း 'စကရ်'ငရဲဘုံသည် (မည်သည့်ကာဖိရ် တစ်ဦးတစ်ယောက်ကိုမျှ လောင်ကျွမ်းစေခြင်းမပြုဘဲ) ကြွင်းကျန်စေမည်လည်း မဟုတ်ပေ။ (မည်သည့်ကာဖိရ်တစ်ဦးတစ်ယောက်ကိုမျှပင် မိမိအတွင်းသို့ သိမ်းသွင်းခြင်း မပြုဘဲ) စွန့်လွှတ်၍ ထားရှိမည်လည်း မဟုတ်ပေ။

لَوَّاحَةٌ لِّلْبَشَرِ ﴿٢٩﴾

၇၄ : ၂၉ ။ ။ (ယင်း 'စကရ်'ငရဲဘုံသည်) လူသား၏ အရေကို အခြေအနေ ပြောင်းလဲမည်ဖြစ်သော၊ ကျွမ်းလောင်ပျက်စီးစေမည်ဖြစ်သော၊ ခွာပစ်မည်ဖြစ်သော အရာဖြစ်၏။

عَلَيْهَا تِسْعَةَ عَشَرَ ﴿٣٠﴾

၇၄ : ၃၀ ။ ။ ယင်း 'စကရ်'ငရဲဘုံ၌ ('မလာအေကာဟ်' ကောင်းကင်တမန်) ဆယ့်ကိုးပါးတို့သည် (စောင့်ကြပ်လျက်) ရှိကြကုန်ပေမည်။

وَمَا جَعَلْنَآ أَصْحَٰبَ ٱلنَّارِ إِلَّا مَلَٰٓئِكَةً ۙ وَمَا جَعَلْنَا عِدَّتَهُمْ
إِلَّا فِتْنَةً لِّلَّذِينَ كَفَرُوا۟ لِيَسْتَيْقِنَ ٱلَّذِينَ أُوتُوا۟ ٱلْكِتَٰبَ
وَيَزْدَادَ ٱلَّذِينَ ءَامَنُوٓا۟ إِيمَٰنًا ۙ وَلَا يَرْتَابَ ٱلَّذِينَ أُوتُوا۟

وَمَا جَعَلْنَآ أَصْحٰبَ النَّارِ إِلَّا مَلٰٓئِكَةً ۙ وَّمَا جَعَلْنَا عِدَّتَهُمْ إِلَّا فِتْنَةً لِّلَّذِيْنَ كَفَرُوْا ۙ لِيَسْتَيْقِنَ الَّذِيْنَ أُوْتُوا الْكِتٰبَ وَيَزْدَادَ الَّذِيْنَ اٰمَنُوْٓا إِيْمَانًا وَّلَا يَرْتَابَ الَّذِيْنَ أُوْتُوا

၇၄ : ၃၁ ။ ။ စင်စစ် ငါအသျှင်မြတ်သည် 'မလာအေ့ကာဟ်' ကောင်းကင်တမန်တော်များကိုသာလျှင် ငရဲစောင့်များ အဖြစ် ခန့်အပ်ထားတော်မူ၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ထိုအစောင့်အကြပ်တို့၏ အရေအတွက်ကို ကာဖိရ်သွေဖည် ငြင်းပယ်သောသူတို့အဖို့ စမ်းသပ်မှုသာလျှင် ပြုလုပ်ထားတော်မူ၏။ နောက်ဆုံးတွင် ကျမ်းဂန်ကို ပေးသနားတော်မူခြင်း ခံခဲ့ကြရသော သူတို့သည် ယုံကြည်လာကြသည့်အပြင် မုအ်မင်န်သက်ဝင် ယုံကြည်သော သူတို့မှာ အီမာန်သက်ဝင်ယုံကြည်မှု တိုးပွားလာကြပေမည်။ ထို့ပြင် ကျမ်းဂန်ကို ပေးသနားတော်မူခြင်း ခံခဲ့ကြရသော သူတို့သည်လည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်သော သူတို့သည်လည်းကောင်း၊ ယုံမှားသံသယဖြစ်ကြမည် မဟုတ်ပေ။ ထို့ပြင် နောက်ဆုံး စိတ်နှလုံးများတွင် ရောဂါဝေဒနာရှိနေသော သူတို့သည်လည်းကောင်း၊ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည်လည်းကောင်း ဤသည့် (အရေအတွက်) ကို မိန့်ကြားတော်မူခြင်းအားဖြင့် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်အရာကို ရည်စူးတော်မူပါသနည်းဟု ပြောဆိုလာကြပေမည်။ ထိုသို့အားဖြင့် အလ္လာဟ်အသျှင်မြတ်သည် မိမိ အလိုရှိတော်မူသောသူအား လမ်းမှား၌ပင် ရှိမြဲ ရှိနေစေတော်မူ၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် မိမိ အလိုရှိတော်မူသော သူအား လမ်းမှန်ကို ညွှန်ပြတော်မူ၏။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ စစ်တပ်များကို ထိုအသျှင်မြတ်မှတစ်ပါး မည်သူမျှပင် သိရှိမည်မဟုတ်ပေ။ အမှန်စင်စစ် ယင်း 'စကရ်' ငရဲဘုံနှင့် သက်ဆိုင်သော အကြောင်း၊ အာယသ်တော်များသည် လူသားအဖို့ အဆုံးအမတရား တော်သည်သာလျှင် ဖြစ်ပေသည်။

كَلَّا وَالْقَمَرِ ﴿٣٢﴾

၇၄ : ၃၂ ။ ။ မှတ်ယူကြလေကုန်။ (ငါအသျှင်မြတ်သည်) လကို သက်သေထူတော်မူ၏။

وَاللَّيْلِ إِذْ أَدْبَرَ ﴿٣٣﴾

၇၄ : ၃၃ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် ညဉ့်ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ညဉ့်သည် ဆုတ်ခွာ၍ သွားလေ၏။

وَالصُّبْحِ إِذَآ أَسْفَرَ ﴿٣٤﴾

၇၄ : ၃၄ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) နံနက်အချိန်ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ယင်းနံနက် အချိန်သည် လင်း၍ လာခဲ့၏။

إِنَّهَا لَإِحْدَى الْكُبَرِ ۝٣٥

၇၄ : ၃၅ ။ ။ ကေန်မလွဲ ယင်း 'စကရ်'မှာ ('ဂျဟန္နမ်'ငရဲဘုံ၏) အကြီးအကျယ် ကြောက်မက်ဖွယ်ကောင်းသော (အထပ်များ) အနက် တစ်ခုဖြစ်၏။

نَذِيرًا لِّلْبَشَرِ ۝٣٦

၇၄ : ၃၆ ။ ။ (ယင်း 'စကရ်'ငရဲဘုံသည်) လူသားအား လွန်စွာ သတိပေးနှိုးဆော်လျက် ရှိ၏။

لِمَن شَاءَ مِنكُمْ أَن يَتَقَدَّمَ أَوْ يَتَأَخَّرَ ۝٣٧

၇၄ : ၃၇ ။ ။ (သို့မဟုတ်) အသင်တို့အနက် ရှေ့သို့ တိုးလိုသောသူ၊ သို့တည်းမဟုတ် နောက်ဆုတ်လိုသော သူအား (သတိပေးနှိုးဆော်လျက်ပင် ရှိပေသည်။)

كُلُّ نَفْسٍ بِمَا كَسَبَتْ رَهِينَةٌ ۝٣٨

၇၄ : ၃၈ ။ ။ လူတိုင်းလူတိုင်းမှာ မိမိတို့ ရှာဖွေဆည်းပူးခဲ့ကြသော အပြုအမူများနှင့် စပ်လျဉ်း၍ ချုပ်နှောင်ထားပြီး ဖြစ်ကြပေမည်။

إِلَّا أَصْحَابَ الْيَمِينِ ۝٣٩

၇၄ : ၃၉ ။ ။ သို့ရာတွင် လက်ကျာဘက်သားတို့မှာမူ။

فِي جَنَّاتٍ يَتَسَاءَلُونَ ۝٤٠

၇၄ : ၄၀ ။ ။ ('ဂျန္နသ်'သုခဘုံ၏) ဥယျာဉ်များဝယ် ရှိကြပေမည်။ ၎င်းတို့သည် မေးမြန်းလျက် ရှိကြပေမည်။

عَنِ الْمُجْرِمِينَ ۝٤١

၇၄ : ၄၁ ။ ။ အပြစ်ရှိသူတို့နှင့် ပတ်သက်၍။

مَا سَلَكَكُمْ فِي سَقَرَ ۝٤٢

၇၄ : ၄၂ ။ ။ မည်သည့်အရာသည် အသင်တို့အား 'စကရ်ငရဲဘုံထဲသို့ ဆောင်ကြဉ်းခဲ့သနည်း' ဟူ၍။

قَالُوا لَمْ نَكُ مِنَ الْمُصَلِّينَ ۝٤٣

၇၄ : ၄၃ ။ ။ ၎င်းတို့က (ဤသို့) ပြောဆိုကြပေမည်။ 'ကျွန်ုပ်တို့သည် 'ဆွလာသ်'ဝတ်ပြုသူတို့တွင် ပါဝင်ခဲ့ကြသည် လည်း မဟုတ်ပေ။'

وَلَمْ نَكُ نُطْعِمُ الْمِسْكِيْنَ ﴿٤٤﴾

၇၄ : ၄၄ ။ ။ 'ငင်းပြင် ကျွန်ုပ်တို့သည် သူဆင်းရဲတို့အားလည်း ကျွေးမွေးလေ့ ရှိခဲ့ကြသည် မဟုတ်ပေ။'

وَكُنَّا نَخُوْضُ مَعَ الْخَآئِضِيْنَ ﴿٤٥﴾

၇၄ : ၄၅ ။ ။ 'ထို့ပြင် ကျွန်ုပ်တို့သည် အချည်းနှီးသော ကိစ္စများကို ပြုလုပ်သော သူတို့နှင့်အတူ အချည်းနှီးသော ကိစ္စများကိုသာ ပြုလုပ်နေခဲ့ကြ၏။'

وَكُنَّا نُكَذِّبُ بِيَوْمِ الدِّيْنِ ﴿٤٦﴾

၇၄ : ၄၆ ။ ။ 'ထို့ပြင် ကျွန်ုပ်တို့သည် အစားပေးမည့် နေ့ကိုလည်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်နေခဲ့ကြ၏။'

حَتّٰىٓ اَتٰىنَا الْيَقِيْنُ ﴿٤٧﴾

၇၄ : ၄၇ ။ ။ 'နောက်ဆုံးတွင် သေခြင်းတရားသည် ကျွန်ုပ်တို့ထံ ရောက်ရှိ၍ လာခဲ့လေ၏။'

فَمَا تَنْفَعُهُمْ شَفَاعَةُ الشّٰفِعِيْنَ ﴿٤٨﴾

၇၄ : ၄၈ ။ ။ သို့ဖြစ်ပေရာ ကြားဝင်အသနားခံ၍ ပေးသူတို့ ကြားဝင်အသနားခံပေးမှုသည် ငင်းတို့အား အကျိုးပေးမည်မဟုတ်ပေ။

فَمَا لَهُمْ عَنِ التَّذْكِرَةِ مُعْرِضِيْنَ ﴿٤٩﴾

၇၄ : ၄၉ ။ ။ ငင်းတို့၌ မည်သည့်အကြောင်းရှိသဖြင့် အဆုံးအမ တရားတော်ဘက်မှ မျက်နှာလွှဲလျက် ရှိကြသနည်း။

كَاَنَّهُمْ حُمُرٌ مُّسْتَنْفِرَةٌ ﴿٥٠﴾

၇၄ : ၅၀ ။ ။ ငင်းတို့မှာ (အကြင်) ထွက်ပြေးနေသော မြည်းသတ္တဝါများကဲ့သို့ပင် ဖြစ်ကြကုန်၏။

فَرَّتْ مِنْ قَسْوَرَةٍ ﴿٥١﴾

၇၄ : ၅၁ ။ ။ ယင်းမြည်းသတ္တဝါတို့သည် ကျားတိရစ္ဆာန် (၏ ဘေးရန်) မှ (လွတ်မြောက်ရန်) ထွက်ပြေးလျက် ရှိကြကုန်၏။

بَلْ يُرِيْدُ كُلُّ امْرِئٍ مِّنْهُمْ اَنْ يُّؤْتٰى صُحُفًا مُّنَشَّرَةً ﴿٥٢﴾

၇၄ : ၅၂ ။ ။ စင်စစ်မှာ ငင်း (ကာဖိရ်) တို့အနက် လူတိုင်းလူတိုင်းသည် ဖွင့်ထားသော ကျမ်းဂန်များကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံလိုကြကုန်၏။

كَلَّا ۖ بَل لَّا يَخَافُونَ الْآخِرَةَ ۝٥٣

၇၄ : ၅၃ ။ ။ (၄င်းတို့သည် ယင်းသို့ ချီးမြှင့်ပေးသနားတော်မူခြင်းကို) အလျှဉ်း (ခံကြရမည်) မဟုတ်ပေ။ စင်စစ် ၄င်းတို့သည် 'အာခေရသ်' တမလွန်ဘဝကို ကြောက်ရွံ့စိုးရိမ်ကြသည် မဟုတ်ပေ။

كَلَّا إِنَّهُ تَذْكِرَةٌ ۝٥٤

၇၄ : ၅၄ ။ ။ မှတ်ယူကြလေကုန်။ ဧကန်မလွဲ ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် အဆုံးအမတရားတော်ပင် ဖြစ်ပေသည်။

فَمَن شَاءَ ذَكَرَهُ ۝٥٥

၇၄ : ၅၅ ။ ။ သို့ဖြစ်ပေရာ မည်သူမဆို အလိုရှိခဲ့ပါမူ၊ ယင်းအဆုံးအမတရားတော်ကို လေ့ကျက်မှတ်သား တရားရယူ ရပေမည်။

وَمَا يَذْكُرُونَ إِلَّا أَن يَشَاءَ اللَّهُ ۚ هُوَ أَهْلُ التَّقْوَىٰ وَأَهْلُ الْمَغْفِرَةِ ۝٥٦

၇၄ : ၅၆ ။ ။ စင်စစ် ၄င်းတို့သည် အလ္လာဟ်အရှင်မြတ် အလိုတော်ရှိမှသာလျှင် လေ့ကျက်မှတ်သား တရားရယူနိုင်ကြပေမည်။ ထိုအရှင်မြတ်သည်သာလျှင် ကြောက်ရွံ့ထိုက်တော်မူသော အရှင်၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အရှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ စောင်ခြုံထားသူ၊ အသင် ထလော့။ (ဆိုလိုသည်မှာ မိမိ၏ နေရာမှ ထပါလေ။ (သို့) အသင့်ဖြစ်နေပါလေ။) တစ်ဖန် (ကာဖိရ်တို့အား) သတိပေးနှိုးဆော်ပါလေ။ (ဤသည် 'နုဗူဝသ်' ရာထူး၏ တောင်းဆိုချက်ပင် ဖြစ်သည်။ ထို့ပြင် ဤနေရာ၌ 'ဂျန္နသ်'၏ သတင်းကို မိန့်ကြားတော်မမူခြင်းမှာ ဤအာယသ်တော်သည် လုံးဝဥဿုံ 'နုဗူဝသ်'၏ ခေတ်ဦးကာလတွင် ကျရောက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုစဉ်က လူတစ်ဦးနှစ်ဦးမှအပ မွတ်စ္စလင်မ်မဖြစ်ကြသေးပေ။ သို့ဖြစ်ပေရာ သတိပေးနှိုးဆော်ခြင်းသည်သာလျှင် အလျော်ကန်ဆုံး ဖြစ်ပေသည်။) ၄င်းပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကြီးကဲမြင့်မြတ်မှုကို ချီးကျူးမြွက်ဆိုပါလေ။ (အဘယ်ကြောင့်ဆိုသော် 'သဗ်လီးဂ်' ပို့ချမှုတွင် ပထမဦးဆုံးသော အရာမှာ 'သောင်ဟီးဒ်' တစ်ပါးတည်းသော အရှင်မြတ်အကြောင်းကို ပို့ချခြင်းပင် ဖြစ်သည်။) ထို့ပြင် (ရှေ့တွင် အချို့သော အရေးကြီးသည့် ကျင့်စဉ်များ၊ ယုံကြည်ချက်များနှင့် စာရိတ္တများကို သင်ကြားချက်များ လာရှိသည်။ ဤအပေါ်၌ မိမိကိုယ်တိုင်လည်း ကျင့်ဆောင်လျက် ရှိနေရမည်။ အဘယ်ကြောင့်ဆိုသော် 'သဗ်လီးဂ်'ပြုလုပ်ခြင်းနှင့်အတူ မိမိ၏ ပြုပြင်မှုများသည်လည်း အရေး

ကြီးသည်ဟု ဖြစ်သည်။ ၄င်းတို့အနက် တစ်မျိုးမှာ) အသင်သည် မိမိ၏ အဝတ်များကို (အညစ်အကြေးတို့မှ) သန့်ရှင်းစင်ကြယ်စွာ ထားပါလေ။ (ဤသည်မှာ 'အအ်မာလ်'ကျင့်စဉ်များအနက်မှ ဖြစ်သည်။ အစကနဦး တွင် နမာဇ်၏တာဝန် မရှိသေးသည့်အတွက် နမာဇ်၏ အမိန့် မပါဝင်ခြင်း ဖြစ်သည်။)

ထို့ပြင် အသင်သည် ဆင်းတုများမှ လွတ်ကင်းစွာ နေပါလေ။ (ယခုအချိန်အထိ လွတ်ကင်းစွာ နေခဲ့သည့်အတိုင်း နေရမည်ကို ဆိုလိုသည်။ ဤသည်မှာ ယုံကြည်ချက်များအနက်မှ ဖြစ်သည်။ ဆိုလိုသည်မှာ 'နေမြဲအတိုင်း 'သောင်ဟီးဒ်'အပေါ်တွင်သာ စွဲမြဲစွာ နေပါလေ' ဟု ဖြစ်သည်။ စင်စစ် တမန်တော်မြတ် ﷺ သည် 'ရှရစ်က်'လုပ်ရပ်များကို ပြုလုပ်လိမ့်မည်ဟု မည်သည့်သံသယမျှမရှိပါချေ။ သို့တိုင်အောင်လည်း ဤအမိန့်ကို ပေးရခြင်းမှာ အပြစ်မဲ့သူအားလည်း လိုအပ်ချက်မရှိသည့်တိုင် 'သောင်ဟီးဒ်'ကို ယုံကြည်ခြင်းမှာ အရေးကြီးကြောင်း သိရှိစေရန် လမ်းညွှန်သင်ကြားပေးခြင်း ဖြစ်သည်။)

ထို့ပြင် အသင်သည် တစ်စုံတစ်ဦးအား (အခြားအချိန်တွင်) တုန့်ပြန်မှု ပိုမိုရလိုသော ဆန္ဒဖြင့် (တစ်စုံတစ်ရာ) ပေးကမ်းခြင်း မပြုလေနှင့်။ (ဤသည်မှာ စာရိတ္တတော်နှင့် စပ်လျဉ်းသော အမိန့်ဖြစ်သည်။ အခြားသူများအတွက်မှာမူ ဤကိစ္စသည် ပြုပိုင်သည်။ သို့သော် အကောင်းဆုံးနှင့်ကား ဆန့်ကျင်သည်။ စူရာဟ်ရူးမ်၏ وَمَا اٰتَيْتُمْ مِّنْ رِّبًا الخ ဟူသော အာယသ်တော်၏ 'သဖ်စီးရ်'ဖြင့် သိရှိရပေသည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်သိက္ခာတော်မှာ အကြီးဆုံး၊ အမြတ်ဆုံးဖြစ်သည့်အခါ ကိုယ်တော်မြတ် ﷺ အပေါ် ဤသည်ကို 'ဟရာမ်'ဖြစ် သတ်မှတ်တော်မူခြင်း ဖြစ်သည်။)

ထို့ပြင် အသင်သည် (သတိပေးနှိုးဆော်ခြင်းနှင့် 'သဗ်လီးဂ်'ပို့ချခြင်းတို့၌ ခံစားရသော ဒုက္ခများ အပေါ်) မိမိ၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် (၏ ကျေနပ်မှု) အတွက် သည်းခံခြင်းတရား ထားရှိပါလေ။ ဤသည် 'သဗ်လီးဂ်'ပို့ချမှုနှင့် စပ်လျဉ်းသော အထူးစာရိတ္တတော်များအနက်မှ ဖြစ်သည်။ သို့ဖြစ်ပေရာ ဤအာယသ်တော်များသည် 'အအ်မာလ်'ကျင့်စဉ်များနှင့် စာရိတ္တကို မိမိအတွက်လည်းကောင်း၊ အခြားသူများအတွက်လည်းကောင်း ပြုပြင်ခြင်းအတွက် ပြည့်စုံသွားပေသည်။)

တစ်ဖန် (ဤသို့ သတိပေးနှိုးဆော်ပြီးနောက် အီမာန်သက်ဝင် ယုံကြည်ခြင်းမရှိသူအဖို့ ထပ်ဆင့်သတိပေးနှိုးဆော်ချက် လာရှိသည်မှာ) တံပိုးခရာမှုတ်သောအခါဝယ်။) ထိုအချိန်သည် (ဝါ) ထိုနေ့သည် အလွန်ခက်ခဲပြင်းထန်သော နေ့တစ်နေ့ပင် ဖြစ်ပေလိမ့်မည်။ ထိုနေ့တွင် ကာဖိရ်များအပေါ် အနည်းငယ်မျှ လွယ်ကူမှု ရှိမည် မဟုတ်ပေ။

(ရှေ့၌ ကာဖိရ်တို့၏ အချို့ထူးခြားချက်များကို ဖော်ပြထားသည်မှာ အို၊ နဗီတမန်တော်) အသင်သည် ငါအသျှင်မြတ်အားလည်းကောင်း၊ ထို့ပြင် ထိုသူအားလည်းကောင်း (မိမိတို့၏ အခြေအနေအပေါ်၌) လွှတ်ထားပါလေ။ (ငါအသျှင်မြတ်သည် ထိုသူအား အဆုံးစီရင်တော်မူလိုက်မည်။) ထိုသူ့အား ငါအသျှင်မြတ်သည် (ဥစ္စာပစ္စည်းနှင့် သားသမီးများမပါဘဲ) တစ်ကိုယ်တည်းအဖြစ် ဖန်ဆင်းတော်မူခဲ့၏။ (မွေးဖွားသည့်

အချိန် လူသားထံတွင် ဥစ္စာပစ္စည်း မရှိပေ။ သားသမီးများလည်း မပါရှိခဲ့ပေ။ ဤသည်မှာ 'ဝလိဒ်အိဗ်နေ မုဂီရာဟ်' ကို ဆိုလိုသည်။ ဤအကြောင်းကို 'သိမှတ်ဖွယ်ရာများနှင့် ခေမွှသတ်များတွင် တင်ပြပါမည်။)

ထို့ပြင် အနီးထံပါးတွင် ရှိနေမည့် သားများကိုလည်း ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းအား စည်းစိမ်ချမ်းသာ အမျိုးမျိုးကို အဆင်သင့် ဖြစ်စေတော်မူခဲ့သည်။ သို့သော်ငြားလည်း (၎င်းသည် ထိုဥစ္စာပစ္စည်းနှင့် သားသမီးများအပေါ် ကျေးဇူးသိတတ်ခြင်း မရှိ၊ (ဝါ) အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိဘဲ ဤချီးမြှင့်တော်မူထားသည့် ကျေးဇူးတော်များကို ကျေးဇူးကန်းလျက် တန်ဖိုးမရှိ၊ နည်းပါးသည်ဟု မှတ်ယူ၍) ငါအသျှင်မြတ်သည် (၎င်းအား) ပိုမို ပေးလိမ့်မည်ဟု လောဘရမ္မက် ထားရှိနေခဲ့သည်။

လုံးဝဥဿုံ (ထိုသူသည် ပို၍ ချီးမြှင့်ခြင်းခံထိုက်သူ) မဟုတ်ပေ။ (အကြောင်းမှာ) မုချဧကန် ၎င်းသည် ငါအသျှင်မြတ်၏ အာယသ်တော်၊ သက်သေလက္ခဏာတော်များကို ဆန့်ကျင်သူဖြစ်၏။

(ဆန့်ကျင်ခြင်းနှင့်အတူ မထိုက်တန်ကြောင်းမှာ ထင်ရှားသည်။ 'အိဗ်သိဒ်ရားဂျ်'၏ ကိစ္စမှာ သီးခြားဖြစ်သည်။ အာယသ်တော် ကျရောက်လာသည့်နေ့မှစ၍ ထိုသူ့ဖို့ အပြင်ပိုင်းအရလည်း တိုးတက်အောင်မြင်ခြင်းများ ပိတ်သွားလေတော့သည်။ သို့ဖြစ်ပေရာ သားသမီး ထပ်မံမွေးဖွားခြင်းနှင့် ပစ္စည်းဥစ္စာ တိုးပွားခြင်း မရှိတော့ပေ။ ဤသည်မှာ လောကီရေးပြစ်ဒဏ်ဖြစ်ပြီး တမလွန်တွင်) ငါအသျှင်မြတ်သည် ၎င်းအား မကြာမြင့်မီပင် (သေဆုံးကွယ်လွန်ပြီးနောက် 'ဂျဟန္နမ်'ငရဲဘုံ၏) တောင်ပေါ်သို့ တက်စေတော်မူမည်။

(သိရ်မေဇီကျမ်းတွင် 'မရ်ဖူးအ်'အဆင့်ဖြင့် ဟဒီးစ်တော်လာရှိသည်မှာ صَعُود 'ဆွအူးဒ်'သည် 'ဂျဟန္နမ်'ငရဲဘုံ၏ တောင်တစ်လုံးဖြစ်သည်။ နှစ်ပေါင်း (၇၀) တွင်မှ ထိုတောင်ထိပ်သို့ ရောက်ရှိပေမည်။ တစ်ဖန် ထိုတောင်ပေါ်မှ လိမ့်ကျပေမည်။ တစ်ဖန် ဤနည်းအတိုင်း အမြဲတက်နေရမည်။ ပြန်၍ ကျလာလိမ့်မည်'ဟု ဖြစ်သည်။ ဤပြစ်ဒဏ်သည် ရှေ့၌လည်း ဤသည်ကို အကျယ်တဝင့် တင်ပြသည်မှာ) ဧကန်စင်စစ် ထိုသူသည် (ထိုအကြောင်းနှင့် စပ်လျဉ်း၍) စဉ်းစားခဲ့သည် (မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်မှုနှင့် စပ်လျဉ်း၍ မည်သို့ ရွေးချယ်ဆုံးဖြတ်ရမည်နည်းဟု ဖြစ်သည်။) တစ်ဖန် (စဉ်းစား၍) အကြောင်းအချက်တစ်ခုကို ဆုံးဖြတ်ခဲ့၏။ (ဤအကြောင်း တင်ပြချက်သည် ရှေ့၌ လာရှိပေမည်။)

သို့ဖြစ်ပေရာ ဤသို့ ဆုံးဖြတ်ခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်၏ အပြစ်ပေးခြင်းကို ခံခဲ့ရပေမည်။ ၎င်းသည် မည်ကဲ့သို့သော အကြောင်းအချက်ကို ဆုံးဖြတ်ခဲ့ပါသနည်း။

(ထို့ပြင်) တစ်ဖန် (ထပ်မံ၍) အလ္လာဟ်အသျှင်မြတ်၏ အပြစ်ပေးခြင်းကို ခံရစေသား။ ၎င်းသည် မည်ကဲ့သို့သော အကြောင်းအချက်ကို ဆုံးဖြတ်ခဲ့ပါသနည်း။

ဤသို့ (အံ့သြသည့်နယ် ထပ်မံ၍ မိန့်ကြားခြင်းမှာ ၎င်းသူအဖို့ လွန်စွာ ဆိုးရွားသော ရှုတ်ချရန် ဖြစ်သည်။ ဆိုလိုသည်မှာ ဖြစ်နိုင်ကြောင်း သံသယပင် မရှိသည်ကို အဆက်အစပ်မရှိ မည်သို့ ဆုံးဖြတ်ပါသနည်းဟု အံ့သြခြင်း ဖြစ်သည်။)

ထို့နောက် ၎င်းသည် (ရှေ့၌ ရှိသူတို့၏ မျက်နှာများကို) ကြည့်ရှုခဲ့သည်။ (အကြောင်းမှာ မိမိဆုံးဖြတ်ပြီးဖြစ်သော စကားများကို ထိုသူတို့အား ပြောကြားရန် ဖြစ်သည်။) ထို့နောက်တစ်ဖန် ၎င်းသည် မျက်နှာရှုံ့ခဲ့၏။ (သို့မှသာ တွေ့မြင်သူများက ထိုသူသည် ကုရ်အာန်အား အလွန် ရွံရှာမုန်းတီးနေသည်ဟု ထင်စေရန် ဖြစ်သည်။) ထို့နောက် ၎င်းသည် ပိုမို၍ မျက်နှာရှုံ့မဲ့ပြန်သည်။

ထို့နောက် ၎င်းသည် ကျောခိုင်းခဲ့၏။ မာန်မာန ထောင်လွှားခဲ့၏။ (အရာတစ်ခုခုကို မျက်နှာလွှဲရန် ထိုက်သည်ဟု ယူဆပါလျှင် ထိုအရာနှင့် စပ်လျဉ်း၍ ပြောဆိုလျက်မှပင် မျက်နှာလွှဲဖယ်၍ ရွံရှာကြောင်း ထုတ်ဖော်သည့် ပြဟန်ရှိသည့်အတိုင်း ဖြစ်သည်။)

ထို့နောက် ၎င်းက (ဤသည်မှာ ရှေ့အဆက်ဆက်က အဆင့်ဆင့် ရောက်ရှိလာသော 'ဂျာဒူ' စုန်းအတတ်မှအပ အခြားမဟုတ်ဟူ၍လည်းကောင်း။ 'ဤသည် လူသား၏ ပြောဆိုချက်မှအပ၊ အခြားမဟုတ်' ဟူ၍လည်းကောင်း ပြောဆိုခဲ့လေ၏။

(ဤသည်မှာ ဖော်ပြပါ ဆုံးဖြတ်ချက်အကြောင်းကို တင်ပြခြင်းဖြစ်သည်။ ၎င်း၏ အလိုသဘောမှာ ဤသည် အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဠ်တော်မဟုတ်။ လူသားတစ်ဦး၏ ပြောဆိုချက်သာ ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည် ဤအရာကို စုန်းအတတ်ပညာရှင်တစ်ဦးဦးထံမှ ဆင့်ပြန်ခဲ့ခြင်းသာ ဖြစ်သည်။ သို့တည်းမဟုတ် ကိုယ်တော်မြတ် ﷺ က ဤသည်တို့ကို ရေးသားပြုစုခဲ့သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ သည် 'နဗီ'ဟု ကြွေးကြော်ခဲ့သည့် ရှေးသူဟောင်းတို့ထံမှ ဆင့်ပြန်ခဲ့ခြင်း ဖြစ်သည်။ စာသားများအရ ကိုယ်တော်မြတ် ﷺ တွင် 'ဂျာဒူ'၏ သက်ရောက်မှုရှိသည်ဟု စွပ်စွဲထားသည်။ ရှေ့တွင် ဤဆန့်ကျင်ငြင်းဆိုခြင်း၏ အပြစ်ဒဏ်ကို ရှင်းလင်းတင်ပြထားသည်။ ဥပမာ-အထက်တွင် سَأُرْهِقُهُ صَعُودًا တွင် အကျဉ်းချုံး၍ မိန့်ကြားတော်မူသကဲ့သို့ ဖြစ်သည်။ သို့ဖြစ်ပေရာ عَنِيدًا တွင် အပြစ်ကျူးလွန်ကြောင်း၊ سَأُرْهِقُهُ တွင် အပြစ်ဒဏ်ပေးခြင်းအကြောင်း အကျဉ်းချုံးတင်ပြခြင်းနှင့် إِنَّهُ فَكَّرَ သည် عَنِيدًا ၏ ရှင်းလင်းချက် ဖြစ်သည်။ سَأُصْلِيهِ သည် سَأُرْهِقُهُ ၏ ရှင်းလင်းချက် ဖြစ်သည်။ ဆိုလိုသည်မှာ) များမကြာမီပင် ငါအသျှင်မြတ်သည် ၎င်းအား 'စကရ်' (မည်သော) ငရဲဘုံသို့ ဝင်ရောက်စေတော်မူပေမည်။

(အို၊ နဗီတမန်တော်) 'စကရ်'ငရဲဘုံသည် အဘယ်အရာ ဖြစ်သနည်းကို အသင် သိပါသလော။ ဤ 'စကရ်'ငရဲဘုံသည် (ယင်းငရဲဘုံ၌ ဝင်ရောက်ပြီးနောက် ဝင်ရောက်သူအား တစ်စုံတစ်ရာ လောင်ကျွမ်းစေခြင်းမပြုဘဲ) ကြွင်းကျန်စေမည်လည်း မဟုတ်ပေ။ (ထို့ပြင် မဝင်ရောက်မီအလျှင် အပြင်၌ ရှိနေမည်ဖြစ်သော ကာဖိရ်များကို မိမိအတွင်း၌ ဝင်ရောက်စေခြင်း မပြုဘဲ) စွန့်လွှတ်၍ ချန်လှပ်ထားရှိမည်လည်း မဟုတ်ပေ။

(ထို့ပြင်) ထိုငရဲမီးသည် (လောင်ကျွမ်းစေပြီး) ခန္ဓာကိုယ်၏ အခြေအနေကို ပျက်စီးစေသော အရာဖြစ်သည်။ ယင်း 'စကရ်'ငရဲဘုံတွင် ဖရစ်ရှ်သာဟ် (၁၉) ပါးတို့ (သည် စောင့်ကြပ်လျက် ရှိကြသည်။

၄င်းတို့အနက် တစ်ပါး၏ အမည်မှာ 'မာလိက်'ဟု ဖြစ်သည်။ ၄င်းတို့) အား အစောင့်အကြပ်အဖြစ် သတ်မှတ်ထားရှိပေမည်။ (ကာဖိရ်များကို အမျိုးမျိုးအဖုံဖုံ အပြစ်ဒဏ်များ ပေးပေမည်။ စင်စစ် ဖရစ်ရှိသာဟ် တို့၏ အင်အားမှာ သိရှိပြီးဖြစ်သည့်အတိုင်း ဖြစ်သည်။ ၄င်းတို့အနက် ဖရစ်ရှိသာဟ်အားလုံးကို အပြစ်ဒဏ် ပေးရန်အတွက် လုံလောက်ပေသည်။ သို့တိုင်အောင် ဖရစ်ရှိသာဟ် (၁၉) ပါး သတ်မှတ်ခြင်းမှာ 'အဇာဗ်' အပြစ်ဒဏ်ပေးခြင်းကို အလွန်ပင် အလေးအနက်ထားကြောင်း ပေါ်လွင်ပေသည်။ ထို (၁၉) ပါးတို့၏ အရေအတွက်နှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်သည်သာ မူလအစစ်အမှန်ကို သိတော်မူသည်။ သို့ရာတွင် အခြားပညာရှင်တို့၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ကျွန်ုပ်၏ နှလုံးသားတွင် အနီးကပ်ဆုံး အလ္လာဟ်အသျှင် မြတ်က ထည့်သွင်းပေးတော်မူသော အချက်မှာ ကာဖိရ်တို့အား အဓိက 'အဇာဗ်'အပြစ်ဒဏ်ပေးရခြင်းမှာ ယုံကြည်ရန်ဖြစ်သော အမှန်တရားကို ဆန့်ကျင်ငြင်းပယ်ခြင်းအပေါ်၌ ဖြစ်သည်။ ကျင့်စဉ်များနှင့် ပတ်သက် မှု မရှိသော عقائدقطعيه 'အကာအိဒ်ကသွအီယဟ်'သည် ရှင်းလင်းချက်များအရ အီမာန်၏ အကိုင်းအလက် (၉) မျိုးရှိပေသည်။ ၄င်းတို့မှာ-

(၁) အလ္လာဟ်အသျှင်မြတ်အား အီမာန်သက်ဝင်ယုံကြည်ခြင်း၊
(၂) လောကသည် သခ်ါရ မတည်မြဲသော အရာဖြစ်ကြောင်း ယုံကြည်ချက်ထားခြင်း၊
(၃) ဖရစ်ရှိသာဟ် ကောင်းကင်တမန်များ ရှိကြောင်း၊ ယုံကြည်ခြင်း
(၄) အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်များကို ယုံကြည်ခြင်း၊
(၅) နဗီတမန်တော်များအပေါ် ယုံကြည်ခြင်း၊
(၆) 'သက္ကဒီးရ်'ကို ယုံကြည်ခြင်း၊
(၇) 'ကေယာမသ်'နေ့ကို ယုံကြည်ခြင်း၊
(၈) 'ဂျန္နသ်'ကို ယုံကြည်ခြင်း၊
(၉) 'ဂျဟန္နမ်'ကို ယုံကြည်ခြင်းတို့ ဖြစ်သည်။

ကျန်ရှိသော ယုံကြည်ချက်များမှာ ဖော်ပြပါယုံကြည်ချက်များ၏ အကိုင်းအလက်များပင် ဖြစ်သည်။ ကျင့်စဉ်များနှင့် ပတ်သက်သော عقائد قطعيه 'အကာအိဒ်ကသွအီယဟ်' မှာ (၁၀) မျိုးရှိသည်။ (၅) မျိုးမှာ 'ဝါဂျိဗ်'ဖြစ်ကြောင်း ယုံကြည်ရန် အရေးကြီးသည့် အမိန့်ပညတ်ချက်များ ဖြစ်သည်။ ထို (၅) မျိုးမှာ-

(၁) အီမာန်သက်ဝင်ယုံကြည်ခြင်း၊
(၂) နမာဇ်ဝတ်ပြုမှု ဆောက်တည်ခြင်း၊
(၃) 'ဇကားသ်'ပေးဆောင်ခြင်း၊
(၄) ရမ်ဇာန်လမြတ်တွင် 'ရိုဇာဟ်'ဥပုသ်စောင့်ထိန်းခြင်း၊

(၅) 'မိုင်သွလ္လာဟ်'ကို 'ဟဂျ်' ပြုခြင်းတို့ ဖြစ်သည်။ ထို့ပြင် 'ဟရာမ်'အဖြစ် တားမြစ်ပိတ်ပင်ချက် (၅) မျိုးကို 'ဟရာမ်'ဖြစ်ကြောင်း ယုံကြည်ရန် 'ဝါဂျိဗ်'ဖြစ်သည်။ ထို (၅) မျိုးမှာ **ပါဠိ** 'အင်မ်သိဟာန်' စသော အာယသ်တော်များ၌ လာရှိထားသော အချက်များဖြစ်သည်။ ၄င်းတို့မှာ-

(၁) ခိုးဝှက်ခြင်း၊
(၂) 'ဇေနာ' (ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခြင်း)၊
(၃) သတ်ဖြတ်ခြင်း (အထူးသဖြင့် သားသမီးများကို သတ်ဖြတ်ခြင်း၊
(၄) မဟုတ်မမှန် စွပ်စွဲခြင်းနှင့်
(၅) ထင်ပေါ်ကျော်ကြားသော အပြစ်ကျူးလွန်ခြင်းတို့ ဖြစ်သည်။

ဤကျူးလွန်မှုတွင် အတင်းပြောခြင်း၊ မတရားစော်ကားခြင်းနှင့် မိဘမဲ့ကလေးများ၏ ပစ္စည်းဥစ္စာများကို မပိုင်သော နည်းဖြင့် စားသုံးခြင်း စသော အရာအားလုံး ပါဝင်ပေသည်။ သို့ဖြစ်ပေရာ ဤယုံကြည်ချက်အားလုံးကို ပေါင်းလိုက်လျှင် (၁၉) မျိုးဖြစ်သွားပေသည်။ 'အကီဒဟ်'ယုံကြည်ချက်တစ်မျိုးစီအတွက် ဖရစ်ရှ်သာဟ်တစ်ပါးစီကို သတ်မှတ် ထားခြင်း ဖြစ်ပေမည်။ ဤယုံကြည်ချက်အားလုံးတို့တွင် အကြီးမားဆုံး ယုံကြည်ချက်မှာ 'သောင်ဟီးဒ်' ဖြစ်သည့်အတွက် ထိုဖရစ်ရှ်သာဟ်များတွင်လည်း အကြီးဆုံးဖြစ်သော မာလိက်အမည်ရှိ ဖရစ်ရှ်သာဟ်ကို သတ်မှတ်၍ စောင့်ကြပ်စေခြင်းဖြစ်ပေမည်။)

ထို့ပြင် ငါအသျှင်မြတ်သည် အစောင့်အကြပ်များကို (လူသားများကို ခန့်အပ်ခြင်းမပြုဘဲ) ဖရစ်ရှ်သာဟ်များကိုသာ ခန့်အပ်ထားတော်မူ၏။ (၄င်းတို့အနက် ဖရစ်ရှ်သာဟ်တစ်ပါးချင်းစီတွင် 'ဂျင်န်'နှင့် လူသားအားလုံးတို့နှင့် ညီမျှသော ခွန်အားများ ရှိကြသည်။)

၄င်းပြင် ငါအသျှင်မြတ်သည် ၄င်းတို့၏ အရေအတွက်ကို (တင်ပြခြင်းနှင့် ဖြစ်ရပ်တွင်) ကာဖိရ်လမ်းမှားခြင်းအကြောင်းခံအဖြစ်သာ ပြုလုပ်ထားရှိတော်မူခဲ့သည်။ (၄င်း၏ အလိုသဘောမှာ (၁၉) ဂဏန်းဖြစ်သည်။) သို့ဖြစ်ပေရာ ဤသို့ ပြုထားတော်မူခြင်းကြောင့် (ဖြစ်ပေါ်လာမည့် ရလဒ်မှာ) သို့မှသာ 'အဟ်လိကိသားဗ်' ကျမ်းရပုဂ္ဂိုလ်တို့သည် (ကြားနာရသည်နှင့်) ယုံကြည်လာကြပေမည်။ ထို့ပြင် 'အဟ်လေ့ကိသားဗ်' ကျမ်းရပုဂ္ဂိုလ်များနှင့် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် ယုံမှားသံသယ ဖြစ်ကြမည် မဟုတ်ပေ။

ထို့ပြင် နောက်ဆုံး စိတ်နှလုံးများတွင် (ထိုယုံမှားသံသယဟူသော) ရောဂါရှိသူများနှင့် ကာဖိရ်တို့က ဤသည့် (အရေအတွက်) ကို မိန့်ကြားတော်မူခြင်းအားဖြင့် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်အရာကို ရည်စူးတော်မူပါသနည်းဟု ပြောဆိုလာကြပေမည်။ ('အဟ်လိကေသားဗ်' ကျမ်းရပုဂ္ဂိုလ်တို့၏ ယုံကြည်သက်ဝင်ခြင်းအကြောင်းမှာ (၂) မျိုးဖြစ်နိုင်သည်။

(၁) ၎င်းတို့၏ ကျမ်းဂန်တွင်လည်း ဤအရေအတွက် ပါရှိသည်ဖြစ်၍ ချက်ချင်း လက်ခံလိုက်ခြင်း ဖြစ်ပေမည်။ အကယ်၍ ယခုအခါ ၎င်းတို့၏ ကျမ်းဂန်များထဲတွင် ဤအရေအတွက် မပါရှိဟုဆိုလျှင် ကျမ်းဂန်များ၏ ယိုယွင်းမှုကြောင့်လည်းကောင်း ပြုပြင်ပြောင်းလဲမှုကြောင့်လည်းကောင်း ပျက်စီးသွားခြင်း ဖြစ်ပေမည်။

(၂) ဤအရေအတွက်သည် ၎င်းတို့၏ကျမ်းဂန်တွင် မပါရှိသော်လည်း ၎င်းတို့သည် ဖရစ်ရှိသာဟ်များ၏ အင်အားကို ယုံကြည်သူများ ဖြစ်ကြခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ သတ်မှတ်ပြဌာန်းချက် များစွာတို့သည် ၎င်းတို့၏ ကျမ်းဂန်များ၌ ပါရှိ၍ ဖြစ်သည်။

သို့ဖြစ်ပေရာ ၎င်းတို့ထံတွင် မည်သည့်အခြေခံ ဖစ်မြစ်ကိုမျှ ငြင်းပယ်ခြင်း မရှိပေ။ ထို့ကြောင့် ယုံကြည်ခြင်းအလိုသဘောမှာ ငြင်းပယ်မှုမပြုခြင်းနှင့် လှောင်ပြောင်သရော်မှု မပြုခြင်းတို့ ဖြစ်ပေမည်။ သို့သော် ပေါ်လွင်ထင်ရှားသော အကြောင်းခံမှာ ပထမ အကြောင်းခံ ဖြစ်သည်။

ထို့ပြင် အီမာန်သက်ဝင်ယုံကြည်သူတို့၏ အီမာန် ပိုမိုတိုးပွားခြင်းသည်လည်း အကြောင်းခံနှစ်မျိုး ဖြစ်နိုင်သည်။

(၁) 'အဟ်လေကေသားဗ်'တို့၏ ယုံကြည်မှုကို တွေ့မြင်ပြီး မုအ်မင်န်သက်ဝင် ယုံကြည်သူတို့၏ အီမာန်မှာ 'ကိုယ်တော်မြတ် ﷺ သည် 'အဟ်လေကိသားဗ်'တို့နှင့် ပတ်သက်ဆက်နွယ်ခြင်း မရှိသည့်တိုင် 'အဟ်လိကေသားဗ်'တို့၏ ရှေ့ 'ဝဟီ'ဗျာဒိတ်တော်နှင့်အညီ သတင်းများကို ပေးတော်မူသောကြောင် မုချဧကန် နဗီတမန်တော် အစစ်အမှန်ဖြစ်သည်ဟု ယုံကြည်မှုများ ပိုမိုတိုးပွားလာခြင်း ဖြစ်ပေသည်။

(၂) အကြောင်းအရာအသစ်တစ်ခုခုကို 'ဝဟီ' ပို့ချသောအခါ ယင်းအပေါ်၌ အီမာန်သက်ဝင်ယုံကြည်လေ့ရှိခဲ့သည်။ သို့ဖြစ်ပေရာ တစ်ခုကို ယုံကြည်၍ တစ်ခု တိုးလာခဲ့သည်။ ဤသို့ဖြင့် လျှော့နည်းသော အဆင့်၌ရှိသည့် အီမာန်ယုံကြည်မှုသည် ပို၍ တိုးပွား များပြားလာခဲ့ကြသည်။

ထို့ပြင် يَرْتَابَ ဟူသော စာလုံးကို ယုံကြည်မှု အတည်ဖြစ်စေရန်နှင့် ယုံမှားသံသယဖြစ်ခြင်းကို ပယ်ချရန်အတွက် လေးနက်မှု ရှိစေခြင်းငှာ အပိုထည့်၍ သုံးနှုန်းတော်မူခြင်း ဖြစ်သည်။

တစ်ဖန် 'ရောဂါ'ဟူသော အသုံးအနှုန်းနှင့် စပ်လျဉ်း၍ အလိုသဘောမှာ နှစ်မျိုးရှိသည်။

(၁) ယုံမှားသံသယဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမှန်တရား ပေါ်ပေါက်လာပြီးသည့်နောက် အချို့မှာ စောဒကတက်ခြင်းနှင့် ငြင်းပယ်သူများ ရှိကြပြီး အချို့မှာ သို့လော၊ သို့လော ဖြစ်သူမှာ ရှိကြသောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် မက္ကာဟ်သားတို့တွင်လည်း ဤကဲ့သို့သောသူများ ရှိကြပေမည်' ဟု ဖြစ်သည်။

(၂) ဒုတိယအလိုသဘောမှာ 'နေဖားကဲ'အယောင်ဆောင်ခြင်း ဖြစ်သည်။ သို့ဖြစ်ပေရာ ဤနေရာတွင် ကြိုတင်မိန့်ကြားတော်မူခြင်း ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် မဒီနာတွင် မုနာဖစ်က်များ ရှိပေမည်။ ၎င်းတို့သည် ဤသို့သော စကားများကို ပြောဆိုကြပေမည်' ဟု ဖြစ်သည်။

မုအ်မင်န်သက်ဝင်ယုံကြည်သူများနှင့် 'အဟ်လေကိသာဗ်'တို့၏ ယုံကြည်မှု အတည်ဖြစ်ခြင်းနှင့် ယုံမှားသံသယမရှိကြောင်းတို့ကို သီးခြားစီ မိန့်ကြားရခြင်းမှာ 'အဟ်လေကိသာဗ်'တို့၏ ယုံကြည်မှုနှင့် ယုံမှားသံသယမရှိခြင်းတို့၏ အဘိဓါန်အရဖြစ်ပြီး မုအ်မင်န်သက်ဝင်ယုံကြည်သူတို့၏ ယုံကြည်မှုနှင့် ယုံမှားသံသယမရှိခြင်းတို့မှာ ရုဂီအသ်အရ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ရှေ့တွင် အုပ်စုနှစ်စုစလုံး၏ အခြေအနေအပေါ် ခွဲခြား၍ မိန့်ကြားထားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်သူတို့အား အထူး 'ဟေဒါယသ်'တရားများ ပေးသနားတော်မူသကဲ့သို့ ကာဖိရ်များအဖို့ ဤကဏ္ဍတွင် အထူးလမ်းများ စေတော်မူခဲ့သည်'ဟု ဖြစ်သည်။) ဤနည်းဖြင့် အလ္လာဟ်အသျှင်မြတ်သည် အလိုရှိတော်မူသောသူအား လမ်းမှားစေတော်မူ၏။ ထိုနည်းတူစွာ မိမိအလိုရှိတော်မူသော သူအား လမ်းမှန်ကို ညွှန်ပြတော်မူ၏။ (ရှေ့တွင် 'ဂျဟန္နမ်'၏ အစောင့်အကြပ် (၁၉) ပါးတို့၏ အရေအတွက်နှင့် စပ်လျဉ်း၍ သီးသန့်အမြော်အမြင် ဖြစ်ခြင်းကို အဆုံးသတ် တင်ပြထားသည်မှာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် (၏ အရေအတွက်ကို ဆိုလိုသည်မှာ ဖရစ်ရှ်သာဟ်များ၏ အရေအတွက်သည် ဤမျှ များပြားရခြင်း) ကို ထိုအသျှင်မြတ်မှတစ်ပါး အခြားမည်သူမျှပင် သိရှိမည်မဟုတ်ပေ။ (အကယ်၍ ထိုအသျှင်မြတ်သည်သာ လိုလားတော်မူလျှင် အတိုင်းအတာ မရှိသော ဖရစ်ရှ်သာဟ်များကို အစောင့်အကြပ်အဖြစ် (၁၉) ပါးသာ ဖြစ်သော်လည်း ၎င်းတို့၏ ကူညီသူများအဖြစ် များစွာသော ဖရစ်ရှ်သာဟ်များ ရှိပေသည်။ မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်တွင် 'ဂျဟန္နမ်'အပယ်ငရဲဘုံတွင် (၇၀၀၀၀) သော နဖားကြိုးများ ရှိပေသည်။ နဖားကြိုးတစ်ခုတိုင်းတွင် ဖရစ်ရှ်သာဟ်ပေါင်း (၇၀၀၀၀) က ဆွဲကိုင်ထားကြပေမည်'ဟု လာရှိလေသည်။) ထို့ပြင် ထိုအရေအတွက်၏ နည်းခြင်း၊ (သို့မဟုတ်) များခြင်း၊ (သို့မဟုတ်) သတ်မှတ်ခြင်း၊ (သို့မဟုတ်) အမြော်အမြင်ကို ပေါ်လွင်စေခြင်း၊ (သို့မဟုတ်) အထူးအမြော်အမြင်ကို ပေါ်လွင်မှုမဖြစ်ခြင်းတို့သည် အဓိကရည်ရွယ်ချက် မဟုတ်ပေ။ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ) အပယ်ငရဲဘုံ (၏ အခြေအနေကို တင်ပြခြင်း) သည် လူသားအဖို့ အဆုံးအမ ဩဝါဒသည်သာလျှင် ဖြစ်ပေသည်။

(သို့မှသာ ထို 'ဂျဟန္နမ်'၏ အပြစ်ဒဏ်ကို ကြားနာပြီး ကြောက်ရွံ့ကြပေမည်။ ထို့နောက် အီမာန်သက်ဝင်ယုံကြည်ကြပေမည်။ ဤရည်ရွယ်ချက်သည် အထူးဖြစ်သော အကျိုးတစ်စုံတစ်ရာအပေါ်၌ မူတည်ခြင်း မဟုတ်ပေ။ သို့ဖြစ်ပေရာ အဓိကရည်ရွယ်ချက်ကို ထောက်ရှုလျက် ထိုမြင့်မားသော အဓိပ္ပါယ်နောက်သို့ လိုက်ရမည်မဟုတ်ပေ။ ရှေ့တွင် ذِكْرَىٰ لِلْبَشَرِ ၏ အကျဉ်းချုပ်၏ အသေးစိတ်အဖြစ် 'ဂျဟန္နမ်' ငရဲ၏ အကြောင်းကို တင်ပြသည်မှာ ငါအသျှင်မြတ်သည်) လကို တိုင်တည် သက်သေထူလျက် ကျိန်ဆို တော်မူ၏။ ၎င်းပြင် (ငါအသျှင်မြတ်သည်) ဆုတ်ခွာ၍ သွားသော ညကို တိုင်တည်သက်သေထူလျက် ကျိန်ဆိုတော်မူ၏။

ထို့ပြင် (ငါအသျှင်မြတ်သည်) လင်း၍ လာသော နံနက်၏ အချိန်ကို သက်သေထူလျက် ကျိန်ဆိုတော်မူ၏။

ဧကန်မလွဲ ယင်း ('ဂျဟန္နမ်'ငရဲဘုံ၏) ကြီးမားလေးလံသော အထပ်များအနက်မှ ဖြစ်သည်။ (ယင်း 'ဂျဟန္နမ်'ငရဲဘုံသည်) လူသားအား လွန်စွာ သတိပေးနှိုးဆော်လျက် ရှိ၏။

နောက်သို့ ဆုတ်လိုသော သူအတွက်လည်းကောင်း သတိပေးနှိုးဆော်လျက်ပင် ရှိပေသည်။

(ဆိုလိုသည့်သဘောမှာ တာဝန်ထိုက်သင့်သူအားလုံးအတွက် သတိပေးနှိုးဆော်သူ ဖြစ်ပေသည်။ ဤသတိပေးနှိုးဆော်ခြင်း၏ အကျိုးဆက်ရလဒ်သည် 'ကေယာမသ်'နေ့တွင် ပေါ်လွင်လာပေမည်။ ထို့ကြောင့် 'ကစမ်'ကျိန်ဆို သက်သေထူတော်မူခြင်းသည် 'ကေယာမသ်'နှင့် အလွန်ဆက်စပ်မှုရှိသော အရာများ ဖြစ်သည်။ သို့ဖြစ်ပေရာ လသည် ဦးစွာပထမ တိုးတက်ခြင်း ဖြစ်ပေါ်ပြီး တစ်ဖန် ဆုတ်ယုတ်ကျဆင်းသွားခြင်းတို့၏ နမူနာသည် ဤလောက၏ လင်းဝင်းခြင်း၊ တစ်ဖန် မှေးမှိန်ပျက်စီးခြင်းတို့အတွက် ဖြစ်သည်။ လသည် နောက်ဆုံးတွင် အလင်းရောင် ပျောက်သွားရသကဲ့သို့ ဤကမ္ဘာလောကသည်လည်း ပျက်စီးပျောက်ကွယ်သွားရပေမည်။ ဤနည်းအတိုင်းပင် ဤကမ္ဘာလောကသည် တမလွန်လောက၏ ဖုံးကွယ်လျှို့ဝှက်မှုနှင့် ထင်ရှားပေါ်လွင်ခြင်းတို့တွင် နေ့နှင့် ညကဲ့သို့ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤကမ္ဘာလောက ပျက်စီးပျောက်ကွယ်သွားခြင်း၏ ဥပမာမှာ ညအချိန် ရွေ့လျားပျောက်ကွယ်သွားခြင်းကဲ့သို့ ဖြစ်သည်။ ထို့ပြင် ဤကမ္ဘာလောက၏ ပေါ်လွင်မှုသည် နံနက်အလင်းရောင် ထွက်ပေါ်သကဲ့သို့ ဖြစ်သည်။ ရှေ့တွင် လောကနှင့် လောကသားတို့၏ အခြေအနေများကို တင်ပြသည်မှာ) လူတိုင်းလူတိုင်းသည် မိမိတို့ ရှာဖွေဆည်းပူးခဲ့ကြသော (ကုဖွရ်၏) လုပ်ရပ်များအစား ('ဂျဟန္နမ်'ငရဲတွင်) ချုပ်နှောင်ခြင်း ခံကြရပေမည်။

သို့ရာတွင် လက်ယာဘက်သားတို့မှာမူ (ဆိုလိုသည်မှာ စူရာဟ် 'ဝါကေအာဟ်'၌ အသေးစိတ်ဖော်ပြခဲ့ပြီးဖြစ်သော မုအ်မင်န်များဖြစ်သည်။ ဤနေရာတွင် လက်ယာဘက်သားတို့ဟု ဖော်ပြထားရာ ဤသည် လက်ဝဲဘက်သားတို့ဟု ဖော်ပြထားရာ ဤသည် လက်ဝဲဘက်သားတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ ထို့ကြောင့် مقربين 'မုကရ်ရဗီးန်'လည်း ပါဝင်ပေသည်။ အချုပ်မှာ မုအ်မင်န်တို့သည် ဤသတ်မှတ်ချက်တွင် ပါဝင်ခြင်း မရှိကြပေ။) ၄င်းတို့သည် 'ဂျန္နသ်'ဥယျာဉ်၌ ရှိကြပေမည်။ ၄င်းတို့သည် မေးမြန်းလျက် ရှိကြပေမည်။ အပြစ်ရှိသူ (ကာဖိရ်) တို့၏ အခြေအနေကို (ထိုကာဖိရ်များကိုပင်) မေးမြန်းနေကြပေမည်။

('ဂျန္နသ်'နှင့် 'ဂျဟန္နမ်'သည် ဤမျှ ဝေးကွာသည့်တိုင် အပြန်အလှန် စကားပြောဆိုခြင်းအကြောင်းကို စူရာဟ် 'အအ်ရားဖ်'၏ အာယသ်တော်များ ဖြစ်သော

وَنَادَىٰ أَصْحَٰبُ الْجَنَّةِ أَصْحَٰبَ النَّارِ

၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဤမေးခွန်းသည် အပြစ်ဒဏ်ခတ်ခြင်း အဖြစ် မေးမြန်းခြင်းသာ ဖြစ်ပေမည်။ မည်သို့ပင်ဆိုစေ မုအ်မင်န်တို့သည် ကာဖိရ်များကို မေးမြန်းကြမည်မှာ) မည်သည့်အရာသည် အသင်တို့အား 'ဂျဟန္နမ်'ငရဲဘုံထဲသို့ ဝင်ရောက်စေပါခဲ့သနည်း။'

(ထိုအခါ) ၎င်းတို့က (ဤသို့) ပြောဆိုကြမည်မှာ 'ကျွန်ုပ်တို့သည် 'ဆွလားသ်'ဝတ်ပြုမှုတွင် ပါဝင်ခဲ့ကြသည်လည်း မဟုတ်ပေ။ ၎င်းအပြင် ကျွန်ုပ်တို့သည် သူဆင်းရဲတို့အားလည်း ('ဝါဂျိဗ်'တာဝန် ရှိသည့်အလျောက်) ကျွေးမွေးလေ့ရှိခဲ့ကြသည် မဟုတ်ပေ။'

ထို့ပြင် ကျွန်ုပ်တို့သည် (သာသနာကို ဖျက်လိုဖျက်ဆီးပြုလျက် ရှိကြသူတို့၏) အချည်းအနှီးသော လုပ်ရပ်များတွင် ကျွန်ုပ်တို့သည်လည်း (ထို) အချည်းအနှီး (သာသနာဖျက်သည့်) လုပ်ရပ်များတွင် ပါဝင်လေ့ ရှိခဲ့ကြသည်။ 'ထို့ပြင် ကျွန်ုပ်တို့သည် အစားပေးမည့် 'ကေယာမသ်' နေ့ကိုလည်း မဟုတ်မမှန် ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ 'နောက်ဆုံးတွင် (ဤအခြေအနေအတိုင်းပင်) သေခြင်းတရားသည် ကျွန်ုပ်တို့ထံ ရောက်ရှိ၍ လာခဲ့လေ၏။'

(ကျွန်ုပ်တို့သည် ထိုလုပ်ရပ်များကို စွန့်လွှတ်ခြင်း မရှိခဲ့ကြပေ။ ဆိုလိုသည်မှာ နောက်ဆုံးရလဒ်သည် ဤမည်သော အမိန့်ဖီဆန်မှုကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် 'ဂျဟန္နမ်'ငရဲဘုံ၌ ကျရောက်ခဲ့ကြရသည်။ ဤအာယသ်တော်ကို ကြည့်၍ ကာဖိရ်တို့သည် နမာဇ်နှင့် 'ရိုဇာဟ်'များ၏ တာဝန်ရှိသူများဟု မှတ်ယူရန် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'ဂျဟန္နမ်'ငရဲဘုံတွင် နှစ်မျိုးနှစ်စား ရှိသည်။

(၁) 'အဇားဗ်'အပြစ်ဒဏ်၊

(၂) ပြင်းထန်သော 'အဇားဗ်'အပြစ်ဒဏ်တို့ ဖြစ်သည်။

သို့ဖြစ်ပေရာ ဖော်ပြပါ ကျင့်စဉ်ကျင့်ရပ်များသည် 'အဇားဗ်'အပြစ်ဒဏ်နှင့် ကုဖွရ်၊ ရှရစ်က်ပြုခြင်း၏ 'အဇားဗ်'အပြစ်ဒဏ်၏ အကြောင်းခံ ဖြစ်နိုင်သည်။ ထို့ပြင် ကာဖိရ်တို့သည် အမိန့်ပညတ်တော်များကို လိုက်နာရန် တာဝန်ရှိသူများ မဟုတ်ကြောင်း အဓိပ္ပာယ်ကို 'ထိုအကိုင်းအလက်ဖြစ်သော ကျင့်စဉ်များအပေါ်၌ 'အဇားဗ်' အပြစ်ဒဏ်သည် ကျရောက်မည်မဟုတ်ပေ' ဟု ဆိုရပေမည်။ ထို့ပြင် ပြင်းထန်သော 'အဇားဗ်' အပြစ်ဒဏ် ကျရောက်ရခြင်းမှာ 'အရင်းအမြစ်၏ ခေါင်းစဉ်အောက်တွင် အကိုင်းအလက်များသည်လည်း ပါဝင်လာပေသည်။ ထို့ကြောင့် နောက်မှ လိုက်၍ ပါဝင်ခြင်းဖြစ်ကာ 'အဇားဗ်'အပြစ်ဒဏ်တွင် ပိုမိုများပြား ပြင်းထန်ရခြင်း၏ အကြောင်းခံ ဖြစ်နိုင်ပေသည်။)

သို့ဖြစ်ပေရာ (ဖော်ပြပါအခြေအနေအရ) ၎င်းတို့အဖို့ ကြားဝင်အသနားခံပေးသူတို့၏ ကြားဝင်အသနားခံပေးမှုသည် အကျိုးဖြစ်မည်မဟုတ်ပေ။ (ဤသို့ အကျိုးဖြစ်မည်မဟုတ်ကြောင်းကို ဆန်းစစ်ပါက ကြားဝင်အသနားခံပေးမှု မရှိကြောင်းသာ ဖြစ်ပေမည်။ ဆိုလိုသည်မှာ ထိုကာဖိရ်များအတွက် မည်သူမျှ ကြားဝင်အသနားခံပေးနိုင်ခြင်းသည်ပင် ရှိမည်မဟုတ်ဟု ဖြစ်သည်။) အသျှင်မြတ်၏ ဗျာဒိတ်တော်တွင်

فَمَا لَنَا مِن شَافِعِينَ

ဟု လာရှိထားသကဲ့သို့ ဖြစ်သည်။ ရှေ့တွင် ၎င်းတို့၏ ကျောခိုင်းခြင်းအပေါ် ၎င်းတို့၏ အခြေအနေကို တင်ပြမိန့်ကြားတော်မူသည်မှာ) ၎င်းတို့အဖို့ ဤဆုံးမဩဝါဒ (ကုရ်အာန်ကျမ်းတော်မြတ်) မှ မျက်နှာလွှဲဖယ်ရန် မည်သည့်အကြောင်းများ ရှိကြသနည်း။

၎င်းတို့မှာ ထွက်ပြေးနေသော မြည်းသတ္တဝါများကဲ့သို့ပင် ဖြစ်ကြကုန်၏။ ထိုမြည်းသတ္တဝါမှာကား ကျား (၏ ဘေးအန္တရာယ်) မှ ထွက်ပြေးနေသော မြည်းသတ္တဝါကဲ့သို့ ဖြစ်သည်။

ဤပုံပမာ ခိုင်းနှိုင်းခြင်းတွင် အချက်များစွာကို ထောက်ရှုထားကြောင်း တွေ့ရှိရပေမည်။ ဦးစွာ ပထမ ကြည့်လျှင် မြည်းသတ္တဝါသည် အသိဉာဏ်မဲ့သည့် နေရာတွင် ကျော်ကြားသော သတ္တဝါဖြစ်သည်။ ဒုတိယအနေဖြင့် ၎င်းအား တောမြည်းဟု ခေါ်သော တောရိုင်းသတ္တဝါအဖြစ် သတ်မှတ်ထားသည်။ ၎င်းသည် ကြောက်ရွံ့စရာမဟုတ်သည်ကို အကြောင်းမဲ့ ကြောက်ရွံ့ပြီး ခုန်ပေါက်ထွက်ပြေးတတ်သော သတ္တဝါ ဖြစ်သည်။ တတိယအနေဖြင့် ကျားတိရစ္ဆာန်ကို ကြောက်ရွံ့ကြောင်း သတ်မှတ်ထားသည်။ ဤအခြေအနေ၌မူ ၎င်း၏ ထွက်ပြေးခြင်းမှာ အဆုံးမရှိသော အဆင့်သို့တိုင် ဖြစ်ပေမည်။ ထို့ပြင် ဤသို့ ထွက်ပြေးသော အကြောင်းခံများတွင် အကြောင်းခံတစ်ခုမှာ ၎င်းတို့သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို အထောက်အထား အဖြစ် ပြည့်စုံကုံလုံကြောင်း မသိနားမလည်ခြင်းလည်း ပါဝင်ပေသည်။)

ထိုမျှသာမက ၎င်းတို့အနက် လူတိုင်းလူတိုင်းသည် ဤကျမ်းတော်မြတ်ကို ပေါ်လွင်ထင်ရှားစွာ (မိုးကောင်းကင်ကျ) ရေးသားထားသည်ကို ချီးမြှင့်တော်မူခြင်းကို ခံလိုကြသည်။

(ဒုရ်ရေမန်ဆူးရ်ကျမ်းတွင် ဟဇရသ်ကသာဒဟ်၏ ဆင့်ပြန်ချက် လာရှိသည်မှာ "အချို့ကာဖိရ်များ သည် ကိုယ်တော်မြတ် ﷺ အား 'အကယ်၍ အသင်သည် ကျွန်ုပ်တို့က အသင်၏ နောက်လိုက် အနွံအတာ ခံခြင်းကို လိုလားပါက ကျွန်ုပ်တို့၏ သီးသန့်အမည်များဖြင့် အသင်၏ နောက်လိုက်ပြုရန် မိုးကောင်းကင်မှ ရေးသားပို့ချပေးသည်တို့ကို ပြသပါ'ဟု ပြောဆိုကြလေသည်"ဟု ဖြစ်သည်။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော်ဖြစ်သော

حَتّٰى تُنَزِّلَ عَلَيْنَا كِتٰبًا نَّقْرَؤُهٗ

အာယသ်တော်အတိုင်း ဖြစ်သည်။ ထို့နောက် مُنَشَّرَةً ကို ဖြည့်စွက်ခြင်းသည် ရည်ရွယ်ချက်ကို ရှင်းလင်းစေရန် ဖြစ်သည်။ ဆိုလိုသည်မှာ မပြောပလောက်သော သာမန်စာသားဖြစ်သည်။ ဖွင့်ခံရသည်။ ဖတ်ခြင်းခံရသည်။ ဤကဲ့သို့သော 'ရေးသားချက်သည် ကျွန်ုပ်တို့ထံသို့သာ ကျရောက်သင့်သည်' ဟု ဖြစ် သည်။ ရှေ့တွင် ၎င်းတို့၏ ဤအချည်းအနှီး တောင်းဆိုချက်များကို ချေပထားသည်မှာ) လုံးဝဥသုံ မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဤသို့ပြုပေးရန် မလိုအပ်ခြင်းကြောင့်လည်းကောင်း၊ ထိုသူများ အဖို့ ဤသို့ ပေးအပ်ခြင်းခံရရန် အရည်အချင်းမရှိခြင်းကြောင့်လည်းကောင်း၊ အထူးအားဖြင့် ဤတောင်းဆို ခြင်းသည် အကယ်၍ တောင်းဆိုသည့်အတိုင်း ဖြစ်ခဲ့ပါက နောက်လိုက်အဖြစ် အနွံအတာခံမည်ဟူသော ရည်ရွယ်ချက်များ မရှိခြင်းကြောင့်လည်းကောင်း ဖြစ်ပေသည်။) ထိုမျှမက (အကြောင်းခံမှာ) ၎င်းတို့သည် တမလွန် (၏ 'အဇာဗ်'အပြစ်ဒဏ်) ကို ကြောက်ရွံ့စိုးရိမ်ကြသည် မဟုတ်ပေ။

(ထို့ကြောင့် အမှန်တရားကို လိုလားတောင့်တခြင်း မရှိကြပေ။ ဤတောင်းဆိုမှုများသည် ဆန့်ကျင်မှု ပြုခြင်းနှင့် သွေဖည်ငြင်းဆန်မှုတို့ကြောင့်သာ ဖြစ်သည်။ နောက်ဆုံး အကယ်၍ ဤတောင်းဆိုချက်များ

ပြည့်ဝသွားသည်ဖြစ်သည့်တိုင် ၎င်းတို့သည် အမိန့်နာခံ၍ နောက်လိုက်ပြုကြမည် မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်က

وَلَوْ نَزَّلْنَا عَلَيْكَ كِتَابًا فِي قِرْطَاسٍ فَلَمَسُوهُ بِأَيْدِيهِمْ لَقَالَ الَّذِينَ كَفَرُوا إِنْ هَٰذَا إِلَّا سِحْرٌ مُّبِينٌ

ဟု မိန့်ကြားတော်မူသကဲ့သို့ ဖြစ်သည်။ ရှေ့တွင် ရလဒ်ကို တင်ပြသည့်အနေဖြင့် ဤတောင်းဆိုချက်သည် အချည်းနှီးဖြစ်ကြောင်း အတည်ဖြစ်သွားသည့်အခါ ဤတောင်းဆိုချက်အပေါ် ရှုတ်ချသည်မှာ) ဤသည် လုံးဝ မဖြစ် (နိုင်ပေ။ ထိုမျှမက) ကေန်မလွဲ ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် (သည်သာလျှင်) ဆုံးမသြဝါဒတရားတော် (အတွက် လုံလောက်မှု) ပင် ဖြစ်ပေသည်။ (အခြားကျမ်းဂန်များ မလိုအပ်တော့ပေ။) သို့ဖြစ်ပေရာ (ဤအခြေအနေတွင်) မည်သူမဆို အလိုရှိခဲ့ပါမူ၊ ယင်းအဆုံးအမတရားတော်ကို တရားရယူရပေမည်။ (ဤသည်ကို လိုလားခြင်းမရှိသူသည် ဤအတိုင်းမပြုပါလျှင် 'ဂျဟန္နမ်'ငရဲသို့ လားရပေမည်။ တောင်းဆိုချက်ဖြစ်သော မိုးကောင်းကင်မှ ရေးသားထားချက်ကို ပို့ချပေးရန် ငါအသျှင်မြတ်အဖို့ မည်သို့မျှ မလိုအပ်ပါချေ။)

ထို့ပြင် (ကုရ်အာန်ကျမ်းတော်မြတ်၏ တရားလမ်းမှန်ပေးခြင်း ဖြစ်ရခြင်းနှင့် စပ်လျဉ်း၍ 'အချို့လူများအဖို့ ဤကျမ်းတော်မြတ်အားဖြင့် 'ဟေဒါယသ်'တရားလမ်းမှန် မရရှိကြ'ဟု သံသယများ မဖြစ်သင့်ပေ။ အကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်တွင်ပင် တရားလမ်းမှန်ပြသသူ ဖြစ်သော်လည်း) အလ္လာဟ်အသျှင်မြတ်၏ အလိုတော်ရှိမရှိဘဲ ၎င်းတို့သည် တရားလက်ခံ ရယူနိုင်ခြင်း မရှိကြပေ။ (ထို့ပြင် အလိုတော် မရှိခြင်းတွင် အချို့သော အမြော်အမြင်များ ရှိသည်။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်သည်ပင် တရားလမ်းမှန်ကို ပြသသည်မှာ အမှန်မုချပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤကျမ်းတော်မြတ်မှ ဆုံးမသြဝါဒများ ရယူကြကုန်။ ထို့နောက် အသျှင်မြတ်၏ အမိန့်နာခံမှုကို ပြုကြလေကုန်။ အဘယ်ကြောင့်ဆိုသော်) ထိုအသျှင်မြတ် (၏ 'အဇာဗ်'အပြစ်ဒဏ်) အား ကြောက်ရွံ့ရပေမည်။ ထို့ပြင် ထိုအသျှင်မြတ်သည်သာလျှင် (လူသားတို့၏ အပြစ်ဒုစရိုက်များကို) လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူပေသည်။ (အလ္လာဟ်အသျှင်မြတ်က

إِنَّ رَبَّكَ لَسَرِيعُ الْعِقَابِ وَإِنَّهُ لَغَفُورٌ رَّحِيمٌ

ဟု မိန့်ကြားတော်မူသကဲ့သို့ ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

စူရာဟ် 'မုဒ်ဒဆ်ဆိရ်' သည် ကုရ်အာန်၏ ခေတ်ဦးကာလတွင် ကျရောက်ခဲ့သော စူရာဟ်များအနက်မှ ဖြစ်သည်။ ထို့ကြောင့် အချို့ပညာရှင်များက ဤစူရာဟ်ကို ပထမဦးဆုံး ကျရောက်သည့် စူရာဟ်ဟုလည်း ဆိုကြသည်။ ကျော်ကြားသော ဆွဟီးဟ်ဆင့်ပြန်ချက်များအရ ပထမဦးဆုံး ကျရောက်ခဲ့သည်မှာ

စူရာဟ် 'အိက်ရာအ်'၏ အစပိုင်းအာယသ်တော်များ ဖြစ်သည်။ ထို့နောက် ကာလအတန်ကြာသည်အထိ 'ဝဟီ' ကျရောက်ခြင်း ရပ်တန့်သွားခဲ့သည်။ ဤ 'ဝဟီ'ရပ်တန့်သွားသည့် ကြားကာလ၏ နောက်ဆုံးတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်မှာ 'တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့တွင် တစ်နေရာရာသို့ ကြွမြန်းတော်မူသည့်အခါ အပေါ်မှ အသံတစ်မျိုး ကြားရသည်နှင့် ကောင်းကင်ပေါ်သို့ မော့ကြည့်တော်မူလေ့ ရှိသည်။ အဘယ်ကြောင့်ဆိုသော် 'ဟေရာ'လှိုဏ်ဂူတွင် စူရာဟ် 'အိက်ရာအ်'ကို ယူဆောင်လာသည့် ဖရစ်ရှ်သာဟ်သည်ပင် မိုးကောင်းကင်၏ အောက်ရှိ လေဟာပြင်တွင် တွဲလျောင်းရှိနေသော ကုလားထိုင်တစ်ခုပေါ်၌ ထိုင်နေသည်ကို တွေ့မြင်ရလေသည်။ ၎င်းအား ဤအခြေအနေ၌ တွေ့မြင်၍ တမန်တော်မြတ် ﷺ သည် 'ဟေရာ'လှိုဏ်ဂူတွင် 'အိက်ရာအ်' စူရာဟ် ကျရောက်စဉ်က ဖြစ်ပေါ်ခဲ့သော ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်လာသည်။ အလွန်တရာ ချမ်းအေးလျက် တုန်တုန်ယင်ယင် ဖြစ်ပေါ်ခံစားရလေသည်။ ကိုယ်တော်မြတ် ﷺ သည် အိမ်သို့ ကြွမြန်းသွားတော်မူသည်။ ထို့နောက် زَمِّلُونِي زَمِّلُونِي 'ငါ့အား စောင်ခြုံပေးပါလေ'ဟု မိန့်ကြားတော်မူလေသည်။ ကိုယ်တော်မြတ် ﷺ သည် အဝတ်များဖြင့် ခြုံရုံ၍ လဲလျောင်းတော်မူလေသည်။ ဤသို့ ဖြစ်ခြင်းအပေါ် စူရာဟ် 'မုဒ်ဒဆ်ဆိရ်'၏ ပထမအာယသ်တော်များ ကျရောက်လာခဲ့သည်။ ဆွဟီးဟိုင်းန် (ဘိုခါရီနှင့် မွတ်စ္စလင်မ်) ကျမ်းများတွင် ဤအတိုင်း လာရှိသည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ အား ဤစူရာဟ်တွင် يَا أَيُّهَا الْمُدَّثِّرُ ဟူ၍ ခေါ်ဝေါ်သုံးနှုန်းထားခြင်း ဖြစ်သည်။ ဤစာလုံးသည် دِثَار ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ 'အမြဲဝတ်နေကျ အဝတ်အစားများ၏ အပေါ်မှ ချမ်းအေးခြင်း စသည်တို့ကို ကာကွယ်ရန် အသုံးပြုသော အပိုအဝတ်အစားများကို' ခေါ်ဆိုသည်။ ဤသည် ချစ်စဖွယ် အသုံးအနှုန်းဖြင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။ ဤအကြောင်းကို مُزَّمِّل နှင့် စပ်လျဉ်း၍ တင်ပြရှင်းလင်းခဲ့ပြီး ဖြစ်သည်။

مُزَّمِّل ဟူသော စာလုံး၏ အဓိပ္ပာယ်သည်လည်း ဤအဓိပ္ပာယ်နှင့် နီးကပ်ပေသည်။ ရှုးဟွလ်မအာနီကျမ်းတွင် ဂျာဗိရ်ဗင်န်ဇိုက်ဒ်သာဗိအီထံမှ ဆင့်ပြန်ချက်လာရှိသည်။ ၎င်းက မိန့်ဆိုသည်မှာ စူရာဟ် 'မုဒ်ဒဆ်ဆိရ်' သည် 'မုဇ်ဇမ်မိလ်'၏ နောက်မှ ကျရောက်ခဲ့သည်'ဟု ဖြစ်သည်။ အချို့ပညာရှင်များက ဤဆင့်ပြန်ချက်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်ထံမှလည်း ဆင့်ပြန်ခဲ့သည်' ဟု ဆိုကြသည်။ သို့ရာတွင် အထက်၌ တင်ပြခဲ့သော ဆွဟီးဟ်ဟိုင်းန်၏ ဆင့်ပြန်ချက်တွင် စူရာဟ် 'မုဒ်ဒဆ်ဆိရ်' သည် ပထမဦးဆုံး ကျရောက်သည့် စူရာဟ်ဖြစ်သည်ဟု ရှင်းလင်းစွာ လာရှိထားသည်။ ('ဝဟီ' ပြတ်တောက်ရပ်စဲသွားသည့် ကာလပြီးနောက် ဦးစွာပထမ ကျရောက်သော စူရာဟ်ကို ဆိုလိုခြင်းဖြစ်သည်။) အကယ်၍ 'မုဇ်ဇမ်မိလ်' သည် 'မုဒ်ဒဆ်ဆိရ်' ၏အလျင် ကျရောက်ခဲ့ခြင်း ဖြစ်မည်ဆိုလျှင် ဟဒီးစ်တော်ကို ဆင့်ပြန်သူ၊ ဟဇရသ်ဂျာဗိရ်ဗင်န်အဗ်ဒွလ္လဟ်သည် ဤအကြောင်းကို တင်ပြမည်သာ ဖြစ်သည်။

مُزَّمِّل နှင့် مُدَّثِّر စာလုံးနှစ်လုံး၏ အဓိပ္ပာယ်မှာ အနီးကပ်ဆုံးသော အဓိပ္ပာယ်ဖြစ်သည်။ ဖြစ်ရပ်တစ်ခုတည်းအတွက် ဤစူရာဟ်နှစ်ပုဒ်စလုံး ကျရောက်လာခြင်း ဖြစ်နိုင်သည်။ ထိုဖြစ်ရပ်သည် ဟဇရသ်အမီးန်ဂျိဗ်ရီးလ် عليه السلام အား မိုးကောင်းကင်အောက်တွင် ကုလားထိုင်ပေါ်၌ ထိုင်နေသည်ကို တွေ့မြင်ခြင်းနှင့် ကိုယ်တော်မြတ် ﷺ သည် အိမ်တော်သို့ ပြန်ကြွသွားတော်မူ၍ အနွေးထည်အဝတ်များ ခြုံရုံပေးရန် မိန့်ကြားခြင်းဖြစ်ရပ်ပင် ဖြစ်သည်။ ဤအချက်ကို ကြည့်ခြင်းဖြင့် စူရာဟ် 'မုဇ်ဇမ်မိလ်'နှင့် 'မုဆဒ်ဆိရ်'တို့၏ အစအာယသ်တော်များမှာ 'ဝဟီ'ရပ်စဲသွားသည့် ကြားကာလ ကုန်လွန်ပြီးနောက် ဦးစွာပထမ ကျရောက်ခဲ့ခြင်းဖြစ်ကြောင်းမှာမူ အနိမ့်ဆုံးအဆင့်ဖြင့် အတည်ဖြစ်ပေသည်။ ဤစူရာဟ်နှစ်ပုဒ်တွင် မည်သည့်စူရာဟ်သည် ရှေ့မှ ဖြစ်သည်။ မည်သည့်စူရာဟ်သည် နောက်မှ ဖြစ်သည်ဆိုခြင်း၌မူ ဆင့်ပြန်ချက်များတွင် ကွဲလွဲမှုများ ရှိပေသည်။ စူရာဟ် 'အိကဲ့ရာအ်'၏ ပထမအာယသ်တော်များသည် ထိုအာယသ်တော်များ ထက်အလျင် ပထမဦးဆုံး ကျရောက်ခဲ့ခြင်း၌မူ ဆွဟီးဟ်ဆင့်ပြန်ချက်အားလုံးတို့ဖြင့် အတည်ဖြစ်ပေသည်။ ဤစူရာဟ်နှစ်ပုဒ်လုံးသည် အမှန်စင်စစ် နီးကပ်သောကာလအတွင်း ဖြစ်ရပ်တစ်ခု တည်းအတွက် ကျရောက်ခဲ့ခြင်း ဖြစ်သော်လည်း ထိုစူရာဟ်နှစ်ပုဒ်၏ ကွာခြားချက်မှာ စူရာဟ် 'မုဇ်ဇမ်မိလ်'၏ အစတွင် တမန်တော်မြတ် ﷺ အပေါ်သို့ ချပေးသော အမိန့်ပညတ်ချက်များသည် ပုဂ္ဂိုလ်ရေးပြုပြင်မှုများနှင့် စပ်လျဉ်း၍ ပို့ချသော အမိန့်ပညတ်ချက်များဖြစ်သည်။ စူရာဟ် 'မုဒ်ဒဆ်ဆိရ်'၏အစတွင် ပို့ချသော အမိန့်ပညတ်တော်များမှာမူ 'ဒအ်ဝသ်'၊ 'သဗ်လီးဂ်'နှင့် လူသားတို့အား ပြုပြင်ခြင်းနှင့် စပ်လျဉ်းသော အမိန့်ပညတ်တော်များပင် ဖြစ်ပေသည်။

ပထမအမိန့်

စူရာဟ် 'မုဒ်ဒဆ်ဆိရ်'တွင် ဦးစွာပထမ ကိုယ်တော်မြတ် ﷺ မိန့်တော်မူသည်မှာ قُمْ فَأَنذِرْ ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အသင်ထ၍ ရပ်လော'ဟု ဖြစ်သည်။ ၎င်း၏ မူရင်းအဓိပ္ပာယ်မှာ قيام 'ကိယာမ် ရပ်ခြင်း' ဟုလည်း ဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် 'ကိုယ်တော်မြတ် ﷺ သည် အနွေးထည် အဝတ်များဖြင့် ခြုံရုံ၍ ပတ်ထားခဲ့သည်ဖြစ်ရာ ၎င်းအဝတ်များကို စွန့်လွှတ်ပြီး ထ၍ ရပ်လော့'ဟု ဖြစ်သည်။ ထို့ပြင် قيام 'ကိယာမ်'၏ အလိုသဘောမှာ 'အရပ်အတွက် အသင့်အနေအထား၌ ရှိနေပါ' ဟူသော အဓိပ္ပာယ်နှင့်လည်း မဝေးပေ။ ဆိုလိုသည်မှာ 'ယခုအခါ အသင်သည် ခွဲသတ္တိမွေး၍ အသျှင်မြတ်၏ ကျွန်လူသားများ၏ ပြုပြင်ရေးလုပ်ငန်းများကို ပြုပါလေ' ဟု ဖြစ်သည်။

فَأَنذِرْ သည် انذار ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံး ဖြစ်သည်။ အဓိပ္ပာယ်မှာ 'သတိပေးနှိုးဆော်ခြင်း'ဟု ဖြစ်သည်။ သို့ရာတွင် ဤကဲ့သို့ သတိပေးနှိုးဆော်ခြင်းသည် အကြင်နာကရုဏာ အပေါ်၌ မူတည်ခြင်း ဖြစ်သည်။ ဥပမာ- ဖခင်သည် မိမိ၏ ကလေးကို မြွေ၊ ကင်းနှင့် မီးတို့ဖြင့် သတိပေး ခြောက်လှန့်လေ့ရှိသကဲ့သို့ ဖြစ်သည်။ နဗီတမန်တော်တို့သည် ဤမည်သော ဂုဏ်ရည်တော်များ ရှိကြ

သည်။ ထို့ကြောင့် ၄င်းတို့ ဘွဲ့ထူးတော်မှာ نذير 'နဇီးရ်'နှင့် بشير 'ဗရှီးရ်' ဟူ၍ ဖြစ်သည်။ 'နဇီးရ်'၏ အဓိပ္ပာယ်မှာ 'သတင်းကောင်းပေးပို့သူ'ဟု ဖြစ်သည်။ ဤဘွဲ့ထူးတော်နှစ်ရပ်သည် တမန်တော်မြတ် ﷺ အဖို့လည်း ဖြစ်ကြောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာတို့၌ ဖော်ပြထားသည်။ သို့သော် ဤနေရာတွင် انذار သတိပေးခြိမ်းခြောက်ခြင်းများကိုသာ တင်ပြပြီး လုံလောက်စေရခြင်းမှာ ထိုစဉ်က မုအ်မင်န်တို့၏ အရေအတွက်မှာ လက်ချိုးရေတွက်၍ပင် ရသော အချိန်ဖြစ်ခဲ့သည်။ ကျန်ရှိသူတို့မှာ ဆန့်ကျင်သူ ကာဖိရ်များဖြစ်ကြသည်။ ၄င်းတို့သည် မည်သည့်သတင်းကောင်းနှင့်မျှ ထိုက်သက်သူများ မဟုတ်သည့်အပြင် သတိပေးနှိုးဆော် ခြိမ်းခြောက်ခြင်းဖြင့်သာ ထိုက်တန်သူများ ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဒုတိယအမိန့်

وَرَبَّكَ فَكَبِّرْ ဖြစ်သည်။ ဆိုလိုသည်မှာ 'အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကြီးကျယ်ထွတ်မြတ်ခြင်းကို ရွတ်ဆိုပါလေ' ဟု ဖြစ်သည်။ ဤနေရာတွင် နှုတ်အားဖြင့်လည်းကောင်း၊ လုပ်ရပ်အားဖြင့်လည်းကောင်း နှစ်ရပ်စလုံး အကျုံးဝင်ပေသည်။

رَبّ 'ရဗ်'ဟူသော စာလုံးကို ဤနေရာ၌ သုံးနှုန်းရခြင်းမှာ ဤအမိန့်ပင် ၄င်း၏ အကြောင်းခံဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စကြဝဠာကြီးကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည်သာလျှင် ကြီးကျယ်ခြင်းနှင့် မြင့်မားခြင်းတို့ကို ခံထိုက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ تكبير 'သက္ကဗီးရ်'၏ အဓိပ္ပာယ်မှာ اَللّٰهُ اَكْبَرُ 'အလ္လာဟုအက္ကဗရ်' ရွတ်ဆိုခြင်းဟုလည်း လာရှိသည်။ ဤနေရာတွင် နမာဇ်၏ 'သက္ကဗီရ်သဟ်ရီမီ'နှင့် အခြားသော 'သက္ကဗီးရ်'များလည်း ပါဝင်သည်။ နမာဇ်၏ ပြင်ပရှိ 'အဇာန်'နှင့် 'အေကာမသ်' စသည်တို့၏ 'သက္ကဗီးရ်'များလည်း ပါဝင်သည်။ ဤအမိန့်ကို နမာဇ်၏ 'သက္ကဗီးရ်သဟ်ရီမီ' နှင့် သီးသန့်သတ်မှတ်သော စာလုံးများသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် မည်သည့်ညွှန်းဆိုချက်မျှ မရှိပေ။

တတိယအမိန့်

وَثِيَابَكَ فَطَهِّرْ ဖြစ်သည်။ ثِيَابْ သည် ثوب ၏ ဗဟုဝုစ်ကိန်း ဖြစ်သည်။ ၄င်း၏ မူရင်းအဓိပ္ပာယ်မှာ 'အဝတ်အစား'ဟု ဖြစ်သည်။ သွယ်ဝိုက်သောနည်းဖြင့် 'အမလ်'လုပ်ရပ်ကျင့်စဉ်ကိုလည်း ခေါ်ဆိုသည်။ နှလုံးသားနှင့် စိတ်အာရုံကိုလည်း ခေါ်ဆိုသည်။ အကျင့်စာရိတ္တနှင့် သာသနာကိုလည်း ခေါ်ဆိုသည်။ လူသား၏ ခန္ဓာကိုယ်ကိုလည်း ခေါ်ဆိုသည်။ ၄င်းတို့နှင့် စပ်လျဉ်းသော သက်သေသာဓကများသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် အာရဗီဝေါဟာရများတွင် မြောက်မြားစွာ ရှိပေသည်။ ဤအာယသ်တော်နှင့် စပ်လျဉ်း၍ အဖွင့်ပညာရှင်များထံမှ အဓိပ္ပာယ်အားလုံးကို ဖွင့်ဆို တင်ပြထားကြသည်။ ဤသို့

များစွာသော အဓိပ္ပာယ်များ ဖွင့်ဆိုရာတွင် မည်သည့်အဓိပ္ပာယ်မှ ဆန့်ကျင်ကွဲလွဲခြင်း မရှိသည်မှာ ထင်ရှားသည်။ သွယ်ဝိုက်သောနည်းဖြင့် အထက်ပါ ဤစကားလုံးမှ အဓိပ္ပာယ်အားလုံး၏ အလိုသဘောကို ကောက်ယူမည်ဆိုလျှင် မည်သို့မျှ ဝေးလံသော အဓိပ္ပာယ်မဟုတ်ပေ။ ထိုအမိန့်၏ အဓိပ္ပာယ်မှာ 'မိမိ၏ အဝတ်အစားများနှင့် ခန္ဓာကိုယ်ကို အပြင်ပိုင်း မသန့်ရှင်းသော အရာများမှ သန့်ရှင်းစွာ ထားပါလေ။ ထို့နောက် စိတ်နှလုံးသားကို လွဲမှားသော ယုံကြည်ချက် အတွေးအခေါ်များမှလည်းကောင်း၊ နိမ့်ကျယုတ်ညံ့သော စာရိတ္တများမှလည်းကောင်း သန့်ရှင်းစွာ ထားပါလေ' ဟု ဖြစ်သည်။ ဘောင်းဘီနှင့် လုံချည်၊ ပုဆိုးကို ခြေမျက်စိအောက်၌ ဒရွတ်တိုက် ဝတ်ဆင်သည်ကို တားမြစ်ခြင်းသည်လည်း ဤစာလုံးများမှပင် ရယူထားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အောက်တွင် ဒရွတ်တိုက်ဝတ်ဆင်သော အဝတ်များသည် မသန့်ရှင်းမှုလူးထိသည်မှာ သေချာသောကြောင့် ဖြစ်သည်။ သို့ဖြစ်ပေရာ အဝတ်များ သန့်ရှင်းစွာ ထားခြင်း၏ အမိန့်နှင့်စပ်လျဉ်း၍ အဝတ်အစားများကို အသုံးပြုရာတွင် မသန့်သော အရာများမှ ဝေးစွာ နေပါ' ဟူသော အချက်လည်း ပါဝင်လာသည်။ ထို့ပြင် အဝတ်အစားများကို သန့်ရှင်းစွာ ထားရာတွင် 'ဟရာမ်' ပစ္စည်းဖြင့် ပြုလုပ်ထားခြင်း မဖြစ်ရ။ ထို့ပြင် ရှရီအသ်တရားတော်မှ တားမြစ်ထားသည့် ပုံသဏ္ဌာန်များဖြင့် မပြုလုပ်ရပေဟူသော အချက်များလည်း ပါဝင်ပေသည်။ ထို့ပြင် အာယသ်တော်၏ ထင်ရှားသော အလိုသဘောမှာ 'အဝတ်အစား သန့်ရှင်းစင်ကြယ်စေခြင်း၏ အမိန့်သည် နမာဇ်အတွက် သီးသန့်မဟုတ်ဘဲ အခြေအနေတိုင်းအတွက် အကျုံးဝင်သော အမိန့် ဖြစ်ပေသည်။ ထို့ကြောင့် ဖိကာဟ်ပညာရှင်များက မိန့်ဆိုကြသည်မှာ 'နမာဇ်၌ မဟုတ်သော အခြေအနေ၌လည်း လိုအပ်ချက် တစ်စုံတစ်ရာမရှိဘဲ ခန္ဓာကိုယ်ကို မသန့်သော အခြေအနေ၌ တားမြစ်ခြင်း၊ (သို့) မသန့်သော အဝတ်အစားများ ဝတ်ဆင်ခြင်း၊ (သို့) မသန့်သော နေရာ၌ ထိုင်ခြင်းတို့မှာ မပိုင်' ဟု ဖြစ်သည်။ ဤနေရာတွင် လိုအပ်ချက်ဖြစ်သော အချိန်များ မပါဝင်ပေ။

[မဇ္ဇဟရီကျမ်း]

အလ္လာဟ်အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်မှုကို နှစ်သက်တော်မူသည်။

اِنَّ اللّٰهَ يُحِبُّ التَّوَّابِيۡنَ وَيُحِبُّ الۡمُتَطَهِّرِيۡنَ

ထို့ပြင် ဟဒီးစ်တော်တွင် 'သန့်ရှင်းစင်ကြယ်မှုသည် အီမာန်၏ ထက်ဝက်ဖြစ်သည်' ဟု သတ်မှတ်ချက်လာရှိသည်။ ထို့ကြောင့် မွတ်စ္စလင်မ်များအဖို့ အခြေအနေတိုင်းတွင် မိမိ၏ ခန္ဓာကိုယ်၊ အိမ်နှင့် အဝတ်အစားများကို အပြင်ပိုင်း သန့်ရှင်းမှုကိုလည်း ဂရုစိုက်ရန် အရေးကြီးပေသည်။ စိတ်၏ အတွင်းပိုင်းကိုလည်း သန့်ရှင်းစွာ ထားရမည်။

စတုတ္ထအမိန့်

وَالرُّجۡزَ فَاهۡجُرۡ ဖြစ်သည်။ رُجز နှင့် رِجز နှစ်မျိုးစလုံးသည် အဓိပ္ပာယ်တွင် အတူတူပင်ဖြစ်သည်။ သဖ်စီးရ်အမောမ်ကြီးများ ဖြစ်ကြသော အိက်ရိမဟ်၊ မုဂျာဟိဒ်၊ ကသာဒ်၊ ဇိုဟ်ရီနှင့် အိဗ်နေ

ဇိုက်ဒ် စသည်တို့က ဤနေရာတွင် رُجْز ၏ အဓိပ္ပာယ်မှာ ဗွဒ်ရုပ်တုများဟု သတ်မှတ်ကြသည်။ ဟဇရတ် အိဗ်နေအဗ္ဗားစ် ؓ သခင်၏ ဆင့်ပြန်ချက်တစ်ရပ်တွင် ၎င်း၏ အလိုသဘောကို 'အပြစ်ဒုစရိုက်ဟူသမျှ ဖြစ်သည်'ဟု လာရှိသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဗွဒ်ရုပ်တုများကိုလည်းကောင်း၊ (သို့) အပြစ်ဒုစရိုက်များကိုလည်းကောင်း စွန့်လွှတ်ပါ'ဟု ဖြစ်သည်။ တမန်တော်မြတ် ﷺ မှာမူ အစကနဦးမှပင် ဤအရာအားလုံးနှင့် လွတ်ကင်းတော်မူခဲ့သည် ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ အား ဤအမိန့်ကို မိန့်ကြားတော်မူခြင်းမှာ 'နောက်နောင်တွင်လည်း ထိုအရာများမှ ဝေးကွာအောင် နေစေရန် ဖြစ်သည်။ အမှန်စင်စစ် အဆုံးစွန်အထိ လေးနက်မှုအတွက် တမန်တော်မြတ် ﷺ အား ဦးတည် မိန့်ကြားခြင်းမှာ အွမ္မသ်အတွက် သင်ကြားပေးရန် ဖြစ်သည်။ သို့မှသာ အွမ္မသ်သည် အပြစ်များမှ ကင်းစင်သူ နဗီတမန်တော်ကိုပင် ဤသို့ မိန့်ကြားတော်မူသည်ဖြစ်ရာ ဤအမိန့်ကို ကျွန်ုပ်တို့သည် အဘယ်မျှ အလေးအနက်ထားရန် ထိုက်သည်ကို သိရှိသွားကြပေမည်။

ပဥ္စမအမိန့်

لَا تَمْنُنْ تَسْتَكْثِرُ ဖြစ်သည်။ 'လူတစ်ဦးအပေါ် ကျေးဇူးပြုခြင်းသည် ၎င်းသူအပေါ် ပေးကမ်းသည်ထက် ၎င်းသူထံမှ ပို၍ ရရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပေးကမ်းခြင်း မပြုလေနှင့်' ဟု ဖြစ်သည်။ ဤအမိန့်ဖြင့် သိရှိရသည်မှာ လူတစ်ဦးအား လက်ဆောင်များ ပေးရာတွင် ထိုလက်ဆောင်အစား ၎င်းသူထံမှ ပို၍ ပေးမည်ကို ရည်ရွယ်၍ ပေးခြင်းဖြစ်လျှင် ဤသို့ ဖြစ်သည်။ 'မက္ကရူးဟ်ဖြစ်သည်'ဟူ၏။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်ဖြင့် ဤသို့ ပေးခြင်း အများသူတို့အတွက် ပိုင်ကြောင်း သိရှိရသော်လည်း ဤပိုင်ခြင်းတွင် 'မက္ကရူးဟ်'ဖြစ်ခြင်းနှင့်ကား ကင်းလွတ်ခြင်းမရှိပေ။ သိက္ခာရှင်တို့၏ အကျင့်သိက္ခာနှင့်လည်း ဆန့်ကျင်ပေသည်။ အထူးသဖြင့် တမန်တော်မြတ် ﷺ အဖို့မှာမူ ဤသို့ ပေးကမ်းခြင်းကို 'ဟရာမ်'အဖြစ် သတ်မှတ်တော်မူထားသည်။

ဆဋ္ဌမအမိန့်

وَلِرَبِّكَ فَاصْبِرْ ဖြစ်သည်။ صبر 'ဆွဗရ်'၏ အဓိပ္ပာယ်မှာ 'မိမိ၏ စိတ်ကို တားဆီးခြင်း ထိန်းချုပ်ခြင်း' ဟု ဖြစ်သည်။ ထို့ကြောင့် 'ဆွဗရ်'၏ အဓိပ္ပာယ်တွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာရာတွင် မိမိ၏ စိတ်ကို တည်တံ့စေခြင်း' သည်လည်း ပါဝင်ပေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်က တားမြစ်ပိတ်ပင်ထားသည့် အရာများမှ စိတ်ကို တားဆီးခြင်းလည်း ပါဝင်သည်။ ထို့ပြင် ဘေးဒုက္ခများ ဖြစ်ပေါ်ချိန်တွင် မိမိ၏ လုပ်ပိုင်ခွင့် အတိုင်းအတာအထိ ငိုကြွေးခြင်းနှင့် တိုင်တန်းခြင်းတို့မှ ရှောင်ကြဉ်ခြင်းသည်လည်း အကျုံးဝင်ပေသည်။ ဤအမိန့်သည် သာသနာတစ်ရပ်လုံးနီးပါး၏ အမိန့်များ

ပါဝင်သောကြောင့် ဖြစ်သည်။ ဤအခြေအနေတွင် ဤအမိန့် အထူးအားဖြင့် မိန့်ကြားရခြင်းမှာ အထက်၌ လာရှိခဲ့သော အာယသ်တော်များတွင် 'ကိုယ်တော်မြတ် ﷺ အား အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများကို အမှန်တရားဘက်သို့ ဖိတ်ခေါ်ရန်လည်းကောင်း၊ 'ကုဖွရ်'၊ 'ရှရစ်ကဲ'နှင့် အပြစ်ဒုစရိုက်များမှ တားမြစ်ရန် လည်းကောင်း အမိန့်ပေးထားတော်မူသည်။ သို့ဖြစ်ပေရာ ထိုအမိန့်တော်များကို လိုက်နာ ထမ်းဆောင် ခြင်း၏ ရလဒ်တွင် များစွာသော လူတို့သည် ဆန့်ကျင်၍ ရန်ငြိုးဖွဲ့ပြီး ဒုက္ခများပေးရန် ကြိုးပမ်းလာကြ မည်မှာ ထင်ရှားပေသည်။ ထို့ကြောင့် အမှန်တရားဘက်သို့ ဖိတ်ခေါ်သူသည် 'ဆွဗရ်'သည်းခံမှုနှင့် ကြံ့ခိုင်မှု တို့၏ အလေ့အကျင့်ရှိရန် ထိုက်တန်သည်' ဟု ဆိုခြင်းမှာ ထင်ရှားသည်။ ဤအမိန့်တော်အချို့ကို တမန် တော်မြတ် ﷺ အပေါ် ပို့ချပေးပြီးနောက် 'ကေယာမသ်'နှင့် ၎င်း၏ ကြောက်မက်ဖွယ် ဖြစ်ကြောင်းတို့ကို တင်ပြ မိန့်ကြားတော်မူထားသည်။

نَاقُوْر ၏ အဓိပ္ပာယ်မှာ 'ဆူရ်' (တံပိုးခရာ) ဟု ဖြစ်သည်။ نَقَرَ ၏ အလိုသဘောမှာ 'ဆူရ်မှုတ်၍ အသံထွက်စေခြင်း'ဟု ဖြစ်သည်။ ထို့ပြင် 'ကေယာမသ်'သည် ကာဖိရ်များအားလုံးတို့အတွက် အပြင်း ထန်ဆုံးနေ့ဖြစ်ကြောင်း မိန့်ကြားတော်မူပြီးနောက် အထူးဆိုးသွမ်းသော ကာဖိရ်၏ အခြေအနေများနှင့် ထိုကာဖိရ်အဖို့ ပြင်းထန်သော 'အဇာဗ်' အပြစ်ဒဏ်ရှိကြောင်း တင်ပြမိန့်ကြားတော်မူထားသည်။

ဝလီးဒ်ဗင်န်မုဂီးရဟ်၏ တစ်နှစ်ဝင်ငွေသည် ရွှေဒီနာတစ်ကုဋေ ရှိခြင်း

အလ္လာဟ်အသျှင်မြတ်သည် ဤကာဖိရ်၊ ဝလီးဒ်ဗင်န်မုဂီရဟ်ကို လောက၏ စည်းစိမ်ဥစ္စာများနှင့် အတူ သားသမီးများစွာကို ပေးသနားတော်မူခဲ့သည်။ အိဗ်နေအဗ္ဗာဇ် ﵁ သခင်၏ အဆိုအရ ၎င်း၏ လယ်ယာ ခြံမြေ၊ ဥယျာဉ်များသည် မက္ကာဟ်မှ 'သွာအိဖ်'အထိတိုင် ပြန့်နှံ့လျက် ရှိခဲ့သည်။ 'စောင်ရီ'၏ အဆိုအရ ၎င်း၏ တစ်နှစ်တာဝင်ငွေသည် ရွှေဒီနာတစ်ကုဋေရှိခဲ့သည်ဟု ဖြစ်သည်။ အချို့ပညာရှင်များက 'ထို့ထက် နည်းသည်'ဟုလည်း ဆိုကြသည်။ ပညာရှင်အားလုံးက လက်ခံထားကြသည်မှာ '၎င်း၏ လယ်ယာ၊ ဥယျာဉ် ခြံမြေများမှ ဝင်ငွေများနှင့် ထွက်ကုန်သီးနှံများမှာ နွေ၊ မိုး၊ ဆောင်း ရာသီတိုင်းတွင် စဉ်ဆက်မပြတ် ရှိခဲ့ကြသည်' ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤသည်ကိုပင် وَجَعَلْتُ لَهُ مَالًا مَّمْدُوْدًا ဟု မိန့်ကြားတော်မူထားသည်။ ၎င်းသည် အာရဗ်၏ ခေါင်းဆောင်အဖြစ် လက်ခံခြင်းခံရသူ ဖြစ်သည်။ လူတို့အတွင်း ၎င်း၏ ဘွဲ့ထူးမှာ ريحانه قريش 'ရိုင်ဟာနဟ်ကုရိုင်ရှ်'ဟူ၍ ကျော်ကြားခဲ့သည်။ ၎င်းသည် ဂုဏ်မောက်ခြင်းအပေါ် မိမိကိုယ်မိမိ وحيد ابن الوحيد 'ဝဟီးဒ်အိဗ်နေဝဟီးဒ်' (တစ်ဦးတည်းသော သား၏ တစ်ဦးတည်းသော) သားဖြစ်သည်။ တစ်မျိုးသားလုံးတွင် ကျွန်ုပ်၏ ဖခင်မုဂီရဟ်မှအပ ကျွန်ုပ်ကဲ့ သို့သောသူ မည်သူမျှ မရှိ' ဟု ပြောဆိုလေ့ ရှိခဲ့သည်။ *[ကုရ်သုဗီးကျမ်း]*

သို့ရာတွင် ဤသူယုတ်မာသည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များအပေါ် ကျေးဇူးကန်း ခဲ့သည်။ ကုရ်အာန်ကမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဋ္ဌတော်ဖြစ်ကြောင်း ယုံကြည်ပါ

လျက် ၎င်းသည် မုသားလိမ်လည်မှု ပြုခဲ့သည်။ ကုရ်အာန်သည် 'စဟရ်' (ပယောဂ) နှင့် ကိုယ်တော်မြတ် ﷺ သည် 'စာဟိရ်'ပယောဂဆရာ ဖြစ်သည်ဟု ဆိုခဲ့သည်။ ဤဖြစ်ရပ်ကို သဖ်စီးရ်ကုရ်သုမီး ကျမ်းတွင် တင်ပြထားသည်မှာ ကုရ်အာန်၏ حٰمٓ ○ تَنۡزِيۡلُ الۡكِتٰبِ مِنَ اللّٰهِ الۡعَزِيۡزِ الۡحَكِيۡمِ မှ اِلَيۡهِ الۡمَصِيۡرُ အထိ ကျရောက်ခဲ့သော အာယသ်တော်အား တမန်တော်မြတ် ﷺ သည် 'သေလာဝသ်' ရွတ်ဖတ်လျက် ရှိနေတော်မူခဲ့သည်။ ဝလီးဒ်ဗင်န်မုဂီရဟ်သည် ဤ 'ကေရာအသ်' ကုရ်အာန်ဖတ်ရွတ်ခြင်းကို ကြားရပြီး ရုတ်တရက် ဤကျမ်းမြတ်သည် အသျှင်မြတ်၏ ကျမ်းတော်မြတ်ဖြစ်ကြောင်း လက်ခံရန်နှင့် ပြောဆိုရန် အခက်တွေ့သွားခဲ့ပေသည်။ ၎င်းက ပြောဆိုသည်မှာ-

والله لقد سمعت منه كلاماماهومن كلام الانس ولامن

كلام الجنّ وانله لحلاوة وان عليه لطلاوة وان اعلاه لمثمر

وان اسفله لمغدق وانه ليعلو ولايعلى عليه ومايقول هذابشر

ဟု ဖြစ်သည်။

အဓိပ္ပာယ် ။ ။ အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်'၊ မိုဟမ္မဒ် ﷺ ထံမှ မည်သည့်လူသားတစ်ဦး၏ စကား၊ မည်သည့်ဂျင်န်တစ်ဦး၏ စကားမျှ မဖြစ်နိုင်သော စကားကို ကျွန်ုပ် ကြားနာခဲ့ရသည်။ ထိုစကားသည် အလွန်ချိုမြိန်လှသည်။ ထိုစကားအပေါ်တွင် အထူးလင်းဝင်းသော ကျက်သရေရှိသည်။ ထိုစကား၏ အမြင့်အပေါ်ပိုင်းသည် အသီးသီးစေသော အပိုင်းဖြစ်ပြီး ၎င်း၏ အောက် အနိမ့်ပိုင်းသည် ရေများ စီးတွေစေသော အပိုင်းဖြစ်သည်။ ထိုစကားသည် ဒွိဟာသံသယမရှိ မြင့်မားလျက်သာ ရှိနေပေမည်။ ၎င်း၏ အပေါ်၌ မည်သည့်အရာမျှ လွှမ်းမိုးအောင်နိုင်မည်မဟုတ်ပေ။ ဤသည် လူသား၏ စကားမဟုတ်ပါ။

အာရပ်၏ ချမ်းသာကြွယ်ဝဆုံးသော ခေါင်းဆောင်က ဤသို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ကုရိုက်ရှ်တစ်မျိုးသားလုံးအတွင်း၌ ကြီးမားသော ဂယက်တစ်ခုကို ရိုက်ခတ်စေခဲ့သည်။ ၎င်းတို့အားလုံးသည် အစ္စလာမ်နှင့် အီမာန်ဘက်သို့ တိမ်းညွတ်ခဲ့ကြသည်။ ကုရိုက်ရှ်၏ ကာဖိရ်ခေါင်းဆောင်များအဖို့သောက ဖြစ်ခဲ့ကြရသည်။ စုရုံး၍ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ အဘူဂျဟာလ်က 'စိတ်မပူကြပါနှင့်။ ကျွန်ုပ်ယခု သွား၍ ၎င်းကို တည့်မတ်အောင် ပြုပေးပါမည်'ဟု ပြောဆိုလေသည်။

အဘူဂျဟာလ်နှင့် ဝလီးဒ်ဗင်န်မုဂီရဟ်တို့၏ အပြန်အလှန်ပြောဆိုခြင်းနှင့် ကိုယ်တော်မြတ် ﷺ ၏ မှန်ကန်မှုအပေါ် နှစ်ဦးစလုံး၏ တူညီသော သဘောထား

အဘူဂျဟာလ်သည် ဝလီးဒ်ဗင်န်မုဂီရဟ်ထံသို့ ဝမ်းနည်းပူးဆွေးသော ပုံသဏ္ဍာန်ဖြင့် ရောက်ရှိလာခဲ့သည်။ (ဝလီးဒ်ဗင်န်မုဂီရဟ်အား ဒေါသဖြစ်စေမည့် စကားများကို လုပ်ကြံ၍ ပြောဆိုရန်ဖြစ်သည်။)

ဝလီးဒ်က ၎င်းအား 'အသင်၏ ပုံသဏ္ဍာန်မှာ ဝမ်းနည်းပူဆွေးမှုဖြစ်သည်ကို တွေ့မြင်နေရသည်။ မည်သို့သော အကြောင်းကြောင့်ပါနည်း' ဟု မေးမြန်းလေသည်။ အဘူဂျဟလ်က 'အဘယ်သို့ ဝမ်းနည်းခြင်း မဖြစ်ရမည်နည်း။ ကျွန်ုပ်တို့အားလုံးသည် အချင်းချင်း အလှူခံပြီး အသင့်အား ဥစ္စာပစ္စည်းများ ပေးရန် ဖြစ်သည်။ အကြောင်းမှာ ယခု အသင်သည် အသက်အရွယ်ကြီးသွားသောကြောင့် ဖြစ်သည်။ သို့သော်လည်း ယခုမူ အသင်သည် မိုဟမ္မဒ်နှင့် အိဗ်နေအဘီကုဟာဖဟ် (အဘူဗကရ် رضي الله عنه) တို့ထံသို့ စားစရာသောက်စရာများ ရရှိရန် သွားပြီး၊ ၎င်းတို့ကို ကပ်ဖားရပ်ဖား ပြုလုပ်၍ ၎င်းတို့၏ စကားများကို အလှဆင်၍ ချီးမွမ်းခန်း ဖွင့်နေကြသည်ကို ၎င်း (ကုရိုက်ရှ်) တို့ သိရှိသွားကြပြီး ဖြစ်သည်'ဟု ပြောဆိုလေသည်။ (ကုရိုက်ရှ်တို့ထံမှ အလှူခံ၍ ဝလီးဒ်အား ဥစ္စာပစ္စည်းများ ပေးမည်ဆိုခြင်းမှာ ဝလီးဒ်အဖို့ ဒေါသထွက်စေရန် လိမ်လည်ခြင်းသာ ဖြစ်သည်။ ထို့ပြင် တမန်တော်မြတ် ﷺ ထံမှ စားစရာများယူရန် ဆိုခြင်းမှာလည်း လိမ်လည် ခြင်းသာ ဖြစ်ပေသည်။ ထိုသို့ ပြောလိုက်သည့်အပေါ် ဝလီးဒ်ဗင်န်မုဂီရဟ်မှာ အဆုံးမရှိ ဒေါသထွက်သွားလေသည်။ ထိုဒေါသနှင့်အတူ ၎င်းအပေါ်တွင် မိမိ၏ မာနနှင့် အထင်ကြီးခြင်းတို့၏ ရူးသွပ်မှုက စီးနင်းသွားတော့သည်။ ထို့ကြောင့် ၎င်းက 'ကျွန်ုပ်သည် မိုဟမ္မဒ် ﷺ နှင့် ၎င်း၏ မိတ်ဆွေတို့၏ အတုံးအတုံးဖြစ်ခြင်းကို လိုလားခြင်းသာ ဖြစ်ပါသည်။ အသင်တို့သည် ကျွန်ုပ်၏ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝမှုကို မသိကြလေသလော။ လားသ်နှင့် အွဇ်ဇာ၏ ကစမ်၊ (ဆင်းတုနှစ်ခု၏ အမည်ဖြစ်သည်။) ကျွန်ုပ်သည် ၎င်းတို့ကို လုံးဝ လိုလားသူ မဟုတ်ပါ။ သို့ရာတွင် 'အသင်တို့ ပြောဆိုနေကြသော မိုဟမ္မဒ်သည် ရူးသွပ်သူဖြစ်သည် ဟူသော စကားမှာ မည်သို့မျှ မယုံကြည်နိုင်သော မှားယွင်းသည့်စကား ဖြစ်ပါသည်။ အသင်တို့အနက် တစ်စုံတစ်ဦးသည် မိုဟမ္မဒ်အား ရူးသွပ်သောလုပ်ရပ် တစ်စုံတစ်ရာ ပြုနေသည်ကို မြင်ဘူးခဲ့ပါသလား'ဟု မေးလေရာ အဘူဂျဟလ်က ဝန်ခံသည်မှာ لَا وَاللهِ ဆိုလိုသည်မှာ 'ကျွန်ုပ်တို့သည် ၎င်းအား ဤသို့သော လုပ်ရပ်များ ပြုလုပ်သည်ကို မတွေ့ခဲ့ဘူးပါ'ဟု ဖြစ်သည်။ ထိုအခါ ဝလီးဒ်က 'အသင်တို့သည် ၎င်းအား ကဗျာဆရာဟူ၍ စွပ်စွဲခဲ့ကြသည်။ အသင်တို့သည် ၎င်းအား ကဗျာရွတ်ဆိုခဲ့သည်ကို တွေ့မြင် ဘူးခဲ့ကြပါသလား။ (ဤကဲ့သို့သော မှားယွင်းသည့် စကားကို ပြောဆိုခြင်းသည် မိမိကိုယ်မိမိ သေးသိမ်စေခြင်းသာ ဖြစ်သည်) ဟု ပြောဆိုလေသည်။ ထိုစကားအပေါ်၌လည်း အဘူဂျဟလ်က لَا وَاللهِ ဟုသာ ပြောဆိုဝန်ခံလေသည်။

ထို့နောက်တစ်ဖန် ဝလီးဒ်ကပင် 'အသင်တို့သည် ၎င်းအား လိမ်လည်သူဟု စွပ်စွဲ ပြောဆိုခဲ့ကြသည်။ အသင်တို့သည် တစ်သက်တာလုံး ၎င်းထံမှ မုသားလိမ်လည်မှုကို တွေ့မြင်ကြားသိခဲ့ရခြင်း ရှိပါသလား' ဟု မေးရာ အဘူဂျဟလ်က ဤစကားကိုလည်း لَا وَاللهِ ဟု ပြောဆိုဝန်ခံခဲ့လေသည်။ တစ်ဖန် ဝလီးဒ်ပင် အသင်တို့သည် ၎င်းအား 'ကာအင်န်'အနာဂတ်ဟောဆရာတို့၏ အခြေအနေများနှင့် စကားများ ပြောဆိုသည်ကို ကြားဘူးခဲ့ကြပါသလား။ ကျွန်ုပ်တို့သည် 'ကာဟင်န်' အနာဂတ်ဟောဆရာတို့၏ အကြောင်းကို ကောင်းစွာ သိရှိကြပါသည်။ ၎င်း၏ စကားများသည် 'ကာဟင်န်'တို့၏ စကားများ

မဖြစ်နိုင်ပါ'ဟု ပြောဆိုလေရာ အဘူဂျဟလ်သည် لا و الله ဟူသော ဝန်ခံခြင်းကိုသာ ပြုပြီး ကုရိုက်ရှ် တစ်မျိုးသားလုံးတွင် တမန်တော်မြတ် ﷺ သည် صادق 'ဆွာဒိက်' امين 'အမီးန်' ဟူသော ဘွဲ့ထူးများဖြင့် ကျော်ကြားသူ ဖြစ်သည်ဟု ပြောဆိုလေသည်။ ယခုအခါ အဘူဂျဟလ်သည် မိမိတို့ စွပ်စွဲပြောဆိုခဲ့သည်များကို လက်လွှတ်လိုက်ရလေတော့သည်။ လူတို့အား အစ္စလာမ်သာသနာကို လက်ခံခြင်းမှ မည်ကဲ့သို့ တားဆီးပိတ်ပင်ရမည် နည်းဟူသည့် သောကရောက်နေသည်။ ထို့ကြောင့် ဝလီးဒ်ကိုပင် ဦးတည်၍ 'ဤသို့ဆိုလျှင် ၎င်းတို့ကို မည်သို့ ပြန်ပြောရမည်ကို အသင်ပဲ ပြောပြပါ' ဟု ပြောဆိုလေရာ ဝလီးဒ်သည် ပထမတွင်မူ မိမိစိတ်၌ စဉ်းစားနေပြီး တစ်ဖန် အဘူဂျဟလ်ဘက်သို့ မျက်စိလှန်ကြည့်ပြီး မျက်နှာရှုံ့လိုက်သည်။ ရွံရှာကြောင်းကို ထုတ်ဖော်ခြင်းဖြစ်သည်။ နောက်ဆုံးတွင်မှ '၎င်း (တမန်တော်မြတ် ﷺ) ကို ရူးသွပ်သူ၊ ကဗျာဆရာ၊ အနာဂတ်ဟောဆရာနှင့် မုသားလိမ်လည်သူဟူသော အမည်များဖြင့် ပြောဆိုစွပ်စွဲခြင်း မပြုနိုင်ပါ။ သို့သော် ၎င်းအား 'စာဟိရ်' ပယောဂဆရာဟူ၍ ပြောဆိုလျှင် တားမြစ်နိုင်သည်'ဟု ပြောဆိုလေသည်။ ဤသူယုတ်မာသည် တမန်တော်မြတ် ﷺ မှာ 'စာဟိရ်'ပယောဂဆရာ မဟုတ်ကြောင်းနှင့် ကိုယ်တော်မြတ် ﷺ ၏ ပြောဆိုစကားများကို ပယောဂဆရာတို့ စကားများ ဖြစ်သည်ဟု ပြောဆိုခြင်း မပြုနိုင်ကြောင်းကိုလည်း ကောင်းစွာ သိသူဖြစ်သည်။ သို့ရာတွင် ၎င်းသည် လုပ်ကြံလီဆယ်၍ ဤပုံ သဏ္ဌာန်ကို ရွေးချယ်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ ၏ ပြောဆိုစကားများသည်လည်း ပယောဂဆရာများ၏ စကားများကဲ့သို့ပင် စူးရှမှု ရှိပေသည်။ ဥပမာ- ပယောဂဆရာသည် မိမိ၏ လုပ်ဆောင်ချက်အားဖြင့် လင်နှင့် မယား၊ ညီနှင့် အစ်ကိုကြားတွင် ကွဲကွာခြင်းနှင့် ရွံရှာမုန်းတီးမှုများကို ပေါ်ပေါက်စေသည်။ (မအာဇအေလ္လာဟ်)

ကိုယ်တော်မြတ် ﷺ ၏ ပြောဆိုစကားများသည်လည်း ဤနည်းအတိုင်းပင် စူးရှသက်ဝင်မှု ဖြစ်ပေသည်။ အီမာန်သက်ဝင်ယုံကြည်ခဲ့သူ မုအ်မင်န်သည် မိမိ၏ ကာဖိရ်မိဘများနှင့် မိတ်သင်္ဂဟများအပေါ် ရွံရှာမုန်းတီးမှု ဖြစ်သွားသည်။ ဝလီးဒ်ဗင်န်မုဂီရဟ်၏ ဖြစ်ရပ်၏ အဆုံးပိုင်းကိုသာ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုအာယသ်တော်များ၌ တင်ပြမိန့်ကြားတော်မူခြင်း ဖြစ်သည်။

اِنَّهٗ فَكَّرَ وَقَدَّرَ ۝ فَقُتِلَ كَيْفَ قَدَّرَ ۝ ثُمَّ قُتِلَ كَيْفَ قَدَّرَ ۝ ثُمَّ نَظَرَ ۝ ثُمَّ عَبَسَ وَبَسَرَ ۝
ثُمَّ اَدْبَرَ وَاسْتَكْبَرَ ۝ فَقَالَ اِنْ هٰذَآ اِلَّا سِحْرٌ يُّؤْثَرُ ۝ اِنْ هٰذَآ اِلَّا قَوْلُ الْبَشَرِ ۝

ဟူသော အာယသ်တော်များ ဖြစ်သည်။ ဤနေရာတွင် قَدَّرَ သည် تَقْدِيْر ဟူသော စာလုံးမှ ဆင်းသက်လာသည်။ ၎င်း၏ အဓိပ္ပာယ်မှာ ရွေးချယ်ဆုံးဖြတ်ခြင်းဟု ဖြစ်သည်။ အလိုသဘောမှာ ဤသူယုတ်မာသည် ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်'နှင့် 'ရိစာလသ်' မှန်ကန်ကြောင်းကို ချွင်းချက်မရှိ အပြည့်အဝ ယုံကြည်ပါလျက် အမျက်ဒေါသနှင့် မခံချင်စိတ်များက လွှမ်းမိုးလျက် ဆန့်ကျင်ခြားနားရန် ကြံစည်ခြင်းပင် ဖြစ်သည်။ သို့သော် မိမိ၏ သေးသိမ်မှု မဖြစ်စေရန် ပွင့်လင်းစွာ မုသားဆိုခြင်းကို

ရှောင်ကြဉ်လိုခဲ့သည်။ ထို့ကြောင့် များစွာ စဉ်းစားဆင်ခြင်ပြီးမှ ဤဆုံးဖြတ်ချက်ကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ဆုံးဖြတ်ချက်မှာ ၎င်းအား 'စာဟိရ်' ပယောဂဆရာဟု ခေါ်ဝေါ်ကြပါ။ အကြောင်းမှာ ၎င်း၏ စကားများသည် အဘနှင့် သား၊ ညီနှင့် အစ်ကိုကြား ကွဲကွာစေသောကြောင့် ဖြစ်သည်။ ဂှာဒူပယောဂ သည်လည်း ဤအတိုင်းပင် ဖြစ်သည်။ ဤသို့ စဉ်းစားဆုံးဖြတ်ခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအပေါ်၌ ထပ်ကာတလဲ 'လအ်နသ်' ပြုတော်မူကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြား တော်မူထားသည်မှာ فَقُتِلَ كَيْفَ قَدَّرَ ۝ ثُمَّ قُتِلَ كَيْفَ قَدَّرَ ဟု ဖြစ်သည်။

လိမ်လည်မုသားပြောဆိုခြင်းကို ကာဖိရ်များသည်လည်း ရှောင်ကြဉ်မှု ပြုကြခြင်း

လေးလေးနက်နက် စဉ်းစားထိုက်သည်မှာ ကုရိုက်ရှ်ခေါင်းဆောင်အားလုံးတို့သည် ကာဖိရ်များ၊ ယုတ်မာသူများ၊ မကောင်းမှုဒုစရိုက်များနှင့် ရှက်ဖွယ်လိလိ ကိစ္စအမျိုးမျိုးကို ကျူးလွန်နေကြသူများ ဖြစ်ကြသည်။ သို့ရာတွင် လိမ်လည်မုသားပြောဆိုခြင်းသည် ကာဖိရ်များပင် ထွက်ပြေးရသော အပြစ်တစ်ခုပင် ဖြစ်သည်။ ရောမဘုရင် ကိုင်ဆွာ်ရ်၏ ထံတော်ပါး၌ ဖြစ်ပေါ်ခဲ့သော အဘူစုဖ်ယာန် (အစ္စလာမ်သာသနာဝင် မဖြစ်မီက) ၏ ဖြစ်ရပ်ကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် '၎င်းတို့သည် ကိုယ်တော် မြတ် ﷺ အား ဆန့်ကျင်ခြားနားမှု ပြုရာတွင် မိမိတို့၏ အသက်စည်းစိမ်နှင့် သားသမီးများကိုပင် စွန့်လှူ ရန် အသင့်ရှိသူများ ဖြစ်ကြသည်။ သို့ရာတွင် ၎င်းတို့အား လောက၌ လိမ်လည်သူများဟု ပြောစမှတ် ဖြစ်စေမည့် လိမ်လည်မုသား ပြောဆိုခြင်းကိုမူ အသင့်မရှိကြပေ။ ဝမ်းနည်းဖွယ်ကောင်းလှသည်မှာ ထိုခေတ် သမယနှင့် ပြောင်းပြန်ဖြစ်လာသော တိုးတက်သည့် ဤခေတ်ကာလတွင် ဤအပြစ်ကို အပြစ်ဟုပင် မမြင် ကြတော့ပေ။ ထိုမျှသာမက လိမ်လည်မုသား ပြောဆိုခြင်းသည် အကြီးမားဆုံးသော အတတ်ပညာတစ်ရပ် ပင် ဖြစ်သွားခဲ့သည်။ ကာဖိရ်နှင့် သူယုတ်မာများသည်သာမဟုတ်ဘဲ လူကောင်း၊ သူကောင်း၊ ဘာသာရေး လေးစားကိုင်းရှိုင်းသူ မွတ်စ္စလင်မ်တို့၏ စိတ်များ၌လည်း မုသား၏ ရွံရှာမှု ထွက်သွားခဲ့လေပြီ။ မမောနိုင် မပန်းနိုင်ဘဲ မုသားပြောဆိုခြင်းနှင့် ပြောဆိုစေခြင်းတို့ကို ဝံ့ကြွားစွာပင် ပြုလုပ်နေကြသည်။

သားသမီးများ မိမိအပါးတွင် ရှိခြင်းသည် ခိုင်မာသော ကျေးဇူးတော်တစ်ရပ်ဖြစ်ခြင်း

ဝလီးဒ်ဗင်န်မုဂီရဟ်အပေါ်၌ အလ္လာဟ်အသျှင်မြတ်သည် လောကတွင် ကျေးဇူးတော်များ ချီးမြှင့်တော် မူထားသည်။ ၎င်းတို့အနက် ကျေးဇူးတော်တစ်ရပ်မှာ

بَنِيْنَ شُهُوْدًا သားသမီးများကို အနီးအပါး၌ ထားရှိတော်မူခြင်း ဖြစ်သည်။

ဤအချက်အားဖြင့် သိရှိရသည်မှာ သားသမီးများ မွေးဖွားခြင်းနှင့် ထိုသားသမီးများ အသက်ရှင် ကျန်ရှိခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များပင် ဖြစ်သည်။ အလားတူ သားသမီးများ

သည် မိမိ၏ အပါး၌ ရှိခြင်းသည်လည်း ကြီးမားသော ကျေးဇူးတော်တစ်ရပ်ပင် ဖြစ်သည်။ ထိုသားသမီးတို့သည် မိဘတို့၏ မျက်လုံးများကို အေးမြစေသည်။ နှလုံးသား တည်ငြိမ်မှုရရန် အရေးကြီးဆုံးသော အကြောင်းခံဖြစ်သည်။ သားသမီးများ အနီးအပါး၌ ရှိနေခြင်းဖြင့် မိမိအား ပြုစုရန်နှင့် လုပ်ငန်းကိုင်ငန်းများအတွက် အကူအညီရခြင်းဟူသော အကျိုးများလည်း ရှိသည်။ တိုးတက်လာနေသော ဤခေတ်ကာလတွင် ပြုလုပ်လျက်ရှိကြသည်မှာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများသာမက ၎င်းတို့ကို ကတိဝန်ခံချက်ပြုခြင်း၏ အမည်မှာ စည်းစိမ်ချမ်းသာဟု ဖြစ်သည်။ ဤသည်တို့ကို ရှာဖွေရန်အတွက် မိဘများသည် ဂုဏ်ယူဝံ့ကြွားလျက်ပင် သားသမီးများကို အခြားနိုင်ငံများသို့ စေလွှတ်ကြသည်။ ထိုသို့ စေလွှတ်ရခြင်းအပေါ် ပျော်ရွှင်ဝမ်းမြောက်ကြသည်။ စင်စစ် နှစ်ပေါင်းများစွာပင်မက အချို့မှာ တစ်သက်တာလုံး မိမိသားသမီးများ၏ ရုပ်ကိုပင် မမြင်ရတော့ပေ။ သို့သော်လည်း သားသမီးတို့၏ လစာကြီးမားစွာ ရရှိခြင်းနှင့် ဝင်ငွေများစွာ ရကြောင်း သတင်းကို ကြားရပြီး ထိုသတင်းအပေါ် မိမိ၏ ဆွေမျိုးအသိုင်းအဝိုင်းတွင် ဂုဏ်ရှိသည်ဟု မှတ်ယူကြသည်။ စင်စစ် ဤသူတို့သည် စည်းစိမ်ချမ်းသာဟူသော အဓိပ္ပာယ်ကိုပင် မသိကြတော့ကြောင်း သိရှိရလေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်အား မေ့လျော့စေခြင်း၏ ရလဒ်မှာ ၎င်းတို့သည် မိမိတို့၏ အဓိက စည်းစိမ်သုခများကိုပင် မေ့လျော့သွားကြခြင်း ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

نَسُوا اللّٰهَ فَاَنۡسٰهُمۡ اَنۡفُسَهُمۡ

ဟု မိန့်ကြားတော်မူထားသကဲ့သို့ ဖြစ်သည်။

وَمَا يَعۡلَمُ جُنُوۡدَ رَبِّكَ اِلَّا هُوَ

သဖ်စီးရ်အေမာမ်များအနက် မုကာသိလ်က မိန့်သည်မှာ ဤတုန့်ပြန် ဖြေကြားမှုသည် အဘူဂျဟလ်၏ စကားအပေါ် တုန့်ပြန်ခြင်းဖြစ်သည်။ အဘူဂျဟလ်သည် 'ဂျဟန္နမ်'၏ အစောင့်အကြပ်များသည် ဖရစ်ရှ်သာဟ် (၁၉) ပါးဖြစ်ကြောင်း အာယသ်တော်ကို ကြားနာရသောအခါ အဘူဂျဟလ်သည် ကုရိုက်ရှ်လုလင်ပျိုများကို ဦးတည်လျက် 'မိုဟမ္မဒ်၏ အပေါင်းအပါများမှာ (၁၉) ဦးသာ ရှိသည်။ ၎င်းနှင့် ပတ်သက်၍ အသင်တို့သည် မည်သည့်အရာကို ပြုပင်ရန် ရှိနိုင်ပါသနည်း'ဟု ပြောဆိုလေသည်။ မိုင်ဟကီသည် စဒ်ဒီထံမှ ဆင့်ပြန်ခဲ့သည်မှာ عَلَيۡهَا تِسۡعَةَ عَشَرَ ဟူသော အာယသ်တော် ကျရောက်လာသောအခါ အသိတရားခေါင်းပါးသော ကာဖိရ်ကုရိုက်ရှ်တစ်ဦးဖြစ်သည့် ابوا الاسلين 'အဘွလ်အဆ်လီးန်' မည်သော လူတစ်ဦးက ထ၍ 'အို၊ ကုရိုက်ရှ်အမျိုးသားတို့၊ မည်သို့မျှ မပူပန်ကြလေနှင့်။ ထို (၁၉) ဦးအတွက်မူ ကျွန်ုပ်တစ်ဦးတည်းဖြင့် လုံလောက်ပါသည်။ ကျွန်ုပ်သည် မိမိလက်ျာလက်ဖြင့် (၁၀) ဦးကိုလည်းကောင်း၊ လက်ဝဲလက်ဖြင့် (၉) ဦးကိုလည်းကောင်း တိုက်ခိုက်၍ အဆုံးစီရင်လိုက်ပါမည်'ဟု ပြောဆိုလေသည်။ ထိုသို့ ပြောဆိုခြင်းအပေါ် အာယသ်တော် ကျရောက်လာသည်မှာ 'အို၊ အသိတရား ခေါင်းပါးသူတို့၊ ပထမအဆင့်အနေဖြင့် ဖရစ်ရှ်သာဟ်တစ်ပါးတည်းသည်ပင် အားလုံးအတွက် လုံလောက်ပေသည်။ (၁၉)

ပါးဟူသော အရေအတွက်မှာ တာဝန်ခံခေါင်းဆောင် ဖရစ်ရှိသာဟ်များ၏ အရေအတွက် ဖြစ်ပေသည်။ ၄င်းတို့အနက် တစ်ပါးချင်းစီ၏ လက်အောက်တွင် အလ္လာဟ်အသျှင်မြတ်၏ သတ်မှတ်စေခိုင်းသည်တို့ကို ပြုလုပ်ခြင်းနှင့် ကာဖိရ်တို့အား 'အဇားဗ်'အပြစ်ဒဏ်ပေးရန် သတ်မှတ်ထားသည့် မရေမတွက်နိုင်သော ဖရစ်ရှိသာဟ်များစွာ ရှိပေသည်။ ၄င်းတို့၏ အရေအတွက်ကိုမူ အလ္လာဟ်အသျှင်မြတ်မှအပ မည်သူမျှ မသိရှိကြပေ'ဟု ဖြစ်သည်။ ရှေ့တွင် 'ကေယာမသ်'နှင့် 'ကေယာမသ်'၏ ကြောက်မက်ဖွယ် အကြောင်းများကို တင်ပြသည်။ ဤတင်ပြချက်၌ မိန့်ကြားတော်မူသည်မှာ إِنَّهَا لَإِحْدَى الْكُبَرِ ဟု ဖြစ်သည်။

إِنَّهَا ၏ နာမ်စားသည် سَقَرَ ဘက်သို့ လှည့်သည်။ ထိုအကြောင်းသည် အထက်ပါ အာယသ်တော်များတွင် လာရှိပြီး ဖြစ်သည်။ ထိုအကြောင်း كُبْرَى ၏ ဗဟုဝုစ်ကိန်း ဖြစ်သည်။ ၄င်းသည် واهية (သို့) مصيبة ၏ 'ဆိဖသ်' ဂုဏ်ပုဒ်ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဤ 'စကရ်' (ဝါ) 'ဂျဟန္နမ်' တွင် ၄င်းတို့ကို ထည့်သွင်းတော်မူပေမည်။ ၄င်းသည် အကြီးမားဆုံးသော ဒုက္ခများအနက်မှ တစ်ခု ဖြစ်သည်။ ၄င်းအပြင် အခြားအမျိုးမျိုးသော 'အဇားဗ်'အပြစ်ဒဏ်များလည်း ရှိပသေည်။

لِمَنْ شَاءَ مِنْكُمْ أَنْ يَتَقَدَّمَ أَوْ يَتَأَخَّرَ

ဤနေရာ၌ فتقدّم ၏ အလိုသဘောမှာ تقدّم الى الايمان والطّاعة 'အီမာန်နှင့် အမိန့်နာခံမှု ဘက်သို့ တိုးခြင်း' နှင့် تاخّر ၏ အလိုသဘောမှာ 'အီမာန်နှင့် အမိန့်နာခံခြင်း' တို့မှ 'နောက်ဆုတ်ခြင်း' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ဂျဟန္နမ်'အပယ်ငရဲ၏ 'အဇားဗ်'အပြစ်ဒဏ်မှ သတိပေးနှိုးဆော်ခြင်းမှာ အထက်အာယသ်တော်၌ လာရှိခဲ့ပြီးဖြစ်သည်။ ဤအမိန့်သည် လူသားတိုင်းအပေါ် အများအတွက်ဖြစ်သော အမိန့်ဖြစ်သည်။ တစ်စုံတစ်ဦးသည် ဤသည်ကို ကြားနာ၍ အီမာန်နှင့် အမိန့်နာခံခြင်းဘက်သို့ တိုး၍ လာခဲ့သည်။ နဖူးစာဆိုးယုတ်သူသည် ဤသည်ကို ကြားနာရပါလျက် နောက်ချိန်နေရစ်ခြင်းကို ဆိုလိုသည်။

كُلُّ نَفْسٍ بِمَا كَسَبَتْ رَهِينَةٌ إِلَّا أَصْحَابَ الْيَمِينِ

رَهِينَةٌ ၏ အဓိပ္ပာယ်မှာ 'အပေါင်ခံရခြင်း' ဟု ဖြစ်သည်။ အလိုသဘောမှာ 'လူတစ်ဦးသည် အကြွေးရှိခြင်းကြောင့် ထိုအကြွေးအစား အရာတစ်ခုခုကို အပေါင်ပစ္စည်းအဖြစ် ထားရှိရာ ၄င်းပစ္စည်းသည် အကြွေးရှင်၏ လက်ဝယ် ထိန်းသိမ်းခြင်းခံရသည့်အခါ ပိုင်ရှင်သည် မိမိ၏ ပစ္စည်းမှ အကျိုးခံစားခွင့် မရှိသကဲ့သို့ ဖမ်းဆီးထိန်းသိမ်းခံရခြင်းကို ဆိုလိုသည်။ ဤနည်းအတိုင်းပင် 'ကေယာမသ်'နေ့တွင် လူတိုင်း လူတိုင်းသည် မိမိတို့၏ အပြစ်ဒုစရိုက်များအစား ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေကြရပေမည်။ သို့ရာတွင် လက်ယာဘက်သားတို့မူ ထိုဖမ်းဆီးချုပ်နှောင်ခံရခြင်းမှ ကင်းလွတ်ကြပေမည်။

ဤနေရာ၌ ဖမ်းဆီးခံရခြင်း ဆိုသည်မှာ 'ဂျဟန္နမ်'ငရဲဘုံ၌ ဖမ်းဆီးချုပ်နှောင်ခံရခြင်းလည်း ဖြစ်နိုင်သည်။ ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ဖော်ပြခဲ့သော အဓိပ္ပာယ်အတိုင်း ဖြစ်သည်။ သို့ဖြစ်ပေရာ ၄င်း၏ အဓိပ္ပာယ်မှာ 'လူတိုင်းလူတိုင်းသည် မိမိတို့၏ အပြစ်ဒုစရိုက်များ၏ အပြစ်ဒဏ်ကို ခံစားရန်အတွက်

'ဂျဟန္နမ်'အပယ်ငရဲဘုံ၌ ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရပေမည်။ သို့ရာတွင် လက်ယာဘက်သားတို့မှာ ဤသို့ ဖမ်းဆီးချုပ်နှောင်ခံရခြင်းမှ ကင်းလွတ်နေကြပေမည်။ ဤမိန့်ကြားချက်အရ သိရှိရသေးသည်မှာ လက်ယာဘက်သားများဟူသည်မှာ 'မိမိတို့၏ အကြွေးကို ထမ်းဆောင်ခဲ့သူများ'ဟု ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် အဖန်ဆင်းခံလူသားတို့၏ တာဝန်ဝတ္တရားအားလုံးကို လောကတွင် ထမ်းဆောင်ပေးဆပ်ခဲ့သူများ ဖြစ်သည်။ (သို့မဟုတ်) အလ္လာဟ်အသျှင်မြတ်နှင့် လူသားများက ခွင့်လွှတ်ပေးခဲ့သော ထိုအကြွေးနှင့် အကြွေးအားလုံးကို ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် ဖမ်းဆီးချုပ်နှောင်ခြင်းခံရရန် မည်သို့မျှ အကြောင်းမရှိတော့ပေ။ ဤသဖ်စီးရ်သည် အပေါ်ယံအားဖြင့် ရှင်းလင်းပါသည်။ အကယ်၍ ဖမ်းဆီးချုပ်နှောင်ခံရခြင်း၏ အလိုသဘောကို စာရင်းစစ်ဆေးခြင်း 'ဂျန္နသ်'နှင့် 'ဂျဟန္နမ်'တို့၌ မဝင်ရောက်မီအလျှင် တစ်နေရာရာ၌ ဖမ်းဆီးချုပ်နှောင်ခံရခြင်းကို ကောက်ယူခြင်းဖြစ်လျှင် 'လူတိုင်းလူတိုင်းသည် မိမိတို့၏ စာရင်းစစ်ဆေးခြင်းအတွက် ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရပေမည်။ စာရင်းစစ်ဆေးမှု မပြီးသရွေ့ မည်သူမျှ အခြားတစ်နေရာကို သွားနိုင်ကြမည်မဟုတ်ပေ။ ဤပုံသဏ္ဍာန်တွင် မပါဝင်ဟု ဖယ်ထုတ်ထားသည့် လက်ယာဘက်သားများ ဆိုသည်မှာ '၎င်းတို့အဖို့ စာရင်းစစ်ခံရရန် တာဝန်မရှိသော အပြစ်မဲ့သူများ ဖြစ်ပေမည်။ ဥပမာ- ဟဇရသ်အလီ ﷺ သခင်၏ မိန့်ဆိုချက်အရ အရွယ်မရောက်သေးသော ကလေးသူငယ်များ၊ (သို့) ဤသူများနှင့် စပ်လျဉ်း၍ ဟဒီးစ်တော်၌ တင်ပြထားသော သူများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအွမ္မသ်၏ များစွာသော သူတို့သည် စာရင်းစစ်ဆေးခြင်း မခံရဘဲ 'ဂျန္နသ်'သို့ ဝင်ကြရပေမည်'ဟု ဖြစ်သည်။ စူရာဟ်ဝါကိအဟ်၌ 'ဟရှရ်'ကွင်းပြင်၌ ရှိသူများကို (၃) မျိုး ခွဲခြား၍ ပြဆိုထားသည်။

(၁) سابقين ومقربين ကောင်းမှုများဘက်သို့ တိုး၍ သွားပြီး နီးကပ်သောသူ

(၂) اصحب اليمين လက်ယာဘက်သားများ

(၃) اصحب الشّمال လက်ဝဲဘက်သားများဟု ဖြစ်သည်။

ဤနေရာတွင် مقّربين ကို اصحاب اليمين တွင် ပေါင်းထည့်ပြီး اصحاب اليمين ကို တင်ပြခြင်းအပေါ် ၌သာ လုံလောက်စေခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ဤအဓိပ္ပာယ်ကို ထောက်ရှုခြင်းအရ اصحاب اليمين အားလုံးသည် စာရင်းစစ်ဆေးရန် ဖမ်းဆီးချုပ်နှောင်ခံရခြင်းမှ လွတ်ကင်းကြောင်းသည် မည်သည့်အာယသ် တော်နှင့်မျှ အတည်မဖြစ်ပေ။ ဤအဓိပ္ပာယ်သည် ပထမသဖ်စီးရ်ဖြစ်သော 'ဂျဟန္နမ်'၌ ချုပ်နှောင်ခံရခြင်း နှင့်သာ မှန်ကန်နိုင်သည်။

فَمَاتَنفَعُهُمْ شَفَاعَةُ الشَّافِعِينَ

تَنفَعُهُمْ ၏ နာမ်စားသည် ရှေ့အာယသ်တော်တွင် မိမိတို့၏ အပြစ် (၄) မျိုးနှင့် စပ်လျဉ်း၍ ဝန်ခံသော သူများဘက်သို့ လှည့်ခြင်း ဖြစ်သည်။ ၎င်းတို့ ဝန်ခံသည့် ပြစ်မှု (၄) မျိုးမှာ-

(၁) ၄င်းတို့သည် နမာဇ်ဝတ်ပြုခြင်း မရှိခဲ့ကြပေ။
(၂) ဆင်းရဲသားတစ်ဦးဦးကိုပင် အစားအစာ ကျွေးမွေးခြင်း မပြုခဲ့ကြပေ။ ဆိုလိုသည်မှာ 'သူဆင်းရဲတို့၏ လိုအပ်ချက်များအပေါ် သုံးစွဲခြင်း မပြုခဲ့ကြ'ဟု ဖြစ်သည်။
(၃) အစ္စလာမ်နှင့် အီမာန်ကို ဆန့်ကျင်သော စကားများ ပြောဆိုသူများ (သို့) အပြစ်ဒုစရိုက်နှင့် ရှက်ဖွယ်ကိစ္စများ၌ နစ်မွန်းသူများနှင့် ၄င်းတို့သည်လည်း ရောနှောနေခြင်း ပြုခဲ့ကြသည်။ ထို့ပြင် ထိုလုပ်ရပ်များကို မနှစ်သက်ကြောင်း ထုတ်ဖော်ခြင်း မပြုခဲ့ကြသူများ ဖြစ်သည်။
(၄) ၄င်းတို့သည် 'ကေယာမသ်'ကို ငြင်းပယ်ခဲ့ကြသည်'ဟု ဖြစ်သည်။

ဤအာယသ်တော်အားဖြင့် အတည်ဖြစ်သည်။ ၄င်းတို့သည် 'ကေယာမသ်'ဖြစ်ပေါ်မည်ကို မဟုတ်မမှန်ဟု ငြင်းပယ်ခြင်းအပါအဝင် ဖြစ်မှုဟူသမျှကို ကျူးလွန်ခဲ့ကြသည့် အပြစ်ရှိသူ တရားခံများ ဖြစ်ကြသည်။ 'ကေယာမသ်'ကို ငြင်းပယ်ခြင်းသည် ကုဖွရ်ပင် ဖြစ်သည်။ ဤကဲ့သို့သော အပြစ်ရှိသူများအတွက် မည်သူ၏ 'ရှဖာအသ်'အသနားခံပေးခြင်းမှ အကျိုးဖြစ်မည်မဟုတ်ပေ။ အကြောင်းမှာ ၄င်းတို့သည် ကာဖိရ်များ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ကာဖိရ်တစ်ဦးအတွက် 'ရှဖာအသ်' ပြုပါလျှင်လည်း လက်ခံတော်မူမည် မဟုတ်ပေ။ 'ရှဖာအသ်'ပြုသူအားလုံး စုပေါင်း၍ 'ရှဖာအသ်'ပြုပါလျှင်လည်း လုံးဝဥဿုံ အကျိုးဖြစ်မည် မဟုတ်ပေ။ ဤအကြောင်းကို ညွှန်းဆိုပြရန်အတွက် شفاعة الشافعين ဟူ၍ အများကိန်းကို သုံးနှုန်းထားခြင်း ဖြစ်သည်။

ကာဖိရ်အတွက် မည်သူ၏ 'ရှဖာအသ်'မှ အကျိုးဖြစ်မည် မဟုတ်။ မုအ်မင်န်အတွက် ပြုသော 'ရှဖာအသ်' မှာ အကျိုးဖြစ်ခြင်း

ဤအာယသ်တော်မှပင် ကာဖိရ်များမှအပ အပြစ်ရှိသူပင် ဖြစ်လင့်ကစား မွတ်စ္စလင်မ်များအတွက် 'ရှဖာအသ်'ပြုခြင်းမှာ အကျိုးဖြစ်ထွန်းကြောင်း သိရှိရသည်။ များစွာသော ဆွဟီးဟ်ဟဒီးစ်တော်များတွင် နဗီတမန်တော်များ၊ သူတော်စင်များသာမကဘဲ မုအ်မင်န်များက အခြားသူတို့အတွက် 'ရှဖာအသ်'ပြုပေးခြင်းနှင့် လက်ခံတော်မူခြင်းအကြောင်း အတည်ဖြစ်ပေသည်။

အကျိုးအမြတ်

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်က မိန့်ဆိုသည်မှာ 'အာခေရသ်တွင် အလ္လာဟ်အသျှင်မြတ်၏ ဖရစ်ရှ်သာဟ်များ၊ နဗီတမန်တော်များ၊ 'ရှဟီးဒ်'များနှင့် သူတော်စင်များသည် အပြစ်ရှိသူများအတွက် 'ရှဖာအသ်'ပြုကြပေလိမ့်မည်။ ထိုအပြစ်ရှိသူတို့သည် ၄င်းတို့၏ 'ရှဖာအသ်'အသနားခံပေးမှုကြောင့် 'ဂျဟန္နမ်'မှ ထုတ်ခြင်း ခံရပေမည်။ သို့ရာတွင် တရားခံ အပြစ်ရှိသူ (၄) မျိုးမှာ ဤသူများတွင် မပါဝင်ပေ။ ဆိုလိုသည်မှာ နမာဇ်နှင့် 'ဇကားသ်'ကို စွန့်လွှတ်သူများ၊ လမ်းမှားသော ကာဖိရ်များနှင့်အတူ အစ္စလာမ့်ဆန့်ကျင်ရေး စကားများ ပြောဆိုရာ၌ ပါဝင်သူများနှင့် 'ကေယာမသ်'ကို ငြင်းပယ်သူများ

ဖြစ်ကြသည်။ ဤအချက်အားဖြင့် နမာဇ်ဝတ်ပြုခြင်းနှင့် 'ဇကားသ်'ပေးဆောင်ခြင်းတို့ မပြုသူများအတွက် 'ရှဖာအသ်' အသနားခံခြင်းသည် လက်ခံခြင်း ပြုတော်မူမည် မဟုတ်ကြောင်း သိရှိရသည်။ သို့ရာတွင် အခြားသော ဆင့်ပြန်ချက်များအရ အမှန်ကို သိရသည်မှာ 'အာယသ်တော်တွင် 'ရှဖာအသ်'လက်ခံခြင်း မခံရသူတို့ကို တင်ပြထားသည့် တရားခံ (၄) ဦးမှာ 'ကေယာမသ်'ကို ငြင်းပယ်ခြင်း၌လည်း ပါဝင်သူများ ဖြစ်ကြသည်'ဟု ဖြစ်သည်။ ငြင်းပယ်ခြင်းအပြင် သီးခြားစီ အခြားအပြစ်ဒုစရိုက်များကို ကျူးလွန်သူများအဖို့ ဤအပြစ်ဒဏ်ဖြစ်ရန် အရေးမကြီးပေ။ သို့ရာတွင် အချို့ဟဒီးစ်တော် ဆင့်ပြန်ချက်များတွင် သီးသန့် အပြစ်ဒုစရိုက်များကို ကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍ '၄င်းတို့သည် 'ရှဖာအသ်'မှ နဖူးစာမဲ့ကြပေမည်'ဟု လာရှိသည်။ ဥပမာ- ဟဒီးစ်တော်တွင် လာရှိသည်မှာ 'မည်သူမဆို 'ရှဖာအသ်'သည် အမှန်ဖြစ်ခြင်းကို ငြင်းပယ်လျှင်လည်းကောင်း၊ 'ကောင်စရ်'ရေကန် ရှိခြင်းကို ငြင်းပယ်လျှင်လည်းကောင်း ထိုသူ့အဖို့ 'ရှဖာအသ်'နှင့် 'ကောင်စရ်'ရေကန်နှင့် စပ်လျဉ်း၍ မည်သည့်ဝေစုမျှ ရရှိမည် မဟုတ်ပေ'ဟု ဖြစ်သည်။

فَمَا لَهُمْ عَنِ التَّذْكِرَةِ مُعْرِضِينَ

ဤနေရာတွင် تذكرة ၏ အလိုသဘောမှာ ကုရ်အာန်ကျမ်းတော်မြတ် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် تذكرة ၏ အဓိပ္ပာယ်မှာ 'သတိရစေသော အရာ'ဟု ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော ဂုဏ်တော်များနှင့် ထိုအသျှင်မြတ်၏ အမျက်တော်များကိုလည်းကောင်း၊ 'စဝါးဗ်'နှင့် 'အဇားဗ်'ကိုလည်းကောင်း သတိရစေရာတွင် နှိုင်းယှဉ်မဲ့သော ကျမ်းတော်မြတ် ဖြစ်သည်။ နောက်ဆုံး၌ မိန့်ကြားသည်မှာ-

كَلَّا إِنَّهُ تَذْكِرَةٌ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ဧကန်မုချ ကုရ်အာန်ကျမ်းတော်မြတ်သည် သတိရစေသော အရာဖြစ်သည်။ ဤသည်ကို အသင်တို့သည် စွန့်လွှတ်ကျောခိုင်း၍ ထားကြသည်' ဟု ဖြစ်သည်။ قَسْوَرَه ၏ အဓိပ္ပာယ်မှာ 'ကျား'ဟုလည်း လာရှိသည်။ မြှားပစ်မုဆိုးကိုလည်း ခေါ်ဆိုသည်။ ဤနေရာတွင် ဆွဟာဗာများထံမှ နှစ်မျိုးစလုံး၏ ဆင့်ပြန်ချက် လာရှိသည်။

هُوَ أَهْلُ التَّقْوَى وَأَهْلُ الْمَغْفِرَةِ

အလ္လာဟ်အသျှင်မြတ်သည် ကြောက်ရွံ့ရှိသေထိုက်သော အသျှင်မြတ် ဖြစ်ခြင်းမှာ ထိုအသျှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ရန် ထိုက်သည်။ ထို့ပြင် ထိုအသျှင်မြတ်အား အမိန့်ဖီဆန်မှုမှ ရှောင်ကြဉ်ရမည်'ဟု ဖြစ်သည်။ ထို့ပြင် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင် ဖြစ်ခြင်းဆိုသည်မှာ အလွန်ကြီးမားများပြားလှသော အပြစ်များကို ကျူးလွန်သူတို့၏ အပြစ်ဒုစရိုက်အားလုံးကို ခွင့်လွှတ်ချမ်းသာပေးတော်မူသော ခွင့်လွှတ်ချမ်းသာပေးတော်မူသည်။ မည်သူ့တွင်မျှ ဤသို့သော အစွမ်းသတ္တိ မရှိနိုင်ပေ' ဟု ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

M.H.C.O.E ...

စူရာဟ် ကိယာမသ်

'ကေယာမသ်' ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

لَاۤ اُقۡسِمُ بِيَوۡمِ الۡقِيٰمَةِ ۙ﴿۱﴾

၇၅ : ၁ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့ကို သက်သေထူ ကျိန်ဆိုတော်မူ၏။

وَلَاۤ اُقۡسِمُ بِالنَّفۡسِ اللَّوَّامَةِ ﴿۲﴾

၇၅ : ၂ ။ ။ ငါအသျှင်မြတ်သည် (မိမိကိုယ်ကို) လွန်စွာ ပြစ်တင်ခုံးမတတ်သော စိတ်ကို သက်သေထူ ကျိန်ဆိုတော်မူ၏။

اَيَحۡسَبُ الۡاِنۡسَانُ اَلَّنۡ نَّجۡمَعَ عِظَامَهٗ ؕ﴿۳﴾

၇၅ : ၃ ။ ။ လူသားသည် 'ငှင်း၏ အရိုးများကို ငါအသျှင်မြတ် စုပေါင်းတော်မူမည်မဟုတ်' ဟု ထင်မှတ်၍ နေလေသလော။

بَلٰى قٰدِرِيۡنَ عَلٰۤى اَنۡ نُّسَوِّىَ بَنَانَهٗ ﴿۴﴾

၇၅ : ၄ ။ ။ အဘယ်ကြောင့် မဟုတ်ပါသနည်း။ ငါအသျှင်မြတ်သည် ထိုလူသား၏ လက်ဆစ်၊ ခြေဆစ်များကို ပင်လျှင် မူလအခြေအနေအတိုင်း ပြန်၍ ပြုပြင် ဖန်ဆင်းရန် တတ်စွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

بَلۡ يُرِيۡدُ الۡاِنۡسَانُ لِيَفۡجُرَ اَمَامَهٗ ۚ﴿۵﴾

၇၅ : ၅ ။ ။ စင်စစ် လူသားသည် မိမိရှေ့ အနာဂတ်ကာလ၌ (လည်း) ပြစ်မှုဒုစရိုက် ကျူးလွန်လို၏။

يَسۡـَٔلُ اَيَّانَ يَوۡمُ الۡقِيٰمَةِ ؕ﴿۶﴾

၇၅ : ၆ ။ ။ ထိုလူသားက 'ကေယာမသ်' ရှင်ပြန်ထရမည့် နေ့သည် မည်သည့်အခါ၌ ဖြစ်အံ့နည်းဟု မေးမြန်း၏။

فَاِذَا بَرِقَ الْبَصَرُ ۝٧

၇၅ : ၇ ။ ။ စင်စစ်မှာ အကြင်အခါဝယ် မျက်စိများ မိန်းမောတွေဝေ ထိုင်းမှိုင်း၍ သွားပေမည်။

وَخَسَفَ الْقَمَرُ ۝٨

၇၅ : ၈ ။ ။ ၄င်းပြင် 'လ' အလင်းရောင်ကင်းမဲ့၍ သွားပေမည်။

وَجُمِعَ الشَّمْسُ وَالْقَمَرُ ۝٩

၇၅ : ၉ ။ ။ ထို့ပြင် 'နေ' နှင့် 'လ'တို့သည် ပေါင်းစပ်ခြင်းကို ခံကြရပေမည်။ (တစ်နည်း) နေ၊ လတို့သည် တစ်မျိုးတစ်စားတည်း ဖြစ်စေခြင်းကို ခံကြရပေမည်။

يَقُوْلُ الْاِنْسَانُ يَوْمَئِذٍ اَيْنَ الْمَفَرُّ ۝١٠

၇၅ : ၁၀ ။ ။ (ထိုနေ့တွင် လူသားသည် (ကျွန်ုပ်) 'အဘယ်သို့ ပြေးရပါမည်နည်း' ဟု ပြောဆိုပေမည်။

كَلَّا لَا وَزَرَ ۝١١

၇၅ : ၁၁ ။ ။ [ထွက်ပြေးရာနေရာ ရှိလိမ့်မည်။] အလျဉ်းမဟုတ်။ ခိုလှုံရာဟူ၍ အလျဉ်းရှိလိမ့်မည်မဟုတ်ပေ။

اِلٰى رَبِّكَ يَوْمَئِذِ اِۨلْمُسْتَقَرُّ ۝١٢

၇၅ : ၁၂ ။ ။ ထိုနေ့တွင် နေထိုင်ရာ ဌာနဟူသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်၌သာလျှင် ရှိချေမည်။

يُنَبَّؤُا الْاِنْسَانُ يَوْمَئِذٍۭ بِمَا قَدَّمَ وَاَخَّرَ ۝١٣

၇၅ : ၁၃ ။ ။ ထိုနေ့တွင် လူသားသည် မိမိကြိုတင်ပို့နှင့်ခဲ့သည့် (အကျင့်အမူ) ကိုလည်းကောင်း၊ မိမိနောက်တွင် ချန်ရစ်ခဲ့သည့် (အကျင့်အမူ) ကိုလည်းကောင်း ပြောပြခြင်းကို ခံရပေမည်။

بَلِ الْاِنْسَانُ عَلٰى نَفْسِهٖ بَصِيْرَةٌ ۝١٤

၇၅ : ၁၄ ။ ။ စင်စစ် လူသားသည် မိမိကိုယ်ကို မိမိ ကောင်းစွာ မြင်သူဖြစ်မည်။ (တစ်နည်း) စင်စစ် လူသား၏ ကိုယ်ခန္ဓာ၌ပင် သက်သေရှိနေပေမည်။

وَلَوْ أَلْقَىٰ مَعَاذِيرَهُۥ ﴿١٥﴾

၇၅ : ၁၅ ။ ။ စင်စစ် ၎င်းသည် မိမိ၏ အကြောင်းပြချက်များကို (မည်မျှပင်) တင်ပြသော်ငြားလည်း (ကိုယ်ခန္ဓာ၌ သက်သေရှိနေပေမည်။)

لَا تُحَرِّكْ بِهِۦ لِسَانَكَ لِتَعْجَلَ بِهِۦٓ ﴿١٦﴾

၇၅ : ၁၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလျင်အမြန် ကျက်မှတ်ရန်အလို့ငှာ မိမိ၏လျှာကို မလှုပ်ပါလေနှင့်။

إِنَّ عَلَيْنَا جَمْعَهُۥ وَقُرْءَانَهُۥ ﴿١٧﴾

၇၅ : ၁၇ ။ ။ စကန်မလွဲ ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို စုပေါင်း၍ ပေးခြင်းသည်လည်းကောင်း၊ ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်စေခြင်းသည်လည်းကောင်း ငါအသျှင်မြတ်၏ တာဝန်ဖြစ်၏။

فَإِذَا قَرَأْنَٰهُ فَٱتَّبِعْ قُرْءَانَهُۥ ﴿١٨﴾

၇၅ : ၁၈ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို (ဂျိဗ်ရီးလ်မှတစ်ဆင့်) ဖတ်ကြားတော်မူသောအခါ၊ အသင်သည် ယင်းဖတ်ကြားချက်ကို နားထောင်ပါလေ။ (တစ်နည်း) သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို (ဂျိဗ်ရီးလ်မှတစ်ဆင့်) ဖတ်ကြားပြီးတော်မူသောအခါ အသင်သည် ယင်းဖတ်ကြားချက်ကို လိုက်၍ ဖတ်ပါလေ။

ثُمَّ إِنَّ عَلَيْنَا بَيَانَهُۥ ﴿١٩﴾

၇၅ : ၁၉ ။ ။ ထို့နောက် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ရှင်းပြခြင်းမှာလည်း စကန်အမှန် ငါအသျှင်မြတ်၏ တာဝန်သာဖြစ်၏။

كَلَّا بَلْ تُحِبُّونَ ٱلْعَاجِلَةَ ﴿٢٠﴾

၇၅ : ၂၀ ။ ။ မှတ်ယူကြလေကုန်။ စင်စစ်မှာ အသင်တို့သည် လောကီဘဝကို နှစ်သက်ကြကုန်၏။

وَتَذَرُونَ ٱلْـَٔاخِرَةَ ﴿٢١﴾

၇၅ : ၂၁ ။ ။ ၎င်းပြင် အသင်တို့သည် ‘အာခိရသ်’ တမလွန်ဘဝကို စွန့်လွှတ်ကြကုန်၏။

وُجُوهٌ يَوْمَئِذٍ نَّاضِرَةٌ ﴿٢٢﴾

၇၅ : ၂၂ ။ ။ ထိုနေ့တွင် များစွာသော မျက်နှာတို့မှာ ရွှင်လန်းလျက် ရှိကြပေမည်။

إِلَىٰ رَبِّهَا نَاظِرَةٌ ﴿٢٣﴾

၇၅ : ၂၃ ။ ။ မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ဖူးမျှော်လျက် ရှိကြပေမည်။

وَوُجُوهٌ يَوْمَئِذٍ بَاسِرَةٌ ﴿٢٤﴾

၇၅ : ၂၄ ။ ။ သို့ရာတွင် များစွာသော မျက်နှာတို့မှာမူ ညှိုးနွမ်းလျက်ပင် ရှိကြပေမည်။

تَظُنُّ أَن يُفْعَلَ بِهَا فَاقِرَةٌ ﴿٢٥﴾

၇၅ : ၂၅ ။ ။ ၎င်းတို့၌ ခါးရိုးကျိုးစေမည့် ပြစ်ဒဏ်ခံရမည်ကို ကောင်းမွန်စွာ သိလျက် (ယုံကြည်လျက်) ရှိကြကုန်ပေမည်။

كَلَّا إِذَا بَلَغَتِ التَّرَاقِيَ ﴿٢٦﴾

၇၅ : ၂၆ ။ ။ မှတ်ယူကြလေကုန်။ အကြင်အခါဝယ် အသက်ဇီဝိန်သည် ညှပ်ရိုးများသို့ ရောက်ရှိ၍ သွားလေ၏။

وَقِيلَ مَنْ ۜ رَاقٍ ﴿٢٧﴾

၇၅ : ၂၇ ။ ။ ၎င်းပြင် (ထိုဝေဒနာရှင်၏ အနီးအနား၌ ရှိသူတို့က) 'မန်းမှုတ်မည့်သူ ရှိပါသလော' ဟု ဟစ်အော်ကြပေမည်။

وَظَنَّ أَنَّهُ الْفِرَاقُ ﴿٢٨﴾

၇၅ : ၂၈ ။ ။ ၎င်းပြင် ဧကန်စင်စစ် ဤအချိန်သည် (လောကီဘဝမှ) စွန့်ခွာရမည့်အချိန် ဖြစ်သည်ဟု ထိုသူ ယုံကြည်လျက် ရှိပေမည်။

وَالْتَفَّتِ السَّاقُ بِالسَّاقِ ﴿٢٩﴾

၇၅ : ၂၉ ။ ။ ထို့ပြင် ခြေသလုံးသည် ခြေသလုံးနှင့် ကပ်သွားပေမည်။ (တစ်နည်း) ထို့ပြင် ဒုက္ခသည် ဒုက္ခအပေါ်၌ ထပ်ဆင့်၍ သွားပေမည်။

إِلَىٰ رَبِّكَ يَوْمَئِذٍ الْمَسَاقُ ﴿٣٠﴾

၇၅ : ၃၀ ။ ။ ထိုနေ့တွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်သို့ပင် ပြန်သွားရပေမည်။

فَلَا صَدَّقَ وَلَا صَلَّىٰ ﴿٣١﴾

၇၅ : ၃၁ ။ ။ စင်စစ် ထိုလူသားသည် [သက်ဆိုင်ရာ တမန်တော်များအား] ဟုတ်မှန်ကြောင်း ယုံကြည်ထောက်ခံခဲ့သည်လည်း မဟုတ်ပေ။ [အလ္လာဟ်အသျှင်မြတ်အား] 'ဆွလား‌သ်' ဝတ်ပြုခဲ့သည်လည်း မဟုတ်ပေ။

وَلٰكِنْ كَذَّبَ وَتَوَلّٰى ﴿٣٢﴾

၇၅ : ၃၂ ။ ။ သို့ရာတွင် ၎င်းသည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခြင်းကိုသာလည်းကောင်း မျက်နှာလွှဲခြင်းကို သာလည်းကောင်း ပြုခဲ့၏။

ثُمَّ ذَهَبَ اِلٰٓى اَهْلِهٖ يَتَمَطّٰى ﴿٣٣﴾

၇၅ : ၃၃ ။ ။ ထို့နောက် ၎င်းသည် မော်ကြွားဟန်ချီလျက် မိမိ၏ အိမ်သူအိမ်သားတို့ထံ (သို့) သွား (လာနေ) ခဲ့၏။

اَوْلٰى لَكَ فَاَوْلٰى ﴿٣٤﴾

၇၅ : ၃၄ ။ ။ အသင့်၌ ပျက်စီးခြင်းအပေါ်ဝယ် ပျက်စီးခြင်းသာ ရှိပေမည်။

ثُمَّ اَوْلٰى لَكَ فَاَوْلٰى ﴿٣٥﴾

၇၅ : ၃၅ ။ ။ ထို့နောက်တစ်ဖန် အသင့်၌ ပျက်စီးခြင်းအပေါ်ဝယ် ပျက်စီးခြင်းသည်သာ ရှိပေမည်။

اَيَحْسَبُ الْاِنْسَانُ اَنْ يُّتْرَكَ سُدًى ﴿٣٦﴾

၇၅ : ၃၆ ။ ။ လူသားသည် မိမိမှာ ဤအတိုင်း [အချုပ်အချယ်ကင်းမဲ့စွာ (သို့) တစ်စုံတစ်ရာ နာယူကျင့်မှုရန် မရှိ။ သေပြီးနောက် ပြန်လည်ရှင်ထရန် မရှိ။ စစ်ဆေးမေးမြန်းမှု မရှိ။ ကျိုးပြစ်စံခံရမည်မဟုတ်ဘဲ] စွန့်လွှတ်ထားခြင်းကို ခံနေရမည်လောဟု ထင်မှတ်လေသလော။

اَلَمْ يَكُ نُطْفَةً مِّنْ مَّنِيٍّ يُّمْنٰى ﴿٣٧﴾

၇၅ : ၃၇ ။ ။ ၎င်းမှာ သွန်းလောင်းခြင်းခံရသော သုက်ရည်တစ်စက်သာလျှင် ဖြစ်ခဲ့သည် မဟုတ်လော။

ثُمَّ كَانَ عَلَقَةً فَخَلَقَ فَسَوّٰى ﴿٣٨﴾

၇၅ : ၃၈ ။ ။ ထို့နောက် ယင်းသုက်ရည်သည် သွေးခဲဖြစ်ခဲ့၏။ တစ်ဖန် ထိုအသျှင်မြတ်သည် (၎င်းအား) ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ထိုအသျှင်မြတ်သည် (၎င်းအား) နေထားကျနအောင် ပြုပြင်တော်မူခဲ့၏။

فَجَعَلَ مِنْهُ الزَّوْجَيْنِ الذَّكَرَ وَالْاُنْثٰى ﴿٣٩﴾

၇၅ : ၃၉ ။ ။ ထို့နောက် ထိုအသျှင်မြတ်သည် ယင်း (သွေးခဲဖြစ်သွားခဲ့သော သုက်ရည်) ကို ယောကျ်ား၊ မိန်းမ (ဟူ၍) နှစ်မျိုးနှစ်စား ပြုလုပ်တော်မူခဲ့၏။

اَلَيۡسَ ذٰلِكَ بِقٰدِرٍ عَلٰٓى اَنۡ يُّحۡـِۧىَ الۡمَوۡتٰى ۝٤٠

၇၅ : ၄၀ ။ ။ ထို (ကဲ့သို့သော) အသျှင်မြတ်သည် သူသေတို့အား (တစ်ဖန်ပြန်၍) ရှင်စေတော်မူရန် တတ်စွမ်းနိုင်တော်မူသော အသျှင်မြတ် မဟုတ်ပါသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် 'ကေယာမသ်'နေ့ကို တိုင်တည်၍ ကျိန်ဆိုတော်မူ၏။ ထို့ပြင် ငါအသျှင်မြတ်သည် မိမိကိုယ်မိမိ ပြစ်တင်ဆုံးမတတ်သော စိတ်ကို တိုင်တည်၍ ကျိန်ဆိုတော်မူ၏။ (ဆိုလိုသည်မှာ ကောင်းမှုပြုပြီး၊ ထိုကောင်းမှုတွင် 'အိခ်လားစ်' စိတ်ထားမှန်ကန်မှု မရှိ။ အမှားအယွင်း တစ်စုံတစ်ရာ ပါသွားပေပြီ။ အပြစ်ထိုက်ပေတော့မည်။ ကျွန်ုပ်သည် မည်သို့ ပြုလိုက်ပါသနည်း'ဟု ပြောဆို၍ လွန်စွာ အရှက်ရနေခြင်းကို ဆိုလိုသည်။ ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် အိဗ်နေအဗ္ဗားစ် ﷺ သခင်နှင့် ဟာစန်တို့ထံမှ ဤအတိုင်းဆင့်ပြန်ချက် လာရှိသည်။ သို့ဖြစ်ပေရာ ဤအဓိပ္ပာယ်ကို ထောက်ရှုခြင်းဖြင့် ဤသည်မှာ **مطمئنه** 'နဖ်စ်မွှသ်မအင်နိနဟ်'လည်း ပါဝင်နေသည်။ 'ကစမ်'၏ အဖြေမှာ မြုပ်နေသည်။ ဆိုလိုသည်မှာ 'အသင်တို့သည် ကေန်မုချ ပြန်လည်ရှင်ထစေခြင်း ခံကြရပေမည်'ဟု ဖြစ်သည်။ ထို့ပြင် ဤ 'ကစမ်' ကျိန်ဆိုမှု နှစ်မျိုးစလုံးနှင့် သင့်တော်သော နေရာဖြစ်ကြောင်း ထင်ရှားသည်။ 'ကေယာမသ်'သည် စုရုံးရာနှင့် ပြန်လည်ရှင်ထရာ နေရာဖြစ်သည်။ 'နဖ်စ်လောင်ဝါမဟ်' (မိမိကိုယ်မိမိ ပြစ်တင်ဆုံးမတတ်သော စိတ်) သည် 'ကေယာမသ်'ဖြစ်ခြင်းကို လုပ်ရပ်အားဖြင့် ထောက်ခံခြင်း ဖြစ်သည်။ ရှေ့တွင် ပြန်လည်ရှင်ထရမည်ကို ငြင်းပယ်သူတို့အား ချေပထားသည်မှာ) လူသားသည် ၎င်း၏ အရိုးများကို ငါအသျှင်မြတ်က လုံးဝဥဿုံ စုစည်းတော်မူမည် မဟုတ်ဟု ထင်မှတ်နေသလော။

(လူသားဟု ဆိုခြင်းမှာ ကာဖိရ်ကို ဆိုလိုသည်။ အရိုးများကို အထူးပြု မိန့်ကြားခြင်းမှာ ခန္ဓာကိုယ် တည်ဆောက်ခြင်း၌ အဓိကအရာမှာ အရိုးများဖြစ်သောကြောင့်ပင် ဖြစ်သည်။ ရှေ့တွင် ဤငြင်းပယ်ခြင်းကို ဖြေကြားထားသည်မှာ) အဘယ်ကြောင့် မဟုတ်ရပါမည်နည်း။ (ဤသို့ စုစည်းခြင်းသည် ငါအသျှင်မြတ်အဖို့ မည်သို့မျှ ခက်ခဲခြင်း မရှိပါ။) အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် ထို (လူသား) ၏ လက်ဆစ်ခြေဆစ်များကိုပင်လျှင် မူလအတိုင်း ပြန်လည်ပြုပြင် ဖန်ဆင်းရန် တတ်စွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

(လက်ဆစ် ခြေဆစ် စသော အဆစ်အပိုင်းများကို အထူးတင်ပြခြင်းတွင် အကြောင်းနှစ်ရပ် ရှိသည်။

(၁) ဤအဆစ်အပိုင်းများသည် ခန္ဓာကိုယ်၏ နေရာတိုင်းတွင် ရှိသည်။ အရာရာကို ပြီးမြောက်အောင် လုပ်ဆောင်ခြင်းသည် နေရာတိုင်းတွင် ရှိသော အဆစ်အပိုင်းများအပေါ် မူတည်သည်။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့၏ သုံးနှုန်းနေသော ဝေါဟာရတွင်လည်း ကျွန်ုပ်၏ အဆစ်များ ကိုက်ခဲနေသည်'ဟု ဆိုခြင်းမှာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်'ဟု ဆိုလိုခြင်းဖြစ်သည်။

(၂) အဆစ်အပိုင်းများသည် သေးငယ်သည်ပင် ဖြစ်လင့်ကစား လုပ်ငန်းများ လုပ်ကိုင်ရာတွင် များပြားသည်။ သဘာဝအရကြည့်လျှင် ဤအဆစ်များကို ပြုပြင်ရန်မှာ ပို၍ ခက်ခဲသည်။ သို့ဖြစ်ပေရာ ဤခက်ခဲသည့် အရာကို ပြုပြင်ရန် တတ်စွမ်းနိုင်တော်မူသည် ဖြစ်သောအခါ လွယ်ကူသော အရာကို ပြုပြင်ဖန်ဆင်းရန်မှာ ပို၍ တတ်စွမ်းနိုင်ပေသည်။ သို့ရာတွင် အချို့လူတို့သည် အသျှင်မြတ်၏ တတ်စွမ်းနိုင်ခြင်း တန်ခိုးတော်များနှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင်မှု မပြုကြပေ။ ထို့ပြင် 'ကေယာမသ်'ကို လက်မခံကြပေ။)

သို့သာမက (ဤသို့သော) လူအချို့တို့သည် ('ကေယာမသ်'ကို ငြင်းပယ်လျက်) မိမိ၏ အနာဂတ် သက်တမ်းတွင်လည်း (အကြောက်အရွံ့မရှိဘဲ) ပြစ်မှုများ ကျူးလွန်လိုကြသည်။ (ထို့ကြောင့် ငြင်းပယ်သည့်အနေဖြင့်) 'ကေယာမသ်'သည် မည်သည့်အခါ ဖြစ်မည်နည်းဟု မေးမြန်း၏။

(ဆိုလိုသည်မှာ မိမိ၏ ဘဝသက်တမ်းတစ်လျှောက်လုံးတွင် အပြစ်ဒုစရိုက်များ၊ ရမ္မက်များကို ကျူးလွန်ရင်း ကုန်ဆုံးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းအဖို့ အမှန်တရားကို ရှာဖွေခွင့် မရရှိခဲ့ပေ။ သို့ဖြစ်သောအခါ 'ကေယာမသ်'ကို ငြင်းပယ်ကြောင်း အတည်ဖြစ်ပေသည်။ ထို့ကြောင့် ငြင်းပယ်ခြင်းအပေါ်၌ ဖွတ်မှိတ်၍ နေခဲ့ခြင်းဖြစ်သည်။ ၎င်းပြင် ငြင်းပယ်သည့်သဘောဖြင့်ပင် 'ကေယာမသ်'သည် မည်သည့်အခါ ဖြစ်မည်နည်း'ဟု မေးမြန်းခြင်း ဖြစ်သည်။)

သို့ဖြစ်ပေရာ ဤအချိန်တွင် (မောပန်းနွမ်းနယ်မှု အရှိန်အဟုန်ဖြင့်) မျက်စိများသည် ဝေဝါးထိုင်းမှိုင်း သွားပေမည်။ (၎င်းက မဟုတ်မမှန်ဟု စွပ်စွဲ၍ ငြင်းပယ်ခဲ့သည့်အရာများကို ရုတ်တရက် တွေ့မြင်လိုက်ရပြီး ရင်ဖိုလှိုက်မောဖြစ်သွားရခြင်း ဖြစ်သည်။)

၎င်းပြင် လေသည် အလင်းရောင်ကင်းမဲ့သွားပေမည်။ ထို့ပြင် (လကိုသာ အထူးပြု၍ မိန့်ကြားသည်မဟုတ်ဘဲ) နေနှင့် လတို့ (နှစ်ခုစလုံး) သည် အခြေအနေတစ်မျိုးတည်း ဖြစ်သွားကြပေမည်။

(လနှင့် နေ နှစ်ခုစလုံးသည် အလင်းရောင် ကင်းမဲ့သွားကြပေမည်။ ဘိုခါရီကျမ်း၏ ဟဒီးစ်တော်တွင် လာရှိသည်မှာ-

تكوران ومعنى كوّرت قال ابن عباس اظلمت رواهما فى الدر المنثور سورة التكوير

ဟု ဖြစ်သည်။ လကို သီးခြားခွဲ၍ တင်ပြခြင်းမှာ အာရဗ်တို့သည် 'ကမ်ရီ' လစန္ဒာကို ရေတွက်ကြခြင်းကြောင့် လ၏ အခြေအနေကို ကြည့်ရှုရန် ပို၍ အလေးအနက် ထားကြပေသည်။)

ထိုနေ့တွင် လူသားသည် 'ကျွန်ုပ်မှာ အဘယ်သို့ ပြေးရမည်နည်း'ဟု ပြောဆိုပေမည်။ ထို့နောက် မိန့်ကြားတော်မူမည်မှာ) လုံးဝဥဿုံ (ပြေးရန် ဖြစ်နိုင်မည်) မဟုတ်ပါ။ (အကြောင်းမှာ) မည်သည့်နေရာတွင် ခိုလှုံရာဟူ၍ပင် မရှိ (ဖြစ်ပေမည်။)

ထိုနေ့တွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်၌သာလျှင် နေထိုင်ရာ (လားရာ) ရှိပေမည်။ (ထို့နောက် 'ဂျန္နသ်'ဖြစ်စေ၊ (သို့မဟုတ်) 'ဂျဟန္နမ်'သို့ဖြစ်စေ ပို့ဆောင်ခြင်း ခံရပေ

မည်။ ထို့ပြင် ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်၌ ရောက်ရှိချိန်တွင်) ထိုနေ့တွင် လူသားသည် မိမိတင်ကြိုပို့နှင့်ခဲ့သည်တို့ကိုလည်းကောင်း၊ မိမိ နောက်ချန်ထားခဲ့သည်တို့ကိုလည်းကောင်း ပြောပြခြင်းကို ခံရပေမည်။

(လူသားသည် မိမိ၏ ကျင့်စဉ်လုပ်ရပ်များကို သိရှိခြင်းတွင် ဤသို့ ပြောပြခြင်းအပေါ် မူတည်သည်ကား မဟုတ်ပေ။)

ထို့မျှသာမက လူသားသည် မိမိ၏ အခြေအနေအပေါ်တွင် (အရေးကြီးသော အသိများအဖြစ်) ကောင်းစွာ တွေ့မြင်သူ ဖြစ်မည်။

(သဘာဝလျောက် ထိုအချိန်တွင်လည်း) ၄င်းသည် မိမိ၏ အကြောင်းပြချက်များကို တင်ပြပေမည်။

(ကာဖိရ်တို့က وَاللّٰهِ رَبِّنَا مَا كُنَّا مُشْرِكِيْنَ ဟု ပြောကြမည့်အတိုင်း ဖြစ်ပေသည်။ သို့ရာတွင် ၄င်းတို့မှာ စိတ်တွင် 'ကျွန်ုပ်တို့သည် မုသားလိမ်လည်သူများ ဖြစ်သည်ကို သိရှိကြပေမည်။ အချုပ်မှာ လူသားသည် မိမိ၏ အခြေအနေအားလုံးကို ကောင်းစွာ သိရှိပေမည်။ ထို့ကြောင့် ပြောပြခြင်းဆိုသည်မှာ အသိပေးခြင်းကို ဆိုလိုသည်မဟုတ်ဘဲ သတိပေးခြင်း၊ စောဒကများကို ဖြတ်တောက်ခြင်းတို့အတွက်သာ ဖြစ်ပေမည်။ ထို့ပြင်) အို၊ နဗီတမန်တော်၊ يُنَبَّؤُ နှင့် بَلِ الْاِنْسَانُ တို့မှ အကြောင်းနှစ်ချက်ကို သိရှိရသည်မှာ

① အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို လွှမ်းခြုံသိရှိတော်မူသော အသျှင် ဖြစ်တော်မူပေသည်။

② အလ္လာဟ်အသျှင်မြတ်၏ ဝလေ့တော်မှ အမြော်အမြင်ကို ထုတ်ဖော်တော်မူလိုသောအခါ များစွာသော အကွယ်မှ အသိပညာများကို အဖန်ဆင်းခံတို့၏ အသိဉာဏ်တွင် သိစေတော်မူခြင်း ဖြစ်သည်။ ဤအကွယ်မှ အသိများ အသိဉာဏ်တွင် သိစေခြင်းမှာလည်း သဘာဝနှင့် ဆန့်ကျင်သော အရာများ ဖြစ်သည်။ ဥပမာ- 'ကေယာမသ်'တွင် ဤအကြောင်းအရာများ ဖြစ်လိမ့်မည်ဟူသော အကြောင်းများ ဖြစ်သည်။

ဤအကြောင်းဖြစ်သောအခါ အသင်သည် 'ဝဟီ'ကျရောက်သည့်အခါ ယခုအချိန်အထိ အလေ့အထဖြစ်နေသည်မှာ 'ဝဟီ'ကို ကြားနာခြင်းလည်း ပြုသည်။ ဖတ်ရွတ်ခြင်းလည်း ပြုသည်။ အာရုံထားခြင်းလည်း ပြုသည်ဟူသော ဒုက္ခများကို ခံစားလေ့ရှိသည်။ ဤသို့ ပြုခြင်းမှာ အကြောင်းအရာအချို့သည် အသင်၏ ဦးနှောက်မှ ထွက်သွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ အကြောင်းမှာ ငါအသျှင်မြတ်သည် အသင့်အား နဗီအဖြစ် ပြုပေးတော်မူခဲ့သည်။ ထို့ပြင် 'သဗ်လီးဂ်'လုပ်ငန်းအတွက် အသင့်ထံမှ အလုပ်ယူရန် ရှိသည်ဖြစ်သောအခါ ဤနေရာတွင် အမြော်အမြင်၏ လိုးလားချက်မှာ 'ထိုအကြောင်းအရာများသည် အသင်၏ ဦးနှောက်တွင် ထည့်သွင်းစေခြင်း ခံရပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ဤသို့ ပြုခြင်းအပေါ် စွမ်းဆောင်နိုင်တော်မူသော အသျှင်ဖြစ်သည်။ ထို့ကြောင့် အသင်သည် ဤဒုက္ခခံခြင်းကို

မပြုလေနှင့်။ ထို့နောက် 'ဝဟီ' ကျရောက်သောအခါ) အသင်သည် ('ဝဟီ' ချပေးခြင်း မပြီးဆုံးမီ) ကုရ်အာန်ကို အလျင်အမြန် ကျက်မှတ်ရန် မိမိ၏ လျှာကို မလှုပ်ပါလေနှင့်။

(အဘယ်ကြောင့်ဆိုသော်) ကေန်မလွဲ (အသင်၏ နှလုံးသားတွင်) ဤကုရ်အာန်ကျမ်းတော်မြတ်ကို စုစည်းပေးခြင်းနှင့် (အသင်၏ နှုတ်လျှာဖြင့်) ယင်းကျမ်းမြတ်ကို ဖတ်စေခြင်းတို့မှာ ငါအသျှင်မြတ်၏ တာဝန်ဖြစ်သည်။ (ဤအရာများသည် ငါအသျှင်မြတ်၏ တာဝန်ဖြစ်သောအခါ) သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ကြားတော်မူသောအခါ (ဆိုလိုသည်မှာ ငါအသျှင်မြတ်၏ ဖရစ်ရှ်သာဟ်က ဖတ်ကြားလေသောအခါ) အသင်သည် (မိမိ၏ စိတ်နှင့် အာရုံ အားလုံး စုရုံး၍) ယင်းဖတ်ကြားချက်ကို လိုက်၍ ဖတ်ကြားပါလေ။ (ဆိုလိုသည်မှာ ဤကုရ်အာန်ကိုပင် အာရုံစူးစိုက်မှု ပြုပါလေ။ ၎င်းအား ပြန်လည် ဖတ်ကြားရန် မကြိုးစားလေနှင့်။ အလ္လာဟ်အသျှင်မြတ်က

وَلَا تَعْجَلْ بِالْقُرْاٰنِ مِنْ قَبْلِ اَنْ يُّقْضٰى اِلَيْكَ وَحْيُهٗ

ဟု မိန့်ကြားတော်မူသည့်အတိုင်း ဖြစ်သည်။) ထို့နောက်တစ်ဖန် (အသင်၏ နှုတ်လျှာဖြင့် လူတို့၏ ရှေ့မှောက်တွင်) ဤကုရ်အာန် ကျမ်းတော်မြတ်ကို တင်ပြခြင်းမှာ (လည်း) ငါအသျှင်မြတ်၏ တာဝန်ပင် ဖြစ်သည်။

(ဆိုလိုသည်မှာ အသင့်အား သတိရစေခြင်း၊ အသင်၏ နှုတ်လျှာတွင် အမြဲရှိနေခြင်း၊ တစ်ဖန် 'သဗ်လီးဂ်' ပို့ချသော အချိန်တွင် ယင်းကုရ်အာန်ကို သတိရစေခြင်းနှင့် လူတို့၏ ရှေ့မှောက်တွင် ဖတ်ကြားစေနိုင်ခြင်းအားလုံးတို့သည် ငါအသျှင်မြတ်၏ တာဝန်ဖြစ်သည်။ ရှေ့တွင် ကာဖိရ်များကို ဦးတည် မိန့်ကြားခြင်း လာရှိသည်မှာ) 'အို၊ ကာဖိရ်တို့၊ (လူသား၏ ကျင့်စဉ်များ ရှေ့သို့ တင်ကြိုရောက်ခြင်း၊ နောက်ချန်ထားခဲ့ခြင်းတို့အပေါ် သိရှိခြင်းသည် 'ကေယာမသ်' နေ့တွင် မုချ ဖြစ်ပေါ်ပေမည်။ အသင်တို့က 'ကေယာမသ်' သည် မုချ ဖြစ်ပေါ်မည်မဟုတ်ဟု ယူဆခဲ့ကြသည်။) လုံးဝ ဤသို့ မဟုတ်ပါ။ (ထို့ပြင် အသင်တို့ထံတွင် 'ကောယမသ်' ဖြစ်ပေါ်မည် မဟုတ်ကြောင်းအတွက် မည်သည့်အထောက်အထားမျှ မရှိပါ။) ထိုမျှမက အသင်တို့သည် လောကီဘဝကို နှစ်သက်ကြကုန်၏။

ထို့ပြင် (ဤချစ်ခင်နှစ်သက်မှုတွင် နစ်မွန်းလျက်) အသင်တို့သည် တမလွန်ကို မေ့လျော့ခြင်းအကြောင်း ယင်းတမလွန်ကို စွန့်လွှတ်ခဲ့ကြသည်။ ('ကေယာမသ်' သည် မုချ ဖြစ်ပေါ်လာပေမည်။ လူတိုင်းလူတိုင်းသည် မိမိတို့၏ ကျင့်စဉ်များကို သိရှိ၍ ထိုကျင့်စဉ်များနှင့် သင့်လျော်သော အကျိုးရှိကြပေမည်။ ဤအကြောင်းကို အသေးစိတ် ဖော်ပြသည်မှာ) ထိုနေ့တွင် များစွာသော မျက်နှာတို့မှာ ရွှင်လန်းလျက် ရှိကြပေမည်။ ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို ဖူးမြော်လျက် ရှိကြပေမည်။ ထိုနေ့တွင် များစွာသော မျက်နှာတို့မှာမူ ညှိုးနွမ်းလျက် ရှိကြပေမည်။

(၎င်းပြင် ထိုသူတို့သည်) ၎င်းတို့အပေါ်၌ ခါးရိုးကျိုးစေမည့် ပြစ်ဒဏ်ခံရမည်ကို ကောင်းစွာ သိရှိကြပေမည်။ (၎င်းတို့အဖို့ ပြင်းထန်သော 'အဇားဗ်' အပြစ်ဒဏ် ကျရောက်လာမည်ကို ဆိုလိုသည်။

ရှေ့တွင် အသင်တို့သည် လောကီကို ချစ်ခင်ဖွယ်ရာနှင့် တမလွန်သည် စွန့်လွှတ်ဖွယ်ရာဟူ၍ မှတ်ယူကြခြင်းကို အပြစ်ဖြစ်ကြောင်း လာရှိသည်မှာ) ဤသို့ လုံးဝမဟုတ်ပါ။ (အဘယ်ကြောင့်ဆိုသော် လောကမှ တစ်နေ့နေ့တွင် ခွဲခွာရမည်ဖြစ်ပြီး နောက်ဆုံးတွင် တမလွန်သို့ သွားရမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဤအကြောင်းကို တင်ပြသည်မှာ) အသက်ဇီဝိန်သည် ညှပ်ရိုးများသို့ ရောက်ရှိသွားသောအခါ ထို့ပြင် (အလွန် ဝမ်းနည်းပူဆွေးလျက် ထိုအချိန်တွင် လူနာ၏ အနီး၌ရှိသော လူနာစောင့်တို့က) မန်းမှုတ်မည့်သူ တစ်စုံတစ်ဦး ရှိပါသလားဟု ဟစ်အော်ကြပေမည်။

(ဆိုလိုသည်မှာ ဆေးကုသပေးသူဟု ဖြစ်သည်။ အကြောင်းမှာ အာရပ်တွင် မန်းမှုတ်ခြင်းမှာ ခေတ်စားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် فِرَا 'ရားက်'ဟူသော စာလုံးကို သုံးနှုန်းခြင်း ဖြစ်သည်။) ထို့ပြင် (ထိုအချိန်မှာ)၄ င်း (သေမည့်သူက) ဤသည် လောကီဘဝမှ စွန့်ပခွာရမည့်အချိန် ဖြစ်သည်ဟု ယုံကြည်လျက် ရှိပေမ်။ ထို့ပြင် (သေဆုံးရန် အသက်ငင်မှု ပြင်းထန်ခြင်းကြောင့်) ခြေသလုံးသည် အခြားသလုံးနှင့် ကပ်သွားပေမည်။

(ဆိုလိုသည်မှာ 'သေခြင်းတရားအတွက် အသက်ငင်ခြင်း၏ အရိပ်အရောင်များ ပေါ်ထွက်လာခြင်း' ဟု ဖြစ်သည်။ ခြေသလုံးများအချင်းချင်း ပူးကပ်သွားခြင်းကို အထူးပြု တင်ပြခြင်းမဟုတ်။ ဥပမာသာ ဖြစ်သည်။ ဤအခြေအနေများ ပေါ်ပေါက်လာသောအခါ အို၊ လူသား) ထိုနေ့တွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ပင် ပြန်သွားရပေမည်။

(သို့ဖြစ်ပေရာ ဤအခြေအနေတွင် လောကီ၏ ချစ်ခင်စုံမက်မှုနှင့် တမလွန်ကို စွန့်ပစ်ခြင်းတို့မှာ အဘယ်မျှ အသိဉာဏ်မဲ့သော လုပ်ရပ် ဖြစ်ပါသနည်း။ ထို့နောက်တစ်ဖန် အသျှင်မြတ်ထံတော်ပါးသို့ ရောက်ရှိသောအခါ အကယ်၍ ထိုသူသည် ကာဖိရ်ဖြစ်နေပါက ထိုသူ့အဖို့ အလွန်ဆိုးရွားသော အခြေအနေဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော်) ထိုသူသည် (အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်တို့ကို) ထောက်ခံယုံကြည်ခဲ့သည်လည်း မဟုတ်ပေ။ ထို့ပြင် နမာဇ်ဝတ်ပြုခဲ့သည်လည်း မဟုတ်ပေ။

သို့ရာတွင် (အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ်ကို) မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခြင်းကိုလည်းကောင်း၊ ထို့ပြင် (အမိန့်တော်များကို) မျက်နှာလွှဲခြင်းကိုသာလည်းကောင်း ပြုခဲ့သည်။ တစ်ဖန် (ပို၍ ဆိုးရွားသည်မှာ အမှန်တရားဘက်သို့ ဖိတ်ခေါ်ခြင်းကို မျက်နှာလွှဲဖယ်လျက် ဝင့်ကြွားဂုဏ်ယူ၍) မော်ကြွားဟန်ချီလျက် မိမိ၏ အိမ်သူအိမ်သားများထံသို့ သွားခဲ့၏။

(ဆိုလိုသည်မှာ ပထမဦးစွာ ကုဖွ်ရ်ငြင်းပယ်ခြင်းနှင့် မကောင်းမှုများ ကျူးလွန်ခဲ့သည်။ တစ်ဖန် ဤအပေါ်၌ အရှက်ရခြင်းမရှိဘဲ ငါသည် ဤနည်းအတိုင်း အမှန်တရားကို ဆန့်ကျင်ပယ်ချခဲ့သည်ဟူ၍ ပြောင်းပြန်ဝံ့ကြွားလျက် ရှိပြီး လမ်းမှန်၌သာ ရှိနေခြင်းကို ဆိုလိုသည်။ ထို့နောက် ထိုသို့ပြုပြီးနောက် အမှန်တရားကို လိုလားခြင်းမရှိဘဲ မိမိ၏ အိမ်သူအိမ်သားများထံသို့ သွား၍ ပိုမိုမောက်မာပြီး မေ့လျော့သွားခဲ့ခြင်း ဖြစ်သည်။ ရှေ့တွင် ထိုကာဖိရ်၏ ဆိုးရွားသော အခြေအနေကို တင်ပြမိန့်ကြားသည်မှာ) အသင့်၌

ပျက်စီးခြင်းအပေါ်ဝယ် ပျက်စီးခြင်းသာ ရှိပေမည်။ တစ်ဖန် (ထပ်မံ၍ နားဆင်ပါလေ။) အသင့်၌ ပျက်စီးခြင်း အပေါ်ဝယ် ပျက်စီးခြင်းသာ ရှိပေမည်။

(အကြောင်းတစ်ခုကို ထပ်ကာတလဲ ပြောဆိုခြင်းမှာ ပမာဏများပြားကြောင်း သိရန်ဖြစ်သည်။ စုပေါင်း၍ ထပ်ကာ ပြောဆိုခြင်းမှာ အခြေအနေ၏ များပြားခြင်းကို သိရှိရန်ဖြစ်သည်။ အကြောင်းမှာ ဖော်ပြပါ အစားပေးခြင်း ဖြစ်ပေါ်သည်မှာ အကြောင်းနှစ်ရပ်အပေါ် မူတည်သောကြောင့် ဖြစ်သည်။

(၁) လူသားသည် အမိန့်တော်များကို လိုက်နာရန် တာဝန်ရှိသူ ဖြစ်သည်။

(၂) လူသားသာ သေဆုံးပြီး ပြန်လည်ရှင်ထခြင်းတို့ ဖြစ်သည်။

ထိုသို့ ပြန်လည်ရှင်ထရန် ဖြစ်နိုင်ကြောင်း လူသားတို့အား မိန့်ဆိုထားသည်။ ထို့ကြောင့် ရှေ့တွင် အကြောင်းအရာ နှစ်ရပ်စလုံးကို တင်ပြထားသည်မှာ) လူသားသည် မိမိအဖို့ ဤအတိုင်း လွှတ်ထားခြင်း ခံနေရမည်ဟု ထင်မှတ်နေသလော။

(၄င်းအပေါ်၌ အမိန့်ပညတ်ချက်များ သတ်မှတ်ပြဋ္ဌာန်းမည်မဟုတ်။ ထို့ပြင် ၄င်းအား စာရင်း စစ်ဆေးခြင်း ပြုမည်လည်း မဟုတ်ဟု ထင်မှတ်နေပါသလားဟု ဆိုလိုခြင်းဖြစ်သည်။ ထိုမျှသာမက အမိန့်တော်များကို လိုက်နာရန်လည်း မုချ တာဝန်ရှိပေသည်။ ထို့ပြင် ၄င်းအား စစ်ကြောမေးမြန်းမည်မှာ လည်း မလွှဲမသွေ ဖြစ်သည်။ ထို့ပြင် သေပြီးနောက် ပြန်လည်ရှင်ထခြင်းကို မဖြစ်နိုင်ဟု ယုံကြည်ခြင်းမှာ လည်း ၄င်း၏ အသိတရားခေါင်းပါးမှုသာလျှင် ဖြစ်သည်။) စင်စစ် ထိုလူသားသည် (အစနကဦးတွင် မိခင်၏ သားအိမ်၌) သွန်းလောင်းခြင်းခံရသော သုက်ရည်တစ်စက်သာ ဖြစ်ခဲ့သည် မဟုတ်ပါလော။

ထို့နောက်တစ်ဖန် ယင်းသုက်ရည်သည် သွေးခဲဖြစ်ခဲ့သည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် (၄င်းအား လူသားအဖြစ်) ဖန်ဆင်းတော်မူခဲ့သည်။ တစ်ဖန် ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများကို နေထား ကျနစွာ ပြုပြင်တော်မူခဲ့သည်။ တစ်ဖန် ထိုအသျှင်မြတ်သည် ထို (လူသား) ကို ယောကျ်ားနှင့် မိန်းမဟူ၍ နှစ်မျိုးနှစ်စား ပြုလုပ်တော်မူခဲ့သည်။

ထိုအသျှင်မြတ်သည် (မူလအစတွင် မိမိ၏ တန်ခိုးတော်ဖြင့် ဤအရာအားလုံးကို ပြုတော်မူခဲ့ သည်။ ထိုအသျှင်မြတ်သည် 'ကေယာမသ်'နေ့တွင်) သူသေများကို ရှင်စေတော်မူရန် တတ်စွမ်းနိုင်တော်မူ သော အသျှင်မြတ် မဟုတ်ပါသလော။ (စင်စစ် ဒုတိယအကြိမ် ဖန်ဆင်းခြင်းသည် ပထမအကြိမ် ဖန်ဆင်း ခြင်းထက် ပို၍ လွယ်ကူသည်သာ ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

لَآ اُقۡسِمُ بِيَوۡمِ الۡقِيٰمَةِ ○ وَلَآ اُقۡسِمُ بِالنَّفۡسِ اللَّوَّامَةِ

ဤနေရာတွင် 'ကစမ်'ကျိန်ဆိုခြင်း၏ အလျင်၌ရှိသော لا 'လာ ' အက္ခရာသည် အပိုအက္ခရာ ဖြစ်သည်။ 'ကစမ်'ကျိန်ဆိုမှုသည် ဆန့်ကျင်ဘက်စကားတစ်ခုကို ချေပရန်အတွက် ကျိန်ဆိုခြင်းဖြစ်လျှင်

၄င်း၏ ရှေ့တွင် لا 'လာ 'အက္ခရာကို ၄င်းသူ၏ လွဲမှားသော အတွေးအခေါ်များ မဟုတ်မမှန်ကြောင်း ဖော်ထုတ်ရန်အတွက် အပိုသုံးစွဲလေ့ ရှိသည်။ အာရဗီဝေါဟာရတွင် ဤသုံးနှုန်းခြင်းမှာ ကျော်ကြားပေသည်။ ကျွန်ုပ်တို့၏ ဘာသာစကားတွင်လည်း တစ်ခါတစ်ရံ လေးနက်ခိုင်မာသော အကြောင်းတစ်ခုကို မပြောမီ 'မဟုတ်ပါ'ဟု ပြောပြီးမှ ရှေ့တွင် မိမိ၏ ရည်ရွယ်ချက်ကို ပြောပြလေ့ ရှိသည်။ ဤစူရာဟ်တွင် 'ကေယာမသ်' နှင့် တမလွန်အကြောင်းကို ကာဖိရ်များအား သတိပေးနှိုးဆော်ခြင်းနှင့် ၄င်းတို့၏ သံသယများကို ပြောကြားထားခြင်းဖြစ်သည်။ စူရာဟ်အား ဦးစွာထပမ 'ကေယာမသ်'နှင့်လည်းကောင်း၊ ထို့နောက်တစ်ဖန် မိမိကိုယ်မိမိ ပြစ်တင်ဆုံးမတတ်သော စိတ်နှင့်လည်းကောင်း 'ကစမ်'ကျိန်ဆို၍ အစပြုထားသည်။ 'ကစမ်' အဖြေမှာ မြုပ်နေသည်။ ဆိုလိုသည်မှာ 'ကေယာမသ်'သည် မုချ ဆိုက်ရောက်လာပေမည်'ဟု ဖြစ်သည်။ 'ကေယာမသ်' ကို တိုင်တည်၍ ကျိန်ဆိုခြင်းမှာမူ ၄င်း၏ ကြီးကျယ်ကြောင်း အတည်ပြုရန်အတွက် သင့်တော်သော နေရာဖြစ်ကြောင်း ပေါ်လွင်ပေသည်။ အလားတူ 'မိမိကိုယ်မိမိ ပြစ်တင်ဆုံးမတတ်သော စိတ်' အား တိုင်တည် ကျိန်ဆိုခြင်းသည်လည်း ၄င်း၏ ကြီးကျယ်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံခြင်း ခံရကြောင်း ထင်ရှားပေသည်။ 'နဖ်စ်'၏ အဓိပ္ပာယ်မှ အသက်ဇီဝိန်ဟုလည်းကောင်း၊ (သို့မဟုတ်) ဝိညာဉ် ဟုလည်းကောင်း ကျော်ကြားသော အဓိပ္ပာယ်ဖြစ်သည်။

لَوَّامَة သည် لَوْم ဟူသော စာလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'ပြစ်တင်ရှုတ်ချခြင်း'ဟု ဖြစ်သည်။ نفس لوّامه ၏ အလိုသဘောမှာ 'မိမိ၏ လုပ်ဆောင်ချက် ကျင့်စဉ်များကို မိမိကိုယ်တိုင် စစ်ဆေးလျက် မိမိကိုယ်မိမိ ပြစ်တင်ဆုံးမသော စိတ်'ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ကျူးလွန်မိခဲ့သော အပြစ်ဒုစရိုက် (သို့မဟုတ်) 'ဝါဂျိဗ်'ဖြစ်သော 'အမလ်'ကျင့်စဉ်အပေါ် မိမိကိုယ် မိမိအား 'အသင်သည် အဘယ်ကြောင့် ဤသို့ ပြုရပါသနည်း'ဟူ၍ ပြစ်တင်ဆုံးမခြင်း ဖြစ်သည်။ ထို့ပြင် ကောင်းသော လုပ်ရပ်များနှင့် စပ်လျဉ်း၍လည်း ထို့ထက်ကောင်းမြတ်သော ကောင်းမှုကို ပြုလုပ်၍ အမြင့်မားဆုံးအဆင့်ကို အဘယ်ကြောင့် ရယူခြင်းမပြုပါသနည်းဟူ၍ ပြစ်တင်ဆုံးမခြင်းဖြစ်သည်။ အချုပ်မှာ ပြည့်စုံကုံလုံမှု ရှိသော မုအ်မင်န်သည် မိမိ၏ ကောင်းသော၊ ဆိုးသော လုပ်ရပ်ဟူသရွေ့ကို အမြဲတစေ မိမိကိုယ်ကို ပြစ်တင်ဆုံးမ လျက်သာရှိနေသူ ဖြစ်သည်။ အပြစ်ကျူးလွန်ခြင်းနှင့် 'ဝါဂျိဗ်'တာဝန်များ ပျက်ကွက်မှုအပေါ် ပြစ်တင် ဆုံးမကြောင်းမှာမူ ထင်ရှားသည်။ ကောင်းမှုလုပ်ရပ်များနှင့် စပ်လျဉ်း၍ ပြစ်တင်ဆုံးမခြင်းမှာ 'အို၊ စိတ်၊ အသင်သည် ဤကောင်းမှုထက်၊ ပို၍ ကောင်းမြတ်သော ကောင်းမှုကိုပင် ပြုကျင့်လုပ်ဆောင်နိုင်ပါလျက် အဘယ်ကြောင့် မပြုရပါသနည်း' ဟု ဖြစ်သည်။ ဤသဖ်စီးရ်သည် ဟဇရတ်အိဗ်နေအဗ္ဗားစ် رضي الله عنهما နှင့် အခြားသဖ်စီးရ်အေမာမ်ကြီးများထံမှ ဆင်းပြန်ခဲ့ခြင်း ဖြစ်သည်။ *[အိဗ်နေကစီးရ်ကျမ်း]*

ဤအဓိပ္ပာယ်ကြောင့် ဟဇရတ်ဟစန်ဗဆွရီ رحمه الله သခင်သည် نفس لوّامه ၏ သဖ်စီးရ်ကို نفس مؤمنه ဟု ဖွင့်ဆိုထားသည်။ ထို့နောက် မိန့်ကြားသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ မုအ်မင်န်

သည် အမြဲတစေ အခြေအနေတိုင်းတွင် မိမိ၏ စိတ်ကို ပြစ်တင်ဆုံးမလျက်သာ ရှိသူဖြစ်သည်'ဟူ၏။ မကောင်းမှုများ ကျူးလွန်ခြင်းအပေါ် ပြစ်တင်ဆုံးမသည်မှာမူ ထင်ရှားပေသည်။ ကောင်းမှုလုပ်ရပ်များ၌လည်း အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်သိက္ခာတော်အပေါ် လျော့နည်းခြင်းများလည်း ရှိပေမည်။ အဘယ်ကြောင့်ဆိုသော် အသျှင်မြတ်အား 'အေဗာဒသ်'ခဝပ်မှုပြုရာတွင် တိကျမှန်ကန်စွာ ပြည့်ပြည့်ဝဝ မည်သူမျှ မပြုနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် မှန်ကန်သော တာဝန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်း၍ လျော့နည်းမှုရှိကြောင်းကို ကိုယ်တိုင်သိရှိပြီး ယင်းလျော့နည်းမှုကို ပြစ်တင်ဆုံးမလျက် ရှိနေသူပင် ဖြစ်သည်။

نفس لوّامه 'နဖ်စ်လောင်ဝါမဟ်' ၏ ဖွင့်ဆိုချက်

ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်နှင့် ဟစန်ဗဆွရီ စသူတို့၏ ဤသဖ်စီးရ်အပေါ် 'နဖ်စ်လောင်ဝါမဟ်' အား တိုင်တည်လျက် 'ကစမ်'ကျိန်ဆိုတော်မူခြင်းမှာ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်တို့၏ စိတ်နှလုံးသားများအပေါ် ဂုဏ်ပြုတော်မူခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။ ၎င်းမုအ်မင်န်သည် မိမိ၏ လုပ်ဆောင်ချက် ကျင့်စဉ်များအပေါ် စာရင်းစစ်ဆေးခြင်း ပြု၍ လျော့နည်းခြင်းများအပေါ် မိမိကိုယ်မိမိ ပြစ်တင်ဆုံးမတတ်သောကြောင့် ဖြစ်သည်။

نفس لوّامه 'နဖ်စ်လောင်ဝါမဟ်'နှင့် مطمئنّه 'မုသ္မအင်န်နဟ်'

'နဖ်စ်လောင်ဝါမဟ်'၏ ဤသဖ်စီးရ်နှင့်အညီ 'နဖ်စ်မုသ္မအင်န်နဟ်'လည်း ပါဝင်ပေသည်။ 'လောင်ဝါမဟ်'နှင့် 'မုသ္မအင်န်နဟ်' နှစ်မျိုးစလုံးသည် 'မွတ္တကီ' (သူတော်စင်) တို့၏ နှလုံးသားများ၏ ဘွဲ့ထူးအမည်ပင် ဖြစ်သည်။

نفس امّاره 'နဖ်စ်အမ္မာရဟ်' (မကောင်းမှုကို လှုံ့ဆော်သော စိတ်) 'လောင်ဝါမဟ်' နှင့် 'မုသ္မအင်န်နဟ်'

ထို့ပြင် ရှေးသူတော်စင်များက ဤအကြောင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်မှာ 'စိတ်သည် မိမိက သဘာဝအကျင့်အမူအရ لامّارة بالسوء ဖြစ်လေသည်။ ဆိုလိုသည်မှာ 'လူသားအား မကောင်းမှုလုပ်ရပ်များဘက်သို့ ခေါ်ဆောင်၍ ထိုမကောင်းမှုလုပ်ရပ်များတွင် နစ်မွန်းစေရန် ဖိတ်ခေါ်ခြင်း' ဟု ဖြစ်သည်။ သို့ရာတွင် အီမာန်၊ ကောင်းမှုလုပ်ရပ်များနှင့် ကြိုးပမ်းမှုတို့အားဖြင့် 'မကောင်းမှုလုပ်ရပ်နှင့် ချတ်ချော်မှားယွင်းမှုတို့အပေါ် အရှက်ရစေသော نفس لوّامه 'နဖ်စ်လောင်ဝါမဟ်' ဖြစ်သွားပေသည်။ သို့ရာတွင် ထိုအရာများကို လုံးဝ ပြတ်တောက်သွားသည်ကား မဟုတ်ပေ။ ရှေ့တွင် ကောင်းမှုလုပ်ရပ်များတွင် တိုးတက်မှုနှင့် အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှုကို ရရှိရန် ကြိုးပမ်းရင်း ကြိုးပမ်းရင်း

ရုရီအသ်တရားတော်သည် ၎င်း၏ ဝါသနာ စိတ်ဓါတ် ဖြစ်သွားသည်။ ရှုရီအသ်တရားတော်နှင့် ဆန့်ကျင်သည်တို့ကို ရွံရှာမုန်းတီးသော အခြေအနေသို့ ရောက်ရှိသွားသည့်အခါ ထိုစိတ်၏ ဘွဲ့အမည်မှာ **مطمئنه** 'မုသ္မအင်န်နဟ်' ဖြစ်သွားပေသည်။ ရှေ့တွင် 'ကေယာမသ်'ကို ငြင်းပယ်သူတို့၏ သံသယအပေါ် အများအတွက်ဖြစ်သော ဖြေကြားချက် လာရှိသည်မှာ 'သေဆုံးပြီးနောက် လူသည် မြေကြီး ဖြစ်သွားသည်။ အရိုးများသည်လည်း တစ်စစီဖြစ်၍ ပြန့်နှံ့သွားပေသည်။ ၎င်းတို့ကို မည်ကဲ့သို့ စုစည်းလျက် အသက်ရှင်စေနိုင်ပါမည်နည်း။

بَلٰى قَادِرِيْنَ عَلٰٓى اَنْ نُّسَوِّىَ بَنَانَهٗ

ဟု မိန့်ဆိုဖြေကြားတော်မူထားသည်။ ဆိုလိုသည်မှာ 'အသင်တို့သည် သူသေ၏ တစ်စစီဖြစ်၍ ပြန်နှံ့နေသော အစိတ်အပိုင်းများနှင့် ဆွေးမြေ့နေသော အရိုးများကို မည်သို့ စုစည်းနိုင်မည်နည်း' ဟုလည်းကောင်း၊ ၎င်းတို့ကို မည်သို့ ပြန်လည် အသက်ရှင်နိုင်မည်ဟုလည်းကောင်း အံ့သြ၍ သံသယဖြစ်နေကြသည်။ စင်စစ် ဤကိစ္စသည် ပထမဦးဆုံးအကြိမ် ဖန်ဆင်းစဉ်က တွေ့မြင်သိရှိခဲ့ပြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'လူသားတိုင်းသည် တစ်ခုလုံးရှိ နိုင်ငံဒေသများစွာတို့မှ အစိတ်အပိုင်းများစွာတို့နှင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ သို့ဖြစ်ပေရာ တန်ခိုးတော်အသျှင်မြတ်သည် ပထမအကြိမ်၌ လောကတစ်ခုလုံးတွင် ရှိသော အစိတ်အပိုင်းများကို လူသားတစ်ဦး ဖြစ်ပေါ်ရှင်သန်မှုအတွက် စုစည်းပေးတော်မူခဲ့သည် ဖြစ်ရာ ယခု ဒုတိယအကြိမ် ပြန်လည်စုစည်းရန်မှာ ထိုအသျှင်မြတ်သည်အဖို့ မည်သို့ ခက်ခဲပါမည်နည်း။ ပထမအကြိမ် ၎င်း၏ ပုံစံခွက်တွင် ဝိညာဉ်ထည့်သွင်း၍ အသက်ရှင်စေတော်မူခဲ့သည်ဖြစ်ရာ ဒုတိယအကြိမ် ဤသို့ ပြုလုပ်ရာ၌ အဘယ်မှာလျှင် အံ့သြဖွယ် ဖြစ်ပါမည်နည်း။

'ဟရှ်'တွင် ခန္ဓာကိုယ် (လူသား) များနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ အံ့ဖွယ်လုပ်ရပ်

လေးလေးနက်နက် စဉ်းစားရမည့်အချက်မှာ လူသားတစ်ဦး၏ ပုံပန်းသဏ္ဍာန်၊ ခန္ဓာကိုယ်နှင့် ရုပ်ဆင်းရူပကာတို့သည် ပထမအကြိမ် ဖန်ဆင်းခံရပြီးဖြစ်သည်။ တန်ခိုးတော်အသျှင်မြတ်သည် ဒုတိယအကြိမ် ပြန်လည် ဖန်ဆင်းရာ၌လည်း ထိုအရာအားလုံးကိုပင် စိုးစဉ်းမျှ ကွာခြားမှုမရှိဘဲ စုစည်းတော်မူပေမည်။ ကုဋေပေါင်း ရာနှင့် ချီသော လူသားများသည် ကမ္ဘာဦးမှစ၍ 'ကေယာမသ်'နေ့ထိကိုင် မွေးဖွားလာပြီး သေဆုံးသွားသူများ ရှိခဲ့သည်။ ထိုလူသားများအားလုံးတို့၏ ရုပ်ဆင်းသဏ္ဍာန်များနှင့် အရုပ်အမောင်း၊ အရွယ်အစားများကို ၎င်းတို့၏ မူလအခြေအနေအတိုင်း မှတ်သားထားရန် မည်သူတတ်စွမ်းနိုင်ပါသနည်း။ ထိုကဲ့သို့ မူလပုံသဏ္ဍာန်အတိုင်း ပြန်လည်ဖန်ဆင်းခြင်းမှာမူ ကြီးမားသော လုပ်ရပ်ပင် ဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်၌ မိန့်ကြားတော်မူထားသည်မှာ 'ငါအသျှင်မြတ်သည် သူသေ၏ ကြီးမားသော ခန္ဓာကိုယ်အစိတ်အပိုင်းများ ဤအတိုင်း ပြန်လည်ဖန်ဆင်းခြင်းကိုသာ ပြုနိုင်သည်မဟုတ်ဘဲ

လူသားဖြစ်ပေါ်ခြင်း၌ အသေးနုတ်ဆုံးသော အရာကိုလည်း နဂိုမူလအတိုင်း တိကျမှန်ကန်စွာ ပြုနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ဤနေရာတွင် လက်ဆစ်ကလေးများကိုသာ အထူးပြု မိန့်ကြားထားခြင်းမှာ ဤလက်ဆစ်ကလေးများသည် အသေးငယ်ဆုံးသော အရာများဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထိုသေးနုတ်သော အရာများကို ပြန်လည်ဖန်ဆင်းရာ၌ မည်သို့မျှ ကွာခြားမှုမရှိဟုဆိုလျှင် လက်နှင့် ခြေစသော ကြီးမားသည့် အစိတ်အပိုင်း စသည်တို့ကို ဖန်ဆင်းရန် အဘယ်မှာလျှင် မဖြစ်နိုင်ပါမည်နည်း။

ထို့ပြင် အကယ်၍ လေးလေးနက်နက် စဉ်းစားကြည့်မည်ဆိုလျှင် ထိုလက်ချောင်းလေးများကိုသာ အထူးပြု မိန့်ကြားရခြင်းမှာ အလ္လာဟ်အသျှင်မြတ်သည် လူသားတစ်ဦးအား အခြားလူသားတစ်ဦးနှင့် ခွဲခြားနိုင်ရန်အတွက် ၎င်း၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် မှတ်မိစေနိုင်သော ထူးခြားချက်များကို ထားရှိတော်မူခြင်း ဖြစ်ပေသည်။ ဤသို့ ပြုခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ခွဲခြားသိရှိနိုင်ပေသည်။ အထူးသဖြင့် လက်မအနည်းငယ်ထက် မပိုသော လူသား၏ မျက်နှာတွင် ကုဋေပေါင်း ရာနှင့် ချီ၍ များပြားသော လူသားများအနက် လူတစ်ဦး၏ မျက်နှာသည် အခြားတစ်ဦး၏ မျက်နှာနှင့် လုံးဝ ခွဲခြားမရနိုင်လောက်အောင် တူညီမှုမရှိနိုင်သော ထူးခြားချက်များကို တန်ခိုးတော်ရှင်က ထည့်သွင်းပေးထားတော်မူသည်။ လူသား၏ လျှာနှင့် လည်ပင်းတို့သည် လုံးဝတစ်ပုံစံတည်း ဖြစ်သည့်တိုင် ကလေးနှင့် အဘိုးအို၊ မိန်းမနှင့် ယောကျ်ားတို့၏ အသံများကို တစ်ဦးနှင့်တစ်ဦး မတူအောင် ခွဲခြားထားတော်မူသည်။ လူသားတစ်ဦးချင်း၏ အသံကို သီးခြားစီ ခွဲ၍ မှတ်မိနိုင်သည်။ ထို့ထက်ပင် ပို၍ အံ့သြစရာကောင်းလှသည်မှာ 'လူသား၏ လက်မနှင့် လက်ချောင်းလေးများ၏ အဆစ်အပိုင်းတို့တွင် ရှိသော လက်ဗွေပုံစံကို တန်ခိုးတော်အသျှင်မြတ်က ဖန်ဆင်းထားတော်မူသည်မှာ ထိုလက်ဗွေပုံစံသည် လူတစ်ဦးနှင့်တစ်ဦး မည်သည့်အခါမျှ မတူညီသော ပုံစံများတွင် ဖြစ်သည်။ လက်မဝက်ခန့်သာ ရှိသော နေရာတွင် ကုဋေပေါင်းများစွာ ရှိသော လူသားများအနက် လူတိုင်းတွင် ရှိသော လက်ဗွေပုံစံ မတူညီကြပေ။ ထို့ပြင် ရှေးခေတ်နှင့် မျက်မှောက်ခေတ် စသော ခေတ်အဆက်ဆက်တွင် လက်မ၏ လက်ဗွေပုံစံကို ခွဲခြားသိမှတ်နိုင်သော အရာတစ်ခုအဖြစ် သတ်မှတ်လျက် တရားရုံးတော်၏ ဆုံးဖြတ်ချက်သည် ဤလက်ဗွေအပေါ်၌သာ ဖြစ်ခဲ့သည်။ သုတေသနပြုချက်အရ ဤအချက်သည် လက်မတစ်ခုတည်းသာ မဟုတ်ဘဲ လက်ချောင်းလေးတိုင်း၏ အဆစ်များ၌ ရှိသော ဗွေများသည်လည်း ဤအတိုင်းပင် ခွဲခြားသိနိုင်ကြောင်း သိရှိရပေသည်။

ဤအကြောင်းများကို နားလည်သဘောပေါက်လာသောအခါ လက်ဆစ်ကလေးများကိုသာ အထူးပြု မိန့်ကြားရခြင်းကိုလည်း နားလည်သဘောပေါက်ပေလိမ့်မည်။ ဆိုလိုသည့်သဘောမှာ 'ဤလူသားသည် ဒုတိယအကြိမ် မည်သို့ ပြန်လည်အသက်ရှင်လာမည်နည်း' ဟု အသင်တို့သည် အံ့သြနေကြသည်။ အနည်းငယ်မျှ ဤသည်ထက် ပို၍ ရှေ့တိုးစဉ်းစားကြည့်မည်ဆိုပါလျှင် 'ပြန်လည် အသက်ရှင်ခြင်းသာ မဟုတ်ဘဲ မိမိ၏ မူလရုပ်ဆင်းသဏ္ဍာန်နှင့် ၎င်းတို့၏ ကွာခြားမှုဂုဏ်ရည်ဟူသရွေ့တို့နှင့်အတူ ပြန်လည်အသက်ရှင်ခြင်း ဖြစ်သည်။ ယုတ်စွအဆုံး လက်မနှင့် လက်ချောင်းကလေးများ၏ အဆစ်များ၏ လက်ဗွေပုံစံများသည် ပထမအကြိမ် ဖန်ဆင်းစဉ်ကကဲ့သို့ပင် ဤဒုတိယအကြိမ် ဖန်ဆင်းရာ၌လည်း လုံးဝဥဿုံ အတူတူပင် ဖြစ်ပေမည်။

لِيَفْجُرَ اَمَامَهُ

اَمَام သည် 'ရှေ့နှင့် လာလတ္တံ့' သော ဟူသည့် အဓိပ္ပာယ်ပင် ဖြစ်သည်။ ထို့ကြောင့် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ကာဖိရ်နှင့် မေ့မောသော လူသားများသည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော တန်ခိုးတော်များနှင့် စပ်လျဉ်း၍ အတိတ်ကာလက ငြင်းပယ်ခဲ့ကြသည်များအပေါ် အရှက်နောင်တရလျက် မိမိ၏ တင်ပြလျက်ရှိသော အနာဂတ်ကို ပြုပြင်ရန် စဉ်းစားဆင်ခြင်မှု မပြုရုံသာမက အနာဂတ်ကာလတွင်လည်း မိမိ၏ ကုဖွရ်၊ ရှရစ်က်နှင့် ငြင်းပယ်ခြင်းတို့အပေါ်၌သာ နေလိုကြသည်' ဟု ဖြစ်သည်။

فَاِذَا بَرِقَ الْبَصَرُ وَخَسَفَ الْقَمَرُ وَجُمِعَ الشَّمْسُ وَالْقَمَرُ

ဤသည် 'ကေယာမသ်'နေ့၏ အဖြစ်အပျက်များကို တင်ပြခြင်း ဖြစ်သည်။ بَرِقَ ၏ အဓိပ္ပာယ်မှာ မျက်စိများသည် မမြင်နိုင်အောင် ဇဝေဇဝါ ထိုင်မှိုင်းသွားသည်' ဟု ဖြစ်သည်။ 'ကေယာမသ်'နေ့တွင် မျက်စိများသည် ဇဝေဇဝါ ထိုင်မှိုင်း၍ သွားကြပေမည်။ မျက်စိများသည် လေးလံ၍ မည်သည့်အရာကိုမျှ မကြည့်နိုင် ဖြစ်သွားကြပေမည်။

خَسَفَ الْقَمَرُ

خَسَفَ သည် خُسُوْفٌ မှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'အလင်းရောင် ကုန်ခမ်း၍ မှောင်မိုက်သွားခြင်း' ဟု ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'လသည် လင်းရောင် ကင်းမဲ့သွားပေမည်'ဟု ဖြစ်သည်။ ရှေ့တွင်

وَجُمِعَ الشَّمْسُ وَالْقَمَرُ

တွင် ပြဆိုထားသည်မှာ 'လတစ်ခုတည်းသာ အလင်းရောင်ကင်းမဲ့သွားမည်မဟုတ်ဘဲ နေသည်လည်း အလင်းရောင်ကင်းမဲ့သွားပေမည်'ဟု ဖြစ်သည်။ ၄င်းနှင့် စပ်လျဉ်း၍ လောက၏ သိပ္ပံပညာရှင်များက 'အဓိကမူလအလင်းရောင်သည် နေ၌သာ ရှိသည်။ လ၏ အလင်းရောင်သည်လည်း နေ၏ အလင်းရောင်များမှ တစ်ဆင့် ဖြစ်ပေါ်သည်'ဟု ဆိုကြသည်။ အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ 'ကေယာမသ်နေ့တွင် နေနှင့် လတို့ နှစ်စင်းလုံးသည် အလင်းရောင်မဲ့သွားကြပေမည်'ဟု ဖြစ်သည်။ အချို့ပညာရှင်များက မိန့်ဆိုကြသည်မှာ လနှင့် နေတို့၏ စုရုံးခြင်းဟူသည့် သဘောမှာ ထိုနေ့တွင် လနှင့် နေနှစ်စင်းလုံးသည် ထွက်ပေါ်ရာတစ်ခုတည်းမှ ထွင်ကေ ခ လာကြပေလိမ့်မည်' ဟု ဖြစ်သည်။

အချို့ဟဒီးစ်ဆင့်ပြန်ချက်များတွင်လည်း ဤအတိုင်းပင် လာရှိသည်။

يُنَبَّؤُ الْاِنْسَانُ يَوْمَئِذٍ بِمَا قَدَّمَ وَاَخَّرَ

ဆိုလိုသည်မှာ ထိုနေ့တွင် လူသားတို့အဖို့ ၄င်းသည် ရှေ့သို့ အဘယ်အရာများ ကြိုတင်ပို့ခဲ့သည်ကိုလည်းကောင်း၊ နောက်တွင် မည်သည့်အရာများ ချန်ထားခဲ့သည်ကိုလည်းကောင်း၊ ထုတ်ဖော်အသိပေး

ခြင်းခံရပေမည်' ဟု ဖြစ်သည်။ ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ် ﷺ နှင့် အိဗ်နေအဗ္ဗားစ် ﷺ တို့က မိန့်ဆိုကြသည်မှာ 'မိမိ၏ သေခြင်းတရား ရောက်ရှိမလာမီ ပြုလုပ်ကျင့်ကြံခဲ့သော ကောင်းမှုများမှာ ရှေ့သို့ တင်ကြိုပို့နှင်သော အရာများဖြစ်ပြီး ကောင်းမှု၊ (သို့) မကောင်းမှုကိုလည်းကောင်း အကျိုးပြုသော အရာ (သို့) အကျိုးပျက်စေသော အရာဖြစ်သည့် ဓလေ့ထုံးစံတစ်ခုခုကိုလည်းကောင်း၊ နည်းလမ်းတစ်ခုခု ကိုလည်းကောင်း၊ နောက်မှ လူများ လိုက်နာပြုကျင့်ကြရန် ချန်ထားခဲ့သည်တို့သည် ၎င်းသူ၏ နောက်၌ ချန်ထားရစ်ခဲ့သော အရာများဖြစ်သည်' ဟူ၏။ (သို့ဖြစ်ပေရာ ၎င်းချန်ရစ်ခဲ့သည်တို့၏ 'စဝါးဗ်' (သို့) 'အဇားဗ်' အပြစ်ဒဏ်သည် ၎င်းသူ ရရှိလျက် ရှိနေပေမည်။)

ထို့ပြင် ဟဇရတ်ကသာဒဟ်က မိန့်ဆိုသည်မှာ مَاقَدَّمَ ၏ အလိုသဘောမှာ 'မိမိ၏ ဘဝသက်တမ်း၌ ပြုလုပ်ရင်း ကုန်ဆုံးခဲ့သော ကောင်းမှုလုပ်ရပ်များဖြစ်သည်။ مَاأَخَّرَ ၏ အလိုသဘာမှာ 'ပြုလုပ်နိုင်လျက် နှင့် မပြုဘဲ အားလပ်ချိန်များကို ဖြုန်းတီးခဲ့သော ကောင်းမှုများ ဖြစ်သည်' ဟူ၏။

بَلِ الْإِنسَانُ عَلَىٰ نَفْسِهِ بَصِيرَةٌ ۙ وَلَوْ أَلْقَىٰ مَعَاذِيرَهُ

بَصِيرٌ နှင့် بَصِيرَةٌ ၏ အဓိပ္ပာယ်မှာ 'ကြည့်မြင်သူ' ဟုလည်း လာရှိသည်။ ထို့ပြင် بَصِيرَةٌ ၏ အဓိပ္ပာယ်မှာ 'အထောက်အထား' ဟုလည်း လာရှိသည်။ ဥပမာ- ကုရ်အာန်ကျမ်းတော် မြတ်တွင်

قَدْ جَاءَكُم بَصَائِرُ مِن رَّبِّكُمْ

ဟု လာရှိသည်။ ဤနေရာတွင် بَصَائِرُ သည် بصيرة ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အဓိပ္ပာယ် မှာ 'အထောက်အထား' ဟု ဖြစ်သည်။ مَعَاذِيرَ နှင့် معذا သည် عُذر ၏ 'ဗဟုဝုစ်ကိန်း' ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'စင်စစ် တရားရုံးတော်၏ ဥပဒေ၏ ရှုထောင့်မှ လူသား၏ ကျင့်စဉ်အားလုံး တို့သည် 'ဟရှရ်' ကွင်းပြင်တွင် တစ်ခုချင်းစီ ပြုလုပ်၍ ပြသခြင်း ခံရပေမည်။ သို့ရာတွင် လူသားအဖို့မှာ ဤသို့ ပြသရန် မလိုအပ်ပေ။ အကြောင်းမှာ လူသားသည် မိမိ၏ ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များနှင့် စပ်လျဉ်း၍ 'မိမိသည် မည်သည့်အရာများ ပြုခဲ့သည်ကို ကောင်းစွာ သိရှိကြသောကြောင့် ဖြစ်သည်။ အလားတူ 'ဟရှရ်' ကွင်းပြင်တွင် မိမိ၏ ကျင့်စဉ်အားလုံးဖြစ်သော ကောင်းမှု၊ မကောင်းမှုများသည်လည်း ၎င်း၏ ရှေ့မှောက်တွင် ရောက်ရှိလာမည်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်

وَوَجَدُوا مَا عَمِلُوا حَاضِرًا

ဟူ၍ မိန့်ကြားတော်မူထားသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ 'လောက၌ ၎င်းတို့ ပြုလုပ်ခဲ့ကြ သည်များ 'မဟ်ရှရ်' တွင် အသင့်ရောက်ရှိနေသည်ကို တွေ့မြင်ကြရပေမည်' ဟု ဖြစ်သည်။ ထို့ပြင် မျက်စိ များဖြင့် တွေ့မြင်ကြရပေမည်။ ဤနေရာ၌ လူသားအဖို့ မိမိ၏ 'နဖ်စ်' အပေါ် بَصِيرَة 'မတွေ့မြင်သူ' ဟူ၍ မိန့်ကြားတော်မူထားသည်။

အကယ်၍ بصيرة ၏ အဓိပ္ပာယ်ကို 'အထောက်အထား' ဟု ယူမည်ဆိုလျှင် 'လူသားသည် မိမိကိုယ်မိမိအပေါ် အထောက်အထားဖြစ်ပေမည်။ လူသားသည် ငြင်းပယ်မှု ပြုလုပ်မည်ဆိုလျှင်ပင် ၎င်း၏ ခန္ဓာကိုယ် အစိတ်အပိုင်းတို့က ဝန်ခံကြပေမည်။ သို့ရာတွင် လူသားသည် မိမိ၏ ပြစ်မှုများကို သိရှိပါလျက် အကြောင်းပြချက်များ တင်ပြခြင်းကိုမူ စွန့်လွှတ်မည် မဟုတ်ပေ။ မိမိပြုလုပ်ခဲ့သည်တို့၏ ချွင်းချက်များ၊ အကြောင်းပြချက်များကို တင်ပြလျက်သာ ရှိနေပေမည်။ ဤအဓိပ္ပာယ်သည်ပင် ولو القى معاذير ၏ အဓိပ္ပာယ် ဖြစ်ပေသည်။

ဤနေရာသည် 'ကေယာမသ်'၏ အခြေအနေများနှင့် ကြောက်မက်ဖွယ်များကို တင်ပြခြင်း ဖြစ်သည်။ ရှေ့၌လည်း ဤအကြောင်းများပင် လာရှိမည်ဖြစ်သည်။ အလယ်မှ အာယသ်တော် (၄) ပါးတွင် 'ဝဟီ' ကျရောက်စဉ်က ကျရောက်ခဲ့ပြီးဖြစ်သော အာယသ်တော်များနှင့် စပ်လျဉ်းသော တမန်တော်မြတ် ﷺ အား အထူးမိန့်ကြားချက်တစ်ရပ်ကို ညွှန်ကြားတော်မူထားသည်။ ၎င်းတို့မှာ ဂျိဗ်ရာအီးလ် ﷺ သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်အချို့ကို ယူဆောင်လာပြီး ပို့ချပေးသောအခါ ကိုယ်တော်မြတ် ﷺ သည် ၎င်းအာယသ်တော်များကို ဖတ်သည့်အချိန်၌ သောကဖြစ်ရခြင်းမှာ ဤအာယသ်တော်များကို ကြားနာရခြင်းနှင့် ဤသို့ ကြားနာရသည့်အတိုင်း ဖတ်ကြားရာ၌ မည်သည့်ကွာခြားချက်မျှ မရှိစေရန်ဟူ၍ ဖြစ်သည်။

ဒုတိယပူပင်သောကမှာ 'ပို့ချပေးသော ကုရ်အာန်၏ အာယသ်တော်များမှ အချို့အစိတ်အပိုင်းများသည် ဦးနှောက်မှ ထွက်သွားပြီး မေ့လျော့သွားမည်ကို ပူပင်သောကဖြစ်ရခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ သည် ဂျိဗ်ရာအီးလ်အမီးန်က အာယသ်တော်တစ်ပါး ကြားနာစေသောအခါ ချက်ချင်း ဖတ်ရွတ်လျက် နှုတ်လျှာကို အလျင်အမြန် လှုပ်ရှား၍ အကြိမ်ကြိမ်ဖတ်ရွတ်ပြီး ၎င်းအာယသ်တော်များကို ကျက်မှတ်တော်မူခြင်း ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ ဤပင်ပန်းဆင်းရဲခံမှုကို ဝေးကွာစေရန်အတွက် ဤအာယသ်တော် (၄) ပါးတွင် အလ္လာဟ်အသျှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်ကို မှန်မှန်ကန်ကန် ဖတ်စေခြင်း၊ ကျက်မှတ်စေခြင်းနှင့် ဤကျမ်းတော်မြတ်ကို မွတ်စ္စလင်မ်တို့၏ ရှေ့မှောက်တွင် ထိုပုံစံအတိုင်း တင်ပြစေနိုင်ခြင်းတို့ကို တာဝန်ယူတော်မူလိုက်သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ အား 'အသင်သည် ဤရည်ရွယ်ချက်ဖြင့် နှုတ်လျှာကို အလျင်အမြန် လှုပ်ရှားစေခြင်းဖြင့် ဒုက္ခမခံလေနှင့်' ဟု မိန့်ကြားတော်မူလေသည်။

لَاتحرّكْ بِهٖ لِسا نكَ لِتعجلَ بِهٖ

၏ အလိုသဘောမှာ ဤအတိုင်းပင် ဖြစ်သည်။ ထို့နောက် အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ

اِنَّ عَلَيْنَا جَمْعَهٗ وَقُرْاٰنَهٗ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ဤအာယသ်တော်အားလုံးကို အသင်၏ နှလုံးသားတွင် စုစည်းပေးခြင်းနှင့် တစ်ဖန် ဤအာယသ်တော်များကို ချပေးသည့်အတိုင်း ဖတ်ကြားပြစေခြင်းအားလုံးသည် ငါအသျှင်မြတ်၏

တာဝန်ဖြစ်သည်။ ထို့ကြောင့် အသင်သည် ဤမည်သော ပူပင်သောကကို မထားလေနှင့်'ဟု ဖြစ်သည်။ ထို့နောက် မိန့်ကြားတော်မူသည်မှာ-

فَاِذَا قَرَاْنٰهُ فَاتَّبِعْ قُرْاٰنَهٗ

ဖြစ်သည်။ قُرْاٰن ကုရ်အာန်သည် ဤနေရာတွင် قِرَاْت 'ကိရအသ်' (ဖတ်ရွတ်ခြင်း) ဟု ဖြစ်သည်။ အဓိပ္ပာယ်မှာ 'ငါအသျှင်မြတ်ဘက်တော်မှ ဂျိဗ်ရာအီးလ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ကြားပြသသောအခါ အသင်သည် တစ်ချိန်တည်းတွင် တစ်ပြိုင်တည်း ဖတ်ကြားခြင်းမပြုဘဲ ငါအသျှင်မြတ်ဘက်တော်မှ ဖတ်ကြားပြီးနောက်မှ ဖတ်ကြားခြင်း ပြုပါလေ။ ထိုအချိန်တွင် ဆိတ်ငြိမ်လျက် နားထောင်နေပါလေ' ဟု ဖြစ်သည်။ ဤနေရာတွင် اتباع قُرْاٰن ၏ အလိုသဘောမှာ 'ဂျိဗ်ရာအီးလ်အမိန့်သည် ကုရ်အာန်ဖတ်ကြားပြသသောအခါ အသင် ဆိတ်ငြိမ်စွာ နေ၍ နားထောင်ပါလေ'ဟု ဖြစ်သည်။

အေမာမ်၏ နောက်တွင် 'မွတ်က်သဒီ'တို့သည် 'ကိရာအသ်' မဖတ်ရကြောင်း အထောက်အထား တစ်ရပ်

ဆွဟီးဟ်ဟဒီးစ်တော်တွင် လာရှိသည်မှာ အေမာမ်ဟူသည် ၎င်း၏ နောက်လိုက် အနွံအတာခံပြုရန်အတွက် ထားရှိခြင်းဖြစ်သည်။ ထို့ကြောင့် နောက်လိုက် 'မွတ်က်သဒီ'တို့သည် ၎င်း၏ နောက်လိုက်အဖြစ် အနွံအတာခံ၍ 'အိက်သိဒါ' ပြုရပေမည်။ အေမာမ်က 'ရုကူအ်' ပြုသောအခါ 'မုက္တသဒီ' အားလုံးတို့သည် 'ရုကူအ်'ပြုကြရပေမည်။ အေမာမ်က 'စဂျ်ဒဟ်'ပြုသောအခါ မုက္တသဒီအားလုံးတို့သည်လည်း 'စဂျ်ဒဟ်' ပြုကြရပေမည်။ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၏ ဆင့်ပြန်ချက်တွင် ထိုအကြောင်းနှင့်အတူ မိန့်ကြားသည်မှာ 'အေမာမ်သည် 'ကိရာအသ်'ဖတ်ရွတ်သောအခါ အသင်တို့သည် နှုတ်ဆိတ်၍ နားထောင်ကြလေကုန်။'

اذا قرأ فانصتوا ဟု ဖြစ်သည်။ ဤအမိန့်သည်လည်း အေမာမ်၏ နောက်လိုက်ပြုရန် ရည်ရွယ်သော တင်ပြမိန့်ကြားချက်ဖြစ်သည်။ 'ရုကူအ်'နှင့် 'စဂျ်ဒဟ်'တို့တွင် အေမာမ်နှင့်အတူတူ 'ရုကူအ်'နှင့် 'စဂျ်ဒဟ်'တို့တွင် အေမာမ်နှင့် အတူတူ 'ရုကူအ်'နှင့် 'စဂျ်ဒဟ်'လုပ်ရပ်များကို လုပ်ဆောင်ရပါသည်။ သို့ရာတွင် 'ကိရ်အသ်'(ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်ခြင်း) တွင် အေမာမ်နှင့်အတူ လိုက်နာလုပ်ဆောင်ရမည်မဟုတ်ဘဲ အေမာမ်က 'ကိရာအသ်'ဖတ်ရွတ် သောအခါ အသင်တို့သည် ဆိတ်ငြိမ်စွာနေ၍ နားထောင်ရမည်ဟု ဖြစ်သည်။ ဤသည်ပင် 'အေမာမ်၏ နောက်တွင် 'မုက္တသဒီ'တို့သည် 'ကိရာအသ်'ဖတ်ရွတ်ခြင်း မပြုရ' ဟူခြင်းနှင့် စပ်လျဉ်း၍ အေမာမ်အဘူဟနီဖာ (ရဟ) နှင့် အခြားသော အချို့အေမာမ်ကြီးများ၏ အထောက်အထားပင် ဖြစ်ပေသည်။

နောက်ဆုံးတွင် မိန့်ကြားတော်မူသည်မှာ-

ثُمَّ اِنَّ عَلَيۡنَا بَيَانَهٗ

ဖြစ်သည်။ အလိုသဘောမှာ 'အသင်သည် ဤသောကကိုလည်း မိမိအပေါ်တွင် တင်မထားလေနှင့်။ အဘယ်ကြောင့်ဆိုသော် 'ကျရောက်ခဲ့ပြီးဖြစ်သော အာယသ်တော်များ၏ မှန်ကန်သော အဓိပ္ပာယ်နှင့် အလိုသဘောမှာ မည်သို့ဖြစ်သနည်းဟူသော သောကမထားလေနှင့်' ဟု ဖြစ်သည်။ ထိုအရာများကို သိနားလည်စေခြင်းမှာလည်း ငါအသျှင်မြတ်၏ တာဝန်သာ ဖြစ်သည်။ ငါအသျှင်မြတ်သည် ကုရ်အာန်၏ စာလုံးတိုင်း၊ စာလုံးတိုင်းနှင့် ၎င်းတို့၏ အလိုသဘောကို အသင့်အား နားလည်သဘောပေါက်စေရန် ရှင်းလင်းစွာ ပြပေးတော်မူမည်' ဟု ဖြစ်သည်။

ဤအာယသ်တော် (၄) ပါးတွင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ယင်းကျမ်းတော်မြတ်အား ဖတ်ရွတ်ခြင်း စသည်တို့နှင့် စပ်လျဉ်းသော အမိန့်တော်များကို တင်ပြပြီးနောက် ရှေ့တွင် 'ကေယာမသ်'၏ အဖြစ်အပျက် အခြေအနေများနှင့် ကြောက်မက်ဖွယ်ရာအကြောင်းမှ ကျန်ရှိသည်တို့ကို တင်ပြချက်များ လာရှိသည်။ ဤနေရာတွင် စာဒကမေးခွန်းတစ်ခု ပေါ်ပေါက်လာသည်မှာ 'ဤအာယသ်တော် (၄) ပါးသည် ရှေ့၊ နောက် အာယသ်တော်များနှင့် ဆက်နွယ်မှု၊ ဆက်စပ်မှုသည် မည်သည့်အရာဖြစ်ပါသနည်း'ဟူသော မေးခွန်းဖြစ်သည်။ ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ၎င်း၏ ဆက်နွယ်မှု၊ ဆက်စပ်မှုကို တင်ပြထားသည်မှာ 'ဤအာယသ်တော်များ၏ အလျင် 'ကေယာမသ်' ၏ အဖြစ်အပျက်၊ အခြေအနေများကို တင်ပြမိန့်ကြားရာတွင် 'အလ္လာဟ်အသျှင်မြတ်၏ နက်ရှိုင်းကျယ်ဝန်းသော အသိရွှေဉာဏ်တော်မှာ လူသားတစ်ဦးချင်းတိုင်း၏ နဂိုမူလကရှိသော ရုပ်ဆင်းသဏ္ဍာန်အတိုင်း ပြန်လည် ဖန်ဆင်းတော်မူပေမည်။ ယုတ်စွအဆုံး လူသား၏ လက်ချောင်းလေးများ၏ လက်ဆစ်များကိုလည်းကောင်း၊ ထိုလက်ဆစ်များ၏ အပေါ်၌ ဖြစ်ပေါ်နေသည့် လက်ဗွေပုံစံများကိုလည်းကောင်း၊ လုံးဝ ဥဿုံ မူလအတိုင်းပင် ဖန်ဆင်းပေးတော်မူမည် ဖြစ်သည်။ ဤသို့ ဖန်ဆင်းရာတွင် မည်သည့်ကွာဟချက်မျှ ရှိမည်မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်၏ အသိရွှေဉာဏ်တော်သည် အတိုင်းအတာမဲ့ ဖြစ်သည့်အတွက် ဤဖန်ဆင်းမှုသည် မည်သည့်အချိန်တွင်မဆို ဖြစ်နိုင်သည်။ ထိုအသျှင် မြတ်၏ တိုင်းတာရေတွက်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းမှာလည်း တုပနှိုင်းယှဉ်ခဲ့ပေသည်။ ထိုအကြောင်းအချက်များအားဖြင့် တမန်တော်မြတ် ﷺ အား ဤအာယသ်တော် (၄) ပါးတွင် 'အသင်သည် မေ့လျော့ခြင်းလည်း ဖြစ်နိုင်သည်။ လူတို့အား ဆင့်ပြန်ပြောကြားရာ၌ မှားယွင်းမှုလည်း ဖြစ်နိုင်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ တာဝန်ခံအဖြစ် အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်တိုင် တာဝန်ယူတော်မူထားသည်။ ထို့ကြောင့် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးများကို ကျက်မှတ်ထိန်းသိမ်းခြင်း၊ (သို့) ၎င်း၏ အဓိပ္ပာယ်ကို နားလည်ခြင်းနှင့် စပ်လျဉ်း၍ စဉ်းစားရန် မကြိုးစားလေနှင့်။ ဤကိစ္စအားလုံးကို အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင်ကပင် စီမံတော်မူပေမည်' ဟူ၍ နှစ်သိမ့်ထားတော်မူသည်။

ရှေ့တွင် 'ကေယာမသ်'၏ အခြေအနေများကို တင်ပြသည်မှာ-

وُجُوهٌ يَّوۡمَئِذٍ نَّاضِرَةٌ اِلٰى رَبِّهَا نَاظِرَةٌ

ဟု ဖြစ်သည်။ نَاضِرَةٌ ၏ အဓိပ္ပာယ်မှာ 'လန်းဆန်းခြင်း' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ထိုနေ့တွင် အချို့သူတို့၏ မျက်နှာများသည် လန်းဆန်းရွှင်လန်းနေမည်'ဟု ဖြစ်သည်။

اِلٰى رَبِّهَا نَاظِرَةٌ

ဆိုလိုသည်မှာ 'ဤမျက်နှာတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို ကြည့်လျက် ရှိနေကြပေမည်'ဟု ဖြစ်သည်။ ဤအချက်အားဖြင့် အတည်ဖြစ်သည်မှာ 'တမလွန်တွင် 'ဂျန္နသ်' သုခဘုံသားတို့သည် အလ္လာဟ်အသျှင်မြတ်အား မျက်စိများဖြင့် တွေ့မြင်၍ ဖူးမျှော်ရပေမည်' ဟု ဖြစ်သည်။ ဤသည့်အပေါ် 'အဟ်လေ့စွန္နသ်ဝလ်ဂျမာအသ်'၊ အိုလမာသာသနာ့ပညာရှင်များနှင့် ဖိကာဟ် ပညာရှင်များမှာ 'အိဂျ်မာအ်'တစ်ညီတစ်ညွတ်တည်း ဖြစ်သည်။ ငြင်းပယ်ရသည့် အကြောင်းမှာ အတွေးအခေါ် ပညာအရ စောဒကတက်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တွေ့မြင်သူနှင့် တွေ့မြင်ခံရသူတို့၏ အကြား အကွာအဝေးအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံ၏ ကြားတွင် သတ်မှတ်၍ မရနိုင်ပေ။ 'အဟ်လိစွန္နသ်ဝလ်ဂျမာအသ်'၏ လမ်းစဉ်မှာ တမလွန်တွင် အလ္လာဟ် အသျှင်မြတ်အား ဖူးမျှော်ရခြင်းတွင် ထိုစည်းကမ်းချက်အားလုံး မလိုအပ်ပေ။ မည်သည့်ရှုထောင့်မှဖြစ်စေ၊ မည်သည့်ပုံသဏ္ဌာန်အရဖြစ်စေ ထိုစည်းကမ်းချက်များနှင့် မသက်ဆိုင်ပေ။ ဟဒီးစ်ဆင့်ပြန်ချက်များအား ဖြင့် ဤအကြောင်းအရာသည် ပို၍ပင် ထင်ရှားပေါ်လွင်ပေသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်ရခြင်းတွင် 'ဂျန္နသ်'သုခဘုံသားတို့၌ အဆင့်အတန်းအမျိုးမျိုး ကွဲပြားကြပေမည်။ အချို့သူတို့မှာ ဤ ဖူးမျှော်ခွင့်ကို တစ်ပတ်တွင် သောကြာနေ့တစ်ကြိမ် ရရှိပေမည်။ အချို့မှာ နေ့စဉ်နံနက်နှင့် ညနေ ဖူးမျှော် ခွင့် ရရှိကြမည်။ အချို့မှာ ဤသို့ ဖူးမျှော်ခွင့်သည် အချိန်တိုင်း အခြေအနေတိုင်းတွင် ရလျက် ရှိနေကြပေမည်။ *[မဇှဟ်ရီကျမ်း]*

كَلَّا اِذَا بَلَغَتِ التَّرَاقِيَ ۝ وَقِيۡلَ مَنۡ ٜ رَاقٍ ۝ وَظَنَّ اَنَّهُ
الۡفِرَاقُ ۝ وَالۡتَفَّتِ السَّاقُ بِالسَّاقِ اِلٰى رَبِّكَ يَوۡمَئِذٍ الۡمَسَاقُ ۝

ရှေ့၌ တင်ပြပြီးသော အာယသ်တော်များတွင် 'ကေယာမသ်'၏ စာရင်းစစ်ဆေးခြင်း၊ 'ဂျန္နသ်' သုခဘုံသားတို့နှင့် 'ဂျဟန္နမ်'ငရဲဘုံသားတို့၏ အချို့သော အခြေအနေများကို တင်ပြမိန့်ကြားတော်မူပြီး နောက် ဤအာယသ်တော်တွင် လူသားတို့ဘက်သို့ လှည့်တော်မူသည်မှာ 'မိမိ၏ သေခြင်းတရားကို မေ့လျော့ ခြင်း မပြုကြလေနှင့်။ မသေဆုံးမီအလျင် အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများဘက်သို့ လာကြလေကုန်။ သို့မှသာ တမလွန်၌ လွတ်မြောက်အောင်မြင်ပေမည်'ဟု ဖြစ်သည်။ ဖော်ပြပါ အာယသ်တော်တွင် သေခြင်း

တရား၏ ဇယားကွက်ကို ဆွဲပြထားသည်မှာ 'မေ့မောခြင်းများဖြင့် လူသားသည် မေ့လျော့၍သာ နေခဲ့ပေသည်။ နောက်ဆုံးတွင် သေခြင်းတရားသည် ဦးခေါင်းပေါ်သို့ ရောက်ရှိလာပေမည်။ ထို့နောက် အသက်ဇီဝိန်သည် လည်ဂုတ်၏ ညှပ်ရိုးများသို့ ရောက်ရှိလာသောအခါ လူနာစောင့်တို့သည် ဆေးဝါးကုသခြင်းကို လက်လျှော့၍ မန်းမှုတ်သူများကို ရှာဖွေကြပေလိမ့်မည်။ ခြေသလုံးတစ်ခုသည် အခြားခြေသလုံးတစ်ခုနှင့် ပူးကပ်သွားသောအခါ ၎င်းလူမမာသည် မိမိအဖို့ ဤအချိန်သည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးသို့ ရောက်ရှိတော့မည်ကို သိရှိယုံကြည်သွားပေမည်။ ယခုအခါ 'သောင်ဗာဟ်'လည်း လက်မခံတော့ပေ။ မည်သည့် 'အမလ်'ကျင့်စဉ်ကိုမျှလည်း လက်မခံတော့ပေ။ ထို့ကြောင့် အသိတရားရှိသူများအဖို့မှာ ထိုအချိန်မရောက်ရှိမီအလျှင် ပြုပြင်ရန် သောကထားရန် တာဝန်ရှိပေသည်။

وَالۡتَفَّتِ السَّاقُ بِالسَّاقِ

တွင် سَاقٌ ဟူသော စာလုံးသည် 'ခြေသလုံး'ဟု ဖြစ်သည်။ ဤနေရာတွင် ခြေသလုံးတစ်ခုနှင့် တစ်ခု ပူးကပ်သွားခြင်းဟု ဆိုရာ၌ ဖြစ်နိုင်သည့် အလိုသဘော မှာ 'ထိုအချိန်တွင် ဒုက္ခခံစားမှုနှင့် မငြိမ်မသက်ဖြစ်မှုတို့ကြောင့် ခြေသလုံးတစ်ခုကို အခြားခြေသလုံးပေါ်၌ ရိုက်ချခြင်း ဖြစ်ပေမည်။ အခြားဖြစ်နိုင်သော အဓိပ္ပာယ်တစ်မျိုးမှာ 'ထိုအချိန်တွင် အကယ်၍ ခြေထောက်တစ်ခုသည် အခြားခြေထောက်ပေါ်၌ တင်ထားခြင်းဖြစ်၍ ထိုခြေထောက်ကို လှုပ်ရှား၍ ဖယ်လိုပါက ထိုသူ့အဖို့ ဤသို့ ပြုနိုင်စွမ်း ရှိမည်မဟုတ်ပေ' ဟု ဖြစ်သည်။ *[ရှအ်ဗီ၊ ဟစန်]*

ဟဇရသ်အိဗ်နေအဗ္ဗာဇ် ﷺ သခင်က မိန့်သည်မှာ 'ဤနေရာ၌ ခြေသလုံးနှစ်ခု' ဟု ဆိုခြင်းမှာ လောကီနှင့် လောကုတ္တရာနှစ်ဌာနကို ဆိုလိုခြင်းဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ 'ထိုအချိန်သည် လောက၏ နောက်ဆုံးနေ့နှင့် လောကုတ္တရာ၏ ပထမဆုံးနေ့ ဖြစ်သည်။ ထို့ကြောင့် လောကီကို စွန့်ခွာရခြင်း၏ ပူဆွေးမှုနှင့် လောကုတ္တရာ၏ အရေးကိစ္စများအတွက် သောကများဖြစ်ခြင်းတို့၌ နှစ်ပြန်ဒုက္ခတွင် ကျရောက်ရခြင်း ဖြစ်သည်။

اَوۡلٰى لَكَ فَاَوۡلٰى ثُمَّ اَوۡلٰى لَكَ فَاَوۡلٰى

اَوۡلٰى ဟူသော စာလုံးသည် وَيۡلٌ မှ ပြောင်းလဲသော စာလုံးဖြစ်သည်။ وَيۡلٌ ၏ အဓိပ္ပာယ်မှာ 'ပျက်စီးခြင်း' ဟု ဖြစ်သည်။ ဤနေရာတွင် ငြင်းပယ်မှုနှင့် မဟုတ်မမှန်ဟု စွပ်စွဲငြင်းဆိုခြင်းတို့ကိုသာ မိမိ၏ လုပ်ရိုးလုပ်စဉ်အဖြစ် ထားရှိ၍ လောက၏ ဥစ္စာစည်းစိမ်များ၌ မေ့မောနေသူသည် ထိုလုပ်ရပ်အပေါ်၌ပင် သေဆုံးခဲ့ရာ ထိုသူ့အတွက် (၄) ကြိမ်တိုင် ပျက်စီးခြင်း၏ စာလုံးကို အသုံးပြုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သေဆုံးကွယ်လွန်ချိန်၌လည်းကောင်း၊ သေဆုံးပြီးနောက် 'ကဗရ်'၌လည်းကောင်း၊

တစဖန် 'ဟရှ်ရ်'နှင့် 'နရှ်ရ်'၌လည်းကောင်း၊ ထို့နောက်တစ်ဖန် 'ဂျဟန္နမ်'အပယ်ငရဲဘုံ၌ ဝင်ရောက်သော အချိန်၌လည်းကောင်း၊ ဒုက္ခများနှင့် ပျက်စီးခြင်းများသည် အသင့်အဖို့ ဝေစုဖြစ်ပေမည်။

اَلَيْسَ ذٰلِكَ بِقٰدِرٍ عَلٰٓى اَنْ يُّحْيِىَ الْمَوْتٰى

ဆိုလိုသည်မှာ 'မြင့်မြတ်မွန်ကန်တော်မူသော ဇာတိတော် အသျှင်မြတ်၏ တန်ခိုးတော်၏ ပိုင်ဆိုင်မှု လက်ဝယ်တွင် သေခြင်း၊ ရှင်ခြင်းနှင့် လောကအပေါင်း ရှိသည်မဟုတ်ပါလော။ ထိုအသျှင်မြတ်သည် သူသေများကို ပြန်လည်အသက်ရှင်စေသည် မဟုတ်ပါသလော။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'မည်သူမဆို စူရာဟ် 'ကေယာမသ်'၏ ဤအာယသ်တော်ကို ဖတ်ရွတ်ပါမူ

بَلٰى وَاَنَا عَلٰى ذٰلِكَ مِنَ الشّٰهِدِيْنَ

ဟူသော စာပိုဒ်ကို ဖတ်ရပေမည်။ ဆိုလိုသည်မှာ 'ကေန်မုချ ထိုအသျှင်မြတ်သည် ဤသည့်အပေါ်၌ စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထို့ပြင် ကျွန်တော်မျိုးသည် ဤသည့်အပေါ် သက်သေခံသူများတွင် ပါဝင်သူ ဖြစ်ပါသည်' ဟူ၍။

ဤဟဒီးစ်တော်ရှိ ဤစာလုံးများသည် စူရာဟ် 'ဝသ်သီးန်'၏ နောက်ဆုံးဖြစ်သော

اَلَيْسَ اللّٰهُ بِاَحْكَمِ الْحٰكِمِيْنَ

ဟူသည့် အာယသ်တော်ကို ဖတ်ရွတ်သည့်အခါ၌လည်း ဆိုရန် ညွှန်ကြား သင်ပြတော်မူထားသည်။ ဤဟဒီးစ်တော်တွင် ထပ်မံ မိန့်ကြားထားသည်မှာ စူရာဟ်'မုရ်စလားသ်'၏

فَبِاَيِّ حَدِيْثٍ بَعْدَهٗ يُؤْمِنُوْنَ

ဟူသော အာယသ်တော်ကို ဖတ်သည့်အခါ اٰمَنَّا بِاللّٰهِ ကို ဖတ်ရမည့် အကြောင်းလည်း ပါရှိပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ် ဒဟ်ရ်

မေက် ကကျာ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

هَلْ اَتٰى عَلَى الْاِنْسَانِ حِيْنٌ مِّنَ الدَّهْرِ لَمْ يَكُنْ شَيْـًٔا مَّذْكُوْرًا ﴿١﴾

၇၆ : ၁ ။ ။ လူသား၏ အပေါ်ဝယ် ခေတ်ကာလအနက် အချိန်တစ်ချိန်သည် ကေန်အမှန် ရောက်ရှိခဲ့၏။ ထိုလူသားသည် (ယင်းအချိန်၌) ပြောပလောက်သော၊ ကိုးကားရည်ညွှန်းလောက်သော အရာဝတ္ထု တစ်စုံတစ်ရာမျှပင် မဖြစ်ခဲ့ပေ။

اِنَّا خَلَقْنَا الْاِنْسَانَ مِنْ نُّطْفَةٍ اَمْشَاجٍ ۖ نَّبْتَلِيْهِ فَجَعَلْنٰهُ سَمِيْعًا ۢ بَصِيْرًا ﴿٢﴾

၇၆ : ၂ ။ ။ ကေန်စင်စစ် ငါအသျှင်မြတ်သည် လူသားအား စမ်းသပ်လိုတော်မူသောအားဖြင့် ရောနှောပေါင်းစပ်ထားသော ကာလလရေကြည်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်းအား ကြားသူ၊ မြင်သူ ပြုလုပ်တော်မူခဲ့၏။

اِنَّا هَدَيْنٰهُ السَّبِيْلَ اِمَّا شَاكِرًا وَّاِمَّا كَفُوْرًا ﴿٣﴾

၇၆ : ၃ ။ ။ ကေန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းအား တရားလမ်းမှန်ကို ပြသတော်မူခဲ့၏။ (ထို့နောက် ၎င်းမှာ) ကျေးဇူးသိတတ်သူသော်လည်းကောင်း၊ လွန်စွာ ကျေးဇူးကန်းသူသော်လည်းကောင်း ဖြစ်ခဲ့၏။ (တစ်နည်း) ကေန်စင်စစ် ငါအသျှင်မြတ်သည် ထိုလူသားအား ၎င်းသည် ကျေးဇူးတင်သည်ဖြစ်စေ၊ ကျေးဇူးကန်းသည်ဖြစ်စေ တရားလမ်းမှန်ကို ပြသတော်မူခဲ့၏။

اِنَّا اَعْتَدْنَا لِلْكٰفِرِيْنَ سَلٰسِلَا۟ وَاَغْلٰلًا وَّسَعِيْرًا ﴿٤﴾

၇၆ : ၄ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူ၏ အဖို့ သံကြိုးများကိုလည်းကောင်း၊ လည်ကွင်းများကိုလည်းကောင်း၊ အလျှံပြောင်ပြောင် တောက်လောင်လျက် ရှိသော မီးကိုလည်းကောင်း အဆင်သင့် ပြုလုပ်ထားတော်မူ၏။

إِنَّ الْأَبْرَارَ يَشْرَبُونَ مِن كَأْسٍ كَانَ مِزَاجُهَا كَافُورًا ۝٥

၇၆ : ၅ ။ ။ ကေန်စင်စစ် သူတော်သူမြတ်တို့သည် ပရုပ်ရောစပ်ထားသော အရက်အပြည့်အလျှံရှိသော ခွက်မှ သောက်သုံးကြရပေမည်။

عَيْنًا يَشْرَبُ بِهَا عِبَادُ اللَّهِ يُفَجِّرُونَهَا تَفْجِيرًا ۝٦

၇၆ : ၆ ။ ။ အလ္လာဟ်အသျှင်မြတ်၏ (ထူးကဲမြင့်မြတ်သော) ကျွန်တို့သည် အကြင်စမ်းမှ၊ ထိုစမ်းချောင်းမှ သောက်သုံးကြပေမည်။ ၎င်းတို့သည် ယင်းစမ်းချောင်းကို (အလိုရှိရာသို့) လွယ်လင့်တကူ စီးဆင်းစေကြပေမည်။

يُوفُونَ بِالنَّذْرِ وَيَخَافُونَ يَوْمًا كَانَ شَرُّهُ مُسْتَطِيرًا ۝٧

၇၆ : ၇ ။ ။ ထို (ထူးကဲမြင့်မြတ်သော) ကျွန်တို့မှာ (မိမိတို့၏) တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်လေ့ ရှိကြသည့်အပြင် အကြင်နေ့ကိုလည်း စိုးရိမ်ကြောက်ရွံ့လေ့ ရှိကြကုန်၏။ ထိုနေ့၏ ဘေးအန္တရာယ်မှာ ကျယ်ပြန့်စွာ ပျံ့နှံ့လျက်ရှိပေမည်။

وَيُطْعِمُونَ الطَّعَامَ عَلَىٰ حُبِّهِ مِسْكِينًا وَيَتِيمًا وَأَسِيرًا ۝٨

၇၆ : ၈ ။ ။ ၎င်းပြင် ထိုသူတို့သည် အစားအစာကို ခုံမင်စုံမက်ကြလျက်နှင့်ပင် ထိုအသျှင်မြတ်အား ချစ်ကြည်မြတ်နိုးသောကြောင့် သူဆင်းရဲတို့အားလည်းကောင်း၊ ဖမဲ့ကလေးသူငယ်တို့အားလည်းကောင်း၊ သုံ့ပန်းတို့အားလည်းကောင်း ကျွေးမွေးကြကုန်၏။

إِنَّمَا نُطْعِمُكُمْ لِوَجْهِ اللَّهِ لَا نُرِيدُ مِنكُمْ جَزَاءً وَلَا شُكُورًا ۝٩

၇၆ : ၉ ။ ။ (ထို 'ကျွန်'များက) 'ကျွန်ုပ်တို့သည် အသင်တို့အား အလ္လာဟ်အသျှင်မြတ်အား ရည်စူး၍သာလျှင် ကျွေးမွေးကြ၏။ ကျွန်ုပ်တို့သည် အသင်တို့ထံမှ မည်သည့်အကျိုးကျေးဇူးကိုမျှလည်းကောင်း၊ မည်သည့်ကျေးဇူးတင်ခြင်းကိုမျှလည်းကောင်း ရည်စူးကြသည် မဟုတ်ပေ။'

إِنَّا نَخَافُ مِن رَّبِّنَا يَوْمًا عَبُوسًا قَمْطَرِيرًا ۝١٠

၇၆ : ၁၀ ။ ။ ကေန်မလွဲ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ဖြစ်သော ကြမ်းကြုတ်ခက်ထန်လှစွာသော နေ့ကို ကြောက်ရွံ့စိုးရိမ်ကြကုန်၏' (ဟု ပြောပြကြကုန်၏။)

فَوَقٰهُمُ اللّٰهُ شَرَّ ذٰلِكَ الْيَوْمِ وَ لَقّٰهُمْ نَضْرَةً وَّسُرُوْرًا ⑪

၇၆ : ၁၁ ။ ။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ထိုနေ့၏ ဘေးအန္တရာယ်မှ လွတ်ကင်းစေတော်မူပေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ထိုသူတို့အား ရွှင်လန်းမှုနှင့်လည်းကောင်း၊ ဝမ်းမြောက်ပျော်ရွှင်မှုနှင့်လည်းကောင်း တွေ့ကြုံစေတော်မူပေမည်။

وَجَزٰىهُمْ بِمَا صَبَرُوْا جَنَّةً وَّحَرِيْرًا ⑫

၇၆ : ၁၂ ။ ။ ထို့ပြင် ၎င်းတို့အား ထိုအသျှင်မြတ်သည် သည်းခံခြင်းတရား ထားရှိခဲ့ကြသောကြောင့် 'ဂျန္နသ်' သုခဘုံကိုလည်းကောင်း၊ ပိုးထည် (အဝတ်အစားများ) ကိုလည်းကောင်း အစားပေးတော်မူပေမည်။

مُّتَّكِـِٕيْنَ فِيْهَا عَلَى الْاَرَآئِكِ ۚ لَا يَرَوْنَ فِيْهَا شَمْسًا وَّلَا زَمْهَرِيْرًا ⑬

၇၆ : ၁၃ ။ ။ (၎င်းတို့သည်) ယင်း 'ဂျန္နသ်' သုခဘုံ၌ သလွန်များထက်ဝယ် (မှီအုံးများကို) မှီ၍ ထိုင်နေကြပေမည်။ ၎င်းတို့သည် ယင်း 'ဂျန္နသ်' သုခဘုံ၌ နေ၏ အပူရှိန်၌လည်းကောင်း ခံရခက်သော အအေးကိုလည်းကောင်း တွေ့ရှိကြမည် မဟုတ်ပေ။

وَدَانِيَةً عَلَيْهِمْ ظِلٰلُهَا وَذُلِّلَتْ قُطُوْفُهَا تَذْلِيْلًا ⑭

၇၆ : ၁၄ ။ ။ ၎င်းပြင် ယင်း ('ဂျန္နသ်' သုခဘုံမှ) သစ်ပင်များမှာ ၎င်းတို့အပေါ်၌ ကိုင်းညွတ်လျက် ရှိကြပေမည်။ ထို့ပြင် ယင်း 'ဂျန္နသ်'တွင် အပြွတ်လိုက် သီးသော သစ်သီးဝလံတို့မှာ ညွတ်ကျလျက် ရှိကြပေမည်။

وَيُطَافُ عَلَيْهِمْ بِاٰنِيَةٍ مِّنْ فِضَّةٍ وَّاَكْوَابٍ كَانَتْ قَوَارِيْرَا۠ ⑮

၇၆ : ၁၅ ။ ။ ထို့ပြင် ၎င်းတို့ထံ ငွေပန်းကန်များသည်လည်းကောင်း၊ ဖန်ခွက်များသည်လည်းကောင်း လှည့်လည် ရောက်ရှိနေပေမည်။

قَوَارِيْرَا۠ مِنْ فِضَّةٍ قَدَّرُوْهَا تَقْدِيْرًا ⑯

၇၆ : ၁၆ ။ ။ ငွေဖြင့်ပြီးသော ဖန်များ ဖြစ်ကြပေမည်။ (ဖြည့်ထားသူတို့သည်) ယင်းဖန်ခွက်များကို သင့်လျော်စွာ ချိန်ဆ၍ ဖြည့်ထားကြပေမည်။

وَيُسْقَوْنَ فِيْهَا كَاْسًا كَانَ مِزَاجُهَا زَنْجَبِيْلًا ⑰

၇၆ : ၁၇ ။ ။ ထို့ပြင် ၎င်းတို့သည် ယင်း 'ဂျန္နသ်' သုခဘုံ၌ ချင်းရောစပ်ထားသည့် အရက် အပြည့်အလျှံပါသော ခွက်များဖြင့် တိုက်ကျွေးခြင်းကို ခံကြရပေမည်။

عَيْنًا فِيهَا تُسَمَّىٰ سَلْسَبِيلًا ﴿١٨﴾

၇၆ : ၁၈ ။ ။ ယင်း 'ဂျန္နသ်'သုခဘုံ၌ ရှိသော 'စလ်စဗီလ်'ဟူ၍ အမည်မှည့်ခေါ်ခြင်းခံရသော စမ်းမှ။

وَيَطُوفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُونَ إِذَا رَأَيْتَهُمْ حَسِبْتَهُمْ لُؤْلُؤًا مَّنثُورًا ﴿١٩﴾

၇၆ : ၁၉ ။ ။ ထို့ပြင် ၄င်းတို့ထံတွင် အသက်သေဆုံးခြင်းမရှိဘဲ အမြဲထာဝစဉ် နုငယ်လျက် ရှိကြမည်ဖြစ်သော သူငယ်တို့သည် လှည့်ပတ်သွားလာ (ပြုစု) လျက် ရှိကြပေမည်။ အသင်သည် ၄င်းတို့အား တွေ့မြင်သောအခါ ၄င်းတို့မှာ ကြဲဖြန့်ထားသော ပုလဲများဖြစ်သည်ဟူ၍ပင် ထင်မှတ်ပေမည်။

وَإِذَا رَأَيْتَ ثَمَّ رَأَيْتَ نَعِيمًا وَمُلْكًا كَبِيرًا ﴿٢٠﴾

၇၆ : ၂၀ ။ ။ ၄င်းပြင် အသင်တို့သည် ထိုနေရာတွင် ကြည့်သောအခါ၊ ထူးကဲ ကြီးကျယ်လှစွာသော စည်းစိမ်ကိုလည်းကောင်း၊ စိုးမိုးအုပ်ချုပ်မှု ဂုဏ်ရည် အဆင့်အတန်းကိုလည်းကောင်း တွေ့ရှိရပေမည်။

عَالِيَهُمْ ثِيَابُ سُندُسٍ خُضْرٌ وَإِسْتَبْرَقٌ ۖ وَحُلُّوا أَسَاوِرَ
مِن فِضَّةٍ وَسَقَاهُمْ رَبُّهُمْ شَرَابًا طَهُورًا ﴿٢١﴾

၇၆ : ၂၁ ။ ။ ၄င်းတို့ (၏ ခန္ဓာကိုယ်များ) ပေါ်၌ အစိမ်းရောင်ပိုးထည် အပါးစား အဝတ်များသည်လည်းကောင်း၊ (ရွှေချည်ဖြင့် ပန်းထိုးထားသော) ပိုးထည်အထူစား အဝတ်များသည်လည်းကောင်း ရှိကြပေမည်။ ထို့ပြင် ၄င်းတို့သည် ငွေလက်ကောက်၊ လက်ကြပ်များဖြင့် တန်ဆာဆင်ယင်ပေးခြင်းကိုလည်း ခံကြရပေမည်။ ထို့ပြင် ၄င်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသင်မြတ်သည် ၄င်းတို့အားလွန်စွာ သန့်ရှင်းစင်ကြယ်သော အရက်ကို တိုက်ကျွေးတော်မူပေမည်။

إِنَّ هَٰذَا كَانَ لَكُمْ جَزَاءً وَكَانَ سَعْيُكُم مَّشْكُورًا ﴿٢٢﴾

၇၆ : ၂၂ ။ ။ ဧကန်မလွဲ ဤသည် အသင်တို့အား (ချီးမြှင့်တော်မူသော) အကျိုးကျေးဇူးပင် ဖြစ်၏။ စင်စစ် အသင်တို့၏ ကြိုးပမ်းမှုသည် (အသျှင်မြတ်၏ ထံတော်၌) ကျေနပ်လက်ခံပြီး ဖြစ်ပေသည်။

إِنَّا نَحْنُ نَزَّلْنَا عَلَيْكَ الْقُرْآنَ تَنزِيلًا ﴿٢٣﴾

၇၆ : ၂၃ ။ ။ (အို၊ နဗီတမန်တော်) ဧကန်မလွဲ ငါအသျှင်မြတ်သည်သာလျှင် အသင့်အပေါ်ဝယ် ကုရ်အာန်ကျမ်းတော်မြတ်ကို တစ်ဖြည်းဖြည်း ချပေးတော်မူခဲ့၏။

فَاصْبِرْ لِحُكْمِ رَبِّكَ وَلَا تُطِعْ مِنْهُمْ آثِمًا أَوْ كَفُورًا ﴿٢٤﴾

၇၆ : ၂၄ ။ ။ သို့ဖြစ်ပေရာ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်အပေါ်၌ ကြံ့ခိုင်စွာ ရပ်တည်၍ နေပါလေ။ ၎င်းပြင် အသင်သည် ထိုသူတို့အနက်မှ မည်သည့် အပြစ်ကျူးလွန်သူ၏ ပြောဆိုချက်ကိုမျှ သော်လည်းကောင်း၊ မည်သည့်သွေဖည်ငြင်းပယ်သူ၏ ပြောဆိုချက်ကိုမျှသော်လည်းကောင်း မလိုက်နာပါလေနှင့်။

وَاذْكُرِ اسْمَ رَبِّكَ بُكْرَةً وَأَصِيلًا ﴿٢٥﴾

၇၆ : ၂၅ ။ ။ ထို့ပြင် အသင်သည် နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း၊ အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသော အသျှင်မြတ်၏ နာမတော်ကို တသစ်းဖြန်းပါလေ။

وَمِنَ اللَّيْلِ فَاسْجُدْ لَهُ وَسَبِّحْهُ لَيْلًا طَوِيلًا ﴿٢٦﴾

၇၆ : ၂၆ ။ ။ တစ်ဖန် အသင်သည် ညဉ့်၏ အစိတ်အပိုင်းတစ်ခုခု၌လည်း ထိုအသျှင်မြတ်အား 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချ ပါလေ။ ထို့ပြင် အသင်သည် ညဉ့်၏ ရှည်လျားစွာသော အစိတ်အပိုင်း၌ ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။

إِنَّ هَٰؤُلَاءِ يُحِبُّونَ الْعَاجِلَةَ وَيَذَرُونَ وَرَاءَهُمْ يَوْمًا ثَقِيلًا ﴿٢٧﴾

၇၆ : ၂၇ ။ ။ ဧကန်စင်စစ် ဤသူတို့သည် လောကီဘဝကို နှစ်သက်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ခက်ခဲကြီး လေးလှစွာသော နေ့တစ်နေ့ကိုမူ မိမိတို့၏ နောက်တွင် စွန့်ပစ်၍ ထားကြကုန်၏။ (တစ်နည်း) သို့ရာတွင် မိမိတို့ရှေ့၌ (ကြုံကြိုက် ဆိုက်ရောက်မည့်) ခက်ခဲလေးလံစွာသော နေ့တစ်နေ့ကိုမူ ၎င်းတို့သည် စွန့်ထားကြကုန်၏။ (လစ်လျူရှုပြုထား ကြ၏။)

نَحْنُ خَلَقْنَاهُمْ وَشَدَدْنَا أَسْرَهُمْ ۖ وَإِذَا شِئْنَا بَدَّلْنَا أَمْثَالَهُمْ تَبْدِيلًا ﴿٢٨﴾

၇၆ : ၂၈ ။ ။ ငါအသျှင်မြတ်သည် ၎င်းတို့အား ဖန်ဆင်းတော်မူခဲ့သည့်အပြင် ငါအသျှင်မြတ်သည်ပင် ၎င်းတို့ (ခန္ဓာ ကိုယ်) ၏ အဆစ်အဆက်၊ အဆစ်ပိုင်းတို့ကို (အကြောအခြင်များဖြင့် ချည်နှောင်၍) ခိုင်ခံ့စေတော်မူခဲ့၏။ ထို့ပြင် ငါအသျှင် မြတ်သည် အလိုရှိတော်မူသော အခါဝယ်၊ ၎င်းတို့အစား ၎င်းတို့ကဲ့သို့သော သူတို့အား လဲလှယ်တော်မူပေမည်။

إِنَّ هَٰذِهِ تَذْكِرَةٌ ۖ فَمَنْ شَاءَ اتَّخَذَ إِلَىٰ رَبِّهِ سَبِيلًا ﴿٢٩﴾

၇၆ : ၂၉ ။ ။ ဧကန်မလွဲ ဤစူရာဟ်ကဏ္ဍသည် အဆုံးအမ တရားတော်ပင် ဖြစ်၏။ သို့ဖြစ်ပေရာ မည်သူမဆို အလိုရှိပါလျှင် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်သို့ (သွားရာ) လမ်းကို ရွေးချယ်ရမည်သာ (ဖြစ်၏။)

وَمَا تَشَآءُونَ إِلَّآ أَن يَشَآءَ ٱللَّهُ ۚ إِنَّ ٱللَّهَ كَانَ عَلِيمًا حَكِيمًا ﴿٣٠﴾

၇၆ : ၃၀ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မမူဘဲ၊ အသင်တို့သည် အလိုရှိနိုင်ကြမည် မဟုတ်ပေ။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိတော်မူသော အသျှင်၊ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

يُدْخِلُ مَن يَشَآءُ فِى رَحْمَتِهِۦ ۚ وَٱلظَّٰلِمِينَ أَعَدَّ لَهُمْ عَذَابًا أَلِيمًۢا ﴿٣١﴾

၇၆ : ၃၁ ။ ။ ထိုအသျှင်မြတ်သည် မိမိလိုရှိတော်မူသော သူအား မိမိ၏ ကရုဏာတော်အတွင်းဝယ် ဝင်ရောက်စေတော်မူ၏။ သို့ရာတွင် မတရားသောသူတို့အဖို့မှာမူ ထိုအသျှင်မြတ်သည် နာကျင်ဖွယ်ရာဖြစ်သော ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူပြီး ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်အမှန် လူသားအပေါ်ဝယ် ခေတ်ကာလအနက် အချိန်တစ်ချိန်သည် ရောက်ရှိခဲ့ပြီး ဖြစ်သည်။ ယင်းအချိန်ဝယ် ထိုလူသားသည် မည်သို့မျှ ပြောပြလောက်သော အခြေအနေ၌ပင် မရှိခဲ့ပေ။

(ဆိုလိုသည်မှာ လူသားပင် မဖြစ်ခဲ့သေးပေ။ ထိုမျှမက 'ကာလလ' ရေကြည်မျှသာ ဖြစ်ခဲ့သည်။ ထို့ထက်အလျှင်ကဆိုလျှင် အစာအဟာရနှင့် ၎င်းထက်အလျှင်တွင် ဓါတ်ကြီး (၄) ပါး၏ အစိတ်အပိုင်းမျှသာ ဖြစ်ခဲ့သည်။)

ကေန်စင်စစ် ငါအသျှင်မြတ်သည် လူသားအား ရောနှောပေါင်းစပ်ထားသော ကာလလရေကြည်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ယောကျ်ားနှင့် မိန်းမနှစ်ဦးစလုံး၏ ကာလလရေကြည် (သုက်ရည်) ကို ဆိုလိုခြင်းဖြစ်သည်။ အကြောင်းမှာ အမျိုးသမီး၏ သုက်ရည်သည်လည်း အတွင်းပိုင်း၌ပင် အမျိုးသမီး၏ သားအိမ်အတွင်းသို့ သက်ဆင်းသောကြောင့် ဖြစ်သည်။ တစ်ခါတစ်ရံ သားအိမ်နှုတ်ခမ်းဝမှ ထွက်၍ ပျက်ပြားသွားသည်လည်း ရှိသည်။ တစ်ခါတစ်ရံ အတွင်း၌ပင် တင်ရှိသွားတတ်သည်။ ကာလလရေကြည်၏ ရောနှောပေါင်းစပ်ခြင်းဆိုသည်မှာ 'ထိုကာလလရေကြည်သည် အစိတ်အပိုင်းများစွာတို့ဖြင့် ပေါင်းစပ်ထားခြင်းခံရသည်' ဟုလည်း အဓိပ္ပာယ် လာရှိပေသည်။

သို့ဖြစ်ပေရာ ကာလလရေကြည်၏ ဖြစ်ပေါ်လာပုံမှာ အစိတ်အပိုင်းမျိုးစုံမှ ဖြစ်ကြောင်း ထင်ရှားပေသည်။ အချုပ်မှာ ငါအသျှင်မြတ်သည် ၎င်းအား ဤသို့သော ကာလလရေကြည်ဖြင့် ဖန်ဆင်းထားတော်မူသည်။) ငါအသျှင်မြတ်သည် ထိုလူသားအား စမ်းသပ်တော်မူလိုသောကြောင့် ဖြစ်သည်။ (ထို့ကြောင့်) ငါအသျှင်မြတ်သည် ၎င်းအား ကြားသူ၊ မြင်သူ၊ (သိနားလည်သူ) အဖြစ် ဖန်ဆင်းတော်မူခဲ့သည်။

(အကြောင်းမှာ ဝေါဟာရအသုံးအနှုန်းတွင် سميع နှင့် بصير ကို အသုံးပြုခြင်းမှာ အသိဉာဏ်ရှိသူနှင့်သာ သီးသန့်အသုံးပြုခြင်း ဖြစ်သည်။ အကြောင်းမှာ ဤသည်မှာ အသိဉာဏ်ရှိခြင်းအပေါ်၌သာ

မှုတည်သောကြောင့် ဖြစ်သည်။ အမိန့်တော်များကို လိုက်နာရန် တာဝန်ရှိသူအဖြစ် ရှင်းလင်းစွာ မိန့်ကြားတော်မူခြင်း မဟုတ်သော်လည်း အလိုသဘောမှာ ဤအရာလည်း ပါဝင်ပေသည်။ အလိုသဘောမှာ ငါအသျှင်မြတ်သည် ရှရီအသ်တရားတော်၏ အမိန့်တော်များကို လိုက်နာကျင့်သုံးနိုင်သော ဂုဏ်ရည်များ၊ အခြေအနေများဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အမိန့်တော်များ၏ တာဝန်ရှိသူဖြစ်သွားလေသောအခါ) ငါအသျှင်မြတ်သည် ၎င်းအား (အကောင်းဆိုးကို သိစေတော်မူလျက်) တရားလမ်းမှန်ကို ပြသတော်မူခဲ့၏။ (အမိန့်တော်များကို တင်ပြခြင်းခံရသူ ပြုလုပ်ပြီးနောက်) ထိုလူသားသည် ကျေးဇူးသိတတ်သူသော်လည်းကောင်း၊ (မုအ်မင်န်ကို ဆိုလိုသည်။) သို့တည်းမဟုတ် ကျေးဇူးကန်းသူသော်လည်းကောင်း (ကာဖိရ်ကို ဆိုလိုခြင်း) ဖြစ်၏။

(ဆိုလိုသည်မှာ လမ်းမှန်အပေါ် လျှောက်လှမ်းရန် မိန့်သည့်အတိုင်း လျှောက်လှမ်းသူသည် 'မုအ်မင်န်' ဖြစ်သွားသည်။ လမ်းမှန်ပေါ်၌ လုံးဝ လျှောက်လှမ်းမှု မပြုသူမှာ ကာဖိရ်ဖြစ်သွားသည်။ ရှေ့တွင် အုပ်စုနှစ်စုစလုံး၏ အကျိုးအစားပေးခြင်းအကြောင်း တင်ပြသည်မှာ) ဧကန်မလွဲ ငါအသျှင်မြတ်သည် ကာဖိရ်များအဖို့ သံကြိုးများကိုလည်းကောင်း၊ လည်ကွင်းစွပ်များကိုလည်းကောင်း တဟုန်းဟုန်း တောက်လောင်လျက်ရှိသော မီးကိုလည်းကောင်း အဆင်သင့် ပြုလုပ်ထားတော်မူ၏။

ဧကန်မုချ (ထို့ပြင်) ကောင်းမြတ် (သော သူတို့) သည် ပရုပ်ရောစပ်ထားသော အရက်ခွက်မှ (အရက်များကို) သောက်သုံးကြပေမည်။

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အထူးဖြစ်သော ကျွန်တို့သည် (မိမိတို့ အလိုရှိရာသို့) စီးဆင်းစေသည့် စမ်းချောင်းများမှ သောက်သုံးကြပေမည်ဟု ဖြစ်သည်။

('ဂျန္နသ်'၏ စမ်းချောင်းများသည် ၎င်းတို့၏ အမိန့်နာခံသူများဖြစ်ရခြင်းမှာ ယင်း 'ဂျန္နသ်'သုခဘုံသားတို့၏ 'ကရာမသ်'အံ့ဖွယ်တန်ခိုးပင် ဖြစ်ပေမည်။ ဒုရ်ရေမန်ဆူးရ်ကျမ်းတွင် အိဗ်နေရှုဗိုဗ်က ဆင့်ပြန်သည်မှာ 'ဂျန္နသ်သုခဘုံသားတို့၏ လက်တွင် ရွှေခါးငယ်များ ရှိပေမည်။ ၎င်းတို့သည် ထိုခါးငယ်များဖြင့် ညွှန်လိုက်သည့်ဘက်သို့ စမ်းချောင်းများက စီးဆင်းပေမည်'ဟု ဖြစ်သည်။ ပရုပ်သည် လောက၌ရှိသော ပရုပ်မဟုတ်ဘဲ 'ဂျန္နသ်'၏ ပရုပ်သည် အဖြူရောင်ဖြစ်၍ စိတ်နှင့် ဦးနှောက်ကို ပူပင်သောကကင်းစေသော၊ စိတ်အေးချမ်းစေသော၊ စိတ်ကို အားဖြစ်စေသော အစွမ်းများကို ပေးနိုင်သည်။ အရက်တွင် အချို့သင့်တင့်လျောက်ပတ်သော အရာများ၊ ရောစပ်ခြင်းဖြင့် ထူးခြားမှုများ ရရှိသော အလေ့အထရှိသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် မြင့်မားသော အဆင့်အတန်းမှ သူများဖြစ်ကြောင်း ထင်ရှားပေသည်။ သို့ဖြစ်ပေရာ ဤတင်ပြချက်အားဖြင့် ကောင်းမြတ်သူများအား သတင်းကောင်းပေးခြင်းနှင့် စပ်လျဉ်း၍ နိုင်မာမှုဖြစ်သွားပေသည်။ ထို့ပြင် အကယ်၍ ကောင်းမြတ်သူများနှင့် အသျှင်မြတ်၏ ကျွန်များ၏ ရည်ညွှန်းသော အဓိပ္ပာယ်မှာ တစ်မျိုးဖြစ်ပြီး နှစ်နေရာ၌ တင်ပြခြင်းဖြင့် သီးခြားရည်ရွယ်ချက်များ ရှိပေသည်။ တစ်နေရာတွင် ထိုအရက်၌ ရောနှောမှုကို တင်ပြခြင်း၊ အခြားတစ်နေရာတွင် ထိုအရက်များသည် များပြားခြင်းနှင့် ထိန်းချုပ်နိုင်မှုရှိခြင်းတို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သုခစည်းစိမ်၏ အကြောင်းခံတို့ များပြားခြင်းနှင့်

နာခံမှုခါတ်ခံ ရှိခြင်းတို့သည် သုခစည်းစိမ်၏ အရသာကို ပိုမိုဖြစ်စေသောကြောင့်ပင် ဖြစ်သည်။ ရှေ့တွင် ထိုကောင်းမြတ်သူတို့၏ ဂုဏ်ရည်များကို တင်ပြသည်မှာ) ထိုကျွန်တို့သည် မိမိ၏ 'ဝါဂျိဗ်'တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်လေ့ရှိကြသည်။ ထို့ပြင် (စိတ်ထားမှန်ကန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည်။ အကြောင်းမှာ ၎င်းတို့သည်) ဘေးအန္တရာယ်သည် ကျယ်ပြန့်စွာ ပြန့်နှံ့လျက် ရှိမည့်နေ့ကိုလည်း စိုးရိမ်ကြောက်ရွံ့လေ့ ရှိကြကုန်၏။

(ဆိုလိုသည်မှာ အနည်းနှင့် အများဆိုသလို အားလုံးတို့အပေါ်၌ ထိုနေ့၏ ပြင်းထန်မှုဒုက္ခများ သက်ရောက်ပေမည်။ ထိုနေ့သည်ကား 'ကေယာမသ်'နေ့ကို ဆိုလိုခြင်းဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ် အလိုရှိသူတို့မှာ ဤနေ့၏ ပြင်းထန်မှုဒုက္ခများမှ လွတ်ကင်းပေမည်။)

၎င်းပြင် (ထိုသူတို့သည် များသောအားဖြင့် စိတ်ထားမှန်ကန်မှု နည်းပါးလေ့ရှိတတ်သော ဥစ္စာပစ္စည်းအားဖြင့် 'အေဗာဒသ်'ပြုလုပ်ရာတွင် မှန်ကန်သော စိတ်ထားများကို ထားလေ့ရှိသူများ ဖြစ်ကြသည်။ သို့ဖြစ်ပေရာ) ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား ချစ်မြတ်နိုးခြင်းဖြင့် (သာ) သူဆင်းရဲတို့အားလည်းကောင်း၊ မိဘမဲ့ ကလေးသူငယ်များအားလည်းကောင်း၊ အကျဉ်းသားများအားလည်းကောင်း ကျွေးမွေးကြကုန်၏။

(အကျဉ်းသားသည် အကယ်၍ မတရားပြုခံရသူဖြစ်ပြီး မတရားအကျဉ်းချခံရသူဖြစ်လျှင် ၎င်းအား ကူညီခြင်းမှာ ကောင်းမြတ်ကြောင်း ထင်ရှားပေသည်။ အကယ်၍ အကျဉ်းသားသည် မတရားပြုသူဖြစ်ပြီး မတရားပြုသော ပြစ်မှုဖြင့် အကျဉ်းချထားခြင်း ခံရသူဖြစ်လျှင် ၎င်းသူသည် အပြင်းအထန် လိုလားနေသော အချိန်တွင် ၎င်းအား ကျွေးမွေးခြင်းမှာလည်း ကောင်းမြတ်သော လုပ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် အစားအစာများ ကျွေးမွေးပြီး နှုတ်ဖြင့်လည်းကောင်း၊ (သို့) စိတ်မှလည်းကောင်း ပြောဆိုကြသည်မှာ) ကျွန်ုပ်တို့သည် အသင်တို့အား အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုအတွက်သာလျှင် ကျွေးမွေးကြပါသည်။ ကျွန်ုပ်တို့သည် အသင်တို့ထံမှ (ဤကျွေးမွေးခြင်းအပေါ် ခန္ဓာကိုယ်အားဖြင့် ကျေးဇူး) တုန့်ပြန်ခြင်းကိုလည်းကောင်း၊ (နှုတ်လျှာမှ စကားအားဖြင့်) ကျေးဇူးတင်ခြင်းကိုလည်းကောင်း လိုလားကြသည်မဟုတ်ပါ။

(ကျွန်ုပ်တို့သည် အသျှင်မြတ်၏ နှစ်မြို့မှုကိုသာ လိုလားကြပါသည်။ ထို့ကြောင့်သာ အသင်တို့အား ကျွေးမွေးကြခြင်း ဖြစ်ပါသည်။) ဧကန်မလွဲ ကျွန်ုပ်တို့သ် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်မှ ဖြစ်သည့် ကြမ်းတမ်းခက်ထန်လှစွာသော နေ့တစ်နေ့ကို ကြောက်ရွံ့စိုးရိမ်ကြပါသည်။

(သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် စစ်မှန်သော စိတ်ထားစေတနာဖြင့် ပြုလုပ်သော ဤ 'အမလ်' ကျင့်စဉ်အားဖြင့် ထိုနေ့၏ ကြမ်းတမ်းခက်ထန်ခြင်းများမှ လွတ်ကင်းနိုင်မည်ဟု မျှော်လင့်ကြပါသည်။ ဤအချက်အားဖြင့် တမလွန်၏ စိုးရိမ်ကြောက်ရွံ့မှုဖြင့် အလုပ်တစ်ခုခုကို ပြုလုပ်ခြင်းသည် 'အိခ်လာ့စ်' စိတ်ထားဖြူစင်မှုနှင့် အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်မြို့မှုကို ရယူခြင်းတို့နှင့် ဆန့်ကျင်ခြားနားခြင်း မရှိပေ။)

သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား (ဤအမိန့်နာခံမှုနှင့် စိတ်ထားဖြူစင် မှန်ကန်မှုတို့၏ 'ဗရ်ကသ်' မင်္ဂလာတော်အားဖြင့်) ထိုနေ့၏ ပြင်းထန်မှု ဘေးအန္တရာယ်မှ လွတ်ကင်းစေတော်မူမည်။ ထို့ပြင် ၎င်းတို့အား ရွှင်လန်းမှုနှင့် ဝမ်းမြောက်မှုကို ချီးမြှင့်တော်မူပေမည်။

(ဆိုလိုသည်မှာ မျက်နှာများအပေါ်တွင် ရွှင်လန်းမှုကိုလည်းကောင်း၊ နှလုံးသားများတွင် ပျော်ရွှင်မှုကိုလည်းကောင်း ချီးမြှင့်တော်မူမည်ကို ဆိုလိုသည်။)

ထို့ပြင် ၎င်းတို့၏ ကြံ့ခိုင်မှုကြောင့် (သာသနာအပေါ်၌ မြဲမြဲစွာ ရပ်တည်မှု) ၎င်းတို့အား 'ဂျန္နသ်' သုခဘုံနှင့် ပိုးထည် အဝတ်အစားများကို အစားပေးတော်မူပေမည်။ ၎င်းတို့သည် ထို ('ဂျန္နသ်'ဥယျာဉ်ဘုံနန်း) တွင် သလွန်များထက်ဝယ် (ငြိမ့်ညောင်းခြင်းနှင့် သိက္ခာရှိခြင်းတို့ဖြင့်) မှီအုံးများဖြင့် မှီ၍ ထိုင်နေကြပေမည်။ (ထို့ပြင်) ၎င်းတို့သည် 'ဂျန္နသ်'ဥယျာဉ်၌ အပူရှိန်ကိုလည်းကောင်း၊ အအေးဒဏ်ကိုလည်းကောင်း တွေ့ရှိကြရမည်မဟုတ်ပေ။

(ထိုမျှသာမက စိတ်ပျော်ရွှင်ဖွယ်ဖြစ်သော သင့်တင့်လျော့ပတ်သည့် ရာသီဥတုကို ချီးမြှင့်ခြင်းခံရပေမည်။) ထို့ပြင် ယင်း ('ဂျန္နသ်'သုခဘုံ၏) သစ်ပင်အရိပ်များမှာ ထို (သုခဘုံသားတို့) အပေါ်ကိုင်းညွတ်နေပေမည်။ (ဆိုလိုသည်မှာ နီးကပ်၍ နေပေမည်။ အရိပ်သည် ကျေးဇူးတော်များ၏ အကြောင်းခံများအနက်မှ ဖြစ်သည်။ 'ဂျန္နသ်'တွင် နေနှင့် လတို့ ရှိကြမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အရိပ်ဟူသည်မှာ မည်သို့ သဘောပါနည်း။ ဤသည် အခြားသော အလင်းရောင်ရှိသည့် ခန္ဓာကိုယ်ထုထည်ရှိသော အရာတို့မှ အလင်းရောင်ကို ဆိုလိုခြင်း ဖြစ်နိုင်ပေသည်။ ထို့ပြင် အရိပ်၏ ဖြစ်နိုင်သောအ ကျိုးကျေးဇူးမှာ အခြေအနေများသည် ပြောင်းလဲလျက် ရှိနေသည်။ အခြေအနေတစ်ရပ်သည် မည်မျှပင် ငြိမ့်ညောင်းသာယာ၍ အရသာရှိပါသော်လည်း နောက်ဆုံးတွင် ၎င်းကို ငြီးငွေ့သွားလေ့ ရှိတတ်သည်။) ထို့ပြင် ထိုသစ်ပင်များမှ သစ်သီးများသည် ညွတ်ကျလျက် ရှိကြပေမည်။

(မည်သည့်အချိန်၊ မည်သည့်နည်းဖြင့်ဖြစ်စေ၊ မပင်မပန်းဘဲ ခူးဆွတ်၍ စားသုံးနိုင်ပေမည်။) ထို့ပြင် ၎င်းတို့ထံသို့ (စားဖွယ်သောက်ဖွယ်များ ပို့ဆောင်ရန်) ငွေလင်ပန်းများ ယူဆောင်လာခြင်း ခံရပေမည်။ ရေသောက်ရန် ဖန်ခွက်များဖြစ်ပေမည်။

(ထို့ပြင်) ထိုဖန်ခွက်များသည် ငွေဖြင့် ပြီးသော ခွက်များဖြစ်ပေမည်။ ၎င်းခွက်များကို ဖြည့်သူတို့သည် သင့်လျော်သော အချိန်အဆဖြင့် ဖြည့်ထားကြပေမည်။

(ဆိုလိုသည်မှာ ခွက်များတွင် သောက်သုံးစဉ် လိုလားချက်ထက် လျော့နည်း၍လည်းကောင်း၊ ပိုလျှံ၍ ကျန်ရှိမနေစေရန်လည်းကောင်း ချိန်ဆ၍ ဖြည့်ထားခြင်း ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် ဤအချက်နှစ်ချက်လုံးသည် အရသာမဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် ငွေဖြင့်ပြီးသော ဖန်ခွက်များဟူသည့် အဓိပ္ပာယ်မှာ အဖြူရောင်ဖြစ်ခြင်းတွင် ငွေထည်ကဲ့သို့ ဖြစ်ပေမည်။ ကြည်လင်မှုတွင် ဖန်ကဲ့သို့ ဖြစ်ပေမည်။ လောက၏ ငွေထည်တွင် ဟိုဘက်သည်ဘက် မမြင်ရပေ။ ထို့ပြင် လောက၏ ဖန်ထည်များသည် ဤသို့ ဖြူဖွေးခြင်းမရှိပေ။ သို့ဖြစ်ပေရာ ဤသည် အံ့ဖွယ်အရာတစ်ခု ဖြစ်ပေမည်။)

ထို့ပြင် ၎င်းတို့သည် ယင်း ‘ဂျန္နသ်’သုခဘုံ၌ (အထက်ဖော်ပြပါ ပရုပ်ရေစပ်ထားသော အရက်ခွက်များအပြင်) ချင်းခြောက် ရောစပ်ထားသော အရက်ခွက်များကို တိုက်ကျွေးခြင်း ခံကြရပေမည်။ (မူလပူပြင်းသော ဓါတ်နှင့် ပါးစပ်၏ အရသာကို ပြောင်းလဲစေရန် အရက်တွင် ဤသည်ကိုလည်း ရောစပ်ထားခြင်း ဖြစ်ပေမည်။) ဆိုလိုသည်မှာ (‘ဂျန္နသ်’တွင်) ‘ဝလ်စဗီးလ်’အမည် (ဖြင့် ကျော်ကြားမည်) ဖြစ်သော စမ်းချောင်းများမှ (၎င်းတို့သည် တိုက်ကျွေးခြင်းကို ခံရပေမည်။)

အထက်ဖော်ပြပါ နေရာများနှင့် ဤနေရာတို့အားဖြင့် ဖော်ပြပါစမ်းချောင်းမှ အရက်တွင် ပရုပ်ရောစပ်ထားမည်ဆိုခြင်းနှင့် ဖော်ပြပါ ဤစမ်းချောင်းမှ အရက်တွင် ချင်းခြောက်ရောစပ်ထားမည့် အကြောင်းများ သိရှိရပေသည်။)

ထို့ပြင် ၎င်းတို့ထံသို့ (ဤအရာများ ယူဆောင်ပေးပို့နေသော) အမြဲထာဝရ ကလေးသူငယ်အဖြစ်၌သာ ရှိမည်ဖြစ်သော ကလေးသူငယ်တို့သည် သွားလာလျက် ရှိကြပေမည်။ (ထို့ပြင် ထိုကလေးသူငယ်များသည် အဘယ်မျှ လှပကြသည်ဆိုသော်) အို့၊ ကြားနာသူ၊ အကယ်၍ အသင်သည် ၎င်းတို့အား (သွားလာလျက် ရှိသည်ကို) တွေ့မြင်ရလေသောအခါ ဖြန့်ကြဲထားသော ပုလဲများ ဖြစ်သည်ဟုပင် ထင်မှတ်ပေလိမ့်မည်။

(ပုလဲများနှင့် နိုင်းနှိုင်းရခြင်းမှာ စင်ကြယ်ခြင်းနှင့် လင်းဝင်းခြင်းတို့ကြောင့် ဖြစ်ပြီး ဖြန့်ကြဲနေသည်ဟု နိုင်းနှိုင်းသည့် ဂုဏ်ပုဒ်မှာ ၎င်းတို့၏ သွားလာလှုပ်ရှားနေမှုများကို ထောက်ရှု၍ဖြစ်သည်။ ဖြန့်ကြဲနေသော ပုလဲများသည် ဟိုဘက်တစ်လုံး၊ သည်ဘက်တစ်လုံး ရှိသကဲ့သို့ ဖြစ်သည်။ ဤသည်မှာ မြင့်မားသော နိုင်းနှိုင်းမှုဖြစ်သည်။) ထို့ပြင် (ဖော်ပြပါ ဤစည်းစိမ်သုခ၏ အကြောင်းခံများနှင့် စပ်လျဉ်း၍ ကန့်သတ်ထားခြင်း မရှိသည့်အပြင် ‘ဂျန္နသ်’တွင် အခြားသော အသုံးအဆောင် အရာပစ္စည်းများသည် ပေါကြွယ်စွာလည်းကောင်း၊ အဆင့်အတန်း မြင့်မားစွာလည်းကောင်း ရှိပေမည်။) အို့၊ ကြားနာစေခြင်း ခံရသူ၊ အကယ်၍ အသင်သည် ထိုနေရာကို ကြည့်သောအခါ ထူးကဲကြီးကျယ်လှစွာသော စည်းစိမ်တို့ကိုလည်းကောင်း၊ ထို့ပြင် ကြီးကျယ်လှစွာသော စိုးမိုးအုပ်ချုပ်မှု အဆင့်အတန်းကိုလည်းကောင်း တွေ့ရှိရပေမည်။

(ထို့ပြင်) ထိုသုခဘုံသားတို့အပေါ်တွင် အစိမ်းရောင် ပိုးထည်အပါးစား အဝတ်များ ရှိပေမည်။ ထို့ပြင် အစိမ်းရောင်ပိုးထည် အထူစားအဝတ်များလည်း ရှိပေမည်။ (အကြောင်းမှာ အဝတ်တိုင်းတွင် သီးခြားအရသာများ ရှိသောကြောင့်ပင် ဖြစ်သည်။) ထို့ပြင် ၎င်းတို့သည် ငွေလက်ကောက်များကို ဆင်ယင်ပေးခြင်း ခံကြရပေမည်။ (ဤအာယသ်တော်၌ နေရာ (၃) ခုတွင် ငွေထည်ပစ္စည်းများအကြောင်း လာရှိသည်။ အခြားအာယသ်တော်များတွင် ရွှေထည်ပစ္စည်းများအကြောင်း လာရှိသည်။ သို့ရာတွင် ဤနှစ်မျိုးစလုံးတွင် ဆန့်ကျင်ခြားနားမှု မရှိပါချေ။ အဘယ်ကြောင့်ဆိုသော် ထိုပစ္စည်းနှစ်မျိုးစလုံး ရှိမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် ၎င်း၏ အမြော်အမြင်မှာ အမျိုးမျိုးပြောင်းလဲခြင်း၊ စိတ်ဆန္ဒပြောင်းလဲခြင်းနှင့် စည်းစိမ်သုခများ ပြောင်းလဲခြင်းတို့ပင် ဖြစ်သည်။ ထို့ပြင် အမျိုးသားများအဖို့ လက်ဝတ်လက်စားများ ဝတ်ဆင်ခြင်းသည် အပြစ်ဖြစ်သည့်အတွက် ထိုအရာများ ဝတ်ဆင်ခြင်းမှ ဝေးလံသွားခြင်းဖြစ်သည်ဟူသော စောဒက

၏ သံသယနှင့် စပ်လျဉ်း၍ 'နေရာတိုင်း၏ တောင်းဆိုမှုသည် သီးခြားစီပင် ဖြစ်သည်။ ဤလောကၥ အပြစ်ဖြစ်ခြင်းသည် ထို 'ဂျန္နသ်'၌ အပြစ်ဖြစ်ရမည်ဟု သတ်မှတ်ရန် အရေးမကြီးပေ။) ထို့ပြင် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် (ထိုအသျှင်မြတ်သည် ၎င်းတို့အား အရက်သောက်ရန် ချီးမြှင့်တော်မူပေမည်။ ဤအကြောင်းသည် အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ပေရာ ထို 'ဂျန္နသ်' မှ အရက်သည် လောက၏ အရက်များကဲ့သို့ မသန့်ခြင်း၊ အသိဉာဏ်ကို လွင့်ပြယ်စေခြင်းနှင့် မူးယစ်စေခြင်းတို့ မဖြစ်ဘဲ အလ္လာဟ်အသျှင်မြတ်သည်) ၎င်းတို့အား စင်ကြယ်သန့်ရှင်းသော အရက်ကို တိုက်ကျွေးတော်မူပေမည်။

(ထို 'ဂျန္နသ်'၏ အရက်သည် မသန့်လည်း ဖြစ်သည်မဟုတ်။ အနည်ထိုင်၍ မကောင်းခြင်းလည်း ဖြစ်မည်မဟုတ်။ ဤသည်ကို အလ္လာဟ်အသျှင်မြတ်က

لَا يُصَدَّعُونَ عَنْهَا وَلَا يُنزِفُونَ

ဟု မိန့်ကြားထားတော်မူသည်။ ဤစူရာဟ်တွင် အရက်အကြောင်း တင်ပြချက်သည် (၃) နေရာ၌ လာရှိထားသည်။ နေရာတိုင်းတွင် ရည်ရွယ်ချက်မှာ သီးခြားစီ ဖြစ်သည်။ ပထမဦးစွာ يَشْرَبُونَ ဖြစ်၍ ဒုတိယမှာ يُسْقَوْنَ ဖြစ်ပြီး ဤသည်မှာ ပို၍ ဂုဏ်ပေးကြောင်းကို ညွှန်းဆိုထားခြင်းဖြစ်သည်။ တတိယနေရာတွင် سَقَاهُمْ رَبُّهُمْ ဖြစ်ပြီး ဤနေရာတွင် အလွန်တရာ ဂုဏ်ပြုကြောင်းကို ညွှန်းဆိုထားသည်။ သို့ဖြစ်ပေရာ အကြောင်းအရာ ထပ်နေသည်ဟူသော သံသယ မရှိတော့ပေ။ ထို့နောက် ဤကျေးဇူးတော်အားလုံးကို ချီးမြှင့်လျက် သုခဘုံသားတို့အား ဝိညာဉ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုအတွက် မိန့်ကြားတော်မူသည်မှာ) ဧကန်မလွဲ ဤသည် အသင်တို့၏ အကျိုးအစားပင် ဖြစ်သည်။ ထို့ပြင် အသင်တို့၏ ကြိုးပမ်းမှုသည် (လောကၥ ပြုလုပ်ခဲ့သော ကြိုးပမ်းမှုသည်) လက်ခံတော်မူခြင်း ခံရလေသည်။

(ရှေ့တွင် အုပ်စုနှစ်စုလုံး၏ အကျိုးအစားပေးခြင်းကို တင်ပြပြီးနောက် ကိုယ်တော်မြတ် ﷺ အား နှစ်သိမ့်တော်မူသော အကြောင်းကို တင်ပြထားသည်။ ဆိုလိုသည်မှာ ထိုဆန့်ကျင်သူတို့၏ အပြစ်ဒဏ်ကို အသင်သည် ကြားသိခဲ့ရပြီး ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့၏ ဆန့်ကျင်ခြားနားမှုများအပေါ် သောကမဖြစ်လေနှင့်။ မိမိ၏ အလုပ်ဖြစ်သော 'အဗာဒသ်'၊ 'ဒအ်ဝသ်'နှင့် ပြုပြင်ရေး လုပ်ငန်းများ၌သာ မွေ့လျော်နေပါလေ။ အမိန့်နာခံမှုအပြင် နှလုံးသား၏ ခိုင်မာမှုအင်အား ရရှိပေသည်။ ထိုနာခံမှု၏ တင်ပြချက်မှာ အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် မုချဧကန် အသင့်အပေါ်၌ ကုရ်အာန်ကျမ်းတော်မြတ်ကို အနည်းစီ ပြုလုပ်၍ ချပေးတော်မူခဲ့သည်။

(သို့မှသာ အနည်းငယ်စီ လူတို့ထံ ပို့ချနိုင်မည်။ ထို့ပြင် လူတို့အဖို့ ထိုကုရ်အာန်မှ အကျိုးအမြတ်များ ရယူရာတွင် လွယ်ကူပေမည်။ စူရာဟ် 'အိစ်ရာအ်' ၏ နောက်ဆုံးတွင် وَقُرْآنًا فَرَقْنَاهُ ဟု မိန့်ကြားတော်မူထားသကဲ့သို့ ဖြစ်သည်။)

သို့ဖြစ်ပေရာ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်အပေါ် (ဤနေရာတွင် 'သဗ်လီးဂ်'လည်း ပါဝင်ပေသည်။) တည်တံ့ကြံ့ခိုင်စွာ ရပ်တည်နေပါလေ။ ၄င်းပြင် အသင်သည် ထိုသူတို့အနက်မှ မည်သည့်အပြစ် ကျူးလွန်သူ၏ ပြောဆိုချက်ကိုမျှလည်းကောင်း၊ မည်သည့်ကာဖိရ် သွေဖည်သူ၏ ပြောဆိုချက်ကိုမျှလည်းကောင်း လိုက်နာခြင်း မပြုပေ။

(ဆိုလိုသည်မှာ 'သဗ်လီးဂ်ပို့ချခြင်းတာဝန်ကို ထမ်းဆောင်ခြင်းမှ တားမြစ်လျှင် လိုက်နာခြင်းမပြုရ' ဟု ဖြစ်သည်။ ဒုရ်ရေမန်ဆူးရ်ကျမ်းတွင် '၄င်းတို့၏ ပြောဆိုစကားများနှင့် တစ်ထပ်တည်း မဖြစ်စေနှင့်' ဟု လာရှိသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှ 'ရစူလ်တမန်တော်၏ ဂုဏ်သိက္ခာတော်၏ လေးနက်မှုကို ဖော်ထုတ်လိုက်ခြင်း ဖြစ်သည်။ ထိုသို့ မဟုတ်ပါလျှင်လည်း ရစူလ်တမန်တော်မြတ် ﷺ သည် ၄င်းတို့၏ ပြောဆိုစကားများကို လိုက်နာမည်ဆိုခြင်းနှင့် စပ်လျဉ်း၍ မည်သို့မျှ သံသယမရှိပါချေ။

ထို့ပြင် (တာဝန်ဖြစ်သော 'အေဇာဒသ်'ခဝပ်ကိုးကွယ်ခြင်း၏ အမိန့်တော် လာရှိသည်မှာ) အသင်သည် နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ နာမတော်ကို တသရွတ်ဆိုပါလေ။

ထို့ပြင် အသင်သည် ည၌၏ အစိတ်အပိုင်းတစ်ခုခု၌လည်း အသျှင်မြတ်အား 'စဂ်ဒဟ်'ဦးချခြင်းကို ပြုပါလေ။ (ဆိုလိုသည်မှာ 'မွဂ်ရစ်' နမာဇ် ဖတ်ပါလေဟု ဖြစ်သည်။) ထို့ပြင် အသင်သည် ည၏ ရှည်လျားသော အစိတ်အပိုင်းတွင် ထိုအသျှင်မြတ်၏ စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုပါလေ။

(ဆိုလိုသည်မှာ 'မွဂ်ရစ်'နမာဇ်များအပြင် 'သဟဂ်ဂျုဒ်'နမာဇ်ဖတ်ရန်ဟု ဖြစ်သည်။ ရှေ့တွင် ကာဖိရ်တို့အား ရှုတ်ချခြင်း ပါရှိသော နှစ်သိမ့်မှု လာရှိထားသည်။ ထိုအကြောင်းတွင် ရစူလွလ္လာဟ် ﷺ အား ဆန့်ကျင်ရခြင်းအကြောင်းမှာ) ဧကန်စင်စစ် ဤသူတို့သည် လောကီကို နှစ်သက်ခုံမင်ကြ၏။ ထို့ပြင် ၄င်းတို့သည် မိမိတို့၏ ရှေ့တွင် (ဆိုက်ရောက်လာမည်ဖြစ်သော) လေးလံပြင်းထန်သည့် နေ့တစ်နေ့ကို စွန့်ပစ်ထားကြကုန်၏။

(သို့ဖြစ်ပေရာ လောက၏ နှစ်သက်ခုံမင်မှုသည် ၄င်းတို့အား မျက်ကန်းများ ဖြစ်စေခဲ့သည်။ ထို့ကြောင့် အမှန်တရားကို ပြောဆိုခြင်းနှင့် လေးလံပြင်းထန်သော နေ့အကြောင်း ပြောဆိုခြင်းတို့အပေါ် ရန်ငြိုးထားကြခြင်းဖြစ်သည်။ ၄င်းတို့၏ ငြင်းပယ်မှုကပင် ၄င်းတို့အား သံသယဖြစ်စေခဲ့သည်။ ထို့ကြောင့် ရှေ့တွင် ဤလေးလံပြင်းထန်သော နေ့၏ မဖြစ်နိုင်ကြောင်း ယုံကြည်ခြင်းကို ချေပမိန့်ကြားထားသည်မှာ) ထိုအသျှင်မြတ်သည်ပင် ၄င်းတို့အား ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ငါအသျှင်မြတ်သည်ပင် ၄င်းတို့၏ အဆစ်များ၊ အစိတ်အပိုင်းများကို ခိုင်ခံ့စေတော်မူခဲ့သည်။ ထို့ပြင် ငါအသျှင်မြတ်သည် အလိုရှိတော်မူသောအခါ ၄င်းတို့ကဲ့သို့သော သူတို့အား ၄င်းတို့၏ နေရာတွင် လဲလှယ်တော်မူပေမည်။

(ပထမအမိန့်မှာမူ သိရှိပြီးဖြစ်ပေသည်။ ဒုတိယအမိန့်မှာ သာမန်သတိပေးခြင်းဖြင့်ပင် သိရှိနိုင်ပေသည်။ သို့ဖြစ်ပေရာ အမိန့်တော်နှစ်ရပ်စလုံးဖြင့် အသျှင်မြတ်၏ တန်ခိုးတော်များအကြောင်း ပေါ်လွင်ပေသည်။ တစ်ဖန် သေသူများအား ပြန်လည်အသက်ရှင်စေရာတွင် ပြုစွမ်းနိုင်ခြင်းမရှိဟူ၍ ပိုမိုခက်ခဲသော

အရာသည် မည်သည့်အရာ ဖြစ်ပါသနည်းဟု သတိပေးခြင်း ဖြစ်သည်။ ရှေ့တွင် ထိုအကြောင်းအရာအားလုံးနှင့် စပ်လျဉ်း၍ မိန့်ကြားသည်မှာ) ကေန်မလွဲ ဤ (ဖော်ပြပါ အကြောင်းအရာအားလုံးသည် ပြည့်စုံကုံလုံသော) ဆုံးမဩဝါဒတော်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ မည်သူ မဆို အလိုရှိပါလျှင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ သွားရာလမ်းကို ရွေးချယ်ရမည်သာ ဖြစ်သည်။

ထို့ပြင် (ကုရ်အာန်ကျမ်းတော်မြတ်သည် ဆုံးမဩဝါဒတော်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ 'အချို့လူများသည် ဤကျမ်းတော်အားဖြင့် တရားလမ်းမှန် မရရှိခဲ့ကြ'ဟူသော အချက်ကို ကြည့်၍ သံသယ မဖြစ်ရပေ။ စင်စစ် ကုရ်အာန်ကျမ်းတော်မြတ်သည် ဆုံးမဩဝါဒနှင့် ပြည့်စုံကုံလုံသော တရားလမ်းမှန်ကို ပေးနိုင်သော ကျမ်းတော်မြတ်သာ ဖြစ်သည်။ သို့ရာတွင်) အလ္လာဟ်အသျှင်မြတ် အလိုတော်မရှိဘဲ အသင်တို့သည် မည်သည့်အရာကိုမျှ လိုလားနိုင်ကြမည် မဟုတ်ပေ။ (အချို့လူတို့အတွက် အသျှင်မြတ်၏ အလိုတော်မရှိခြင်းမှာ အချို့သော အမြော်အမြင်ရှိ၍ ဖြစ်သည်။ အကြောင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် မိမိ အလိုတော်ရှိသူအား ကုဖွရ်သွေဖည်ငြင်းပယ်ခြင်းနှင့် မကောင်းမှုများတွင် နစ်မွန်းစေတော်မူ၏။ တစ်ဖန်) မတရားသော သူတို့အဖို့မှာမူကား ထိုအသျှင်မြတ်သည် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်ထားတော်မူပြီး ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

سورہ دھر ၏ အမည်ကို **سورہ انسان** စူရာဟ် 'အင်န်စာန်'နှင့် **سوره الابرار** စူရာဟ် 'အဗ်ရားရ်' ဟုလည်း ခေါ်ဆိုသည်။ *[ရှုဟွလ်မအာနီးကျမ်း]*

ဤစူရာဟ်တွင် လူသားအား ဖန်ဆင်းခြင်း၏ အစနှင့် အဆုံးကိုလည်းကောင်း၊ ကျင့်စဉ်များအပေါ် အကျိုးအစားနှင့် အပြစ်ဒဏ်များပေးခြင်းကိုလည်းကောင်း 'ကေယာမသ်'အကြောင်းကိုသော်လည်းကောင်း 'ဂျန္နသ်'နှင့် 'ဂျဟန္နမ်'တို့၏ အထူးအဖြစ်အပျက်များကိုလည်းကောင်း အလွန်ရှင်းလင်း ပြည့်စုံစွာ တင်ပြထားသည်။

هَلْ اَتٰى عَلَى الْاِنْسَانِ حِيْنٌ مِّنَ الدَّهْرِ لَمْ يَكُنْ شَيْـًٔا مَّذْكُوْرًا

هَلْ ဟူသော စာလုံးသည် အမှန်စင်စစ် မေးမြန်းရန်အတွက် လာရှိသော စာလုံးဖြစ်သည်။ တစ်ခါတစ်ရံ ပေါ်လွင်ထင်ရှားသည့် အရာတစ်ခုကို မေးမြန်းသည့်အနေဖြင့် သုံးစွဲနိုင်ရခြင်းအကြောင်းမှာ 'မည်သူ့ကိုပင် မေးမြန်းသည်ဖြစ်စေ၊ ဤသည်ကိုပင် ဖြေကြားမည်ဖြစ်ပြီး အခြားသော အဓိပ္ပာယ်ဖြစ်ရန် အကြောင်းမရှိဘဲ ရှင်းလင်း၍ တိကျခိုင်မာစေရန် ဖြစ်သည်။ ဥပမာ- နေ့လည်အချိန်တွင် လူတစ်ဦးသည် အခြားတစ်ဦးအား 'ဤအချိန်သည် နေ့အချိန် မဟုတ်ပါလား'ဟု ပြောဆိုသကဲ့သို့ ဖြစ်သည်။ ပြောဆိုသည့် ပုံသဏ္ဍာန်

မှာ မေးမြန်းသကဲ့သို့ ဖြစ်သော်လည်း အမှန်စင်စစ် ထိုစကားသည် အဆုံးမရှိ ရှင်းလင်းကြောင်း တင်ပြခြင်းဖြစ်သည်။ ထို့ကြောင့် ဤသို့သော နေရာများတွင် အချို့ပညာရှင်တို့က မိန့်ဆိုကြသည်မှာ ဤနေရာတွင် هَلْ အက္ခရာသည် قَدْ ၏ အဓိပ္ပာယ်ဖြစ်သည်။ ဤအက္ခရာသည် မုချ ဖြစ်ပေါ်မည့်အကြောင်း အတွက် သုံးနှုန်းသော အက္ခရာဖြစ်သည်။ ပုံသဏ္ဍာန်နှစ်မျိုးစလုံးအရ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ကေန်အမှန် လူသားအပေါ်ဝယ် ခေတ်ကာလအနက် ရှည်လျားစွာသော အချိန်တစ်ချိန်သည် ရောက်ရှိခဲ့ပြီး ဖြစ်သည်။ ထိုစဉ်က ထိုလူသား၏ အစအနမျှပင် ပြောပြလောက်သော အခြေအနေ၌ မရှိခဲ့ပေ' ဟု ဖြစ်သည်။

حِينٌ ဟူသော စာလုံးကို تنوين ـًـ နှင့်အတူ သုံးနှုန်းခြင်းဖြစ်လျှင် ထိုအချိန်နှင့် ကာလရှည် လျားကြောင်း ကို ညွှန်းဆိုခြင်းဖြစ်သည်။ ထို့ပြင် ဤအာယသ်တော်တွင် ဤကာလရှည်လျားခြင်းသည် လူသားအပေါ် ဖြတ်သန်းခဲ့ကြောင်း မိန့်ကြားထားသည်။ ဤမိန့်ကြားချက်တွင် တစ်နည်းနည်းဖြင့် လူသား ၏ ဖြစ်ပေါ်တည်ရှိမှုကို တင်ပြခြင်း ဖြစ်သည်။ မဖြစ်ပေါ် မတည်ရှိသော အချိန်ကာလကို လူသားအပေါ် ဖြတ်သန်းခဲ့သည်ဟုကား မဆိုနိုင်ပေ။ ထို့ကြောင့် မုဖတ်စိရ်အများစုတို့က မိန့်ဆိုကြသည်မှာ 'ဤရှည်လျား သော ကာလဆိုသည်မှာ လူသားအပေါ် ဖြတ်သန်းသော ကာလကို ဆိုလိုသည်။ ထိုကာလသည် 'လ' အပိုင်း အခြားမျှသာရှိသော ကိုယ်ဝန်ဆောင်စဉ်မှစ၍ မွေးဖွားပြီးသည့်အထိ အချိန်ကာလဖြစ်သည်။ ထိုကာလ အတွင်း လူသား၏ ဖန်ဆင်းမှုတွင် ကာလလရေကြည်မှ စ၍ ခန္ဓာကိုယ်နှင့် အစိတ်အပိုင်းများကိုလည်းကောင်း၊ တစ်ဖန် ထိုအစိတ်အပိုင်းများနှင့် ခန္ဓာကိုယ်တို့တွင် အသက်ဝိညာဉ် ဖြစ်ပေါ်လာသည်အထိ အရာအားလုံး ပါဝင်သည်။ ဤကာလအားလုံးတွင် အမှန်စင်စစ် ဤလူသား၏ ဖြစ်ပေါ်ခြင်းသည် ပုံစံတစ်မျိုးဖြင့် ဖြစ်ပေါ် ခဲ့ပြီး ဖြစ်သည်။ သို့သော် ယောက်ျားလေး ဖြစ်သည်။ (သို့) မိန်းကလေးဖြစ်သည်ဟု မည်သူမျှ မသိကြ။ ၎င်းကလေး၏ ရုပ်ဆင်းသဏ္ဍာန်ကိုလည်း မည်သူမျှ မသိကြ။ ထို့ကြောင့် ၎င်းနှင့် စပ်လျဉ်း၍ အဘယ် သို့မျှ ပြောပလောက်သော အခြေအနေ၌ မရှိခဲ့ပေ။ ထို့ပြင် အကယ်၍ ၎င်းကို ကျယ်ပြန့်သော အဓိပ္ပာယ် ကောက်ယူမည်ဆိုလျှင် 'လူသားဖန်ဆင်းမှု၏ အစကို ကာလလရေကြည်မှ စသည်ဟု မှတ်ယူပါလျှင် ထို 'ကာလလ' ရေကြည်သည်လည်း အစာအဟာရမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထိုအဟာရနှင့် အဟာရ ၏ ရှေ့၌ ၎င်းအဟာရကို ဖြစ်ပေါ်စေသော မူလဇစ်မြစ်သည် လောက၌ ရှိခဲ့ပေသည်။ အကယ်၍ ဤသို့ သော အချိန်ကာလကိုလည်း ထည့်သွင်းတွက်ချက်မည်ဆိုပါက ဤရှည်လျားသော ကာလသည် နှစ်ထောင် ချီ၍လည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်တွင် လူသားကို အနည်းငယ်မျှ အသိဉာဏ်ရှိခြင်းနှင့် အနည်းငယ်မျှ စဉ်းစားဆင်ခြင်ပါလျှင် မိမိ၏ မူလအခြေအနေဇစ်မြစ် ကို သိရှိခြင်းနှင့်အတူ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် တည်ရှိခြင်းနှင့် ထိုအသျှင်မြတ်၏ အကြွင်းမဲ့ သိမြင်တော်မူခြင်း၊ တန်ခိုးတော်အသျှင်မြတ် ဖြစ်တော်မူခြင်းတို့အပေါ် ပြည့်ဝသော ယုံကြည်ခြင်း မှအပ အခြားရှိမည်မဟုတ်ပေ။ အကယ်၍ အသက် (၇၀) ရှိသည့် လူသားတစ်ဦးသည် ထိုအကြောင်းကို مراقبه စဉ်းစားဆင်ခြင်မှုပြုပါလျှင် ဥပမာ- ဤအချိန်ကာလထက် (၇၁) နှစ်အလျင်က မိမိနှင့် စပ်လျဉ်း၍

အကြောင်းတစ်ခုခုကို မည်သူကမျှ တင်ပြနိုင်ခြင်း မရှိခဲ့သည်ကိုလည်းကောင်း၊ မိဘများနှင့် အဘိုး၊ အဘွားတို့သည် မိမိအား ကလေးအသွင်ဖြင့် မြင်နိုင်စွမ်းပင် မရှိခဲ့သည်ကိုလည်းကောင်း ဖြစ်ခဲ့လေရာ ထိုအချိန်တွင် မိမိအား မည်သည့်အရာက ဖန်ဆင်း၍ ဖြစ်ပေါ်စေခဲ့သနည်း။ ထို့ပြင် မည်သည့်အသိတရားနှင့် ပြည့်စုံကုံလုံတော်မူသော တန်ခိုးတော်အသျှင်မြတ်က တစ်လောကလုံးတွင် ပြန့်နှံ့လျက်ရှိသော အသေးအဖွဲ့များကို စုစည်းတော်မူ၍ အသိဉာဏ်မရှိသော၊ ကြားသော၊ မြင်သော လူသားတစ်ဦးအဖြစ် ပြုတော်မူခဲ့ပါသနည်းဟု စဉ်းစားဆင်ခြင်ကြည့်ခြင်းဖြင့် ၎င်းသူသည် မရည်ရွယ်ဘဲလျက် ပြောဆိုမိမည်မှာ

مانبوديم وتقاضامانبود ـــ لطف تو ناگفته مامی شنود

ဟု ဖြစ်သည်။ တို့နောက်တွင် လူသား၏ ဖန်ဆင်းမှုအစကို တင်ပြမိန့်ကြားသည်မှာ-

اِنَّا خَلَقْنَا الْاِنْسَانَ مِنْ نُّطْفَةٍ اَمْشَاجٍ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် လူသားကို ရောနှော ပေါင်းစပ်ထားသော ကာလလရေကြည်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်' ဟု ဖြစ်သည်။ **اَمْشَاجٍ** သည် (သို့) **مَشِيجٌ** ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'ရောနှောပေါင်းစပ်ခြင်း' ဟု ဖြစ်သည်။ ဤနေရာတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ 'ကာလလ'ရေကြည်ကို ဆိုလိုခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။ မုဖတ်စိရ် အဖွင့်ပညာရှင်အများစုက မိန့်ဆိုထားသည့်အတိုင်း ဖြစ်သည်။ ရူဟွလ်မအာနီကျမ်းတွင် အချို့အဖွင့်ပညာရှင်တို့က မိန့်ဆိုထားသည်မှာ **اَمْشَاجٍ** သည် **اَخلاطِ اربعه** 'အခ်လာသွိအရ်ဗအဟ်' ဟူသော **خونْ** သွေး၊ **بلغم** အချွဲ၊ **سودا** လောင်ကျွမ်းပြီးသော အချွဲနှင့် **صفرا** 'ဆွဖ်ရာ'သည်းခြေတို့ဖြင့် ရောနှောပေါင်းစပ်ထားသော ကာလလရေကြည် ဖြစ်သည်' ဟူ၏။

လူသားတိုင်း၏ ဖန်ဆင်းမှုတွင် တစ်လောကလုံးရှိ အမှုန်၊ အမွှား၊ အသေးအဖွဲ့များ ပါဝင်ခြင်း

အကယ်၍ လေးလေးနက်နက် စဉ်းစားမည်ဆိုပါက ဤ **اَخلاط اربعه** ဟူသော ပေါင်းစပ်ခြင်းမှု (၄) မျိုးသည်လည်း အစာအဟာရအမျိုးအစားများမှပင် ရရှိသော အရာများဖြစ်သည်။ ထို့ပြင် လူတိုင်း၏ အစာအဟာရတွင် စဉ်းစားကြည့်သည်ဆိုလျှင် ဝေးလံသော တိုင်းပြည်များနှင့် ဒေသတို့မှ အစိတ်အပိုင်းများ၊ ရေ၊ လေ စသော အကြောင်းများ ပါဝင်သည်။ ဤနည်းဖြင့် လူသား၏ အစိတ်အပိုင်းများကို ခွဲခြမ်းစိတ်ဖြာ၍ ရှင်းလင်းကြည့်မည်ဆိုလျှင် လောက၏ ထောင့်များ၊ ထောင့်များတွင် ပြန့်နှံ့လျက်ရှိသော အမှုန်အမွှား၊ အသေးအဖွဲ့များကို စုပေါင်းထားခြင်းဖြစ်ကြောင်း သိရှိရပေမည်။ တန်ခိုးတော်အသျှင်မြတ်၏ အံ့ဖွယ်အစီအမံများသည် ထိုအရာများကို ဖြစ်တည်စေရန် စုစည်းပေးတော်မူလိုက်သည်။ အကယ်၍ **اَمشاج** ၏

အလိုသဘောကို ဤအတိုင်း ကောက်ယူခြင်းဖြစ်လျှင် ဤနေရာတွင် أَمْشَاج ဟူသော စာလုံးကို တင်ပြခြင်းဖြင့် 'ကေယာမသ်'ကို ငြင်းပယ်သူတို့၏ အကြီးဆုံး သံသယသည်လည်း ဝေးလွင့်သွားပေမည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်ကို မသိသော ထိုသူတို့ထံတွင် 'ကေယာမသ်'ဖြစ်ပေါ်လာခြင်းနှင့် သူသေများ ပြန်လည် အသက်ရှင်ခြင်းတို့နှင့် စပ်လျဉ်း၍ အကြီးမားဆုံးသော စောဒကမှာ 'လူသားသည် သေဆုံးပြီးနောက် မြေကြီးဖြစ်သွားပေမည်။ ထို့နောက် တစစီဖြစ်၍ လောကတွင် ပြန့်လည်စုစည်းလျက် ၎င်းတို့အတွင်း၌ အသက်ဝိညာဉ်ထည့်သွင်းရန် မဖြစ်နိုင်ဟု ယူဆကြခြင်း ဖြစ်သည်။

أَمْشَاج အဓိပ္ပာယ်သည် 'ရောနှောပေါင်းစပ်ခြင်း' ဟူသော ဖွင့်ဆိုချက်နှင့် စပ်လျဉ်း၍ ၎င်းတို့၏ သံသယ၏ စောဒကကို ရှင်းလင်းစွာ ဖြေကြားခြင်းတစ်ရပ် ဖြစ်သွားပေသည်။ အဘယ်ကြောင့် ဆိုသော် 'လူသား၏ စတင်ဖန်ဆင်းမှု၌လည်း တစ်လောကလုံးရှိ အမှုန်အမွှားနှင့် အသေးအဖွဲ့များ ပါဝင်ခဲ့သည်။ ပထမအကြိမ် စတင်ဖန်ဆင်းစဉ်က ခက်ခဲမှုမရှိသော အသျှင်အဖို့ ဒုတိယအကြိမ် ပြန်လည် ဖန်ဆင်းရာတွင် အဘယ်ကြောင့် ခက်ခဲသွားရပါသနည်း' ဟု ဖြစ်သည်။ ဤသဖ်စီးရ်တွင် أَمْشَاج ဟူသော စာလုံးကို ဤနေရာ၌ တိုးမြှင့် ထည့်သွင်းခြင်းသည်လည်း အဓိက အကျိုးအမြတ် ရရှိရန် ဖြစ်နိုင်သည်။

نَبْتَلِيهِ သည် اِبْتِلَاء ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'စာမေးပွဲစစ်ဆေးခြင်း၊ စမ်းသပ်ခြင်း' ဟု ဖြစ်သည်။ ဤသည်မှာ လူသားအား ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်နှင့် အမြော်အမြင်တို့အကြောင်းကို တင်ပြခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသားအား ဤဂုဏ်ရည်များဖြင့် ဖန်ဆင်းရသည့် ရည်ရွယ်ချက်မှာ ၎င်းအား စမ်းသပ်ရန် ဖြစ်သည်။ ဤအကြောင်းသည် ရှေ့မှ အာယသ်တော်များတွင် လာရှိပေမည်။ အဘယ်ကြောင့်ဆိုသော် 'ငါအသျှင်မြတ်သည် နဗီတမန်တော်များနှင့် ကောင်းကင်ကျမ်း ကျမ်းများ၏ အကြောင်းခံဖြင့် 'ဂျန္နသ်'၏ လမ်းနှင့် 'ဂျဟန္နမ်' ၏ လမ်းကို ပြသတော်မူခဲ့သည်။ ထို့ပြင် လူသားအား ထိုလမ်းများအနက် နှစ်သက်ရာကို ရွေးချယ်ခွင့် ပေးတော်မူခဲ့သည်' ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ ၎င်းတို့တွင် အုပ်စုနှစ်စု ပေါ်ပေါက်လာခဲ့သည်။

اِمَّا شَاكِرًا وَّاِمَّا كَفُوْرًا

ဆိုလိုသည်မှာ အုပ်စုတစ်စုသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော 'နေအ်မသ်' စည်းစိမ်များ ချီးမြှင့်တော်မူသော အသျှင်မြတ်ကို သိရှိလျက် ထိုအသျှင်မြတ်၏ ကျေးဇူးတော်များကို ကျေးဇူးသိတတ်ပြီး အီမာန်သက်ဝင်ယုံကြည်သူများ ဖြစ်သည်။ အခြားအုပ်စုမှာ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်တော်မူသည့် ကျေးဇူးတော်များအပေါ် ကျေးဇူးကန်း၍ ကာဖိရ်အဖြစ်၌ပင် ရှိနေသောသူများ ဖြစ်သည်။ ထိုအုပ်စုနှစ်စုလုံး၏ အစားပေးခြင်းရလဒ်ကို တင်ပြမိန့်ကြားတော်မူသည်။ ကာဖိရ်များအတွက် သံကြိုးများ လည်ကွင်းစွပ်များ၌ 'ဂျဟန္နမ်'ငရဲဘုံ ဖြစ်သည်။ ထို့ပြင် အီမာန်သက်ဝင်လျက် အမိန့်တော်ကို နာခံသူများအတွက် ကြီးမားလှစွာသော 'နေအ်မသ်'ကျေးဇူးတော်များ ရှိပေသည်။

ပထမဦးစွာ သောက်သုံးဖွယ်ရာများအကြောင်း တင်ပြမိန့်ကြားတော်မူသည်မှာ 'ၚင်းတို့အဖို့ ပရုပ် ရောနှောပေါင်းစပ်ထားသည့် အရက်ကို ချိုးမြှင့်ခြင်း ခံရပေမည်' ဟု ဖြစ်သည်။

يَشْرَبُوْنَ مِنْ كَاْسٍ كَانَ مِزَاجُهَا كَافُوْرًا

အချို့မှုဖတ်စိရ် အဖွင့်ရှင်တို့က မိန့်ဆိုကြသည်မှာ **كافور** 'ကာဖူးရ်' သည် 'ဂျန္နသ်'၏ စမ်းချောင်း တစ်ခု၏ အမည်ဖြစ်သည်။ ထိုအရက်တွင် အရသာအဆင့်အတန်း တိုးမြှင့်စေရန် ထိုစမ်းချောင်းမှ ရေကို ရောစပ်ရလေသည်။ **كافور** 'ကာဖူးရ်'၏ ကျော်ကြားသော အဓိပ္ပာယ်ကို ယူမည်ဆိုလျှင် 'ဂျန္နသ်'၏ ပရုပ်သည်လည်း လောက၏ ပရုပ်ကဲ့သို့ စားသောက်ခြင်း မပြုနိုင်ဟု ယူဆရန် အရေးမကြီးပေ။ ထို 'ကာဖူးရ်'၏ အရည်အသွေးမှာ သီးခြားဖြစ်ပေမည်။

عَيْنًا يَّشْرَبُ بِهَا عِبَادُ اللّٰهِ

عَيْنًا သဒ္ဒါပညာ၏ ပေါင်းစပ်ခြင်းအရ **كافور** 'ကာဖူးရ်'၏ **بدل** 'ဗဒရ်'လည်း ဖြစ်နိုင်သည်။ ဤပုံစံတွင် ဖော်ပြပါအာယသ်တော်၌ **كافور** ၏ အလိုသဘောမှာ 'ဂျန္နသ်' ၏ စမ်းချောင်းဖြစ်သည်။ ထို့ပြင် **عباد الله** သည် **ابرار** ၏ ခေါင်းစဉ်အောက်၌ ဖော်ပြခဲ့သော 'အလ္လာဟ်အသျှင်မြတ်၏ နီးကပ်သော ကျွန်များ' ကို ဆိုလိုသည်။ အကယ်၍ **عَيْنًا** ကို **مِنْ كَاْسٍ** ဖြင့် **بدل** 'ဗဒလ်'ဟု သတ်မှတ်သည့် အခြား စမ်းချောင်းတစ်ခုနှင့် ရေကို တင်ပြခြင်းဖြစ်သည်။ ဤပုံစံတွင် **و عباد الله** ၏ အလိုသဘောမှာ **ابرار** 'အဗ်ရားရ်'ထက် အဆင့်နိမ့်သော 'ဂျန္နသ်'သုခဘုံသားတို့အနက် အခြားအုပ်စုတစ်စုကို ဆိုလိုခြင်း ဖြစ်ပေမည်။

يُوْفُوْنَ بِالنَّذْرِ ဤသည် **ابرار** နှင့် **عباد الله** တို့အဖို့ မည်သည့်အချက်အပေါ် ဤကျေးဇူး တော်များ ရရှိသနည်း' ဟူသော အကြောင်းကို တင်ပြချက် ဖြစ်သည်။ အဓိပ္ပာယ်မှာ 'ဤသူတို့သည် အလ္လာဟ်အသျှင်မြတ်အတွက် **نذر** ကိုးထားသည့် အလုပ်များကို ပြည့်ဝစွာ ပြုလုပ်ဆောင်ရွက်ကြသည်' ဟု ဖြစ်သည်။ **نذر** 'နဇရ်'၏ အဓိပ္ပာယ်မှာ 'ရှအီရသ်တရားတော်အရ အသင်၏ တာဝန်တွင် 'ဝါဂျိဗ်' မဟုတ်သည်ကို အသင်သည် မိမိအပေါ်၌ 'ဝါဂျိဗ်'အဖြစ် ပြုလုပ်သော အလုပ်တစ်ခုခု ဖြစ်သည်။ ဤကဲ့ သို့သော 'နဇရ်'ကို ပြည့်ဝအောင် ဆောင်ရွက်ရန်မှာ တရားတော်အရ 'ဝါဂျိဗ်'ဖြစ်သည်။ ဤအကြောင်း ရှင်းလင်းချက်သည် ရှေ့၌ လာရှိပေမည်။ ဤနေရာတွင် 'ဂျန္နသ်'သုခဘုံသားတို့၏ ကြီးမားလှစွာသော အကျိုးအစားနှင့် သုခစည်းစိမ်များ ရရှိခြင်းအကြောင်းမှာ 'နဇရ်' ပြုထားသည်ကို ပြည့်ဝအောင် ဆောင်ရွက် ခြင်းဟု သတ်မှတ်ထားသည်။ ဤနေရာတွင် ဤသူတို့သည် မိမိတို့ထံမှ 'ဝါဂျိဗ်'ပြုထားသည်တို့ကို ထမ်း ဆောင်ရာတွင် အလေးအနက်ထားကြသည်ဖြစ်ရာ ၚင်းတို့၏ သဘောဆန္ဒအရ မဟုတ်ဘဲ အလ္လာဟ်အသျှင် မြတ်ဘက်တော်မှ ၚင်းတို့အပေါ် သတ်မှတ်ထားသည့် 'ဖွရဓ်'နှင့် 'ဝါဂျိဗ်'တာဝန်များကိုမူ ပိုမို၍ပင် အလေး

အနက်ထားကြပေမည်’ဟူသည့် အကြောင်းကို ညွှန်းဆိုထားသည်။ ဤနည်းဖြင့် ‘နဇရ်’ကို ပြည့်ဝအောင် ပြုလုပ်ဆောင်ရွက်ခြင်းဟူသော စာလုံးတွင် ‘ဝါဂျိဗ်’နှင့် ‘ဖွရ်ဇ်’တာဝန်အားလုံး ထမ်းဆောင်ရန် ပါဝင်သွားပေသည်။ ထို့ပြင် ‘ဂျန္နသ်’၏ သုခစည်းစိမ်များ ရရှိခြင်းအကြောင်းခံသည် အပြည့်အဝ နာခံခြင်း၊ ‘ဖွရ်ဇ်’နှင့် ‘ဝါဂျိဗ်’တာဝန်အားလုံးကို ထမ်းဆောင်ခြင်းဖြစ်ပေမည်။ မည်သို့ပင်ဆိုစေကာမူ ဤစာပိုဒ်အရ ‘နဇရ်’ကို အပြည့်အဝ ထမ်းဆောင်ရန် အရေးကြီးကြောင်းနှင့် ‘ဝါဂျိဗ်’ဖြစ်ကြောင်း အတည်ဖြစ်ပေသည်။

ဓမ္မသတ် ။ ။ ‘နဇရ်’ကိုးခြင်း အထမြောက်ရန် စည်းကမ်းချက်အချို့ ရှိသည်။

(၁) ‘နဇရ်’ကိုးသော အလုပ်သည် ပြုပိုင်ခြင်းနှင့် ‘ဟလာလ်’ဖြစ်ရမည်။ ပြစ်မှုဒုစရိုက် အလုပ်မဖြစ်စေရ။ အကယ်၍ လူတစ်ဦးသည် ပြစ်မှုဒုစရိုက်တစ်ခုခုနှင့် မပိုင်သော အလုပ်တစ်ခုခုကို ပြုလုပ်ရန် ‘နဇရ်’ကိုးလိုက်ပါက ထိုသူသည် ဤမပိုင်သော အလုပ်ကို မပြုလုပ်ရပေ။ မိမိ၏ ‘ကစမ်’ကို ချိုးဖျက်လိုက်ရမည်။ ထို့နောက် ‘ကစမ်’၏ ‘ကဖာရာဟ်’ကို ပေးဆောင်ရပေမည်။

(၂) ဒုတိယစည်းကမ်းချက်မှာ ထို ‘နဇရ်’ကိုးခြင်းသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ‘ဝါဂျိဗ်’မဟုတ်သော ‘နဇရ်’ကိုးခြင်းမျိုး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ‘အကယ်၍ လူတစ်ဦးသည် ‘ဖွရ်ဇ်’နမာဇ် (သို့) ‘ဝိသိရ်ဝါဂျိဗ်’ နမာဇ် ဖတ်မည်’ ဟု ‘နဇရ်’ကိုးလိုက်ပါလျှင် ဤ ‘နဇရ်’သည် အလဟဿ အချည်းနှီးသော ‘နဇရ်’ ကိုးခြင်း ဖြစ်ပေသည်။ ထို ‘ဖွရ်ဇ်’ (သို့) ‘ဝါဂျိဗ်’တို့သည် မူလကပင် ထိုသူ့အပေါ်၌ ထမ်းဆောင်ရန် ‘ဝါဂျိဗ်’ တာဝန် ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

အေမာမ်အအ်ဇွာမ်အဘူဟနီဖာဟ် (ရဟ) ထံတွင် ထပ်မံ၍ စည်းကမ်းချက်ရှိသေးသည်မှာ ‘နဇရ်’ကိုးခြင်းဖြင့် မိမိအပေါ်တွင် ‘ဝါဂျိဗ်’ပြုခဲ့သော အလုပ်၏ ပင်ကိုယ်မူလမှာ ရှရီအသ်တရားတော်အရ ‘ဝါဂျိဗ်’ပြုထားခြင်း ခံရသော ‘အေဗာဒသ်’တစ်ခုခု ဖြစ်ပါလျှင် ဥပမာ- နမာဇ်၊ ရိုဇာဟ်၊ ဇွဒ်ကာဟ်နှင့် ကုရ်ဘာနီစသော အလုပ်များတွင်လည်းကောင်း၊ ထိုအလုပ်၏ ပင်ကိုယ်မူလမှာ ရှရီအသ်တရားတော်အရ ‘အေဗာဒသ်’တစ်ခုခုအတွက် အဓိကရည်ရွယ်ခြင်းမဟုတ်သော ‘အေဗာဒသ်’တစ်ခုခုဖြစ်လျှင်လည်းကောင်း ထိုအလုပ်ကို ‘နဇရ်’ကိုးခြင်းဖြင့် ‘နဇရ်’၏ တာဝန်မဖြစ်ပေ။ ဥပမာ- လူမမာတစ်ဦးဦးကို သွားရောက်မေးမြန်းခြင်း၊ (သို့) ‘ဂျနာဇာဟ်’ကို လိုက်ပို့ခြင်း စသော ‘အေဗာဒသ်’များ ဖြစ်သည်။ ၎င်းတို့သည် အမှန်စင်စစ် ‘အေဗာဒသ်’များပင် ဖြစ်သော်လည်း အဓိက ‘အေဗာဒသ်’များကား မဟုတ်ပေ။ ‘နဇရ်’နှင့် ‘ကစမ်’ကိုနှံဆိုမှုတို့အကြောင်း အကျယ်တဝင့်ကို ဖိကာဟ်ကျမ်းများ၌ ကြည့်ရှုပါလေ။

وَيُطْعِمُوْنَ الطَّعَامَ عَلٰى حُبِّهٖ مِسْكِيْنًا وَّيَتِيْمًا وَّاَسِيْرًا

ဆိုလိုသည်မှာ ‘ဂျန္နသ်’သုခဘုံသားတို့ ရရှိသည့် ဤစည်းစိမ်သုခများမှာ ‘၎င်းတို့သည် လောကတွင် သူဆင်းရဲများ၊ ဖမဲ့ကလေးများနှင့် အကျဉ်းသားများကို အစားအစာများ ကျွေးမွေးခဲ့ကြသည်’ ဟူသော အကြောင်းခံကြောင့်လည်း ဖြစ်ပေသည်။

عَلٰى حُبِّهٖ တွင် عَلٰى ဟူသော အက္ခရာသည် مَعَ ၏ အဓိပ္ပာယ်တွင် ဖြစ်သည်။ အလိုသဘောမှာ 'ဤသူတို့သည် မိမိတို့အတွက် မိမိတို့ကိုယ်တိုင် နှစ်သက်မြတ်နိုးမှုရှိသော အစားအစာများကို သူဆင်းရဲတို့အား ကျွေးမွေးခဲ့ကြသည်။ မိမိထံ၌ အပိုဖြစ်သည့် မကောင်းသော အစားအစာများကို ဆင်းရဲသားတို့အား ကျွေးမွေးခြင်းမဟုတ်' ဟု ဖြစ်သည်။ ဆင်းရဲသားများနှင့် ဖမဲ့ကလေးများကို အစားအစာ ကျွေးမွေးခြင်းသည် 'အေဗာဒသ်'ဖြစ်၍ 'စဝါးဗ်'ကုသိုလ်ရခြင်းမှာ ထင်ရှားပေသည်။ 'အကျဉ်းသား'ဟု ဆိုရာ၌ အကျဉ်းသားသည် ရှရီအသ်တရားတော်၏ ဥပဒေအရ အကျဉ်းချခံထားရသူကို ဆိုလိုသည်။ ၎င်းအကျဉ်းသားသည် ကာဖိရ်ဖြစ်စေ၊ (သို့) အပြစ်ရှိသူ မွတ်စ္စလင်မ်ဖြစ်စေ အတူတူပင် ဖြစ်သည်။ သို့သော် မည်သို့ပင်ဖြစ်စေ အစ္စလာမ့်အစိုးရတွင် ၎င်းအား အစားအစာ ကျွေးမွေးရန် တာဝန်ရှိသည်။ မည်သူမဆို ဤအကျဉ်းသားများအား ကျွေးမွေးခြင်းပြုပါလျှင် ထိုသူသည် အစိုးရနှင့် ပြည်သူပိုင် ဘဏ္ဍာတော်ကို ကူညီပံ့ပိုးမှုပြုခြင်းဖြစ်သည်။ ထို့ကြောင့် အကျဉ်းသားသည် ကာဖိရ်ပင် ဖြစ်လင့်ကစား ၎င်းအား ကျွေးမွေးခြင်းသည် 'စဝါးဗ်' ရရှိပေမည်။ အထူးသဖြင့် အစ္စလာမ့်ခေတ်ဦးတွင် အကျဉ်းသားများအတွက် စားခြင်း၊ သောက်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို မွတ်စ္စလင်မ်များအား ခွဲဝေ၍ တာဝန်ပေးခဲ့သည်။ 'ဗဒရ်'စစ်ပွဲမှ အကျဉ်းသားများကို ဤအတိုင်း ပြုခဲ့သည်။

قَوَارِيْرَا مِنْ فِضَّةٍ

လောကတွင် ငွေထည်ပန်းကန်များသည် ထူထဲမှုရှိသည်။ မှန်ကဲ့သို့ မဖြစ်နိုင်ပေ။ ဖန်သား၊ မှန်သားဖြင့် ပြုထားသော အရာသည် ငွေထည်မဖြစ်နိုင်။ ထိုနှစ်မျိုးတွင် ဆန့်ကျင်ခြားနားမှု ရှိသည်။ သို့ရာတွင် ဤသည်မှာ 'ဂျန္နသ်'၏ ထူးခြားချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ဂျန္နသ်'၏ ငွေထည်သည် မှန်ကဲ့သို့ ဟိုဘက်သည်ဘက် မြင်နိုင်ပေမည်။ ဟဇရသ်အိဗ်နေအဗ္ဗာ:စ် ﷺ က မိန့်ဆိုသည်မှာ ဂျန္နသ်တွင် ရရှိမည်ဖြစ်သော အရာများအားလုံးနှင့် တူညီမှုရှိသော အရာများသည် လောက၌လည်း ရှိပေသည်။ သို့ရာတွင် ငွေထည်ဖြင့် ပြုလုပ်ထားသော ထိုပန်းကန်ခွက်များမှာ လောက၏ ငွေထည်များနှင့် မတူဘဲ မှန်ကဲ့သို့ ဟိုဘက်သည်ဘက် မြင်ရခြင်း ရှိမည် ဖြစ်ပေသည်။

وَيُسْقَوْنَ فِيْهَا كَأْسًا كَانَ مِزَاجُهَا زَنْجَبِيْلًا

زَنْجَبِيْل ၏ ကျော်ကြားသော အဓိပ္ပာယ်မှာ ချင်းခြောက်အား ရောနှောခြင်းကို နှစ်သက်ကြသည်။ ထို့ကြောင့် ဤချင်းခြောက်အား 'ဂျန္နသ်'၌လည်း ရောနှောပေးခြင်း ဖြစ်သည်။ အချို့ပညာရှင်များက 'ဂျန္နသ်'၏ စည်းစိမ်သုခများနှင့် လောက၏ အရာပစ္စည်းများတွင် အမည်နာမ တူညီခြင်းမှအပ အခြား မည်သည့်တူညီမှုမျှ မရှိပေ။ ထို့ကြောင့် 'ဂျန္နသ်'၏ ချင်းခြောက်ကို လောက၏ ချင်းခြောက်နှင့် နှိုင်းယှဉ်၍ သုံးသပ်ခြင်း မပြုနိုင်ပါ'ဟု မိန့်ဆိုကြသည်။

وَحُلُّوْا اَسَاوِرَ مِنْ فِضَّةٍ

اَسَاوِرَ သည် سَوَارٌ ၏ ဗဟုဝုစ်ကိန်း ဖြစ်သည်။ လက်များတွင် ဝတ်ဆင်ရသော လက်ဝတ်ရတနာကို ခေါ်ဆိုသည်။ ဤအာယသ်တော်တွင် ငွေလက်ကောက်များဟု တင်ပြထားသည်။ ထို့ပြင် အခြားအာယသ်တော်တစ်ပါးတွင် اَسَاوِرَ مِنْ ذَهَبٍ ဟု လာရှိသည်။ ဆိုလိုသည်မှာ 'ရွှေလက်ကောက်များ' ဟု ဖြစ်သည်။ ဤအာယသ်တော်နှစ်ပါးတွင် မည်သည့်ဆန့်ကျင်ခြားနားမှုမျှ မရှိပေ။ အဘယ်ကြောင့်ဆိုသော် 'တစ်ခါတစ်ရံ ရွှေလက်ကောက်နှင့် တစ်ခါတစ်ရံ ငွေလက်ကောက်များ သုံးစွဲရခြင်းမျိုး ဖြစ်နိုင်သည်။ သို့မဟုတ် အချို့တို့သည် ရွှေလက်ကောက်များ ဝတ်ဆင်ရ၍ အချို့မှာ ငွေလက်ကောက်များ ဝတ်ဆင်ရခြင်းလည်း ဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်မှာ 'ငွေလက်ကောက်ဖြစ်စေ၊ (သို့) ရွှေလက်ကောက်ပင် ဖြစ်စေ ဤလက်ဝတ်လက်စားများသည် အမျိုးသမီးများ အသုံးပြုရသော အရာများသာ ဖြစ်ပြီး အမျိုးသားများအဖို့ ဤကဲ့သို့သော လက်ဝတ်လက်စားများ ဝတ်ဆင်ခြင်းသည် အပြစ်ဖြစ်သည်ဟု ယူဆရသည်' ဟု ဖြစ်သည်။

၄င်းစောဒက၏ အဖြေမှာ 'အရာပစ္စည်းတစ်ခုခုသည် အမျိုးသမီးအတွက်ဖြစ်စေ၊ (သို့) အမျိုးသားအတွက်ဖြစ်စေ အထူးသီးသန့်ဖြစ်ခြင်းနှင့် ၄င်းတို့အတွက် ကောင်းမွန်သည်ဟုလည်းကောင်း၊ (သို့) အပြစ်ဖြစ်သည်ဟုလည်းကောင်း ဖြစ်ခြင်းမှာ ရေပန်းစားခြင်းနှင့် ထုံးဓလေ့တို့အတိုင်းသာ ဖြစ်သည်။ အချို့တိုင်းပြည်များ (သို့) လူမျိုးများတွင် အရာတစ်ခုသည် အလွန်ပင် အပြစ်ဆိုဖွယ်ရာနှင့် မကောင်းသော အရာဟု ယူဆခြင်းခံရသည်။ သို့သော် အခြားလူမျိုးများတွင် ဤသည် အလွန်လှပ ကောင်းမွန်သည်ဟု ယူဆကြသည်။ ကမ္ဘာတွင် ကစ္စရာဘုရင်သည် လက်များတွင် လက်ကောက် များကိုလည်းကောင်း၊ ရင်ဘတ်နှင့် သရဖူတို့တွင် ရတနာများကို စီခြယ်၍လည်းကောင်း အသုံးပြု ဝတ်ဆင်ခဲ့သည်။ ဤသို့ ဝတ်ဆင်ခြင်းကို ၄င်း၏ ထူးခြားမှုနှင့် ဂုဏ်သိက္ခာဟု မှတ်ယူခဲ့သည်။ ကိစ္စရာ ဘုရင်အား အောင်နိုင်ပြီးနောက် ကိစ္စရာ၏ ဘဏ္ဍာတော်များသည် မွတ်စ္စလင်မ်တို့၏ လက်ဝယ် ရရှိလာခဲ့သည်။ ထိုဘဏ္ဍာတော်များတွင် ကိစ္စရာ၏ လက်ကောက်များလည်း ပါဝင်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအမျိုးမျိုး၊ လူမျိုးတို့၏ ဓလေ့ထုံးစံများနှင့် လူမျိုးတို့၏ မတူညီမှုများအရ ဤကိစ္စတွင် ကွဲလွဲမှုများဖြစ်နိုင်သည်။ သို့ဖြစ်ပေရာ 'ဂျန္နသ်' သုခဘုံအား လောကနှင့် နှိုင်းယှဉ်လျက် မည်သည့်အဓိပ္ပာယ်မျှ ရှိမည် မဟုတ်ပေ။ 'ဂျန္နသ်' ၏ လက်ဝတ်လက်စား ရတနာများသည် အမျိုးသားများအတွက်လည်း လှပကောင်းမြတ်သော အရာများဟု မှတ်ယူရပေမည်။

اِنَّ هٰذَا كَانَ لَكُمْ جَزَآءً وَّكَانَ سَعْيُكُمْ مَّشْكُوْرًا

ဆိုလိုသည်မှာ 'ဂျန္နသ်'တွင် ရောက်ရှိပြီးသောအခါ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မိန့်ကြားတော်မူသည်မှာ 'ဂျန္နသ်'သုခဘုံ၏ ဦးနှောက်အသိနှင့် လိုက်မမီနိုင်သော ဤသုခစည်းစိမ်အားလုံးသည် လောကတွင် အသင်တို့ ပြုမူကျင့်ဆောင်ခဲ့ကြသော ကောင်းမှုတို့၏ အစားဖြစ်သည်။ အသင်တို့၏ ပြုမူ

ကျင့်ဆောင်ခြင်း 'အအ်မာလ်'များသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံတော်မူခြင်း ခံရလေသည်' ဟု ဖြစ်သည်။ ဤမိန့်ကြားခြင်းသည် 'ဂျန္နသ်'သုခဘုံသားများအဖို့ မင်္ဂလာတော်စကားများ မိန့်ခြွေတော်မူခြင်း ဖြစ်သည်။ အချစ်ပင်လယ်၌ နစ်မွန်းနေသော သူတော်စင်များကို မေးမြန်းကြည့်ပါက 'ဂျန္နသ်'၏ အလုံးစုံသော စည်းစိမ်သုခများသည် တစ်ဘက်၌ ရှိ၍ အလ္လာဟ်အသျှင်မြတ်၏ ဤမိန့်ကြားချက်သည် အခြားတစ်ဖက်တွင် ဖော်ပြပါ စည်းစိမ်သုခများထက်ပင် ပို၍ နေပေမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ဤမိန့်ကြားချက်တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား မိမိ၏ သဘောတူနှစ်မြို့တော်မူခြင်း၏ အထောက်အထားလက်မှတ်ကို ချီးမြှင့်တော်မူခြင်း ဖြစ်သည်' ဟူ၏။ 'ဂျန္နသ်' သုခဘုံသားတို့၏ စည်းစိမ်သုခများအကြောင်းကို တင်ပြပြီးနောက် ကိုယ်တော်မြတ် ﷺ အပေါ် ချီးမြှင့်တော်မူသော စည်းစိမ်များအကြောင်း တင်ပြထားသည်။ ဤကျေးဇူးတော် စည်းစိမ်များအနက် အကြီးမားဆုံးသော ကျေးဇူးတော်စည်းစိမ်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို ပို့ချပေးတော်မူခြင်းဖြစ်သည်။

ထိုအကြီးမားဆုံးသော ကျေးဇူး တော်ကို တင်ပြပြီးနောက် ဦးစွာပထမ ရန်သူများနှင့် ကာဖိရ်တို့သည် အသင့်အား ဆန့်ကျင်ငြင်းပယ်ခြင်း နှင့် ဒုက္ခပေးခြင်းများ ပြုကြသည်တို့ကို အသင်သည် ကြံ့ခိုင်စွာ ရပ်တည်၍ သည်းခံပါလေဟု ညွှန်ကြားတော်မူထားသည်။

ဒုတိယအမိန့်မှာ အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်' ပြုခြင်းကို နေ့၊ ည အလုပ်အဖြစ် ပြုလုပ်ပါလေ။ ထို 'အေဗာဒသ်' အားဖြင့် ကာဖိရ်တို့၏ ဒုက္ခပေးခြင်းများမှလည်း ဝေးကွာပေလိမ့်မည်' ဟု ဖြစ်သည်။

နောက်ဆုံးတွင် အန္တရာယ်ပြုသူ ကာဖိရ်တို့၏ ကုဖ်ရ်လုပ်ရပ်အပေါ် ရပ်တည်လျက် ရှိခြင်း အကြောင်းခံကို တင်ပြမိန့်ကြားသည်မှာ 'ဤအသိမဲ့သူတို့သည် လောကရှိ မြင့်မားသော လွယ်ကူမှုများနှင့် သခ်ါရ ဖြစ်သော စည်းစိမ်ချမ်းသာ အရသာများတွင် ယစ်မူးနေကြသည်။ တမလွန်ကို မေ့လျော့၍ ထားကြသည်။ အမှန်စင်စစ် ငါအသျှင်မြတ်သည် လောက၌လည်း ၎င်းတို့အား ဖြစ်ပေါ်တည်ရှိအောင် ပြုထားတော်မူသည်တို့ကို စဉ်းစားကြည့်မည်ဆိုလျှင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် စိုးပိုင်တော်မူသော အသျှင်မြတ်ကို သိရှိကြပေမည်။ ဥပမာ- ငါအသျှင်မြတ်က

نَحْنُ خَلَقْنَاهُمْ وَشَدَدْنَآ اَسْرَهُمْ

ဟု မိန့်ကြားတော်မူသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ၎င်းတို့အား ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ၎င်းတို့၏ ဖြစ်ပေါ် တည်ရှိခြင်းအတွက် ပြုလုပ်ရာတွင် ၎င်းတို့၏ အဆစ်အမြစ်များကို ခိုင်ခံ့စွာ ပြုတော်မူခြင်းဟူသော ပြည့်စုံသည့် အထူးဂုဏ်ရည်တော်တစ်ရပ်ကို ထားတော်မူခဲ့သည်' ဟု ဖြစ်သည်။

လူသား၏ အဆစ်အမြစ် အကြောအချဉ်များကို ဆက်သွယ်ရာတွင် တန်ခိုးတော်အသျှင်မြတ်၏ အံ့ဖွယ်လုပ်ရပ်များ

ဤနေရာ၌ ညွှန်းဆိုထားသည်မှာ လူသားသည် မိမိ၏ အဆစ်အမြစ်များ၊ အကြောအချဉ်များတွင် တစ်ခုချင်းစီ၏ ဆက်သွယ်မှုများကို ကြည့်ရှုမည်ဆိုပါက အသျှင်မြတ်၏ အမြော်အမြင်အရ လူသား၏ အကြောများ ဆက်သွယ်မှုနှင့် စပ်လျဉ်း၍ ထိုအကြောများသည် ပျော့ပြောင်းနေသည်ကို တွေ့ရပေမည်။ ပျော့ပြောင်းသော အကြောများ၏ အကြောင်းခံဖြင့် ခန္ဓာကိုယ်အဆစ်အပိုင်းများကို တစ်ခုနှင့် တစ်ခု ဆက်သွယ်ထားသည်ကို တွေ့မြင်ရပေမည်။ သဘာဝအရဆိုလျှင် အဆစ်အမြစ် အကြောအချဉ်များ၏ ဆက်သွယ်မှုတို့သည် တစ်နှစ်၊ နှစ်နှစ်အတွင်း၌ပင် လျော့ကျ၍ ကျိုးပြတ်သွားပေမည်။ အထူးသဖြင့် ထိုအကြောများနှင့် အဆစ်အမြစ်များသည် နေ့ရောညပါ လှုပ်ရှားနေရသည်။ ဟိုဘက်သည်ဘက် လှည့်၍ ရသည်။ ကွေး၍ အလုပ်များ လုပ်နေကြရသည်။ ဤမျှ နေ့ရောညပါ အလုပ်လုပ်နေရခြင်းနှင့် စပ်လျဉ်း၍ သံစပရိန်များသည်ပင် တစ်နှစ်၊ နှစ်နှစ်အတွင်း၌ ပျော့လျော့၍ ကျိုးပြတ်သွားရသည်ပင် ဖြစ်သည်။ ဤသို့ ပျော့ပြောင်းသော အကြောများကို ကြည့်ရှုပါလျှင် အဘယ်ကဲ့သို့ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် ဆက်သွယ်ထားသည်ကို တွေ့မြင်ရပေမည်။ လျော့ကျခြင်း မရှိ။ ကျိုးပျက်ခြင်းလည်း မရှိပေ။

လူသားသည် မိမိ၏ လက်ချောင်းလေးများ၏ အဆစ်များကို ကြည့်၍ တွက်ချက်ပါလျှင် သက်တမ်းတစ်လျှောက်လုံးတွင် ဤအကြောအချဉ်နှင့် အဆစ်အမြစ်များသည် မည်မျှသော လှုပ်ရှားမှုများ ပြုခဲ့ပါသနည်း။ မည်သို့သော အာရုံစူးစိုက်မှုများ ပြုခဲ့ပါသနည်းဆိုသည်ကို တွေ့ရပေမည်။ အကယ်၍ ဤမျှသော လှုပ်ရှားမှုကို 'စတီးလ်'သံချောင်းသည်ပင် လျော့ကျသွားမည် ဖြစ်သည်။ သို့သော် ဤအကြောများ၊ အဆစ်များမှာမူ နှစ်ပေါင်း (၇၀) (၈၀) ကြာမှ လှုပ်ရှားသွားလာနေသည့်တိုင် မိမိတို့၏ ရှိမြဲအတိုင်း ရှိနေသည်ကို တွေ့မြင်ရပေသည်။

تَبَارَكَ اللهُ اَحْسَنُ الْخَالِقِيْنَ

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ် မုရ်စလာသ်

စေလွှတ်ခြင်းခံရသော လေများ ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالْمُرْسَلٰتِ عُرْفًا ۙ﴿١﴾

၇၇ : ၁ ။ ။ (ငါအသျှင်မြတ်သည်) အကျိုးဖြစ်စေရန်အလို့ငှာ စေလွှတ်ခြင်းခံရသော လေများကို၊ စေလွှတ်ခြင်းခံရသော ဆက်တိုက် တိုက်ခတ်သော လေများကို သက်သေထူတော်မူ၏။

فَالْعٰصِفٰتِ عَصْفًا ۙ﴿٢﴾

၇၇ : ၂ ။ ။ တစ်ဖန် (ငါအသျှင်မြတ်သည်) ပြင်းထန်စွာ တိုက်ခတ်သော လေများကို သက်သေထူတော်မူ၏။

وَّالنّٰشِرٰتِ نَشْرًا ۙ﴿٣﴾

၇၇ : ၃ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည် တိမ်များကို) ပျံ့နှံ့စေသော လေများကို သက်သေထူတော်မူ၏။

فَالْفٰرِقٰتِ فَرْقًا ۙ﴿٤﴾

၇၇ : ၄ ။ ။ တစ်ဖန် (ငါအသျှင်မြတ်သည် ယင်းတိမ်များကို) ကစဉ့်ကလျားဖြစ်စေသော လေများကို သက်သေထူတော်မူ၏။

فَالْمُلْقِيٰتِ ذِكْرًا ۙ﴿٥﴾

၇၇ : ၅ ။ ။ တစ်ဖန် (ငါအသျှင်မြတ်သည် စိတ်နှလုံးများတွင် အလ္လာဟ်အသျှင်မြတ်အား) အောက်မေ့တသ သတိရမှု ထည့်သွင်းပေးသော လေများကို သက်သေထူတော်မူ၏။

عُذْرًا اَوْ نُذْرًا ﴿٦﴾

၇၇ : ၆ ။ ။ ဝန်ချတောင်းပန်ရန်သော်လည်းကောင်း၊ သတိပေးနှိုးဆော်ရန်လည်းကောင်း၊ (တစ်နည်း) အကြောင်းပြချက် မပြုနိုင်ရန်သော်လည်းကောင်း၊ သတိပေးနှိုးဆော်ရန်သော်လည်းကောင်း။

اِنَّمَا تُوْعَدُوْنَ لَوَاقِعٌ ﴿٧﴾

၇၇ : ၇ ။ ။ ဧကန်မလွဲ အသင်တို့ ချိန်းဆိုခြင်းခံကြရသော ချိန်းဆိုချက်မှာ အမှန်ပင် ဆိုက်ရောက်လာမည် ဖြစ်၏။

فَاِذَا النُّجُوْمُ طُمِسَتْ ﴿٨﴾

၇၇ : ၈ ။ ။ စင်စစ် အကြင်အခါဝယ် ကြယ်၊ နက္ခတ်တာရာတို့သည် ကွယ်ပျောက်၍ သွားကြရပေမည်။ (တစ်နည်း) ကြယ်၊ နက္ခတ်တာရာတို့၏ အလင်းရောင်မှာ မှေးမှိန်၍ သွားရပေမည်။

وَ اِذَا السَّمَآءُ فُرِجَتْ ﴿٩﴾

၇၇ : ၉ ။ ။ ၎င်းပြင် အကြင်အခါဝယ် မိုးကောင်းကင်သည် အက်ကွဲ၍ သွားရပေမည်။

وَاِذَا الْجِبَالُ نُسِفَتْ ﴿١٠﴾

၇၇ : ၁၀ ။ ။ ထို့ပြင် အကြင်အခါဝယ် တောင်များသည် အမြစ်မှ လှန်ပစ်ခြင်းကို ခံခဲ့ကြရ (ပြီးလျှင် အစိတ်စိတ်အပိုင်းပိုင်းဖြစ်ကာ လေထဲ၌ လွင့်ပါးလျက် ရှိကြရ) ပေမည်။

وَاِذَا الرُّسُلُ اُقِّتَتْ ﴿١١﴾

၇၇ : ၁၁ ။ ။ ထို့ပြင် အကြင်အခါဝယ် (ရစူလ်) တမန်တော်များသည် (သတ်မှတ်ထားသော) အချိန်၌ လာရောက်စုရုံးကြရပေမည်။

لِاَيِّ يَوْمٍ اُجِّلَتْ ﴿١٢﴾

၇၇ : ၁၂ ။ ။ (ယင်းအရေးကိစ္စတို့သည်) မည်သည့်နေ့ရက်သို့ ရွှေ့ဆိုင်းခြင်းကို ခံခဲ့ရသနည်း။

لِيَوْمِ الْفَصْلِ ﴿١٣﴾

၇၇ : ၁၃ ။ ။ စီရင်ဆုံးဖြတ်မည့်နေ့သို့ (ရွှေ့ဆိုင်းခြင်းခံခဲ့ရလေ၏။)

وَمَآ أَدْرٰىكَ مَا يَوْمُ الْفَصْلِ ﴿١٤﴾

၇၇ း ၁၄ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) စီရင်ဆုံးဖြတ်မည့်နေ့သည် အဘယ်နည်းဟူ၍ အသင် သိပါသလော။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿١٥﴾

၇၇ း ၁၅ ။ ။ ထိုနေ့တွင်မူ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ (အကြီးအကျယ်) ပျက်စီးမှုသည် ရှိချေလိမ့်မည်။

أَلَمْ نُهْلِكِ الْأَوَّلِيْنَ ﴿١٦﴾

၇၇ း ၁၆ ။ ။ ငါအသျှင်မြတ်သည် ရှေးသူဟောင်းတို့အား ပျက်စီးစေတော်မူခဲ့သည် မဟုတ်လော။

ثُمَّ نُتْبِعُهُمُ الْاٰخِرِيْنَ ﴿١٧﴾

၇၇ း ၁၇ ။ ။ ထို့နောက်တစ်ဖန် ငါအသျှင်မြတ်သည် နောက်လာနောက်သားတို့အားလည်း ထိုရှေးသူဟောင်းတို့၏ နောက်သို့ပင် လိုက်စေတော်မူမည် ဖြစ်၏။

كَذٰلِكَ نَفْعَلُ بِالْمُجْرِمِيْنَ ﴿١٨﴾

၇၇ း ၁၈ ။ ။ ငါအသျှင်မြတ်သည် ပြစ်မှုကျူးလွန်သူတို့အား ဤအတိုင်း ပြုလုပ်တော်မူလေ့ ရှိ၏။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿١٩﴾

၇၇ း ၁၉ ။ ။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ (အကြီးအကျယ်) ပျက်စီးမှုသည် ရှိပေမည်။

أَلَمْ نَخْلُقْكُّمْ مِّنْ مَّآءٍ مَّهِيْنٍ ﴿٢٠﴾

၇၇ း ၂၀ ။ ။ ငါအသျှင်မြတ်သည် အသင်တို့အား ယုတ်ညံ့သော ရေဖြင့် ဖန်ဆင်းတော်မူခဲ့သည် မဟုတ်လော။

فَجَعَلْنٰهُ فِيْ قَرَارٍ مَّكِيْنٍ ﴿٢١﴾

၇၇ း ၂၁ ။ ။ တစ်ဖန် ငါအသျှင်မြတ်သည် ထိုရေကို လုံခြုံသော နေရာ၌ ထားရှိတော်မူခဲ့၏။

إِلٰى قَدَرٍ مَّعْلُوْمٍ ﴿٢٢﴾

၇၇ း ၂၂ ။ ။ သတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင်။

فَقَدَرْنَا ۖ فَنِعْمَ الْقَادِرُونَ ﴿٢٣﴾

၇၇ : ၂၃ ။ ။ တစ်ဖန် ငါအသျှင်မြတ်သည် စနစ်တကျ စီမံပြုပြင် ချိန်ဆ ခန့်မှန်းတော်မူခဲ့ရာ၊ စင်စစ် (ငါအသျှင်မြတ်သည်) အဘယ်မျှ ကောင်းမြတ်သော စီမံပြုပြင် ချိန်ဆ ခန့်မှန်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသနည်း။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٢٤﴾

၇၇ : ၂၄ ။ ။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ (အကြီးအကျယ်) ပျက်စီးမှုသည် ရှိပေမည်။

أَلَمْ نَجْعَلِ الْأَرْضَ كِفَاتًا ﴿٢٥﴾

၇၇ : ၂၅ ။ ။ ငါအသျှင်မြတ်သည် ပထဝီမြေကို စုရုံးပေါင်းစပ်ရာ နေရာဌာန၊ စုရုံးပေါင်းစပ်သော အရာ ပြုလုပ်တော်မူခဲ့သည်မဟုတ်ပေ။

أَحْيَاءً وَأَمْوَاتًا ﴿٢٦﴾

၇၇ : ၂၆ ။ ။ အသက်ရှင်တို့အားလည်းကောင်း၊ သူသေတို့အားလည်းကောင်း။

وَجَعَلْنَا فِيهَا رَوَاسِيَ شَامِخَاتٍ وَأَسْقَيْنَاكُم مَّاءً فُرَاتًا ﴿٢٧﴾

၇၇ : ၂၇ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းပထဝီမြေဝယ် မြင့်စွင့်လှစွာသော တောင်များကို (နေရာတကျ) စိုက်ထူတော်မူသည်။ ၎င်းပြင် ငါအသျှင်မြတ်သည် အသင်တို့အား ချိုမြသော ရေကို တိုက်ကျွေးတော်မူသည်။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٢٨﴾

၇၇ : ၂၈ ။ ။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည် ရှိချေမည်။

انطَلِقُوا إِلَىٰ مَا كُنتُم بِهِ تُكَذِّبُونَ ﴿٢٩﴾

၇၇ : ၂၉ ။ ။ အသင်တို့သည် မဟုတ်မမှန်ဟူ၍ မိမိတို့ စွပ်စွဲငြင်းပယ်လျက် ရှိခဲ့ကြ (သော ပြစ်ဒဏ်ရှိ) ရာသို့ လျှောက်၍ သွားကြလေကုန်။

انطَلِقُوا إِلَىٰ ظِلٍّ ذِي ثَلَاثِ شُعَبٍ ﴿٣٠﴾

၇၇ : ၃၀ ။ ။ အသင်တို့သည် အကိုင်းသုံးကိုင်း ခွဲထွက်သော အရိပ် (အောက်) သို့ လျှောက်သွားကြလေကုန်။
['ကေယာမသ်' နေ့တွင် ကာဖိရ်တို့အား ငရဲမီးခိုး အစုသုံးစုသည် ၎င်းတို့၏ ဦးခေါင်းနှင့် လက်ဝဲ၊ လက်ယာ သုံးဘက်သုံးတန်မှ ဝိုင်းရံလျက်ရှိပြီး စစ်ဆေးမေးမြန်းခြင်း ပြီးဆုံးသည်အထိ ၎င်းမီးခိုး၏ အရိပ်အောက်တွင် နေကြပေမည်။]

لَّا ظَلِيلٍ وَلَا يُغْنِي مِنَ ٱللَّهَبِ ﴿٣١﴾

၇၇ : ၃၁ ။ ။ (ယင်းအရိပ်တွင်) သက်သာမှုလည်း ရှိမည်မဟုတ်ပေ။ မီးတောက်မီးလျှံ (၏ အရှိန်မှ) ကာကွယ်မည်
လည်း မဟုတ်ပေ။

إِنَّهَا تَرْمِي بِشَرَرٍ كَٱلْقَصْرِ ﴿٣٢﴾

၇၇ : ၃၂ ။ ။ စင်စစ်အမှန် ယင်းမီးသည် အဆောက်အအုံကြီးများပမာ ရှိသော မီးပွင့်မီးပွားများကို ပေါက်ထွက်စေ
မည်။

كَأَنَّهُ جِمَٰلَتٌ صُفْرٌ ﴿٣٣﴾

၇၇ : ၃၃ ။ ။ ယင်းမီးပွင့်မီးပွားများမှာ အဝါရောင်ရှိသော ကုလားအုတ်များကဲ့သို့ ရှိကြပေမည်။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٣٤﴾

၇၇ : ၃၄ ။ ။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည်
ရှိပေမည်။

هَٰذَا يَوْمُ لَا يَنطِقُونَ ﴿٣٥﴾

၇၇ : ၃၅ ။ ။ ဤနေ့သည် ၎င်းတို့ စကားပြောဆိုခြင်း မပြုနိုင်သော နေ့ပင် (ဖြစ်၏။)

وَلَا يُؤْذَنُ لَهُمْ فَيَعْتَذِرُونَ ﴿٣٦﴾

၇၇ : ၃၆ ။ ။ ၎င်းတို့သည် အကြောင်းပြဆင်ခြေလဲနိုင်ကြရန် ခွင့်ပြုခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٣٧﴾

၇၇ : ၃၇ ။ ။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှု
သည် ရှိချေမည်။

هَٰذَا يَوْمُ ٱلْفَصْلِ جَمَعْنَٰكُمْ وَٱلْأَوَّلِينَ ﴿٣٨﴾

၇၇ : ၃၈ ။ ။ ဤသည် စီရင်ဆုံးဖြတ်မည့်နေ့ပင် (ဖြစ်၏။) ငါအသျှင်မြတ်သည် အသင်တို့အားလည်းကောင်း၊ ရှေးသူ
ဟောင်းတို့အားလည်းကောင်း စုရုံးတော်မူလိုက်ပြီ။

فَإِنْ كَانَ لَكُمْ كَيْدٌ فَكِيدُونِ ﴿٣٩﴾

၇၇ : ၃၉ ။ ။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့၌ အကြံအစည် တစ်စုံတစ်ရာ ရှိခဲ့ပါမူ၊ ငါအသျှင်မြတ်နှင့် ယှဉ်ပြိုင်၍ ကြံစည်ကြလေကုန်။

وَيْلٌ يَوْمَئِذٍ لِلْمُكَذِّبِينَ ﴿٤٠﴾

၇၇ : ၄၀ ။ ။ ထိုနေ့တွင်မူ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည် ရှိချေလိမ့်မည်။

إِنَّ الْمُتَّقِينَ فِي ظِلَالٍ وَعُيُونٍ ﴿٤١﴾

၇၇ : ၄၁ ။ ။ ကေန်မလွဲ 'မွတ်သကီ' သူတော်ကောင်းတို့သည် အရိပ်အာဝါသများ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း၊

وَفَوَاكِهَ مِمَّا يَشْتَهُونَ ﴿٤٢﴾

၇၇ : ၄၂ ။ ။ ထိုသူတို့ အာသာဆန္ဒ ရှိကြလေသော သစ်သီးဝလံများ၌လည်းကောင်း ရှိနေကြပေမည်။

كُلُوا وَاشْرَبُوا هَنِيئًا بِمَا كُنْتُمْ تَعْمَلُونَ ﴿٤٣﴾

၇၇ : ၄၃ ။ ။ (၎င်းတို့သည် ဤသို့ ပြောဆိုခြင်းကို ခံကြရပေမည်။) အသင်တို့သည် မိမိတို့ ကျင့်မူခဲ့ကြလေသော (ကောင်းမှုသုစရိုက်များကြောင့်) မြိန်ယှက်စွာ စားသုံးခြင်းကိုလည်းကောင်း၊ သောက်သုံးခြင်းကိုလည်းကောင်း ပြုကြလေကုန်။

إِنَّا كَذَلِكَ نَجْزِي الْمُحْسِنِينَ ﴿٤٤﴾

၇၇ : ၄၄ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည် ကောင်းမှုပြုသူတို့အား ဤအတိုင်းပင် အစားပေးတော်မူလေ့ ရှိတော်မူ၏။

وَيْلٌ يَوْمَئِذٍ لِلْمُكَذِّبِينَ ﴿٤٥﴾

၇၇ : ၄၅ ။ ။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည် ရှိပေမည်။

كُلُوا وَتَمَتَّعُوا قَلِيلًا إِنَّكُمْ مُجْرِمُونَ ﴿٤٦﴾

၇၇ : ၄၆ ။ ။ အသင်တို့သည် (ဤပစ္စုပ္ပန် မျက်မှောက်ဘဝ၌) အနည်းငယ်မျှ (ကာလတိုင်အောင်) စားသုံးခြင်းကိုလည်းကောင်း၊ အကျိုးခံစားခြင်းကိုလည်းကောင်း ပြုကြလေကုန်။ ကေန်မလွဲ အသင်တို့သည် အပြစ်ရှိသူများပင် ဖြစ်ကြကုန်၏။

وَيۡلٌ يَّوۡمَئِذٍ لِّلۡمُكَذِّبِيۡنَ ۝٤٧

၇၇ : ၄၇ ။ ။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည် ရှိပေမည်။

وَاِذَا قِيۡلَ لَهُمُ ارۡكَعُوۡا لَا يَرۡكَعُوۡنَ ۝٤٨

၇၇ : ၄၈ ။ ။ စင်စစ် ၎င်းတို့အား 'အသင်တို့သည် 'ရှုကူအ်'ဦးညွတ်ကြလေကုန်'ဟု အမိန့်ပေးတော်မူသောအခါ၊ ၎င်းတို့သည် 'ရှုကူအ်'ဦးညွတ်ခြင်းကို ပြုကြသည်မဟုတ်ပေ။

وَيۡلٌ يَّوۡمَئِذٍ لِّلۡمُكَذِّبِيۡنَ ۝٤٩

၇၇ : ၄၉ ။ ။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည် ရှိချေမည်။

فَبِاَىِّ حَدِيۡثٍۭ بَعۡدَهٗ يُؤۡمِنُوۡنَ ۝٥٠

၇၇ : ၅၀ ။ ။ စင်စစ် ၎င်းတို့သည် (ကုရ်အာန်ကျမ်းတော်မြတ်) အပြင်၊ (တစ်နည်း ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ခဲ့ပြီး) နောက် မည်သည့်စကားကို သက်ဝင်ယုံကြည်ကြကုန်မည်နည်း။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် အကျိုးဖြစ်စေအံ့သောငှာ စေလွှတ်ခြင်းခံရသော လေများကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူ၏။

တစ်ဖန် ငါအသျှင်မြတ်သည် ပြင်းထန်စွာ တိုက်ခတ်သော လေများကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူ၏။ (ဤလေတိုက်ခတ်ခြင်းဖြင့် ကြောက်ရွံ့စိုးရိမ်ဖွယ်ရာ ဖြစ်သည်။) ထို့ပြင် ငါအသျှင်မြတ်သည် တိမ်များကို (သယ်ဆောင်၍) ပြန့်နှံ့စေသော လေများကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူ၏။

(ထိုလေတိုက်ခတ်ပြီးနောက် မိုးရွာသွန်းလေ့ ရှိသည်။) တစ်ဖန် ငါအသျှင်မြတ်သည် တိမ်များကို ကစဉ့်ကလျားဖြစ်စေသော လေများကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူ၏။

(မိုးရွာသွန်းပြီးနောက် ဖြစ်လေ့ရှိသော ပုံစံအတိုင်း ဖြစ်သည်။) ထို့နောက်တစ်ဖန် ငါအသျှင်မြတ်သည့် (စိတ်နှလုံးသားများတွင်) အလ္လာဟ်အသျှင်မြတ်၏ သတိရတသမှု ထည့်သွင်းပေးသော လေများကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူ၏။

ဝန်ချတောင်းပန်ခြင်းနှင့် သတိပေးနှိုးဆော်ရန် ဖြစ်သည်။ (ဆိုလိုသည်မှာ ဤဖော်ပြပါ လေတို့သည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော တန်ခိုးတော်များအပေါ် ညွှန်းဆိုလျက် ရှိခြင်းကြောင့် ကမ္ဘာလောကအပေါင်းတို့ကို ဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်သို့ လှည့်စေသော အကြောင်းခံ ဖြစ်သွားသည်။ ထို့ပြင် ဤသို့ လှည့်စေသော အကြောင်းခံသည် ပုံသဏ္ဌာန်နှစ်မျိုး ရှိသည်။ တစ်မျိုးမှာ စိုးရိမ်ကြောက်ရွံ့ထိတ်လန့်မှု အရိပ်အရောင်များ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ 'သောင်ဗာဟ်' အမှားဝန်ခံခြင်းနှင့် အကြောင်းပြချက်များ ဖြစ်သည်။ ဤသည် 'ကေယာမသ်'ကို ဆိုလိုခြင်းဖြစ်သည်။)

(ဤအမျိုးအမည်အားလုံးသည် 'ကေယာမသ်'နှင့် အလွန်ကိုက်ညီမှု ရှိပေသည်။ အကြောင်းမှာ ပထမ 'ဆူရ်'တံပိုးခရာ မှုတ်ပြီးသောအခါ ကမ္ဘာလောကအပေါင်း ပျက်စီးသွားခြင်းဖြစ်ရပ်သည် ပြင်းထန်သော လေပြင်းမုန်တိုင်းနှင့် ဆင်တူပေသည်။ ထို့ပြင် ဒုတိယအကြိမ် 'ဆူရ်'တံပိုးခရာ မှုတ်ပြီးသောအခါ သူသေများ ပြန်လည် အသက်ရှင်ခြင်း စသော ဖြစ်ရပ်များသည် အကျိုးပြုသော လေတိုက်ခတ်ပြီးနောက် မိုးရွာသွန်းခြင်းနှင့် ထိုမိုးရွာသွန်းခြင်းကြောင့် အပင်များ ပေါက်ပွားရှင်သန်လာခြင်းဖြစ်ရပ်နှင့် ဆင်တူသောကြောင့် ဖြစ်သည်။)

(ရှေ့တွင် 'ကေယာမသ်'ဖြစ်ပေါ်သည့် အကြောင်းကို မိန့်ကြားသည်မှာ) သို့ဖြစ်ပေရာ ကြယ်တာရာတို့၏ အလင်းရောင် မှေးမှိန်သွားမည်ဖြစ်သောအခါ၊ ၄င်းပြင် မိုးကောင်းကင်သည် အက်ကွဲ၍သွားမည် ဖြစ်သောအခါ၊ ထို့ပြင် တောင်များသည် အမြစ်မှ လှန်ပစ်ခြင်းကို ခံကြရမည်ဖြစ်သောအခါ၊ ထို့ပြင် ရစူလ်တမန်တော်အားလုံးတို့သည် သတ်မှတ်ထားသော အချိန်ကာလ၌ စုရုံးရောက်ရှိလာကြမည်ဖြစ်သောအခါ၊ (ထိုအချိန်တွင် အားလုံးတို့အတွက် စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်သည်။ ရှေ့တွင် ဤနေ့၏ ကြောက်မက်ဖွယ်ဖြစ်ကြောင်း အနည်းငယ် သိရှိရသည်မှာ) နဗီတမန်တော်တို့၏ အရေးကိစ္စသည် မည်သည့်နေ့သို့ ရွှေ့ဆိုင်းခြင်း ခံခဲ့ရသနည်း။

(ရှေ့၌ ဖြေကြားတော်မူသည်မှာ) စီရင်ဆုံးဖြတ်မည့်နေ့သို့ (ရွှေ့ဆိုင်းခြင်းခံခဲ့ရ၏။ ဤမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၏ အလိုသဘောကို သိရှိရသည်မှာ ရစူလ်တမန်တော်တို့အား ငြင်းပယ်လျက် ရှိခဲ့ကြသော ကာဖိရ်တို့သည်လည်းကောင်း၊ ယခုလည်း ဤအွမ္မသ်တွင် ရစူလ်တမန်တော်မြတ် ﷺ အား ငြင်းပယ်လျက်ရှိသော ကာဖိရ်တို့သည်လည်းကောင်း၊ ဤသို့ ငြင်းပယ်မှုအပေါ် တမလွန်၏ 'အဇားဗ်'အပြစ်ဒဏ်ရှိကြောင်း သတိပေးနှိုးဆော်ခြင်းခံရသောအခါ တမလွန်၏ 'အဇားဗ်'အပြစ်ဒဏ်ကို ငြင်းပယ်မှု ပြုကြလေသည်။)

(ဤသို့ ငြင်းပယ်ခြင်း၏ အဓိကအချက်မှာ ကာဖိရ်များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ရစူလ် တမန်တော်တို့၏ ဖြစ်ရပ်များအတွက် စီရင်ဆုံးဖြတ်ခြင်းသည် ယခု ဖြစ်ရှိတော့မည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထိုစီရင်ဆုံးဖြတ်မှု နောက်ကျခြင်းဖြင့် ကာဖိရ်တို့အဖို့ ငြင်းပယ်ရန် အခွင့်အရေးများ ပိုမို ရရှိပေသည်။ မွတ်စ္စလင်မ်များအဖို့ မူလအတိုင်းပင် စီရင်ဆုံးဖြတ်ခြင်းကို အစောတလျှင် ဖြစ်လိုကြသည်။ သို့ဖြစ်ပေရာ

ဤအာယသ်တော်တွင် အလျင်စလို ပြုခြင်းအပေါ် ဖြေကြားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အချို့သော အမြော်အမြင်များအားဖြင့် ဤစီရင်ဆုံးဖြတ်ခြင်းကို ဆိုင်းငံ့တော်မူထားသည်။ သို့ရာတွင် ထိုအရေးကိစ္စသည် မုချ ဖြစ်ပေါ်လာမည် ဖြစ်ပေသည်။)

ထို့ပြင် (ရှေ့တွင် ထိုစီရင်ဆုံးဖြတ်မည့်နေ့၏ ကြောက်မက်ဖွယ်ဖြစ်ကြောင်းကို ဖော်ပြထားသည်မှာ အို၊ နဗီတမန်တော်) ထိုစီရင်ဆုံးဖြတ်မည့်နေ့သည် မည်သို့ ဖြစ်သည်ကို အသင် သိပါသလား။

(ဆိုလိုသည်မှာ အလွန်ပြင်းထန် ခက်ခဲသော နေ့ဖြစ်သည်။ ထိုမှန်ကန်သော 'ကေယာမသ်'ကို ငြင်းပယ်သူတို့အဖို့ သိထားရမည်မှာ) ထိုနေ့တွင် (အမှန်တရားကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့အဖို့ ကြီးကျယ်သော ပျက်စီးမှုသည် ရှိပေမည်။ (ရှေ့တွင် ရှေးလွန်လေပြီးသော ပုဂ္ဂိုလ်များ၏ အကြောင်းခံဖြင့် လက်ရှိသူတို့ကို သတိပေးနှိုးဆော်ထားသည်မှာ) ငါအသျှင်မြတ်သည် ရှေးသူဟောင်းတို့အား ပျက်စီးစေတော်မူခဲ့သည် မဟုတ်ပါလော။

ထို့နောက်တစ်ဖန် ငါအသျှင်မြတ်သည် နောင်လာနောက်သားတို့အားလည်း ('အဓားဗ်'အပြစ်ဒဏ်တွင်) ထိုရှေးသူဟောင်းတို့နှင့် အတူတူ ပြုပေးတော်မူပေမည်။ (ဆိုလိုသည်မှာ အသင်၏ အွမ္မသ်များမှ ကာဖိရ်တို့ကိုလည်း ပျက်စီးစေသော ဒုက္ခကို ဆိုက်ရောက်စေမည်။ ဥပမာ- 'ဗဒရ်'စသော စစ်ပွဲများတွင် ဖြစ်ခဲ့သည့်အတိုင်းပင် ဖြစ်သည်။)

ငါအသျှင်မြတ်သည် ပြစ်မှုကျူးလွန်သူတို့အား ဤအတိုင်း ပြုလုပ်တော်မူလေ့ ရှိသည်။

(ဆိုလိုသည်မှာ ၎င်းတို့၏ 'ကုဖ္ဖရ်'ကျူးလွန်ခြင်းအပေါ် နှစ်ဌာနလုံး၌ဖြစ်စေ၊ (သို့) တမလွန်၌ ဖြစ်စေ၊ အပြစ်များ ပေးတော်မူလေ့ ရှိသည်။ ထို့ပြင် ကုဖ္ဖရ်ကျူးလွန်ခြင်းအပေါ် 'အဓားဗ်'အပြစ်ဒဏ် ထိုက်သက်သည်ကို ငြင်းပယ်သူတို့ သိမှတ်ထားရန်မှာ) ထိုနေ့တွင် (အမှန်တရားကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့အဖို့ ကြီးကျယ်သော ပျက်စီးမှုသည် ရှိပေသည်။

(ရှေ့တွင် 'ကေယာမသ်'ဖြစ်ပေါ်ခြင်း၊ ရှင်ခြင်းနှင့် သေခြင်းတို့ကို ဦးနှောက်အတွင်း ကိန်းဝပ်စေရန် မိန့်ကြားတော်မူသည်မှာ) ငါအသျှင်မြတ်သည် အသင်တို့အား တန်ဖိုးမရှိသော ရေဖြင့် ဖန်ဆင်းတော်မူခဲ့သည် မဟုတ်ပါလော။

(ဆိုလိုသည်မှာ အစကနဦးတွင် အသင်တို့သည် မသန့်ဖြစ်သော ကာလလရေကြည်အဖြစ်၌ ရှိခဲ့ကြသည်။) တစ်ဖန် ငါအသျှင်မြတ်သည် ထိုရေကို လုံခြုံသော နေရာ (အမျိုးသမီး၏ သားအိမ်) တွင် ထားရှိတော်မူခဲ့သည်။ သတ်မှတ်သော အချိန်ကာလတိုင်အောင် ဖြစ်သည်။

အချုပ်မှာ ငါအသျှင်မြတ်သည် (ထိုအရာများကို ပြုပြင်ဖန်ဆင်းတော်မူရာတွင် ချိန်ဆခန့်မှန်းမှု တစ်ရပ် ပြုတော်မူခဲ့သည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် အဘယ်မျှ ကောင်းမြတ်သည့် ချိန်ဆခန့်မှန်းတော်မူသော အသျှင် ဖြစ်တော်မူပါသနည်း။

(ဤမိန့်ကြားချက်ဖြင့် သေသူများအား ပြန်လည် အသက်ရှင်စေခြင်းကို စွမ်းဆောင်နိုင်တော်မူကြောင်း အတည်ဖြစ်ပေသည်။ တစ်ဖန် ပြန်လည်ရှင်ထစေရန် စွမ်းဆောင်နိုင်တော်မူကြောင်းကို ငြင်းပယ်သူတို့အဖို့ သိမှတ်ထားရမည်မှာ) ထိုနေ့တွင် (အမှန်တရားကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့အဖို့ ကြီးကျယ်သော ပျက်စီးမှုသည် ရှိပေသည်။ (ရှေ့တွင် အီမာန်နှင့် အမိန့်နာခံမှုများကို ပြုကျင့်ရန် လှုံ့ဆော်ပေးသော ကျေးဇူးတော်များကို တင်ပြမိန့်ကြားတော်မူသည်မှာ) ငါအသျှင်မြတ်သည် ပထဝီမြေကို စုရုံးပေါင်းစပ်ရာ နေရာဌာနအဖြစ် ပြုလုပ်တော်မူခဲ့သည် မဟုတ်ပါလော။

အသက်ရှင်သူနှင့် သူသေတို့၏ စုရုံးရာနေရာဌာနအဖြစ် ပြုလုပ်တော်မူခဲ့သည် မဟုတ်ပါလော။ (အသက်ရှင်နေသော ဘဝသက်တမ်းတွင် ဤကမ္ဘာမြေပထဝီအပေါ်၌ပင် နေထိုင်ခဲ့ကြသည်။ သေဆုံးပြီးသော အခါ မြုပ်နှံခံရပြီး မြေကြီးအတွင်း နစ်မြုပ်သွားသည့်အခါ၌လည်းကောင်း၊ မီးလောင်ကျွမ်းသောအခါ၌ လည်းကောင်း နောက်ဆုံးတွင် မြေကြီးဖြစ်၍ မြေကြီး၏ အစိတ်အပိုင်းအဖြစ်နှင့်ပင် ရောနှောသွားပေ သည်။ ထို့ပြင် ဤအခြေအနေသည် သေပြီးနောက်ပိုင်းတွင် ကျေးဇူးတော်ဖြစ်ရခြင်းအကြောင်းမှာ အကယ်၍ သူသေများသည် မြေကြီးဖြစ်သွားခြင်း မရှိပါက ရှင်နေသူများအဖို့ စိတ်ညစ်စရာဖြစ်လျက် သူသေများထက် ပို၍ မြတ်သွားပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုရှင်သူများသည် မိမိတို့နေထိုင်ရန်သာမက သွားလာရန် ပင် နေရာမရှိ ဖြစ်သွားပေမည်။)

ထို့ပြင် ငါအသျှင်မြတ်သည် ထို (ပထဝီမြေ) ပေါ်တွင် မြင့်စွင့်လှစွာသော တောင်များကို ပြုပေး တော်မူခဲ့သည်။ (ထိုတောင်များအားဖြင့် များစွာသော အကျိုးဖြစ်ထွန်းစေခဲ့သည်။) ထို့ပြင် ငါအသျှင်မြတ် သည် အသင်တို့အား ချိုမြသော ရေကို တိုက်ကျွေးတော်မူခဲ့သည်။

(ဤကျေးဇူးတော်သည် အရာတိုင်းကြောင့်ဖြစ်စေ၊ (သို့) မြေပထဝီနှင့် စပ်လျဉ်း၍ ဖြစ်စေ ရရှိ သော ကျေးဇူးတော်ဟု ဆိုနိုင်သည်။ အကြောင်းမှာ ရေ၏ ပင်မထွက်ရှိရာသည်လည်း မြေကြီးအတွင်းမှ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် ဤကျေးဇူးတော်များ၏ တောင်းဆိုမှုသည် 'သောင်ဟီးဒ်' ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤမှန်ကန်သော 'သောင်ဟီးဒ်'ကို ငြင်းပယ်ကြသူတို့အဖို့ သိမှတ်ရန်မှာ)

ထိုနေ့တွင် (အမှန်တရားကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့အဖို့ ကြီးကျယ်သော ပျက်စီးမှု သည် ရှိပေမည်။ (ရှေ့တွင် 'ကေယာမသ်'နေ့၏ အချို့အပြစ်ဒဏ်များအကြောင်း တင်ပြထားသည်မှာ 'ကေယာမသ်'နေ့တွင် ကာဖိရ်တို့အား မိန့်ကြားမည်မှာ) အသင်တို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ် ခဲ့ကြသော 'အဇားဗ်'အပြစ်ဒဏ်ရှိရာသို့ လျှောက်၍ သွားကြလေကုန်။

အသင်တို့သည် အကိုင်းသုံးကိုင်း ခွဲထွက်သော အရိပ်တစ်ခု၏ အောက်သို့ လျှောက်၍ သွားကြ လေကုန်။ (ယင်းအရိပ်တွင်) အေးမြမှုလည်း ရှိမည်မဟုတ်။ မီးတောက်မီးလျှံ၏ အပူရှိန်မှ ကာကွယ်ပေး နိုင်မည်လည်း မဟုတ်။

(ဤအရိပ်သည် 'ဂျဟန္နမ်'မှ ထွက်လာသည့် မီးခိုးလုံးကို ဆိုလိုခြင်းဖြစ်သည်။ ထိုမီးခိုးသည် မြောက်မြားစွာ ထွက်ပေါ်လာပေမည်။ ထို့ကြောင့် မြင့်မား၍ ပေါက်ကွဲပြီး အပိုင်းသုံးပိုင်း ဖြစ်သွားပေမည်။ كما فى الطبرى عن قتا د ه ထို့ပြင် စာရင်းစစ်ဆေးပြီးသည့်တိုင် ကာဖိရ်တို့သည် ဤမီးခိုးလုံး၏ ဝန်းရံမှုအောက်တွင် နေကြရပေမည်။ အသျှင်မြတ်၏ လက်ခံခြင်းခံရသော မုအ်မင်န်တို့မှာမူ 'အရရှ်' ပလ္လင်တော်၏ အရိပ်အာဝါသအောက်၌ နေကြရပေမည်။ ရှေ့တွင် ဤမီးခိုးလုံး၏ အခြားသော အခြေအနေများကို တင်ပြသည်မှာ) ဧကန်အမှန် ယင်းမီးသည် အဆောက်အအုံကြီးမျှ ရှိသော မီးပွင့်မီးပွားများကို ပေါက်ထွက်စေမည်။ ယင်းမီးသည် အဝါရောင်ရှိသော ကုလားအုတ်များကဲ့သို့ ရှိကြပေမည်။

(မီးကျီမီးခဲသည် မီးတောက်မှ ကြွေကျသည့်အခါ မီးတောက်ကြီး ဖြစ်သွားသည်။ တစ်ဖန် များစွာသော အပိုင်းအစများဖြစ်လျက် မြေကြီးပေါ် ကျသွားသည်။ သို့ဖြစ်ပေရာ ပထမဥပမာပေးခြင်းသည် အစပိုင်း အခြေအနေအရ ဖြစ်သည်။ ဒုတိယဥပမာပေးခြင်းမှာ အဆုံးပိုင်းအခြေအနေအရ ဖြစ်သည်။ ရူဟွလ်မအာနီကျမ်းတွင် ဤအတိုင်း လာရှိသည်။ ထို့နောက် ဤအမှန်တရားကို ငြင်းပယ်သူတို့ သိမှတ်ရမည်မှာ) ထိုနေ့တွင် (အမှန်တရားကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့အဖို့ ကြီးကျယ်သော ပျက်စီးမှုသည် ရှိပေမည်။

(ရှေ့တွင် ကာဖိရ်တို့နှင့် စပ်လျဉ်းသော ဖြစ်ရပ်ကို တင်ပြသည်မှာ) ထိုနေ့သည်ကား ၎င်းတို့အဖို့ စကားမပြောဆိုနိုင်သော နေ့ ဖြစ်ပေမည်။ ၎င်းတို့သည် အကြောင်းပြ ဆင်ခြေပေးနိုင်ကြရန် ခွင့်ပြုခြင်းကိုလည်း ခံကြရမည်မဟုတ်။ သို့ဖြစ်ပေရာ အကြောင်းပြချက်လည်း ပြုနိုင်ကြမည်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် အမှန်စင်စစ် မှန်ကန်သော အကြောင်းပြချက်သည် ၎င်းတို့၌ ရှိမည်ပင် မဟုတ်သောကြောင့်ပင် ဤအမှန်တရားကို ငြင်းပယ်ကြသူတို့ သိမှတ်ရမည်မှာ) ထိုနေ့တွင် (အမှန်တရားကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့အဖို့ ကြီးကျယ်သော ပျက်စီးမှုသည် ရှိပေမည်။ (ရှေ့တွင်လည်း ဤနေ့အကြောင်းကို တင်ပြထားသည်။ ထိုနေ့တွင် ထိုသူတို့အား မိန့်ကြားတော်မူမည်မှာ) ဤသည် စီရင်ဆုံးဖြတ်မည့်နေ့ပင် ဖြစ်သည်။ (ဤနေ့ကို အသင်တို့သည် ငြင်းပယ်လျက် ရှိခဲ့ကြသည်။) ငါအသျှင်မြတ်သည် (ယနေ့) အသင်တို့အားလည်းကောင်း၊ ရှေးသူဟောင်းတို့အားလည်းကောင်း (စီရင်ဆုံးဖြတ်ရန်အတွက်) စုရုံးတော်မူလိုက်ပြီ။

သို့ဖြစ်ပေရာ အကယ်၍ အသင်တို့တွင် (ယနေ့၏ ရလဒ်နှင့် စီရင်ဆုံးဖြတ်မှုမှ လွတ်မြောက်ရန်) အကြံအစည်တစ်စုံတစ်ရာ ရှိခဲ့ပါမူ ငါအသျှင်မြတ်နှင့် ယှဉ်ပြိုင်၍ ကြံစည်ကြလေကုန်။ (ဤဖြစ်ရပ်၏ အမှန်တရားကို ငြင်းပယ်သူကာဖိရ်တို့အဖို့ သိမှတ်ရန်မှာ) ထိုနေ့တွင် (အမှန်တရားကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့အဖို့ ကြီးကျယ်သော ပျက်စီးမှုသည် ရှိပေသည်။

(ရှေ့တွင် ကာဖိရ်များနှင့် နှိုင်းယှဉ်လျက် မုအ်မင်န်တို့၏ ကုသိုလ်အကျိုးများအကြောင်း တင်ပြသည်မှာ) ဧကန်မလွဲ 'မွတ္တကီ'ပြစ်မှုရှောင်ကြဉ်သူတို့သည် အရိပ်အာဝါသများ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း ထိုသူတို့ လိုလားတောင့်တကြသော သစ်သီးဝလံများ၌လည်းကောင်း ရှိကြပေမည်။

(ထို့နောက် ၄င်းတို့သည် မိန့်ကြားခြင်းခံရမည်မှာ) အသင်တို့သည် မိမိတို့ ကျင့်မူခဲ့ကြသော ကောင်းမှုများအစား မြိန်ရှက်စွာ စားသောက်ကြလေကုန်။ ဧကန်မလွဲ ငါအသျှင်မြတ်သည် ကောင်းမှုပြုသူတို့အား ဤအတိုင်းပင် အစားပေးလေ့ ရှိတော်မူ၏။ (ဤကာဖိရ်တို့သည် 'ဂျန္နသ်'၏ သုခစည်းစိမ်များကို ငြင်းပယ်ခဲ့ကြသည်ဖြစ်ရာ ၄င်းတို့အဖို့ သိမှတ်ရန်မှာ) ထိုနေ့တွင် (အမှန်တရားကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့အဖို့ ကြီးကျယ်သော ပျက်စီးမှုသည် ရှိပေမည်။

(ရှေ့တွင် ကာဖိရ်များကို သတိပေးနိုးဆော်ထားသည်မှာ အို၊ ကာဖိရ်တို့) အသင်တို့သည် (ဤလောကတွင်) ကာလအနည်းငယ်မျှ စားသုံးခြင်းကိုလည်းကောင်း၊ အကျိုးခံစားခြင်းကိုလည်းကောင်း ပြုကြလေကုန်။ (များမကြာမီ ကံဆိုးခြင်းသည် ရောက်ရှိလာပေမည်။ အကြောင်းမှာ) ဧကန်မလွဲ အသင်တို့သည် အပြစ်ရှိကြသူများပင် ဖြစ်ကြကုန်၏။

(အပြစ်ရှိသူများသည် ဤအဖြစ်ဆိုးနှင့် ကြုံရမည်ပင် ဖြစ်သည်။ တစ်ဖန် အပြစ်ရှိသူတို့အား အပြစ်ပေးမည်ကို ငြင်းပယ်သူတို့ သိမှတ်ရန်မှာ) ထိုနေ့တွင် (အမှန်တရားကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့အဖို့ ကြီးကျယ်သော ပျက်စီးမှုသည် ရှိပေမည်။

(ထိုကာဖိရ်တို့၏ အပြစ်ဒုစရိုက်တို့၏ အခြေအနေမှာ) ထို့ပြင် ၄င်းတို့အား (အလ္လာဟ်အသျှင်မြတ်ကို) 'ရူကူအ်' ဦးညွတ်ကြကုန်ဟု အမိန့်ပေးခြင်းခံရသောအခါ (အီမာန်သက်ဝင်ခြင်းနှင့် ကျွန်ခံခြင်းကို ပြုကြကုန်ဟု ဆိုလိုသည်။) ၄င်းတို့သည် ဦးညွတ်ကြသည် မဟုတ်ပေ။ (ထို့ထက်ပိုသော အပြစ်သည် အဘယ်မှာလျှင် ရှိပါမည်နည်း။ ဤအပြစ်အားလည်း ငြင်းပယ်သူတို့အဖို့ သိမှတ်ရန်မှာ) ထိုနေ့တွင် (အမှန်တရားကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့အဖို့ ကြီးကျယ်သော ပျက်စီးမှုသည် ရှိပေမည်။

(ကုရ်အာန်ကျမ်းတော်မြတ်၏ သတိပေးနိုးဆော်မှုများ၏ တောင်းဆိုချက်မှာ ကြားလိုက်ရသည်နှင့် အီမာန်သက်ဝင်ယုံကြည်လာရန် ဖြစ်သည်။ သို့သော် ဤသို့ မိန့်ကြားသည့်တိုင် ၄င်းတို့အဖို့ စူးရှသက်ဝင်ခြင်း မရှိခဲ့ကြပေ။)

သို့ဖြစ်ပေရာ ဤ (ပြည့်စုံကုံလုံသော စကားလုံးများနှင့် သတိပေးနိုးဆော်မှုများ ပါဝင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်) အပြင် ၄င်းတို့သည် အခြားမည်သည့်စကားအပေါ် အီမာန်သက်ဝင်ယုံကြည်ကြပါမည်နည်း။ (ဤနေရာတွင် ကာဖိရ်တို့အပေါ် ရှုတ်ချခြင်းနှင့် ၄င်းတို့၏ အီမာန်သက်ဝင်ခြင်းအပေါ် ကိုယ်တော်မြတ် ﷺ အား မက်ကင်းရန် တင်ပြထားသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဆွဟီးဟ်ဘုခါရီကျမ်းတွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗာဆ် ؓ ထံမှ ဆင့်ပြန်ချက် လာရှိသည်မှာ ကျွန်ုပ်တို့သည် ရစူလွလ္လာဟ် ﷺ နှင့်အတူ 'မိနာ'ရှိ လိုဏ်ဂူတစ်ခုဌ ရှိနေစဉ် ရုတ်တရက် စူရာဟ် 'မုရ်စလားသ်' ကျရောက်လာခဲ့သည်။ တမန်တော်မြတ် ﷺ သည် ယင်းစူရာဟ်ကို လိုက်ဖတ်လျက် ရှိပေသည်။

ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ၏ နှုတ်တော်မှ ဤစူရာဟ်ကို နားထောင်ရင်း ကျက်မှတ်လျက် ရှိခဲ့သည်။ ကိုယ်တော်မြတ် ﷺ ၏ နှုတ်တော်သည် ဤစူရာဟ်ကို ဖတ်ရွတ်ရင်းမှ စွတ်စိုလျက် ရှိနေသည်။ ရုတ်တရက် မြွေတစ်ကောင်သည် ကျွန်ုပ်တို့ကို အန္တရာယ်ပြုလေသည်။ တမန်တော်မြတ် ﷺ သည် ထိုမြွေကို သတ်ဖြတ်ရန် အမိန့်ပေးတော်မူသည်။ ကျွန်ုပ်တို့သည် ထိုမြွေနောက်သို့ လိုက်ကြရာ မြွေသည် ထွက်ပြေးသွားလေသည်။ တမန်တော်မြတ် ﷺ က အသင်တို့သည် ၎င်း၏ အန္တရာယ်ပြုခြင်းမှ လွတ်မြောက်သွားသကဲ့သို့ ၎င်းသည်လည်း အသင်တို့၏ အန္တရာယ်ပြုခြင်းမှ လွတ်မြောက်သွားသည်' ဟု မိန့်ကြားတော်မူလေသည်။

[အိဗ်နေကသီးရ်ကျမ်း]

ဤစူရာဟ်တွင် အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြခြင်းမရှိသေးသော အရာအချို့၏ အမည်များကို တိုင်တည်သက်သေထူ၍ 'ကစမ်' ကျိန်ဆိုလျက် 'ကေယာမသ်'သည် မုချ ဖြစ်ပေါ်လာမည့်အကြောင်း မိန့်ကြားထားသည်။ သို့ရာတွင် ဤနေရာ၌ ၎င်းတို့၏ ဂုဏ်ပုဒ် (၅) မျိုးကို တင်ပြတော်မူထားသည်။

مرسلات ـــ عاصفات ـــ ناشرات ـــ فارقات နှင့် ملقیت الذکر တို့ ဖြစ်သည်။

မည်သည့်မရ်ဖူးအ်ဟဒီးစ် တွင်မျှ ထိုဂုဏ်ပုဒ်တို့၏ အရည်အချင်းသည် အဘယ်အရာဖြစ်ကြောင်း ပြည့်စုံစွာ သတ်မှတ်ချက်လာရှိခြင်း မရှိပေ။ ထို့ကြောင့် ဆွဟာဗာများနှင့် သာဗိအီန်တို့၏ သဖ်စီးရ်ဖွင့်ဆိုချက်များတွင် ဤအရေးကိစ္စတွင် ကွဲလွဲမှုများ ရှိပေသည်။

အချို့ပညာရှင်များက ဤသည်မှာ ဖရစ်ရှ်သာဟ်အုပ်စု အမြောက်အမြားကို ထိုကွဲလွဲသော ဂုဏ်ပုဒ်များဖြင့် အဓိပ္ပာယ်ကောက်ယူခြင်း ဖြစ်သည်ဟု ဆိုကြသည်။ အချို့ပညာရှင်များက ဤဂုဏ်ပုဒ်များသည် လေများကို သတ်မှတ်ခြင်းဖြစ်သည်။ ထိုသတ်မှတ်ခြင်းသည်လည်း ကွဲပြားခြားနားသော အမျိုးအမည်များ အလိုက် ဖြစ်သည်။ အကြောင်းမှာ ကွဲပြားခြားနားသော ဂုဏ်ပုဒ်များသည် ၎င်းတို့၌ ရှိနိုင်သောကြောင့် ဖြစ်သည်' ဟု ဆိုကြသည်။ အချို့ပညာရှင်များက ထိုဂုဏ်ပုဒ်များအား နဗီတမန်တော်များနှင့် ရစူလ်တမန်တော်တို့ကို သတ်မှတ်ကြသည်ဟု ဆိုသည်။ အိဗ်နေဂျရီးရ်ဆွဗ်ရီသည် ထို့ကြောင့်ပင် ဤအရေးကိစ္စ၌ နှုတ်ဆိတ်နေခြင်းကိုပင် အကောင်းဆုံးဟု သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နှစ်မျိုးစလုံး၏ အဓိပ္ပာယ်ဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် မိမိဘက်မှ မည်သည့်အရာကိုမျှ သတ်မှတ်ခြင်း မပြုနိုင်ပေ' ဟု မိန့်ဆိုခဲ့သည်။

ဤဂုဏ်ပုဒ် (၅) မျိုးကို ဤနေရာ၌ တင်ပြခြင်းနှင့် စပ်လျဉ်း၍ သံသယမရှိပါချေ။ ၎င်းတို့အနက် အချို့မှာ အလ္လာဟ်အသျှင်မြတ်၏ 'မလာအေကာဟ်' ကောင်းကင်တမန်တော်များနှင့် ပို၍ ကိုက်ညီပြီး ၎င်းတို့နှင့်ပင် သင့်တော်ပေသည်။ ၎င်းတို့အား လေ၏ ဂုဏ်ပုဒ်များဟု ပြုလုပ်မည်ဆိုပါက ဆွဲယူခြင်းနှင့် သုံးသပ်ခြင်းများ ပြုရပေမည်။ ထို့ပြင် အချို့ဂုဏ်ပုဒ်များမှာ လေနှင့် ပို၍ ကိုက်ညီလျက် ရှင်းလင်းသည်ဖြစ်ရာ ၎င်းကို ဖရစ်ရှ်သာဟ်တို့၏ ဂုဏ်ပုဒ်အဖြစ် ပြုမည်ဆိုပါက သုံးသပ်၍ ဝိနည်းရှောင်ခြင်းများမပါဘဲ မဖြစ်

M.H.SOE LIN (Mdy)

နိုင်ပေ။ ထို့ကြောင့် ဤအခန်းကဏ္ဍတွင် အိဗ်နေကစီးရ် (ရဟ) ၏ ဆုံးဖြတ်ချက်သည်ပင် အကောင်းဆုံးဖြစ်ကြောင်း သိရှိရသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းက မိန့်ဆိုသည်မှာ အစပထမ ဂုဏ်ပုဒ် (၃) မျိုးသည် လေများ၏ ဂုဏ်ပုဒ်များဖြစ်သည်။ ထိုဂုဏ်ပုဒ် (၃) မျိုးသည် လေများ၏ အမျိုးအစားဖြစ်သွားသည်။ နောက်ဆုံး ကျန်ရှိသော ဂုဏ်ပုဒ်နှစ်မျိုးမှာ ဤဖရစ်ရှ်သာဟ်များ၏ ဂုဏ်ပုဒ်များ ဖြစ်သောအခါ ဤသည် ဖရစ်ရှ်သာဟ်တို့၏ အမျိုးအစား ဖြစ်သွားပေသည်။

လေတို့၏ ဂုဏ်ပုဒ်များကို သတ်မှတ်ပေးခြင်းနှင့် စပ်လျဉ်း၍ သုံးသပ်၍ ဝိနည်းရှောင်ထားသော နောက်ဆုံးဂုဏ်ပုဒ်နှစ်မျိုးကို အသင်သည် အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် တွေ့ရှိခဲ့ပြီး ဖြစ်သည်။ အကြောင်းမှာ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ဤသည်ကိုပင် ရွေးချယ်၍ ဖွင့်ဆိုခဲ့သောကြောင့် ဖြစ်သည်။ အလားတူ ဤဂုဏ်ပုဒ်အားလုံးကို ဖရစ်ရှ်သာဟ်တို့၏ ဂုဏ်ပုဒ်များဖြစ်သည်ဟု သတ်မှတ်ကြသော ပညာရှင်များသည် ပထမဂုဏ်ပုဒ် (၃) မျိုးဖြစ်သော **عاصفات — مرسلات** နှင့် **ناشرات** တို့ကို ဖရစ်ရှ်သာဟ်များနှင့် ကိုက်ညီမှုရှိ ကြောင်း ပြုလုပ်ရန် ဤနည်းအတိုင်းပင် သုံးသပ်ဆွဲယူ၍ ဝိနည်းရှောင်ခြင်းများ ပြုလုပ်ကြသည်။ အိဗ်နေကစီးရ်၏ ရွေးချယ်မှုအရ ထိုအာယသ်တော်များ၏ အဓိပ္ပာယ်မှာ 'စေလွှတ်ခြင်းခံရသော လေများကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူသည်'ဟု ဖြစ်သည်။

عُرْفًا ဤနေရာတွင် **عُرْفًا** ၏ အလိုသဘောမှာလည်း အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် တင်ပြသည့်အတိုင်း 'အကျိုးကျေးဇူး ချီးမြှင့်ခြင်း' ဟုလည်း ဖြစ်နိုင်သည်။ မိုးရေများကို သယ်ဆောင်လာသော လေများသည် အကျိုးကျေးဇူး ချီးမြှင့်ခြင်းဖြစ်သည်မှာ ထင်ရှားသည်။ ထို့ပြင် **عُرْفًا** ၏ အခြားအဓိပ္ပာယ်မှာ အဆက်မပြတ် ဆက်တိုက်ဟုလည်း လာရှိသည်။ ဤအဓိပ္ပာယ်ကို ယူမည်ဆိုလျှင် အလိုသဘောမှာ 'တိမ်နှင့် မိုးရေများကို သယ်ဆောင်၍ အဆက်မပြတ် တိုက်ခတ်နေသော လေများ'ဟု ဖြစ်ပေမည်။ **عَاصِفَاتٌ** သည် **عَصْف** မှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ ၄င်း၏ အဘိဓါန်အဓိပ္ပာယ်မှာ 'လေပြင်းတိုက်ခတ်ခြင်း' ဟု ဖြစ်သည်။ ဤအဓိပ္ပာယ်အရ အလိုသဘောမှာ တစ်ခါတစ်ရံ လောကတွင် တိုက်ခတ်လေ့ရှိသော 'လေပြင်းမုန်တိုင်းများ' ဟု ဖြစ်သည်။ **نَاشِرَاتٌ** ၏ အလိုသဘောမှာ မိုးရွာသွန်းမှု ရပ်စဲပြီးနောက် တိမ်များကို ခွင်း၍ ပြန့်နှံ့သွားစေသော လေများကို ဆိုလိုသည်။ **فَارِقَاتٌ** သည် အလ္လာဟ် အသျှင်မြတ်ဘက်တော်မှ 'ဝဟီ'ပို့ချပေး၍ အမှန်နှင့် အမှားကို ခွဲခြား၍ ရှင်းလင်းပေးသော ဖရစ်ရှ်သာဟ်များ၏ ဂုဏ်ပုဒ်ဖြစ်သည်။ ထို့ပြင် **مُلْقِيَاتِ ذِكْرًا** သည်လည်း ဖရစ်ရှ်သာဟ်တို့၏ ဂုဏ်ပုဒ်ဖြစ်သည်။ **ذِكْر** ၏ အလိုသဘောမှာ ကုရ်အာန် (သို့) ပကတိ 'ဝဟီ'ဖြစ်သည်။ အလိုသဘောမှာ 'ဝဟီ' အကြောင်းခံဖြင့် အမှန်နှင့် အမှားကို ခွဲခြားရှင်းလင်းပြသော ဖရစ်ရှ်သာဟ်များကို တိုင်တည်၍ ကျိန်ဆိုတော်မူသည်။ ထို့ပြင် နဗီတမန်တော်တို့အပေါ်တွင် 'ဝဟီ'ဗျာဒိတ်တော်နှင့် ကုရ်အာန်ကို ထည့်သွင်းပေးသော ဖရစ်ရှ်သာဟ်များကို

တိုင်တည်၍ ကျိန်ဆိုတော်မူသည်ဟု ဖြစ်သည်။ ဤနည်းအတိုင်းဆိုလျှင် မည်သည့်ဂုဏ်ပုဒ်တွင်မျှ သုံးသပ်ဝိနည်းရှောင်ခြင်း၊ အဓိပ္ပာယ်ဆွဲယူခြင်းများ ပြုလုပ်ရန် မလိုအပ်တော့ပေ။

ဤနေရာတွင် မေးခွန်းတစ်ရပ် ပေါ်ပေါက်လာသည်မှာ ဤသဖ်စီးရ်ဖွင့်ဆိုချက်အရ ပထမဦးစွာ လေများကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုပြီးနောက် တစ်ဖန် ဖရစ်ရှ်သာဟ်များကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူထားသည်ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ ထိုနှစ်ခုတွင် မည်သည့်ဆက်စပ်မှုရှိပါသနည်း။ စင်စစ် အသျှင်မြတ်၏ ဗျာဒိတ်တော်၏ အမြော်အမြင်များကို မည်သူမျှ လွှမ်းခြုံသိရှိနိုင်သည် မဟုတ်ပါ'ဟု ဖြစ်သည်။

ဆက်စပ်မှုဖြစ်နိုင်သည်မှာ လေနှစ်မျိုးစလုံးသည် အကျိုးဖြစ်စေသော မိုးရေနှင့် အကျိုးပျက်ပြားစေသော လေပြင်းမုန်တိုင်းများ ကျရောက်စေခြင်းဖြစ်ရာ ဤအရာအားလုံးသည် သိရှိခံစားနိုင်သော အရာများအနက်မှ ဖြစ်သည်။ လူတိုင်းသည် ဤအကြောင်းကို သိနားလည်ကြသည်။ ပထမဦးစွာ စဉ်းစားဆင်ခြင်နိုင်ရန်အတွက် ၎င်းတို့ကို လူသား၏ ရှေ့သို့ ယူဆောင်လာသည်။ ထို့နောက်တစ်ဖန် ထိတွေ့ခံစား၍ မသိနိုင်သော ဖရစ်ရှ်သာဟ်များနှင့် 'ဝဟီ' ကို တင်ပြထားသည်။ သို့ရာတွင် အနည်းငယ်မျှသာ စဉ်းစားဆင်ခြင်ပါက ၎င်းတို့ကို ယုံကြည်ရန် ဖြစ်နိုင်ပေသည်။

عُذۡرًا اَوۡ نُذۡرًا သည် مُلۡقِيٰتِ ذِكۡرًا နှင့် ပတ်သက်သည်။ အဘယ်ကြောင့်ဆိုသော် ဤ ذكر နှင့် 'ဝဟီ'ကို နဗီတမန်တော်တို့အပေါ် ချပေးတော်မူရခြင်းမှာ ၎င်းတို့သည် လမ်းမှန်ရရှိသော မုအ်မင်န် များအတွက် ၎င်းတို့၏ လျော့နည်းချက်များအပေါ် အကြောင်းပြနိုင်ရန် အကြောင်းခံအဖြစ်လည်းကောင်း လမ်းမှားသော ကာဖိရ်တို့အတွက် သတိပေးနှိုးဆော်သူနှင့် 'အဇားဗ်'အပြစ်ဒဏ်မှ ခြောက်လှန့်သူဖြစ်စေရန်ပင် ဖြစ်ပေသည်။ လေများ၊ (သို့) ဖရစ်ရှ်သာဟ်များ (သို့) နှစ်မျိုးစလုံးကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုလျက် အသျှင်မြတ်က

اِنَّمَا تُوۡعَدُوۡنَ لَوَاقِعٌ

ဟု မိန့်ကြားတော်မူသည်။ ဆိုလိုသည်မှာ အသင်တို့အား နဗီတမန်တော်များ၏ အကြောင်းခံဖြင့် ကတိပြု ချိန်းဆိုသော 'ကေယာမသ်' စာရင်းစစ်ဆေးခြင်း၊ ကုသိုလ်အကျိုးပေးခြင်းနှင့် အပြစ်ဒဏ်ပေးခြင်းတို့သည် မုချ ဖြစ်ပေါ်လာပေမည်' ဟု ဖြစ်သည်။ ရှေ့တွင် ထို 'ကေယာမသ်'ဆိုက်ရောက်စဉ် ဖြစ်ပေါ်လာမည့် အခြေအနေအချို့ကို တင်ပြထားသည်။ ပထမဦးစွာ ကြယ်တာရာအားလုံးသည် အလင်းရောင်ကင်းမဲ့သွားပေမည်။ ဤသို့ ဖြစ်ရာတွင် ဤကြယ်တာရာအားလုံးသည် လုံးဝဥဿုံ ပျက်စီးပျောက်ကွယ်သွားခြင်းလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ကြယ်တာရာများ ရှိနေသေးသော်လည်း ၎င်းတို့၏ အလင်းရောင်ပျောက်ကွယ်သွားခြင်းလည်း ဖြစ်နိုင်သည်။ ဤနည်းဖြင့် တစ်လောကလုံးသည် အတိုင်းမဲ့ အလွန်မှောင်မိုက်ခြင်း၌ နစ်မြုပ်သွားပေမည်။ ဒုတိယအခြေအနေကို မိန့်ကြားတော်မူသည်မှာ 'မိုးကောင်းကင်သည် အက်ကွဲသွားပေမည်'ဟု ဖြစ်သည်။ တတိယအခြေအနေမှာ တောင်များသည် ဝါဂွမ်းကဲ့သို့ လွင့်ပျံ့နေပေမည်' ဟု ဖြစ်သည်။ စတုတ္ထအခြေအနေကို မိန့်ကြားသည်မှာ وَاِذَا الرُّسُلُ اُقِّتَتۡ ဟု ဖြစ်သည်။ اُقِّتَتۡ သည်

تَوْقِيت မှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ ၎င်း၏ မူရင်းအဓိပ္ပာယ်မှာ 'အချိန်ကာလ သတ်မှတ်ခြင်း' ဟု ဖြစ်သည်။ **زمخشرى** 'ဇမ်ခရှရီ'၏ အဆိုအရ တစ်ခါတစ်ရံ ၎င်း၏ အဓိပ္ပာယ်သည် 'သတ်မှတ်ထားသော အချိန်ကာလတစ်ခုအပေါ် ရောက်ရှိသွားခြင်းဟုလည်း လာရှိသည်။ *[ရှုဟွလ်မအာနီးကျမ်း]*

ဤနေရာတွင် ဤဒုတိယအဓိပ္ပာယ်နှင့်ပင် သင့်တော်ပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'နဗီတမန်တော်များနှင့် အရေးကိစ္စတွင် သက်သေထွက်ဆိုရန် ရောက်ရှိရမည့် သတ်မှတ်ကာလကို ရောက်ရှိခဲ့သည်။ ၎င်းတို့ ရောက်ရှိရမည့် အချိန်သို့ ရောက်ရှိခဲ့ပြီး' ဟု ဖြစ်သည်။ ထို့ကြောင့် ဖော်ပြပါဖွင့်ဆိုချက် အနှစ်ချုပ်တွင် နဗီတမန်တော်များ စုရုံးခြင်းဟု ဖော်ပြခဲ့သည်။ ရှေ့တွင် 'ကေယာမသ်'နေ့၏ ကြီးကျယ်သော ကြောက်မက်ဖွယ်ဖြစ်ခြင်းအကြောင်း တင်ပြထားသည်မှာ 'ထိုနေ့သည် စီရင်ဆုံးဖြတ်သော နေ့ဖြစ်သည်။ ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူများနှင့် ကာဖိရ်တို့အတွက် ပျက်စီးခြင်းမှအပ အခြားမရှိပေ' ဟု ဖြစ်သည်။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ

၏ အဓိပ္ပာယ်မှာ ဤအတိုင်းပင် ဖြစ်သည်။ **وَيْل** ၏ အဓိပ္ပာယ်မှာ 'ပျက်စီးခြင်း'ဟု ဖြစ်သည်။ အချို့သော ဟဒီးစ်ဆင့်ပြန်ချက်များတွင် **وَيْل** သည် 'ဂျဟန္နမ်'ငရဲဘုံ၏ ချောက်တစ်ခု၏ အမည် ဖြစ်သည်။ ထိုချောက်တွင် 'ဂျဟန္နမ်' ငရဲဘုံသားတို့၏ အနာများမှ 'ပြည်'များ စုရုံးလျက် ရှိပေမည်။ ဤနေရာသည် **مُكَذِّبِيْن** 'မုကဇ်ဇိဗီ'အမှန်တရားကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူများ နေထိုင်ရာအဖြစ် သတ်မှတ်ထားသည်။ ထို့နောက် မျက်မှောက်ခေတ် လူသားများအား ရှေးအွမ္မသ်တို့၏ အဖြစ်အပျက်များအားဖြင့် သတိသံဝေဂရယူနိုင်ကြရန် မိန့်ကြားသည်မှာ-

اَلَمْ نُهْلِكِ الْاَ وَّلِيْنَ ○ ثُمَّ نُتْبِعُهُمُ الْاٰخِرِيْنَ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် ရှေးသူဟောင်းတို့ကို ၎င်းတို့၏ ကုဖွ်ရ်နှင့် အမိန့်ဖီဆန်မှုများကြောင့် ဖျက်ဆီးတော်မူခဲ့သည် မဟုတ်ပါလော' ဟု ဖြစ်သည်။ ဤသည် အားဒ်အမျိုးသားများ၊ စမူးဒ်အမျိုးသားများ၊ လူးသ်အမျိုးသားများနှင့် ဖိရ်အောင်န်၏ အမျိုးသားများ စသည်တို့ကို ရည်ညွှန်းခြင်း ဖြစ်သည်။

ثُمَّ نُتْبِعُهُمُ الْاٰخِرِيْنَ

တွင် ကျော်ကြားသော 'ကိရ်အသ်' အရ (عين) အက္ခရာတွင် —ُ— 'ဂျဇာမ်' နှင့် ဖြစ်လျှင် **نُهْلِك** နှင့် **عطف** ဆက်သွယ်မှု ဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'ငါအသျှင်မြတ် ရှေးသူဟောင်းတို့၏ နောက်တွင် နောင်းလူတို့အားလည်း ဖျက်ဆီးတော်မူခဲ့သည် မဟုတ်ပါလော'ဟု ဖြစ်သည်။ ထို့ကြောင့်

နှောင်းလူများဟူသော အလိုသဘောမှာလည်း နှောင်းခေတ်အွမ္မသ်များ၏ နှောင်းပိုင်းလူများကို ဆိုလိုခြင်း ဖြစ်ပေမည်။ ၎င်းတို့၏ ပျက်စီးခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ် မကျရောက်မီအလျှင်က ဖြစ်ခဲ့ပြီး ဖြစ်ပေသည်။ ဒုတိယကိရ်အသ်တစ်ခုတွင် نُتْبِعُهُمْ ဟူ၍ ဤအက္ခရာတွင် 'ပေးရှ်'နှင့် လာသော 'ကိရာအသ်' ၌ ဤအပိုဒ်သည် သီးခြားဖြစ်သည်။ اٰخِرِيْنَ နှောင်းခေတ် အွမ္မသ်ဟူသည်မှာ အွမ္မသ်မုဟမ္မဒီယဟ်၏ ကာဖိရ်များကို ဆိုလိုသည်။ ရှေးအွမ္မသ်တို့၏ ပျက်စီးခြင်းနှင့် 'အဇားဗ်'အပြစ်ဒဏ်များအကြောင်းကို တင်ပြပြီး နောက် လက်ရှိ ကာဖိရ်များဖြစ်သော မက္ကာဟ်မြို့သားများကို နောင်တွင် ၎င်းတို့အပေါ်၌ ကျရောက်လာ မည့် 'အဇားဗ်'အပြစ်ဒဏ်အကြောင်းကို တင်ပြရန် ရည်ရွယ်ခြင်းဖြစ်သည်။ 'ဗဒရ်'စသော စစ်ပွဲများ တွင် မွတ်စ္စလင်မ်တို့၏ လက်ဖြင့် ၎င်းတို့အပေါ် ပျက်စီးမှုများ ကျရောက်ခဲ့သည့်အတိုင်း ဖြစ်သည်။

ကွာခြားမှုမှာ ရှေးအွမ္မသ်များအပေါ်တွင် ကောင်းကင်မှ 'အဇားဗ်'အပြစ်ဒဏ်များ ကျရောက်လေ့ ရှိခဲ့သည်။ ထို 'အဇားဗ်'အပြစ်ဒဏ်ဖြင့် ၎င်းတို့၏ မြို့ရွာများအားလုံး ပျက်စီးခဲ့ကြရသည်။ အွမ္မသ်မုဟမ္မဒီယဟ် (မိုဟမ္မဒ် ﷺ ၏ အွမ္မသ်များ) တွင် ကိုယ်တော်မြတ် ﷺ ၏ အကြောင်းခံဖြင့် ဤအွမ္မသ်များအပေါ်၌ ကောင်းကင်မှ 'အဇားဗ်'အပြစ်ဒဏ်များ ကျရောက်ခြင်း မရှိတော့ဘဲ ၎င်းတို့၏ 'အဇားဗ်'အပြစ်ဒဏ်မှာ မွတ်စ္စလင်မ်တို့၏ ဓါးဖြင့် ကျရောက်ခဲ့ခြင်းဖြစ်သည်။ ဤနည်းတွင် သေကြပျက်စီးမှုသည် အများအပြား ဖြစ်ခြင်းမရှိဘဲ ဆိုးသွမ်းသော ခေါင်းဆောင်များသည်သာ သတ်ဖြတ်ခံရခြင်း ဖြစ်ပေသည်။

اَلَمْ نَجْعَلِ الْاَرْضَ كِفَاتًا ○ اَحْيَآءً وَّاَمْوَاتًا

ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် ကမ္ဘာမြေပထဝီကို ရှင်သူများနှင့် သေသူတို့အတွက် **كفات** စုရုံးပေါင်းစပ်ရာနေရာ ဌာနအဖြစ် ပြုတော်မူခဲ့သည် မဟုတ်ပါလော'ဟု ဖြစ်သည်။ **كفات** သည် **كفت** မှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ **كفات** သည် မိမိအတွင်း၌ အရာများစွာတို့ကို စုရုံးထားသော အရာ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် အသက်ရှင်နေသော လူများကို မြေပထဝီ၏ ကျောကုန်းပေါ် ၌လည်းကောင်း၊ သူသေများကို မြေပထဝီ၏ ဝမ်းဗိုက်အတွင်း၌လည်းကောင်း စုရုံးထားစေတော်မူသည်။

اِنَّهَا تَرْمِىْ بِشَرَرٍ كَالْقَصْرِ ○ كَاَنَّهٗ جِمٰلَتٌ صُفْرٌ

قَصْر ၏ အဓိပ္ပာယ်မှာ ကြီးမား၍ ခန့်ညားထည်ဝါသော အဆောက်အဦးဖြစ်သည်။

جِمَالَةٌ သည် **جَمَلٌ** 'ကုလားအုတ်'ဟူသော အဓိပ္ပာယ်ဖြစ်သည်။ **صُفْرٌ** သည် **اَصْفَر** ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'အဝါရောင်'ဟု ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ ဤ 'ဂျဟန္နမ်'ငရဲမှ ကြီးမားထည်ဝါသော အဆောက်အဦးတစ်ခုမျှ ရှိသော ကြီးမားသည့် မီးပွင့် မီးပွားများ ပေါက်ထွက်ပေမည်။ တစ်ဖန် ထိုမီးပွင့်မီးပွားများသည် အစိတ်စိတ်အမွှာမွှာဖြစ်လျက် သေးငယ်သော

အပိုင်းအစများဖြစ်သွားမည်။ ထိုအပိုင်းအစများသည် အဝါရောင်ကုလားအုတ်အရွယ်မျှ ရှိပေမည်။ အချို့ပညာရှင်များက ဤနေရာတွင် صُفر ကို 'အနက်ရောင်'ဟု အဓိပ္ပာယ်ပြန်ဆိုကြသည်။ အကြောင်းမှာ 'အဝါရောင်ကုလားအုတ်၏ အဝါရောင်သည် အနက်ရောင်သန်းနေသောကြောင့်ပင် ဖြစ်သည်။ */ ရှုးဟွလ်မအာနီကျမ်း /*

هٰذَا يَوْمُ لَا يَنْطِقُوْنَ ○ وَلَا يُؤْذَنُ لَهُمْ فَيَعْتَذِرُوْنَ

ဆိုလိုသည်မှာ ထိုနေ့တွင် မည်သူမျှ စကားပြောဆိုနိုင်ကြမည် မဟုတ်ပေ။ ထို့ပြင် မည်သူမျှ မိမိတို့၏ ပြုမူဆောင်ရွက်ခဲ့သော လုပ်ရပ်များနှင့် စပ်လျဉ်း၍ အကြောင်းပြချက် တင်ပြခွင့် ရှိမည်မဟုတ်ပေ။ ကာဖိရ်တို့၏ စကားပြောဆိုခြင်းနှင့် အကြောင်းပြချက်များ တင်ပြကြောင်း ဖော်ပြလာရှိသော ကုရ်အာန်၏ အခြားအာယသ်တော်များသည် ဤအာယသ်တော်နှင့် ဆန့်ကျင်ခြားနားခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် 'မဟရှရ်' (ဟရှရ်) ကွင်းပြင်တွင် နေရာများစွာ ရှိမည်။ အချို့နေရာများတွင် စကားပြောဆိုခြင်းနှင့် အကြောင်းပြချက်များ တင်ပြခြင်း တားမြစ်ထားမည်။ အချို့နေရာများတွင် ခွင့်ပြုချက်ရှိမည်။ */ ရှုးဟွလ်မအာနီကျမ်း /*

كُلُوْا وَ تَمَتَّعُوْا قَلِيْلًا اِنَّكُمْ مُّجْرِمُوْنَ

ဆိုလိုသည်မှာ 'အသင်တို့သည် လောကတွင် စားသုံးခြင်းနှင့် အကျိုးခံစားခွင့်များကို ကာလအနည်းငယ်မျှ ပြုကြလေကုန်။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် အပြစ်ရှိသူများ ဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။ နောက်ဆုံးတွင် အသင်တို့သည် ပြင်းထန်သော 'အဇာဗ်'အပြစ်ဒဏ်၌ လားကြရပေမည်။ ဤသည်မှာ အမှန်တရားကို မဟုတ်မမှန်ဟု စွပ်စွဲ ငြင်းပယ်ကြသူတို့အား မိန့်ကြားခြင်း ဖြစ်သည်။ လောကတွင် နဗီတမန်တော်တို့၏ အကြောင်းခံဖြင့် အသင်တို့၏ ဤစည်းစိမ်သုခနှင့် အကျိုးခံစားခြင်းတို့သည် ကာလအနည်းငယ်မျှသာ ဖြစ်သည်။ နောက်ပိုင်းတွင် 'အဇာဗ်'အပြစ်ဒဏ်များသာ ဖြစ်သည်' ဟု မိန့်ကြားတော်မူခြင်း ဖြစ်သည်။

وَاِذَا قِيْلَ لَهُمُ ارْكَعُوْا لَا يَرْكَعُوْنَ

ဤနေရာတွင် ركوع ၏ အလိုသဘောမှာ အများစု အဖွင့်ပညာရှင်တို့ထံတွင် ၄င်း၏ အဘိဓါန်အဓိပ္ပာယ်ဖြစ်သော 'ဦးညွတ်ခြင်းနှင့် အမိန့်နာခံခြင်း' ဟု ဖြစ်သည်။ အလိုသဘောမှာ 'လောကတွင် ၄င်းတို့အား အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို နာခံရန် မိန့်ကြားခဲ့သည်ကို ၄င်းတို့သည် နာခံခြင်း မပြုခဲ့ကြပေ'ဟု ဖြစ်သည်။ အချို့ပညာရှင်တို့က ركوع 'ရုကူအ်'၏ ဝေါဟာရအဓိပ္ပာယ်ကိုလည်း ကောက်ယူကြသည်။ အာယသ်တော်၏ အလိုသဘောမှာ ၄င်းတို့အား နမာဇ်ဝတ်ပြုရန် ဖိတ်ခေါ်သည့်အခါ ၄င်းတို့သည် နမာဇ်ဝတ်ပြုခြင်းကို မပြုခဲ့ကြပေ။ ဤသည် ركوع 'ရုကူအ်' ဟု ပြော၍ နမာဇ်တစ်ခုလုံး၏ အလိုသဘောကို ကောက်ယူခြင်း ဖြစ်သည်။ */ ရှုးဟွလ်မအာနီကျမ်း /*

فَبِاَيِّ حَدِيْثٍ بَعْدَهٗ يُؤْمِنُوْنَ

ဆိုလိုသည်မှာ ထိုသူတို့သည် ကုရ်အာန်ကဲ့သို့သော ထူးခြားဆန်းကြယ် ပြည့်စုံကုံလုံ၍ အမြော်အမြင်နှင့် ပြည့်စုံသော ရှင်းလင်းပြတ်သားသော ကျမ်းတော်မြတ်အပေါ် အီမာန်သက်ဝင်ခြင်းမပြုဟု ဆိုပါက ၄င်းတို့သည် ဤကျမ်းတော်မြတ်၏ နောက်တွင် အခြားမည်သည့်အရာအပေါ် အီမာန်သက်ဝင်ယုံကြည်ကြပါမည်နည်း။ အလိုသဘောမှာ ၄င်းတို့၏ အီမာန်သက်ဝင်ယုံကြည်မှုကို မျှော်လင့်ချက်ကင်းမဲ့ကြောင်း ထုတ်ဖော်ခြင်းဖြစ်သည်။ ဟဒီးစ်တော်၌ လာရှိသည်မှာ ကုရ်အာန်ကျမ်းမြတ် ဖတ်ရွတ်သူသည် ဤအာယသ်တော်ကို ရောက်ရှိခဲ့သည့်အခါ اٰمَنَّا بِاللّٰهِ 'ဖတ်ရမည်'ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ကျွန်တော်မျိုးတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ကြပါသည်'ဟု ဖြစ်သည်။ နမာဇ်၏ ပြင်ပ၌ ဖတ်ရွတ်လျှင်ဖြစ်စေ၊ 'နဖိလ်' နမာဇ်များ၌ ဖတ်ရွတ်သည်ဖြစ်စေ ဤစာလုံးများကို ဖတ်ရပေမည်။ သို့သော် 'ဖွရဇ်'နမာဇ်များနှင့် စွန္နသ်နမာဇ်များတွင် ဤအပိုစာလုံးများကို ဖတ်ရွတ်ခြင်းမှ ရှောင်ကြဉ်ရန် ဟဒီးစ်ဆင့်ပြန်ချက်များ၌ လာရှိထားသည်။ ထို့ကြောင့် ထိုနမာဇ်များတွင် မဖတ်ရပေ။

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၂၉]

ဤတွင် ပြီးဆုံးပါပြီ။

M.H.SOE LIN (Mdy)

فَاسْأَلُوا أَهْلَ الذِّكْرِ إِنْ كُنْتُمْ لَا تَعْلَمُونَ

معارف القرآن

''အသင်တို့ မသိကြပါမူ
တတ်သိသူများအား မေးမြန်း ကြလေကုန်။''